www.burmeseclassic.com

# မင်းလူ

## သဘာဝကျကျ
## ဟာသရသ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဤစာအုပ်သည် . . .
သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းတွင်
သဘာဝကျကျဟာသရသကဏ္ဍအဖြစ်
ဩဂုတ်(၂၀၀၀)မှ၊ မေ (၂၀၀၁)အထိ
ဆယ်လဆက်တိုက် ရေးသားဖော်ပြခဲ့သော
ဝတ္ထုရှည်များကို စုပေါင်းတင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဥ်သူ

ကောက်နွယ်ကနောင်

ပန်အြောင်စာပေတိုက်ထုတ်စာအုပ်(၂၄)

# သဘာဝကျကျဟာသရူးသ

မင်းလူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အော်လံဖိုးပြော . . . . . . | ၁၁ |
| ၂။ | ခုတူးသောင်ဇင် . . . . . . | ၆၅ |
| ၃။ | တစ်လုံးပြောင်း . . . . . | ၁၀၃ |
| ၄။ | ပုလင်းတစ်လုံး၏ဖြောင့်ချက် . . . | ၁၄၄ |
| ၅။ | ခြိမ့်ခြိမ့်သဲသဲဟောပြောပွဲ . . . | ၁၈၃ |
| ၆။ | စေတနာရှင်ခါတ်ခဲ . . . . | ၂၄၇ |
| ၇။ | ကြီးမငွေ Vs စာကလေး . . . . | ၂၈၉ |
| ၈။ | ဆရာဝန်လာပြီ . . . . | ၃၃၅ |
| ၉။ | ဒေဝါနန်းမိတ်ဆက် . . . | ၃၈၁ |
| ၁၀။ | မောင်ဝသီအိုရီ . . . | ၄၁၃ |


BURMESE CLASSIC .com

# အော်လံဖိုးပြော

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# ဒေါ်လုံမိုးပြော

အရင်တစ်ခါ ကျော်ကွန့်တို့ မောင်ဝတို့ ကင်းစောင့်ကြပုံအကြောင်းကို မှတ်မိလျှင် ကင်းတဲအနီးက ညောင်ပင်ကြီးပေါ်တွင် ဖောက်ထိုးကောင်ဟု အမည်ပေးထားကြသော သရဲရှိကြောင်း၊ ညအချိန် ထိုညောင်ပင်ဘေးမှ ဖြတ်သွားသူများကို ဖောက်ထိုးကောင်ကြီး ဆင်းလာပြီး ခြောက်လေ့ရှိကြောင်း ကြားရသဖြင့် ကျော်ကွန့် ကင်းစောင့်ရင်း တစ်ညလုံး ခြောက်ချားနေရပုံ၊ နောက်မှ ဖောက်ထိုးကောင်ဆိုတာ လင်းဆွဲကြီးဖြစ်နေကြောင်းသိရပုံ၊ သို့တိုင်အောင်နာနာဘာဝဆိုတာ လင်းဆွဲယောင်တတ်သည်ဟု ကြားဖူးသဖြင့် စိတ်မဖြောင့်နိုင်သေးပုံတွေကို ရေးတေးတေးတော့ သတိရကောင်းပါလိမ့်မည်။

သတိမရတော့ဘူးဆိုလျှင်လည်း ခုပြောခဲ့တဲ့အတိုင်းပဲ မှတ်ထားကြပေတော့။ ဆက်လက်ပြီး ထိုညောင်ပင်ကြီးမှ စတင်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါတော့မည်။

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(ဒီတစ်ခါတော့ သေသေချာချာ မှတ်ထားကြနော်။ ဒါမှ မဟုတ်လို့ကတော့ မေ့သလောက် ရှိတဲ့အချိန်မှာ ပန်းအောင်စာပေက စာအုပ်ပြန်ထုတ်ပြီး စာဖတ်ပရိသတ်ရဲ့ ငွေတွေကို ချူနေဦးမယ်။)

(ဟော. . ပြောရင်း ဆိုရင်း ချူပြီဗျို့).

BURMESE CLASSIC .com

◆

မြန်မာလူမျိုးတို့သည် ဩောင်ပင်ကို အမြတ်တနိုးအားကြသလို ကြောက်လည်းကြောက်ကြ၏။ အမြတ်တနိုးထားရခြင်းအကြောင်းက မြတ်စွာဘုရားသည် ဗောဓိဩောင်ပင်ခြေရင်းမှာ ပွင့်တော်မူခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့်လည်း ကဆုန်လပြည့်နေ့တွင် ဩောင်ရေသွန်းပွဲ ပြုလုပ်ကြခြင်းဖြစ်၏။

ကြောက်လန့်ကြရသည့်အကြောင်းကတော့ ဩောင်ပင်မှန်လျှင် အစောင့်အရှောက်တစ်မျိုးမျိုး ရှိစမြဲဟူသော အစွဲအလမ်းကြောင့် ဖြစ်၏။

ဩောင်ပင်မျိုးကွဲပေါင်း မြောက်မြားစွာရှိသည့်အနက် ဗောဓိဩောင်ပင်မျိုးကိုသာ အထွတ်အမြတ်ထားထိုက်ကြောင်း ကြားဖူးပါသည်။

ဘာပဲဖြစ်ဖြစ် ဩောင်ပင်သည် ထူးခြားသည့် သစ်ပင်တစ်မျိုးဖြစ်တာတော့ သေချာပါသည်။ သူက တော်တော်





အသက်ပြင်းသည်။ တော်ရုံနှင့် မသေနိုင်။ ဘယ်လိုရာသီဥတုမှာပဲဖြစ်ဖြစ်၊ ဘယ်လို မြေအမျိုးအစားမှာပဲဖြစ်ဖြစ် ပေါက်နိုင်သည်။ ကျောက်တုံးကျောက်သားပေါ်မှာလည်း ရှင်သန်နိုင်သည်။ အုတ်အင်္ဂတေနံရံမှာပင် တွယ်ကပ်၍ ပေါက်နိုင်သည်။

မျိုးပွားရာမှာလည်း ဩောင်သီးကို စားသော ကျေးငှက်များ၏ သယ်ဆောင်ပေးမှုဖြင့် မိခင်အပင်ကြီးမှ မိုင်ပေါင်းအတော်အတန် ဝေးသည့်နေရာထိ ပျံ့နှံ့ ပေါက်ရောက်နိုင်သည်။

ဩောင်ပင်၏ အဓိက ထူးခြားချက်ကတော့ မျိုတတ်ခြင်းပင်ဖြစ်၏။ ငှက်တစ်ကောင်က ဩောင်သီးကို ချီသွားလို့ဖြစ်စေ၊ ဝမ်းထဲမျိုချမိပြီး တစ်နေရာရာမှာ မစင်စွန့်ရာမှ အစေ့ပြန်ထွက်လာလို့ဖြစ်စေ၊ အပင်ထပေါက်တတ်သည်။ တစ်ခါတရံ ငှက်ကအခြားသစ်ပင်တစ်ပင်၏ သစ်ခေါင်းထဲမှာမစင်စွန့်မိသည်။ မစင်နှင့်အတူ ထွက်လာသော ဩောင်စေ့က အပင်ပေါက်သည်။ ထို့နောက် သူ မှီတွယ်ခိုကပ်ပေါက်ရသောအပင်ကို မျိုပစ်လိုက်တော့သည်။ အုတ်၊ အင်္ဂတေနှင့် ဆောက်ထားသော အဆောက်အဦအဟောင်းတွေ၊ ဘုရားစေတီပျက်တွေကိုလည်း ဒီလိုပဲ မျိုပစ်တတ်၏။

ဒီအချက်ကလည်း ဩောင်ပင်ကို လူတို့ ရှိသေကြောက်ရွံ့ကြခြင်း အကြောင်းတစ်ခု ဖြစ်တန်ရာ၏။

မိုးနည်းရေရှားရပ်ဝန်းဒေသ စိမ်းလန်းစိုပြည်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိန်းကို ဆောင်ရွက်နေကြသော သစ်တော်ဦးစီးဌာန ဝန်ထမ်းများက ထိုယုံကြည်မှု အစွဲအလမ်းကို အခွင့်ကောင်းယူ၍ အသုံးချခဲ့ကြသည်။ ထိုဒေသရှိ မြေဩဇာ ညံ့ဖျင်းသော ကျောက်သားဆန်သည့် တောင်ကတုံးတွေပေါ်မှာ ညောင်ပင်တွေ စိုက်ကြသည်။ ညောင်ပင်က ရာသီဥတုဒဏ်ခံနိုင်သဖြင့် အောင်မြင်မှု ရာခိုင်နှုန်းများသည်။ ပြီးတော့ ညောင်ပင်ကို လူတွေက ကြောက်ကြသဖြင့် ထင်းအလို့ငှာ ခုတ်လှဲခြင်း မပြုလုပ်ရဲကြ။ ဒီတော့ သစ်တောပြန်းတီးမှုကို ကာကွယ်ပြီးသား ဖြစ်သွားကြောင်း ဆောင်းပါးတစ်ပုဒ်ထဲမှာ ရေးထားသည်။ တော်တော် အကြံပိုင်သော ပုဂ္ဂိုလ်များပင် ဖြစ်၏။

BURMESE CLASSIC .com

♦

ဦးဖိုးဖြော့သည် သစ်တောဌာနမှ အငြိမ်းစားဝန်ထမ်းတစ်ယောက်တော့ မဟုတ်ပါ။ သို့ရာတွင် သူက ညောင်ပင်ကို တော်တော် စိတ်ဝင်စားနေ၏။

သူသည် ဝါဝင်ဝါထွက်တွင် ဦးရှင်ကြီးတင်ပေးသော အလုပ်ကို လုပ်သည်။ ကျန်အချိန်များမှာတော့ ဗေဒင်လေး ဘာလေးဟောသည်။ သို့ရာတွင် သူက ဗေဒင်ကျမ်းတွေ ဘာတွေ စနစ်တကျ လေ့လာထားတာမျိုးတော့ မဟုတ်။ မဟာဘုတ်တိုင်ထုတတ်ရုံ၊ အောင်ပကုလားဆွေသားတော်ရင်း မိတ်ဖက်ခြင်းဆိုတာလောက် နောဇကနော ဒွေး၊ လွင်မိုးဆိုတာမျိုးလောက် ရွတ်တတ်ရုံသာ ဖြစ်၏။





ရပ်ကွက်ထဲက လူတွေက အားတိုင်း ဗေဒင်မေးနိုင်ကြသူများလည်း မဟုတ်။ ကလေးမွေးတဲ့အခါ နေ့သင့်နံသင့် မှည့်နိုင်ဖို့ တွက်ခိုင်းတာမျိုး၊ ပစ္စည်းပျောက်လို့ ပြန်ရ၊ မရမေးတာမျိုးလောက်သာ တစ်ခါတစ်ရံ ရှိ၏။ ဒါတောင် တချို့က ကလေးမွေးတဲ့အခါ သိပ်တွက်ချက်မနေဘဲ စိတ်ကူးတည့်ရာ နာမည်ပေးလိုက်တတ်သည်။ ဒါမှမဟုတ် ကလေးအကြီးရဲ့ နာမည်နောက်က ကာရန်သင့်အောင် လိုက်ပေးလိုက်သည်။ အကြီးကောင်က အောင်မြဆို လျှင် နောက်မွေးတဲ့ကောင်က အောင်လှပေါ့။ မွေးမွေးချင်းမှာ ထူးခြားသော ရုပ်လက္ခဏာကို ကြည့်ပြီး နာမည်ပေးတာမျိုးလည်း ရှိ၏။ ဆံပင်ကောက်ကောက်ကလေးမို့ မောင်ကောက်ဟု မှည့်ခေါ်ပစ်လိုက်တာမျိုးပေါ့။

ပြီးတော့ ဦးဖိုးဖြော့က ဆေးနည်းတိုကလေးတွေလည်း စုဆောင်းထားတတ်သည်။ တော်ရုံတန်ရုံ ဖျားတာနာတာ၊ ပွေးထဲယားနာလောက်တော့ ကုနိုင်သည်။ စုန်းပူးနတ်ပူးတဲ့ ကိစ္စမျိုးအတွက်လည်း အထိုက်အလျောက် လေ့လာထားသည်။

ဟိုအရင်ကတော့ သူက ရပ်ကွက်ရဲ့ အားကိုးရာဆရာတစ်ဆူလို ဖြစ်ခဲ့ဖူးသည်။ နောက်ပိုင်းကျတော့လည်း ခေတ်က ပြောင်းလာသဖြင့် သူကို သိပ်နေရာ မထားချင်ကြတော့။ အထူးသဖြင့် လူငယ်ပိုင်းတွေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သော နှစ်နှစ်၊ သုံးနှစ်လောက်က စပြီး ရပ်ကွက်ထဲမှာ အန္တရာယ်ကင်း ဆွမ်းတင်သူတွေ နည်းနည်းလာသည်။ အုန်းသီးဈေး၊ မုန့်ဆန်းဈေး၊ ငှက်ပျောသီးဈေး၊ ဖယောင်းတိုင်ဈေးတွေ တက်လာသဖြင့် သိပ်အကုန် မခံချင်ကြတော့။ အန္တရာယ်ကင်း ဆွမ်းတင်သည့်ကိစ္စကို အမေ့ခံနေကြသူတွေ များလာသည်။ တချို့က ဝါအဝင်မှာတင်ပြီး ဝါထွက်တော့ မသိချင်ယောင်ဆောင်နေကြသည်။ တချို့လည်း ဝါထွက်မှပင် ပေါင်းပြီး တင်တာမျိုး ရှိလာသည်။

"ဟဲ့ မပွေးတို့ အန္တရာယ်ကင်းလေး ဘာလေး တင်ကြဦး။ ရိုးရာကို မမေ့ကြနဲ့နော်"ဟု ရင်းနှီးသူမျိုးကိုတော့ သတိပေးသေးသည်။ ထိုအခါကျမှ. .

"ဟုတ်ပ့ါ။ ဦးလေးပြောရယ်၊ ကျွန်မလည်း အလုပ်ကများလို့ မအားတာရယ်၊ ဟိုဒင်းဖြစ်တာရယ်ကြောင့်ပါ။ လုပ်ပ့ါမယ်၊ လုပ်ပ့ါမယ်"

ဆိုပြီး ကောက်လုပ်တာမျိုးလည်း ရှိ၏။ တချို့ကျတော့လည်း 'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ'ဟု ပါးစပ်က ပြောပြီး ဟိုဟောင်ဒီယောင် လုပ်နေကြ၏။

ဟိုအရင်ကဆိုလျှင် ဝါဝင်ဝါထွက်မှာ ဦးဖိုးပြောတို့ အလွန် အလုပ်များသည်။ ဟိုအိမ်က လာပါ။ ဒီအိမ်က လာပါနဲ့ဟာ သကြၤန်မှာ နာမည်ကြီးအဆိုတော်တွေကို မဏ္ဍပ်တွေက အလုအယက် ခေါ်ရတာမျိုး ကျနေတာပဲ။ တော်တော်များများ





ပွင့်ခဲ့တဲ့ကာလပေ့ါ။ ခုကျတော့ သပ်သပ်ရပ်ရပ် လှလှပပ လုပ်ထားသော ဦးရှင်ကြီးတင်သည့် လှည်းကလေးမှာ မောင်ဝ၏ရေစည်လှည်းလောက်တောင် လူတွေက ဂရုမစိုက်ချင်တော့။ ထို့ကြောင့် ဝင်ငွေလည်း လျော့လာ၏။

သို့တိုင်အောင် ခေတ်တွေက ဘယ်လိုပဲပြောင်းလဲတိုးတက်လာသည်ဖြစ်စေ၊ ရိုးရာစွဲလမ်းယုံကြည်မှုကို မစွန့်လွှတ်နိုင်သေးသော လူတွေလည်း အတော်များများ ကျန်ရှိနေပါသေးသည်။ ထိုအကြောင်းအချက်က ဦးဖိုးပြော၏ ဘတ်ဂျက်ကို ပြန်လည်ဦးမော့လာစေသည်။

♦

ကျော်ကွန်နှင့် လှထုံတို့၏ သားလေးမောင်ကျော်လှသည် ဒီနှစ် ပထမတန်း တက်ရပြီဖြစ်၏။ တစ်ရက်ကျောင်းက အပြန် နေပူနေရာမှ ရုတ်တရက် မိုးသားတွေ တက်လာပြီး ရွာချလိုက်သဖြင့် နီးစပ်ရာ ညောင်ပင်ကြီးအောက် ဝင်၍ မိုးခိုနေလိုက်သည်။ ခဏနေတော့ သေးပေါက်ချင်လာ၏။ ထို့ကြောင့် ညောင်ပင်ခြေရင်းမှာပင် ကလေးပီပီ အမှတ်တမဲ့တော့ ပန်းလိုက်၏။ သေးပေါက်နေရင်းမှာပင် ကျောထဲက စိမ့်ခနဲဖြစ်ပြီး ကြက်သီးထသွား၏။

ဒီတော့မှ သူ သတိရသည်။ ဒါဟာ အဖေပြောတဲ့ ညောင်ပင်ကြီးပါကလား။ ဟိုအရင်အဖေ ကင်းစောင့်ကျတ်နိုး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



က ဇောက်ထိုးကောင်ကို တွေ့လိုက်ရတယ်ဆိုတာ. .

အတွေးတောင်မဆုံးလိုက်။ သူ့ ခေါင်းမွေးတွေ ထောင်ထလာသလို ဖြစ်ပြီး မိုးရွာထဲမှာပင် သုတ်ခြေတင် ပြေးထွက်သွားလေတော့သည်။

ထိုညတွင် မောင်ကျော်လှ ဖျားတော့သည်။ ကိုယ်တွေ ခြစ်ခြစ်တောက် ပူလာသည်။ ပြီးတော့ ကယောင်တမ်းတွေ ပြောနေသည်။

"ဇောက်ထိုးကောင်ကြီး လိုက်လာပြီ အမေရေ. . ကြောက်တယ်၊ ကြောက်တယ် ကယ်ပါဦး"

ကျော်ကွန့်နှင့် လှထုံတို့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

"ကိုကျော်ကွန့်၊ ဘယ်လိုလုပ်ကြမလဲ။ ကြည့်ရတာ သားလေးက ညောင်ပင်ကြီးနားမှာ ဘာတွေ အမှားအယွင်း လုပ်ခဲ့သလဲ မသိဘူး"

အမှန်တော့ မောင်ကျော်လှလေးသည် နေပူထဲမှာ လျှောက်လာရင်း ရုတ်တရက် မိုးမိသွားသောကြောင့် အပူရှပ်ပြီး ဖျားခြင်းသာဖြစ်၏။ လှထုံက ကလေးဖျားရင် ချွေးထွက်အောင် လုပ်မှကောင်းမယ်ဆိုပြီး ငန်ဆေးတွေတိုက်၊ စောင်တွေအထပ်ထပ် ခြုံပေး၊ ခြင်ထောင်ဘေးက ပုဆိုးတွေ အိပ်ရာခင်းတွေနဲ့ကာ လေစိမ်းမဝင်အောင် ပြတင်းပေါက်တွေ ပိတ်လုပ်ထားသဖြင့် လှောင်ပိတ်ပြီး အပူက ပိုကြီးလာခြင်းပင် ဖြစ်၏။





မောင်ကျော်လှသည် နေ့လယ်က ညောင်ပင်အောက်မှ ကြောက်အားလန့်အား ပြေးခဲ့ရခြင်းကို သတိရပြီး ကယောင်ကတမ်းတွေ ပြောနေခြင်းဖြစ်၏။ လှောင်အိုက်ပြီး လေကောင်းလေသန့်မရတော့ ပိုဆိုးသည်။ လှထုံကတော့ တော်တော်စိုးရိမ်နေပြီ။ ကျော်ကွန့်လည်း ဘာလုပ်ရမှန်းမသိဘဲ ခေါက်တုံ့ခေါက်ပြန်သာ လမ်းလျှောက်နေမိ၏။

"ကိုကျော်ကွန့် ဘာယောင်ချာချာ လုပ်နေတာလဲ။ အကြံလေး ဘာလေး ထုတ်စမ်းပါဦး"

ကျော်ကွန့်သည် ချီတုံချတုံ ဖြစ်နေသည်။ မောင်ကျော်လှသည် ညောင်ပင်ကြီးအောက်မှာ တစ်ခုခု လုပ်ခဲ့မိတာတော့ သေချာသည်။ ခုဖြစ်တာက ညောင်ပင်ကြီးနှင့် ပတ်သက်သလား။ ဇောက်ထိုးကောင်နဲ့ ဆိုင်သလား။ မဆိုင်ဘူးလားဆိုတာတော့ ဝေခွဲလို့မရ။ သူကိုယ်တိုင်ကင်းစောင့်တုန်းက ဇဝေဇဝါ ကြုံခဲ့ရတာကိုလည်း ပြန်သတိရမိသေး၏။ သို့ရာတွင် ခုနေခါမှာ သူလည်း ဘာမှ မလုပ်တတ်။ ဆရာဝန် သွားပင့်ရအောင်ကလည်း ဆေးခန်းက ဟိုဘက်ရပ်ကွက်ထိပ်မှာ။ ပြီးတော့ ဒီအချိန်ဆို ဆေးခန်းပိတ်လို့ ဆရာဝန်တောင် ပြန်သွားလောက်ပြီ။

"ကိုကျော်ကွန့် လမ်းလျှောက်နေရုံနဲ့ ပြီးမလား"

လှထုံက အော်လိုက်သည်။ ကျော်ကွန့်သည် ရပ်လိုက်၏။

"ကဲ ရပ်နေပြန်ပြီ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကွန့်သည် လမ်းလျှောက်ပြန်၏။

"ဘယ်လို ဖြစ်နေတာလဲ"

လှထုံက အသံကုန်အော်လိုက်သည်။ ထိုစဉ်မှာပင် အိမ်ရှေ့က ဖြတ်လျှောက်သွားသော အပျိုကြီးဒေါ်ပိုက လှထုံ အသံကိုကြားပြီး အိမ်ထဲဝင်လာသည်။

"ဟဲ့. . ဘာဖြစ်နေကြတာလဲ"

ကျော်ကွန့်က ဖြစ်ပျက်နေပုံကို ပြောပြ၏။ ဒေါ်ပို က. .

"နေဦး၊ ငါ ကြည့်စမ်းမယ်"

ဆိုပြီး ခြင်ထောင်ကို လှန်၍ ဝင်သည်။ မောင် ကျော်လှ၏ နဖူးကို စမ်းသည်။

"ဟယ်. . တော်တော်ပူနေပါလား"

ထို့အတူ မောင်ကျော်လှအဖို့လည်း အပြင်မှ ဝင်လာ သည့် ဒေါ်ပို၏ လက်ကြီးက အလွန်အေးစက်နေသည်။ ထို့ ကြောင့် တွန့်ခနဲ ဖြစ်သွားပြီး။

"အား. . အား ကြောက်တယ်၊ ကြောက်တယ်"

ဒေါ်ပို လက်ကို ဖြတ်ခနဲ ပြန်ရုပ်လိုက်၏။ ခဏ စဉ်းစားသည်။

"အင်း. . . ဖြစ်နိုင်တယ်။ ဒါမျိုးနားလည်တဲ့ လူကို ပြမှဖြစ်မယ်၊ ဟုတ်ပြီ။ ကျော်ကွန့် နင်. . ဦးဖိုးဖြော့ကို ပြေးခေါ် စမ်း၊ ငါ အိမ်ပြန်ပြီး အုပ်ဆေး သွားယူခဲ့မယ်၊ အုပ်ဆေးက တော်ရုံ အမှောင့်ပယောဂလောက်တော့ နိုင်တယ်ကွယ့်"





ကျော်ကွန့်နှင့် ဒေါ်ပိုတို့ ရှေ့ဆင့်နောက်ဆင့် ထွက် သွားသည်။ ဒေါ်ပိုက အိမ်နီးသဖြင့် အရင် ပြန်ရောက်လာ သည်။ မောင်ကျော်လှမှာ အပူကြီးသဖြင့် လူးလိမ့်နေတုန်း။ လှထုံမှာ ဘာမှ မလုပ်တတ်ဘဲ "သားလေး၊ သားလေး အမေရှိ တယ်၊ အမေရှိတယ်"ဟူ၍သာ တတွတ်တွတ် ရေရွတ်နေ၏။

ဒေါ်ပိုသည် မောင်ကျော်လှကိုယ်ပေါ်မှ စောင်များ ကို ခွာချလိုက်သည်။ နဖူးကို အုပ်ဆေးအနည်းငယ် ပွတ်ပေး လိုက်သည်။ လက်ဖဝါးနှစ်ဘက်ကို နာနာပွတ်ပြီးနောက် မောင် ကျော်လှ၏နှာခေါင်းနားမှာ တေ့ပြီး ရှူစေသည်။ ထို့နောက် အသားကို မထိစေဘဲ တစ်ကိုယ်လုံးကို လက်ဝါးနှင့် သပ်သပ်ချ နေ၏။ မောင်ကျော်လှသည် လူးလိမ့်နေရာမှ အတန်ငယ် ငြိမ် သွားသည်။ ထိုစဉ်မှာ ကျော်ကွန့်နှင့် အတူ ဦးဖိုးဖြော့ ရောက် လာ၏။

"ဦးလေးဖြော့ရယ် ကြည့်ပေးစမ်းပါဦး"

လှထုံက ငိုသံပါနှင့် ပြောသည်။ ဦးဖိုးဖြော့သည် "ခု တော့ ငါ့ကို သတိရကြပြီပေါ့။ ဟုတ်လား"ဆိုသော မျက်နှာပေး မျိုးဖြင့် မောင်ကျော်လှနား သွားထိုင်ပြီးကြည့်သည်။ ဒေါ်ပို က. .

"ကျွန်မလည်း တတ်သလောက် မှတ်သလောက် လုပ်ပေးထားတာပဲ"ဟု ပြောသည်။ ဦးဖိုးဖြော့က. .

"အင်း. . ကောင်းပါတယ်။ အုပ်ဆေးဆိုတာ ဒီလိုပဲ ရေလဲနဲ့သုံးရတာမျိုးပဲ။ ဒါပေမယ့် ခဏပဲ ထိန်းထားနိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်"

ကျော်ကွန့်က စိုးရိမ်တကြီး ဝင်ပြောရာ. . .

"မပူနဲ့လေ ကဲ. . ကဲ ရေသန့်သန့်တစ်ခွက်ပေးစမ်း၊ ကြေးဖလားရှိရင် ကြေးဖလားနဲ့ ထည့်ခဲ့၊ မရှိရင် ဖန်ခွက်နဲ့ပဲ ယူခဲ့"

ကျော်ကွန့်နှင့် လှထုံ နှစ်ယောက်ပြိုင်တူ နောက်ဖေးဘက်ကို ပြေးမိ၏။ ပြီးမှ ကျော်ကွန့်က. .

"သားလေးနားမှာ နေ၊ ငါသွားခပ်မယ်"

ဆိုပြီး ခပ်သုတ်သုတ် ဝင်သွားသည်။ ကြေးဖလားမရှိသဖြင့် ဖန်ခွက်နှင့်ပင် ခပ်လာခဲ့၏။ ဦးဖိုးဗြော့က ဖန်ခွက်ကို ယူ၍ ဘုရားစင်ဘက်ကို ဦးတိုက်ရင်း မြှောက်ကိုင်ပြီး ခပ်တိုးတိုး ရွတ်ဆိုလိုက်သည်။ ပြီးတော့ ညောင်ပင်ရှိရာဘက်ကို လှည့်၍ ဖန်ခွက်ကိုမြှောက်ပြီး

"ကလေးက မသိနားမလည်လို့ အမှားလုပ်မိတာပါ။ အမိုက်အမဲကလေးမို့ ဗွေမယူပါနဲ့၊ ဆိုင်ရာပိုင်ရာများ ခွင့်လွှတ်ပြီး စောင့်ရှောက်တော်မူပါ"

ဟု အသံကျယ်ကျယ် အော်ပြောသည်။ ပြီးတော့ မောင်ကျော်လှ ကိုယ်ပေါ်သို့ ဖန်ခွက်ထဲမှ ရေဖြင့် အနည်းငယ် တောက်လိုက်သည်။ ရေစက်များ ထိသောအခါ မောင်ကျော်လှမှာ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွား၏။ လှထုံက ဒေါ်ပိုကို တစ်ချက်ကြည့်သည်။ ဒေါ်ပိုက အဓိပ္ပာယ်ပါပါ ပြန်ကြည့်ရင်း ခေါင်းဆတ်ပြသည်။





"ကဲ. . ကဲ ကလေးကို နည်းနည်းထူလိုက်စမ်းပါ"

ကျော်ကွန့်က မောင်ကျော်လှကို ထိုင်လျက်အနေအထားဖြစ်အောင် ပွေ့ထူလိုက်၏။

"သားလေး၊ မောင်ကျော်လှ ဘဘကြီးကို သိတယ်မဟုတ်လား"

ဦးဖိုးဗြော့က မေးသည်။ မောင်ကျော်လှသည် မျက်လုံးကို ခပ်မှေးမှေး ဖွင့်ကြည့်ပြီး 'အင်'ဟု ရေရွတ်လိုက်၏။

"ဟုတ်ပြီ၊ ဘဘကြီးက သားကို ရေမန်းတိုက်မယ်နော်ကုန်အောင် သောက်လိုက်ကြားလား"

ဆိုပြီး မောင်ကျော်လှ၏ ပါးစပ်မှာ ဖန်ခွက်ကို တေ့ပေးလိုက်သည်။ မောင်ကျော်လှသည် အပူကြီးလွန်းသဖြင့် အာခေါင်တွေ ခြောက်၊ ရင်ထဲကလည်း ပူလောင်နေသဖြင့် ဖန်ခွက်ထဲက ရေကို အငမ်းမရ သောက်လေသည်။ လှထုံလည်း ခုမှ သက်ပြင်းချနိုင်သည်။

ဖြစ်တတ်သည့် သဘောမှာ ခန္ဓာကိုယ်ထဲ ရေဓာတ်ခမ်းခြောက်နေစဉ် ရေသောက်လိုက်လျှင် ချွေးစို့လာတတ်သည်။ စောစောက တိုက်ထားသော ငန်းဆေး၏ တန်ခိုးကလည်း ခုမှ ပြလာသည်။ အုပ်ဆေးကလည်း အခိုးပွင့်စေသည်။ ပြီးတော့ ထူထပ်စွာ ခြုံအုပ်ထားသော စောင်တွေကို ခွာထားသောကြောင့်လည်း ခန္ဓာကိုယ်တွင်းမှ အပူဓာတ်များ လျော့ပါးသွားစေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်ကျော်လှမှာ ချွေးတွေ စိမ့်ထွက်လာပြီး ကိုယ်ပူကျသွားသည်။ ခဏအကြာမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့သည်။ ဘာပဲဖြစ်ဖြစ် လှထုံနှင့် ဒေါ်ပိုတို့ကတော့ ဒါဟာ ဦးဖိုးဖြောရဲ့ အစွမ်းပေါ့ဟု ယုံကြည်သွားကြသည်။ ထို့အတူ ညောင်ပင်ကြီးနှင့် ပတ်သက်၍လည်း ပို၍စွဲလမ်းယုံကြည်လာကြသည်။ ကျော်ကွန့်ပင်လျှင် ဟုတ်နိုး ဇဝေဇဝါ ဖြစ်လာ၏။

◆

နောက်တစ်နေ့တွင် မောင်ကျော်လှသည် အဖျားသွေးမရှိတော့။ လူကလည်း ကြည်ကြည်လင်လင် ဖြစ်လာပြီး ဆန်ပြုတ်နှစ်ပန်းကန် သောက်နိုင်လာသည်။ ကျော်ကွန့်နှင့်လှထုံတို့က ဦးဖိုးဖြောကို ငွေငါးဆယ်ကန်တော့သည်။ ဒါတွင်မက ဦးဖိုးဖြော လမ်းညွှန်မှုဖြင့် ညောင်ပင်ကြီးမှာ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ ပူဇော်သည်။

ထိုသတင်းမှာ လှထုံကိုယ်ဘိုင် တအံ့တသြ လျှောက်ပြောသောကြောင့်လည်းကောင်း၊ ဒေါ်ပို၏ ဖြန့်ချိမှုကြောင့်လည်းကောင်း၊ ပဲပြုတ်သည် ဒေါ်မှိန်၏ သတင်းကွန်ယက်အတွင်း ရောက်ရှိသွားသောကြောင့်လည်းကောင်း နှစ်ရက်သုံးရက်အတွင်းမှာပင် တစ်ရပ်ကွက်လုံးက သိသွားကြတော့သည်။





ဦးဖိုးဖြောသည်လည်း ဂုဏ်သိက္ခာ ပြန်တက်လာသည်။ အန္တရာယ်ကင်း ဆွမ်းတင်ဖို့ အချိန်ဆွဲနေခဲ့သော မပွေးသည် ဒီညနေမှ ဆွမ်းမတင်လျှင် ဘဝ ပျက်တော့မလောက် ပြောဆိုတောင်းပန်ပြီး အတင်းလာခေါ်သည်။

ညောင်ပင်ကြီးမှာလည်း အရင်လို အထီးကျန်ဆန်စွာ ခြောက်ခြောက်သွေ့သွေ့ မဟုတ်တော့ဘဲ ဂရုတစိုက် လာရောက်ပူဇော်ပသူတွေ ရှိလာ၏။ မောင်ကျော်လှ၏ နမူနာကိုယူပြီး ကလေးတွေ ရာသီဥတုကြောင့် ကျောပူခေါင်းပူလောက်ဖြစ်လျှင် ညောင်ပင်ကြီးဆီ ပြေး၍ တောင်းပန်ကြသည်။ ကိုယ့်ဘာသာ ပစ္စည်းအထားမှား၊ အသိမ်းလွန် နေတာကိုပင် ညောင်ပင်ကြီးမှာ ဖယောင်းတိုင်၊ အမွှေးတိုင်ပူဇော်ကြသည်။ ယုတ်ဆွအဆုံး ညောင်ပင်ကြီးနား ဖြတ်လျှောက်သွားမိလျှင်ပင် လက်အုပ်ကလေးချီသွားတာမျိုး၊ ခေါင်းကလေး ငုံ့သွားတာမျိုးလောက်တော့ ဖြစ်လာ၏။

ဒီလိုအချိန်မှာ ဦးဖိုးဖြောက နောက်ဆက်တွဲ သတင်းတစ်ခုကို ထုတ်ပြန်လိုက်လေသည်။

"ယမန့်နေ့ညက မိမိအိပ်မက်မက်ကြောင်း တစ်နည်းအားဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်က အိပ်မက်ပေးခြင်းဖြစ်ကြောင်း၊ ညောင်ပင်ကြီးတွင် စံမြန်းနေသူမှာ အများထင်ထားသလို ဖောက်ထိုးကောင်မဟုတ်ကြောင်း၊ ကွင်းပိုင်ကြီးသာဖြစ်ကြောင်း၊ ကွင်းပိုင်ကြီးသည် ဟိုးနှစ် ပေါင်းရာချီသော အချိန်ကစ၍ ရှိခဲ့ခြင်းဖြစ်ကြောင်း ရှေးကတော့ လူတွေက တခိုင်သေ



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပသခဲ့ကြကြောင်း၊ ကွင်းပိုင် ကြီးကလည်း တစ်ရွာလုံးကို စောင့်ရှောက်ခဲ့ကြောင်း၊ နှောင်း ခေတ်လူတို့ ရိုးရာအစဉ်အလာကို သွေဖည်ဖောက်ဖျက်ပြီး၊ ပူဇော်ထိုက်သူကို မေ့ထားကြကြောင်း၊ တချို့က မထေမဲ့မြင် ပြုလာကြောင်း၊ ထို့ကြောင့်ခုလို သတိပေးရခြင်းဖြစ်ကြောင်း ကွင်းပိုင်ကြီးကို ရိုရိုသေသေပသလျှင် မစမည်ဖြစ်ကြောင်း"

ဦးဖိုးဖြော့သည် တကယ်ပဲ အိပ်မက်တာလား၊ သူ့ဘာသာ ထွင်ပြောသလားဆိုတာတော့ ဘယ်သူမှမသိ။ အိပ်မက်ဆိုတာကလည်း မက်တဲ့သူတစ်ယောက်တည်းသာ သိနိုင်သည့်အရာမျိုးဖြစ်၏။ တကယ်မက်တာဟုတ်မဟုတ်၊ သက်သေပြပြီးငြင်းလို့တာလည်းမဟုတ်။

သူက ပတေးတို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းပြောပြနေခြင်း ဖြစ်၏။ ဆိုင်ကို သူရောက်နေတာ အတော်ကြာပြီဖြစ်သော်လည်း မပြောသေးဘဲ စောင့်နေသေးသည်။ ပဲပြုတ်သည် ဒေါ်မှိန် ဘာနူးဆီမှာ ပဲပြုတ်ဖိုး လာတောင်းတော့မှအချိန်ကိုက်ပြီး ခပ်ကျယ်ကျယ်ပြောပြခြင်းဖြစ်၏။ ဒေါ်မှိန်သည်ပါးစပ်အဟောင်းသားနှင့် နားထောင်နေ၏။ ဒါကို ဦးဖိုးဖြော့ကလည်း တစေ့တစောင်းမြင်သည်။ ဒေါ်မှိန် ကြားသွားပြီဆိုတော့ ဒီသတင်းသည် နေမွန်းမတည့်မီ တစ်ရပ်ကွက်လုံးနီးပါးကို ပျံ့နှံ့သွားတော့မှာ သေချာသွားလေပြီ။

လက်ဖက်ရည်သောက်နေကြသော ယောကျ်ားသား





တွေထဲမှာတော့ ဦးဖိုးဖြော့ စကားကို ယုံသူလည်းရှိ၏၊ မယုံတစ်ဝက်. ယုံတစ်ဝက်လည်းရှိ၏။ မယုံကြည်သူတွေလည်း ပါသည်။ ပွကြီးက. .

"နေပါဦး၊ ဦးလေးဖြော့ရဲ့။ ကွင်းပိုင်ကြီးလို့ဆိုရအောင် ဘယ်က ကွင်းကို ပိုင်တာလဲ ဘောလုံးကွင်းလား"

"ရမ်းမပြောနဲ့ကွ။ ဟိုအရင်ကဆိုရင် ဒီနားတစ်ဝိုက်ဟာ လယ်ကွင်းကြီးတွေပေါ့။ အဲဒီလယ်ကွင်းကြီးတွေကို စောင့်ရှောက်ခဲ့လို့ ကွင်းပိုင်ကြီးလို့ ခေါ်တာ"

ဖိုးနီကတော့ စာလေးဘာလေး ဖတ်ထားသဖြင့် ဗဟုသုတရှိ၏။ သိပ္ပံပညာအကြောင်းကိုလည်း နည်းနည်းပါးပါး တီးမိခေါက်မိသည်။ ထို့ကြောင့် ဦးဖိုးဖြော့ ပြောတာကို မယုံ။ အဘိုးကြီးကို သရော်ချင်စိတ် ပေါ်လာသည်။ ထို့ကြောင့်. .

"အဲဒီကွင်းပိုင်ကြီးမှာ အဖော်တွေလည်း အများကြီးရှိမှာပေါ့"

"ဘယ်က အဖော်တွေလဲကွ"

ကိုရှိန်က အကောင်းမှတ်လို့ စကား ဝင်ထောက်သည်။ ဖိုးနီက. .

"သူက ကွင်းပိုင်ကြီးဆိုတော့ သူ့အဖော်တွေက ကင်းပိုင်ကြီးတို့၊ ဂျက်ပိုင်ကြီးတို့၊ စပိတ်တစ်ပိုင်ကြီးတို့၊ ဂျိုကာပိုင်ကြီးတို့ ဖြစ်မှာပေါ့"

ပွကြီးက ဝင်ဟားသည်။

"ဒါဆို ညှင်းပိုင်ကြီးတို့၊ ဟာတ်ပိုင်ကြီးတို့၊ ဒိုင်းမွန်းပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့လည်း ပါမှာပေါ့"

ဟု တစ်ဆက်တည်း ပြော၏။ ဦးဖိုးဗြော့ ဒေါကန်သွားသည်။ သူ့ကို ဒေါက်ဖြုတ်တာပဲဆိုပြီး ရှုံ့ရှုံ့ရွဲရွဲ ဖြစ်သွား၏။

"ဟော့ နင့်မေကလွှား ဖဲသမားတွေ၊ ဒါ နောက်စရာ မဟုတ်ဘူးကွ။ မင်းတို့တော့ ဘေးတွေ့လိမ့်ဦးမနော်။ ပါးစပ် စည်းကမ်း မရှိတဲ့ကောင်တွေ"

"ဘေးတွေ့တာက တည့်တည့်တွေ့တာလောက်မဆိုးပါဘူးဗျ"

ဟု ပြောပြီး တဟားဟား ရယ်ရင်း ထထွက်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ သူက ဦးဖိုးဗြော့ဆီ အာရုံစိုက်ရင်း လျှောက်သွားသဖြင့် မြေပေါ်မှ အုတ်ခဲတစ်လုံးကို ဝင်တိုက်မိပြီး

"အမလေးဗျ"

ဖိုးနီက အော်ရင်း ခြေမကို ကုန်း၍ ဆုပ်ကိုင်လိုက်သည်။

"တွေ့ပြီမဟုတ်လား၊ မင်း ပြောတဲ့ တည့်တည့်တွေ့တာ ဆိုတာလေ၊ အဲဒါ ပါးစပ်သရမ်းလို့ ချက်ချင်း လက်ငင်း ဒိဋ္ဌပြလိုက်တာပဲ"

ဒေါ်မှိုန်သည် အဖြစ်အပျက်ကို မြင်ပြီး မျက်လုံးပြူးသွား၏။ ဒီနောက်မှာတော့ ကွင်းပိုင်ကြီး မထိမဲ့မြင်ပြုနေသော ဖိုးနီတစ်ယောက် အုတ်ခဲကို ခလုတ်တိုက်မိကြောင်း၊ ထိုအုတ်ခဲ





ကို မိမိဆိုင်ထဲ ဝင်လာစဉ်က မမြင်မိကြောင်း၊ ဘယ်ကဘယ်လိုရောက်လာမှန်း မသိကြောင်း ရပ်ကွက်ထဲ လျှောက်ပြောသည်။ အမှန်အားဖြင့် ဖိုးနီမှာ ခြေမသွေးခြေဉရုံမျှ ဖြစ်သော်လည်း ဒေါ်မှိုန်ကတော့ ဖိုးနီခြေမကြီး ဟက်တက်ကွဲသွားပြီး သွေးတွေ ဖြာခနဲ ထွက်လာသည်ဟုဆိုသည်။

ဘာပဲဖြစ်ဖြစ် ထိုကိစ္စကြောင့် ဦးဖိုးဗြော့စကားကို ယုံကြည်သူတွေ ပိုများလာတော့သည်။ ဇဝေဇဝါ ဖြစ်နေသူတွေကလည်း ယုံတဲ့ဘက်ကို ယိမ်းယိုင်ကုန်ကြလေတော့သည်။

♦

"ဒါမျိုးဆိုတာက ပြောရခက်သားကလားဗျ"

ရပ်ကွက်ဥက္ကဋ္ဌက မယုတ်မလွန် တွေးတွေးဆဆ ပြောသည်။ သူ့စကား အဓိပ္ပာယ် နှစ်မျိုး ထွက်နေသည်။ ဦးဖိုးဗြော့ကပြောတာ ဖြစ်နိုင်သည်ဟူ၍လည်း ယူဆနိုင်သည်။ အယူသည်း မှုဟု ဆိုလိုရာလည်း ရောက်၏။

ဖြစ်ပုံကတော့ ဦးဖိုးဗြော့သည် သူ၏ အိပ်မက်ကို ယုံကြည်လက်ခံသူတွေ ရှိသဖြင့် အားတက်လာပြီးနောက် တစ်မျိုး ထပ်မံပြောလာပြန်၏။ ကွင်းပိုင်ကြီးက သူ့ကို အိပ်မက် ထပ်ပေးကြောင်း၊ ညောင်ပင်ကြီးအောက်တွင် သူ့အတွက် နတ်စင်တစ်ခု ဆောက်လုပ်ပေးဖို့ တောင်းဆိုကြောင်း၊ ထို့ကြောင့် နတ်စင်ဆောက်ရန်အတွက် ဝိုင်းဝန်းကူညီကြဖို့ ရပ်ကွက်အာဏာပိုင်များထံ တင်ပြလာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖိုးကြော့ အိပ်မက်မက်တယ်ဆိုတာနဲ့ ဒီကိစ္စကို ဆောင်ရွက်ပေးရမယ် ဆိုတာကတော့ နည်းနည်းစဉ်းစားဖို့သင့်တယ်။ တကယ်လို့ တခြားတစ်ယောက်ယောက်က သူလည်း အိပ်မက်မက်ပါတယ်ဆိုပြီး ကိစ္စတစ်ခုခု တင်ပြလာခဲ့ရင် ဘယ်လိုလုပ်မလဲ။ တကယ်တော့ အိပ်မက်ဆိုတာ တရားမဝင်ဘူးလေ"

တစ်ယောက်က ထောက်လိုက်၏။ ဦးဖိုးကြော့က. . .

"ကျုပ် စကားကို မယုံလို့လား၊ ကျုပ် တစ်သက်လုံး ဘုရား၊ တရားနဲ့ နေလာခဲ့တာ ဘယ်တုန်းကမှ လိမ်ညာ မပြောခဲ့ဖူးဘူး။ ဒါကို အားလုံးအသိ"

သူ့ကို သွေးလေချောက်ချားပြီး အိပ်မက်မက်သယောင် အပြောခံရသဖြင့် နည်းနည်းမခံချင် ဖြစ်သွား၏။

"ဦးဖိုးကြော့ကို မယုံလို့ ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့က လုပ်ချင်တိုင်း အရမ်းလုပ်လို့ ရတာမဟုတ်ဘူးလေ။ စည်းမျဉ်းစည်းကမ်းဆိုတာ ရှိသေးတယ်"

"တခြားရပ်ကွက်တွေမှာ နတ်စင်တွေ ရှိကြတာပဲ။ တချို့ဆို ဟီးထနေအောင် ဆောက်ထားကြတာ၊ ကျုပ်တို့ ရပ်ကွက်သာ မရှိသေးတာ"

ဦးဖိုးကြော့က စောဒကတတ်၏။ သူက ပြောအားရှိသည်။ ရပ်ကွက်ထဲက လူ အတော်များများက သူ့ကို ထောက်ခံကြမှာ သေချာသည်။ ရပ်ကွက်လူကြီးများအနေဖြင့် အတော်





ဦးနှောက်စားနေ၏။ ခွင့်မပြုပြန်လျှင်လည်း ဦးဖိုးကြော့စကားကို ယုံကြည်သူတွေက မကျေမနပ် ဖြစ်ကြမည်။ ဒီလိုရှိုးရာ အစွဲအလမ်းမျိုးက တားမြစ်လို့လည်း မသင့်လျော်။ ထို့ကြောင့်. .

"ဒီလိုလုပ်ပါ၊ လောလောဆယ် ဦးဖိုးကြော့ရဲ့ တင်ပြချက်ကို လက်ခံမယ်။ တကယ်လို့ ကန့်ကွက်တဲ့ လူရှိလာရင်တော့ ပြန်စဉ်းစားရလိမ့်မယ်"

ဟု ဥက္ကဋ္ဌက ဆုတ်သာတက်သာ ဆုံးဖြတ်ပေးလိုက်၏။

ထိုအခါ ဦးဖိုးကြော့က နတ်စင်ဆောက်ဖို့ ကိစ္စ စတင်ဆောင်ရွက်လေတော့သည်။ တကယ်တမ်းကျတော့ ဘယ်သူက ကမကထပြုပြီး ရန်ပုံငွေ မတည်မလဲဆိုတာ ပြဿနာဖြစ်လာ၏။ ခါတိုင်း အများဆုံး ထည့်နေကျ ခေါက်ဆွဲစက်နှင့် ဗီဒီယိုရုံပိုင်ရှင်ဦးကုလားသည် ဟိုတစ်ခါ ပဉ္စတ်၊ ပရမတ်ကိစ္စနှင့်ပတ်သက်၍ ကတောက်ကဆ ဖြစ်ပြီးကတည်းက ဦးဖိုးကြော့နှင့် ခပ်တန်းတန်း ဖြစ်နေ၏။ ဦးဖိုးကြော့က ရပ်ကွက်လူကြီးများ၏ စိတ်နှင့် ဖိဖို့ ကြိုးစားသေးသည်။ ရပ်ကွက်လူကြီးတွေက ဝတ်ကျေတန်းကျေသာလိုက်ပေးသည်။ ဦးကုလား က. .

"အားလုံး သိကြတဲ့အတိုင်း ကျွန်တော့် ခေါက်ဆွဲစက်ကလည်း ဈေးပေါ်မှီပြီး လည်တလှည့် မလည်တလှည့်၊ ဗီဒီယိုရုံကလေးကို အားကိုးပြီး စားနေရတာ၊ အရင်လို သိပ်အဆင်ပြေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အလိမ္မာနှင့် ငြင်းသည်။ တခြားလူတွေကလည်း ဦးကုလားလို နှုတ်အားဖြင့် စိတ်ဓာတ်ရေးရာ အားဖြင့်သာ ထောက်ခံသည်။ ငွေကျတော့မထွက်။ များသောအားဖြင့် ငွေကြေးချောင်လည်ကြသူများ မဟုတ်သဖြင့် နတ်စင်ဆောက်တဲ့အခါ လုပ်အားဒါန ပါဝင်ပါမယ်ဆိုသော ကတိကိုသာ ပေးကြ၏။

ဦးဖိုးပြောမှာ သူ စသည့်ဇာတ်လမ်းကို ဘယ်လိုဆက်ရမှန်း မသိဘဲ အကြပ်ရိုက်နေ၏။ ညနေဘက်မှာ မလုံးတင်တို့ အိမ်ဆွမ်းတင်ပေးဖို့အတွက် ငှက်ပျောသီး၊ အုန်းသီး၊ မုန့်ဆန်း စသည်တို့ သွားဝယ်ရင်း ဈေးထိပ်မှာ အလှူခံမဏ္ဍပ်တစ်ခုတွေ့သည်။ အသံချဲ့စက်နှင့် အော်ပြီး အလှူခံနေသည်။ ဘုရားတန်ဆောင်းပြင်ဖို့ ဖြစ်၏။

သူ အကြံ ရသွားသည်။

♦

အလှူခံမဏ္ဍပ်မှာ သိပ်ကြီးလှသည်တော့ မဟုတ်။ ရှိတာလေးနှင့် ဖြစ်အောင် လုပ်ထားရခြင်း ဖြစ်၏။ ဝါးလုံးလေးတိုင်ထောင်ပြီး ပလတ်စတစ်အစကို မိုးထားသည်။ စားပွဲတစ်လုံးပေါ်တွင် အလှူခံငွေထည့်ဖို့ ငွေဖလားတစ်လုံး တင်ထား၏။ ငွေဖလားဆိုသော်လည်း ငွေအစစ်မဟုတ်။ သတ္တုကို ပန်းကနုတ်ဖော်ထားခြင်းသာဖြစ်၏။ ဒါတောင် သူပိုင်မဟုတ်။ဘုန်းကြီးကျောင်းက ငှားထားရခြင်းဖြစ်၏။ တစ်ခုတော့ရှိသည်။ သူ





မဏ္ဍပ်ကလည်း တခြားမဏ္ဍပ်တွေလိုပင် အသံချဲ့စက်ပါသည်။ ဝါးလုံးတိုင်ထိပ်ဖျားမှာ အော်လံကြီးကို အပီအပြင် ဆင်ထား၏။

အသံချဲ့စက် ငှားခကိုတော့ အလှူခံလို့ရသော ငွေထဲမှ ထုတ်ပေးမည်။ ပြီးတော့ ဦးဖိုးပြောအနေဖြင့် တစ်နေ့ကုန် အလုပ်ပျက်ခံပြီး ထိုင်အလှူခံရမည်ဖြစ်သောကြောင့် ထမင်းဖိုး၊ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးအဖြစ် အလှူခံရငွေမှ တစ်ရာလျှင် သုံးဆယ်ကျပ်ရမည်။

အလှူခံဌာန၏ တည်နေရာကတော့ ညောင်ပင်ကြီး၏ အောက်မှာပင် ဖြစ်၏။ ဒါမှလည်း လူတွေက ညောင်ပင်ကြီးကို မြင်ပြီး လှူချင်စိတ် ပိုပေါ်မည်ဟု တွက်သည်။ ပြီးတော့ ဒီနေရာက ရပ်ကွက်အဝင်အထွက် လမ်းပေါ်မှာ ကျသဖြင့် လူသွားလူလာလည်း များသည်။

ဦးဖိုးပြောသည် အော်လံကြီးကို ဘယ်ဘက်လှည့်ရကောင်းမလဲ စဉ်းစားသည်။ အိမ်ခြေများတဲ့ဘက် လှည့်ရမည်။ တောင်ဘက်နှင့် အရှေ့ဘက်က များသည်။ဘယ်ဘက်ကောင်းမလဲ။ သူသည် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်လိုက်၏။ အရှေ့ဘက်ခြမ်းရှိ အနီးဆုံးအိမ်မှာ ဦးကုလားအိမ်ရှိ၏။ ဦးကုလားနှင့် သူ ငြိထားတာလေးရှိသည်။ ဒီတော့ ဦးကုလားကို နည်းနည်းပညာပေးရမည်။ ထို့ကြောင့် ဦးကုလားအိမ်ဘက်သို့ အော်လံကို လှည့်ထားလိုက်သည်။

♦



www.burmeseclassic.com

www.burmeseclassic.com



မနက်ခြောက်နာရီလောက်မှာ အလှူခံမဏ္ဍပ်ဆီမှ ရေကောင်းသံ၊ အဆိုတော်ဌေးဌေးမြင့်၏ ဘုရားပင့်သီချင်းသံ ကျယ်လောင်စွာ ဖွင့်လိုက်သည်ကို တစ်ရပ်ကွက်လုံး ကြားကြရလေသည်။ ထိုနေ့မှစ၍ ရက်သတ္တပတ် အတန်ကြာအောင် ထိုအသံများသည် သူတို့ရပ်ကွက်အဖို့ မနက်စောစော ထဖို့ နှိုးစက်သဖွယ် ဖြစ်လာလေတော့သည်။

"မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ နံနက်ချိန်ခါ ဖြစ်ပါစေလို့ ကျွန်တော် မောင်ဖိုးပြော့က နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီနေ့ ဒီရက် ဒီအချိန်ကစလို့ ကျွန်တော်များ ၃ ရပ်ကွက်မှ ညောင်ပင်သာ ကွင်းပိုင်ကြီး နတ်ကွန်း ဆောက်လုပ်ရန်အတွက် စတင်အလှူခံ နေပါပြီခင်ဗျာ"

ဦးကုလားသည် ညက စာရင်းတွေ လုပ်နေသဖြင့် ညဉ့်နက်မှ အိပ်ရသည်။ ထို့ကြောင့် ဒီမနက်တော့ နည်းနည်း နေမြင့်အောင် အိပ်လိုက်မည်ဟု ကြံစည်ထား၏။ သို့ရာတွင် မနက်အစောကြီးမှာ အိမ်နားက ကပ်ပြီး ဖွင့်လိုက်သော အသံချဲ့စက်သံကို ကြားသဖြင့် ငေါက်ခနဲ လန့်နိုးလာသည်။ အစကတော့ ဘယ့်နှယ် ဒီထိရောင်းတဲ့တွန်းလှည်းက အစောကြီးလာရတာလဲဟု ထင်မိသေးသည်။ နောက် ဦးဖိုးပြော့၏ အသံကြီးကို ကြားတော့မှ သဘောပေါက်သွားသည်။ "အင်း ကိုဖိုးပြော့တော့ ငါကို ဒုက္ခပေးပြီ"ဟု စိတ်ထဲက ညည်းလိုက်၏။

အလှူခံဌာနမှာ ဈေးဦးပေါက် လာထည့်သူက လှထုံဖြစ်၏။ သူက မောင်ကျော်လှ ကိစ္စ ဖြစ်ထားသဖြင့် ခုကိစ္စမှာ





အတော် စိတ်ပါလက်ပါ ရှိသည်။ သူက အရင်ဆုံး ဦးဦးဖျားဖျား လှူခဲ့လျှင် ကွင်းပိုင်ကြီးက မှတ်မိပြီး သူ့သားလေးကို စောင့်ရှောက်လိမ့်မည်ဟု ယုံကြည်နေသည်။ ထို့ကြောင့် အသံချဲ့စက်သံ ကြားကြားချင်း ပြေးလာခဲ့ခြင်းဖြစ်သည်။

"ဦးလေးပြော့ ကျွန်မ သုံးဆယ်ထည့်မယ်။ ကျွန်မလည်း ဒီ့ထက် များများ ထည့်ချင်ပါတယ်။ ဒါပေမယ့် မောင်ကျော်လှလေး နေမကောင်းတုန်းက ငွေအတော်ကုန်သွားလို့ သိပ်မရှိဘူး။ အဲ. . အဲ ကွင်းပိုင်ကြီးကိုလည်း တောင်းပန်ပေးပါနော်။ အခု ထည့်တာကို စရန်လို့မှတ်ထားပါလို့။ ကိုကျော်ကွန့် လခ ထုတ်တော့ ထပ်ထည့်ပါမယ်လို့"

"အေး အေး၊ ရပါတယ်ကွယ်၊ လခထုတ်တော့သာ မမေ့မနေနဲ့ ကြားလား"

ဦးဖိုးပြော့က ငွေသုံးဆယ်ကို လှမ်းယူသည်။ ဆိုင်လား မဆိုင်လားတော့ မသိ။ ဈေးသည်တွေ ဈေးဦးပေါက်မှာ လုပ်သလို ငွေစက္ကူများဖြင့် ငွေဖလားကို တဖျတ်ဖျတ်ရိုက်ပြီးမှ ထည့်လိုက်သည်။ စပီကာမှ ကြေညာပေးရန်အတွက် မိုက်ကရိုဖုန်းကို လှမ်းအကိုင်တွင် လှထုံက. .

"ခဏနေဦး၊ ခုမှ သတိရတယ်၊ ဘာနူးဆီက ကျွန်မ့ ငွေ ငါးဆယ်ချေးထားတာ ရှိတယ်။ ကြေညာလိုက်လို့ သူကြားသွားရင် မကောင်းဘူး။ သူ့ ပိုက်ဆံကျတော့ ပြန်မပေးဘူး။ အလှူငွေကျတော့ ထည့်နိုင်သလား ထင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးခြော့မှာ ပွဲဦးထွက် အားရပါးရ အော်လိုက်မည် ပြင်ပြီးမှ ဆန့်တငံ့ငံ့ဖြစ်သွားပြီး "ဒါဆို ဘယ်လို လုပ်မလဲ"

လှထုံက ခေါင်းကုတ်စဉ်းစားသည်။

"ဟာ ဟုတ်ပြီ။ သူ မရိပ်မိအောင်လို့ ဦးလေးခြော့ ကြေညာတဲ့ အခါ အမည်မဖော်လိုသူ လှထုံလို့ အော်လိုက်၊ ဒါဆို မသိနိုင်တော့ဘူး"

ဦးဖိုးခြော့မှာ အော်ချင်တဲ့ဇောက များနေသဖြင့် သေသေချာချာ မစဉ်းစားမိတော့ဘဲ. .

"သာဓုပါခင်ဗျာ. . သာဓုပါ. . အမည် မဖော်လိုသူ မလှထုံက ငွေသုံးဆယ်ကျပ်ကို ဦးဦးဖျားဖျား လာရောက် လှူဒါန်းသွားပါတယ် ခင်ဗျ။ အခုလို လှူဒါန်းရတဲ့ အကျိုးအား ကြောင့်"

ကြားရသူအပေါင်းမှာ အူကြောင်ကြောင်ဖြစ်ပြီး ရယ် ကြရလေသည်။

ဘာနူးမှာ လှထုံကို ငွေငါးဆယ်ချေးထားတာ မေ့မေ့ ပျောက်ပျောက် ဖြစ်နေရာမှ ထိုကြေညာချက်ကြောင့် သတိ ပေးလိုက်သလို ဖြစ်သွားလေ၏။ ကျော်ကွန့် လက်ဖက်ရည် လာသောက်သောအခါ ဘာနူးက ဆီးပြီး အကြွေးတောင်း သဖြင့် လခထုတ်လျှင် ပေးပါမည်ဟု ကတိပေးလိုက်ရလေ၏။

ထိုနေ့က အလှူငွေ နှစ်ရာကျော် ရသည်။ နည်းနည်း ကသိကအောက် ဖြစ်သွားတာဆိုလို့ တစ်ခုပဲရှိ၏။ ညနေအလှူ ခံ သိမ်းကာနီးအထိ ငွေတစ်ရာ့ငါးဆယ်ကျော်သာ ရသဖြင့်





ဦးဖိုးခြော့ နည်းနည်း စိတ်ညစ်သွားသည်။ တစ်ရာ့ငါးဆယ် ဆိုလျှင် သူ့အတွက် ကော်မရှင် လေးဆယ့်ငါးကျပ်သာရမှာ ကိုး။ သိမ်းကာနီးဆဲဆဲကျမှ ကိုရှိန် ရောက်လာသည်။ အလုပ် က အပြန် ဝင်လာခြင်းဖြစ်၏။ မနက်အသွားမှာ ငါးကျပ်လှူ သွားခဲ့ပြီး လမ်းမှာ ငွေတစ်ရာ ကောက်ရသဖြင့် ဒါကြောင့်မဲ ဆိုပြီး ငွေငါးဆယ် လာလှူသည်။

ငါးဆယ်ဆိုလျှင် ကော်မရှင် ဆယ့်ငါးကျပ် ထပ်ရပြီ ဟု ဦး ဖိုးခြော့ တွက်လိုက်၏။ ဒါကို စိတ်စွဲသွားသဖြင့် အသံချဲ့ စက်ဖြင့် အော်ရာမှာ ငါးဆယ်အစား ဆယ့်ငါးကျပ်ဟု မှား အော်မိခြင်းအကြောင်းသာ ပြောစရာရှိ၏။

◆

နောက်တစ်နေ့တွင် ၁၂ နာရီ မထိုးခင်မှာပင် ငွေ တစ်ရာ့ရှစ်ဆယ်လောက်ရသဖြင့် ဦးဖိုးခြော့ ကျေနပ်နေသည်။ "ဒီနေ့တော့ သုံးရာကျော်မှာပဲ" ဒါဆိုရင် "ဦးဖိုးခြော့ စိတ်ကူး လေး ယဉ်နေစဉ် မာတ်ခဲတို့အုပ်စု ရောက်လာသည်။

"ဘကြီးခြော့ အလှူငွေ တော်တော်ရရဲ့လား"

"အေး မဆိုးပါဘူးကွ၊ ဘာလဲ မင်းတို့ကော လှူကြ မလို့လား"

"လှူတော့ လှူချင်ပါတယ်ဗျာ။ အခုပဲ ဦးပတေးဆိုင် မှာ ပဲပလာတာ စားခဲ့လို့ ပိုက်ဆံကုန်ပြီဗျ။ ဒီလို လုပ်ပါလား။ ကျွန်တော်တို့ လုပ်အားလှူမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကွ"

"ဒီလိုလေ ဘကြီးဖြော့ တစ်ယောက်တည်း အော်နေတာထက် စာရင် ကျွန်တော်တို့က ငွေဖလားကို ကိုင်ပြီး လမ်းသွားလမ်းလာတွေကို လိုက်အလှူခံရင် ပိုရမှာပေါ့"

"အေး. . . ကောင်းသားပဲ"

ဓာတ်ခဲတို့ အုပ်စုက ငွေဖလားကြီးထဲကို ကျောက်စရစ်ခဲ သုံးလေးငါးလုံး ထည့်ပြီး "ဂလောက် ဂလောက်" မြည်အောင် လှုပ်ရင်း လမ်းသွားလမ်းလာတွေကို လိုက်နှိုးဆော်သည်။

"ကွင်းပိုင်ဘိုးဘိုးကြီး နတ်ကွန်းဆောက်ဖို့ အလှူခံပါတယ်ခင်ဗျာ"

တချို့က ဆန္ဒအလျောက်အလှူငွေ ထည့်သွားကြသည်။ တချို့ကတော့ သူတို့အုပ်စုကို လန့်သဖြင့် ထည့်ရခြင်းဖြစ်၏။ ဓာတ်ခဲပြောသလို အလှူငွေ ပိုရတာတော့ မှန်သည်။ သို့ရာတွင် နေ့လယ်ပိုင်းရောက်တော့. . .

"ဘကြီးဖြော့ နေက ပြင်းတော့ ပူတယ်ဗျာ။ တစ်ချိန်လုံး လှုပ်နေရတာ ရေတောင် ငတ်လာပြီး အအေးလေး ဘာလေး ဝယ်တိုက်ပါလား"

"ဟေ"

ဦးဖိုးဖြော့ လန့်သွား၏။ သို့ရာတွင် ငြင်းလို့မဖြစ်။ ဒီကောင်တွေက စိတ်မထင်လျှင် မဟုတ်ကဟုတ်ကတွေ လုပ်တတ်သည်။ ဟိုတစ်နေ့ကပဲ သူတို့ ဘောလုံးကန်နေကျ နေရာ





မှာ လေးဘီးကားတစ်စင်း လာရပ်ထားပြီး ဒရိုင်ဘာက လက်ဖက်ရည်သွားသောက်နေသဖြင့် တာယာတွေ လေလျှော့ထားခဲ့သေးသည်။ ခုလည်း အအေးမတိုက်လို့ ပြဿနာရှာမှာကြောက်ရသည်။ ထို့ကြောင့်. . .

"အေး. . အေး. . ရပါတယ်ကွာ"

"ဒါဆို ကျွန်တော်တို့ အအေးဆိုင်မှာ ဝင်သောက်သွားမယ်။ ပြီးမှ ဘကြီးဖြော့ ငွေ ရှင်းလိုက်နော်"

ဟု ပြောပြီး ထွက်သွားကြသည်။ သူတို့ ကူပြီး အလှူခံလို့ ရတာ ခုနစ်ဆယ်၊ သူတို့သောက်သွားသည့် အအေးသုံးပုလင်းက ကိုးဆယ်ကျသဖြင့် နှစ်ဆယ်တောင် စိုက်လိုက်ရသေးသည်။

◆

"ဒီနေ့ ကျွန်တော်ဟောမယ့် တရားကတော့ အလှူပေးလို့ သူဌေး ဖြစ်တယ်ဆိုတဲ့ တရားပဲ ဖြစ်ပါတယ် ခင်ဗျာ"

ဦးဖိုးဖြော့က နိဒါန်းပျိုးသည်။ ထို့နောက် ကြာနီကန်ဆရာတော် ဟောကြားတော်မူခဲ့သော 'မဟာဒုတ်'တရားထဲက မှတ်မိသမျှကို အသံနေ အသံထားနှင့် ပြောလေတော့သည်။ သူက ဆွမ်းတင်နေကျ လူဖြစ်သောကြောင့် အခက်အခဲတော့ သိပ်မရှိ။ တစ်ခါ တစ်ခါကျမှသာ လေဆက်ပြတ်ပြတ်သွားသဖြင့် အသံတိမ်ဝင်သွားတာတို့ အသံကြောင်သွားတတ်တာတို့ ဖြစ်တတ်၏။ တစ်ခုတော့ ရှိသည်။ ပြောနေရင်းက ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရမည့် စကား မေ့သွားတတ်ခြင်းပင် ဖြစ်၏။

"အဲ အဲ. . ခုန ပြောသလိုပေါ့ဗျာ။ ဟိုဒင်း မဟာဒုတ်ဟာဆိုရင် အဲသလို ဖြစ်ပြီး သကာလကျတော့"

ဆိုပြီး ပြောစရာ စကားရှာမရ သဖြင့် ပတ်ချာလည်နေတတ်၏။

ဦးကုလားနှင့် ဒေါ်ခင်တီတို့ကတော့ မကျွပ်နှင့် အနီးဆုံးမို့ နားပူဒဏ် အများဆုံး ခံကြရ၏။ ဦးကုလားက. .

"အင်း ငါတို့ဟာ ဟိုဘဝက သူများအိမ်ဘေးနားမှာ ကားဘော်ဒီရုံဖွင့်ခဲ့ဖူးလို့ အခု ဝဋ်လည်တာလား မသိဘူး"

ဟု ငေါတော့တော့ ပြောသည်။ ဒေါ်ခင်တီကတော့. . .

"ရှင်က နားပူရင် ဘုန်းကြီးကျောင်းတို့ လက်ဖက်ရည်ဆိုင်တို့ ထွက်သွားလို့ ရသေးတယ်။ ကျုပ်မှာက ဘယ်မှ သွားလို့ မရဘူး။ ငုတ်တုတ်ခံနေရတာ။ ကြာတော့ခေါင်းတွေတောင် နောက်လာတယ်။ အသံ နည်းနည်း တိုးပေးဖို့ သွားပြောပါလား"

"ဟာ ဒီလူကို ငါ အောက်ကျခံပြီး သွားမပြောချင်ပါဘူး"

"ရှင်နဲ့ ဦးဖိုးပြောနဲ့က အရင်က တရားဆွေးနွေးဖက်တွေပဲဟာ"

"အရင်က ဟုတ်တယ်။ အခု မဟုတ်တော့ဘူး။ ဒီလူက ပညတ်ပရမတ်လောက် ပြောတတ်တာနဲ့ သူ့ကိုယ်သူ မမွ





ကထိကလောက် ထင်နေတာ။ ငါက သွားတောင်းပန်ရင် ရောင့်တက်လာလိမ့်မယ်"

ဆိုပြီး ပေခံနေ၏။

ဦးဖိုးပြောကလည်း နတ်စင်ဆောက်လုပ်ဖို့အတွက် ဦးကုလားက အလှူငွေ မတည်ခြင်းမပြုဘဲ ရှောင်ထွက်သွားခဲ့ခြင်းမှာ မိမိအပေါ် မကြည်လင်လို့ပဲဟု တွက်သည်။ ဒါတွင်မက အခု အလှူခံနေတာ တစ်ပတ်ပြည့်တော့မယ်။ ဦးကုလားအိမ်က တစ်ကျပ်တောင် လာမထည့်သေး။ သူ့သား ဓာတ်ခဲကလည်း လာကူသလို လုပ်ပြီး အအေး ညာသောက်သွားသေးသည်။ ဦးကုလားကပဲ ထမင်း ခုလို လုပ်ခိုင်းတာလားလို့တောင် ထင်စရာရှိ၏။ ခါတိုင်း အကြောင်းကိစ္စရှိလို့ အလှူခံရင် တစ်ရာ နှစ်ရာမှ တစ်ထောင်၊ နှစ်ထောင်ထိ လက်မနှေးဘဲ ထည့်တတ်သော ဦးကုလားသည် ဒီအခါကျမှ ဘာကြောင့် လက်ပေါက်ကပ်နေရသလဲ။ စဉ်းစားစရာတွေ ရှိလာ၏။ ထို့ကြောင့် ဒီလူ့ကို နည်းနည်းတော့ ဆုံးမဦးမှပဲဆိုပြီး။

"လှူတယ်ဆိုရာမှာလည်း အမျိုးမျိုး ရှိပါတယ်။ စေတနာ၊ သဒ္ဓါတရားတစ်ခုထဲကို အရင်းပြုပြီး လှူတာက အမွန်မြတ်ဆုံးပါပဲ ခင်ဗျ။ မိမိအတွက် အကျိုးရှိရာရှိကြောင်း တစ်ခုခုကို မျှော်ကိုးပြီး လှူတာမျိုးကတော့ လောဘက တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေတယ်လို့ ဆိုရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကုလားကလည်း သူ့ကို လှမ်းထေ့နေပြီဆိုတာ သိသည်။ ထို့ကြောင့် နားစွင့်နေလိုက်သည်။ ဦးဖိုးဖြော့က ဆက်၍. .

"မရှိလို့ မလှူ မလှူလို့ မရှိဆိုတဲ့ စကားရှိပါတယ်။ တကယ် မရှိလို့ မလှူနိုင်တာဟာ ခွင့်လွှတ်နိုင်ပါသေးတယ်။ ရှိရက်နဲ့ မလှူရက် မဒါန်းရက်တာမျိုးကတော့ အဲ. . ဒါဟာ ငါ့ငွေ၊ ငါ့အိမ်၊ ငါ့ ရွှေငွေရတနာ၊ ငါ့ပစ္စည်းဆိုတဲ့ ငါစွဲ မပြုတ်သေးလို့ပါပဲ"

ဦးကုလား အံကြိတ်လိုက်သည်။ ခင်ဗျား ကျုပ်ကို စောင်းပြောတာလားဆိုပြီး သွား ပြဿနာရှာလို့လည်း သဘာဝမကျသဖြင့် အောင့်သက်သက်နှင့် ခံနေရ၏။ သို့ရာတွင် ဦးဖိုးဖြော့သည် မိမိလောက် စာဖတ်သူ မဟုတ်။ ထို့ကြောင့် သူပြောတဲ့ ပေါတဲ့ထဲမှာ အမှားတော့ ပါမှာပဲ။ ဒီတော့မှ ထောက်ပြပြီး ပညာပေးလိုက်ဦးမယ်လို့ တေးထားလိုက်၏။

◆

ညနေတွင် မောင်ဝ အလုပ်က ပြန်လာသည်။ ဦးဖိုးဖြော့ မောင်ဝကို မြင်သောအခါ. .

"ဟော့. . မောင်ဝ အလှူလေး ဘာလေး ထည့်ဦးလေကွာ၊ မင်းနဲ့ ရွှေကြည်နဲ့ မြန်မြန်လက်ထပ်နိုင်အောင် မစဖို့ ကွင်းပိုင်ကြီးဆီမှာ ဆုတောင်းပေးမယ်"





"တော်စမ်းပါဗျာ၊ ဘယ်က ကွင်းပိုင်ကြီးလဲ။ ကျွန်တော် မယုံပါဘူး"

"မင်း ပါးစပ်က စည်းမရှိ ကမ်းမရှိ လျှောက်မပြောနဲ့ကွ။ ဒုက္ခ တွေ့ချင်လို့လား"

မောင်ဝ ရယ်လိုက်သည်။

"ဘာဒုက္ခမှ မကြောက်ဘူး။ ဒီမှာ ဦးလေးပြော့ရဲ့ ဦးလေးတို့ကသာ ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြတာ၊ ကျွန်တော် ဈေးဘက်က ပြန်လာတိုင်း ဒီနားမှာ အပေါ့သွားနေကြ၊ ဘာမှ မဖြစ်ခဲ့ဘူး။ အခု ဦးလေးက ဒီမှာ ရောက်နေလို့ အပေါ့တောင် ဘယ်နားသွားရမှန်း မသိဘူး"

ဟုပြောပြီး ထွက်သွားသည်။ ဦးဖိုးဖြော့က. .

"မင်း ဒါကြောင့် မွဲနေတာ"

ဟု မကြားတကြား လှမ်းပြောသည်။ မောင်ဝက ခပ်လှမ်းလှမ်းရောက်မှ တစ်ချက်လှမ်းကြည့်ပြီး လှမ်းအော်ပြောလိုက်သည်။

"ကျွန်တော်ကတော့ ဘုရားကလွဲရင် ဘာမှ မယုံဘူးဗျို့"

မောင်ဝသည် ဒီလိုပဲ ဘုဆတ်ဆတ် ပြောတတ်သည်။ ဘာကိုမှလည်း ကြောက်တတ်သူမဟုတ်။ သူ လုပ်ချင်တာကို စွတ်ရွတ်လုပ်တတ်သည်။ သို့ရာတွင် စိတ်ကောင်းရှိသည်။

ခုလည်း ဘုန်းကြီးကျောင်းကို သွားခြင်း ဖြစ်၏။ ကျောင်းက သွပ်မိုးတွေက သိပ်မကောင်းလှတော့။ တချို့နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆွေးပြီး ဇကာပေါက် ဖြစ်နေသည်။ မိုးသိပ်သည်းလျှင် မိုးယိုလေ့ရှိ၏။ သူသည် ဈေးထဲက ပွဲညက်တွေ ဝယ်လာပြီး ကျောင်းက သွပ်မိုးတွေကို တက်ဖာပေးဖို့ လာခဲ့ခြင်း ဖြစ်လေ၏။

မောင်ကျော်လှကလေးကတော့ မောင်ဝလို့ မဟုတ်။ သူ့အဖေ ကျော်ကွန့်လို ရိုးလည်းရိုး၊ ကြောက်လည်းကြောက်တတ်သည်။ ဒါတွင်မက သူ အမေလှထုံကဲ့သို့လည်း အ,တတနိုင်သည်။

သူက ကျောင်းသွားကျောင်းပြန် အလှူခံမဏ္ဍပ်ရှေ့မှ ဖြတ်သွားရ၏။ ဟိုတစ်ခါ ညောင်ပင်အောက်မှာ သေးပေါက်မိသဖြင့် အကြီးအကျယ် ဖျားပြီးကတည်းက အတော်လန့်နေသည်။ ထို့ကြောင့် ကျောင်းမုန့်ဖိုးတစ်ဆယ်ကို အလှူငွေ ထည့်လိုက်လေသည်။

"သားလေး မောင်ကျော်လှကလည်း မုန့်ဖိုးငွေ မစားရက်မသောက်ရက်ဘဲ လှူဒါန်းသွားပါတယ်ခင်ဗျာ"

ဦးဖိုးဖြော့က ညောင်ပင်ဖက် ဦးခိုက်ပြီး. .

"သားလေး မောင်ကျော်လှကို စောင့်ရှောက်တော်မူပါ"

ဟု လှမ်းဆုတောင်းလိုက်ပြီးမှ

"အင်း. . ကလေးပင်ဖြစ်သော်ငြား သဒ္ဓါတရား ထက်သန်လှပါပေတယ်"





ဦးဖိုးဖြော့က ရိုးရိုးပင်ပြောခြင်းဖြစ်သော်လည်း ဟိုနေ့က စကားလက်စရှိသဖြင့် ဦးကုလားက ငါ့ကို ချိတ်ပြန်ပြီ။ ကလေးပေမယ့် သဒ္ဓါတရားရှိတယ်ဆိုတော့ လူကြီးက သဒ္ဓါတရားမရှိဘူးလို့ ဆိုလိုတာလားဟု တွေးပြန်သည်။

နောက်တစ်နေ့ မနက် မောင်ကျော်လှ ကျောင်းသွားဖို့ ထွက်လာတာ မြင်သောအခါ. .

"ဟော မောင်ကျော်လှလေးပါလား"

ဟု ဦးဖိုးဖြော့က နှုတ်ဆက်လိုက်၏။ မောင်ကျော်လှ စိတ်ထဲမှာ ဦးဖိုးဖြော့က နှုတ်ဆက်လိုက်တာကို ကွင်းပိုင်ကြီးတော့ ကြားသွားပြီဟု စိုးရိမ်ပြီး မုန့်ဖိုးတစ်ဆယ်ကို ထည့်သွားပြန်၏။ ဦးဖိုးဖြော့ကလည်း မနေ့ကလိုပင် ဆုတောင်းပေးသည်။ ပြီးတော့ ထိုအကြောင်းနှင့် ဆက်စပ်၍ သမီးကို ကျွန်အဖြစ်မှ ရွေးဖို့ ပင်ပင်ပန်းပန်း ရှာထားသည့် ငွေဖြင့် ရဟန္တာလောင်းလျာတစ်ပါးကို ဆွမ်းဝယ်ကပ်လိုက်သဖြင့် နောက်ဆုံး သူဌေးကြီးဖြစ်သွားပုံကို ပြောလေသည်။

နောက်တစ်နေ့ ကျတော့လည်း မောင်ကျော်လှ ကျောင်းသွားဖို့ လာတာမြင်လျှင်. .

"ဟော. . လာပါပြီခင်ဗျာ၊ ဒါနရှင်လေး မောင်ကျော်လှ"

ဟု စကားခေါ်ရင်း နှုတ်ဆက်ပြန်သည်။ မောင်ကျော်လှလည်း ငွေတစ်ဆယ် ထည့်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မောင်ကျော်လှလေးမှာ ကျောင်းတွင် မုန့်မစားရဘဲ ဖြစ်နေရှာ၏။ နောက်တစ်ရက်ကျတော့လည်း လာနေကျလမ်းအတိုင်း မလာတော့ဘဲ ဝါးရုံပင်တွေ ရှိသည့် လမ်းကြားကလေးဘက်က သွားသည်။ ထိုလမ်းမှာ ကွေ့ကွေ့ကောက်ကောက် သွားရပြီး ပိုဝေးသည်။ လူလည်းပြတ်သည်။ ပြီးတော့

တစ်နေ့ရာအရောက်တွင် ဝါးရုံပင်တောနောက်မှ ခွေးနက်ကြီးတစ်ကောင် ထွက်လာပြီး လမ်းကို ပိတ်ရပ်နေသည်။ မောင်ကျော်လှကိုလည်း စူးစူးရဲရဲကြည့်ပြီး မာန်ဖီနေ၏။ မောင်ကျော်လှက တုန့်ခနဲ ရပ်သည်။ ထို့နောက် တဖြည်းဖြည်းချင်း နောက်ဆုတ်သည်။ ခွေးနက်ကြီးကလည်း ရှေ့တိုးတိုးလာ၏။ မောင်ကျော်လှ တစ်စုံတစ်ခု တွေးမိပြီး ကြက်သီးတွေ ဖျင်းခနဲ ထသွား၏။ "ခွေးနက်ကြီး၊ ဟာ ဟုတ်ပါပြီ" အတွေးမဆုံးခင်မှာပင် ချာခနဲ လှည့်ပြေးသည်။ မိလုမီခင် ဖြစ်လာ၏။ တစ်ချက်လှမ်းဟပ်ကာ လွယ်အိတ်ကို ကိုက်မိသွားသည်။ မောင်ကျော်လှလည်း ဆောင့်ဆွဲခံလိုက်ရသလို ဟန်ချက်ပျက်ပြီး လဲကျသွားသည်။ ခွေးကြီးက ခုန်အုပ်ခါနီးဆဲဆဲ

"ဂိန်ခနဲ"တစ်ချက်အော်ပြီး ဖင်ထိုင်ကျသွား၏။ လွယ်အိတ်လည်း ပါးစပ်ထဲမှ လွတ်ထွက်သွားသည်။ တစ်ဆက်မှာပင် ခဲတစ်လုံးက နှာနုကို မှန်ပြန်၏။ ခွေးနက်ကြီးလည်း တကိန်ကိန်အော်ရင်း ထွက်ပြေးသွားသည်။

"ဘာဖြစ်သွားသေးလဲကွ"





မောင်ဝက မောင်ကျော်လှကို ထူရင်းမေးသည်။

"ဘာ ဘာမှ မဖြစ်ပါဘူး"

မောင်ကျော်လှ အသံတုန်တုန်နှင့် ဖြေသည်။အတော်ကြောက်လန့်နေပုံရ၏။ မျက်နှာမှာ သွေးရောင်မရှိ။ ရင်ဘတ်က နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသည်။

"မင်း ဘာဖြစ်လို့ ဒီလမ်းကြို လမ်းကြားက လာရတာလဲ"

မောင်ဝက မေးသည်။ မောင်ကျော်လှက သူ့အခက်အခဲကို ပြောပြ၏။ မောင်ဝက ရယ်ပြီး. .

"ဩော်. . ဖြစ်မှ ဖြစ်ရလေကွာ၊ ကဲ. . ကဲ မင်းကို ငါ ကျောင်းအထိ လိုက်ပို့မယ်"

မောင်ဝက မောင်ကျော်လှ ပခုံးကို ဖက်ပြီး ခေါ်သွားသည်။ လမ်းမှာ မောင်ကျော်လှက သူ သံသယ ဖြစ်နေသောကိစ္စကို မေးသည်။

"ကျွန်တော် ဒီဘက်လမ်းက ရှောင်ပြီးလာတာကို ကွင်းပိုင်ကြီးက သိသွားလို့ ခွေးနက်ကြီးနဲ့ လိုက်ခြောက်တာလား မသိဘူးနော်"

"မဟုတ်တာကွာ၊ ဒီခွေးကြီးကို ငါ သိပါတယ်။ ကိုစာကလေးအိမ်က ခွေးကြီးပါ"

"အဲဒီခွေးကိုပဲ စိတ်ညှို့ပြီး ရှူတိုက်တာကော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ငါ ခဲနဲ့ထုတော့ ဘာလို့ တဂိန်ဂိန် အော်ပြီး ထွက်ပြေးရတာလဲ ကဲ"

"ဒါကတော့ ဦးမောင်ဝကို ကြောက်လို့ ဖြစ်မှာပေါ့"

"အဲဒါပဲပေါ့ကွ၊ သတ္တိရှိတဲ့ လူဆိုရင် ဘယ်သူခြောက်ခြောက် မကြောက်ရဘူးကွ။ မင်းလည်း သတ္တိရှိတဲ့စိတ် မွေးရမယ်၊ ကြားလား"

မောင်ကျော်လှ ခေါင်းညိတ်သည်။ မောင်ဝကိုလည်း အားကျစိတ်ပေါ်လာသည်။

"ကျွန်တော်လည်း မကြောက်အောင် ကြိုးစားမယ်"

"ဒီလိုမှပေါ့ကွ"

"ဦးမောင်ဝ"

"ဟေ"

"အဖေက ပြောတယ်။ သမ္ဗုဒ္ဓေဂါထာ ရွတ်ရင် သရဲတွေ ကြောက်တယ်ဆို၊ နတ်တွေကတောင် ရှိခိုးရတယ်ဆို"

"ဟုတ်ရင် ဟုတ်မှာပေါ့ကွ၊ ဒါ ဘုရားစာပဲ"

မောင်ဝသည် ရုတ်တရက် စိတ်ကူးတစ်ခု ရသွားသဖြင့်. . .

"အေး. . ဟုတ်တယ်၊ ဒီလိုလုပ်ပါလား၊ နောက်နေ့ ကျောင်းသွားလို့ ညောင်ပင်ကြီးနားရောက်ရင် သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲက ရွတ်သွား၊ ဦးဖိုးပြောကြီး မင်းကို လှမ်းမခေါ်စေရဘူး"





နောက်နေ့ကျတော့ မောင်ကျော်လှသည် မောင်ဝမှာထားသည်အတိုင်း ဂါထာကို စိတ်ထဲကတွင်မက နှုတ်မှ တိုးတိုး အသံထွက်လောက်အောင် ရွတ်သွားသည်။ အလှူခံဌာနရှေ့အရောက်မှာ မသိမသာ ငဲ့ကြည့်သည်။ ဦးဖိုးပြောသည် မောင်ကျော်လှကို မမြင်သလို မျက်နှာလွှဲနေတာ တွေ့လိုက်ရ၏။ မောင်ကျော်လှသည် ကျေနပ်သဘောကျသွား၏။

အမှန်မှာ မောင်ဝက ဦးဖိုးပြောကို မောင်ကျော်လှ၏ မုန့်ဖိုးကို အလှူမခံဖို့ မောင်ကျော်လှလာလျှင် မမြင်ချင်ယောင်ဆောင်နေဖို့ လေသံမာမာဖြင့် မှာထားခဲ့သောကြောင့်ပင် ဖြစ်လေ၏။

◆

ဆူညံညံနှင့် သွေးတိုးရောဂါ ဘယ်လို ဆက်စပ်မှု ရှိသလဲ မသိ။ ဒေါ်ခင်တီသည် နေ့စဉ်နှင့်အမျှ မိုးလင်းက မိုးချုပ်ကြားနေရသော အလှူခံမဏ္ဍပ်မှ အသံများကြောင့် သွေးတွေတိုးလေ၏။ အသံကျယ်တိုင်း ထိခိုက်တာတော့ ဟုတ်ချင်မှ ဟုတ်မည်။ လွန်ခဲ့သော နွေတုန်းက ဘုန်းကြီးကျောင်းမှ ပဋ္ဌာန်းရွတ်ခဲ့စဉ်တုန်းကဆိုလျှင် ငါးရက်တိုင်တိုင် ၂၄ နာရီလုံးလုံးကြားနေခဲ့ရသည်။ ထိုစဉ်က ဘာမျှ စိတ်အနှောက်အယှက် မဖြစ်ရုံမက နှလုံးစိတ်အေးချမ်းမှုတောင် ရခဲ့သေးသည်။ ညဘက်တွင်လည်း ပဋ္ဌာန်းရွတ်ဆိုသံကို ကျယ်လောင်စွာ ကြားနေရသည့်တိုင် နှစ်ခြိုက်စွာ အိပ်ပျော်နိုင်သည်။ ဒါတွင်မက မဟာ



www.burmeseclassic.com

www.burmeseclassic.com



ပဌာန်း ရွတ်ဆိုသံများ လွှမ်းခြုံရာနေရာတွင် မကောင်းမှု ဒုစရိုက်များ မဖြစ်နိုင်၊ လူဆိုး သူခိုးတို့ မကပ်နိုင်ဟု ယုံကြည်ပြီး ညဘက်တွင် လုံခြုံစွာ နေနိုင်ခဲ့သည်။

ခုကျတော့ ဦးဖိုးပြော၏ အသံကတစ်လှည့်၊ သီချင်းခွေအသံက တစ်လှည့် ကြားနေရသဖြင့် ခေါင်းတွေအုံ၊ ရင်တွေတုန်၊ သွေးတွေတက်ပြီး ထမင်းလည်း မစားချင်၊ အားကုန်မောပန်းပြီး အိပ်ရာထဲ ခွေလှဲနေရလေတော့သည်။ နေမကောင်းရတဲ့ကြားထဲမှာ ဒီရက်ကျမှ ဦးဖိုးပြောက. . .

"သတ္တဝါဆိုတာ သေမျိုးချည်းကိုး ခင်ဗျ၊ မွေးလာရင် တစ်နေ့ သေရမှာပဲ၊ မြန်မြန်လား၊ နှေးနှေးလားဆိုတာပဲ ကွာတယ်။ ဟောကြည့် မကြာခင်မှာ နေ့တစ်နေ့ ကုန်ဆုံးပြီး ည အမှောင်ရောက်တော့မယ်။ သေဖို့ဖြင့် တစ်ရက် နီးလာပါပကောလို့ သတိတရား ရကြပါ။ မသေခင်မှာ ဒါနကုသိုလ်ကိုရအောင် ယူကြပါ။ ဒါကြောင့် ကျွန်တော် မောင်ဖိုးပြောက နှိုးဆော်လိုက်ချင်တာကတော့. .

"အဆင်းလှလည်း
သေမှာပဲ
မမြဲခန္ဓာ
အနိစ္စ"

ဟူ၍ အသံနေ အသံထားနှင့် အော်လေသည်။ သူသည် ဘာစိတ်ကူးပေါက်သလဲ မသိ။ နေ့စဉ်ဆိုတာ ပြောစရာ





တွေက ရှားပါးလားလို့ပဲလား၊ တခြားပြောရမှာ ပျင်းလို့ပဲလား မပြောတတ်။ တစ်နေ့လုံး ဒါကိုပဲ ထပ်ခါ ထပ်ခါ ပြောနေ၏။

ဦးကုလားမှာ ဒေါ်ခင်တီ သွေးတွေတက်ပြီး လဲနေတုန်း ခုလို အော်နေသဖြင့် အတော်စိတ်ဆိုးသွားသည်။ ဒေါ်ခင်တီ ကြောက်နေမှာလည်း စိုးရိမ်ပြီး အလှူခံမဏ္ဍပ်ဆီသို့ ဒေါနှင့်မောနှင့် ချီတက်သွားပြီး. .

"ဒီမှာ ကိုဖိုးပြော၊ ခင်ဗျားဟာက လွန်လွန်းနေပြီ၊ ဟိုမှာ ကျုပ်မိန်းမက နေမကောင်းဖြစ်နေတာ။ ခင်ဗျားက တစ်နေ့လုံး သေမှာပဲဆိုတာချည်း အော်နေတယ်"

"ဒါ အမှန်တရားပဲလေ၊ ဘာလဲ ခင်ဗျားက အနိစ္စဆိုတဲ့ မမြဲတဲ့ အသံကို မကြားရဲလို့လား"

"မဆိုင်ပါဘူး။ ဒါတွေ ကျုပ် သိပြီးသားပဲ။ အလှူခံတယ်ဆိုတာ သာသာယာယာ စိတ်ချမ်းသာစရာတွေပဲ ပြောရတယ်ဗျ။ ခင်ဗျားက တစ်နေ့ကုန် အနိဋ္ဌာရုံတွေချည်း အော်နေတာပဲ"

ဦးဖိုးပြောက ခပ်ထေ့ထေ့ ပြုံးလိုက်ပြီး. .

"သေသေချာချာလည်း စဉ်းစားပါဦးလေ။ ကျုပ်အော်တာ အဆင်းလှလည်း သေမှာပဲလို့ အော်တာ၊ ခင်ဗျားမိန်းမနဲ့ ဘာဆိုင်လို့လဲ"

ဦးကုလား မျက်နှာ တင်းခနဲ ဖြစ်သွား၏။ ဦးဖိုးပြောပြောပုံက ခင်ဗျားမိန်းမက အဆင်းလှလို့လားဟု ဆိုလိုရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသောကြောင့် ဖြစ်၏။

"ဒါဆို ဥစ္စာရှိလည်း သေမှာပဲ ဆိုတာကကော"

ဦးကုလားက ခပ်ထန်ထန် မေးလိုက်ရာ. . .

"လောကမှာ ဥစ္စာရှိတဲ့ လူတွေ အများကြီးပါဗျ။ ခင်ဗျားတစ်ယောက်တည်း မဟုတ်ပါဘူး"

"အင်း. . ဒါဆို အဆင်းလည်းမလှ၊ ဥစ္စာလည်းမရှိ၊ ဦးနှောက်လည်း မရှိတဲ့ ခင်ဗျားလိုလူကတော့ ဆယ်ပြန်တောင် သေဖို့ကောင်းတဲ့ လူပဲ"

ဦးကုလားက ဦးဖိုးပြောကို လက်ညှိုးတထိုးထိုးပြောပြီး ဆောင့်ကြီးအောင့်ကြီး လှည့်ထွက်သွားသည်။ ဦးဖိုးပြောက မိုက်ကရိုဖုန်းကို ကောက်ကိုင်ပြီး။

"မာနထောင်လဲ၊ သေမှာပဲ၊ မမြဲခန္ဓာ အနိစ္စ"

ဟု လှမ်းအော်ပြန်လေ၏။

ခဏကြာတော့ ဦးကုလားဆီက အလုပ်သမားဖြစ်သော ဖိုးနီရောက်လာသည်။ ဒေါ်ခင်တီက ဦးကုလား မသိအောင် လွှတ်လိုက်ခြင်းဖြစ်၏။ ဖိုးနီက. .

"အဒေါ် အလှူငွေ ထည့်ခိုင်းလိုက်တယ်။ သူလည်း တော်တော်လေး နေမကောင်းလို့ပါတဲ့ အဲဒါ"

ဆိုပြီး ငွေနှစ်ရာ လာပေးလေ၏။

◆





ဦးဖိုးပြော၏ အလှူခံရငွေမှာ တစ်နေ့ထက် တစ်နေ့ နည်းနည်းလာ၏။ ဒီလိုဖြစ်ရတာကလည်း သဘာဝကျသည်။ အလှူခံဌာန၏ ရှေ့မှ နေ့စဉ် ဖြတ်သွားဖြတ်လာပြုနေကြသူများမှာ ရပ်ကွက်ထဲက လူတွေသာ များသည်။ ဒီလူတွေကလည်း နေ့စဉ် နေ့တိုင်းတော့ အလှူငွေ ဘယ်ထည့်နိုင်ပါ့မလဲ။ ထို့ကြောင့် တချို့နေ့တွေမှာ အသံချဲ့စက်ငှားခပေးဖို့ ကာမိအောင် မနည်း လုပ်နေရသည်။ ညနေစောင်းကာနီးထိ အသံချဲ့စက်ဖိုးတောင် မကိုက်သေးသည့် နေ့မျိုးတွေမှာတော့ ဦးဖိုးပြောခမျာ. . .

"နေကလေးကလည်း တဖြည်းဖြည်းစောင်းလာပါပြီ ခင်ဗျာ၊ တစ်နေ့တာရဲ့ နောက်ဆုံးအချိန်လေးမှာ အလှူဒါန လေး ပြုကြမယ်ဆိုရင် တစ်နေကုန် အမှတ်တမဲ့ ပြုခဲ့တဲ့ အကုသိုလ်ကလေးများ ရှိခဲ့ရင် ချေဖျက်နိုင်ပါတယ်။ ညမှာ ကောင်းစွာ အိပ်စက်ပျော်နိုင်ပါတယ်။ ညတိုင်းကြိမ်ကြိမ်စက်တော့ ထက်မြက်ပါတဲ့ အိပ်မက်ကိုမြင် ဆိုတာလို အိပ်မက်ကောင်းများမက်ပြီး အတိတ်ကောင်း၊ နိမိတ်ကောင်းများလည်း ကောက်ယူနိုင်ပါတယ်"ဟု ဈေးပေါင်ကျိုး ဈေးသည်၏ လေသံဖြင့် အော်နေသည်။ ရှေ့က ဖြတ်သွားသူတွေကိုလည်း လှမ်းလှမ်းနှုတ်ဆက်ရတာ အမော။

"ဟဲ့မပွေး၊ ဈေးရောင်းကောင်းရဲ့လား"

"မဆိုးလှပါဘူး ဦးလေးပြောရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ကောင်းတယ်၊ ဒီငွေတွေဟာ ငါ စားဖို့၊ ငါ့အိမ်ထောင်စားဖို့၊ ငါ့သား၊ ငါ့သမီးစားဖို့ဆိုတာမျိုးချည်းပဲ မစဉ်းစားနဲ့။ သံသရာအတွက်ကိုလည်း စဉ်းစား၊ ကိုယ်သေတော့ ဒါနသာလျှင် ကိုယ်နဲ့အတူပါမှာ"

ဟု နိမိတ်ပြစကားတွေ ပြောရသည်။ ဒါတောင်တချို့က ဦးဖိုးဖြော့ စကားကို နားမလည်ချင်ယောင်ဆောင်နေသည်။ တချို့လည်း ဦးဖိုးဖြော့ နှုတ်ဆက်လျှင်. .

"အိမ်မှာ ထမင်းမချက်ရသေးလို့ ဦးလေးဖြော့ရေ ပြေးလိုက်ဦးမယ်"

ဆိုပြီး စကားအစ မခံဘဲ လစ်ပြေးသည်။ ဤသို့ဖြင့် အလှူခံမထွက်ရှေ့ရောက်လျှင် ခပ်သုတ်သုတ်လျှောက်သည့် အကျင့်တောင် ဖြစ်ကုန်ကြလေ၏။ ရပ်ကွက်လူကြီးတွေအနေဖြင့်လည်း သိပ်အားတက်သရောရှိလှတာ မဟုတ်။ ဘုံကထိန်တို့၊ စာပြန်ပွဲတို့၊ ပဋ္ဌာန်းပွဲတို့အတွက်ဆိုလျှင်တော့ တစ်မျိုး။ ခုဟာက ရိုးရာအစွဲအလမ်း ကိစ္စတစ်ခုသာဖြစ်သဖြင့်/လုပ်ပိုင်ခွင့်ကို သုံးချင်ကြမှာ မဟုတ်။

ထိုအခြေအနေမှာပင် ဦးဖိုးဖြော့ထံသို့ ကိုကြီးငွေ ရောက်လာလေသည်။ အမှန်တော့ သူသည် ပျင်းပျင်းရှိသဖြင့် ရေနွေးကြမ်းသောက်ရင်း ဦးဖိုးဖြော့နှင့် စကားပြောဖို့လာခဲ့ခြင်း ဖြစ်၏။

"ဘယ်လိုလဲဗျို့၊ အဆင်ပြေရဲ့လား"





ကိုကြီးငွေက ဝင်ထိုင်ရင်း မေးသည်။

"မင်းလာတာနဲ့ အတော်ပဲကွ ကြီးငွေရ၊ ငါ မင်းကို အကူအညီတောင်းစရာရှိလို့"

ဆိုပြီး ခုရက်ပိုင်း အလှူခံရငွေ နည်းပါးနေသည့်အကြောင်း ပြောပြ၏။

"အဲဒါကွာ၊ မင်းလည်း နည်းနည်းပါးပါး နည်းလမ်းလေး ဘာလေး စဉ်းစားပေးစမ်းပါဦး။ မင်းက ဦးနှောက်သုံးတတ်ပါတယ်"

ကိုကြီးငွေက မြှောက်ပေးရင် သဘောတတ်ကျသည်။

"အင်း. . . ကောင်းပြီလေ"

ဆိုပြီး အလှူဆိုတာ ဘာလဲ၊ အလှူခံတယ်ဆိုတာ ဘယ်လို သဘောသဘာဝ ရှိသလဲဆိုတာတွေကို ပြန်ရှင်းပြနေသေး၏။ ဦးဖိုးဖြော့လည်း အကူအညီ တောင်းထားမိသဖြင့် "အင်း. . . ဟုတ်တာပေါ့၊ ဒါပေါ့" စသည်ဖြင့် စကားထောက်ရင်း သည်းခံ နားထောင်နေရသည်။ အမှန်တော့ ဘာလုပ်ရမလဲဆိုတာ စဉ်းစားရင်း အချိန်ဆွဲနေခြင်းသာ ဖြစ်၏။ နောက်မှ မိုက်ကရိုဖုန်းကို လှမ်းမြင်ပြီး ညက ကြည့်ခဲ့ရသော မြဝတီ ရုပ်သံမှ လျှပ်တစ်ပြက်ရိုက်ချက်ကို သွားသတိရ၏။ ထိုအခါ အကြံတစ်ခု ဖြတ်ခနဲ ပေါ်လာသည်။

"ခေတ်က ပြောင်းနေပြီ ဦးလေးဖြော့ရဲ့။ အလှူခံရာမှာ ရှေးရိုးနည်း သုံးနေလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မိုက်ကရိုဖုန်းကို ကောက်ကိုင်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မပွေးရောက်လာပြီး အလှူငွေတစ်ဆယ် ထည့်သည်။ ကိုကြီးငွေက မတ်တတ်ရပ်လိုက်ပြီး. . .

"မပွေးအနေနဲ့ အခုလို လာရောက်လှူဒါန်းရတဲ့ ရည်ရွယ်ချက်ကလေး ပြောပြပါဦး"

ပြောရင်း မိုက်ကရိုဖုန်းကို မပွေးပါးစပ်နား ကပ်ပေးလိုက်၏။

"ကျွန်မ ညက အိပ်မက်လိုလို ဘာလိုလိုနဲ့ တစ်ယောက်ယောက်က လာပြောတာကြားတယ်။ မပွေး ညည်းတစ်ခါပဲ လှူရသေးတယ်။ ဒါကြောင့် ထပ်လာလှူတာလေ အဲ"

မပွေးမှာ အစကတော့ ဘာမှန်းမသိဘဲ သူပြောချင်တာ ပြောသည်။ နောက်မှ မိုက်ကရိုဖုန်း သူ့ပါးစပ်နား တေ့ထားသဖြင့် သူ့အသံက အော်လံမှတစ်ဆင့် အကျယ်ကြီးထွက်နေတာ သတိပြုမိပြီး အမ်းတမ်းတမ်း ဖြစ်သွား၏။

"အဲ. . အခုလို လှူလိုက်ရတဲ့အတွက် မပွေးရဲ့စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ"

ကိုကြီးငွေက ဆက်မေး၏။ မပွေးက အော်လံကြီးကို မော့ကြည့်ပြီး တုံ့ဆိုင်းဆိုင်းလုပ်နေသည်။

"ပြောပါ မပွေးရဲ့။ ဒါ ရှက်စရာမှ မဟုတ်တာ"

ဟု တိုက်တွန်းတော့မှ

"ဟုတ်ကဲ့ ပျော်ပါတယ်"





ဟု အသံတိမ်နှင့် ပြောသည်။ သို့တိုင်အောင် ဦးဖိုးပြောက အသံခလုတ်ကို လှည့်ပြီး တင်လိုက်သဖြင့် အကျယ်ကြီး ဖြစ်သွား၏။

ကိုကြီးငွေ စိတ်ကူးမှာ အောင်မြင်သည်ဟု ဆိုရမည်။ တချို့က ရှက်ပြီး ဘာမှ မပြောဘဲ တဟီးဟီး ရယ်နေသော်လည်း များသောအားဖြင့် တစ်ခုခုတော့ ပြောသွားကြတာချည်းဖြစ်၏။ တချို့ကလည်း ကိုယ်အသံကို လော်စပီကာမှ တစ်ရပ်ကွက်လုံး ကြားရသဖြင့် အသံစမ်းသည့်အနေဖြင့် လာရင်း အလှူငွေ ထည့်သွားကြသည်။ ပွဲကြီးကတော့ သူများလို ရှက်မနေဘဲ ပြောလိုက်တာမှ ငါးမိနစ်လောက် ကြာသဖြင့် စကားဖြတ်ပစ်ရသေးသည်။ ဘာပဲဖြစ်ဖြစ် ထိုနေ့က အလှူငွေ ရရှိမှု ပြန်တက်လာတာတော့ အမှန်ပဲ။

သို့ရာတွင် နောက်တစ်နေ့ကျတော့ ကိုကြီးငွေပေါ် မလာ။ မနေ့က အလှူခံမဏ္ဍပ်မှာ အချိန်ကုန်သွားသဖြင့် သူ့မိန်းမ မသီးခိုင်းသည့် ကိစ္စတစ်ခု မလုပ်ဖြစ်တော့။ သူ့ အသံကြီးကို မသီးလည်း ကြားသဖြင့်. .

"ရှင်က ကျုပ် ခိုင်းတာတော့ မလုပ်ဘဲ မဆိုင်တာတွေ လျှောက်လုပ်နေတယ်ပေါ့လေ ဟင်း"

အစချီ၍ မြည်တွန်ပြီး နောက်တစ်နေ့မှာ သွားခွင့် မပြုတော့။

ဦးဖိုးပြောသည် ကိုကြီးငွေကို မျှော်သော်လည်း ပေါ် မလာသဖြင့် အခက်တွေ့နေ၏။ ဒီကြားထဲ တချို့က အသံစမ်း



www.burmeseclassic.com

www.burmeseclassic.com



ချင်သဖြင့် မဏ္ဍပ်နားမှာ ရစ်သီရစ်သီလုပ်ရင်း . .

"ကိုကြီးငွေ မလာဘူးလား"ဟု မေးကြသည်။ မလာကြောင်းပြောသောအခါ အသာလစ်ထွက်ကုန်ကြ၏။

ဦးဖိုးပြောလည်း မတတ်သာသဖြင့် သူဘာသာ စမ်းလုပ်ကြည့်သည်။ ကံဆိုးချင်တော့ ခုကျမှ လှူမယ့်လူက ပေါ်မလာ။ အတော်လေးကြာမှ ဒေါ်ပို လျှောက်လာတာ မြင်သဖြင့် . .

"လာစမ်းပါဦးဗျ။ အလှူငွေလေး ဘာလေး ထည့်ပါဦး"

ဒေါ်ပိုလည်း အင်တင်တင်လုပ်နေပြီးမှ "ဒီတစ်ပတ်ပေါက်အောင် ဆုတောင်းပေးနော်"ဟု ဆိုပြီး ငွေတစ်ဆယ်ကို လှမ်းပေးသည်။ ထိုအခါ ဦးဖိုးပြောလည်း မိုက်ကရိုဖုန်းကို ဒေါ်ပိုဘက် ထိုးပေးပြီး။

"ဒေါ်ပိုအနေနဲ့ ခုလို ဘာကြောင့် အလှူငွေ ထည့်ရတာလဲဆိုတာ သိပါရစေ"

ဟုမေးလိုက်သည်။ ဒေါ်ပိုလည်း အူကြောင်ကြောင်ဖြစ်နေရာမှ

"ဦးဖိုးပြောက လှမ်းခေါ်ပြီး ထည့်ခိုင်းတာကိုး"

ဒေါ်ပိုအသံမှာ အော်လံမှတစ်ဆင့် ကျယ်လောင်စွာထွက်ပေါ်လာသည်။ ထို့ကြောင့် နောက်ထပ် အင်တာဗျူးဖို့ စိတ်မကူးရဲတော့။





နေ့လယ်ပိုင်းမှာ ဖိုးနီရောက်လာသည်။

"ဘယ်လိုလဲ ဦးလေးပြော။ ဒီနေ့ ကိုကြီးငွေ မလာဘူးလား"

"မလာဘူးကွ"

"မသိီးက မလွှတ်လို့နဲ့ တူတယ်"

"အေးကွာ၊ ခက်တာပဲ"

"မခက်ပါဘူးဗျာ။ သူမရှိလည်း ကျွန်တော် ရှိပါတယ်။ ကိုကြီးငွေလောက်တော့ ကျွန်တော်လည်း လုပ်တတ်ပါတယ်"

"ဟော့. . အေးကွာ၊ ငါ့ကို ကူစမ်းပါဦး"

ဦးဖိုးပြောက ငွေသောက်သောက်လဲ အကုန်အကျခံ ကြော်ငြာပြီးမှ ကုန်ပစ္စည်းရောင်းအား တက်မလာသော လုပ်ငန်းရှင်လို လေသံမျိုးဖြင့် အားကိုးတကြီး ပြောသည်။ ဖိုးနီက ဝင်ထိုင်ပြီး မိုက်ကရိုဖုန်းကို လှမ်းယူသည်။ သူ့စိတ်ကူးက တစ်မျိုး။ မနေ့ညကပဲ လေးပွင့်ဆိုင်ခြေစမ်းပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ကြည့်ရှုထားသဖြင့် . . .

"ဟုတ်ကဲ့ခင်ဗျာ ကောင်းကင်လေးကလည်း အုံ့မှုန်မှုန်နဲ့ဆိုတော့ အလှူရှင်တို့ အကြိုက်ရာသီဥတုမျိုးပေါ့ခင်ဗျာ။ အခုဆိုရင် တောင်ဘက်ခြမ်း ညောင်ညိုပင်ရိပ်မှာ နေရာယူထားကတော့ ကျွန်တော် ဖိုးနီပဲ ဖြစ်တယ်ခင်ဗျ။ ဟော. . လာပါပြီခင်ဗျာ၊ စေတနာရှင်တစ်ယောက်ဟာ ဘယ်တောင်ပံကနေ လာနေပါပြီ။ လာနေပြီ၊ မဏ္ဍပ်ဧရိယာအစပ်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီခင်ဗျ။ နီးလာပြီ၊ ခြင်းတောင်းကိုချတယ်၊ ပိုက်ဆံအိတ်ကို ထုတ်တယ်၊ ဖွင့်တယ်၊ အသည်းတယားယား ရင်တဖိုဖိုပေါ့ခင်ဗျာ။ ဟော. . ထုတ်နေပြီ၊ ထုတ်နေပြီ။ ငါးဆယ်တန် အဲ. . . မဟုတ်သေးဘူးခင်ဗျ။ ပြန်ထည့်တယ်၊ ပြန်ထုတ်တယ်၊ နှစ်ဆယ်တန်ခင်ဗျ။ ထည့်ပြီ၊ ထည့်ပြီ။ တန်းတန်းမတ်မတ်ကို ဝင်သွားပါတယ်ခင်ဗျာ။ ဒါကြောင့် ပိုက်ဆံနဲ့ ငွေဖလားမိတ်ဆွေဖြစ်သွားပြီပေါ့ခင်ဗျာ”

ဖိုးနီ၏ စိတ်ကူးကလည်း မဆိုးလှ။ သူ့ကြောင့် အလှူငွေ တစ်ရာနီးပါး အချိန် သိပ်မကြာခင်အတွင်း ထပ်ရလိုက်သည်။ သို့ရာတွင် ဖိုးနီမှာ ကြာကြာဆက်မပြောလိုက်ရ။ ကောင်းကင်တစ်ခုလုံး ရုတ်တရက် မိုးသားတွေ တက်လာပြီး သည်းကြီးမည်းကြီး ရွာချလိုက်သောကြောင့်ပင် ဖြစ်၏။

ဦးဖိုးပြော၏ အလှူခံမဏ္ဍပ်မှာ အဖြစ်လောက် လုပ်ထားခြင်းဖြစ်၏။ အပေါ်က မိုးထားသော ပလတ်စတစ်စသည်လည်း ဈေးပေါသည့် အပါးစားဖြစ်၏။ ဝါးလုံးတန်းမှာ ချည်နှောင်ထားပုံကလည်း ခိုင်ခိုင်ခန့်ခန့်မဟုတ်။

မိုးရေတွေ ပလတ်စတစ်စပေါ်မှာ စုပြီး အိုင်ထွန်းလာသည်။ မိုးက ရေတော်တော်ပါသဖြင့် ပလတ်စတစ်စပေါ်မှာ စုပြီး လှောင်ထားသလို တဖြည်းဖြည်း အိုက်ကျလာသည်။ မိုးကလည်း မစဲဘဲ ရွာနေသည်။ ထိုအခါ နန်းကြိုးနှင့်ဖောက်ပြီး ချည်ထားသော ပလတ်စတစ်၏ အစွန်းတစ်နေရာမှာ ရေ





အလေးချိန်ကို မခံနိုင်တော့ဘဲ ပြတ်ကျသွား၏။ ထိုအခါ အပေါ်မှ ရေထုသည် ဝေါခနဲ ပြိုဆင်းလာလေတော့သည်။

◆

မိုးက ရက်ပေါင်း အတော်ကြာအောင် ဆက်တိုက်ရွာနေသည်။ ဦးဖိုးပြော အလှူခံမဏ္ဍပ်မှာလည်း ဆက်မဖွင့်နိုင်တော့။ အလှူခံလို့ရတဲ့ ငွေကလည်း ဦးဖိုးပြောအတွက် ဝန်ဆောင်စရိတ်ပေးရတာရယ်၊ ခါတ်ခဲတို့အုပ်စု ဘုံးခါလောက်လုပ် အားပေးပြီး အအေးပုလင်း ကိုးပုလင်းသောက်သွားတဲ့ စရိတ်ရယ်၊ အမိုးပြုတ်ကျပြီး ရေတွေ ပြိုဆင်းလာတုန်းက ငှားထားသော အမ်ပလီဖိုင်ယာပေါ် ကျပြီး ရှော့ဖြစ်ပျက်စီးသွားလို့ လျော်လိုက်ရတာရယ်ကို နုတ်လိုက်သောအခါ. .

ကွင်းပိုင်ကြီးခမျာ ဈေးထဲရောင်းသော နှစ်ပေလောက်သာ ကျယ်ပြီး သစ်ရိုင်းဖြင့် ပြုလုပ်ထားသည့် နတ်စင်ကလေးနှင့်ပင် ကျေနပ်လိုက်ရလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ဥတူးသောင်စဉ်

www.burmeseclassic.com




# ဥ တူးသောင်ဖင်

ယူရိုတူးသောင်ဖင်ခေါ် ယူရိုနှစ်ထောင်နှင့် ပတ်သက်၍ ပထမဆုံး စတင်သိကြားသူမှာ ကျော်ကွန့်ဖြစ်၏။ သူ အလုပ်လုပ်သော စက်ရုံမှ အထက်အရာရှိသည် ဘောလုံး ဝါသနာပါသူ ဖြစ်၏။ ထို့ကြောင့် တက်လမ်းဂျာနယ်ကို အပတ်စဉ် ဝယ်ဖတ်သည်။ ဒီနေ့လည်း ဂျာနယ်ကို ဖတ်ပြီး စားပွဲပေါ် ချလိုက်စဉ်မှာပင် အခန်းထဲသို့ ကျော်ကွန့် ဝင်လာသည်။

"စက်ရုံမှူးက ခေါ်ခိုင်းလိုက်လို့ဆရာ"

ကျော်ကွန့်က ပြောရင်း စားပွဲပေါ် ချထားသော ဂျာနယ်ကို တစ်ချက်လှမ်းကြည့်သည်။ အရာရှိက "အေး အေး" ဟု ပြောပြီး ထရပ်သည်။ ကျော်ကွန့်သည် ရပ်ကွက်မှာ ဘောလုံး ကန်ခဲ့ဖူးသူဖြစ်ကြောင်း သတိရသွားသည်။ (ဘောလုံး ဝါသနာ အိုးတို့သည်) ဘောလုံးသတင်းတစ်ခုခု သိထားလျှင် အချင်းချင်း ပြန်မပြောဘဲ မနေနိုင်ကြသဖြင့်. . .

"ကျော်ကွန့်ရေ ယူရိုတူးသောင်ဖင်ကတော့ နီးပြီကွ"

ပန်းအောင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"ဩော်. . ယူရိုနှစ်ထောင် ဘောလုံးပွဲ လေကွာ၊ ဥရောပတံခွန်စိုက် အဲ. . . မင်းကို ရှင်းပြဖို့ အချိန်မရှိဘူး။ ဘော့စ်ဆီ ပြေးရဦးမယ်။ ဒီလိုလုပ် အဲဒီဂျာနယ် မင်းယူသွားပြီး ဖတ်ကြည့်၊ အဲဒီအထဲမှာ အပြည့်အစုံ ပါတယ်။ ဩော်. . ဟော့ကောင် အလုပ်ခွင်ထဲမှာလည်း ဖတ်မနေနဲ့ဦး"

"ဖတ်ပြီးရင် ဆရာ့ကို ပြန်ပေးရမလား"

"မပေးနဲ့တော့ ငါ ဖတ်ပြီးပြီ"

ထိုညက ကျော်ကွန့်သည် ဂျာနယ်ထဲပါသော ယူရိုတူးသောင်ဇင်အကြောင်းကို ပြည့်ပြည့်စုံစုံ ဖတ်လိုက်ရလေ၏။

◆

နောက်တစ်နေ့ မနက်စောစော ပတေးတို့ လက်ဖက်ရည်ဆိုင်မှာ လူစုံသလောက်ရှိသောအချိန်၌ ကျော်ကွန့်ဆိုင်ထဲ ဝင်လာသည်။ ဖိုးနီတို့ဝိုင်းမှာ ဝင်ထိုင်ပြီး။

"ယူရိုတူးသောင်ဇင်ကတော့ နီးလာပြီကွ"

ဟု စကားစလိုက်သည်။

"ဘာလဲကွ၊ ယူရိုတူးသောင်ဇင်"

ဖိုးနီက မေးသဖြင့်. .

"ယူရိုနှစ်ထောင်လေကွာ"

နှစ်ထောင်ဆိုသော စကားလုံးပါလာကတည်းက ဆိုင်ထဲမှာ နေသူ အတော်တော်များများ စိတ်ဝင်စားကြသည်။





ဘာနူးဆိုရင် ထိတ်ခနဲတောင် ဖြစ်သွားပြီး လက်ဖက်ရည်ဖျော်ရာမှ နားစွင့်လိုက်သည်။ လာပြန်ပြီ တစ်မျိုးဟု စိတ်ရှုပ်ဟန်ဖြင့် ရေရွတ်လိုက်၏။

သူ့စိတ်ထဲမှာ ယူရိုတူးသောင်ဇင်ဆိုတာ ဟိုလွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လလောက်က ဂြိုဟ်မွှေသွားသော ဝိုင်တူးကေဆိုတာမျိုး ဖြစ်မှာပဲဟု တွေးမိသောကြောင့် ဖြစ်၏။ ဝိုင်တူးကေတုန်းကလည်း ဒီလိုပဲ။ ဘာမှန်းညာမှန်း မသိဘဲ ချောက်ချောက်ချားချား ဖြစ်ခဲ့ရသေးသည်။

၁၉၉၉ မှ ၂၀၀၀ ပြည့်နှစ်သို့ အကူးတွင် တစ်ကမ္ဘာလုံးရှိ ကွန်ပျူတာတွေ ပျက်စီးကုန်လိမ့်မည်ဟု သူ့ယောက်ျားပတေးက ပြောသည်။ ထိုအခါ ဘာနူးက ဒီလို တွေးမိ၏။ ကွန်ပျူတာဆိုတာ ကမ္ဘာမှာ အဆင့်အတန်းအမြင့်ဆုံး ပစ္စည်းဖြစ်၏။ ဒီလို ပစ္စည်းတောင် ပျက်မယ်ဆိုတော့ သူ့အိမ်က ကက်ဆက်ကလေးဆိုလျှင် ထပြီး ပေါက်ကွဲတာတို့ ဘာတို့ ဖြစ်နိုင်သည်။ ပြီးတော့ မီးပူ။ ဒါကလည်း လျှပ်စစ်ပစ္စည်းပဲ မဟုတ်လား။ တိုင်ကပ်နာရီကလည်း ဘက်ထရီ ထည့်ရတာပဲ။ မတော်တဆများ ဒါတွေ ပျက်စီးကုန်လျှင် အလကားသက်သက် ဆုံးရှုံးရတော့မည်။

"ဟာ မင်းကလည်း အတွေးခေါင်လိုက်တာ။တကယ်သာ အဲဒါတွေပါ ပျက်စီးမယ်ဆိုရင် သတင်းစာက ကြေညာပြီး သတိပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။

သို့တိုင်အောင် ဘာနူးက စိတ်မချနိုင်သေး။ ပတေးက သူစိတ်ပူမှာဆိုးလို့ ဖြေတာလည်း ဖြစ်နိုင်သည်။ဘာကြောင့်ဆို ပတေးကိုယ်တိုင်က ဖိုးနီ လက်ဖက်ရည်လာသောက်စဉ် "ငါ့အိမ်က ကက်ဆက် ခုနေရောင်းရင် ဘယ်လောက်ရနိုင်လဲကွ"ဟု မေးတာကို ဘာနူးကြားလိုက်ရ၏။

ထို့ကြောင့် တစ်ရက်မှာတော့ သူ့အစ်မဝမ်းကွဲမဘီဘီလာလည်စဉ်မှာ ကက်ဆက်ရောင်းဖို့ စိတ်ကူးရှိကြောင်း အသိပေးလိုက်၏။ မဘီဘီက သူလိုချင်သည်ဟုဆိုသည်။ ဘာနူးကလည်း အမျိုးမို့လို့ လျှော့ပေးတာဆိုပြီး ဝယ်ဈေး၏ တစ်ဝက်လောက်နှင့် ရောင်းလိုက်သည်။ ဒါကို ပတေးသိတော့ သူ့ကိုဆူသေးသည်။ ဘာနူးကတော့ ဝိုင်းတူကေကြောင့် လုံးဝ ပျက်စီးဆုံးရှုံးရတော့မှာထက်စာလျှင် တော်သေးသည်ဆိုပြီး ကျေနပ်နေ၏။ မီးပူနှင့် တိုက်ကပ်နာရီကတော့ ဝယ်မယ့်လူမရှိ။ ထို့ကြောင့် ဝိုင်တူးကေနားနီးလာသောအခါ မသီးဆီ သွားပေါင်ထားလိုက်သည်။ တစ်ခုခုဖြစ်တော့လည်း ပြန်မရွေးဘဲထားလိုက်ရုံပဲလေ။

သူ၏ အကြံပေးချက်ကို ယုံကြည်ပြီး မပွေးက စားပွဲတင်နာရီတစ်လုံး၊ ဒေါ်ပိုက ဓာတ်ခဲရေဒီယိုလေးတစ်လုံး၊လှထိုက လက်နှိပ်ဓာတ်မီးတစ်လက်တို့ကို သွားပေါင်ကြသေးသည်။

၉၉၊ ဒီဇင်ဘာညတုန်းကလည်း ရပ်ကွက်ထဲက တချို့လူတွေ မအိပ်ဘဲ စောင့်နေကြသည်။ ၂၀၀၀ ပြည့်နှစ်ကို သူ





များတကာတွေလို ပျော်ပွဲရှင်ပွဲတွေနှင့် ကြိုဆိုဖို့တော့ မဟုတ်။ ၉၉ မှ ၂၀၀၀ သို့ နှစ်ကူးချိန်တွင် ကမ္ဘာကြီးတစ်ခုလုံး မှောင်ကျသွားလိမ့်မည်။ လျှော်လှုပ်မည်။ လေမုန်တိုင်းတိုက်မည်။ မိုးကြီးရွာမည်။ မိုးကြိုးပစ်မည်။ ကောင်းကင်ကြီး ပြိုကျလာမည်။ ကမ္ဘာမီးလောင်မည် စသည်ဖြင့် ကောလဟလတွေအမျိုးမျိုး ဖြစ်နေသဖြင့် မအိပ်ရဲကြခြင်းဖြစ်၏။ မိန်းမတွေကပိုယုံကြသည်။ ဦးဖိုးဗြော့ကလည်း ကျမ်းဂန်ထဲမှာ ကပ်ဆေးတယ်ဆိုတာရှိကြောင်း၊ ဘုရား၊ တရားမြဲသူ၊ ရိုးရာမမေ့သူများသာ ကျန်မည်ဟု ပြောသည်။ ထို့ကြောင့် တချို့လည်း အချိန်မဟုတ် အခါမဟုတ် ဒီဇင်ဘာလကြီးကျမှ ထပြီး အန္တရာယ်ကင်း ဆွမ်းတင်တာတွေ ဘာတွေ လုပ်သဖြင့် ဦးဖိုးဗြော့ ဝင်ငွေကောင်းလိုက်သေးသည်။

ယောက်ျားအများစုတော့ ယုံတာ မယုံတာထက် မိန်းမတွေ ကြောက်နေသဖြင့် ငုတ်တုတ်ထိုင်စောင့်ရင်း ငိုက်နေကြသည်။ မောင်ဝ၊ ဖိုးနီနှင့် ပွကြီးတို့ကတော့ ဒါကိုအကြောင်းပြုပြီး တစ်ခုခုဖြစ်လည်း အားလုံးပျော်ပျော်ပါးပါးရင်ဆိုင်ကြတာပေါ့ဆိုပြီး ဘီအီးတစ်လုံး ဖွင့်သောက်ရင်း ထိုင်စကားပြောနေကြသည်။

ည ၁၂ နာရီထိုးကာနီးလေ ဂနာမငြိမ် လှုပ်လှုပ်ရွရွဖြစ်ကြလေ။ ဒီလိုနဲ့ သန်းခေါင်ရောက်လာသည်။ ရောင်တော်ပြန်နှင့်ရောမည့် မသမာသူတွေ ရှိနိုင်သဖြင့် အထူးချထားသော



www.burmeseclassic.com

www.burmeseclassic.com



ကင်းတဲမှ ၁၂ နာရီ သံချောင်း ခေါက်သည်။ တလောကလုံး ဘာမျှမဖြစ်။ သန်းခေါင်ကြက်တွေတောင်မှ တအောက်အောက်၊ တအီးအီး၊ တအွတ်အွတ် ထတွန်ကြသေးသည်။ ခါတိုင်းညတွေလိုပင် ခုနစ်စဉ်ကြယ်ကလည်း အလှဆုံး ကျွမ်းဘားကစား ကွက်ကို ပြလိုက်သေးသည်။ စိတ်မချရသေးဘူး။ နာရီက မှားချင်မှားနေမှာဟု ဆိုသူရှိသဖြင့် နည်းနည်းကြာအောင်ထပ် စောင့်ကြသည်။ ဘာမှ မထူးခြား။ မပွေးလေလည်လိုက်တာ အသံနည်းနည်း ကျယ်သွားသဖြင့် နည်းနည်း ထိတ်ထိတ်ပြာပြာ ဖြစ်သွား ကြတာလေး တစ်ခုပါပဲ။

ထိုညက မသီးသည် ကိုကြီးငွေနှင့် တူတူမအိပ်ဘဲ မအိပ်ဘဲ အိမ်ပြင်ထွက်လှုံနေခဲ့သည်။

ညနေတုန်းက ဖျာအောက်မှာ ထည့်ထားသော ငွေငါးဆယ် ပျောက်သဖြင့် ယူသလားမေးတော့ ကိုကြီးငွေက သူမယူရပါဟု ကျိန်တွယ်ပြောခဲ့၏။ သူကျိန်တွယ်ရာမှာ ဘုရားစူးမိုးကြိုးပစ်ဆိုတာ ပါသည်။ မတော်တဆ မိုးကြိုးကြီးပစ်လျှင်သူပါ စက်ကွင်းမလွတ်မှာ စိုးရသောကြောင့် ဖြစ်လေ၏။

ကိုညက ချောက်ချောက်ချားချား ဖြစ်ခဲ့ရတာ ဘာနူးမမေ့သေး။ ခုလည်း လာပြန်ပြီ။ ယူရိုတူးသောင်ဇင်တဲ့။ သူလည်း လက်ဖက်ရည်ပန်းကန်ကို ကိုယ်တိုင် သွားချပေးရင်း. .

"အဲဒီ ယူရိုတူးသောင်ဇင်ဆိုတာ ဝိုင်တူးကေထက် ပိုဆိုးသလားဟင်"ဟု မေးလိုက်၏။ ကျော်ကွန့်က. .





"ဟာ ဘာတွေလာပြောနေတာလဲ။ ဘာဆိုင်လို့လဲ"

ထိုစဉ်တွင် တစ်ဖက်စားပွဲဝိုင်းမှ ကိုရှိန်၏ ရယ်သံထွက်ပေါ်လာ၏။ သူက. .

"ဟား ဟား ဘာနူးရယ် နင်ကလည်း လှထုံ သူငယ်ချင်းလို့ မပြောရဘူး။ နုံလိုက်တာ၊ ယူရိုတူးသောင်ဇင်ဆိုတာ မော်တော်ကားကို ပြောတာဟ"

"ဘာ မော်တော်ကားလဲ"

"ဟုတ်တယ်လေ။ ဦးကုလားရဲ့ စက်ရုံကို ဂျုံတွေ လာလာပို့တဲ့ကားက အီးတူးသောင်ဇင် မဟုတ်လား။ အခု ယူရိုတူးသောင်ဇင်ဆိုတော့ မော်ဒယ်ပိုမြင့်တဲ့ကား ဖြစ်မှာပေါ့။ ဒါနဲ့ အဲဒီကားက ဒီဇယ်လား၊ ဓာတ်ဆီလားကွ ဟေ. . ကျော်ကွန့်"

"ဟာဗျာ ကိုရှိန်ကလည်း ခင်ဗျားပြောမှ ပိုဆိုးသွားပြီ၊ ယူရိုတူးသောင်ဇင်ဆိုတာ ဘောလုံးပွဲကို ပြောတာဗျ"

ဘောလုံးပွဲဆိုသော စကားကို ကြားလိုက်တာနဲ့ နံပြားဖုတ်နေသော ပတေးမှာ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ ပတေးမှာ ဘောလုံးဆိုလျှင် ဘာနူးကလွဲလို့ အချစ်ဆုံးဖြစ်သောကြောင့် နားမထောင်ဘဲ မနေနိုင်။ ကျော်ကွန့်တို့ စားပွဲသို့ အပြေးအလွှား ရောက်ရှိလာပြီး။

"ပြောစမ်းပါဦးကွ"

"ဒီလိုကွ၊ ငါ့ဆရာ ဦးကြည်ဝမ်း ပေးလိုက်တဲ့ တက်လမ်းဂျာနယ်ထဲမှာ ပါတာ၊ အဲဒီ ယူရိုတူးသောင်ဇင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဥရောပတံခွန်စိုက် ဘောလုံးပွဲကြီးပေါ့"

"ဘရာဇီးရော ပါမှာလား၊ ပါရင်တော့ ဘရာဇီးနဲ့ ပြင်သစ် ပြန်တွေ့ကြပြီပေါ့"ဟု ပွကြီးက 'ဝင်ပြောသည်။

"ဥရောပပါဆိုမှ ဘရာဇီး ပါမလားကွ၊ ဘရာဇီးက အာဖရိကပဲဟာ" ပတေးက ပွကြီးကို ငေါက်လိုက်သည်။ ဖိုးနီက. .

"ဘယ်ကလာ အာဖရိကရမှာလဲကွ၊ တောင်အမေရိကပါကွ"

ကျော်ကွန့်သည် တစ်ခုခု ထပ်ပြောမည့်ပြုစဉ် ဘေးမှ ရပ်နေသော ဘားနူးက. .

"ဟင် ဘာနံ့လဲ၊ ဟော တစ်ခုခု တူးနေပြီ။ ပတေးဘိုင် ဘာလုပ်ထားလဲ"

"ဟိုက် ဟုတ်သားပဲ။ ဖိုထဲမှာ နံပြားဖုတ်ထားပြီး မေ့နေတာ၊ နင်ပဲ သွားလိုက်ပါဟာ"

ဘာနူးက မျက်စောင်းခဲပြီး နံပြားဖိုဆီ ပြေးသွားသည်။

"ပြောပါဦးကွ"

"ဥရောပတိုက်က ခြေစစ်ပွဲ အောင်လာတဲ့ ထိပ်သီး အသင်းတွေ ကန်ကြမှာ"

"မန်ချက်စတာ ယူနိုက်တက်ပါသေးလားကွ"

ကိုရှိန်က လှမ်းမေးပြန်သည်။ မန်ချက်စတာ အသင်းကတော့ ရုပ်မြင်သံကြားမှာ ကြည့်ဖူးသဖြင့် သူသိနေသည်။





"ဟာ ခုဟာက ပရီးမီးယားလိဂ်ထက် အဆင့်မြင့်တယ်ဗျ။ ဟိုဟာက ပြည်တွင်းကကလပ်အသင်းတွေ ပြိုင်တာ၊ ယူရိုတူးသောင်ဇင်ကတော့ နိုင်ငံ ကိုယ်စားပြုပြီး ပြိုင်ရတာ ကျွန်တော်တို့ဆီက အာရှဖလားတို့၊ အရှေ့တောင်အာရှပွဲတို့လိုပေါ့"

"ဘယ်တော့ ကန်မှာတဲ့လဲကွ"

"နောက်လထဲမှာ ကန်မှာ"

"ဒါဆို သိပ်မလိုတော့ဘူးပေါ့"

"ဟုတ်တယ်ဗျ။ တကယ့်ပွဲကြီး ပွဲကောင်းပဲ"

"ဘယ်နိုင်ငံတွေ ပါမှာလဲ"

"အများကြီးပေါ့ဗျာ၊ ဗိုလ်စွဲနိုင်မယ်လို့ တစ်ပေးခံနေရတာကတော့ ဟော်လန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ အင်္ဂလန်"

"တီဗွီက ပြမှာလား"

"ပြမယ်လို့တော့ ပြောတယ်။ တိုက်ရိုက်လား၊ ဘာလားတော့ မသိဘူး"

"ဟော့ကောင် အဲဒီဂျာနယ်ဆိုတာ မပါဘူးလား၊ ဖတ်ကြည့်ရအောင်"

"ပါတာပေါ့ဗျ၊ အားလုံးဖတ်ရအောင် တမင်ယူလာတာ"

ကျော်ကွန့်က ခါးကြားထိုးပြီး အကျီနှင့် ဖုံးထားသော ဂျာနယ်ကို ထုတ်ပေးသည်။ ဂျာနယ်ကို စားပွဲပေါ် ချပြီး အား



www.burmeseclassic.com

www.burmeseclassic.com



လုံး ဝိုင်းဖတ်ကြသည်။ ကိုရှိန်က. . .

"ကျယ်ကျယ် ဖတ်ပြပါကွ၊ ငါတို့လည်း ကြားရအောင်"

အသံ အကျယ်ဆုံးဖြစ်သော ပွကြီးက ဖတ်ပြသည်။ နောက်တစ်ပတ်ကျတော့လည်း ကျော်ကွန့်က သူ့ဆရာဆီက ဂျာနယ်ကို ယူလာခဲ့ပြန်သည်။ ဒါတွင်မက ပတေးက ဦးဆောင်ပြီး သူတို့ ဘောလုံးဝါသနာပါသူ တစ်သိုက် ငွေစုပြီး ဈေးထဲက စာအုပ်ဆိုင်မှ အားကစားဂျာနယ်တွေကို ဝယ်ကြသည်။ တစ်ယောက်တစ်လှည့်စီ ဖတ်ပြီး ဆွေးနွေးကြသည်။ ဘယ်သူနိုင်မလဲ ခန့်မှန်းကြသည်။ ထိုရက်များအတွင်း လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲအကြောင်းကလွဲလို့ တခြားပြောစရာ စကားမရှိတော့သလို ဖြစ်သွားလေသည်။

သူတို့က လေနှင့် ဘောလုံးကန်နေကြစဉ်မှာပင် ယူရိုပွဲကို မှီပြီး အမြတ်ထုတ်ဖို့ ကြံစည်နေသူ တစ်ယောက်ရှိ၏။ ဟိုဘက်ရပ်ကွက်က ကိုစာကလေးပင်ဖြစ်၏။ သူက ဘောလုံးပွဲလောင်းချင်လျှင် သူ့ဆီမှာ လာလောင်းကြ၊ သူဒိုင်ကိုင်မည်ဟု တပည့်ကျော် ကြက်ခေါင်းမှတစ်ဆင့် သတင်းဖြန့်ထားခဲ့သည်။

♦

အများမျှော်လင့် စောင့်စားနေကြသော ယူရိုတူးသောင်ဇင်ဘောလုံးပွဲကြီး စပါပြီ။ ဘောလုံး ဝါသနာရှင်





ပရိသတ်များအတွက် မြဝတီရုပ်မြင်သံကြားဌာနမှ ထုတ်လွှင့်ပေးသည်။ တိုက်ရိုက်တော့မဟုတ်။ ဒီညလို ကန်လျှင် နောက်တစ်နေ့ ညနေ လေးနာရီ ဆယ့်ငါးမိနစ်မှာ ပြန်လွှင့်ပေးခြင်းဖြစ်၏။

ဒါကို တချို့က မသိကြ။ ညနေဘက် လွှင့်တာဆိုတော့ ဒီက ဘောလုံးပွဲတွေလို တိုက်ရိုက်ပဲ ထင်ကြသည်။ အာရှနှင့် ဥရောပနိုင်ငံများ အချိန်ကွာခြားမှုကိုလည်း မသိကြ။ ဒီအချက်ကို ကိုစာကလေးက အပိုင် အသုံးချသွားသည်။ ည ၁၂ နာရီ တစ်ချက်ကန်သည့်ပွဲ၏ သတင်းကို မနက်ကျတော့ ဈေးထဲမှာ စုံစမ်း၏။ ဈေးထဲမှာ မြို့ထဲက ကိုယ်စားလှယ်ရှိတာ သူသိ၏။ အနိုင်အရှုံး သတင်းရပြီ ဆိုသောအခါ ညနေပွဲအတွက် ကြေးဖွင့်သည်။ ဥပမာ- ပေါ်တူဂီနှင့် အင်္ဂလန် အင်္ဂလန်နိုင်မည်ဟု ထင်သူက များသည်။ တကယ်ကန်တော့ ပေါ်တူဂီက နိုင်သွားသည်။ သူက ကြိုသိပြီးသားဆိုတော့ သရေအရှုံးပေးလိုသူရှိလျှင် ပေါ်တူဂီဘက်က သူထိုင်မည်ဟု ကြေညာလိုက်သည်။ ဒီတော့ အင်္ဂလန်ဘက်က ဖိလောင်းလာကြသည်။ ဒီနည်းဖြင့် သူက အပိုင်လုပ်လိုက်သည်။

တစ်ရက်နှစ်ရက်တော့ သူစားလိုက်ရသည်။ နောက်ပိုင်းကျတော့ သူ လူလည်ကျမှန်း သိကုန်ကြပြီး ပူညံ ပူညံဖြစ်လာ၏။ လောင်းကြေးငွေတွေ ပြန်ပေးဖို့ တောင်းလာကြသည်။ ကိုစာကလေး ပြောင်ငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ငါ့အိမ်မှာ စလောင်းတပ်ထားတာမှ မဟုတ်တာ၊ ဘယ်လိုလုပ် ကြို့သိမှာလဲကွ။ ငါလည်း မင်းတို့လို နောက်နေ့ညကျမှ ကြည့်ရတာပဲ။ အင်္ဂလန်က ဂိုးအရင်သွင်းတော့တောင် သွားပါပြီဆိုပြီး စိတ်ဓာတ်ကျသွားလို့ နှစ်ပက်လောက်သွားချသေးတာ မင်းတို့ အမြင်ပဲ"

ကိုစာကလေး လိမ်မှန်းသိသော်လည်း သက်သေမပြနိုင်သဖြင့် ခက်နေသည်။ ထိုအခါ ဒီလူကြီး ညစ်တယ်ဆိုပြီး မလောင်းတော့ဘဲ နေကြသလားမဟုတ်။ ကိုစာကလေးက နောက်ပွဲတွေကျရင် ကြိုတင်လက်ခံမည်ဟု ဆိုတော့လည်း ကျေနပ်သွားကြတာပါပဲ။

ဒီကြားထဲ နားလည်မှုလွဲတာ တစ်ခုရှိသေးသည်။ မြန်မာ့ရုပ်မြင်သံကြားမှ ပရီမီးယားလိဂ်ပွဲတွေ ပြထားသဖြင့် ဘက်ကန်တို့၊ အိုဝင်တို့ကို သိနေ၏။ ပြည်တွင်းကလပ်အသင်းများ ပြိုင်ပွဲနှင့် နိုင်ငံကိုယ်စားပြုပြိုင်တွေကို ခွဲခြားမသိသဖြင့် အင်္ဂလန်အသင်းမှာ ဘက်ကန်တို့ ပါလာသောအခါ. .

"ဟာ ဘယ်လိုဖြစ်တာလဲ။ ဘက်ကန်က မန်ချက်စတာနဲ့ ရန်ဖြစ်လို့ထွက်လိုက်ပြီး အင်္ဂလန်အသင်းမှာ ဝင်ကစားတာထင်တယ်။ ဟင်. . အိုဝင်လည်း ပါတယ်။ ဒီကောင်လေးက လီဗာပူးက မဟုတ်လား။ ရှီးယားကရော၊ အလို ဂိုးသမားကလည်း အာဆင်နယ်က နူတ်ခမ်းမွေးပဲဟ။ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ"





ဒါ့အပြင် အာဆင်နယ်အသင်းမှ နာမည်ကျော်ဒင်းနစ်ဘားကမ့်သည် ဟော်လန်အသင်းမှာ ကစားနေတာ တွေ့သဖြင့်. .

"ကြည့်စမ်း၊ ဘဲကင်ဆိုတဲ့ကောင် သူများအသင်းမှာ သွားကစားတယ်။ ဒီကောင် သစ္စာဖောက်ပဲ"

ဟု အပြောခံရသေးသည်။ ကျော်ကွန့်တို့၊ ဖိုးနီတို့က ကြေးစားဘောလုံးသမားတွေ နိုင်ငံခြားကလပ်အသင်းမှာ သွားကစားနေကြသည့်အကြောင်း၊ ခုလို ပွဲမျိုးကျလျှင် မိခင်နိုင်ငံအသင်းမှာသာ ပြန်ကစားကြရကြောင်း ရှင်းပြမှ သဘောပေါက်သွားကြ၏။

♦

ဟိုအရင်က ဘောလုံးပွဲကို မိန်းမများ စိတ်ဝင်စားမှုမရှိခဲ့ကြ။ ထိုစဉ် ဘောလုံးပွဲဆိုတာလည်း ကွင်းထဲသွားကြည့်မှ ဖြစ်တာကိုး။ ဒီတော့ မိန်းမတွေနဲ့ မဆိုင်သလို ဖြစ်နေ၏။

ခုနောက်ပိုင်းကတော့ ဘောလုံးပွဲတွေကို ရုပ်မြင်သံကြားမှ ပြလာသည်။ မိန်းမများမှာ အမှတ်တမဲ့ အပျင်းပြေဝင်ကြည့်ရာမှ စိတ်ဝင်စားစ ပြုလာသည်။ ၉၃ အရှေ့တောင်အာရှပွဲမှာ မြန်မာအသင်း ဒုတိယငွေတံဆိပ် ရလိုက်သောအခါ အားပေးမှု ပိုများလာသည်။ ဘောလုံးသမားတွေကို ရုပ်ရှင်မင်းသားတွေလိုပင် သဘောကျလာကြသည်။ ခုတလောမှာ လော



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဆိုင် ခြေစမ်းပွဲတွေ၊ ချစ်ကြည်ရေးပွဲတွေ၊ လူငယ်ခြေစစ်ပွဲတွေ ဆက်တိုက်ဖြစ်လာတော့ ဘောလုံးပွဲကို ဗီဒီယိုဇာတ်ကားတွေလိုတောင် မကြည့်ရ မနေနိုင် ဖြစ်လာ၏။ ဒါတွင်မက အင်္ဂလန်အဆင့်မြင့်တန်းတွေပါ ရုပ်မြင်သံကြားမှ ကြည့်လာရသဖြင့် နိုင်ငံခြားပွဲတွေကိုပါ ကြည့်တတ်လာသည်။ အိုဝင်တို့၊ ဘက်ကန်တို့ကို မြန်မာဘောလုံးသမားတွေ မှတ်မိနေကြသည်။

ဒီလိုဘောလုံးပွဲပိုး ဝင်နေသည့် အချိန်မှာပင် ယူရိုတူးသောင်ဇင်ပွဲ ကန်ကြပြီဆိုတော့ မိန်းမတွေလည်းရုပ်မြင်သံကြားရှေ့ ရောက်ကုန်တော့သည်။ မပွေးဆိုလျှင် သူ၏ အသုပ်ဆိုင်ကို ညနေလေးနာရီ အမှီသိမ်းပြီး ဦးကုလားဗီဒီယိုရုံမှာ အထူးပွဲအနေဖြင့် ပြသော ဘောလုံးပွဲဆီ ပြေးတတ်သည်။ ပတေးကလည်း သူ့အိမ်က အဖြူအမည်းတီဗီ အားမရဘူးဆိုပြီး ရုံကိုသွားကြည့်သည်။ ဘာန္နးမှာ ဆိုင်ကို သူတစ်ယောက်တည်းထိန်းရသဖြင့် ပူညံပူညံ လုပ်လေသည်။ တကယ်တော့ ဘောလုံးပွဲ အချိန်ဆိုလျှင် ဆိုင်မှာ လူ ရှင်းနေတတ်သည်။ ဘာန္နးမကျေနပ်တာက ဆိုင်ထိုင်နေရလို့ ဘောလုံးပွဲ မကြည့်ရသောကြောင့်ပင် ဖြစ်၏။

နောက်တော့ သူလည်းကြည့်ရ၊ ဆိုင်မှာလည်း လူစည်အောင်ဆိုပြီး သူတို့ တီဗွီလေးကို ဆိုင်၏ ထောင့်တစ်နေရာမှာ ထုတ်ပြီး ဖွင့်ထားလိုက်၏။ အထူးသဖြင့် သူတို့မိန်းမအုပ်စု ဘောလုံးပွဲ ကြည့်ရင်း စကားပြောလို့ရသဖြင့် အဆင်ပြေသည်။





လှထုံက မိုက်ကယ်အိုဝင်သည် သူ့ယောက်ျား ကျော်ကွန့်ငယ်ငယ်တုန်းကနှင့် တူသည်ဆိုပြီး အသည်းစွဲ ဖြစ်၏။ ပေါ်တူဂီကို အင်္ဂလန်ရှုံးသွားတုန်းက အိုဝင်ကို သနားလို့ဆိုပြီး တရှုံ့ရှုံ့ ငို ခဲ့ရသေးသည်။ အင်္ဂလန်နှင့် ဂျာမဏီတို့ပွဲမှာလည်း ဂျာမဏီမှ မာသီယပ်စ်က အိုဝင်ကို ဝင်တိုက်ရာ အိုဝင်ပစ်လဲကျသွား၏။ ထိုအခါ လှထုံက. .

"ဟင် သေနာကြီး ကိုယ်သား အရွယ်လေးလောက်ကို မညှာမတာ လုပ်ရသလား၊ ဘက်ကန်တို့ကရော ကိုယ့်လူထိတာ ဒီအတိုင်း ကြည့်နေရသလား၊ ဟိုဘက်အသင်းက ကောင်က နင်ယောက်ဖမို့လို့လားဟဲ့"

ဟု ကုန်းအော်တတ်သည်။ ရွှေကြည်ကလည်း အားကျမခံဘဲ ဒေးဗစ်ဘက်ကန်သည် သူ့ရည်စားမောင်ဝနှင့်တူသည်ဟု လုပ်လာပြန်၏။

"ကြည့်လည်းပြောပါဦးဟယ်၊ ဟိုက အသားဖြူဖြူ၊ မောင်ဝက မည်းမည်း"ဟု ဝိုင်းစသောအခါ. . .

"အမယ်၊ ကိုမောင်ဝ ဒီလောက် မမည်းပါဘူး။ နေပူထဲ အလုပ်လုပ်ရလို့ပါ။ ဟော. . . သေသေချာချာ ကြည့်ပါလား။ ဘက်ကန်ရဲ့ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပုံက ကိုမောင်ဝနဲ့ တထေရာတည်းပဲ"

ဒီနေ့လည်း လက်ဖက်ရည်ဆိုင်မှာ လေးနာရီမထိုးခင်ကတည်းက သူတို့ မိန်းမတစ်သိုက် စုမိနေကြသည်။ ဘောလုံးပွဲမလာခင် သူတို့ယောက်ျားများ၏ အတင်းကို ပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပွဲ စပြသည့်နေ့ကစပြီး ပတေးသည် ဆိုင်အလုပ်ကို ကောင်းကောင်းမလုပ်တော့ကြောင်း၊ တစ်နေ့ တစ်နေ့ဘောလုံးပွဲအကြောင်း ပြောနေတာနဲ့ ပြီးနေကြောင်း၊ ညအိပ်လျှင်လည်း "ဟာ ကောင်းလိုက်တဲ့ ခေါင်းတိုက်ကွာ"ဆိုတာမျိုး ယောင်ပြီးသူကို ကန်တတ်ကြောင်း ပြောပြန်သည်။ ရွှေကြည်ကတော့ လက်မထပ်ရသေးသဖြင့် ညအိပ်လျှင် ကိုမောင်ဝ ဘယ်လိုယောင်ကြောင်း မပြောနိုင်။ ချက်အသင်းဘက်ကို ပယ်နယ်တီပေးနေသော ဒိုင်လူကြီးကို ထမ်းပိုးနှင့် ရိုက်ချင်သည်ဟုပြောကြောင်းလောက်သာ ဖောက်သည်ချနိုင်သည်။ ထို့နောက် မောင်ဝနှင့် ဘယ်တော့လက်ထပ်မှာလဲဟု မေးကြသည်။ ရွှေကြည်က. .

"ဒီသီတင်းကျွတ်မဟုတ်ရင် နောက် သီတင်းကျွတ်လို့တော့ ပြောတာပဲ"

"ယူမှာဖြင့် မြန်မြန်ယူဟဲ့ မိန်းမဆိုတာ အသက်ကြီးသွားရင် မွေးလို့၊ ဖွားလို့ သိပ်ကောင်းတာ မဟုတ်ဘူး"

ဟု လှထုံက အဆင့်ကျော်ပြီး ပြောချလိုက်ရာ ရွှေကြည်မျက်နှာ ရဲခနဲ ဖြစ်သွား၏။

"မောင်ဝ ပိုက်ဆံစုနေတာ ခုထိ မပြည့်သေးဘူးလားဟ"

ဘာနူးက မေးသည်။

"သူလည်း စုတော့ စုတာပဲ။ စျေးနှုန်းတွေ တက်တက်





လာတော့ လိုက်လို့ မမှီဖြစ်နေတာ"

"လှထုံက တစ်စုံတစ်ခု ထပ်ပြောမည်ပြုစဉ်မှာပင် မပွေးသည် သုတ်သီးသုတ်ပြာ ရောက်လာသဖြင့် စကားပြတ်သွား၏။ မပွေးက. . .

"ဦးကုလားရုံမှာ ရုံပြည့်နေလို့ ဒီကို ပြေးလာတာဟေ့၊ ဒါနဲ့ ဒီနေ့ ကန်မှာ ဘယ်အသင်းတွေလဲ"

လှထုံက ဖြေသည်။

"တစ်ခါမှ မကြားဖူးတဲ့ နာမည်တွေပါ မပွေးရယ်၊ ဆလပ်ရွက်နဲ့ ရေဝေးဆိုလားပဲ"

ရွှေကြည်က ရယ်လိုက်ပြီး. .

"လှထုံဝါ့ကတော့ လုပ်တော့မယ်၊ ဆလပ်ရွက်နဲ့ ရေဝေး မဟုတ်ပါဘူးဟဲ့။ ယူဂိုဆလပ်နဲ့ နော်ဝေးပါ။ နေ့လယ်က ကိုမောင်ဝ ပြောနေတာ ကြားလိုက်တယ်။ ယူဂိုဆလပ်ကတော့ သူ့အကြိုက်ဆုံး အသင်းပဲတဲ့"

"ဒီနာမည်တွေ မကြားဖူးပါဘူး၊ ပွဲက ကောင်းမှကောင်းပါ့မလား မသိဘူး"

"မကောင်းလည်း စကားထိုင်ပြောကြတာပေါ့ မပွေးရယ်"

တကယ်ကြည့်ကြတော့ ပွဲမှာ အတော်ကိုကောင်းလေသည်။ တကယ် အကြိတ်အနယ် ပြိုင်ကြသော ပွဲဖြစ်၏။ ကြည့်နေရင်းမှ ရွှေကြည့်က. .



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်မဟုတ်လား၊ ကိုမောင်ဝက ကြိုက်တယ်ဆိုကတည်းက ဒီအသင်းကောင်းပြီပေါ့၊ နံပါတ်ကိုးကစားပုံကို ကြည့်စမ်း၊ ရပ်ကွက်ပွဲမှာတုန်းက ကိုမောင်ဝ ကစားတဲ့အတိုင်းပဲ"

"နှင်မလည်းဟယ်၊ မောင်ဝနဲ့တူတဲ့ လူတွေက များလှချည်းလား"

ဟု မပွေးက ပြောယူရ၏။

◆

"ငါကတော့ ဘာပဲပြောပြော၊ ယူဂိုဆလပ်ပဲ ကြိုက်တယ်ကွာ"

မောင်ဝကပြောတော့. . .

"ဒါပေမယ့် ကစားတာ နည်းနည်းကြမ်းတယ်ကွာ"

ဟု ကျော်ကွန့်က ဝင်ထောက်သဖြင့်. . .

"ဟာ. . ဘောလုံးကန်တာပဲကွ။ တွန်းတွန်းတိုက်တိုက်တော့ ရှိမှာပေါ့၊ ဇာတ်ကနေတာမှ မဟုတ်တာ။ ဘောလုံးကို နောက်ပြန်ပြန်ပေးတာမျိုး ကြည့်လို့မရဘူး။ ယူဂိုဆလပ်အသင်းက နံပါတ်ကိုးဆိုရင် ကြည့်စမ်း ဘယ်လောက်ကောင်းလဲ၊ ဆွဲပြေးတာ၊ ရှေ့တန်းသမားဆိုတာ သတ္တိရှိရှိ ထိုးဖောက်နိုင်မှ ငါက ကြိုက်တာ"

"ကောင်းမှာပေါ့ကွ၊ အဲဒီ မီလိုစီဝစ်ဆိုတာ ယူဂိုဆလပ်သမ္မတကိုးကွ"





ဟု ပွကြီးက ဖြတ်ပြောလိုက်၏။ ကျော်ကွန့်က. .

"ဟာ. . ဟော့ကောင်၊ ပေါက်တတ်ကရ လျှောက်မပြောနဲ့၊ သမ္မတက ဘောလုံး ဝင်ကန်ပါ့မလားဟ"

"ဒီလိုလေကွာ၊ ဟိုဒင်းကွာ၊ ဘာလဲ. . အဲ. . နေတိုးတပ်ဖွဲ့တွေက သူတို့နိုင်ငံကို ပုံးကြတာကို တော်တော်မကျေမနပ် ဖြစ်နေကြတာကိုး။ ဒါကြောင့် စစ်ပွဲမှာ မနိုင်ရင် ဘောလုံးပွဲမှာ နိုင်အောင် ကန်မယ်ဆိုပြီး သမ္မတကိုယ်တိုင်ဦးဆောင်ပြီး လာကန်တာတဲ့ကွ"

"မဖြစ်နိုင်တာ၊ မင်းကို ဘယ်သူပြောလဲ"

"ပတေးပြောတာ"

လက်ဖက်ရည် ဖျော်နေသောပတေးကို လှမ်းကြည့်ကြတော့. . .

"ငါလည်း သတင်းစာထဲမှာ သမ္မတနာမည်နဲ့ ဘောလုံးသမားနာမည်တူနေတာ တွေ့လို့ အဲဒီလို ဖြစ်ချင်ဖြစ်မှာပဲဆိုပြီး ရမ်းပြောလိုက်တာ"

ဟု ပတေးက ရယ်ကြဲကြဲလုပ်ရင်း လှမ်းအော်ပြောသည်။

ထိုစဉ်မှာ ကိုရှိန် ဆိုင်ထဲရောက်လာသည်။ ခွေးခြေတစ်လုံး ဆွဲ၍ ထိုင်လိုက်ရင်း. . .

"ငါကတော့ အော်လံအသင်းကို အားပေးတယ်ဟေ့"

ကိုရှိန်သည် ဘောလုံးဝေါဟာရတွေကို သူများတွေ အင်္ဂလိပ်လို ပြောတာ အားကျသည်။ ထို့ကြောင့် အင်္ဂလိပ်လို



www.burmeseclassic.com

www.burmeseclassic.com



ကြားညှပ်၍ လိုက်ပြောတတ်သည်။ အသံထွက်ကျတော့ တလွဲဖြစ်နေတတ်၏။ ဟော်လန်ကို အော်လံဟု ပြောသည်။ဂျာမဏီကို ဇာမဏီ။ ဘားကမ့်ကို ဘဲကင်။ ရှမိုက်ကယ်ကို စိန်မိုက်ကယ်၊ ထောင့်ကန်ဘောကိုတော့ ကော်နာဟု သူများတွေ ပြောတာ နားထောင်ပြီး. .

"ကွန်ပေါင်ဒါ ကန်တဲ့ နေရာမှာတော့ ဘဲကင်ကို ဘယ်သူမှ မမီဘူး"

ဘောလုံးပွဲမှာ လူကျွံဘော ဖြစ်တာကို အဆံကိုင် အချက်မပြတာမျိုးမြင်လျှင် မင်းနဲ်အောက်ကို မပြောတတ်သဖြင့်. .

"ဟာ ဗိုင်းတောင့်ကွ၊ ဗိုင်းတောင့်၊ လိုင်စင်မင်း ဒါတောင် မမြင်ဘူးလား။ လိုင်စင်ပြန်သိမ်းဖို့ ကောင်းတယ်"

ဟု အော်ချင်အော်တတ်သည်။

ခုလည်း သူက အော်လံကို အကြိုက်ဆုံးဟု ပြောသောအခါ မောင်ဝက. . .

"ခင်ဗျား ဟော်လန် ဘာကောင်းလို့လဲဗျ။ ချက်အသင်းကို အသေအလဲ ကစားပြီးမှ ကံကောင်းလို့ ပယ်နယ်တီနဲ့နိုင်တာ"

ထိုအခါ ကိုရှိန်က. . .

"မင်း ဘာသိလဲကွ။ အော်လံက တမင်လျှိုထားတာ ခြေကုန်ထုတ်သုံးသေးတာ မဟုတ်ဘူး။ လူကောင်းတွေကို မ





ထည့်သေးဘဲ စပယ်ရာပတ်တွေနဲ့ ကစားတာကွ"

"ဟာဗျာ စပယ်ရာပတ်နဲ့ ကစားရအောင် မော်တော်ကားမှ မဟုတ်တာ။ ရာဇတ်နဲ့ ကစားတယ်လို့ ပြောပါဗျ"

ကျော်ကွန့်က ဝင်ထောက်သဖြင့်. . .

"ဟော့ကောင် ရာဇတ်ကို ထည့်ကစားရအောင် ဥရောပအသင်းကွ၊ ကုလားတွေ ဘယ်ပါမလဲ"

"ဘာ- ဘာပြောတယ်"

"ရာဇတ်ဆိုကွ၊ တို့ရပ်ကွက်ထဲကို စက္ကူပုလင်းလာဝယ်တဲ့ ကုလားနာမည် ရာဇတ်တဲ့ မဟုတ်လားကွ" ဖိုးနိုတို့ ပတေးတို့မှာ ဟန်မဆောင်နိုင်ဘဲ တခွိးခွိး ရယ်မိကြလေ၏။

◆

လူကြီးတွေ ဘောလုံးအကြောင်း ပြောကြသလို ကလေးတွေလည်း ဘောလုံးဘက်ကို အာရုံရောက်နေကြသည်။ သူတို့ကတော့ လူကြီးတွေလို လေမကန်ကြဘဲ တကယ်ကန်ကြသည်။ အသင်းနှစ်သင်းခွဲပြီး ကိုယ်ကြိုက်ရာ နိုင်ငံယူကြသည်။ ကိုယ့်ကိုယ်ကိုလည်း နာမည်ကြီးဘောလုံးသမားနာမည်တွေ ပေးကြသည်။ တချို့က မင်းက ဘယ်သူနဲ့တူတယ်၊ ဘာလုပ်ဆိုပြီး ပြောတတ်သည်။ တစ်ခုရှိတာက သူတို့သည် ဘောလုံးသမားနာမည် တချို့ကို မခေါ်တတ်သဖြင့် ကိုယ့်အမှတ်အသားနှင့်ကိုယ် မှည့်ခေါ်ထားကြသည်။ ဘားသက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဇာဂနာ၊ ကလိုင်းဘက်ကို ဗိုက်ကလေး၊ ဇီဒန်းကို ထိပ်ကွက်၊ အနယ်ကာကို ရေထမ်းကုလား စသည်ဖြင့်။ လူတွေကလည်း သူ့နိုင်ငံနှင့်သူ မှန်ချင်မှမှန်သည်။ ပြင်သစ်အသင်းဆိုပြီး ဂိုးသမားက နှုတ်ခမ်းမွှေး(ဆီးမင်း)ဖြစ်ချင်ဖြစ်နေသည်။ ဂျာမဏီဘက်ကလည်း အက်ဂါဒေးဗီး(သူတို့အခေါ်မှန်ကြောင်) ပါချင်ပါနေသည်။ သူတို့ဘာသာတော့ ဟုတ်နေလေသည်။

♦

ယူရိုပွဲများမှာ အုပ်စုပတ်လည်ပြီးသည့်နောက် ကွာတားဖိုင်နယ်သို့ ရောက်လာကြပြီ။ ပွဲတွေကလည်း အကြိတ်အနယ် ဖြစ်လာတော့မည်။ ဒီမှာတင် သတင်းတစ်ခု ထွက်ပေါ်လာလေ၏။ ပေါ်တူဂီအသင်းသည် သူတော်ကောင်းများ ဖြစ်သဖြင့် အားပေးသင့်သည်ဆိုသော သတင်းပင် ဖြစ်လေ၏။ ဒီစကား ဘယ်က စထွက်လာသလဲ စုံစမ်းလိုက်တော့ဘောလုံးအကြောင်း ဘာမှ မသိတဲ့ ဦးဖိုးပြော ဖြစ်နေ၏။ ပေါ်တူဂီက ဘာကြောင့် "သူတော်ကောင်း" ဖြစ်ရတာလဲ သူ့တို သွားမေးကြတော့။

"ဟာ. . သူတော်ကောင်းတွေမို့ ယောဂီရောင် ဝတ်စုံဝတ်ပြီး ကန်တာပေါ့ကွ၊ ယတြာလုပ်ထားတာတောင် ဖြစ်နိုင်တယ်"

ဟုဆိုလေ၏။ ဘာပဲဖြစ်ဖြစ် ပေါ်တူဂီအသင်းမှာ အုပ်စုပွဲမှာတုန်းက တကယ့်ထိပ်သီးအသင်းကြီးတွေကို အနိုင်





ကန်လာခဲ့သဖြင့် ခြေစွမ်းထက်ကြောင်း ထင်ရှားနေ၏။ ကိုရှိန်သည် ဦးဖိုးပြော ပြောတာကိုလည်း ဖြစ်နိုင်သည်ဟုတွက်သည်။ ထို့ကြောင့် ကိုစာကလေးဆီ သွားပြီး လောင်းကြေးထပ်တော့သည်။

"ခင်ဗျားက ဘယ်အသင်းက ထိုင်မှာလဲ"ဟု ကိုစာကလေးက မေးသည်။ ကိုရှိန်သည် ပေါ်တူဂီဆိုသော အမည်ကို ရုတ်တရက် အစဖော်မရဘဲ ဖြစ်နေသဖြင့်. . .

"ဟို. . ဟို ဂီအသင်း၊ အဲ. . ဂီပါတဲ့ အသင်းဗျာ"

"ဩော်. . တူရဂီလား"

"အဲ. . ဟုတ်တယ်၊ ဟုတ်တယ်"

တကယ်တော့ ကိုစာကလေး လှုလည်ကျလိုက်ခြင်းဖြစ်၏။ ကန်မည့်အသင်းနှစ်သင်းက ပေါ်တူဂီနှင့် တူရကီ။ ဒီပွဲမှာ ပေါ်တူဂီက နိုင်ဖို့ ကျိန်းသေသလောက် ဖြစ်နေ၏။ ကိုရှိန်က ဂီပါတဲ့ အသင်းဆိုတော့ ကိုစာကလေးက တူရကီကို တူရဂီဟု ပြောပြီး ရောချလိုက်ခြင်း ဖြစ်၏။ ထိုပွဲမှာ ပေါ်တူဂီကပင် နိုင်သွားသည်။ ကိုရှိန်မှာ ဂီနှင့်ကီ လွဲပြီး လောင်းမိသဖြင့် ငွေငါးဆယ်ထွက်သွားလေ၏။

ဟော်လန်နှင့် ယူဂိုဆလပ်တို့ ပွဲမှာကျတော့ ဟော်လန်က နိုင်ပြီး ဆီမီးဖိုင်နယ် တက်သွားသည်။ ယူဂိုဆလပ်ကို အားပေးသော မောင်ဝသည် တက်တခေါက်ခေါက် ဖြစ်နေ၏။ ရွှေကြည်က. . .



www.burmeseclassic.com

www.burmeseclassic.com



"တရားနဲ့ဖြေပါ ကိုမောင်ဝရယ်"

ဟု ပြောလို့တောင် ရွှေကြည်ကို "နင် ဘာနားလည်လို့လဲ"ဆိုပြီး ဟောက်သွားသေးသည်။ ကျော်ကွန့်သည်လည်း မောင်ဝ သံယောင်လိုက်၍ ယူဂိုဆလပ်အသင်းကို အားပေးခဲ့သူဖြစ်၏။ လှထုံကလည်း သူ့ယောက်ျား ကြိုက်သည့် အသင်းဘက်ကို လိုက်အားပေးသည်။ ယူဂိုဆလပ် ရှုံးသွားတာကို မကျေနပ်။ ထို့ကြောင့် လှထုံက၊

"ဟောလန်က အိမ်ရှင်အသင်းကိုး၊ ဒိုင်လူကြီးတွေက ဘက်လိုက်မှာပေါ့။ ပြီးတော့လည်း ဟော်လန်က ပရိသတ် အားကိုးနဲ့ ဖိတာကိုး။ လူနည်းနေမှာစိုးလို့ စည်ပင်သာယာက သန့်ရှင်းရေးအလုပ်သမားတွေကိုပါ ကွင်းထဲထည့်ထားတာ၊ ကြည့်ပါလား၊ တစ်ကွင်းလုံး လိမ္မော်ရောင်တွေချည်းပဲ"

ဟုဆိုလေ၏။ အမှန်မှာ ပရိသတ်က ဟော်လန်အသင်း၏ အရောင်ဖြစ်သော လိမ္မော်ရောင်ဝတ်စုံတွေ ဝတ်ပြီး လာအားပေးကြခြင်းသာ ဖြစ်၏။

◆

ဘောလုံးဝေါဟာရများကို မြန်မာလို ဆီလျော်အောင် ပြန်ဆိုထားပြီးသား ရှိပါသည်။ ဖောင်းဘောကို ပြစ်ဒဏ်ဘော၊ ဖရီးကစ်ကို အလွတ်ကန်၊ ကော်နာကို ထောင့်ကန်ဘော၊ မင်းန်အောက်ကို လူကျွံဘော စသည်ဖြင့်။ ပယ်နယ်တီကို "အလွတ်





ရင်ဆိုင်ဘော"ဟု မြန်မာမှု ပြုသင့်တယ်လို့ ပြောတာပဲ"

ဘာပဲဖြစ်ဖြစ် အခုလို မြန်မာပြန်ဆိုထားချက်များကို ဘောလုံးပွဲ ကြေညာသူတွေကသာ အသုံးများသည်။ အရပ်ထဲမှာတော့ ကော်နာ၊ ဖောင်းဘော၊ ဟင်းန်ဘော စသည်တို့ကိုသာ နှုတ်ကျိုးနေကြသည်။ ဒါကြောင့်လည်း ရှုံးထွက်ပွဲစဉ်များနှင့် ပတ်သက်ပြီး စိတ်ထင်ရာအဓိပ္ပာယ်ဖွင့်တာမျိုး ရှိလာခဲ့ခြင်းဖြစ်၏။

ဆီမီးဖိုင်နယ်ခေါ် အကြိုဗိုလ်လုပွဲတွင် ပေါ်တူဂီနှင့် ပြင်သစ်၊ ဟော်လန်နှင့် အီတလီတို့ ပြိုင်ကြရမည်။

"ဒါနဲ့နေစမ်းပါဦး၊ ဆီမီးဖိုင်နယ်လို့ ဘာကြောင့် ခေါ်ရတာလဲ"

ဟု လှထုံက စပ်စုသည်။ သူတို့ မိန်းမ အုပ်စုမှာ ဘောလုံးအကြောင်း သေသေချာချာ သိကြသူများမဟုတ်ကြ။ လှထုံဆိုလျှင် ဂိုးဧရိယာထဲမှာ လူချခံရလျှင် ပယ်နယ်တီပေးရမယ်ချည်း အောက်မေ့နေသူဖြစ်၏။ ယူဂိုဆလပ်နှင့် ဟော်လန်ပွဲတွင် ယူဂိုအသင်း၏ ဧရိယာထဲမှာ ယူဂိုနောက်တန်းက လူကို ဟော်လန်ရှေ့တန်းကလူက ခြေချိတ်လှဲသဖြင့် ရိုးရိုး ပြစ်ဒဏ်ဘော ပေးသည်။ ဒါကို ပယ်နယ်တီ မပေးရကောင်းလား ဆိုပြီး "ဒိုင်လူကြီးလာဘ်စားတယ်"ဟု အော်ခဲ့သေးသည်။ ကိုယ့်ဂိုးဧရိယာထဲမှာ ဖြစ်သည့် ပြစ်ဒဏ်ဘောကို တစ်ဖက်အသင်း ဧရိယာထဲ ရွှေ့ပြီး ပယ်နယ်တီပေးရမည် ဥပဒေကို လှထုံက



www.burmeseclassic.com

www.burmeseclassic.com



တီထွင်လိုက်သည့်သဘောပင် ဖြစ်၏။

ခုလည်း လှထုံ အမေးကို ဘယ်သူမှ ရေရေရာရာ မဖြေနိုင်ကြ။ ထို့ကြောင့် ထင်ရာမြင်ရာတွေ မှတ်ချက်ပေးကြလေသည်။

"ဒါကတော့ ဟိုးအရင်တုန်းက ခုလို မီးမောင်းကြီးတွေ မရှိသေးလို့ ဆီမီးတွေထွန်းပြီး ကစားကြလို့ ဖြစ်မှာပေါ့"

ဟု မပွေးက ပြောသည်။ သူ့အယူအဆကို ဘာနူးက လက်မခံ။

"ဒါတော့ မဖြစ်နိုင်ဘူး။ နေ့လယ်ကန်ရင် ရတာပဲ။ ဘာကြောင့် ဆီမီးထွန်းရမှာလဲ၊ ပြီးတော့ ပွဲတိုင်းကို ဆီမီးဖိုင်နယ်လို့ ခေါ်တာမှ မဟုတ်ဘဲ"

"ဒီလို ဖြစ်နိုင်တယ်။ ဒီပွဲက အရေးကြီးတယ်လေ။ နိုင်ရင် ဗိုလ်လုပွဲ တက်ရမှာ မဟုတ်လား။ ဒါကြောင့် ဆီမီးတွေ ဘာတွေ ပူဇော်ပြီး ဆုတောင်းကြရတာကိုး၊ ဆီမီးဖိုင်နယ်ဆိုတာ အဲဒီကစပြီး ဖြစ်လာတာထင်တယ်"

ဟု ရွှေကြည်က ဝင်ဆွေးနွေး၏။ လှထုံက။

"ဒါဆို ခုနေခါမှာတော့ ဖယောင်းတိုင်ဖိုင်နယ်လို့ ခေါ်သင့်တာပဲ။ ခုချိန်မှာ ဆီဈေးကြီးလို့ ဆီမီးမှ မထွန်းနိုင်တော့တာ"

"ဒီလိုဆို ကွာတားဖိုင်နယ်ကျတော့ ဘယ်လိုပြောမလဲ"





ဘာနူးက မေးပြန်သည်။ မလုံးက. . .

"ငါ စဉ်းစားကြည့်လို့ ရသလောက်ကတော့ ဟိုတစ်ခါ ဉာဏ်စိန်တို့ ဘောလုံးကန်ကြတော့. ရှုံးထွက်ပွဲမို့ အရေးကြီးတယ်ဆိုပြီး အားကျိုးမာန်တက် အသေအလဲ ကန်ရတာ။ နောက်နေ့ကျတော့ အကြောတွေတင်း၊ ကြွက်သားတွေ နာနေလို့ ငါတောင် ဆေးလိမ်းပြီး နှင်းနှိပ်ပေးရသေးတယ်"

"ဟာ အဲဒါနဲ့ ဘာဆိုင်လို့လဲ ဟ"

"ဆိုင်တာပေါ့။ အဲဒီလို အကြောတွေ တင်းနေတော့ လမ်းလျှောက်ရင် ကွတာကွတနဲ့ ဖြစ်နေရော၊ ဒါကြောင့် ကွတာဖိုင်နယ်လို့ ပြောရာကနေ ကွာတားဖိုင်နယ် ဖြစ်လာတာနေမှာပေါ့"

မပွေးကလည်း အားကျမခံ ဝင်ပြောပြန်သည်။

"ငါကတော့ ဒီလိုထင်တယ်၊ ငါ့ရဲ့ မောင်တစ်ယောက် ဒုတပ်ကြပ်ကလေးလေ၊ သူတို့တပ်ထဲမှာ အပြစ်လုပ်မိရင် ဒဏ်ပေးတဲ့အနေနဲ့ ကွာတားချတယ်ဆိုတာ ရှိတယ်တဲ့။ ဘောလုံးပွဲမှာလည်း အရေးကြီးတဲ့ပွဲမို့လို့ ရှုံးရင် အပြစ်ပေးတဲ့အနေနဲ့ ကွာတားချတာမျိုး ရှိချင်ရှိမှာပေါ့။ ဒါကြောင့် ကွာတားဖိုင်နယ်လို့ခေါ်တာထင်တယ်"

သူတို့ဆိုလျှင်ဖြင့် ပယ်နယ်တီဆိုတာ ပယ်ပယ်နယ်နယ်တီးလို့ ဖြစ်ရတာဟု ပြောရမလို ဖြစ်နေလေ၏။

ပေါ်တူဂီနှင့် ပြင်သစ်တို့ ဆီမီးဖိုင်နယ်ခေါ် အကြို ဗိုလ်လုပွဲတွင် ပေါ်တူဂီဘက်က အားပေးမည့်သူက ပိုများ

www.burmeseclassic.com



သည်။ ဦးဖိုးပြော၏ မှတ်ချက်ကို ဖြစ်နိုင်တယ်ဆိုပြီး ယောဂီရောင်အစွဲကြောင့် အားပေးလိုသူတွေ ရှိသလို ဘောလုံးကန်နေကြသူတွေကလည်း ကစားကွက်ကောင်းသောကြောင့် အားပေးကြခြင်းလည်း ဖြစ်၏။

ဒီကြားတည်းကပင် ဘယ်သူက ချွန်လိုက်မှန်း မသိသော အကြောင်းတစ်ခုကြောင့် ပြင်သစ်ကို အားပေးမည့် သူတွေလည်း ရှိလာခဲ့ပြန်သည်။

"ပြင်သစ်အသင်းက ဂိုးသမားက မြန်မာကပြားလို့ ပြောတယ်။ ငယ်ငယ်ကတည်းက သူ့မိဘနဲ့အတူ ပြင်သစ်ကို ရောက်သွားလို့ အခု ဝင်ကစားခွင့်ရတာတဲ့။ ဟုတ်မှာပဲ။ မြန်မာသွေးပါလို့ နာမည်ကိုတောင် မြန်မာနာမည် မှည့်ထားတာပေါ့၊ ကြည့်ပါလား၊ နာမည်က ဘာသက်တဲ့"

ကမ္ဘာကျော်ပြင်သစ် ဂိုးသမားကြီး ဘားသက်သည် သူတို့နှင့်ကျမှ ဘာသက် ဖြစ်သွားရလေ၏။ သူသည် ပဖွင်းတက်နေရာမှ ဘောလုံးပွဲရှိလို့ အရေးပေါ် လူထွက်ပြီး ဝင်ကစားတာဟု အထင်မခံရတာ တော်သေးသည်။

ညဏ်စိန်ကတော့ ဘယ်အသင်းကိုမှ ပြတ်ပြတ်သားသား အားပေးတာမျိုး မဟုတ်ဘဲ ထုံးစံအတိုင်း ဟိုလိုလို ဒီလိုလို ဖြစ်နေ၏။ သူသည် ရပ်ကွက်အသင်းမှာ ဂိုးသမားဖြစ်၏။ ထို့ကြောင့် ပါးပါးလျားလျားရှိပြီး သေသေသပ်သပ် ဖမ်းတတ်သော ပေါ်တူဂီဂိုးသမားကို သဘောကျသည်။ သို့တိုင်အောင် ပေါ်တူဂီကို တဖက်သတ်အားပေးတာမျိုး မဟုတ်။





သူ့စိတ်ထဲမှာ ပေါ်တူဂီ ရှုံးလျှင် လူငယ်လေးတွေ ကြိုးစားကစားခဲ့သမျှ ရင်ကျိုးရတော့မယ်ဆိုပြီး ပူပန်မိ၏။ ပြင်သစ်ရှုံးပြန်ရင်လည်း ကမ္ဘာ့ဖလားချန်ပီယံကြီး အရှက်တကွဲအကျိုးနည်း ဖြစ်ရှာလိမ့်မယ်ဆိုပြီး စာနာမိ၏။ နောက်တစ်ပွဲမှာလည်း ဟော်လန်ရှုံးလျှင် အိမ်ရှင်ပရိသတ်ကြားမှာ ခေါင်းမဖော်နိုင်အောင် ဖြစ်တော့မည်။ အီတလီ ရှုံးပြန်ရင်လည်း ခက်ခက်ခဲခဲ အဆင့်တွေ ကျော်ဖြတ်လာပြီးမှ ဘယ်လောက်ခံစားကြရမလဲ ဆိုပြီး မဆီမဆိုင် လျှောက်အားနာနေသဖြင့် ဘယ်အသင်းကို နိုင်စေချင်သည်။ ဘယ်အသင်းကို ရှုံးစေချင်သည်ဆိုတာမျိုး မပြောတတ်ဘဲ ဖြစ်နေ၏။

တကယ်ကန်သောအခါ ပြင်သစ်က ပေါ်တူဂီကို ပွဲပြီးခါနီးကျမှ ပယ်နယ်တီ ရပြီး နိုင်သွားသည်။ ဒီကိစ္စကို အားလုံး မကျေနပ်ကြ။ ပြင်သစ်တွေက ချမ်းသာလို့ ဒိုင်လူကြီးကို ငွေတွေ အများကြီး လာဘ်ထိုးထားတာဟု ဝေဖန်ကြသည်။ ဘာသက်ကို အားပေးသူတွေတောင် ဒီလို မတရားနိုင်တာမျိုးတော့ မနိုင်ချင်ပါဘူးဟု ပြောကြသည်။

နောက်တစ်ပွဲမှာတော့ အကြိတ်အနယ် ကစားပြီး အီတလီက နိုင်သွားသည်။ ဒါကိုတော့ ကျေနပ်ကြ၏။ ဟော်လန်အသင်းမှာ အိမ်ရှင်ဖြစ်သောကြောင့် ပြိုင်ဘက်အသင်းတွေအပေါ် အခွင့်အရေး ယူလွန်းသည်ဟု ယူဆပြီး သိပ် ဟက်ဟက်ပက်ပက် ရှိခဲ့ကြတာမဟုတ်။ အီတလီကတော့ တက်ညီ



www.burmeseclassic.com

www.burmeseclassic.com



လက်ညီ အသေအလဲ ခုခံကာကွယ်ခဲ့သောကြောင့် ပရိသတ် အကြိုက် ဖြစ်လာရသည်။

♦

ဖိုင်နယ်ပွဲမှာ ပြင်သစ်နှင့် အီတလီ တွေ့ကြပြီ။ အားလုံးလိုလိုက အီတလီကို အားပေးမည်ဟု ဆိုကြသည်။ အီတလီအသင်းမှာ ဟော်လန်နှင့် အကြိုဗိုလ်လုပွဲကန်ကတည်းက ကြိုးစားမှု အနစ်နာခံမှုတို့အတွက် ပရိသတ်မေတ္တာကို ရထားသည်။ ပြီးတော့ အီတလီ ဘောလုံးသမားအများစုမှာ ရုပ်ရည်ပြေပြစ်ချောမောကြသဖြင့် မိန်းမတွေကလည်း အားပေးလာကြသည်။

နောက်ဆုံးဗိုလ်လုပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ပြသမည်ဖြစ်သောကြောင့် အားခဲစောင့်စားနေကြသည်။ ဘောလုံးပွဲက ည ၁၂ နာရီခွဲမှ လာမည်ဖြစ်၏။ ထို့ကြောင့် တချို့က ညဦးမှာ စောစောအိပ်ပြီး ပြန်ထကြည့်မည်ဟု ကြံသည်။ တကယ်တမ်းကျတော့ စိတ်စောနေသဖြင့် အိပ်မပျော်ကြ။

ပတေးက အထူးအစီအစဉ်ဖြင့် လက်ဖက်ရည်ဆိုင်ကို ညဉ့်နက်အထိ ဖွင့်ပေးထားသည်။ လူအများစုမှာ လက်ဖက်သောက်ရင်း စကားပြောရင်း စောင့်ကြလေသည်။ မိန်းမ ပရိသတ်တွေလည်း ဦးနေ့ညတော့ ဆိုင်မှာပင် စတည်းချနေကြသည်။ တချို့ဆို ကလေးတွေပါ ခေါ်လာသည်။ နည်းနည်း





ညဉ့်နက်လာတော့ ကလေးများလည်း ပတေးတို့အိမ်ရှေ့ခန်းမှာ ပိုးလိုးပက်လက် အိပ်ပျော်ကုန်ကြ၏။

"ဒါနဲ့ နေစမ်းပါဦးတော်၊ ဒီလူတွေက ပေါက်ပေါက်ရှာရှာ ဘာစိတ်ကူးနဲ့များ ဖိုင်နယ်ပွဲကို ည ၁၂ နာရီကျော်မှ လုပ်ရတာလဲ"

လှထုံက ဇာတ်လမ်းစတော့သည်။ ဘာနူးက. .

"ဒါတော့ဟယ် ဖိုင်နယ်ပွဲဆိုတော့ လူတွေ သိပ်များရင် ထိန်းမနိုင် သိမ်းမရ ဖြစ်မှာစိုးလို့ ညသန်းခေါင်ကြီးကျမှ လုပ်တာ ဖြစ်မှာပေါ့"

"ဦးဖိုးပြောကတော့ "ဒါ ယတြာသဘောဖြစ်မယ်"ဟု မှတ်ချက်ပြုသည်။ ကိုကြီးငွေကလည်း ငါ ဝင်မရှင်းရင် မဖြစ်တော့ဘူးဆိုသောဟန်ပန်ဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီး. .

"ဒီလိုရှိတယ်ဟ၊ ကမ္ဘာပေါ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အချိန်တွေ မတူကြဘူးလေ။ ငါတို့ အရှေ့ဘက် နိုင်ငံက စောတယ်။ သူတို့က နောက်ကျတယ်"

"ဟင် စောတာတောင် ညသန်းခေါင် ဆိုတော့ နောက်ကျတဲ့ သူတို့ဆီမှာ လင်းအားကြီးများ ဖြစ်နေဦးမှာလား"

မပွေးက နားမရှင်းသဖြင့် ဝင်မေးသည်။ ကိုကြီးငွေက. .

"ဒီလို မဟုတ်ဘူး။ ဒီမှာ ညသန်းခေါင်ဆိုရင် သူတို့ဆီမှာ ညနေပဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သူတို့က နောက်ကျတာဆို"

"သူတို့ဆီမှာ ဘာကြောင့် နေက နောက်ကျရတာလဲ၊ နွေးလို့လား"

"မဟုတ်ဘူး။ အဲ. .

"ဒါဆို ကမ္ဘာက သူတို့ဆီကျမှ လည်တာ နှေးသွားလို့လား"

ကိုကြီးငွေ ရှင်းလေ ရှုပ်လေ ဖြစ်နေ၏။

"ဒီလိုရှိတယ်၊ ဒါတွေဟာ လောင်ဂျီကျူမျဉ်းတွေနဲ့ဆိုင်တယ်"

"ဟင် အဲဒီ မျဉ်းနားတော့ မသွားချင်ပါဘူး ရှက်စရာကြီး"

ဟု လှထုံက ရုတ်တရက် ပြောလိုက်သဖြင့် ကိုကြီးငွေက "ဘာဆိုင်လို့လဲဟ" ဟုပြန်မေးသည်။ လှထုံက. .

"နာမည်ကိုက လုံခြည်ကျွတ်မျဉ်းဆိုတော့ မတော်ဆ"

"ဟာ. . နင်ကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ လုံခြည်ကျွတ်မျဉ်း မဟုတ်ပါဘူး။ လောင်ဂျီကျူမျဉ်းပါဟ"

ဟု ကျော်ကွန့်က ဝင်ဟန့်လိုက်ရ၏။ ထို့စဉ်မှာ ကိုရှိန်က. .

"အဲဒီမျဉ်းတွေက ဘယ်လိုဟာတွေလဲ။ လယ်ကန်သင်းရိုးတွေလို ဖြစ်မယ်ထင်တယ်"





"ဟာ မင်းကလည်း ကန်သင်းရိုးလိုဟာမျိုးဆိုရင် မိုးရွာလို့ ရေတိုးတာနဲ့ ပျက်စီးကုန်မှာပေါ့ဟ၊ ဒါမျိုးဆိုတာ တာရှည်ခံအောင် လုပ်ရတာ။ အုတ်တို့၊ အင်္ဂတေတို့နဲ့ ခိုင်ခိုင်ခံ့ခံ့ လုပ်ရမှာပေါ့"

ဟု ဦးဖိုးပြောက လူတွင်ကျယ် ဝင်လုပ်လေ၏။ မပွေးကလည်း. .

"ဟုတ်ပြီ ဟုတ်ပြီ ဟိုတစ်ခါတုန်းက ဂျာနယ်ထဲမှာ ကမ္ဘာလုံးပုံ တွေ့ဖူးတယ်။ မျဉ်းကြောင်းတွေပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးပေါ်မှာ ဒီလောက်ရှည်တဲ့မျဉ်းတွေကို ညီအောင် လုပ်ရတာ တော်တော်လက်ဝင်မှာပဲ"

"ကျုပ်တော့ ထိပေါက်ရင် လောင်ဂျီကျူမျဉ်းရှိတဲ့နေရာကို သွားလည်ပြီး အဲဒီမျဉ်းပေါ်မှာ မိန့်မိန့်ကြီး ရပ်ရင်း အမှတ်တရ ဓာတ်ပုံရိုက်လိုက်ဦးမယ်"

ကိုရှိန်က ထပ်ကွန့်ပြန်၏။ ကိုကြီးငွေမှာ စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ပြီး. . .

"ဘာတွေ လျှောက်ပြောနေကြတာလဲ၊ အဲဒီမျဉ်းတွေက တကယ်ရှိတာ မဟုတ်ဘူး"

"ဟင် ဒါဆို ကိုကြီးငွေက နောက်တာပေါ့ ဟုတ်လား"

"ကြည့်စမ်း၊ တော်တော်အကြောင်ရိုက်တာပဲ"

"ဟာ. . ခက်နေပါပြီ၊ ရှိတော့ရှိတယ်။ အဲ. . တကယ်ရှိတာမဟုတ်ဘူး။ စိတ်မှန်းနဲ့ဆွဲပြီး သတ်မှတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဘယ်လိုကြီးလဲ၊ ဘယ်သူက လက်ကမြင်းပြီး စိတ်မှန်းနဲ့ ဆွဲရတာလဲ"

"ကမ္ဘာ့စံတော်ချိန်တွေ သတ်မှတ်ဖို့ပေါ့ဗျ. . အဲဒါ"

ထိုစဉ်မှာပင် ကင်းတဲဆီမှ ၁၂ နာရီ သံချောင်းခေါက်သံ ကြားရ၏။ ထိုအခါ ကိုကြီးငွေ၏ လောင်ဂျီကျူမျဉ်းကို ဘယ်သူမှ စိတ်မဝင်စားတော့ဘဲ။

"ဟော ၁၂ နာရီ ထိုးပြီ"

"နေရာကောင်းမရဘဲ နေမယ် လစ်မှ"

ဆိုပြီး ဗီဒီယိုရုံဆီသို့ အသီးသီး ထပြေးကြလေ၏။ မိန်းမအုပ်စုကတော့ ပတေးတို့ဆိုင်ထဲမှာပင် အဖြူအမည်းတီဗွီနှင့် ကြည့်ဖို့ နေခဲ့ကြသည်။

၁၂ နာရီ ၁၅ မိနစ်လောက်မှာ ဖြတ်ခနဲ မီးပျက်သွားလေသည်။ အားလုံး ဟင်ခနဲဖြစ်ပြီး "အရေးထဲဆို လုပ်ပြီး"ဟု ပွစိ ပွစိဖြစ်ကုန်ကြ၏။ သို့ရာတွင် တကယ်ပြတ်ခြင်းမဟုတ်။ မီးလိုင်းချိန်းခြင်းသာ ဖြစ်ဟန်တူ၏။ ဆယ်မိနစ်လောက်အကြာမှာ မီးပြန်လာသဖြင့် ပျော်သွားကြသည်။

ဗိုလ်လုပွဲမှာ အတော်ကြည့် ကောင်းလေသည်။ အကြိတ်အနယ် ကစားကြ၏။ အီတလီ တစ်ဂိုးစ သွင်းနိုင်သဖြင့် အားတက်နေကြသည်။ ပွဲပြီးကာနီးလေလေ သည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်ရလေ၏။ အချိန်တွေ တရွေ့ရွေ့ကုန်လာသည်။ အဖြေက ဒီအတိုင်းပင် ထွက်တော့မလိုလို





ရှိနေရာမှ ပွဲပြီးဖို့ မိနစ်ပိုင်းကလေး အလိုမှာပင် ပြင်သစ်အသင်းက မထင်မှတ်ဘဲ ချေပဂိုး ရရှိသွား၏။ ပရိသတ်ကလည်း ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသည်။ အချိန်ပို ကစားသောအခါ ပြင်သစ်ဘက်က အားတက်ပြီး ဖိကစားရာမှ အနိုင်ဂိုးရရှိပြီး ဗိုလ်စွဲသွားလေသည်။

နောက်ဆုံးအချိန်ကလေးကျမှ အဖြေက ပြောင်းပြန်ဖြစ်သွားသဖြင့် ဘောလုံးပွဲ ကြည့်နေကြသူများမှာ ခါတိုင်းလို ကြွက်စီကြွက်စီတောင် မလုပ်ဘဲ ငိုင်တိုင်တိုင်ကြီးတွေ ဖြစ်နေကြသည်။ လှထုံဆိုလျှင် အီတလီဂိုးသမားကို ဆနားလို့ဆိုပြီး တရှုံ့ရှုံ့ ငိုနေသဖြင့် ကျော်ကွန့်က ချော့ရသေးသည်။

◆

ဒီလိုနဲ့ပဲ ယူရိုတူးသောင်ဇင် ဘောလုံးပွဲကြီးကတော့ အောင်မြင်စွာ ပြီးစီးသွားခဲ့လေပြီ။ သို့တိုင်အောင် '၃ တူးသောင်ဇင်'ကတော့ မပြီးသေး။ လက်ဖက်ရည်ဆိုင်မှာ ဆံပင်ညှပ်ဆိုင်မှာ၊ အသုပ်ဆိုင်မှာ၊ မုန့်ဟင်းခါးဆိုင်မှာ၊ အလုပ်ခွင်ထဲမှာ ဘောလုံးပွဲအကြောင်း ဆက်ပြီး ဝေဖန်နေကြတာ၊ ဘော်လုံးသမားတွေအကြောင်း၊ သူတို့ ကစားပုံကစားကွက်အကြောင်း တဖွဖွပြောနေကြတာ တစ်ပတ်ဆယ်ရက်ထိ မပြီးနိုင် သေး။

ကြာတော့ ဦးကုလားသည် မြင်ပြင်းကပ်လာပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ မင်းတို့က ဒီလောက် တသသ ပြောရလောက်အောင် အဲဒီလူတွေက မင်းတို့ အမျိုးတွေလား၊ အဲဒီဘောလုံးသမားတွေကရော မင်းတို့ယောက်ဖတွေမို့လို့လား"

ဟု ပြောယူရလေ၏။

ဘာပဲဖြစ်ဖြစ်၊ ဘောလုံးဝါသနာအိုးတွေကတော့ ဘောလုံးပွဲအကြောင်းဆိုလျှင် မမောနိုင်၊ မပန်းနိုင် ပြောချင်ကြတာပါပဲ။ နှစ်ကုန်ပိုင်းမှာ ကျင်းပမည့် တိုက်ဂါးဖလားပွဲ အချိန်ရောက်လာလျှင်လည်း မြန်မာ့လက်ရွေးစင်ဘောလုံးသမားတွေကို ယောက်ဖတော်ချင်သူများ ပေါ်ပေါက်လာဦးမှာ အမှန်ပင်ဖြစ်လေ၏။

◆ ◆ ◆



# တစ်လုံးပြောင်း

www.burmeseclassic.com

www.burmeseclassic.com



# တစ်လုံးပြောင်း

ဒီရက်မျိုးရောက်ပြီဆိုလျှင် သူတို့ရပ်ကွက်ထဲက လူတွေကို ကြည့်ရတာ ဆယ်တန်းစာမေးပွဲဖြေခါနီး ကလေးတွေနှင့် အတော်တူသည်။

စာမေးပွဲဖြေခါနီးမှာ ကိုယ်ကျက်ထားသမျှ စာတွေကို ဘယ်တော့မှ တင်းတိမ်ရောင့်ရဲမှု မရှိ၊ ဘယ်လောက်ကျက်ထား ကျက်ထား မရသေးဘူးလို့ပင် ထင်သည်။ ဟိုတစ်ပုဒ်မကျေညက်သေးဘူးထင်ပြီး ပြန်နွှေးလိုက်၊ ဟိုအပိုင်းကို ပြန်စဉ်းစားကြည့်ရင်း ရုတ်တရက် အစဖော်လို့ မရသဖြင့် စာအုပ်ပြန်လှန်လိုက်၊ ဟိုသရုပ်ဖော်ပုံ ဆွဲကြည့်တော့ အရင်အထပ်ထပ် လေ့ကျင့်ခဲ့တုန်းကလို သပ်သပ်ရပ်ရပ် မရှိဖြစ်နေသလိုလို ထင်လိုက်၊ သူငယ်ချင်းတစ်ယောက်က ဟိုအပိုဒ်တော့ ကျိန်းသေပဲလို့ ကြားတယ်ဆိုလျှင် အပြေးအလွှားပြန်ကြည့်လိုက်၊ ဟိုအပိုင်း ရပြီးပြီလားမေးလျှင် ပြူးပြူးပြာပြာဖြစ်လိုက်၊ စာမေးပွဲခန်းထဲ ဝင်ကာ နီးထိတောင် စိတ်ချလက်ချ မဖြစ်ဘဲ စာအုပ်နှင့် မျက်နှာ ခွာတုံကပ်တုံ လုပ်နေတာ မြင်ဖူးကြလိမ့်မည်။

**ဝန်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီအတိုင်းပဲ၊ သူတို့သည် လဆန်းတစ်ခါ၊ လလယ်တစ်ခါ၊ လကုန်ခါနီးတစ်ခါ စာမေးပွဲဖြေရသလို ဖြစ်နေ၏။ သူတို့ ဖြေရတာကတော့ သင်္ချာတစ်ဘာသာတည်း။ ပုစ္ဆာကလည်း တစ်ပုဒ်တည်း။ သို့ရာတွင် မဖြေနိုင်သူက များသည်။ အဖြေမှန်ရအောင် တွက်နိုင်သူက တစ်ထောင်မှာမှ တစ်ယောက်။ မေးခွန်းလိုက်တဲ့လူတွေ၊ အကြားအမြင်သမား ယုံစားသူတွေ၊ မွေးမေးခွန်းအားကိုး သူတွေမှာ စာမေးပွဲ ဝင်ကြေးသာ သောက်သောက်လဲ ကုန်ပြီး အားလုံးလိုလို ပြာနေကြလေ၏။

◆

ဦးဖိုးပြောသည် ကွင်းပိုင်ကြီး နတ်စင်ဆောက်ဖို့ သိပ်မဟန်ဘဲ ဖြစ်သွားပြီးနောက် အတော်ကြာအောင် ခပ်ကုပ်ကုပ် နေနေရသည်။ ထို့နောက် အခြေအနေ အချိန်အခါက သူ့ကို မျက်နှာသာပေးလာပြန်သည်။

မောင်ကျော်လှလေး လန့်ဖျားဖျားတုန်းက ကုသပေးခဲ့သည့် ကျေးဇူးကြောင့် လှထုံက သူ့ကို ဆရာတစ်ဆူလို အားကိုးသည်။ ခုတလော ကျော်ကွန့်သည် အလုပ်ထဲမှာ နည်းနည်း အဆင်မပြေ ဖြစ်နေ၏။ သူ့ ဆရာဦးကြည်ဝမ်း တခြားစက်ရုံ ပြောင်းသွားပြီးနောက် အလုပ်ခွင်ထဲမှာ သိပ်မပျော်ဘဲ ဖြစ်နေသည်။ ဒီတော့ အလုပ်လုပ်ရာမှာ အမှားအယွင်း





ရှိလာသည်။ အဆူခံရသည်။ သတိပေးခံရသည်။ ထိုအခြေအနေက အိမ်မှာပါ ရိုက်ခတ်သည်။ ကျော်ကွန့်သည် လှထုံနှင့်သားဖြစ်သူတို့ကို ပြဿနာ မရှာသော်လည်း သိပ်ရွှင်ရွှင်ပျပျ မရှိဘဲ ငိုင်ငိုင်နေတတ်သည်။

ဒါကို လှထုံက မကြည့်ရက်။ သူ့ယောကျ်ားမှာ အမှောင့်ပယောဂများ ကပ်နေသလားဆိုပြီး ဦးဖိုးပြောကို သွားမေးသည်။ ဦးဖိုးပြောက. . .

"ဟယ် ကွင်းပိုင်ကြီးက စောင့်ရှောက်နေင့် ၊ ဘယ်ပယောဂ ကပ်ရဲမှာလဲ။ အင်း. . နေဦး။ ငါ စစ်ကြည့်ဦးမယ်"

ဆိုပြီး ကျော်ကွန့်၏ မွေးသက္ကရာဇ်ကို မွေးသည်။ လှထုံက မသိ။

"မောင်ဝထက် တစ်နှစ်ကြီးတယ်လို့ဆော့ ပြောတာပဲ" ဟုဆို၏။ ဦးဖိုးပြော ခေါင်းကုတ်ပြီး။

"အဲ. . ကျော်ကွန့်က တနင်္လာသားမဟုတ်လား"

"ဟုတ်မယ် ထင်တာပဲ"

"ဟုတ်တယ်ပဲ ထားပါတော့။ နာမည်ရဲ့ နေ့နာမ်ကို ယူပြီး ပြောရရင် အဲ. . ဟိုဒင်း ဟုတ်ပြီ။ စနေထွက်ခတ် ခတ်တဲ့ သဘောပါ။ သိပ်စိတ်မပူပါနဲ့။ ယတြာလေး ဘာလေးချေလိုက်ရင် ကောင်းသွားမှာပါ"

"ယတြာဟုတ်လား၊ ဘယ်လို လုပ်ရမလဲဟင် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြော့"

"အင်း. . ဘယ်လိုလဲဆိုတော့"

ဦးဖိုးဖြော့က တစ်စုံတစ်ခု လျှောက်ရေးခြစ်နေပြီးမှ. . .

"အဲ. . ဒီလိုလုပ်၊ အကျင့်သီလနဲ့ ပြည့်စုံတဲ့ လူကြီးတစ်ယောက်ကို ပုဆိုးတစ်ထည်နဲ့ ကန်တော့လိုက်"

"ဟာ ဒါဆိုအတော်ပဲ။ ကျွန်မလည်း ဦးလေးကုလားကို ကန်တော့ချင်နေတာ ကြာပြီ။ သူ့ကျေးဇူးလည်း ကျွန်မတို့အပေါ် ရှိတယ်မဟုတ်လား"

ဦးဖိုးဖြော့ မျက်နှာမှာ မဲ့တဲ့တဲ့ကြီး ဖြစ်သွား၏။ လှထုံတို့ ထုံချက် အ,ချက်ကတော့ ဒီလောက်အရိပ်ပြနေတာတောင် အကောင်မမြင်။ တတ်နိုင်ပါဘူး။ ခပ်ပြောင်ပြောင်ပြောမှ။

"မရဘူးလေ၊ ဦးကုလားက ကျော်ကွန့်နဲ့ ဓာတ်တူနာမ်တူကြီး ဖြစ်နေတယ်။ ပြီးတော့ ဦးကုလားဟာ စီးပွားရေးလုပ်နေတာ မဟုတ်လား။ တစ်ခါတလေ သီလချိုးဖျက်တာမျိုး ရှိချင်ရှိနေမှာ။ အခုဟာက စနေထွက်ခတ်ခတ်တာဆိုတော့ သူ့ရဲ့ ရန်ဖက် ကြာသပတေးနဲ့ ပြန်တိုက်မှ ရမယ်။ ဒါကြောင့် ကြာသပတေးသားကို ကန်တော့ရမှာ"

ဒါတောင် လှထုံက မရိပ်မိသေး။

"ကြာသပတေးသား ဘယ်သူရှိလဲဟင်"

ဟု မေးနေပြန်သဖြင့်





"ပ ဖ ဗ ဘ မနဲ့ စတဲ့ နာမည်ပေါ့"

"ဟုတ်ပြီ၊ ကိုပတေး"

"ဟာ. . ပတေးက လူကြီးမှ မဟုတ်တာ၊ ဒီလိုကွယ်၊ ဖေတို့၊ ဖိုးတို့နဲ့ စတဲ့နာမည်မျိုးပေါ့"

ဟု တည့်တည့်ကြီးပြောတော့မှ. .

"ဟုတ်ပါရဲ့။ ဦးလေးဖြော့ တစ်ယောက်လုံးကို မေ့နေတယ်။ ဟီး ဟီး"

လှထုံက ပုဆိုး တစ်ထည်ဖြင့် ကန်တော့သည်။ အကောင်းစားတော့ မဟုတ်။ လယ်သမားတံဆိပ် ပုဆိုးသာဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒါလည်း ၂၀၀ ကျော်တန်သည်။ ဦးဖိုးဖြော့က ဆုပေးရင်း. .

"အင်း။ကြည့်နေ၊ ကျော်ကွန့်ဟာ မကြာခင်အတွင်းမှာ ခုထက် အဆင့်မြင့်တဲ့ အလုပ်ကို ရလိမ့်မယ်"

ဟု ပြောလိုက်၏။

ကျော်ကွန့်သည် ရာထူးတော့ မတက်။ သို့ရာတွင် နောက်နှစ်ပတ်လောက် ကြာသောအခါ သူ့ဆရာ ဦးကြည်ဝမ်းရှိရာ စက်ရုံသို့ လိုက်ပြောင်းရသည်။ ဘာပဲဖြစ်ဖြစ် အဆင့်ပိုမြင့်တဲ့ အလုပ်ကို ပြောင်းရမယ်လို့ ဦးဖိုးဖြော့ ဟောလိုက်တာ ဒက်ထိမှန်သည်ဟု လှထုံက ယုံကြည်သည်။ အကြောင်းမှာ ကျော်ကွန့် အရင်လုပ်သော စက်ရုံသည် ဖိနပ်စက်ရုံဖြစ်ပြီး ခုပြောင်းရသည့် စက်ရုံမှာ ထီးစက်ရုံ ဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



လှထုံသည် ဦးဖိုးဗြော့ကို ပို၍ ယုံကြည်အားကိုးလာသည်။ ထို့ကြောင့်. .

"ဦးလေးဗြော့ ဒီတစ်ပတ် ထိပ်စီးဘာကောင်းလဲဟင်၊ တွက်ကြည့်ပေးပါဦး"ဟု လာမေးသည်။ ဦးဖိုးဗြော့က ခဏစဉ်းစားပြီး။

"ဒါကတော့ သိပ်မခဲယဉ်းလှပါဘူးကွယ်။ အနီးစပ်ဆုံး အတိတ်နိမိတ်ကို ယူလို့ရတာပဲ။ ငါတို့မက ကြာသပတေးသားဖြစ်တဲ့ ဦးလေးကို ပုဆိုးနဲ့ ကန်တော့တယ်။ ပြီးတော့ ခုချိန်မှာ ကြာသပတေးဂြိုဟ်ကလည်း ဗျဂ္ဂစာကျင့်နေတယ်ဆိုတော့ အင်း. . ဒါနဲ့ ဒီနေ့ ဘာဟင်းချက်လဲ"

"ငါးမြစ်ချင်း"

"ဟုတ်ပြီ။ ဒါ နိမိတ်ပဲ။ ငါးတစ်လုံး သတီထားပေတော့"

တကယ်ပဲလား။ တိုက်ဆိုင်တာလား မသိ။ သူပြောတာ မှန်သွားသည်။ လှထုံမှာ လက်ဖျားတစ်ခါခါ ဖြစ်ပြီး ရပ်ကွက်ထဲမှာ လျှောက်ပြောသည်။ ဤသို့ဖြင့် ဦးဖိုးဗြော့အိမ်မှာ လူစည်ကားလာ၏။ အရင် ဘာသိဘာသာနေခဲ့သူတွေ အခုလမ်းမှာ တွေ့လျှင် "ဦးလေးဗြော့ နေကောင်းလား"ဖြစ်လာ၏။ သူ လက်ဖက်ရည်ဆိုင် လာထိုင်လျှင် ဒါနပြုချင်သူတွေ ပေါလာသည်။ တစ်ခါတလေ ဟိုလူကရော ဒီလူကပါ သူ့အတွက် ဝိုင်းပြီး ရှင်းနေကြလျှင် ဘာနူးက. .

**ပန်အောင်စာပေ**



"ကဲ ဘယ်သူမှ မပေးကြနဲ့တော့။ ဒီတစ်ခါ ကျွန်မပဲ ပြုစုလိုက်ပါ့မယ်"

ဟု စေတနာတွေ ပိုပစ်လိုက်တတ်သည်။ ဦးဖိုးဗြော့ကလည်း ငါကိုချည်း အားမကိုးနဲ့ ကွင်းပိုင်ကြီးဆီမှာလည်း အမွေးတိုင်လေး ဘာလေး ပူဇော်ကြဦးဟု ဆိုသောအခါ ဒေါ်ပို၏ ကုန်စုံဆိုင်ကလေးမှာ အမွေးတိုင်တွေ လက်ကျန်မရှိလောက်အောင် အလုအယက် ဝယ်ကြသည်။ တချို့မှာ မရလိုက်သဖြင့် ဈေးထဲအထိ ပြေးဝယ်ကြရလေ၏။ ဤသို့ဖြင့် ကွင်းပိုင်ကြီးရဲ့ နတ်စင်ရှေ့မှာ စက်ရုံတစ်ခု လာတည်ထားသလား ထင်ရလောက်အောင် မီးခိုးတွေ ထောင်းထောင်းထနေ၏။ ဒီကြားထဲမှာ အမွေးတိုင် အထုပ်လိုက် လာပူဇော်ထားသူလည်း ရှိ၏။ ဒါကတော့ အရောင်းကိုယ်စားလှယ်ဖြစ်သူကိုစာကလေးက တန်ပြန်သည့် သဘောပြုလုပ်ထားခြင်းဖြစ်၏။ ဒီအကြောင်းကို သိသွားကြသောအခါ ရပ်ကွက်ထဲက လူတွေကလည်း အမွေးတိုင် အထုပ်လိုက် ထွန်းပြီး တုံ့ပြန်သည်။ ဒီလိုအမွေးတိုင်စစ်ပွဲကြီး အပြန်အလှန် ကျင်းပနေကြတာ ဂျာနယ်တွေ တစ်စောင်နဲ့တစ်စောင် ခွပ်နေကြတာ ထက်တောင် ပြင်းထန်သေးသည်။

ဒေါ်ပို၏ဆိုင်မှာ ထိုရက်များအတွင်း ငရုတ်သီးမှုန့်၊ ကြက်သွန်၊ အာလူး၊ ကြက်ဥ စသည်တို့ ရောင်းအားကျပြီး အမွေးတိုင်တွေသာ လက်မလည်အောင် ရောင်းနေရသည်။

(ဒါကြောင့်လည်း အမွေးတိုင်သမားတွေက ခွပ်မြင်းကြားမှာ သိန်းချီအကုန်ခံပြီး ကြော်ငြာနိုင်ကြတာပေါ့။)

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးပြော့ တာဝန်မှာ စိုးမိုးဂဏန်းများ တွက်ပေးရခြင်း၊ အတိတ်စိမ်း ကောက်ပေးရခြင်း၊ အိပ်မက်ကို အဓိပ္ပာယ်ဖော်ပေးရခြင်းတို့ ဖြစ်၏။ လူတွေကလည်း ခုကျမှ မက်လိုက်တဲ့ အိပ်မက်တွေဆိုတာ ညတိုင်းလိုလိုပဲ။ အိပ်မက်ကိုသာ အိတ်စပို့ လုပ်လို့ ရမည်ဆိုလျှင် ပဲတီစိမ်း၊ ပုဇွန်ကျားတို့၊ ကျွန်းသစ်တို့ဆိုတာ ပျင်းတောင်ပျင်းသေးတယ်။

အတိတ်စိမ်းကလည်း ကောက်သလားမမေးနဲ့။ အဖိုးကြီး ဒေါ်ပို ခလုတ်တိုက်လို့ "သောက် ပလုတ်တုတ်"ယောင်တာလည်း အလွတ်မပေး။ ညဘက် ခွေးဟောင်တာတောင် ဘယ်နှစ်ခါ ဟောင်လည်း ဂရုတစိုက် မှတ်ချင်မှတ်ကြသည်။

တစ်ရက်မှာ မဖွေး သတင်းတစ်ခု ယူလာသည်။ဘယ်ရပ်ကွက်မှာဆိုတာလား အဘိုးကြီးတစ်ယောက် ဆုံးသွားတော့ ဈာပနမှာ ကမ်းသည့် ယပ်တောင်မှာပါတဲ့ အဘိုးကြီးရဲ့ အသက်အတိုင်း ဝိုင်းထိုးလိုက်ကြတာ တစ်ရပ်ကွက်လုံး ကျွတ်ရတယ်ဆိုပဲ။ ထိုသတင်းကို ကြားရပြီးသည့်နောက် ရပ်ကွက်ထဲမှာ အဘိုးကြီး၊ အဘွားကြီးတစ်ယောက်ယောက် နေမကောင်းဖြစ်လျှင် ဘာရောဂါလဲ၊ သက်သာရဲ့လား၊ ဘာဆေးတိုက်လဲဆိုတာ မမေးကြဘဲ အသက်ဘယ်လောက်ရှိပြီဆိုတာကို အရင်





ဆုံး ဂရုတစိုက် မေးကြတာမျိုး ဖြစ်လာ၏။ ထို့ကြောင့် လူကြီးမှာ အနေရ အထိုင်ရ ခက်ပြီး နှာစေး၊ ချောင်းဆိုးဖြစ်လျှင် မျက်ခုံးလှုပ်နေကြသည်။ နှာချေတာတောင်အသံတိတ်ချေရမယ့်သဘော။

ဦးဖိုးပြော့ ကိုယ်တိုင်ပင်လျှင် အောင့်သက်သက် ဖြစ်သွားရတာ ရှိသေးသည်။ တစ်ရက်မှာ ရေချိုးပြီး ချမ်း စိမ့်စိမ့်ဖြစ်သွားသဖြင့် အနွေးထည်ဝတ်ပြီး လမ်းလျှောက်ထွက်ခဲ့သည်။ ချွေးကလေး နည်းနည်းစို့လာပြီး ဗိုက်ထဲက ဆာလာသည်။ ပတေးတို့ ဆိုင်သွားထိုင်လျှင် သူ့အတွက် တစ်ယောက်ယောက်က ငွေရှင်းမယ်ဆိုတာ တပ်အပ်သိသဖြင့် ဆိုင်ဘက်ကွေ့လျှောက်လာခဲ့သည်။

အနွေးထည်ကြီး ဝတ်ပြီး ဝင်လာသော သူ့ကို မြင်သောအခါ မလုံးက. .

"ဦးလေးပြော့ နေမကောင်းဘူးလား"

ဟု မေးသည်။ မလုံးက လှမ်းဖားလိုက်ခြင်းဖြစ်သော်လည်း ဦးဖိုးပြော့မှာ တွန့်ခနဲ ဖြစ်သွားပြီး။

"ဘာကြောင့် နေမကောင်း ဖြစ်ရမှာလဲ။ ငါက အသက်တစ်ရာထိ နေဦးမှာ"

ဟု ခပ်ထန်ထန် ပြောလိုက်သဖြင့် မလုံးမျက်နှာလေး ငယ်ပြီး ကုပ်သွားသည်။ ပတေးက. .

"ဦးလေးပြော့ လက်ဖက်ရည်လား"မေးသည်။

"မသောက်တော့ဘူးကွာ။ မုန့်ပဲ စားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားမလဲ ဦးလေး"

"အင်း ဒီလိုရှိတယ်ကွ၊ ပညတ်သွားရာ ခတ်သက် ပါသတဲ့။ ပေါက်တဲ့ လူတွေက တန်းစီနေမယ့် နိမိတ်ယူဖို့ ပေါက်စီစားမယ်ကွာ"

အမှန်တော့ ဦးဖိုးဖြော့သည် ဟိုအရင်က ပေါက်စီ ဈေးကြီးသဖြင့် မစားနိုင်ခဲ့ဘဲ ခုကျမှ အခွင့်အရေးရတုန်း ဟဲ လိုက်မယ် စိတ်ကူးဖြင့် ထွင်ပြီး ပြောလိုက်ခြင်းဖြစ်၏။

"ဟာ ဦးလေးကလည်း ကျွန်တော်တို့ဆိုင်က ဟို အသားပါတာတွေ မတင်ဘူးလေ"

"အေး. . ဟုတ်သားပဲ။ ဒါပေမယ့် ပဲပေါက်စီလေး တော့ ထားဖို့ကောင်းတယ်ကွ"

"အားလူးကက်တလိတ်စားပါလား ဦးလေး၊ ကျွန်မ ကိုယ်တိုင် စပယ်ရှယ် လုပ်ထားတာ"

ဘာနူးက လှမ်းပြောသည်။

"အေး ကောင်းသားပဲ"

ဘာနူးက အားလူးကတ်တလိတ် ပန်းကန် လာချ ပေးသည်။ ဦးဖိုးဖြော့က ယူ၍ တစ်ကိုက်ကိုက်ကြည့်ပြီး။

"ဟာ. . အတော်ကောင်းတာပဲ။ ဘာနူးရေ နင်တို့ ဆိုင်တော့ ရောင်းကောင်းဦးမှာပဲ"

ဟု ပြောရင်း ပလုတ်ပလောင်း စားသည်။ ခဏချင်း





မှာ တစ်လုံးကုန်သွားပြီး နောက်ထပ် တစ်လုံးနှိုက်လိုက်စဉ်. .

ခပ်လှမ်းလှမ်း စားပွဲမှာ ထိုင်ရင်း အကဲခတ်နေသော ဖိုးနီက. .

"အားလူးဆိုတာကျတော့ ဘယ်လိုနိမိတ်ယူမလဲ ဟင် ဦးလေးဖြော့"

ဟု လှမ်းမေးသည်။ သူ့ကို "အာ နေတာပါ"ဆိုသော သဘောနှင့် ပြောလိုက်ခြင်းဖြစ်ကြောင်း သိသဖြင့် ဖိုးနီကို မျက်ထောက်နီကြီးဖြင့် တစ်ချက်စိုက်ကြည့်သည်။ ဖိုးနီက ပြုံး စေ့စေ့လုပ်နေ၏။

မလုံးကတော့ ဦးဖိုးဖြော့ သူ့ကို စိတ်ခုသွားတာ ပြေ သွားအောင် ညနေကျလျှင် ဈေးထိပ်ဆိုင်က ဖြိုးကြီးပေါက်စီ ဝယ်ပြီး အိမ်ကို သွားပေးဦးမှဟု စိတ်ကူးမိသည်။

◆

ကျော်ကွန့် မျက်နှာ သစ်နေစဉ် လှထုံကကိုကျော်ကွန့် ဟု လာခေါ်သည်။ ကောက်ညှင်းပေါင်း ဝယ်ထားတယ်လို့မှား ပြောမလားလို့။

"အေး အေး စားမယ်"

ဟု ပြန်ပြောလိုက်မိ၏။

"ဘာစားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ ကောက်ညှင်းပေါင်းများ ဝယ်ထားသလားလို့"

"အို. . အဲဒါ မဟုတ်ပါဘူး။ ကိုကျော်ကွန့် ညက အိပ်မက်များ မက်သေးသလားလို့"

" ဘာ. . ဘာဖြစ်လို့ မက်ရမှာလဲ၊ မမက်ပါဘူး"

"ဟင်း တော်တော်အားကိုးရတယ်"

ကျော်ကွန့် ကြောင်သွား၏။

"ဟ အိပ်မက်မက်တာနဲ့ အားကိုးရတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ဆိုင်တယ် ကိုရှိန်ဆိုရင် ခဏ ခဏ မက်တာပဲ။ သူမက်ရင် မှန်တာများတယ်"

"ဘာမှန်တာလဲဟ"

"အိပ်မက်ကို အတိတ်ကောက်လို့ရတာ ပြောတာ။ မပွေးက သိပ်မကောက်တတ်လို့သာ နို့မို့ဆို တီဗီတောင်ဝယ်နိုင်နေပြီ"

"အို. . . ဒါတွေက တိုက်ဆိုင်မှုတွေပါဟာ"

"တိုက်ဆိုင်မှု မဟုတ်ဘူး။ ဆိုင်ရာပိုင်ရာက အိပ်မက်ပေးတာ"

"အဲဒါဆိုလည်း တစ်ခါတည်းသာကို နံပါတ် ပြောလိုက်ပေါ့။ ဘာလို့ အတိတ်တွေ၊ နိမိတ်တွေ ပေးနေရတာလဲ"

"သူတော်ကောင်းဆိုတော့ ဒါမျိုး တည့်တည့် မပြော





ကောင်းဘူး"

"သူတော်ကောင်းတွေကတော့ ဒါမျိုးလုပ်မယ် မထင်ပါဘူး။ ကဲ. . အိပ်မက်ပေးတယ်ပဲ ထားပါတော့။ ဒီလောက်လူတွေ အများကြီး ဘယ်သူ့ကို ဘယ်လို အိပ်မက်ပေးရပါ့မလဲလို့ ဖာတ်လမ်းဆင်နေရတာနဲ့ပဲ သူတို့မှာ တခြားအလုပ်လုပ်ရမှာ မဟုတ်တော့ဘူး"

"ရှင် ကပ်သပ်ပြီးတော့ မပြောနဲ့။ တန်ခိုးရှိတဲ့ လူအဖို့ ဒီလောက်က အသေးအဖွဲ့ပဲ။ ကဲပါ. . . သိပ်အရစ်ရှည်မနေနဲ့။ ဒီနေ့ည အိပ်မက်အောင် ကြိုးစား၊ ဒါပဲ"

"ဟာ အိပ်မက်ဆိုတာ ကိုယ်မက်ချင်တိုင်း မက်လို့ရတဲ့ အရာမဟုတ်ဘူးလေ။ နင်ကော မက်လို့လား"

"အမယ်၊ ကျွန်မက နေ့တိုင်းလိုလို မက်တာ၊ မနက်ကျတော့ ပြန်စဉ်းစားလို့ မရလို့ပေါ့"

ထိုအခိုက်မှာ မောင်ကျော်လှ အနားရောက်လာပြီး.

"အမေ မုန့်ဖိုး ပေးဦးလေ"

ဟု ပြောသည်။ လှထုံက ဆယ်တန်တစ်ရွက်ပေးလိုက်ပြီး

"ဟဲ့. . သားရော အိပ်မက် မက်သေးလား"

"ခင်ဗျာ"

"အိပ်မက် မက်သေးလားလို့ မေးနေတာ"

"မသိဘူးအမေ"

"ဘာ ကိုယ်အိပ်မက်မက်လား၊ မမက်ဘူးလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မသိဘူးလား၊ နင်လည်း နင့်အဖေလိုပဲ ကြောင်တောင် တောင်နဲ့ ဒါပဲနေ၊ နောက်နေ့ အိပ်မက်မမက်ရင် မုန့်ဖိုး မပေးဘူး"

မောင်ကျော်လှမှာ မျက်လုံးလေး ကလည်ကလည် လုပ်ရင်း ခေါင်းကုတ်ပြီး ထွက်သွားသည်။ လှထုံက ကျော်ကွန့်ဘက်လှည့်ပြီး။

"ရှင်လည်း အိပ်မက်မက်ဖို့သာ ပြင်ထား"

ဟု ကြိမ်းလိုက်လေသည်။

ကျော်ကွန့်သည် သူ့မိန်းမအကြောင်း သိသည်။ လှထုံက တချို့ကိစ္စတွေမှာ ဘယ်လိုရှင်းပြလို့မှ နားမလည်။ တစ်ခါတလေကျတော့ မဟုတ်ကဟုတ်က ယုတ္တိမတန်တာတွေ ပြောလည်း ယုံချင်ယုံတတ်သည်။ ခုလည်း အိပ်မက်မမက် မနေရဟု ရာဇသံပေးထားသည်။ ဒါကို ဘယ်လို ဖြေရှင်းရပါ့မလဲ တွေးရင်း ပတေးတို့ဆိုင်ဘက်သို့ လျှောက်လာ၏။ ကိုရှိန်တို့အိမ်ရှေ့ရောက်သောအခါ စိတ်ကူးတစ်ခု ရသဖြင့် . . .

"ဗျို့ ကိုရှိန်၊ ကိုရှိန်"

ဟု အော်သည်။ ကိုရှိန်ထွက်ကြည့်သည်။

"လက်ဖက်ရည်ဆိုင် လိုက်ဦးမလား"

"အေးကွ၊ ငါလည်း ခုပဲ ထွက်တော့မလို့"

ဆိုပြီး ထွက်လိုက်လာသည်။ လမ်းမှာ ကျော်ကွန့်က





သူ့ ပြဿနာကို ပြောပြပြီး။

"အဲဒါ ကျွန်တော်မှာလည်း ဒုက္ခပဲ၊ ကျွန်တော်ကလည်း အလုပ်ပင်ပန်းတော့ အိပ်လိုက်ရင် တုံးခနဲပဲ။ အိပ်မက်မက်ဖို့တောင် အချိန်မရဘူးလား မသိပါဘူးဗျာ။ လှထုံအကြောင်းလည်း ခင်ဗျားသိသားပဲ။ စွဲမိစွဲရာဗျ။ ကိုရှိန်ကတော့ အိပ်မက် ခဏ ခဏ မက်တယ်ဆိုတော့ တော်သေးတာပေါ့"

ကိုရှိန် တဟားဟား ရယ်သည်။

"ဘာရယ်တာလဲဗျ။ ခင်ဗျားက ဒီမှာ ဦးနှောက်ခြောက်ရတဲ့ကြားထဲ"

"ကျော်ကွန့်ရာ မင်းလည်း လှထုံ ယောက်ျားလို့မပြောရဘူး။ ဒတ်တော် န,သေးတာပဲ။ ဘယ်သူက နေ့တိုင်း အိပ်မက် မက်ပါ့မလဲကွ"

"ဟင် ဒါနဲ့ လှထုံပြောတော့"

ကိုရှိန်က လက်ကာလိုက်ပြီး။

"ဒီမှာကွ ကျော်ကွန့်ရ၊ အိပ်မက်ဆိုတာ ကိုယ်တစ်ယောက်တည်း ကြိတ်ပြီးမက်တာလေကွာ။ တကယ်မက်မ မက် လိုက်စစ်ဆေးလို့ ရတာလိုက်လို့"

"ဒါဆို"

"ဇအေးပေါ့ကွ၊ မမက်ဘဲနဲ့ မက်တယ်ဆိုပြီး စိတ်ကူးတည့်ရာတွေ လျှောက်ပြောတာပေါ့။ အမယ် တစ်ခါ တစ်ခါ ရမ်းတုတ်တာက မှန်ချင် မှန်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"မမှန်တာရော"

"ဒီတော့လည်း ကောက်တာနည်းလမ်းမကျလို့ပေါ့ကွာ။ တကယ်က ပြောင်းပြန်ယူရမှာတို့ ဘာတို့ လျှောက်ဖြီးတာပေါ့"

"အေးဗျာ၊ ဟုတ်သားပဲ။ ခင်ဗျားနည်း မဆိုးဘူး"

နောက်တစ်နေ့ မနက်ကျတော့ ကျော်ကွန့်က လှထုံကို. . .

"ငါ ညက အိပ်မက်မက်တယ်"

ဟုပြောသည်။

"ဘယ်လို မက်တာလဲ"

"ကြက်သားဟင်းနဲ့ ထမင်းစားရတယ်လို့ မက်တာ"

အမှန်တော့ ကျော်ကွန့်သည် ကြက်သားနှင့် မစားရတာ ကြာလို့ သူ စားချင်တာကို ပြောခြင်းဖြစ်သည်။ လှထုံကတော့ ကျေနပ်သွားသည်။ ဒီနည်းမှာ ဆိုးတော့မဆိုး။ ဘာအိပ်မက်မက်တယ်ဆိုတာ စဉ်းစားရတာပဲ အလုပ်ပိုသည်။ သို့သော် သူ့အတွက် နားအေးသွားသော်လည်း မောင်ကျော်လှကတော့ မစားသာလှ။

"နင်ဟာ စားဖို့ မုန့်ဖိုးတောင်းဖို့ပဲ တတ်တယ်။ မိဘကို ကူညီဖော် မရဘူး။ အိပ်လိုက်ရင် ကုလားသေ၊ ကုလားမော၊ အိပ်မက်ကလေး ဘာလေးမက်ဖို့ စိတ်မကူးဘူး"

ဟု လှထုံက ဆူလေသည်။ မောင်ကျော်လှမှာ အ





တော်ခွကျနေ၏။ ထိုအခါ ကျော်ကွန့်က သူ့နည်းကိုသုံးဖို့ တိုးတိုးတိတ်တိတ် မှာသည်။ မောင်ကျော်လှမှာ လှထုံ့သားပီပီ အတီးအတဖြစ်၏။ မနက် အိပ်ရာက နိုးလို့ လှထုံက ညက ဘာမက်သလဲမေး။ ကျော်ကွန့်က စိတ်ကူးထားသည့် အတိုင်းဖြေ။ နင်ကော. . . ဆိုပြီး မောင်ကျော်လှကို မေးသောအခါ.

"အဲ . . သားလည်း အဖေ မက်တဲ့အတိုင်းပဲ"

ဟု သံယောင် လိုက်လေ၏။ "ဟိုက်သွားပြီ"ဟု ကျော်ကွန့်စိတ်ထဲက လန့်သွားသော်လည်း လှထုံက. .

"ဟင် အိပ်မက်တစ်ခုထဲကို နှစ်ယောက်ပြို[illegible] မက်တယ်ဟုတ်လား။ ထူးခြားလိုက်တာ။ ပြီးတော့ အင်း. . အခုရုံတင်ပြနေတဲ့ ဇာတ်ကားနာမည်ကလည်း နှစ်ယောက်တစ်အိပ်မက်ဆိုတော့ ဟာ. . ဟုတ်ပြီ။ ဒီလောက်တိုက်ဆိုင်တာ ကျိန်းသေပြီ"

ဆိုပြီး ဝမ်းသာအားရ ဖြစ်သွားလေ၏။

ကျော်ကွန့်တို့ သားအဖလည်း စိတ်သက်သာရာ ရသွား၏။ သို့ရာတွင် နေ့တိုင်း နှစ်ယောက်တစ်အိပ်မက် လုပ်လို့လို့ မရသဖြင့်. .

"ဟေ့ကောင်၊ ငါ့ အိပ်မက်အတိုင်းချည်း လိုက်လုပ်လို့မရဘူးကွ။ ကိုယ့်ဘာသာလည်း စဉ်းစားဦး"

ဟု ကျော်ကွန့်က ပြောတော့. .

"သား. . မစဉ်းစားတတ်ဘူး။ အဖေပဲ သားအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပါ စဉ်းစားပေးပါနော်”

ဆိုသဖြင့် ကျော်ကွန့်မှာ တစ်ယောက်နှစ်အိပ်မက် စဉ်းစားနေရသည်။ ဒီကြားထဲမှာ လှထုံက နောက်တစ်ဆင့် တက်ပြီး အိပ်မက်တွေကို အတိတ်ပါ တစ်ပါတည်းကောက် ခိုင်းနေပြန်သဖြင့် ကျော်ကွန့်ခမျာ အတော်ဦးနှောက်စားနေ ရရှာလေသည်။ နောက်ဆုံးမတတ်သာသဖြင့် အတိတ်ကောက် ကောက်ပုံနည်း၊ တနင်္လာ၊ အင်္ဂါ စသော နေ့သင့်နံသင့် ဂဏန်း များယူပုံ ယူနည်းတွေကို သင်ပေးရ၏။ ဒါတောင် မကြာခဏ ဆိုသလို တလွဲတချော် ဖြစ်သေးသည်။

တနင်္ဂနွေသည် ပထမဦးဆုံးနေ့ ဖြစ်သောကြောင့် ဂဏန်းအားဖြင့် ‘တစ်’ဖြစ်သော်လည်း အက္ခရာမှာ နောက်ဆုံး ဖြစ်သော ‘အ’ဖြစ်နေတာကို သူ နားမလည်။ ထို့ကြောင့် တနင်္ဂနွေ(၁)၊ တနင်္လာ (၂)၊ က ခ ဂ ဃ င ဆိုပြီး ဇယားချပေး ထားရသည်။ ဒါတောင် ‘၉’နဲ့ ‘၀’ကျတော့ ဘယ်လိုယူမလဲဆို တာ ပြဿနာ ဖြစ်သေးသည်။ ဒါကျတော့ ကျော်ကွန့်လည်း မသိ။ ဦးဖိုးပြောကို မေးတော့ စနေနံဆိုလျှင် ‘၉’ယူလို့ရကြောင်း ‘၀’လည်း ယူနိုင်ကြောင်း ‘၇’ကတော့ အဓိကဖြစ်ကြောင်း သိရ၏။

သူတို့ရပ်ကွက်ထဲမှာ သင်္ချာစွမ်းရည်တော့ အတော် မြင့်လာသည်။ ဟိုအရင်က တစ်ခုခု တွက်ချက်လျှင် လက် ချောင်းတွေချိုးရင်း ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ရေတွက်





ကြသူရသောအချို့မှာ ခုကျတော့ “ကိုးနဲ့ ရှစ်ပေါင်း ဆယ်ခုနစ် ပေါ့”ဟု ဒက်ခနဲ ပြောနိုင်လောက်အောင် တိုးတက်လာကြ သည်။

နောက်တစ်ခုကတော့ အရင်ကထက် ပိုပြီး ဘုရား၊ တရားကို ပိုပြီး ဂရုစိုက်လာကြခြင်းပင် ဖြစ်၏။ တချို့တွေက ဘုရားစင်ကို ဗုဒ္ဓဘာသာမှန်း သိရုံလောက်သာ ထားသလို ဖြစ် နေခဲ့၏။ ခုကျတော့ ဘုရားစင်ကို သန့်သန့်ရှင်းရှင်း သပ်သပ် ရပ်ရပ်ဖြစ်အောင် သတိတရ လုပ်လာကြ၏။ သောက်တော် ရေလဲခြင်း၊ ပန်းကပ်ခြင်း၊ မီးပူဇော်ခြင်း၊ အမွှေးတိုင်ထွန်းခြင်း၊ ဆွမ်းတော်တင်ခြင်းတို့ကို ဂရုတစိုက် အချိန်မှန် ပြုလုပ်လာကြ သည်။ ဒါတစ်ခုတော့ အမြတ်ထွက်သည်ဟု ဆိုနိုင်သည်။

ဘာသာရေးနှင့် တိုက်ရိုက်မပတ်သက်သော်လည်း အဆောင်ယတြာတွေ၊ ဓာတ်ဆင်၊ ဓာတ်ရိုက်ခြင်းတွေလည်း လုပ်လာကြသည်။ ပေါက်အားကောင်းအောင် ပေါက်စီစား ခြင်း၊ ပေါက်ပန်းဖြူရွက်ချက်စားခြင်း၊ ပေါက်ပေါက်ဆုပ်ဖြင့် ဆွမ်းတော်တင်ခြင်း၊ ဘုရားပန်းကပ်ဖို့ ပေါက်ပန်းပွင့်ကို မရ မက လိုက်ရှာခြင်းတို့ ပြုလုပ်လာကြ၏။ ဘာနူးဆိုလျှင် မနက် ၉ နာရီတိတိမှာ သူ့ဆိုင်က ကက်ဆက်ဖြင့် “ပေါက်နေပြီ၊ ပေါက်နေပြီ”ဆိုသော သီချင်းကို ဖွင့်တတ်၏။

ခုချိန်မှာ ကိုပေါက်၊ မိပေါက် စသည်ဖြင့် မှည့်ထား သော ကလေးများမှာ အလွန်စန်းပွင့်သည်။ ဟိုက မုန့်ဝယ် ကျွေး၊ ဒီလူက အအေးဝယ်တိုက်၊ တော်တော်စားသာ၏။ တချို့ကျတော့ လာဘ်ကောင်းတဲ့ကလေးဆိုပြီး အလုပ်အစား

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ကစားစရာတွေ ဝယ်ပေး။ တစ်နေကုန် အိမ်ခေါ် ထားပြီး ကောင်းကောင်းပြုစုတာမျိုးတောင် ရှိသည်။

◆

ကိုရှိန်သည် သူ့ကိုယ်သူ အတော်ဇိမ်ကျနေသည်ဟု ထင်မိ၏။ ဟိုအရင်က မပွေး၏ အသုပ်ဆိုင်မှာ ကူလုပ်ပေးဖို့ စောစောထရသည်။ ခုကျတော့ မပွေးက အိပ်ရေးဝအောင် အိပ်စေသည်။ မိုးလင်းပိုင်းမှာ မက်တဲ့ အိပ်မက်က ပိုစင်းတယ်ဟု ယူဆသောကြောင့် ဖြစ်၏။ ဒါတွင်မက ဟိုအရင်က နေ့လယ် ခဏတဖြုတ် လှဲမိလျှင်. .

"အားနေရင် အပျင်းထူဖို့ပဲ စဉ်းစားနေတယ်။ အချဉ်ရည်ကုန်နေတာလည်း သိသားနဲ့။ ညနေဆိုင်ထွက်တော့ အချဉ်မရှိရင် ဘယ်လိုလုပ်မလဲ။ သွား ဈေးမှာ ပြေးဝယ်။ ပြီးရင် မန်ကျည်းရည်နဲ့ တစ်ခါတည်း စပ်ထား"

ဟု မြည်တွန်တောက်သော မပွေးသည် ခုကျတော့. .

"ကိုရှိန်ရေ နေ့လယ်နေ့ခင်း တရေးတမောလောက် အိပ်လိုက်ပါဦးလား"

ဆိုပြီး သူ့ကိုယ်တိုင်က တိုက်တွန်းတတ်သည်။

အစပိုင်းတော့ တယ်ဟန်ကျပါလားဟု ကျေနပ်မိ၏။ အလုပ် သိပ်မလုပ်ရဘဲ အေးအေးဆေးဆေး နပ်ရတာကို။





သို့ရာတွင် ကြာရှည်ကြာတော့ မနေနိုင်။ ပျင်းလာ၏။ အရင်က နေ့လယ် အိပ်မိတာက မနက်အစောကြီးထရသောကြောင့်ဖြစ်၏။ ခုကျတော့ မနက်အိပ်ရေးဝအောင် အိပ်ရသဖြင့် နေ့လယ်မှာ မအိပ်ချင်တော့။ လက်ဖက်ရည်ဆိုင် သွားထိုင်ပြီး ပတေးနဲ့ ဘောလုံးပွဲအကြောင်းလေး ဘာလေး ပြောချင်သည်။ ဒါမှမဟုတ် ကိုကြီးငွေဆီ သွားပြီး စစ်တုရင် သုံးပွဲလောက် လက်ရည်စမ်းချင်သည်။

သို့ရာတွင် မပွေးကတော့ အတင်းပဲ အိပ်ခိုင်းနေတော့တာပဲ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင်ဆိုပြီး မျှစ်ချဉ်တွေ၊ မှိုတွေတောင် ချက်ကျွေးသေးသည်။ ကိုရှိန်မှာ အိပ်ရလွန်းလို့ ခေါင်းတွေတောင် မူးနောက်လာသည်။

နောက်တစ်ခုကတော့. .

လဆန်းရက်တွေဆိုလျှင် မပွေးက အသုပ်ရောင်းရတာတစ်ဖက်၊ ဦးဖိုးမြော့ဆီ သွားရတာတစ်ကြောင်း၊ ကွင်းပိုင်ကြီးနတ်စင်မှာ အမွေးတိုင် ပူဇော်ရတာတစ်မျိုး၊ သတင်းနားစွင့်ဖို့ ဟိုအိမ်ဒီအိမ်သွားရတာ တသွယ်တို့ကြောင့် အိမ်မှာ ဟင်းကောင်းကောင်း မချက်နိုင်။

မကြာခဏ ဆိုသလို. .

"ကိုရှိန်ရေ၊ ဒီနေ့တော့ ပဲပြားသုပ်နဲ့ စားလိုက်တော့"

ဟု မပွေးက ပြောရင်းသုတ်သီးသုတ်ပြာ ထွက်သွားတတ်၏။ ပြီးတော့လည်း ဒီရက်တွေမှာ ဟင်းကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ဖို့ ငွေကို မသုံးနိုင်။ တစ်ဖက်ကို ဖွဲ့သုံးနေရသဖြင့် ဟင်းလျာဖိုးကို လျှော့ထားရသည်။ ပေါက်ပန်းဖြူရွက်ကိုပဲ နေ့စဉ်နေ့တိုင်း ပြုတ်တို့တာတစ်လှည့်၊ ကြော်ချက်တစ်လှည့်၊ ဆန်လှော်တစ်လှည့် စားနေရတာလည်း ငြီးငွေ့လှပြီ။

ဒီနေ့လည်း မပွေးသည် မနက် လေးနာရီလောက်ကတည်းက ထပြီး ထွက်သွားသည်။ ချောင်းဖျားဘက်ရှိ တဲစုကလေးမှာ ရောက်နေသော ကွမ်ရင်မယ်တော်၏ညီမ'ကုန်ရင်'ဆိုတာ တော်တော်နာမည်ကြီးနေသဖြင့် အပြေးအလွှား သွားရခြင်းဖြစ်၏။ အသုပ်ဆိုင်တောင်မှ ဒီနေ့မထွက်နိုင်။ နောက်ဆုံးပိတ် အိတ်နဲ့လွယ်မယ်လို့တော့ ကြုံးဝါးသွားတာပဲ။

သို့ရာတွင် နောက်ဆုံးတော့ ခြေကုန်လက်ပန်းကျ စိတ်ပျက်လက်ပျက် ဖြစ်ရတာကိုသာ တွေ့ရလေသည်။ ယောကျ်ားတွေ ဘောလုံးပွဲတစ်ပွဲပြီးလျှင် ပြောလို့မပြီးနိုင်သလို သူတို့ မိန်းမတွေလည်း အားနည်းချက် အားသာချက်များကို ပြန်လည်ညှိနှိုင်း သုံးသပ်ကြလေသည်။

မီးဖိုထဲမှာ မပွေး ထမင်းချက်နေတုန်း ဘေးမှာ ဝိုင်းထိုင်၍ တစ်ယောက်တစ်မျိုး ထင်မြင်ချက် ပေးနေကြခြင်း ဖြစ်လေ၏။

"ကုန်ရင်မယ်တော်က စည်းဝိုင်းထဲမှာ ကပြတယ်ဆိုကတည်းက ရှင်းနေပြီပဲ။ မပွေးရယ်"

မလုံးက ပြောသည်။ မပွေးက. .





"ဒီလောက် ပေါ်တင်ကြီးပေးတာ မထင်လို့ပေါ့ဟယ်၊ စည်းမပေါက်စေနဲ့နော် ဆိုတဲ့ စကားကို အထပ်ထပ်ပြောတော့ အဲဒီဘက်အာရုံ ရောက်သွားတာကိုး"

"ကျွန်မ ကြားထားတာ တစ်ခုပြောမယ်နော်။ ဟုတ်မဟုတ်တော့ မသိဘူး"

ဟု ဘာနူးက ပြောသည်။ မပွေးက 'ဘာလဲ'ဟု ပြန်မေးသည်။

"အခုသွားတဲ့ ကုန်ရင်ဆိုတာ အတုတဲ့။ တကယ့်အစစ်က ခုလို တဲစုတ်မျိုးကို မလာဘူးတဲ့။ ပလာဒိုတို့ အက်စ်အီးတို့လို ကားမျိုးနဲ့ သွားမှ ထွက်တွေ့တာတဲ့"

"ဟုတ်ချင်လည်း ဟုတ်မယ်၊ ဒါကြောင့်"

ဆိုပြီး သူတို့ အသံတွေ တိုးတိုးကျိတ်ကျိတ် ဖြစ်သွားကြ၏။

ကိုရှိန်ကတော့ ဗိုက်ဆာလွန်းလို့ အူတွေ ပြုတ်ထွက်ကုန်ပြီလား အောက်မေ့ရသည်။ ထမင်းကလည်း မကျက်သေး၊ ကျက်ရင်တောင် ဟင်းကလည်း မရှိ။ အသုပ်ဆိုင်အတွက် လုပ်ထားသော ဆီချက်ကိုဆမ်း၊ ဆားလေးဖြူးပြီး နယ်ဖတ်စားရပေတော့မည်။

ဘယ်လောက်သဘောကောင်းတဲ့ လူဖြစ်ဖြစ် ဗိုက်ဆာလာလျှင် စိတ်တိုစမြဲဖြစ်၏။ ကိုရှိန်လည်း နည်းနည်းတော့ ဒေါသဖြစ်နေပြီ။ ပူညံ ပူညံ မလုပ်တတ်သော သူမို့သာ မျိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရခြင်းဖြစ်၏။

မီးဖိုခန်းထဲက မပွေးတို့အသံ ပြန်ထွက်လာပြန်သည်။

"ကျွန်မလည်း ယတြာလုပ်ရမယ်ဆိုလို့ ကဏန်းနှစ်ကောင် ဝယ်လွှတ်လိုက်သေးတာပဲ"

"ကြည့်ရတာ ကဏန်းတွေက ရေငန် ကဏန်းတွေ ထင်တယ်။ ဒါကြောင့် ရေချိုထဲ လွှတ်တော့ မရှင်ဘူး ထင်ပါရဲ့"

အဲဒီကဏန်းနှစ်ကောင်ကို ဂေါ်ရင်ဂျီမဆလာလေးနဲ့ ချက်စားလိုက်ရ ဘယ်လောက်ကောင်းမလဲဟု ကိုရှိန်တွေးရင်း တံတွေးမျိုချမိ၏။

"ဒါနဲ့ ကိုရှိန် အိပ်မက်တွေကလည်း ဘယ်လိုဖြစ်တာလဲ။ သိပ်မမှန်တော့ပါလား"

ဘာနူး၏ အသံကြားသဖြင့် ကိုရှိန် ခေါင်းထောင်ပြီး နားစွင့်လိုက်၏။ မပွေးက. .

"ဟုတ်တယ်။ ဦးလေးပြောကို မေးကြည့်တော့ အာရုံ ထွေပြားနေလို့ သမာဓိအား မကောင်းဘဲ ဖြစ်နေတာတဲ့။ အဲဒါ သက်သတ်လွတ် ၄၉ ရက်စားပြီး သမထ ကျင့်ခိုင်းရမယ်တဲ့"

ကိုရှိန်သည် ဟိုက်ခနဲ ဖြစ်သွားပြီး အလျင်အမြန် ထရပ်လိုက်၏။ မီးဖိုထဲသို့ ခပ်သုတ်သုတ် ဝင်လာပြီး-

"ဒါတော့ မဖြစ်ဘူး။ ဒါတော့ ငါ မလုပ်နိုင်ဘူး"

ဟု အကြောက်အကန် ငြင်းသည့်လေသံဖြင့် ပြောလိုက်၏။





"မလုပ်လို့ မရဘူး။ ခုနောက်ပိုင်း ရှင့်အိပ်မက်တွေက ဂယောက်ဂယက်တွေချည်းပဲ။ တစ်လုံးမှ မဝင်ဘူး"

မပွေးက ကိုရှိန်၏ စောဒကကို ချေဖျက်သည်။ ကိုရှိန်လည်း လောလောဆယ် ဗိုက်ဆာနေတာက တစ်ကြောင်း၊ နောက်ထပ်လည်း ၄၉ ရက် သက်သတ်လွတ် စားရဦးမည်ဆိုတာကို မခံမရပ်နိုင်တာတစ်ကြောင်းကြောင့် စိတ်ချဉ်ပေါက်လာပြီး. .

"ဒီမှာ မပွေး။ တကယ်တော့ မင်းကို ငါ နှစ်လုံး အတွဲလိုက် ပေးထားပြီးပြီပဲ"

မပွေး ကြောင်သွားပြီး. .

"ဘာ ဘယ်တုန်းက ပေးလို့လဲ"

"မင်းနဲ့ ငါနဲ့ လက်ထပ်တဲ့နေ့က စပြီး နှစ်လုံးအတွဲလိုက် ပေးထားတာလေ"

မပွေး ရုတ်တရက် သဘောမပေါက်။ ဘာနူးက အရင်သဘောပေါက်ပြီး ခွီးခနဲ ရယ်သည်။ ထိုအခါကျမှ မပွေး တွေးမိသွားပြီး. .

"ဟင် သေနာ ယုတ်ကန်းလှချည်လား"

ဆိုပြီး ယောင်းမကို လှမ်းအဆွဲမှာပင် ကိုရှိန် အမြန်လစ်ပြေးရလေသည်။

♦



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးငွေကတော့ ဒါတွေနှင့် ကင်းသည်။ မကင်းလို့လည်းမရ။ သူ့မှာက အပိုသုံးစရာ ငွေမရှိ။ မသီးက လက်ဖက်ရည်ဖိုးလောက်တွက်ပြီး ပေးထားခြင်းကြောင့်ဖြစ်၏။ သို့ရာတွင် တတ်သည့်ပညာ မနေသာဆိုတာက ရှိသေးသည်။ သူ့ထုံးစံအတိုင်း နည်းနည်းတော့ ဆရာလုပ်လိုက်ချင်သေးသည်။

ထို့ကြောင့် လက်ဖက်ရည်ဆိုင်က ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ပြီး "ဒါက ဒီလိုရှိတယ်"ဟု အစချီ၍ သူများတွက်ထားတာတွေထဲက ပျော့ကွက်၊ ဟာကွက်တွေကို ထောက်ပြသည်။ သူများ မမြင်သေးသည့် ခွင်မျိုးတွေကို ထုတ်ဆင်ပြသည်။ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူ့အတွက် လက်ဖက်ရည်ဖိုးကို တစ်ယောက်ယောက်က ရှင်းသွားတတ်သဖြင့် ဟန်ကျနေတာတော့ အမှန်ပဲ"

မသီးကတော့ တကယ်ကို ကင်းသည်။ သူ့စိတ်က တစ်မျိုးဖြစ်၏။ သူများဆီ ငွေကိုသာ လိုချင်သည်။ သူ့အိတ်ထဲကတော့ တစ်ပြားမှ အထွက်မခံချင်။ မသေချာမရေရာသည့် ကံစမ်းမှုမျိုးကို လုပ်လေ့မရှိ။ ပြီးတော့ သူ့မှာ ကျိန်းသေမြတ်စွန်းနိုင်မည့်အကွက်ကို မြင်ထားသည်။ တကယ်လည်းသူ့တွက်ကိန်းအတိုင်းပင် ဖြစ်လာ၏။

ရပ်ကွက်ထဲမှ လူများသည် တစ်နေ့ရှုံး၊ တစ်နေ့ ဝင်နိုး လိုက်ရင်းလိုက်ရင်းလိုက်ရင်း ခါးပြတ်ကုန်ကြသည်။ ရှေ့ဆက်ကစားဖို့ ငွေလိုလာသည်။ ထိုအခါ သူတို့အိမ်က ပစ္စည်း





တွေကို မသီးဆီမှာ လာပေါင်ရသည်။ ဟိုအရင်က ပစ္စည်းလာပေါင်လို့ မသီးပေးသည့် ဈေးကနည်းလျှင် စောဒကတက်တတ်ကြသည်။ခုကျတော့ ငွေထွက်လာဖို့သာ အဓိကထားပြီး ပေးသလောက်ကို မငြင်းဆန်ဘဲ ယူကြသည်။ ထိုပစ္စည်းမှာ ပြန်ရွေးနိုင်ဖို့ ခဲယဉ်းကြောင်း မသီးက သိနေ၏။ ထို့ကြောင့် အမြတ်ကြမ်းကြမ်းရနေသည်။ ဒီထက်ကောင်းတာ ဘာရှိသေးလဲ။ သူများ လို ရင်တယိတ်ယိတ် စောင့်စားနေရတာမျိုးလည်း မရှိ။ဟိုပြေး၊ ဒီမေး လုပ်စရာလည်းမလို။ သူကမှ "ကုန်ရင်အစစ်။ ကုန်ရင် မသီးဆီလာခဲ့၏။ နောက်ထပ်ကုန်ဖို့ ထုတ်ပေးလိုက်မယ်။

တကယ်လည်း ကုန်ကြသည်။ ကုန်တာမှ ငွေတွင်မက အိမ်ကပစ္စည်းတွေ ပါကုန်တာ။ အစပိုင်းမှာ ကက်ဆက်တို့၊ မီးပူတို့၊ နောက်ကျတော့ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ၊ ပြီးတော့ လက်ပတ်နာရီ၊ နောက်က ဆက်တိုက်လာတာလ ကြေးထည်ပစ္စည်း၊ ဒန်အိုးဒန်ခွက်နှင့် အဆုံးသတ်မှာ အဝတ်အစားတွေအထိ။

အစပိုင်းမှာ မသီးက လာသမျှကို အောက်ဈေးနှင့်ဖြတ်ပြီး သိမ်းကျုံးလက်ခံသည်။ ကြာတော့ မသီးအိမ်မှာပစ္စည်းတွေ ပုံနေသည်။ ဒါနဲ့တောင် နောက်ထပ် ဝင်မလာမစဲတသဲသဲဖြစ်နေသေးသည်။ လက်ထဲမှာ ငွေက နည်းနေပြီ။ ထို့ကြောင့်လက်မြှောက်ရပြီး နောက်ထပ် လက်မခံနိုင်တော့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြေညာလိုက်ရ၏။ ဒီတစ်ခါကျပြန်တော့လည်း တချို့က. .

"အရေးကြီးလို့ပါ မသီးရယ်၊ ထမိန်က အသစ်ကြီးပါ။ တစ်ခါတည်း ဝတ်ရပါတယ်။ ပေးချင်သလောက်သာ ပေးပါ" ဆိုတာမျိုး လုပ်လာကြသေးသည်။

"ဟောဒီ စပို့ရှပ်လေးက ကိုကြီးငွေနဲ့ သိပ်လိုက်မှာပဲ။ တစ်ခါတည်း ဈေးဖြတ်ပြီး ယူထားလိုက်ပါလား။ ငွေတစ်ရာ လောက်ရရင် တော်ပြီ"

ဆိုတာမျိုးလည်း ရှိ၏။

တစ်ယောက်ဆိုလျှင် ဒီတစ်ခါ အပိုင်ပဲဟု ရှိသမျှ ပုံအောထားပြီးမှ ညနေစာအတွက် ဆန်ဝယ်စရာ မရှိတော့သဖြင့် ဘောက်ချာစာရွက် လာပေါင်တာတောင် ရှိသေးသည်။

◆

ရွှေကြည်က ကြောက်တတ်သည်။ သူ့အမေကလည်း အလွန်းရိုးသည်။ ထို့ကြောင့် ဒီလိုကိစ္စမျိုး ကင်းရှင်းသည်။ သို့ရာတွင် တချို့တွေ ကံစွပ်ပြီး ရသွားတာလေးတွေ တွေ့နေရတော့လည်း အားကျသလိုလို ဖြစ်မိ၏။ အများစုက 'ပြာ'ကုန်ကြတာ မြင်တော့လည်း ကြောက်မိ၏။ ရတဲ့လူကို အားကျမိတာကလည်း ဝတ်ချင်စားချင်၊ သုံးချင်ဖြုန်းချင်လို့ မဟုတ်ရပေါင်ပါ။

အမိက ကတော့ ကိုမောင်ဝကြောင့်ပါပဲ။





မောင်ဝနဲ့ သူနဲ့ ချစ်နေကြတာ ရှေးလူကြီးတွေ ပြောသလို သုံးနှစ်သုံးမိုးတောင် မကဘဲ ငါးနှစ်ငါးမိုးကျော်လာခဲ့ပြီ။ ခုထိ လက်မထပ်နိုင်သေး။ မောင်ဝသည် ရွှေကြည်နှင့် လက်ထပ်နိုင်ဖို့ ငွေစုနေတာ ခုထိ အဆင်မပြေသေး။ သူက ဘာကိုမှ ဂရုမစိုက်သူ ဖြစ်သည့်တိုင် ရွှေကြည်ကိုတော့တန်ဖိုးထားသည်။ ဖြစ်သလို ကောက်ယူလိုက်တာမျိုး မဖြစ်စေချင်။ သူ့အတိုင်းအတာနှင့် သူနည်းနည်းတော့ သပ်သပ်ရပ်ရပ်ကလေး ဖြစ်စေချင်သည်။ မင်္ဂလာဆောင်လျှင် ရပ်ကွက်ထဲက လူတွေကို ရေခဲမုန့်လောက်တော့ ကျွေးမှ တင့်တင့်တယ်တယ်ကလေး ဖြစ်မည်။ ခြင်ထောင်လေး၊ စောင်လေး၊ ခေါင်းအုံးလေးဘာလေးတော့ အသစ်ဝယ်မှ ကောင်းမည်။

ဒါကလည်း သူ့အတွက် မဟုတ်။ ရွှေကြည်ဂုဏ်ရှိဖို့သာဖြစ်၏။ သူက မဟုတ်တာလည်း မလုပ်တတ်။ သူ့ခွန်အားနှင့် ရိုးရိုးသားသား ရှာဖွေနေတာဆိုတော့ တိုးတက်မှုက နှေးကွေးနေသည်။ ငွေအစုလိုက် အပုံလိုက် ရခဲ့လျှင်လည်း ဒီကိစ္စ အဆင်ပြေသွားနိုင်သည်။ ထို့ကြောင့် ရွှေကြည်က တစ်ရက် မောင်ဝနှင့် တွေ့ကြတော့. .

"ကိုမောင်ဝ ကံစမ်းတဲ့အနေနဲ့ ထိုးကြည့်ပါလား"

ဟု မရဲတရဲ ပြောမိ၏။ မောင်ဝသည် ဆတ်ခနဲ ဖြစ်သွားပြီး။

"ဘာပြောတယ် ဒီမှာရွှေကြည် ငါကကိုယ်ခြေနှင့်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်နဲ့ အလုပ်လုပ်လို့ရတဲ့ငွေကိုပဲ မက်မောတယ်။ ငါ ပင်ပင်ပန်းပန်း ရှာလို့ရတဲ့ ငွေနဲ့ပဲ နင့်ကို လက်ထပ်ယူမယ်။ မောင်ဝဟာ အချောင်ရတဲ့ ငွေနဲ့ မိန်းမယူတယ်ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး။ အဲဒီလို ရတဲ့ ငွေတစ်ကျပ်ဟာ နင့်ကို တစ်သက်လုံး ထမ်းထားရတာတောင် လေးလံသေးတယ်လို့ ငါ ထင်တယ်။ ဘာလဲ နင်က မစောင့်နိုင်တော့ဘူးလား။ ဒါဆို"

"မ. . မဟုတ်ပါဘူး ကိုမောင်ဝရယ်။ ကျွန်မ စောင့်နိုင်ပါတယ်။ တစ်သက်လုံး စောင့်ဆိုလည်း စောင့်နိုင်ပါတယ်"

"ဒါဆိုလည်း ပြီးတာပဲ"

ဟု ပြောပြီး လှည့်ထွက်သွား၏။ ခပ်လှမ်းလှမ်းရောက်မှ ရပ်ပြီး ရွှေကြည်ကို လှည့်မကြည့်ဘဲ. . .

"တစ်သက်လုံးလောက်တော့ ကြာမယ်မထင်ပါဘူး"

ပြောပြီး ဆက်လျှောက်သွားသည်။ ရွှေကြည်မှာ တစ်သက်လုံး စောင့်ရမှာတော့ မဟုတ်ဘူးတဲ့ဆိုတာကိုပင် ဝမ်းမြောက်ဖွယ် ကတိစကားလို ကျေနပ်နှစ်သိမ့်လိုက်ရသည်။

မောင်ဝသည် စိတ်တိုလက်စနှင့် လမ်းမှာတွေ့သော ခဲလုံးတွေ ပိတ်ကန်၊ သစ်ကိုင်းတွေ ဆွဲချိုးလုပ်ရင်း လျှောက်လာသည်။ တစ်နေရာတွင် အောင်ဘုနှင့် သွားဆုံသည်။ သူက ကိုစာကလေး၏ တပည့်ဖြစ်ပြီး လက်ခွဲအဖြစ် လိုက်ရောင်းပေးနေခြင်းဖြစ်၏။ ဒီတစ်ပတ် နည်းနည်းအရောင်းထိုင်းသည်။ ရပ်ကွက်ထဲက လူတွေလည်း အတော်ပန်းနေကြသောကြောင့်





ဖြစ်၏။ မောင်ဝကို တွေ့သောအခါ အောင်ဘု ဝမ်းသာသွားသည်။ နှစ်ကွက် သုံးကွက်လောက် ရောင်းရလည်း မနည်းဘူးဟု တွေးပြီး. .

"ဟော့ကောင် မောင်ဝ ထိုးဦးမလားကွ"

မောင်ဝမှာ စိတ်တိုနေသော အချိန်မှာ လာမေးသဖြင့်. . .

"အေး ထိုးမယ်ကွ။ ထိုးမယ်"

ဆိုပြီး အောင်ဘု၏ အကျီကို ဆွဲပြီး လက်သီးနှင့် ရွယ်လိုက်သည်။ အောင်ဘုလန့်သွားပြီး။

"ဟာ . . ဟာ ဟေ့ကောင် မောင်ဝ၊ ဘာလုပ်တာလဲ"

"မင်းပဲ ထိုးဦးမလားဆို"

"ငါ ငါပြောတာက ဟိုဟာက ဒါ ထိုးဦးမလားလို့ မေးတာပါ"

လက်ထဲက ဘောက်ချာစာအုပ်အသေးစားလေးကို ပြရင်း ထစ်ထစ်ငေါ့ငေါ့ပြောသည်။ မောင်ဝက ဆောင့်တွန်းရင်း အကျီစကို လွှတ်ပေးလိုက်ပြီး. .

"ဒါမျိုး ငါ ဝါသနာမပါဘူး"

ဟု ပြောပြီး ဆက်လျှောက်သွားသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ကျောင်း၏ ကြမ်းခင်းကို တောင်ဝှေးဖြင့် တဒုံးဒုံးထုလိုက်၏။ ဒါကတော့ ဆရာတော် ခိုင်းစရာတစ်ခုခုရှိလျှင် ကပ္ပိယကြီး ဦးကောက်လှကို ခေါ်သည့် ကျောင်းတွင်း အင်္ဂါကွန်းပင် ဖြစ်၏။ အောက်ထပ်တွင် မီးဖိုခန်း၊ ဆွမ်းစားခန်းနှင့် ဦးကောက်လှနေသည့် အခန်းရှိသည်။

မနက်ပိုင်း ဆရာတော်၏ ဝေယျာဝစ္စလုပ်ပေးပြီးလျှင် ဦးကောက်လှကို ကျောင်းအောက်မှာပင် နေစေသည်။ ဆရာတော်ရှေ့မှာ အနေကျုံ့မှာ စိုးသောကြောင့်တစ်ကြောင်း၊ ဦးကောက်လှက စကားများသောကြောင့် တရားမှတ်ရတာ အနှောင့်အယှက် ဖြစ်သောကြောင့်တစ်ကြောင်းဖြစ်၏။

ကြမ်းကို တောင်ဝှေးနှင့် ထုပြီး အတော်ကြာသည့် အထိ ဦးကောက်လှ တက်မလာသေး။ နောက်တစ်ကြိမ် ထပ်ထုတော့လည်း ပေါ်မလာ။ ခုတလော ဦးကောက်လှ တစ်မျိုးဖြစ်နေတာ သတိပြုမိ၏။ တစ်ခါ တစ်ခါ ဆရာတော်မိန့်တာကို မကြားဘဲ တစ်ခုခု တွေးနေသလိုလို။ တစ်ခါတလေ ကြမ်းပြင်ကို လက်ညှိုးနဲ့ခြစ်ပြီး တစ်ခုခု ရေးနေသလိုလို။ ပြီးတော့ စကားလည်း နည်းသွားသည်။ ငြိမ်လည်း ငြိမ်သည်။ ရောဂါတစ်ခုခုများ ဖြစ်နေလို့လား။ ရပ်ကွက်ထဲက လူတစ်ချို့လည်း ဦးကောက်လှဆီ လာလာတတ်နေတာ တွေ့ရသည်။ ဆရာတော်ကို မလျှောက်ရဲလို့များ ရပ်ကွက်ထဲက လူတွေကို အကူအညီတောင်းပြီး ကျိတ်ကုနေလေသလား။





ခုလည်း နေမကောင်းလို့ အိပ်များ ပျော်နေသလားတုတွေးပြီး ကျောင်းအောက်သို့ ဆင်းခဲ့၏။ သူ့အခန်းထဲမှာ သွားကြည့်တော့လည်း မရှိ။ မီးဖိုခန်းထဲ ဝင်ကြည့်တော့မှ ဦးကောက်လှသည် မီးဖိုခန်း နံရံပေါ်တွင် မီးသွေးခဲဖြင့် လျှောက်ရေးခြစ်နေတာ တွေ့ရသည်။ ရေထားတာတွေကလည်း တော်တော်စုံသည်။ ကိန်းဂဏန်းတွေလည်း ပါသည်။ သံကွင်း၊ နေစား၊ တစ်လုံးပြောင်း၊ မှန်ထောင်၊ အမြှောင်ခွင်၊ နက္ခတ် စသည်တို့လည်း ပါသည်။

"ဦးကောက်လှ"

ဆရာတော်က ခေါ်လိုက်သောအခါ ဦးကောက်လှ လန့်ပြီး တုန်သွားသည်။ ပြီးမှ. .

"ဘုရား"

"အဲဒါ ဘာလုပ်နေတာလဲ"

ဦးကောက်လှသည် ခေါင်းကုတ်လိုက်၊ လည်ပင်းပွတ်လိုက်၊ ယောင်ချာချာလုပ်နေ၏။

"ပြောလေ ဒကာကြီး"

ဟု ဆရာတော်က ထပ်မေးမှ ထစ်ထစ်ငေါ့ငေါ့ဖြင့်. .

"ဟို. . ဟိုဒင်း တပည့်တော် ပေဒင်လေး ဘာလေး လေ့လာကြည့်နေတာပါ"

ဟု ပါးစပ်ထဲ တွေ့ရာပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . ဒီလိုလား။အင်း. . ကောင်းတယ်၊ကောင်းတယ်။ ဒါလည်း ပညာရပ်တစ်ခုပဲပေါ့။ အလကားနေမယ့်အတူတူ ပညာတစ်ခုခုကို လေ့လာနေတာ ကောင်းတာပေါ့။ ကျုပ်ဆီမှာ ဗေဒင်ကျမ်းတချို့ ရှိတယ်။ ယူကြည့်ချင်ရင်ကြည့်"

"တင်. . တင်ပါ့ဘုရား။ ဟို အရှင်ဘုရား တပည့်တော်ကို ဘာခိုင်းစရာရှိလို့လဲ ဘုရား"

"ဪ. . ကိုရင်တွေကို ဗလာစာအုပ် ဝေပေးစရာရှိလို့ သွားခေါ်ပေးစမ်းပါ"

ဆရာတော်က ခေါင်းတစ်ချက်ညိတ်ပြီး လှည့်ထွက်မည်ပြုသည်။ ထိုစဉ်မှာပင် နံရံထောင့်မှာ မီးသွေးနှင့် ရေးထားသော စာတန်းတစ်ခုကို လှမ်းမြင်မိ၏။ ရေးထားတာက. .

"၇-၈-၉ တစ်လုံးကတုံး"

ဟူ၍ဖြစ်၏။ ဆရာတော် မျက်မှောင်ကုပ်လိုက်သည်။

တကယ်တော့ ဆရာတော်သည် ဦးကောက်လှစကားကို သိပ်မယုံလှ။ ဦးကောက်လှသည် ပညာလိုချင်သောကြောင့် ဒီကျောင်းကို ရောက်လာခြင်းမဟုတ်။ နေစရာ၊ စားစရာ မရှိ၍ လာရောက်ခိုလှုံနေခြင်းသာ ဖြစ်၏။ ဆရာတော်နှင့် ကျောင်း၏ တောက်တိုမယ်ရ ဝေယျာဝစ္စများ လုပ်ကိုင်ပေးခြင်းအတွက် လောက်သာ အားကိုးရသည်။ ရောက်ခါစတုန်းက ဆရာတော်က သဒ္ဒါလေး၊ သဂြိုဟ်လေး လေ့လာဖို့ တိုက်တွန်းခဲ့သေးသည်။ ဒီတုန်းက. .





"တင်ပါ့ဘုရား။ တပည့်တော် အလုပ်များနေလို့ပါဘုရား။ အချိန်ရရင် လေ့လာပါ့မယ်ဘုရား"

ဆိုပြီး ဟိုယောင်၊ ဒီယောင်လုပ်ရင်း အမေ့ခံခဲ့သည်။ အားလျှင် အိပ်ချင်အိပ်၊ ကျောင်းသားတွေနှင့် စကားပြောချင်ပြော၊ ပေါ့ပေါ့တန်တန် နေခဲ့သူဖြစ်၏။ ခုကျမှ ဗေဒင်လေ့လာနေပါတယ်ဆိုတာ သိပ်သဘာဝမကျ။ ပြီးတော့ ဗေဒင်မှာ "တစ်လုံး ကတုံး"ဆိုတာတွေ၊ သံကွင်းတို့၊ နေစားတို့ဆိုတာတွေ တစ်ခါမှ မကြားခဲ့စဖူး။ ဧကန္တ ဦးကောက်လှတစ်ယောက် ဒုဇ္ဇဂ္ဂိရတ်ရှူး ရှူးပြီး သိုက်စာတွေ၊ ဘာတွေများ ဖော်နေသ..ဟားမှုသိ ဟု တွေးမိ၏။

ကိုရင်ကလေးတွေကို ဗလာစာအုပ်များ ဝေငှပေးပြီး နောက် ဆရာတော်က လက်စွဲတော် ကိုရင်ကြီးကိုခေါ်၍ မေးမြန်း စုံစမ်းကြည့်သည်။ ထိုအခါကျမှ အကြောင်းစုံ သိရလေသည်။

ဒီကျောင်းက ပဉ္စင်းငယ်တွေ၊ ကိုရင်တွေ ရပ်ကွက်ထဲ ဆွမ်းခံကြွသည့်အခါ ဆွမ်းလောင်းသည့် ဒကာမတွေက. .

"ကိုရင်တို့ ထိပ်စီးလေး ဘာလေး မ,စပါဦး"

ဟု တောင်းဆိုကြ၏။ သူတို့ကျောင်းက စည်းကမ်းကြီးသော ကျောင်းဖြစ်၍ ဒါမျိုးတွေ မသိကြောင်း ပြောသောအခါ. .

"ကိုရင်တို့ကသာ မသိဘူး၊ ပြောနေ။ ဟိုဘက်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲ ကြွတဲ့ ကိုယ်တော်လေးတွေက တစ်လုံးတော့ အမြဲမှန်တယ်"

ဟု စောဒက တက်ကြသည်။ ကိုရင်လေးများမှာ ငယ်လည်း ငယ်ကြသေးတော့ ဆွမ်းဒကာမတွေ ငြိုငြင်မှာ ကြောက်သည်။ တော်ကြာ ကန်တော့ဆွမ်းလုပ်လိုက်လျှင် ခက်မည်။ ခုမှ တောင် ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ လောင်းတာ နည်းလာသလို ပဲ။ ထို့ကြောင့် ဦးကောက်လှကို အကူအညီတောင်းသဖြင့် တွေးရှိုက်ချက်နေရခြင်း ဖြစ်ကြောင်း သိရ၏။

ဆရာတော်က ဦးကုလားကို ဆင့်ခေါ် လိုက်ပြီး မေးကြည့်သည်။ ဦးကုလားက ရပ်ကွက်တွင်း အခြေအနေကို ပြောပြမြဲ-

"တပည့်တော်လည်း ဆရာတော် ထိန်းပေးဖို့လျှောက် မရှိပါပဲ။ ဆရာတော် စိတ်အနှောက်အယှက် ဖြစ်သွားမလားလို့ ချိန်ဆနေရတာနဲ့"

"ကဲ. . ကဲ နက်ဖြန်ညနေကျရင် အားလုံး ကျောင်းကိုဒီ လာခဲ့ကြလို့ ပြောလိုက်။ ကျုပ် ကြည့်ပြီး ဆုံးမ လိုက်မယ်"

◆

မျက်နှာကြီး သုန်မှုန်နေသော ဆရာတော်ကို တွေ့ရသဖြင့် အားလုံးလန့်နေကြသည်။ ဆရာတော်သည် လောကီကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်မှု ပြုလုပ်လေ့မရှိ။ မပြော





မဖြစ်သည့် ကိစ္စကျမှသာ ဝင်ပါသည်။ ဆရာတော်က ပရိသတ်ကို အကဲခတ်လိုက်ပြီး. .

"ကဲ. . အားလုံးပဲ။ မွဲဆေးဖော်နေကြတယ်လို့ကြားတယ်ဟုတ်လား"

ဟု စကားစသည်။ တစ်ယောက်မှ ပြန်မပြော။ ဝန့်ခံနေကြသည့် သဘောဖြစ်၏။

"ဒါမျိုးတော့ ဘယ်လောက်လိုက်လိုက် အတိတ်ကံမပါရင် တစ်ပြား တစ်ချပ်မှ ရမှာမဟုတ်ဘူး။ ကောင်းရောင်းကောင်းဝယ် လုပ်စားတာကမှ ကိုယ်ကြိုးစားသလောက် ခံစားရမှာ။ ခုတော့ အလွယ်လမ်းကို လိုက်ချင်ကြတယ်"

ခဏနားပြီးမှ ဆက်၍. .

"ပြီးတော့ ငါ့ ကျောင်းက ကိုရင်လေးတွေကို ဆွယ်ကြသေးတယ်။ ဒါ့အပြင် ဟိုတလောက မိပွေးက ဆရာတော်သက်တော်ဘယ်လောက်ရှိပြီလဲလို့ လာမေးသေးတယ်။ ငါက အကောင်းမှတ်လို့။ လက်စသတ်တော့ ဒါကိုး။ ဘာလဲ ကျောင်းကြီးဖျက်ဖြစ်ချင်ကြလို့လား"

မပွေးမှာ နဂိုက ဒူးတုပ်နေတဲ့ ကြားထဲ ထပ်ပြီး ဝပ်သွားရာ ကြမ်းနှင့် နဖူး ထိလုလုဖြစ်သွား၏။

"ငါ ရှင်းရှင်းပဲ ပြောမယ်။ ဒီလိုအချောင်လမ်းလိုက်တာဟာ လောဘကို အခြေခံတာပဲ။ လောဘဆိုတာကလည်း ဘယ်တော့မှ တင်းတိမ်ရောင့်ရဲတယ် မရှိဘူး။ လိုချင်ပြီးရင်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်လိုချင်နေမှာပဲ။ နောက်ဆုံး ပျက်စီးရာ ပျက်စီးကြောင်း ရှေးရှုတော့တာပဲ။ ဒါကြောင့် ခုချိန်ကစပြီး သတိတရားရကြ။ ရပ်ကွက်လူကြီးတွေကလည်း ကြပ်မတ်ထိန်းကြ။ နောက်ကို ဒါမျိုးတွေ မကြားချင်ဘူး။ ဒါပဲ"

ဆရာတော်က စကားကို အဆုံးသတ်ပြီး ထရပ်သည်။ ထို့နောက် ကြမ်းပြင်ကို တောင်ဝှေးဖြင့် 'ဒုန်းခနဲ' ဆောင့်လိုက်ရာ အားလုံးလန့်ပြီး တုန်သွားကြသည်။

'ဟင်း. . ခွေးဖြစ်ချင်တဲ့ ဟာတွေ"

ဟု မိန့်တော်မူပြီး ချာခနဲ လှည့်၍ အခန်းထဲ ဝင်သွားသည်။

ဆရာတော် ခုလို ရင့်ရင့်သီးသီး မပြောစဖူးပြောလိုက်သဖြင့် အားလုံးမှာ တုပ်တုပ်မျှ မလှုပ်ရဲအောင် ငြိမ်ကုပ်ရင်း ကျန်ခဲ့ကြသည်။ ခဏကြာမှာ ကျော်ကွန်ကို လက်ကုပ်၍ ခပ်တိုးတိုး မေးလိုက်သော လှထုံ၏ အသံ ခပ်သဲ့သဲ့ထွက်ပေါ် လာ၏။

"ခွေးဆိုတာ တနင်္လာနံ မဟုတ်လားဟင်။ ကိုကျော်ကွန့်"

♦

နောက်ဆုံးရရှိသော သတင်းအရ အပျိုကြီးဒေါ်ပိုသည် အောင်ဘာလေထီ နှစ်သောင်းဆု ပေါက်သွားသဖြင့်





အားကျသူတွေ ရှိလာသည်။ သိန်းသုံးရာဆုကြီးကိုလည်း ထပ်တိုးဖွင့်ပေးလိုက်သဖြင့် ငွေအနည်းငယ်ရင်းရုံဖြင့် ကံကောင်းလျှင် တိုက်ဆောက် ကားစီး သူဌေးဖြစ်နိုင်သော အခွင့်အရေး ရှိလာသည်။ ထို့ကြောင့် အောင်ဘာလေထီကြီးဘက်ကို လိုင်းပြောင်းဖို့ အာရုံစိုက်လာကြသည်။ လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်တွေမှာ မိသားစု စကားဝိုင်းတွေမှာ သိန်းသုံးရာဆုကြီးပေါက်လျှင် ဘာလုပ်မလဲဆိုသော အကြောင်းအရာကသာ လွှမ်းမိုး လာပြန်လေတော့သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# ပုလင်းတစ်လုံး၏ဖြောင့်ချက်

www.burmeseclassic.com

www.burmeseclassic.com





## ပုလင်းတစ်လုံးဖြောင့်ချက်

"တစ်ရက်ပျော်ချင်ရင် အရက်သောက်ပါ။ တစ်လပျော်ချင်ရင် မြင်းဝယ်စီးပါ။ တစ်နှစ်ပျော်ချင်ရင် မိန်းမယူပါ၊ တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်ပါလို့ ဆိုစကားရှိတယ် မဟုတ်လား"

ဟု သူက ပြောလေ့ရှိ၏။ ထို့ကြောင့် သူသည် သစ်ပင်တွေကြားမှာ မွေ့လျော်နေသော ဥယျာဉ်မှူးကြီးတစ်ယောက်ဖြစ်သည်ဟု ထင်လျှင် မှားပါလိမ့်မည်။ ဆက်ပြောတဲ့ စကားကို နားထောင်ပြီးမှ ဆုံးဖြတ်ပါ။

"ဒီနေ့ အရက်ရဲ့အသက်ဟာ တစ်ရက်ပဲ ခံသလို ဖြစ်မနေဘူးလား၊ တကယ်တော့ ငါက နေ့တိုင်းပျော်ချင်တာကွ။ ဒါကြောင့် နေ့တိုင်းသောက်နေရတာပေါ့"

ဆိုပြီး ဖန်ခွက်ထဲက လက်ကျန်ကို ရှင်းလိုက်လေသည်။

ဝန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက အရက်ကို တစ်ရက်မှ မပျက်အောင် သောက်သူဖြစ်၏။ သက်သတ်လွတ် အဓိဋ္ဌာန်ဝင်နေသူတချို့သာ တစ်ရက်တလေ ဖောက်ချင်ဖောက်မည်။ သူကတော့ ရက်ပျက်မရှိသည့် စံပြအရက်သမားကောင်း ဖြစ်၏။ စက်ရုံ အလုပ်ရုံတွေမှာသာ ခုလို ရက်ပျက်မရှိလျှင် နှစ်ပတ်လည် ဘောနပ်စ်ဆုကြေးတွေ ဘာတွေတောင် ရနိုင်သည်။

"ဒါက ဒီလိုရှိတယ်ကွ၊ ငါက အရက်သမားစစ်စစ်ပဲ"

"ဟာဗျာ အရက်သမားမှာ အတုအစစ် ရှိသေးလို့လားဗျ"

ဟု ဖိုးနီက ဝင်မေးသည်။

"ရှိတာပေါ့ကွ၊ အရက်မှာ အတုအစစ်ရှိသလို အရက်သမားမှာလည်း အတုအစစ်ရှိတယ်။ ငါတို့လို စွဲစွဲမြဲမြဲ သောက်တဲ့လူတွေကအစစ်၊ တစ်ခါတလေမှ အပျော်သောက်တဲ့လူတွေက အတုပေါ့။ ဆိုက်ကားသမားဆိုတာ ဘာလဲ။နေ့စဉ်နေ့တိုင်း ဆိုက်ကားနင်းစားတဲ့ လူကို ခေါ်တာမဟုတ်လား။ တစ်ခါတလေ အပျင်းပြေ တက်နင်းကြည့်တဲ့လူကို ဆိုက်ကားသမားလို့ မခေါ်နိုင်ဘူး။ ဒီလိုပဲလေ ဒါပေမယ့် ခက်တာက တချို့လူတွေက အရက်ကလေးနည်းနည်းသောက်ပြီး များများမူးချင်ကြတယ်။ သူတို့ မူးလှုပြီထင်ပြီး သီချင်းအော်ဆိုလိုဆို ထ,က လိုကနဲ့၊ ဒီလူမျိုးတွေကြောင့် ငါတို့လို အရက်သမားစစ်စစ်တွေ သိက္ခာကျရတာ"





"ဟော့ကောင် ပတေး၊ မင်းကိုပြောတာကွ"

ဟု ပွကြီးက ပြောသည်။ ပတေးက နည်းနည်းမူးလာလျှင် စန္ဒရားချစ်ဆွေ၏ မွေးလွန်းသည့်ပန်းကို ဆိုတတ်သည်။ များများမူးပြီဆိုလျှင်တော့ ကုလားကားတွေထဲက သီချင်းတွေ ကုန်အောင်ဆိုတော့သည်။

"အမယ်၊ မင်းကလည်း ဘာထူးလို့လဲ၊ မူးလာရင် ကွေးနေအောင် ထ,ထကတာ မဟုတ်လား"

ပတေးက ချေပသည်။

"အဲဒါ ခက်တာပေါ့ကွ၊ ဒီမှာ ဟော့ကောင်တွေအရက်သမားအစစ်ဆိုတာ ဘယ်လောက်သောက်သောက် မမှားဘူးကွ။ သီချင်းဆိုရင်လည်း တကယ့်ဗီလင်အပြည့်နဲ့ပဲ ဆိုတယ်။ ပေါက်ကရမဆိုဘူး။ ဒီမှာ နားထောင်ကြည့်" ဆိုပြီး 'လေတံခွန်' သီချင်းကို ကောက်ကာငင်ကာ ဆိုပြလေတော့သည်။

"ဥပမာ ဆိုကြပါစို့၊ ပုံခိုင်းနှိုင်းရရင် ရိုင်းလိုက်တဲ့ လေတံခွန်ရယ်ကွယ်၊ မိုးစွန်ဘုံဖျား၊ တိမ်ကြားကို သွားလိုသလားကွယ်၊ မောင်လွှတ်ပါ့မယ်၊ ကိုယ်လွှတ်ပါ့မယ်၊ မြေကြီးကို မခင်တွယ်လေတဲ့၊ လေတံခွန်မင်းသမီး သတင်းကြီးလေသတဲ့ကွယ်"

ထို့နောက် ဆိုရုံနဲ့ အားမရတော့ဘဲ. .

"ဟဲ့. . ဘာတဲ့တုန်း ဝေဟင်ဝယ်၊ နေချင်တယ်၊ မေခင်ရယ်၊ ရွှေရင်မယ် ကြိုးကိုမေ့ပေါ့ လေတံခွန်လေးရယ် တယ်နယ်နယ်၊ တူနယ်နယ် ပြောင်နောင်နောင် ဝေထိ ဝေထိ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ထ,ကလေတော့သည်။ ပွကြီးတို့ ဖိုးနီတို့ ပတေးတို့လည်း လက်ခုပ်တီးပြီး စည်းဝါးလိုက်ပေးကြရ၏။ သူသည် ကနေရင်းက ရုတ်တရက် ရပ်လိုက်ပြီး။

"အေး. . အဲဒီလိုမျိုး မဖြစ်စေနဲ့လို့ ငါက သတိပေးချင်တာ"

ဟုဆိုသဖြင့် ဟိုကောင်တွေ ကြောင်အအ ဖြစ်သွားရ၏။

◆

သူ့ နာမည်ရင်းက ဦးကျော်မိုးဖြစ်၏။ ပွကြီးတို့အုပ်စုက ဦးကျော်မူးဟု သူ့ကွယ်ရာမှာ ခေါ်လေ့ရှိ၏။ ကလေးတွေကတော့ မူးမူးကြီးဟု ချစ်စနိုးခေါ်ကြသည်။

သူသည် ဒီရပ်ကွက်ကို ရောက်လာခဲ့တာ လေး၊ ငါး၊ ခြောက်လလောက်ရှိပြီ။ ပွကြီးတို့ ထန်းရည်တဲမှာ လာလာသောက်ရင်း ပွကြီးနှင့် စခင်သွားသည်။ နောက်တော့ ပတေးတို့၊ မောင်ဝတို့နှင့်ပါ သိကျွမ်းသွား၏။ သူက ဒီရပ်ကွက်ထဲမှာ အိမ်ငှားဖို့ မရှိဘူးလားဟု စုံစမ်းသည်။ ပွကြီးတို့ အကူအညီဖြင့် အိမ်ခန်းလေး တစ်ခန်းရသည်။ ကျဉ်းသော်လည်း တစ်ယောက်တည်းသမားမို့ ပြဿနာမရှိ။

သူ့ အသက်အရွယ် ဘယ်လောက်ရှိပြီလဲ ဘယ်သူမှမသိ၊ ငါးဆယ်ကျော်လောက်ဟုသာ ခန့်မှန်းရ၏။ သူ ဘာအလုပ်လုပ်သလဲ ဘယ်သူမသိ။ များသောအားဖြင့် လက်ဖက်ရည်ဆိုင်ဘက် သွားချင်သွား၊ ပွကြီးတို့ ထန်းရည်တဲကို သွားချင်သွား၊ ဒါမဟုတ် သူ့အခန်းထဲမှာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေတတ်သည်။ သူ့မှာ အိပ်ရာတွေဘာတွေလည်း မရှိ။ ညကျတော့လည်း ပက်လက်ကုလားထိုင်ပေါ်မှာပဲ အိပ်တတ်သည်။





သူက ညနေတိုင်း ယမကာ မှီဝဲတတ်သည်။ တစ်ရက်မှမပျက်။ တစ်ခါတလေ နည်းနည်းနေထိုင် မကောင်းချင်သလို ဖြစ်တာတောင် ဘီအီးနှင့် ငန်ဆေးရောမွှေပြီး သောက်တတ်သူဖြစ်၏။

သူသည် တစ်ခါတစ်ခါ နှစ်ရက်၊ သုံးရက်လောက် ပျောက်ချင်ပျောက်သွားတတ်သည်။ ဘယ်သွားတာလဲ မေးလျှင် ရွာက အမျိုးတွေဆီ ခဏ သွားတာပါကွာဟု ဖြေတတ်၏။ ကြာတော့ ရပ်ကွက်ထဲက လူတွေ စဉ်းစားလာကြသည်။ အလုပ်လည်း မည်မည်ရရ မရှိဘဲ ဘယ်ကရတဲ့ ငွေနဲ့ စားသောက်နေသလဲ။ နှစ်ရက်၊ သုံးရက် ပျောက်ပျောက်သွားတာကကော။ ဒီလူကြီး မဟုတ်တာတွေ လုပ်နေသလား။ အမှုအခင်းတစ်ခုခုကြောင့် ရှောင်ပုန်းနေရတာလား။ ဒီရပ်ကွက်ထဲလာပြီး ကိုယ်ရောင်ဖျောက်နေတာလား။ သံသယ ဖြစ်လာ၏။

ပွကြီးတို့ကတော့ လူကောင်းတစ်ယောက်သာ ဖြစ်နိုင်ပါသည်ဟု ဆို၏။ ဘာပဲဖြစ်ဖြစ် လူစိမ်းတစ်ယောက်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချလက်ချ ယုံဖို့ မသင့်။ ထို့ကြောင့် တစ်ရက်တွင် ရပ်ကွက်လူကြီးတွေက ရုံးကိုခေါ်ပြီး မေးမြန်းရလေသည်။ သူက. .

"ကျုပ်အကြောင်းကို ခင်ဗျားတို့ သိစရာမလိုဘူး။ ပြောပြစရာလည်း မလိုဘူး"

ဟုဆိုသည်။ ရပ်ကွက်လူကြီးတွေက. . .

"ကျွန်တော်တို့က တာဝန်အရ မေးတာပါ"

"ဘာလဲ ကျုပ်ကို မယုံလို့လား၊ ဒါဆိုရင်လည်းခင်ဗျားတို့ ရပ်ကွက်မှာ မနေရုံ ရှိတာပဲ။ ကျုပ်မှာ မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိတယ်။ အားလုံး တိုက်နဲ့ ကားနဲ့ချည်းပဲ။ ဘယ်အိမ်တက်နေနေရတယ်။ ကျုပ်ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေချင်လို့ ဒီမှာလာနေတာ"

"ကျွန်တော်တို့က မယုံကြည်လို့ မဟုတ်ပါဘူးဗျာ။ ဦးကျော်မိုးအကြောင်းကို သိထားရတော့ အရေးအကြောင်းဆို ကူညီလို့ရတာပေါ့"

"မလိုဘူး။ ဘာအကူအညီမှ မလိုဘူး"

ဟုပြောပြီး ခပ်တည်တည် ထထွက်သွားခဲ့၏။ ရပ်ကွက်ရုံးခန်းဖွင့်ချိန်မှာ ညရှစ်နာရီဖြစ်သဖြင့် ဒီအချိန်မှာ ဦးကျော်မိုးက တစိတ်လောက် 'တင်'ပြီးနေပြီ။ ခပ်ထွေထွေမို့ ပြောချင်တာပြောပြီး ထွက်သွားခြင်းဖြစ်၏။ ထိုကိစ္စနှင့် ပတ်သက်ပြီး အမျိုးမျိုး ထင်မြင်ချက်ပေးကြသည်။





"ပြောပုံဆိုပုံကတော့ ခပ်မာမာပဲဗျ။ မဟုတ်တာလုပ်လာတဲ့ လူဆိုရင် ဒီလိုဆက်ဆံမှာ မဟုတ်ဘူး။ ပတ်ချွဲနပ်ချွဲလုပ်ပြီး လျှောက်လိုမ့်မှာပေါ့"

"အင်း မကောင်းတဲ့ လူတစ်ယောက်တော့ ဟုတ်ဟန်မတူဘူး။ သူ့မှာ စိတ်နာစရာနောက်ကြောင်း တစ်ခုခုများ ရှိနေသလားပဲ"

"ရည်းစားနဲ့ ကွဲလာတာများလား"

"ဟာ. . ဘယ့်နှယ် ဒီအရွယ်ကြီးရောက်မှ ရည်းစားကွဲရမလားဗျ။ မိန်းမနဲ့ ကွဲလာတာပဲဖြစ်မယ်"

"ကျွန်တော် ထင်တာတော့ ဒီလူကြီး အပြင်းအထန်ဒဏ်ရာရပြီး အတိတ်မေ့နေတာ ဖြစ်နိုင်တယ်။ အရမ်းတော့ မလုပ်နဲ့ဗျို့။ သူက ကုမ္ပဏီပိုင်ရှင်သူဌေးတွေ ဘာတွေ ဖြစ်ချင်ဖြစ်နေမှာ"

"ဟုတ်နိုင်တယ်။ အဲဒီလိုသာ ဖြစ်လို့ကတော့ဗျာ၊ သူပြန်ကောင်းလာတဲ့အခါ ကျုပ်တို့ရပ်ကွက်က သူ့ကို စောင့်ရှောက်ခဲ့လို့ဆိုပြီး ကျေးဇူးတင်တဲ့အနေနဲ့ မမှာရုံတွေ ဘာတွေ ဆောက်ပြီး လှူချင်လှူနေမှာဗျာ"

တချို့ကတော့ ဦးကျော်မိုးသည် အရက်တွေ သိပ်သောက်သဖြင့် ခပ်ကြောင်ကြောင်ဖြစ်ပြီး သွားချင်ရာ လျှောက်သွားနေတာ ဖြစ်ရမည်ဟု ထင်ကြေးပေးသည်။

ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့ကျတော့ သူသည် ရပ်ကွက်ဥက္ကဋ္ဌအိမ်သို့ ရောက်လာပြီး ညက သူနည်းနည်းမူး



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် စကားပြောတာ အမှားပါလျှင် ခွင့်လွှတ်ဖို့ တောင်းပန်သည်။

"ကျွန်တော့် အကြောင်းတော့ မမေးပါနဲ့ဗျာ။ ကျွန်တော်ကြောင့် ဒီရပ်ကွက်မှာ ဘာပြဿနာမှ မဖြစ်စေရပါဘူး ဆိုတာတော့ အာမခံပါတယ်"ဟု ပြောသွားသည်။

♦

တစ်ရက်တွင် သူရွာကို အလည်သွားရာမှ ပြန်အလာ ယုန်သားတွေ ပါလာသည်။ ညနေဘက်တွင် ပွကြီးတို့အုပ်စုကို အိမ်ခန်းလာခဲ့ဖို့ ဖိတ်သည်။ ယုန်သားကို သူကိုယ်တိုင် ကျကျနန ချက်ထားသည်။

"ယုန်သားက သိပ်ချိုတာကွ၊ နူးလည်းနူးညံ့တယ်၊ အစပ်ချက်လို့ မကောင်းဘူး။ ဒါကြောင့် ကြက်သွန်အုပ်ပြီး အချိုကြော်ထားတာ"

ဟုပြောပြီး သူရွာမှာ ချက်သည့် ကောက်ညှင်းအရက် ဦးရေတစ်ပုလင်းကိုလည်း ထုတ်တည်သည်။ သူပြောသလိုပင် ယုန်သားက တော်တော်ချိုသည်။

"ယုန်သားနဲ့ ဒန်ပေါက်ချက်ရင် ကောင်းမယ်ကွာနော် ပတေး"

ဟု ဖိုးနီက အစထောင်သည်။

"ဟာ၊ သိပ်ကောင်းတာပေါ့ကွ၊ ဒီလို နူးညံ့တဲ့အသားမျိုးဆိုရင် နူးအိပြီး လျှာပေါ် တင်လိုက်တာနဲ့ အရည်ပျော်သွား





လောက်တယ်"

"ဖွတ်သားလည်း နူးညံ့တယ်လို့ ကြားဖူးတယ်။ ဦးကျော်မိုး နောက်တစ်ခေါက် ရွာကို သွားရင် ဖွတ်သားယူခဲ့စမ်းပါ။ ပတေးကို ဖွတ်ဒန်ပေါက် ချက်ခိုင်းမလို့" ပွကြီးက စသဖြင့် ပတေးဆဲသည်။ ပြီးမှ. . .

"မင်း. . ဒီလို ဒေါက်မဖြုတ်နဲ့ကွ။ တကယ်ကျွမ်းကျင်တဲ့ စားတော်ကဲတစ်ယောက်ဟာ သစ်သားတုံးကိုတောင် အရသာရှိအောင် ချက်နိုင်တယ်"

ဆိုပြီး သူ၏ စားတော်ကဲမျိုးရိုးအကြောင်း သည်လျှာစွာ ပြောပြပြန်လေသည်။ ပွကြီးတို့မှာ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ကြားခဲ့ပြီးသော အကြောင်းအရာ ဖြစ်သဖြင့် ငြီးငွေ့နေကြသော်လည်း ဦးကျော်မိုးကတော့ စိတ်ဝင်စားစွာ နားထောင်နေ၏။ ပတေး စကားဆုံးတော့မှ။

"ဒါနဲ့ စားတော်ကဲမျိုးရိုးဆိုတော့ အတော်ကျွမ်းမှာပဲ။ ငါ တစ်ခုမေးမယ်၊ ဟင်းတစ်ခွက်ချက်ပြီးတဲ့အခါ အပေါ့အငန်တယ်လို့ခွဲခြားသလဲ"

"မြည်းကြည့်တာပေါ့ဗျ"

ဦးကျော်မိုးက သဲ့သဲ့ရယ်လိုက်ပြီး. .

"ဒီနေရာမှာတော့ မင်း နည်းနည်း အမှတ်လျော့သွားပြီကွ။ ငါဆိုရင် ဟင်းတစ်ခွက်ကို အနံ့ခံကြည့်ရုံနဲ့ ပေါ့သလား။ ငန်သလား ပြောနိုင်တယ်ကွ"

ဟုဆိုလိုက်သဖြင့် ပတေးမှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒီလောက်တော့ ကျွန်တော် မကျွမ်းဘူး"

ဆိုပြီး အရှုံးပေးလိုက်ရသည်။

ကောက်ညှင်းအရက်က ဦးရေဖြစ်သောကြောင့် မွှေးလည်းမွှေးသည်။ ပြင်းလည်းပြင်းသည်။ ဖိုးနီတို့မှာ အပျော်သောက်ကြသူများ ဖြစ်သဖြင့် များများမသောက်နိုင်။ ဦးကျော်မိုးခွက်ထဲကိုသာ မပြတ်အောင် ထည့်ပေးနေကြသည်။ ဦးကျော်မိုးမှာ နေ့တိုင်းတစ်ယောက်တည်း ခြောက်ကပ်ကပ် သောက်ခဲ့ရတာ ကြာပြီဖြစ်၍ ခုလို အပေါင်းအဖော်များနှင့် ပျော်ပျော်ပါးပါး ရှိနေသောအခါ ခါတိုင်းထက် ပို၍ သောက်မိ၏။

"ဦးကျော်မိုးတို့ ရွာက တောကောင်တွေရတယ်ဆိုတော့ ရိုးမနဲ့ နီးလို့လား"ဟု ပတေးက မေးသည်။

"တကယ့်ရိုးမတောနက်ကြီးနဲ့တော့ မနီးဘူးပေါ့ကွာ။ ပဲခူးရိုးမရဲ့ တောင်ဘက်ဆုံး တောင်စွယ်က တောတန်းလေးနဲ့တော့ နီးတယ်"

"သိပ်သာယာမှာပဲနော်"

"ဘာပြောကောင်းမလဲကွာ။ ရွာရဲ့ အနောက်ဘက် လေးငါးမိုင်အကွာမှ တောင်စွယ်လေးရယ်၊ တောအုပ်လေးရယ်ရှိတယ်။ ရွာကလည်း သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အစားအသောက်ကလည်း ပေါတယ်။ လတ်လတ်ဆတ်ဆတ်လည်း စားရတယ်။ လူငယ်ဘဝတုန်းကဆိုလျှင် တောစပ်မှာ သွားပြီး ယုန်ထောင် ငှက်ပစ်ရတာ သိပ်ပျော်ဖို့ကောင်းတယ်။





တကယ်တော့ ငါလည်း ရွာကို စွန့်ပြီး ထွက်မလာ ချင်ပါဘူး။ ဒါပေမယ့်"

စကားမဆက်ဘဲ ငိုင်သွားသည်။ အရက်ခွက်ကို ကိုင်သည်။ ခွက်ထဲမှာတော့ မရှိတော့။ ပွကြီး နည်းနည်းငှဲ့ထည့်ပေးသည်။ ပတေးက ရေရောမည်ပြုသည်။ ဦးကျော်မိုးက လက်ကာပြပြီး ဖန်ခွက်ကို ယူ၍ ဒီအတိုင်းမော့ချသည်။ ဖိုးနီက ကျန်နှစ်ယောက်ကို ကြည့်ပြီး ဘယ်လိုလဲဆိုသော သဘော မေးငေါ့ပြသည်။ ဦးကျော်မိုးသည် အရက်ကို ရေမရောဘဲ သောက်လေ့မရှိ။ ဒီနေ့မှ ထူးခြားနေသည်။

သူသည် အတန်ကြာအောင် တွေတွေကြီး လုပ်နေပြီးမှ . .

"ဩော် . . မအုန်းစိန်၊ မအုန်းစိန်"

ဖိုးနီက သူ အရင် ခန့်မှန်းခဲ့တဲ့အတိုင်း ဖြစ်နေသဖြင့် တိုနှစ်ကောင်ကို မျက်စပစ်ပြီး ကြွားလိုက်သည်။ သူတို့ သုံးယောက်သည် ဦးကျော်မိုး ဆက်မည့်စကားကို ငြိမ်သက်စွာ နားထောင်နေလိုက်သည်။ သို့ရာတွင် သူက ဘာမှ ထပ်မပြောဘဲ အရက်သာ ငှဲ့သောက်လိုက်သည်။ ထို့နောက် အိမ်အပြင်ကို ငေးကြည့်နေပြန်သည်။ အတော်လေးကြာလာ တော့ ပွကြီးသည် မနေနိုင်တော့ဘဲ။

"ဟို ခုန ဦးကျော်မိုးပြောတာ ဘယ်သူလဲ"

"ဟင် ငါ ဘာပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလေ နာမည်တစ်ခုကို ပြောတယ်လေ၊ စိန် ပါတယ်လေ"

ပွကြီးက တိုက်ရိုက်မပြောသေးဘဲ အစဖော်ပေးရုံသာ ဖော်ပေးသည်။ ဦးကျော်မိုးက ပွကြီးကို စောင်းငဲ့ကြည့်သည်။ ပွကြီး နည်းနည်းဖြုံသွားပြီး။

"ကျွန်တော်က စပ်စုတာ မဟုတ်ပါဘူး။ ဦးကျော်မိုးက စပြောလို့"

"ငါက စပြောတာ ဟုတ်လား၊ ဘယ်သူတဲ့။ စိန် ဪ . . . ဟုတ်ပြီ အောင်စိန်လေ၊ သူကြီးသားအောင်စိန်၊ ငါနဲ့ သူငယ်ချင်း သောက်ဖော်သောက်ဖက်ပေါ့ ဟား ဟား ဟား"

ဟိုကောင်တွေ ကြောင်သွားသည်။ စောစောက မအုန်းစိန်လို့ ပြောတာ သေသေချာချာ ကြားလိုက်ပါတယ်။ ခုမှ ဘယ့်နှယ် အောင်စိန် ဖြစ်သွားရတာလဲ။ သို့ရာတွင် ထပ်မမေးရဲ။

ဦးကျော်မိုးကတော့ သူနှင့် သူကြီးသားအောင်စိန်တို့ အတွဲညီကြပုံ၊ ကြက်တိုက်ကြ၊ ထန်းရည်သောက်ကြပုံ၊ တစ်ရွာလုံး ပြောင်းဆန်အောင်လုပ်ကြပုံတွေ ဆက်ပြောနေသည်။ ပြောရင်းက လျှာတွေ အာတွေ လေးလာပြီး စကားလည်း ပီပီသသ မပြောနိုင်တော့။ အကြောင်းအရာတွေကလည်း အဆက်အစပ် မရှိတော့ဘဲ ဟိုရောက်သည်ရောက် ဖြစ်လာ၏။ ဒီနေ့ ဦးကျော်မိုး ထူးထူးခြားခြား အတော်မူးသွားသည်။





နောက်ဆုံးတစ်ခွက်ကို သောက်ရာမှာ ပါးစပ်နှင့် ဖန်ခွက်လွဲပြီး အရက်တွေ ဖိတ်ကျသွားသည်။ သူလည်း ကြမ်းပေါ် ခွေခွေကလေး လှဲချလိုက်သည်။ နှုတ်ကတော့ ခပ်တိုးတိုး ရေရွတ်လိုက်သေးသည်။

"ဪ. . မအုန်းစိန်. . မအုန်းစိန်"

◆

ဦးကျော်မိုးသည် မနက်ဆိုလျှင် ပတေးတို့ လက်ဖက်ရည်ဆိုင်မှာ တမေ့တမော ထိုင်နေတတ်သည်။ သူက လက်ဖက်ရည်လည်း ကြိုက်တတ်သည်။ တချို့ အရက်သမားတွေလို အရက် ကလွဲလို့ ဘာမှမသောက်ဘဲ နေသူမျိုးမဟုတ်။ မနက်ပိုင်းတွင် မလိုင်နဲ့နံပြား၊ ပဲပလာတာ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲသုပ် စသည် တို့ကို ဝအောင် စားတတ်သည်။ ပြီးမှ လက်ဖက်ရည်ကျကျ တစ်ခွက်ကို ဇိမ်နှင့် သောက်တတ်၏။

"တချို့ အရက်သမားတွေက ညက များသွားလို့ မနက်ကျတော့ အရက်ကို အရက်နဲ့ ပြန်ဖြေတယ်ဆိုပြီး မောနင်းပက်လုပ်ကြတာ အလကားကွ။ သက်သက်အကြောင်းရှာတာ။ အဲဒီလို လူမျိုး မြန်မြန်ရောဂါရတာပဲ။ စဉ်းစားကြည့်လေကွာ။ ညက သောက်တဲ့အခါ အစာများများစားချင်မှ စားဖြစ်မယ်။ စားရင်လည်း အရက်က မြန်မြန်အစာကြေတယ်ကွ။ မနက်ကျတော့ ဝမ်းထဲမှာ ဟာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအခါမျိုး အရက်ထပ်သောက်တော့ အစာအိမ်
က ဘယ်ခံနိုင်မလဲ။ ကြာတော့ အနာဖြစ်ပြီး သွေးအန်ရော
မှတ်ထားကွ။ ညက သောက်တာများသွားရင် မနက်စောစော
မုန့်ဟင်းခါး ပူပူစပ်စပ်ကလေး စားလိုက် ချွေးတွေစို့လာပြီ
နေသာ ထိုင်သာ ဖြစ်သွားလိမ့်မယ်။ ပြီးရင် လက်ဖက်ရည်က
ကျတစ်ခွက်သောက်လိုက်၊ တစ်ခါတည်း လန်းဆန်းသွားတာပဲ

ဟု လူငယ်များကို ပညာပေးတတ်သည်။

သူက နေ့ဘက်မှာ သောက်လေ့မရှိ၊ မနက်စောစော
နှင့် နေ့လယ်စာကို ဝအောင်စားသည်။ ညကျတော့ ကောင်
ကောင်းသောက်သည်။

"ကျန်းမာရေးကို ဂရုစိုက်ရတယ်ကွ၊ ဒါမှ အသက်
ရှည်ရှည်နေပြီး ကြာကြာသောက်နိုင်မှာ"

ဟု ပြောလေ့ရှိ၏။

မနက်ပိုင်း ပတေးဆိုင်မှာ ထိုင်သည့်အခါ တစ်မို
သမျှ ဝင်ကူညီတတ်သည်။ ဆိုင်မှာ လူကျသည့်အခါမျိုးတွ
စားပွဲထိုးပေးခြင်း၊ ငွေရှင်းပေးခြင်းတို့ကို လုပ်ပေးသည်။ ပတေ
က အားနာသဖြင့် သူသောက်သည့် လက်ဖက်ရည်ဖိုးမ
ဘဲနေလျှင် သူမက မကြိုက်။ အတင်းပေးတတ်သည်။

"ငါက အမြင်မတော်လို့ ဝင်ကူတာကွ။လက်ဖက်
အလကား သောက်ချင်လို့ မဟုတ်ဘူး"

ဟု ခပ်ထန်ထန် ပြောတတ်သည်။ ထို့ကြောင့်
သည် ငွေရေးကြေးရေးနှင့် ပတ်သက်၍ မာနကြီးသူဟု





မလို ဖြစ်နေ၏။ ဒီလိုလည်း မဟုတ်သေး။ လက်ဖက်ရည် အလ
ကားမသောက်သော်လည်း အရက်နှင့်ကျတော့ တစ်မျိုးဖြစ်ပြန်
၏။ တစ်ခါတလေ. .

"ဟေ့ကောင် ပတေး ငါ့ကို ဒီည အရက်တစ်လုံး ဝယ်
တိုက်စမ်း"

ဟု ခပ်ပြောင်ပြောင်တောင်းဆိုတတ်၏။ ထိုအခါမျိုး
တွင် ပတေးကလည်း လိုလိုချင်ချင်တိုက်သည်။ ဦးကျော်မိုးကို
အကြောင်းပြုပြီး သူပါ ဝင်နှိပ်လို့ရသောကြောင့်ပင် ဖြစ်လေ
၏။

တစ်ညတွင် ခတ်ခဲတို့အုပ်စု ဂစ်တာနှင့် သီချင်းဆို
နေသည်။ သူတို့အကြိုက် အဆိုတော်မျိုးကြီး၏ လေပြေနှင့်
ဒီကစောင့်နေမယ် သီချင်းများဖြစ်၏။

"အိမ်ပြန်ချိန်ကိုတောင် မသိတော့သူ၊ ပြန်လာမယ်
ဆိုတာ မသိတော့သူ၊ ဒီကစောင့်နေသူ. . . အိုး. . . ဒီက
စောင့်နေသူ"

ထိုစဉ်တွင် ဦးကျော်မိုး ခပ်ထွေထွေနှင့် လျှောက်လာ
သည်။ ဆိုင်က ပြန်လာခြင်းဖြစ်၏။ "အိမ်ပြန်ချိန်ကိုတောင်
မသိတော့သူ"ဆိုသော သီချင်းသံကို ကြားတော့ ခြေလှမ်း တုံ့
ခနဲ ဖြစ်သွား၏။ ခတ်ခဲတို့ရှိရာသို့ လျှောက်လာပြီး။

"ဘာလဲကွ၊ ငါ့ကို စောင်းဆိုတာလား"

ဟုမေးသည်။ ခတ်ခဲက. . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မူးမူးကြီးရာ၊ သီချင်းရှိတဲ့အတိုင်း ဆိုတာပါ"

သူ့ကို မူးမူးကြီးဟု ခေါ်လိုက်သော်လည်း စိတ်ဆိုးဟန်မပြ။ သူက တစ်မျိုး။ လူကြီးအချင်းချင်းဆိုလျှင် နည်းနည်းမှ အကျောမခံတတ်သော်လည်း ကလေးတွေ၊ လူငယ်တွေနဲ့ဆိုလျှင် လုံးထွေးနေတတ်ပြီး ဘာပြောပြော ဘယ်လိုစစ စိတ်ဆိုးလေ့မရှိ။ ပျစ်ပျစ်နှစ်နှစ်ဆဲရင်း ရယ်နေတတ်၏။ ခုလည်း ခာတ်ခဲတို့ ဘေးမှာ ဝင်ထိုင်ပြီး. .

"မင်းတို့ သီချင်းတွေက နားထောင်လို့တော့ ကောင်းပါတယ်ကွာ။ ဒါပေမယ့် သိပ်အော်လွန်းတယ်။ သီချင်းဆိုတာ အေးအေးလေးမှ ခံစားလို့ကောင်းတာ။ ဒါနဲ့ မင်းတို့က သီချင်းသာ ဆိုတယ် စည်းဝါးကော နားလည်ရဲ့လား"

ခာတ်ခဲလည်း ယောင်ပြီး ခေါင်းခါလိုက်သည်။

"အေး. . ငါပြောပြမယ် ဟောဒီမှာကြည့်"

လက်ဖျောက်တီးပြီး. . .

"ဒါက စည်း"

ပေါင်ကို လက်ဝါးနဲ့ ပုတ်၍

"ဒါက ဝါး"

လက်ဖျောက်တီးလိုက်၊ ပေါင်ပုတ်လိုက်လုပ်ရင်း. .

"စည်းနဲ့ဝါး၊ စည်းနဲ့ဝါး၊ စည်းနဲ့ဝါးလေး စည်းနဲ့ဝါး"

ခာတ်ခဲတို့မှာ ဂစ်တာကိုပင် ဘိတွေ ဘားတွေကိုတောင် သိပ်မှန်အောင် တီးနိုင်ကြသေးသူများမဟုတ်။ သူပြော





သည့် စည်းနဲ့ဝါးဆိုတာ ဂစ်တာနဲ့ ဘယ်လိုတီးရမှန်း စဉ်းစားလို့မရကြ။ နောက်တော့ ဦးကျော်မိုးကိုယ်တိုင်လည်း တိုင်မင်တွေ အောက်ပြီး ပေါင်ပုတ်ပြီး စည်းပြောလိုပြော၊ ဝါးနဲ့စည်းဖြစ်လို့ဖြစ် သူ့ဘာသာ လုံးချာလိုက်နေပြီးမှ။

"အေး ဒါပဲကွ။ နောက်နေ့မှ မင်းတို့ကို ထပ်တျာတောရှင် ဆက်တက်ပေးမယ်"

ဟု ပြောပြီး ထထွက်သွားသည်။

ခာတ်ခဲတို့မှာ ကြောင်ပြီး ကျန်ခဲ့၏။ ပြီးမှ ဝိုင်းရယ်လိုက်ကြသည်။ ခာတ်ခဲက တွေ၍ စဉ်းစားနေသည်။ ပေါက်ကရ လုပ်လိုသော သူ့ ဉာဉ်ကလေးက ဖြတ်ခနဲ ပေါ်လာ၏။

"ဟေ့ကောင်တွေ ဦးကျော်မိုးကြီးကို နောက်ရအောင်"

"ဘယ်လို နောက်မှာလဲ"

သူသည် နေ့လယ်ကပင် ရယ်စရာ မဂ္ဂဇင်းထဲက ကျော်ဇင်ကိုကို၏ "အပျင်းပြေရယ်စရာအတည် သီချင်းတွေသယ်လာပြီ" ဆိုသော ကဏ္ဍကို ဖတ်ပြီး သဘောကျနေသည်။ ထို့ကြောင့်. .

♦

နောက်တစ်နေ့မနက် အိပ်ရာကနိုးလို့ လက်ဖက်ရည်ဆိုင်ဆီအထွက် ဦးကျော်မိုး၏ အိမ်ရှေ့က သရက်ပင်မှာ တပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ပိုစတာကြော်ငြာတစ်ခု တွေ့လိုက်ရသည်။ ပြက္ခဒိန်အဟောင်းတစ်ရွက်တောင် လွတ်နေသည့် ကျောဘက်မှာ လက်ရေး ဖြင့် ရေးထားခြင်းဖြစ်၏။

"အဆိုတော်မျိုးကြီး၏ 'လေပြေ'စီးရီး စံချိန်ကိုအပြတ်ချိုးမည့် . .

မူးမူးကြီး၏ လေချဉ်စီးရီး
တေးဂီတ - ပုလင်းဘွိုင်
တေးရေး - ကိုကြီးကျော်
အသံဖမ်း - စတူဒီယို -ဝမ်း
မူပိုင် - နာဥာဂီရိ
ဘီအီးတေးသံသွင်းမှ အသင့်သောက်ပြီး အခွေများ ထွက်ပြီ။

ဆက်လက်ထွက်လာမည့်
"ဆိုင်ကစောင့်နေမယ်"စီးရီးမျှော်ပါ။

ထိုကြော်ငြာပိုစတာသည် မာတ်ခဲတို့အုပ်စုလက်ချက် ဖြစ်ကြောင်း သူသိ၏။ ပိုသေချာသွားတာက ထိုနေ့ညဘက် မာတ်ခဲတို့ သူ့အိမ်ခန်းရှေ့မှ ဖြတ်လျှောက်ရင်း အော်ဆိုသွားသော သီချင်းကြောင့်ပင်ဖြစ်၏။

"လေချဉ်ဆန်တာတောင် မသိတော့သူ . .
အန်ချင်တယ်ဆိုတာ မသိတော့သူ . .
ဆိုင်က စောင့်နေသူ
"အိုး . . . ဆိုင်က စောင့်နေသူ"





ဦးကျော်မိုးသည် 'အေပေးလေးတွေ'ဟု အော်ဆဲရင်း တဟားဟား ရယ်နေလေသည်။

◆

'အရက်သမားနဲ့ လောင်းကစား ဘယ်သူက သာတယ်လို့ ထင်သလဲကွ"ဟု ဦးကျော်မိုးက မေးသည်။ မောင်ဝက . .

"ဘယ်သူမှ မသာဘူး နှစ်ခုစလုံး ကောင်းတာမှ မဟုတ်ဘဲ"

"အမယ် မကောင်းဘူးဆိုပြီး မင်း အခု ကိုင်ထားတဲ့ ခွက်က ဘာလဲ"

ပွဲကြီးက စောဒက တက်သဖြင့်

"ဒါက တစ်ခါတလေ အပျော်သဘောသောက်တာပဲကွ။ ငါ တစ်လနေလို့ တစ်ခါသောက်တတ်လို့လား။ ငါကကော ငါ့ကိုယ်ငါ သူတော်ကောင်းပါလို့ ပြောနေလို့လား"

မောင်ဝက ဒီလိုပဲ၊ အလိုက်အထိုက် မပြောတတ်။ သူ့စိတ်ထဲ ထင်သည့်အတိုင်း ဟောဟောဒိုင်းဒိုင်း ပြောချလိုက်တတ်၏။ ဒါကို ဦးကျော်မိုးက သဘောကျသည် မောင်ဝ ခုလို ပြောတာကို စိတ်မဆိုးဘဲ။

"အေး . . မောင်ဝ ပြောတာမှန်တယ်။ နှစ်ခုလုံး မကောင်းဘူး။ ငါကလည်း ဘယ်ဟာက ကောင်းသလဲလို့ မေး



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး။ မကောင်းတာချင်း အတူတူ ဘယ်ဟာက သာလည်းလို့ မေးတာကွ"

သူ့မေးခွန်းမှာ အူကြောင်ကြောင်ဖြစ်၍ မဖြေတတ်ကြ။ သူ့ဘာသာပဲ အဖြေပေး၏။

"အရက်သမားက အများကြီး တော်တာပေါ့ကွ။ မင်းတို့ စဉ်းစားကြည့်စမ်း။ အရက်သမားတစ်ယောက်ဟာ ဘယ်လောက် သောက်လုံးကြီးပါတယ်ပြောပြော တစ်နေ့ သုံးလေးလုံးထက် ပိုမသောက်နိုင်ဘူး။ အဲဒီလောက် သောက်ရုံနဲ့ ငွေဘယ် လောက်ကုန်မှာလဲ။ ထောင်ဂဏန်းပဲပေါ့။ နိုင်ငံခြားဖြစ်မှသောက်ရင်တောင် သောင်းဂဏန်းပဲ ကုန်မယ်။ လောင်းကစားသမားကတော့ တထိုင်တည်းနဲ့ ကားရော၊ အိမ်ရော ပြုတ်သွားနိုင်တယ် မဟုတ်လား"

"ဟေ့ကောင် ပွကြီး ဟိုတစ်ခါ မင်းဖဲရှုံးလို့ ထန်းပင်ပေါင်ရသလိုပေါ့"

ဟု ပတေးက အခွင့်သာခိုက် ပွကြီးကို နှိပ်ကွပ်သည်။ ပွကြီးကလည်း. . .

"အမယ် မင်းကရော ပြီးခဲ့တဲ့ ကမ္ဘာဖလားပွဲဖိုင်နယ်မှာတုန်းက ပြင်သစ်က ဘရာဇီးကို ဘယ်လိုနည်းနဲ့မှ မနိုင်ဘူး။ နိုင်ရင် ငါ့မိန်းမ ဘာနူးကိုတောင် ပေးလိုက်ဦးမယ်လို့ မင်းပြောခဲ့ဖူးတယ်လေ။ နောက်တော့ ပြင်သစ်က နိုင်သွားတာပဲ။ ငါက ဒုသနသောကြောက်လို့ မယူတာ"





"အဲဒီတုန်းက ငါ မူးမူးနဲ့ ပြောတာပါကွ"

"အေး. . ဒီလိုပဲ။ ငါတို့ရွာမှာ စပါးပေါ်ချိန် ငွေကလေးရွှင်ပြီဆိုရင် ကြက်ဝိုင်းတွေ၊ ဂျင်ဝိုင်းတွေ ဖြစ်လာတာပဲ။ တချို့ဆို စပါးရောင်းရတာလေး ကုန်တဲ့အပြင် လယ်တောင်ပေါင်ရတာမျိုးရှိတယ်"

ဟု ဦးကျော်မိုးက ဝင်ပြောသည်။ ဖိုးနီသည် ဟိုတစ်ခါ ပြောဖူးသည့် 'မအုန်းစိန်'ဆိုသော ကိစ္စကို ပြန်အစဖော်ဖို့ စိတ်ကူးမိလိုက်၏။ ထို့ကြောင့်. . .

"အဲ. . ဟို. . . ဟို. . တစ်ခါပြောတဲ့ အောင်စိန် အဲ. . အဲဒီ လူကကော လယ်တွေဘာတွေ ပေါင်ရသေးလား"

ဟု စကားခင်းလိုက်၏။ ဦးကျော်မိုး မျက်မှောင်ကုပ်သွား၏။ စဉ်းစားမရဟန် နားမလည်ဟန်ဖြင့်. . .

"အောင်စိန် ဘယ်က အောင်စိန်လဲ"

"ဟိုတစ်ခါ ဦးကျော်မိုးပဲ ပြောတယ်လေ သူကြီးသားအောင်စိန်ဆိုတာ"

"ဘာ ဘယ်ကလာ သူကြီးသားက အောင်ဘုပါကွ"

ဟိုကောင်တွေ နည်းနည်းကြောင်သွားသည်။ သူပြောခဲ့တုန်းက အောင်စိန်ပါပဲ။ ခုမှ အဲ. . အဲ. . ထားပါတော့၊ အဲဒီ. . အောင်ဘုဆိုတာက ဦးကျော်မိုးနဲ့ လည်ပင်းဖက်ပေါင်းခဲ့တဲ့ သူငယ်ချင်းဆို အဲဒါ"

"ဟာ မဟုတ်ပါဘူး။ ဒီကောင်က သူ့အဖေအားကိုးနဲ့ ဆောင့်ကြွားကြွားလုပ်တတ်လို့ ငါနဲ့ လုံးဝတည့်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ပြောတုန်းက တစ်မျိုး။ ခုကျတော့ တစ်မျိုး ဖြစ်သွားပြန်ပြီ။ ဘာပဲဖြစ်ဖြစ် စကားတော့ရပြီ။ ထို့ကြောင့် ပတေးက မောင်ဝကို မျက်စပစ်ပြသည်။ မောင်ဝက ပြောရဲဆိုရဲသည်။ မောင်ဝက ခေါင်းတစ်ချက်ဆတ်ပြီး။

"ဟိုတစ်ခါ ဦးကျော်မိုး ပြောတဲ့ထဲမှာ မိန်းမတစ်ယောက် နာမည်လည်း ပါသေးတယ်လေ။ ဘာတဲ့ မအုန်း"

"ဟာ ခုမှ သတိရတယ်၊ ငါနဲ့ လည်ပင်းဖက်ပေါင်းခဲ့တာ အောင်လှကွ"

ဟု မောင်ဝ၏ စကားကို အတင်းဖြတ်ပြောလိုက်သည်။ မောင်ဝလည်း ဆက်မေးဖို့ အခွင့်မသာဘဲ ဖြစ်သွားရပြန်၏။ ဦးကျော်မိုးကပဲ စကားဆက်သည်။

"အဲဒီ အောင်လှဆိုတာ မုဆိုးကွ။ ပစ်မလွဲ အောင်လှလို့ ခေါ်ကြတယ်"

"ဟာ နာမည်ကြားရုံနဲ့ တော်တော်လက်တည့်မယ်ဆိုတာ သိသာတယ်"

"ဘာပြောကောင်းမလဲ တစ်ချက် တစ်ကောင်ပဲ"

"ကျားတို့၊ တောဝက်တို့လား"

"မဟုတ်ဘူး ကျီးကန်တို့၊ စနိုက်တို့ကို ပြောတာ"

ထို့နောက် သူနှင့် သူငယ်ချင်းအောင်လှတို့ ငှက်ပစ်ထွက်ကြပုံအကြောင်းကို အသေးစိတ်ရှည်လျားစွာ ပြောပြနေလေသည်။ ပြောရင်း ပြောရင်းကလည်း ထုံးစံအတိုင်း တစ်ခွက်မော့လိုက် လျှာတွေ အာတွေ လေးလာလိုက်၊ တစ်ခွက်





သောက်လိုက် စကားတွေ မပီမသ ဗလုံးဗထွေး ဖြစ်လာလိုက် နောက်ဆုံး ဇက်ကျိုးကျသွားတော့မှ မောင်ဝတို့လည်း ထပြန်လာခဲ့ကြ၏။ သူတို့ အိမ်ပေါက်ဝအရောက်မှာပင် ဦးကျော်မိုးဆီမှ ခပ်သဲ့သဲ့ ရေရွတ်သံကို ကြားရပြန်လေသည်။

"ဩော်. . မအုန်းစိန်. . မအုန်းစိန်"

◆ ◆ ◆

ဦးကျော်မိုးကို အမျိုးသမီးကြီး တစ်ယောက်က အရေးတကြီးလာရှာကြောင်း ကြားလိုက်ရသောအခါ ဖိုးနီ အလွန်စိတ်ဝင်စားသွားသည်။ လက်ဖက်ရည်ဆိုင်မှ သတင်းရခြင်းဖြစ်၏။

"အဲဒီအချိန်က ဆိုင်မှာ ငါမရှိဘူးကွ။ နို့ဆီကုန်လို့ ပြေးဝယ်နေတာ၊ ဘာနူးပြန်ပြောပြလို့ သိရတာ၊ အမျိုးသမီးကြီး တစ်ယောက်တဲ့ကွ။ ပါဘလစ်ကားနဲ့လာတာ။ ဦးကျော်မိုး ဒီရပ်ကွက်ထဲမှာ ရှိတယ်လို့ သတင်းကြားလို့ လာစုံစမ်းတာတဲ့။ အဲဒါနဲ့ ဘာနူးက လမ်းညွှန်လိုက်ရတယ်တဲ့"

"ဒါဆို ဟိုဟာပဲ ဖြစ်ရမယ်၊ ငါလိုက်သွားမယ်၊ ဒီဘက်ခန်းကနေပြီး သူတို့ဘာတွေ ပြောလဲဆိုတာ ချောင်းနားထောင်ကြည့်မယ်"

ဖိုးနီက သွားမည်ပြုပြီးမှ

"အဲဒါနဲ့ အဲဒီမိန်းမကြီးက ဘယ်လိုပုံလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ခပ်ချောချောပဲကွ။ အသက်ကတော့ ဦးကျော်မိုး ထက် ငယ်မယ်ထင်တယ်။ ဝတ်စားထားကတော့ အကောင်းစားတွေပဲတဲ့ကွ။ လက်ကောက်တွေ ဆွဲကြိုးတွေလည်း ပါတယ်။ ပိုက်ဆံရှိမဲ့ပုံပဲလို့ ဘာနူးက ပြောတာပဲ"

"ကဲ . . ငါသွားကြည့်လိုက်ဦးမယ်"

"ငါ့ကိုလည်း ပြန်လာပြောဦးနော်"

ဟု ပတေးက လှမ်းအော်သည်။

ဦးကျော်မိုး၏ အခန်းရှေ့မှာ ရပ်ထားသော ပါဘလစ်ကာ ကားလေးကို မြင်သဖြင့် ဧည့်သည်မပြန်သေးကြောင်း သိရ၏။ ကားပေါ်မှာ ဒရိုင်ဘာနှင့်တူသူ တစ်ယောက် ထိုင်နေသည်။ ဖိုးနီသည် အိမ်ပေါ်အတက်တွင် ဦးကျော်မိုး၏ အခန်းဘက် တစ်ချက်လှမ်းအကဲလိုက်သေးသည်။ အမျိုးသမီးကြီး တစ်ယောက်သည် ဦးကျော်မိုး၏ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်နေသည်။ ကျောပေးထားသဖြင့် ရုပ်ကိုတော့ မမြင်ရ။ ပုံစံကတော့ ပတေးပြောလိုက်သလိုပင် အဆင့်ရှိသလိုသည့် ပုံမျိုးပင် ဖြစ်၏။

ဖိုးနီသည် ဒီဘက်ခန်းထဲ ဝင်လိုက်သည်။ အိမ်ရှင်ဖြစ်သူ ကိုပိန်က သူ့ထက်တောင် ဦးနေသည်။ အလယ်ထရံမှာ နားရွက်ကို ကပ်၍ နားထောင်နေရာမှ ဖိုးနီကို မြင်သောအခါ နှုတ်ခမ်းမှာ လက်ညှိုးကပ်ပြီးမှ လက်ယပ်ခေါ်သည်။ဖိုးနီလည်း ခြေဖွနင်းရင်း ထရံနားကပ်၍ နားထောင်လိုက်၏။





"ပြန်လာခဲ့ပါ အစ်ကိုကြီးရယ်"

အမျိုးသမီးကြီး အသံကို ကြားရ၏။ ဦးကျော်မိုးက ပြန်ပြောသည်။

"မလာဘူး။ ငါ့ကို ဒီလိုလုပ်လို့ မရဘူး"

"ဟိုကိစ္စတုန်းက ပစ္စည်းတွေလည်း အားလုံးဆုံးရှုံးရလို့ ရုတ်တရက် ထူပူပြီး ပြောမိတာပါ။ စိတ်ထဲက ပါလို့ မဟုတ်ပါဘူး။ အခုအိမ်လည်း ပြန်ဆောက် ပြီးပါပြီ။ အစ်ကိုကြီး ယောက်ဖကလည်း ရအောင်ပြန်ခေါ်ခဲ့ပါလို့ တဖွဖွ မှာပါတယ်။ အခုတောင် သူကိုယ်တိုင် လာတောင်း[illegible]လို့ပါ။ အစ်ကိုကြီးကို ကြောက်တာလည်းတစ်ကြောင်း၊ မျက်နှာပူတာလည်းတစ်ကြောင်း။

ကိုပိန်နှင့် ဖိုးနီ တစ်ယောက်ကို တစ်ယောက် ကြည့်ကြမိကြ၏။ အစ်ကိုကြီးရဲ့ ယောက်ဖဆိုတာက ဘာလဲ။ အမျိုးသမီးကြီးရဲ့အစ်ကို သို့မဟုတ် မောင်လား။ ဒါမှမဟုတ်. . .

"ဟင်း . . ဒီကောင့်ကို မှတ်လောက်သားလောက် အောင် ပစ်ထားလိုက်ဦးမယ်၊ ငါမရှိမှ ငါ့တန်ဖိုးကို ကောင်းကောင်းသိမှာ"

ဦးကျော်မိုး၏ အသံ ကြားရပြန်သည်။ အမျိုးသမီးကြီးက အောက်ကျို့သံဖြင့် . . .

"အစ်ကိုကြီးသဘောပါပဲ။ အစ်ကိုကြီးက ကျွန်မတို့ အပေါ် ခွင့်လွှတ်နိုင်တဲ့အခါ အချိန်မရွေး ပြန်လာခဲ့ပါ။တကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မတို့ မရှိတဲ့အချိန် ရောက်လာရင် အိမ်ထဲဝင်လို့ရအောင် သော့ပိုတစ်ချောင်း ပေးခဲ့ပါမယ်။ ပြီးတော့ ဒီမှာ အစ်ကိုကြီးအတွက် အကျီနဲ့ ပုဆိုးတွေ"

ခဏကြာအောင် တိတ်ဆိတ်နေပြီးမှ ဦးကျော်မိုး၏ အသံ ထွက်ပေါ်လာသည်။

"ပုဆိုးတွေက ချုပ်ပြီးသားလား"

♦

တကယ်တော့ ထိုအမျိုးသမီးကြီးသည် သူတို့ ထင်ထားသလို မဟုတ်။ ဦးကျော်မိုး၏ နှမသာ ဖြစ်၏။ ဇာတ်လမ်းက ဒီလို။

ဦးကျော်မိုးသည် ရွာမှ ထွက်လာပြီးနောက် စိတ်ကူးတည့်ရာ လျှောက်သွားနေခဲ့သည်။ အလုပ်ကိုလည်း ကြုံသလိုလုပ်သည်။ နောက်တော့ သူ့နှမ အိမ်ထောင်ကျပြီး ရန်ကုန်မှာ အခြေချရာမှ အဆက်အသွယ် ပြန်ရသည်။ နှမက သူ့အိမ်မှာ နေဖို့ ပြောသည်။ ဦးကျော်မိုးက ငြင်းသေးသည်။ နှမက မိမိကို စောင့်ရှောက်သည့်အနေဖြင့် လာနေပေးပါဟု တောင်းပန်သည်။ ဦးကျော်မိုးက လွတ်လွတ်လပ်လပ် နေလိုသူဖြစ်သဖြင့် သူနေချင်သလို နေရမှဟု ဈေးကိုင်သည်။ နှမကလည်း လိုက်လျောသဖြင့် နေဖြစ်သွားသည်။





တကယ်ကပင် ဦးကျော်မိုး နေချင်သလိုနေသည်။ ယောက်ဖကလည်း သဘောကောင်းသည်။ အရက်သောက်တတ်တာကို အပြစ်မဆိုသည့်အပြင် တစ်ခါ တစ်ခါ သူကတောင် ဦးကျော်မိုးအတွက် ဝယ်လာပေးသေးသည်။ဦးကျော်မိုးက အိမ်မှာနေသော်လည်း အသုံးစရိတ်ကိုတော့ သူ့ဘာသာရှာသည်။ ဒါကလည်း ပြဿနာ မရှိ။ ရွာမှာ သူ၏အမွေဆိုင်လယ်တွေရှိနေသဖြင့် ငွေလိုလျှင် သွားဆွဲလိုက်ရုံသာ ဖြစ်၏။

ဒီလိုနေရင်း ပြဿနာဖြစ်ရတဲ့ အကြောင်းကတော့.

တစ်ရက်တွင် ဟိုလင်မယားက ယော[illegible]စ်သူ၏ မိဘများအိမ် သွားလည်နေသဖြင့် အိမ်ပြန်နောက်ကျမည်။ အိမ်ကို ကြည့်ထားပေးပါဆိုပြီး အရက်ပုလင်းရော အမြည်းပါ အဆင့်သင့်လုပ်ပေးသွားသည်။

ဖြစ်ချင်တော့ ယောက်ဖဝယ်လာသည့် ရမ်ပုလင်းအတုကြီးဖြစ်နေ၏။ ပြီးတော့ သူက ရမ်ထက် ဘီအီးကိုသာ ပိုကြိုက်သည်။ ထို့ကြောင့် သူသောက်ကျနေ ဆိုင်သို့ သွားသည်။ ဟိုရောက်တော့ ဆုံနေကျ အပေါင်းအသင်းတွေက ဝိုင်းဆွဲ ထားသဖြင့် ဆိုင်မှာပင် ထိုင်သောက်ဖြစ်သွားသည်။

ထိုစဉ်မှာပင် ရပ်ကွက်အလယ်ပိုင်းက စ၍ မီးလောင်သည်။ မီးက တဖြည်းဖြည်းများလာပြီး အရက်ဆိုင်၏ အမိုးပေါ် မီးပွားကျရာမှ ထတောက်သည်။ သူတို့ အရက်သမားဖောက်သည်တစ်စု ဝိုင်းပြီး ငြိမ်းသတ်ရသည်။ အမိုးက မီးငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားသော်လည်း စိတ်မချရ။ မီးက ဒီဘက်ကူးပြီး တစ်စ တစ်စ နီးလာသည်။

ဦးကျော်မိုးသည် တစ်စုံတစ်ခုကို ဖြတ်ခနဲ တွေးလိုက်မိ၏ တကယ်လို့ ဒီအရက်ဆိုင်လေးသာ မီးထဲပါသွားလျှင် သူတို့၏ အပန်းဖြေစရာ စခန်းရိပ်သာလေး ပျောက်ဆုံးရတော့မည်။ ဒီဆိုင်ကို အသက်နှင့် လဲပြီးကာကွယ်မည်ရဟု သန္နိဋ္ဌာန်ချလိုက်ပြီး သောက်ဖော်သောက်ဖက်များကို စည်းရုံးသည်။ အားလုံးကလည်း သဘောတူကြသည်။

ထို့ကြောင့် အရက်ဆိုင်ကို မီးမစွဲစေရန် ဘေးနားက မြောင်းထဲက ရေများကို ရရာခွက်များ ပုံးများဖြင့် ခပ်ပြီး ဆိုင်ကိုပက်သည်။ ရေကုန်သွားသောအခါ ရွှံ့နှစ်တွေနှင့် ဝိုင်းပေါက်ကြသည်။ ဆိုင်မှာ ရွှံ့ရည်ရွှံ့နှစ်များဖြင့် မံထားသလို ဖြစ်သောကြောင့် မီးမစွဲနိုင်တော့။ သူတို့ အရက်သမားတစ်စု တက်ညီလက်ညီ ဆောင်ရွက်မှုကြောင့် အရက်ဆိုင်သည် မီးဘေးမှ လွတ်သွားခဲ့ သည်။

တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး သောက်လက်စ ဖန်ခွက်များကို မြှောက်၍ ကောင်းချီးပေးပြီး မော့သောက်လိုက်ကြသည်။

ထိုအချိန်တွင် သူတို့အိမ်တွေက မီးထဲ ပါသွားကြသော်ပြီ။ ဦးကျော်မိုး၏ နှမအိမ်မှာ လူတစ်ယောက်မှာလည်း မရှိ သော့လည်းခတ်ထားခဲ့သောကြောင့် ဘာပစ္စည်းမှ ပြန်မ





တော့ဘဲ ပြာပုံနှင့် မီးကျွမ်းနေသော အိမ်တိုင်ငုတ်များသာ ကျန်ရစ်တော့သည်။

ပြဿနာက ဒီမှာပဲ စတင်လေ၏။

အိမ်စောင့်ခိုင်းတာကို မစောင့်ဘဲ ဆိုင်မှာ တမေ့တမော့သွားသောက်နေတာတစ်ကြောင်း၊ မီးလောင်တော့လည်း ကိုယ့်အိမ်က ပစ္စည်းတွေ ရသလောက် မသယ်ဘဲ ပစ်ထားပြီး အရက်ဆိုင်ကျတော့ သက်စွန့်ကြိုးပမ်း မီးငြိမ်းကာကွယ်ခဲ့တာတစ်ကြောင်း။

“သူတို့က ငါပေါ့လျော့လို့ ခုလိုဖြစ်ရတာဆိုပြီး အပြစ်တင်တာနဲ့ ငါလည်း စိတ်ပေါက်ပေါက်ရှိလို့ ထွက်လာခဲ့တာပဲ။ ခုတော့ ငါ့အကြောင်း သိကြပြီလေ”

“ဒါဆို ဦးကျော်မိုးက အဲဒီအိမ်ကို ပြန်တော့မှာပေါ့။ ကျွန်တော်တို့တော့ သတိရနေမှာပဲ”

ဟု ပွဲကြီးက ပြောသည်။

“ဒီလိုလည်း မဟုတ်သေးပါဘူးကွာ၊ သူတို့ စိတ်ချမ်းသာအောင်တော့ ပြန်သွားရမှာပေါ့။ ဒါပေမယ့် ဟိုမှာ အမြဲနေမှာတော့ မဟုတ်ဘူး။ ဟိုမှာတစ်လှည့်၊ ဒီမှာတစ်လှည့် နေမှာ။ မင်းတို့ရပ်ကွက်မှာ နေရတာ ပျော်တယ်ကွာ၊ မင်းတို့လည်း ခင်စရာကောင်းတယ်၊ နောက်ပြီး ဒီကလူတွေက ရိုးသားတယ်ကွ၊ ဟိတ်တွေဟန်တွေ မရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဦးကျော်မိုးက ညီမကိုတော့ တော်တော်ချစ်တာပဲ"

ဟု ပတေးကပြောရာ ဦးကျော်မိုးက. . .

"မင်း ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့၊ ဦးကျော်မိုး မူးလာပြီဆိုရင် သူနာမည်ကို တ,တနေတာပဲ။

"ဘာ သူနာမည်"

"ဟုတ်တယ်လေ၊ ဩော်. . မအုန်းစိန်၊ မအုန်းစိန်ဆိုပြီးတော့"

"ဟာ မအုန်းစိန်ဆိုတာ ငါ့နှမနာမည် မဟုတ်ဘူး။ သူက"

ဦးကျော်မိုး တစ်ချက်ငိုင်သွားသည်။ ထို့နောက် သက်ပြင်းချလိုက်ပြီးမှ. . .

"သူက ငါရဲ့ အချစ်ဦးပါကွာ"

ဟုပြောသည်။ ပြီးတော့ အတော်ကြာအောင် ငြိမ်သက်နေသည်။ ဖိုးနီတို့ကလည်း အလိုက်သိစွာ တိတ်ဆိတ်နေကြ၏။ ဘာကြောင့် လွဲခဲ့ကြတာလဲ။ ဘာတွေ ဖြစ်ခဲ့ကြတာလည်းဆိုတာ မမေးကြ။ သို့ရာတွင် ဦးကျော်မိုးကပဲ စတင်ဖွင့်ဟလေသည်။

"အဲဒီတုန်းက ငါ အသက်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတယ်"





ဟု အစချီပြီး

တစ်ရက်တွင် သူသည် ရွာပြင်အစပ်က ကွင်းပြင်မှာ စွန်လွှတ်နေသည်။ လေကြမ်းကြမ်း တစ်ချက်မိပြီး ကြိုးပြတ်သွား၏။ လေနှင့်အတူ ပါသွားသော စွန်နောက်ကို ပြေးလိုက်သည်။ စွန်က လေကြောင်းအတိုင်း ရွာဘက်သို့ လွင့်သွားသည်။ ပြီးတော့ အိမ်တစ်အိမ် ဝင်းထဲကို ဝဲပြီးကျသည်။ အိမ်ရှေ့ကွက်လပ်တွင် မအုန်းစိန်က ဆန်ပြာနေသည်။ မအုန်းစိန်လန့်ပြီး စကော လွှတ်ချလိုက်သည်။ ဆန်တွေ မြေပေါ် ဖိတ်စင်ကျကုန်၏။ ထိုစဉ်မှာပင် အိမ်ဝင်းထဲသို့ မောင်ကျော်မိုး ပြေးဝင်လာသည်။ သူတို့ ဇာတ်လမ်းက ဒီလို စခဲ့သည်။

"အဲဒီ မအုန်းစိန်ဆိုတာက တော်တော်လှမှာပဲနော်"

ဟု ဖိုးနီက မေးသည်။

"အေး. . လှတယ်။ မုဆိုးမပေမယ့် ငါမျက်စိထဲတော့ လှနေတာပဲ"

"မုဆိုးမ ဟုတ်လား"

"ဟုတ်တယ်၊ သူမှာ ကလေးငါးယောက်လည်း ရှိတယ်။"

"ဗျာ ငါး"

ပွကြီး နှုတ်မှ အာမေဋိတ်သံထွက်သွား၏။ မောင်ဝကပွကြီးကို စိုက်ကြည့်ရင်း မသိမသာ ခေါင်းခါပြီး ဟန့်လိုက်၏။

"ဒီအခြေအနေတွေကြောင့် ငါ့ဘက်က မိဘဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေက သဘောမတူဘဲ ဝိုင်းဖျက်ကြတာပေါ့။ ငါကလည်း အလျှော့မပေးဘူး။ သူကသာ ခေါင်းညိတ်လိုက်လို့ကတော့ ဘယ်သူတွေ ဘာပြောပြော ဘာဖြစ်ဖြစ် ယူမှာပဲ"

မောင်ကျော်မိုးတို့ဘက်က ငွေကြေးချောင်လည်သော ရွာမျက်နှာဖုံးတွေ ဖြစ်ကြလည်း ရှိသည်။ သူတို့သဘောမတူတာလည်း သဘာဝကျသည်။ ဘာမှမဆန်း။ မအုန်းစိန်ကို မလွန်ဆန်နိုင်အောင် ဖိအားတွေပေးခဲ့မှာလည်း သေချာသည်။ မအုန်းစိန်ကလည်း သူတို့နှစ်ယောက် မဖြစ်နိုင်မှန်းသိသည်။ ထို့ကြောင့် ငြင်းသည်။ ရှောင်သည်။ မောင်ကျော်မိုးက ဇွတ်အတင်း ခိုးပြေးဖို့တောင် ကြံစည်ခဲ့သည်။

မအုန်းစိန်က သူ့ကြောင့် မောင်ကျော်မိုးဘဝ မနစ်မွန်းစေချင်။ မောင်ကျော်မိုးအပေါ် သံယောဇဉ်ရှိသော်လည်း မဖြစ်သင့် မဖြစ်ထိုက်မှန်း နားလည် သဘောပေါက်သည်။ ထို့ကြောင့် ဇွတ်အတင်း ရှေ့ဆက်တိုးလာလျှင် သူ ဒီရွာကလေးရာကို ထွက်သွားတော့မည်ဟု ပြောလိုက်သည်။

"တကယ်တော့ ဒါတွေဟာ ငါ့ဘက်က မိဘဆွေမျိုးတွေရဲ့ အကြံအစည်တွေပဲကွ။ သူ့ကို အကြပ်ကိုင်ပြီး တနယ်တကျေးမှာ လုပ်စားနိုင်လောက်တဲ့ငွေပေးပြီး ရွာက နှင်ထုတ်ချင်တဲ့ သဘောပဲ။ ဒါကို သိတော့ ငါက အရွဲ့တိုက်တဲ့အနေနဲ့ သူ့ကိုတော့ ရွာက မထွက်ခိုင်းနိုင်ဘူး။ ငါပဲ ထွက်လာခဲ့တာပဲ"





သူ ရွာက ထွက်သွားတာကို မအုန်းစိန်နဲ့ ယူထားလိုက်တာရင် တော်သေးတယ်။ ခုလို ဖြစ်သွားတာပဲ ခပ်ကောင်းကောင်း စိတ်အနယ်ထိုင်တော့ ပြန်လာလိမ့်မယ်ဆိုပြီး လွှတ်ပေးထားလိုက်သည်။ သို့ရာတွင် သူကတော့ နှစ်အတော်ကြာအောင် ရွာဘက်ခြေဦး မလှည့်တော့။

"အင်း. . . ခု ပြန်စဉ်းစားကြည့်တော့ လူကြီးတွေ သဘောမတူတာလည်း အပြစ်မဆိုသာပါဘူး။ မအုန်းစိန်က မုဆိုးမ၊ ကလေးငါးယောက်အမေ အသက်ချင်းကလည်း ကွာတာကိုး"

"အသက်က ဘယ်လောက်ကွာလို့လဲ'

မောင်ဝ မေးသည်။

"အဲဒီအချိန်မှာ ငါက ဆယ့်ရှစ်နှစ်၊ မအုန်းစိန်က လေးဆယ့်ငါးနှစ်"

အားလုံးပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ အတွက်အချက်တော်သော ပွကြီးက စိတ်ထဲက တွက်ကြည့်သောအခါ အသက်ချင်း နှစ်ဆယ့်ခုနှစ်နှစ်တိတိ ကွာနေ၏။

"အသက်ဆိုတာ လူတွေက လိုက်မှတ်နေလို့သာ သုံးဆယ်တွေ၊ လေးဆယ်တွေ ဖြစ်နေရတာပါကွာ။ တကယ်တော့ အဓိပ္ပာယ်မရှိပါဘူး။ အချစ်ဆိုတာကို အသက်အရွယ်နဲ့ တိုင်းတာသတ်မှတ်တာဟာ မတရားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မှန်တယ်"

ဟု ဖိုးနီက ထောက်ခံသည်။ ဦးကျော်မိုးက ဆက်၍. .

"ငါကတော့ ခုချိန်ထိ သူ့ကို ချစ်နေတုန်းပဲ၊ ငါ တစ်ခါတစ်ခါ ရွာပြန်တယ်ဆိုတာ မအုန်းစိန့်ဆီ သွားတာကွ"

အသက်ချင်း နှစ်ဆယ်ခုနစ်နှစ် ကွာတယ်ဆိုတော့ အခု ဦးကျော်မိုးအသက် ငါးဆယ့်ငါးနှစ်ပဲ ထားဦး၊ ဟိုက အသက်ရှစ်ဆယ်ကျော်နေပြီ။ ဒါကို တွေးမိပြီး ပွဲကြီးမှာ ပြုံးစေ့စေ့တောင် ဖြစ်သွား၏။ ဦးကျော်မိုးကလည်း ရိပ်မိသည်။

"မင်းတို့ ထင်သလို မဟုတ်ပါဘူးကွာ။ ငါ ရွာက ထွက်သွားပြီး သုံးနှစ်လောက်အကြာမှာ မအုန်းစိန် ဆုံးသွားတယ်။ နှစ်အတော်ကြာလို့ ငါ ရွာကို တစ်ခေါက်ပြန်တော့မှ သိရတာ၊ သူ့ သင်္ချိုင်းမြေပုံနေရာမှာ အုတ်ဂူလေးတစ်ခု ငါ လုပ်ပေးခဲ့တယ်။ ငါ ရွာကို သွားသွားနေတာ သူ့အုတ်ဂူလေးကို သွားကြည့်တာပါကွ။ မင်းတို့ စဉ်းစားကြည့်စမ်း၊ သူဟာ အသက်လေးဆယ့်ရှစ်နှစ်မှာ ဆုံးသွားတယ်။ နောက်ထပ် အသက် ပိုကြီးမလာနိုင်တော့ဘူး။ ဒီတော့ ခုဆိုရင် ငါကတောင် သူ့ထက် အသက်ပိုကြီးနေပြီလို့ မဆိုနိုင်ဘူးလား။ အသက်ချင်းကွာတယ်ဆိုတာ ဘယ်မှာ အဓိပ္ပာယ်ရှိလဲကွဟေ။ အဲဒါပါပဲကွာ။ အချစ်ဆိုတာ ဒါပါပဲ"

စိတ်မာတတ်မာကြော ကြံ့ခိုင်လှပါတယ် ဆိုသော





မောင်ဝပင်လျှင် ငိုင်တွေတွေ ဖြစ်သွား၏။ ဦးကျော်မိုးက အပြင်ကို ငေးကြည့်နေသည်။ ပတ်ဝန်းကျင်မှာ လရောင်ဖြာကျနေသည်။ ဆောင်းညကာလ ဖြစ်သောကြောင့် အေးစိမ့်နေသော လေက ဝေ့ခနဲ တစ်ချက် တိုးဝင်လာသည်။ ဦးကျော်မိုးက. . .

"ခုချိန်ဆို ရွာအပြင်ဘက် လယ်ကွင်းထဲမှ သိပ်အေးနေမှာပဲကွာ"

ဟု လွမ်းလွမ်းဆွေးဆွေး ရေရွတ်လိုက်၏။

◆ ◆




www.burmeseclassic.com

www.burmeseclassic.com

# ခြိမ့်ခြိမ့်သဲသဲဟောပြောပွဲ

www.burmeseclassic.com

www.burmeseclassic.com



# ခြိမ့်ခြိမ့်သဲသဲဟောပြောပွဲ

တန်ဆောင်မုန်းလမှာ အလှူအတန်းအပေါ်များဆုံးလပင်ဖြစ်၏။ ကထိန်ပွဲတွေကိုက ခြိမ့်ခြိမ့်သည်းသည်း။သင်္ကန်းတွေ အလှူခံရတာ မနည်းမနောဘဲ။ အလှူတွေ ဆက်နေသဖြင့် အလှူပစ္စည်းတွေလည်းရ၊ စားကောင်းသောက်ဖွယ်တွေလည်းမပြတ် ဘုဉ်းပေးရတော့-စိုစိုပြည်ပြည် ဖြစ်လာကြသည်။

တန်ဆောင်မုန်းပြီးတော့ နတ်တော်။ ဒါကတော့ သံဃာတော်တွေနှင့် မဆိုင်တော့။ နတ်တွေ အလှည့်ကျရောက်လာပြီ။ ဟို ရှေးရှေးတုန်းကတော့ နတ်ပွဲသဘင်တွေ ခြိမ့်ခြိမ့်သည်း ကျင်းပကြတဲ့အခါပေါ့။ ခုတော့ သိပ်ခေတ်မစားတော့။ နတ်ကန္နားပွဲ တစ်ခါလုပ်ဖို့ဆိုတာ ငွေသိန်းချီ အကုန်



www.burmeseclassic.com

www.burmeseclassic.com



အကျခံရတာကိုး။ အဓိဋ္ဌာန်အောင်လို့၊ ထိပေါက်လို့၊ စီးပွားတက်အောင် မ,စလို့၊ ဟိုဟာဒီဟာ ဖြစ်လို့ဆိုသော အကြောင်းပြချက်တွေ ပေါ်လာမှသာ ကျင်းပနိုင်ကြတော့သည်။

ပရိသတ်ကလည်း နတ်ကတိုင်း မကြည့်မောနိုင်ကြတော့။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာ။ ပြီးတော့ ရုပ်မြင်သံကြားမှ တရုတ်ဇာတ်လမ်းတွဲတွေက ဆွဲဆောင်ထားသဖြင့် နတ်ပွဲကို စိတ်ဝင်စားမှု လျော့လာသည်။ မြို့ပြသည် လူနေထူထပ်လာသဖြင့် နတ်ကန္နားပေးဖို့နေရာကလည်း ကျုံ့လာ၏။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်လို့လည်းမရ။ ဒီတော့ နတ်ပွဲတွေ ပါးလာသည်။

တန်ခိုးမရှိသော်လည်း နတ်တွေလိုပင် အရက်နှင့် ပ,သရသော ပွဲမျိုးသည်လည်း နတ်တော်လမှာပင် ကျင်းပကြသည်။ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများပင် ဖြစ်လေ၏။ စာရေးဆရာများသည် စီးပွားတက်အောင် မ,စနိုင်ကြသူများ မဟုတ်ကြ။ ရာထူးတိုးအောင် မြဲအောင်လုပ်ပေးနိုင်ကြသူများလည်း မဟုတ်ကြ။ သို့တိုင်အောင် သူတို့ကို တစ်နှစ် တစ်ခါ စာဆိုတော်ရာသီကျလျှင် ပင့်ကြ၊ ဖိတ်ကြ၊ ကျွေးကြ၊ တိုက်ကြ၊ စာကန္နားပေးကြတာ အံ့သြစရာပင် ဖြစ်၏။ တကယ်တော့ သူတို့သည် လူကို မကြီးပွားစေသော်လည်း စိတ်ကို ကြီးပွားစေသည်။ လူကို ရာထူးတိုးအောင် မလုပ်ပေးနိုင်သော်လည်း ကိုယ်ကျင့်တရားကို ရာထူးတိုးအောင် လုပ်ပေးနိုင်သည်ဟု ထင်မြင်ကြသောကြောင့် ဖြစ်နိုင်၏။





ခုချိန်မှာ ဂျာနယ်တွေကလည်း စာပေဟောပြောပွဲသတင်းတွေကို ထည့်ထည့်ပေးနေသဖြင့် ဘယ်မြို့မှာ ဘယ်သူဟောတယ်ဆိုတာ ပါလာတတ်၏။ ဟောပြောပွဲ ဖိတ်သူတွေကလည်း လက်ဆောင်တွေ ပေးကြသည်။ ခုနောက်ပိုင်း ငွေကြေး ချီးမြှင့်တာမျိုးတောင် ရှိလာသဖြင့် စာရေးဆရာတွေလည်း မဆိုးလှဟုဆို၏။ သို့ရာတွင် သူတို့မှာ ဟောပြောပွဲတိုင်း အဆင်ပြေကြသည်မဟုတ်။ ဟောပြောပွဲအတွေ့အကြုံမရှိသော ပရိသတ်နှင့် စီမံခန့်ခွဲမှု မကျွမ်းသော စီစဉ်သူတို့နှင့် တွေ့လျှင် နည်းနည်းတော့ ကသိကအောက် ဖြစ်ရတတ်ပါသေးသည်။

ဒါကို ပြောပြချင်သောကြောင့် စကားလမ်းခင်းနေရခြင်း ဖြစ်၏။

♦

ကိုကြီးငွေသည် မနှစ်က တန်ဆောင်တိုင်မှာ မီးဒုံးပျံလွှတ်တာ မအောင်မြင်ဘဲ ပွကြီး၏ ထန်းရည်တဲပေါ် ပျက်ကျပြီး တဲပါ မီးစွဲခဲ့သဖြင့် မနည်းငြိမ်း သတ်ခဲ့ရသည်။ သူကတော့. .

"အမေရိကန်သမ္မတကလင်တန်တောင် ဒုံးဒွင်းဒုံး ကာကွယ်ရေး စမ်းသပ်တာ မအောင်မြင်လို့ သိက္ခာကျခဲ့ရသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကာကွယ်ပြောကြားသေးသည်။ ဘာပဲဖြစ်ဖြစ် နာမည်ပျက်ခဲ့ရတာတော့ အမှန်ပဲဖြစ်၏။ ထို့ကြောင့် ဒီနှစ် သီတင်းကျွတ်မှာရော၊ တန်ဆောင်တိုင်မှာပါ ကိုကြီးငွေ ငြိမ်ကုပ် နေခဲ့ရသည်။ သူက ပွဲလေးလမ်းလေး တစ်ခုခုလုပ်ဖို့ အကြံပေးလျှင်. . .

"မနှစ်က မီဒုံးပျံကြီးလို့ ဖြစ်နေပါဦးမယ်"

ဆိုပြီး သူ့အကြံကို ပယ်ချကြလေသည်။

တကယ်တော့ ဒီလို ရပ်ရေးရွာရေး ကိစ္စ၊ ပွဲလမ်းသဘင်ကိစ္စမှာ ဝါသနာလည်းပါမှ၊ အပင်ပန်းလည်း ခံနိုင်မှ အားလပ်နေတဲ့ လူလည်း ဖြစ်ပါမှ လုပ်နိုင်သည်။ ရပ်ကွက်ထဲက လူအများစုသည် စားဝတ်နေရေး အလျှင်မီဖို့ ရုန်းကန်လှုပ်ရှားနေကြရသဖြင့် ဒါမျိုးကို အားကြိုးမာန်တက် ဦးမဆောင်ချင်ကြ။ အထူးသဖြင့် အလှူငွေ လိုက်ကောက်ရသည့် အလုပ်ကို ရှောင်လိုကြသောကြောင့် ဖြစ်၏။

ဒီရပ်ကွက်မှာ အလှူငွေကောက်ရတာ မလွယ်လှ၊ တော်တော်မျက်နှာပြောင်မှ ရသည်။ ရပ်ကွက်ထဲက လူများသည် ငွေကြေးချောင်လည်ကြသူများ မဟုတ်ကြ။ အလှူခံလို့ ဆိုလိုက်တာနဲ့ အရက်သမားကို ကော်ဖီကြမ်းတိုက်သလို တွန့်ခနဲ ဖြစ်သွားတတ်ကြ၏။ ပြီးတော့ ငွေကလေး နှစ်ဆယ်၊ အစိတ်ထည့်ဖို့ ဆယ့်ငါးမိနစ်လောက်ကြာအောင် ညည်းညူပြ နေသေးသည်။ လုပ်တာကိုင်တာ တစ်ခုခု အဆင်မပြေ ဖြစ်





သွားလို့ကတော့ ထည့်တဲ့ငွေနဲ့ မမျှလောက်အောင် အပြစ်ပြောချင်တတ်ကြသည်။

ဒါမျိုးက အရေထူမှ ဖြစ်သည်။ ကိုကြီးငွေက ဒီနေရာမှာတော့ တကယ်ကျွမ်းသည်။ ဟိတ်ဟန်လည်းကောင်းသည်။ ပြောလည်းပြောတတ် ဆိုတတ်သည်။ မျက်နှာလည်း ပြောင်သည်။ ခက်တာက သူလုပ်လိုက်လျှင် အရာရာနှင့် အကြောင်းကြောင်း ဖြစ်တတ်ခြင်း။ လောလောဆယ်မှာ သူကလည်း အရာကျသလို ဖြစ်နေ၏။ ဒီတော့ သီတင်းကျွတ်မှာရော၊ တန်ဆောင်တိုင်မှာပါ ဘာပွဲမှ မဖြစ်။

ဟိုဘက်ရပ်ကွက်ကတော့ ကိုစာကလေး ဦးဆောင်ပြီး တန်ဆောင်တိုင်မှာ ကာရာအိုကေ စတိတ်ရှိုး လုပ်ဖြစ်သွားသည်။ ထုံးစံအတိုင်း အော်လံကြီးကို ဒီဘက်ရပ်ကွက်ဘက် လှည့်ပြီး အကျယ်ကြီးဖွင့်ထားသည်။ သက်သက်မခံချင်အောင် စ,ခြင်းဖြစ်၏။ ဒီဘက်ရပ်ကွက်သားတွေမှာ မခံချိမခံသာ ဖြစ်ကြရသည်။ ကိုကြီးငွေကဆို ပိုပြီး ကြိတ်မနိုင်ခဲမရ ဖြစ်သေးသည်။ ကိုစာကလေးဆိုတာက သူ၏ အစိက ပြိုင်ဖက်ရန်သူတော်ကြီး မဟုတ်လား။ သို့တိုင်အောင် သူ ဘာမှ မတုံ့ပြန်နိုင်။ ထို့အတူ သူ့ကို အထင်သေးကြသည့် ကိုယ့်ရပ်ကွက်က လူတွေကို စိတ်ခုနေသောကြောင့်လည်း ဘာမှ မလှုပ်ရှားဘဲ နေနေခြင်းဖြစ်၏။

◆



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီက တခြားလူထက်စာလျှင် စာဖတ်များသည်ဟု ဆိုနိုင်၏။ အထူးသဖြင့် ဂျာနယ်တွေ ဖတ်လေ့ရှိ၏။ မဂ္ဂဇင်းတွေကတော့ ငှားခ မတတ်နိုင်သဖြင့် တစ်ခါတလေမှ ဖတ်ဖြစ်သည်။ ဂျာနယ်ကတော့ ဈေးရှေ့မှာ နှစ်ပတ်လောက်ကျော်နေသော အဟောင်းတွေကို တစ်စောင်ငါးကျပ်နှင့် လာရောင်းသဖြင့် တစ်ပတ်တစ်စောင်၊ နှစ်စောင်တော့ ဝယ်ဖတ်ဖြစ်သည်။

ဂျာနယ်တွေထဲမှာ စာပေဟောပြောပွဲ သတင်းတွေ တွေ့ရသဖြင့် အကြံတစ်ခု ရသည်။ သူတို့ရပ်ကွက်မှာ စာပေဟောပြောပွဲလုပ်လျှင် ကောင်းမည်။

"အဲဒါသာ လုပ်ဖြစ်သွားရင် အရမ်းကောင်းမယ်ကွ၊ ငါတို့ မြို့နယ်ထဲမှာ တစ်ခါမှ မလုပ်ဖူးသေးဘူး"

ဟု ပွကြီးတို့ မောင်ဝတို့၊ ပတေးတို့၊ ကျော်ကွန့်တို့၊ ဉာဏ်စိန်တို့ကို တိုင်ပင်သည်။

"ဖြစ်ပါ့မလားကွာ။ ငါတို့က ဒါမျိုးတွေ တစ်ခါမှ လုပ်ဖူးတာ မဟုတ်ဘဲ၊ မတော်တဆ တလွဲတချော် ဖြစ်ကုန်ရင် မလွယ်ဘူး"

ဟု ပွကြီးက စိုးရိမ်သည်။ ဉာဏ်စိန်သည် ဖိုးနီလိုပင် စာလေးဘာလေးဖတ်သူ ဖြစ်သဖြင့် ဒီအကြံကို လက်ခံလိုသည်။ သို့တိုင်အောင် ပွင့်ပွင့်လင်းလင်း မတိုက်တွန်းရဲ။ တော်ကြာ "မင်း ဦးဆောင်ပြီးလုပ်"ဆိုလျှက် ခက်မည်။ သူက ယောင်





ချာချာဆိုတော့ အမှားအယွင်းဖြစ်မှာ ကြောက်သည်။ မောင်ဝကတော့. . .

"ငါက စာတွေ ဘာတွေ သိပ်ဖတ်တာ မဟုတ်ဘူးကွ။ ဒါပေမယ့် စာရေးဆရာတွေကိုတော့ သဘောကျတယ်"

"ဘာဖြစ်လို့ သဘောကျတာလဲ"

ဟု ကျော်ကွန့်က မေးတော့. . .

"မင်းတို့ စဉ်းစားကြည့်လေကွာ၊ ငါတို့မှာ ချေးစာရင်းစာရွက်မှာ ဖြည့်တာတောင် ခဏ ခဏ မှားကယ်။ သူတို့က ဒီလောက် စာမျက်နှာတွေ အများကြီးကို မမှားအောင် ရေးနိုင်တာ ချီးကျူးစရာပေါ့ကွာ။ ငါသာဆို စိတ်ရှည်မှာ မဟုတ်ဘူး"

"အေးကွ၊ မောင်ဝ ပြောတာ ဟုတ်တယ်။ ငါကတော့ ဖြစ်ချင်ရာဖြစ်၊ ဒီဟောပြောပွဲကို ရအောင် လုပ်စေချင်တယ်။ ဒါဆို ရင် ဒီမြို့နယ်မှာ ငါတို့ရပ်ကွက်က တော့ပ် ဖြစ်သွားပြီ။ ဟိုဘက်ရပ်ကွက်က တန်ဆောင်တိုင်မှာ ကျောထားတဲ့ ကိစ္စကိုလည်း ပြန်ချပြီးသား ဖြစ်သွားမယ်"

ပတေးက ဝင်ထောက်ခံသည်။ ဉာဏ်စိန်ကလည်း ခမှ. . .

"အေး. . ဟုတ်တယ်ကွ"

ဟု သံယောင်လိုက်၏။

"ဟော့ကောင် ပတေး၊ မင်းက လုပ်ငန်းရှင်နော် အလှူငွေ ပိုထည့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီက သတိပေးသည်။

"ရပါတယ်ကွ၊ ဒါ ရပ်ရေး ရွာရေးပဲ"

"နောက်မှ ဘာနူးက ဒီလ အကုန်အကျတွေများလို့ ဘာတို့ မလုပ်နဲ့နော်"

"အောင်မာ၊ ပတေးပါကွ။ တစ်ခုခုလုပ်ချင်ရင် မိန်းမနဲ့ ပြန်တိုင်ပင်ရတဲ့ ကောင်မျိုး မဟုတ်ပါဘူး"

ဒါ ဉာဏ်စိန်ကို စောင်းပြောလိုက်ခြင်းဖြစ်၏။ နာမည်ထုတ်ပြောခြင်း မရှိသော်လည်း ဉာဏ်စိန်က သူ့ကိုပြောကြောင်း သိသည်။ ထို့ကြောင့်. . .

"မလုံးက ဒါမျိုးတော့ နားလည်ပါတယ်ကွ"

ဟု မလုံမလဲ ပြောသည်။

"ဟင်၊ မင်းကို ပြောတာမှန်း သိလို့လား"

ဉာဏ်စိန်က ပြုံးဖြီးဖြီးလုပ်ရင်း "သိဘူးလေကွာ"ဟုဆို၏။

"ကဲ. . . ဒါဆို အားလုံး သဘောတူပြီပေါ့။ လူကြီးတွေကို ပြောပြီး လုပ်ကြဖို့ပဲ ရှိတယ်"

ဖိုးနီက ဆုံးဖြတ်ချက်ချသည်။ ဉာဏ်စိန်က ခေါင်းကုတ်ပြီး. .

"တစ်ခုတော့ ရှိတယ်ကွ၊ ငါတို့က ဒါမျိုးလည်း တစ်ခါမှ မလုပ်ဖူးဘူး။ သိပ်လည်း နားမလည်ဘူးဆိုတော့ တစ်ခုခု မှားသွားရင် မကောင်းဘူးကွ၊ လူကြီးတစ်ယောက်ကို ဦးဆောင်ခိုင်းရင် ကောင်းမယ်"





"အေး ဒါကတော့ မှန်တယ်။ ခက်တာက လူကြီးတွေကလည်း စာပေကိစ္စကျတော့ ငါတို့ထက်တောင် မနီးစပ်သေးတယ်"

"ကိုကြီးငွေ ရှိသားပဲကွ"

"ဟာ သူက လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းကွ၊ တော်ကြာ"

"ဘာပဲပြောပြော၊ တခြားလူထက်စာရင် သူက နဲနဲစပ်စပ် ရှိသေးတယ်ကွ။ အနည်းဆုံး အကြံဉာဏ်တော့ ရတာပေါ့။ ငါတို့ဘာသာ ဘယ်ကစလုပ်ရမှန်း မသိတာထက်စာရင် တော်သေးတာပေါ့"

ထို့ကြောင့် ကိုကြီးငွေဆီသို့ သွားကြသည်။

◆

"အင်း. . မင်းတို့ စိတ်ကူးကတော့ တော်တော်လေး ကောင်းပါတယ်။ ဒီလိုပွဲမျိုးက လုပ်လည်းလုပ်သင့်ပါတယ်။ ဒါပေမယ့် ငါကတော့ ဒါမျိုးတွေနဲ့ ကင်းကင်းနေဖို့ ဆုံးဖြတ်ထားပြီးပြီ"

ဟု ကိုကြီးငွေက ပြောသည်။

"ဟာဗျာ ကိုကြီးငွေကလည်း ဒါက ရပ်ရေး ရွာရေးပဲဟာ"

ဖိုးနီက ဖျောင်းဖျသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒီ ရပ်ရေးရွာရေးပေါ့ကွ၊ ငါက ပိုက်ဆံလည်း တစ်ပြားမှ မရဘဲ။ အပင်ပန်းခံပြီး လုပ်ရတာ၊ ပြီးတော့ တစ်ခွန်းမှ အကောင်းပြောတာ မဟုတ်ဘူး။ တော်ပြီကွာ၊ ဒီအလုပ်တွေကို ငါ စိတ်နာသွားပြီ"

မောင်ဝမှာ သိပ်စိတ်ရှည်သူမဟုတ်။ ထို့ကြောင့်. .

"စိတ်နာရင်လည်း မလုပ်နဲ့ဗျာ၊ ခင်ဗျားက တော်တော်ကြီးကျယ်၊ ကဲ. . . ဟော့ကောင်တွေ သွားမယ်"

မောင်ဝ ထရပ်သည်။ ပွကြီးက လက်ကို ဖမ်းဆွဲ၍ အတင်းပြန်ထိုင်ခိုင်းပြီး "မင်းကလည်း အလုပ်ဖြင့် မလုပ်ရသေးဘူး။ ဒေါသက အရင်ထွက်တာပဲ။ ဒါမျိုးက စိတ်ရှည်မှပေါ့ကွ"

ဟုဆိုရင်း မျက်စိတစ်ဖက်မှိတ်ပြသည်။မောင်ဝလည်း ပေစောင်းစောင်းလုပ်နေသည်။ ပတေးက ဝင်ပြောပြန်သည်။

"ဟုတ်တယ်။ ကိုကြီးငွေ ပြောလည်းပြောစရာပဲ။ လူတွေက ကိုယ်ဘာသာမှ မလုပ်တတ်တာ၊ လုပ်တတ်တဲ့လူ လုပ်ရင် တယ်အပြစ်ပြောချင်ကြတာကိုး"

ပတေးစကားကြောင့် ကိုကြီးငွေ နည်းနည်း ကျေနပ်သွားသည်။

ကျော်ကွန့်ကလည်း. .

"ဒီလိုပါ ကိုကြီးငွေရာ ခုကိစ္စက ကျွန်တော်တို့ချည်းလုပ်လို့ မဖြစ်လို့ပါ။ ကိုကြီးငွေက ဗဟုသုတရှိတော့ လုပ်တတ်ကိုင်တတ်တယ်လေ။ အဲဒါ ကိုကြီးငွေ ဦးဆောင်ပြီးတော့"





ကိုကြီးငွေက "အင်း"ဆိုပြီး စကားစဖို့ ပြင်နေစဉ်မှာပင်. . .

"အမယ် နင်တို့ ဘာလာလုပ်ပြန်တာလဲ"

ဟု မယုံသင်္ကာသံဖြင့် မေးရင်း မသီး အိမ်ပေါ်တက်လာသည်။

"သြော်. . ကိုကြီးငွေနဲ့ တိုင်ပင်စရာလေး ရှိလို့ပါ"

မသီးက တစ်ခုခု ပြောမည့်ပြင်ပြီးမှ သူ့ကို စိုက်ကြည့်နေသော မောင်ဝကို မြင်သဖြင့် မပြောတော့ဘဲ အတွင်းခန်းဘက် လျှောက်သွားသည်။ ဝင်ခါနီးမှ လှည့်ပြီး. . .

"ဒါပဲနော် ကိုကြီးငွေ၊ ကျွန်မ ပြောထားတာတွေ မမေ့နဲ့ဦး"

ဟု အံကြိတ်သံနှင့် ပြောသွား၏။

ကိုကြီးငွေမှာ စောစောကလို မဟုတ်တော့ဘဲ ကြောင်အအ ဖြစ်သွား၏။ ဖိုးနီက 'ဘယ်လိုလဲ ကိုကြီးငွေ'ဟု မေးတော့မှ ခပ်အုပ်အုပ် လေသံဖြင့်. . .

"အဲ. . အင်း. . ဒီလိုလေကွာ၊ မင်းတို့လုပ်မယ့် ကိစ္စကို စိတ်ဓာတ်ရေးရာအားဖြင့် ထောက်ခံတယ်ဆိုပါတော့ကွာ"

"စိတ်သွားတိုင်း ကိုယ်မပါဘူးဆိုပါတော့"

စကားလုံးကြီးကြီးတွေ ပြောနေသော ကိုကြီးငွေကို ပွကြီးက တစ်ချက် ရိလိုက်သည်။ မသီး၏ စကားတစ်ခွန်းကြောင့် ကိုကြီးငွေ တွန့်သွားတာကို ရည်ရွယ်ခြင်းဖြစ်၏။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



က ပွဲကြီးကို လက်ကုပ်လိုက်ပြီးမှ. . .

"ကိုကြီးငွေ. . စဉ်းစားကြည့်၊ ခုကိစ္စ ကိုစာကလေးတို့ ရပ်ကွက်ကို အပြတ်ကျော်တက်နိုင်မယ့် အခွင့်အရေးနော်"

"ကိုစာကလေး"ဆိုသော နာမည်ကို ကြားလိုက်တာနဲ့ ကိုကြီးငွေ မျက်လုံးတွေ ဝင်းခနဲ လက်ပြီး ဆတ်ခနဲ ခေါင်းထောင်လာ၏။ ထိုစဉ်ပင် အတွင်းခန်းထဲမှ မသီး၏ ချောင်းဟန့်သံ ခပ်ကျယ်ကျယ်ကို ပေါ်ထွက်လာသည်။ ကိုကြီးငွေ မသိမသာ သက်ပြင်းချလိုက်ပြီး. . .

"ဒီလိုလုပ်ကွာ၊ အခြေအနေအရ ငါကိုယ်တိုင်တော့ ကြီးကြပ်ဖို့ မလွယ်ဘူး။ ဒါပေမယ့် မင်းတို့ ဘာတွေလုပ်ရမယ့်ဆိုတာ ဂိုက်လိုင်းချပေးမယ်။ အဲ. . . အကြံဉာဏ်တွေ လမ်းညွှန်ပေးမယ်ဆိုပါတော့ကွာ။ ဒါဆို မင်းတို့ လက်တွေ့လုပ်တဲ့အခါ အများကြီး အဆင်ပြေသွားပြီပေါ့"

ကိုကြီးငွေ စိတ်ကူးကို သဘောကျကြသည်။ သူကိုယ်တိုင် ဝင်မပါဘူးဆိုတာကို တစ်နည်းအားဖြင့်တော့ ကောင်းသည်ဟု ယူဆကြ၏။ နို့မို့ဆို တစ်ချိန်လုံး စကားလုံးထွားထွားတွေနဲ့ သြဇာလိုက်ပေးနေမှာ။ ထို့ကြောင့် ခုအစီအစဉ်ကိုပဲ လက်ခံလိုက်ကြ၏။

အမှန်တော့ ကိုကြီးငွေမှာ ဒီလိုကိစ္စမျိုး ဝင်ပါချင်လိုက်တာမှ ဘောလုံးပွဲ အနံ့ရသော လောင်းကစားသမားလို ဖျပ်ဖျပ်လူးနေသည်။ သို့ရာတွင် မသီးက အရည်မရ အဖတ်





မရအလုပ်တွေကို ရပ်တန်းက ရပ်ဟု ရာဇသံ ပေးထားတာကတစ်ကြောင်း၊ ရပ်ကွက်ထဲက သူ့ကို အထင်သေးသူတွေကိုလည်း စိတ်ခုနေသဖြင့်ပညာပေးချင်တာကလည်းတစ်ကြောင်းကြောင့် ခုလို ခြေတစ်လှမ်း ဆုတ်နေလိုက်ခြင်း ဖြစ်၏။ အခုစာပေဟောပြောပွဲ ကိစ္စမှာ တော်ရုံတန်ရုံ ဗဟုသုတလောက်နဲ့ အဆင်ပြေအောင် လုပ်နိုင်မှာမဟုတ်။ ဒီအခါ သူ့ကို အကူအညီ လာတောင်းမည်။ ခုပဲ လာကြရပြီမဟုတ်လား။ နောက်ပိုင်းကျတော့ လူကြီးတွေကိုပါ "ကြီးငွေ မင်း ကူညီပါဦးကွာ"ဟု ပြောလာကြရမည်။ ဒီတော့မှ သူပညာကို ထုတ်သုံးပြလိုက်မည်။ လူကြီးတွေ ကိုယ်တိုင်တောင်းပန်လာလျှင် မသီးလည်း ခွင့်မပြုဘဲ နေလို့ရမှာ မဟုတ်တော့ဟု တွေးထားသည်။

◆

စာပေဟောပြောပွဲ ကျင်းပဖို့အတွက် အစည်းအဝေးခေါ်ပြီး ဖိုးနီတို့ လူကြီးတွေကို တင်ပြသည်။ ဒီလိုမျိုးရှိတိုင်း ငွေကြေးအများဆုံး မတည်ပေးရသော ဦးကုလားက သူသိချင်တာကို မေးသည်။ ငွေကုန်ကြေးကျများ၊ မများဆိုသောကိစ္စ။

"ဒါနဲ့ ငါမေးပါရစေဦး၊ မင်းတို့ ဟောပြောပွဲ လုပ်မယ်ဆိုတော့ ဆိုင်းဝိုင်းတွေ ဘာတွေ ငှားရဦးမှာလား၊ အဲဒါဆိုရင်တော့ မဖြစ်ဘူး။ ဆိုင်းဝိုင်းငှားခက မနည်းဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ဦးလေးကလည်း ဆိုင်းဝိုင်းငှားစရာ မလိုပါဘူး။ စာရေးဆရာတွေက ဒီအတိုင်း ဟောကြမှာပါ"

"ဒါဆို ခြောက်ကပ်ကပ်ကြီးနဲ့ပေါ့"

ဟု တစ်ယောက်က ထောက်ပြန်သည်။ ဖိုးနီက. . .

"မဖြစ်ပါဘူး စာရေးဆရာတွေက နိုင်ငံကျော်တွေပဲ။ စိုစိုပြည်ပြည် ဖြစ်အောင် ဟောကြမှာပါ"

ဦးဖိုးပြော့ကတော့. . .

"ခုခေတ် စာရေးဆရာတွေ စာဟောပိုင်နိုင်ပါ့မလားကွ။ ဒါမျိုးဆိုတာ ဒဂုန်ဆရာတင်တို့၊ ခေတ္တရာစိန်တို့မှ ကျွမ်းကျွမ်းကျင်ကျင် ဟောနိုင်ပြောနိုင်တာ"

"ဦးလေးပြော့က လုပ်တော့မယ်၊ ခုဟာက ကွက်စိပ်ဟောမှာ မဟုတ်ဘူး"

"တရားပွဲလား။ လူ့ဝတ်ကြောင်ထဲကဆိုရင် ဓမ္မကထိက ဦးလှသိန်း မရှိတော့တည်းက ဟောနိုင်တဲ့လူမရှိသလောက်ဖြစ်နေပြီပဲ။ မင်းစာရေးဆရာတွေက ဘယ်လောက်တတ်လို့လဲ။ ဓမ္မာစရိယအောင်လို့လား"

ဦးဖိုးပြော့က ထင်ရာ စွတ်ပြောနေတော့သည်။ ပတေးက ဝင်၍. .

"တရားပွဲ မဟုတ်ပါဘူးဗျ စာပေဟောပြောပွဲ၊ စာပေအကြောင်း ဟောကြမှာ"





"စာအကြောင်း၊ ပေအကြောင်းဆိုရင်တော့ ကောင်းပါတယ်။ စတိတ်ရှိုးတို့ ဘာတို့ထက်စာရင် ဗဟုသုတ ပိုရမှာမို့ အကျိုးရှိနိုင်တယ်"

ဟု ရပ်ကွက်ဥက္ကဋ္ဌက ဖိုးနီတို့ကို ထောက်ခံသည့် စကားပြောသည်။ ဦးကုလားကလည်း သူနှင့်ဆိုင်တာကို ထပ်မေးပြန်၏။

"ဇာတ်စင်တွေ ဘာတွေ ဆောက်ရဦးမှာပေါ့"

"ဇာတ်စင်လောက်ကြီး မလိုပါဘူး ဦးလေး။ စာရေးဆရာတွေ ဟောလို့ ရရုံလောက်ပါပဲ။ စတိတ်ရှိုးစင်လောက် တောင် ကြီးဖို့ မလိုဘူး။ ငွေအကုန်အကျလည်း သိပ်မများပါဘူး။ စင်ခပ်သေးသေး ဆောက်ဖို့ရယ်၊ အသံချဲ့စက် ငှားဖို့ရယ်၊ စာရေးဆရာတွေကို ဧည့်ခံကျွေးမွေးဖို့ရယ်၊ ခရီးစရိတ်ရယ် လောက်ပဲ ကုန်မှာပါ"

"အဲဒီ စာရေးဆရာတွေက ညကြေး ဘယ်လောက်ပေးရမှလဲ"

"ဟာ. , သူတို့က အငှားလိုက်တာမျိုး မဟုတ်ဘူး။ ညကြေးရယ်လို့ မပေးရပါဘူး။ လက်ဆောင်ပစ္စည်းပေးရင် ရပါတယ်"

"လက်ဆောင်ပစ္စည်းဆိုတာက ဘာတွေပေးရမှာလဲ။ ကက်ဆက်တို့၊ ပန်ကာတို့၊ စက်ဘီးတို့၊ တီဗီတို့ဆိုရင်တော့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ကြီး မဟုတ်ပါဘူး။ တစ်ယောက်ကို ပုဆိုးကောင်းကောင်း တစ်ထည်စီလောက်ပေးရင် ရပါတယ်"

"အမယ်၊ တယ်ဈေးပေါပါလား"

"ဒီလိုရှိပါတယ်။ စာရေးဆရာတွေဆိုတာ ငွေပေးတိုင်းလည်း လိုက်ဟောတာ မဟုတ်ပါဘူး။ စာဖတ်ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ချင်တဲ့ ဆန္ဒကြောင့်ပါ"

ဖိုးနီက ဂျာနယ်တစ်ခုထဲက အင်တာဗျူးမှာ စာရေးဆရာတစ်ယောက် ပြောခဲ့သည့်စကားကို အလွတ်ကျက်ထားသည့်အတိုင်း ပြန်ပြောလိုက်သည်။ ဦးကုလားအနေနဲ့ ငွေအကုန်အကျ မများဘူးဆိုခြင်းကို စိတ်ဝင်စားသွားသည်။ တခြားလူကြီးတွေကလည်း သဘောတူကြသည်။ ဤသို့ဖြင့် စာပေဟောပြောပွဲအတွက် ခွင့်ပြုချက်ရသွား၏။

◆

လုပ်ငန်းစလို့ရပြီဖြစ်ကြောင်း ကိုကြီးငွေကို သွားပြောတော့ သူက. .

"အေး. . . ဟုတ်ပြီ။ ကောင်းတယ်။ တစ်ခုတော့ ရှိတယ်နော်။ ဒါမျိုးဆိုတာ ရမ်းသမ်းလုပ်လို့ မရဘူး။ စနစ်တကျ အဖွဲ့ခွဲတွေ ဖွဲ့ပြီး လုပ်ရမှာ"

"အဖွဲ့ခွဲတွေ၊ ဟုတ်လား"





"ဒီလိုလေ ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ဧည့်ခံကြိုဆိုရေး ဆပ်ကော်မတီ ပြီးတော့"

"ဟာ သူများနဲ့ စပ်တူတော့ မလုပ်ချင်ပါဘူးဗျာ"

ဟု မောင်ဝက ဖြတ်ပြောသည်။ ကိုကြီးငွေက အထက်စီးက ဟန်ဖြင့် ပြုံးလိုက်ပြီး. .

"မင်းက ဒါမျိုးတွေ နားမှ မလည်ဘဲကိုးကွ။ ဆပ်ကော်မတီဆိုတာ စပ်တူလုပ်တာကို ပြောတာမဟုတ်ဘူး။ ဟိုဒင်းကွာ"

"ပတေးတို့ လူမျိုးကို ပြောတာမဟုတ်လား။ သူတို့ချက်တဲ့ ဟင်းတွေက ငရုတ်သီး သိပ်စပ်တာ"

ပွကြီးက ဝင်ရှုပ်ပြန်သည်။ ပတေးက. . .

"ဟေ့ကောင် နေရာတကာ လျှောက်နောက်မနေနဲ့ကွ"

ဟု ဟန့်သည်။ ကိုကြီးငွေက. .

"ဆပ်ကော်မတီဆိုတာ အဖွဲ့ခွဲတွေကို ပြေတာကွ"

"စောစောကတည်းက အဖွဲ့ခွဲတွေလို့ ပြောလိုက်ပြီးရောဗျာ။ စပ်တဲ့ကော်မတီတွေ၊ ချိုတဲ့ကော်မတီတွေ လျှောက်ပြောနေတယ်"

မောင်ဝက ထုံးစံအတိုင်း စိတ်မရှည်။ ဖိုးနီကတော့. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ ကိုကြီးငွေရ၊ ကျွန်တော်တို့မှာ ရှိတာမှ ဒီလူလေး,ငါးယောက်ရှိတာ။ ကော်မတီ လျှောက်ခွဲနေရရင် အဖွဲ့တစ်ဖွဲ့ လူတစ်ယောက် ဖြစ်နေမှာပေါ့"

"နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းရမှာပေါ့။ ခုလို တစ်ခုခု လုပ်တိုင်း တစ်အုပ်ကြီး လျှောက်လိုက်နေရင် အချိန်ရော၊ အလုပ်ရော ဝေ့စ်ဖြစ်ကုန်မှာပေါ့။ ငါဆိုလိုတာက မင်းတို့အုပ်စုကို နှစ်ဖွဲ့ဖြစ်ဖြစ်၊ သုံးဖွဲ့ဖြစ်ဖြစ် ခွဲပြီးတော့ တာဝန်နှစ်ခု သုံးခု တွဲယူပါ။ ဒါဆိုရင် တစ်ပြိုင်တည်းမှာ အလုပ်နှစ်ခု သုံးခု ပြီးတာပေါ့"

"ဒါကတော့ ဟုတ်တယ်ကွ"

ဟု ဉာဏ်စိန်က တစ်ခွန်းဝင်ထောက်သည်။

"အခု အရင်ဆုံး စလုပ်ဖို့ကတော့ အလှူငွေကောက်ဖို့ပဲ"

"ဒီကိစ္စမျိုးက ဖိုးနီရယ်၊ ပတေးရယ်၊ ဉာဏ်စိန်၊ အဲ. . ဒီကောင်နဲ့တော့ မဖြစ်ဘူး။ အားနာနေတာနဲ့ တစ်ပြားမှတောင် ရမှာ မဟုတ်ဘူး။ ပွကြီး လိုက်သွား၊ မင်းက အာဝဇ္ဇန်းရှင်တယ်"

"ပတေး မလိုက်နဲ့။ ပတေးက လုပ်ငန်းရှင်အနေနဲ့ သူကိုယ်တိုင် အလှူငွေ ထည့်ရဦးမှာ။ သူလိုက်လို့ မကောင်းဘူး။ သူ့အစား ကျွန်တော် လိုက်မယ်"

ဟု မောင်ဝက ပြောသည်။ ပတေးက. . .

"မလုပ်ပါနဲ့ မောင်ဝရယ်။ အလှူငွေကောက်တယ်ဆိုတာ တော်တော်အောက်ကျို့ရတာကွ။ ပြီးတော့ အာပေါက်





အောင် ပြောရတာ။ မင်းစိတ်တိုပုံနဲ့ဆို မဖြစ်ပါဘူး"

ကိုကြီးငွေက ခဏ စဉ်းစားပြီး. . .

"ကောင်းတယ်၊ မောင်ဝ လိုက်သွား။ မင်းတို့ မယုံရင် ကြည့်နေ၊ မောင်ဝပါရင် ငွေပိုရလိမ့်မယ်။ မောင်ဝ မင်းကလည်း သိပ်တော့ ဘုမပြောနဲ့ကွ"ဟု ဆုံးဖြတ်ပေးလိုက်၏။

ကိုကြီးငွေ ညွှန်ကြားချက်တွေက မဆိုးလှဟု ပြောရမည်။

သူက အလှူငွေ ထည့်သူတို့၏ သဘောသဘာဝမှာ ကိုယ်ရှေ့က ထည့် သူ၏ ငွေအနည်းအများပေါ် မူတည်ပြီး အတိုးအဆုတ် ရှိတတ်သည်ဟုဆို၏။ ရှေ့ဆုံးက ထည့်သူများလျှင် နောက်လူတွေလည်း လိုက်များတတ်သည်။ လူတို့၏ သူများ အထင်သေးမခံလိုသော သဘာဝပင် ဖြစ်၏။ထို့ကြောင့် အများဆုံး မ,တည့်ငွေထည့်မည့် ဦးကုလားဆီ အရင်ဆုံး ဝင်ကြသည်။ ဦးကုလားက သုံးထောင်ထည့်လိုက်၏။

ဒီအချက်ကို ကိုင်ပြီး ပတေးတို့ဆိုင် ဝင်သည်။ ပတေးကဟောပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်လည်း ဖြစ်နေသဖြင့် ငွေတစ်ထောင်ထည့်ဖို့ အစောကြီးကတည်းက သဘောတူပြီးသား။ သို့ရာတွင် ဘားနူးက တွန့်တိုနေမှာ စိုးသဖြင့် ကြိုတင် မသိသလိုလုပ်ပြီး အလှူခံစာရင်း စာအုပ်ကို ယူကြည့်သည်။

"ဟာ ဦးလေး ဦးကုလား သုံးထောင်ဆိုပါလား။ဘာနူးရေ သူ့လောက် မဟုတ်တောင် တစ်ထောင်လောက်ထည့်မှ မျက်နှာပန်းလှမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပတေးက အပိုင်ချည်လိုက်သောအခါ ဘာနူးမှာ မငြင်းသာတော့ဘဲ သဘောတူလိုက်ရ၏။

သူတို့က အိမ်တစ်အိမ်ကို ဝင်ပြီး အလှူခံလျှင် စာရင်းစာအုပ်ကို အရင်ထိုးပေးလိုက်သည်။ ထိုအခါ အိမ်ရှင်က ကိုယ့်ရှေ့က ထည့်ထားသူက ဘယ်လောက်ထည့်သလဲဆိုတာကြည့်ပြီး မပိုရင်တောင် တန်းတူ၊ မတူရင်တောင် သိပ်မလျော့အောင် ထည့်ကြသည်။ သူတို့ကလည်း အများဆုံးရနိုင်သည့် နေရာမှစ၍ တဖြည်းဖြည်းလျော့လျော့သွားရသည်။ တောင်တစ်အိမ်မြောက်တစ်အိမ် ဝင်ရသဖြင့် နည်းနည်း ပိုပင်ပန်းသော်လည်း အလှူငွေ ပိုရတာ အမှန်ပဲ ဖြစ်၏။

မတည့်သော အိမ်နှစ်အိမ်၊ အပြိုင်အဆိုင် ဖြစ်နေသော အိမ်နှစ်အိမ်ဆိုလျှင် ရှေ့ဆင့်နောက်ဆင့် ဝင်သည်။ ထိုအခါ ရှေ့အိမ်က ငါးဆယ်ဆို နောက်အိမ်က အားကျမခံ ခြောက်ဆယ်ဖြစ်သွားတတ်၏။

တစ်ချို့က နည်းနည်း အရစ်ရှည်ချင်သည်။ ဒါကလည်း အလှူငွေ ထည့်သူတို့ရဲ့ သဘာဝတစ်ခုပဲ။ ထည့်တော့ တစ်ဆယ်၊ နှစ်ဆယ်၊ စစ်ဆေးမေးမြန်းနေတာ နှစ်သောင်း၊သုံးသောင်းတန်လောက်ဖြစ်၏။ သူတို့ခမျာလည်း ဒီ လိုအခါမျိုးကျမှအပေါ် စီးရပေတာကိုး။

စာပေဟောပြောပွဲဆိုတာ ဘာလဲဆိုတာ နားမလည်သဖြင့် ရှင်းပြရသည်။ တချို့ကတော့. . .





“ကျုပ်တို့က စာတွေ ဘာတွေလည်း သိပ်ဖတ်တာမဟုတ်ဘူး။ စာရေးဆရာတွေ ပြောတာဟောတာလည်း နားမလည်းဘူး။ လာ နားထောင်မှာလည်း မဟုတ်ဘူး”

ဆိုပြီး ထပ်ကျစ် နေပြန်သည်။ ဒီအခါကျတော့ မောင်ဝကို ထုတ်သုံးရသည်။ သူက တခြားလူတွေလို ခ,ယ နေတာမဟုတ်။

“ဘာလဲ၊ ခင်ဗျားတို့က ရပ်ရေးရွာရေး အကျိုးပြုလုပ်ငန်းကျတော့ တွန့်တွန့် တွန့်တွန့်နဲ့။ နှစ်လ်း၊ သုံးလုံးထိုးတာကျတော့ ငါးဆယ်ဆိုလည်း ပက်ခနဲ၊ တစ်ရာဆုံ-၂ည်း ပက်ခနဲဟုတ်လား”

ဟု ခပ်တင်းတင်းပြောမှ ငွေနှစ်ဆယ်လောက် ထွက်လာသည်။ တစ်ချို့က အလှူငွေလေး မဖြစ်စလောက်ထည့်ဖို့အရေး. . .

“အလုပ်အကိုင်ကလည်း မကောင်းဘူး။ ခုတလောအကုန်အကျတွေကလည်း များလိုက်တာ။ မီးကင်းကြေးတောင် ချေးပြီးထည့်လိုက်ရတာ”

စသည်ဖြင့် ညည်းပြတာက ကိုယ်ကတောင် ပြန်ပေးချင်စိတ်ပေါက်လာလောက်သည်။ တစ်ချို့လည်းအစုတ်တကာ့အစုတ်ဆုံး၊ အနွမ်းတကာ့ အနွမ်းဆုံး ငွေစက္ကူကို တမင်ရွေးပေးတတ်၏။ ထိုအခါ မောင်ဝက. . .

“တူသော အကျိုးပေးပါစေဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတတ်သည်။

မောင်ဝ ပါလာတာ တစ်ခုတော့ ကောင်းသည်။ တော်ရုံတန်ရုံ လူကတော့ မောင်ဝမျက်နှာကို မြင်လိုက်တာနဲ့. . .

"အင်း. . ၊ ရုပ်ရေးရွာရေးပဲ။ ထည့်ရမှာပေါ့။ ဟဲ ဟဲ"

ဆိုတာမျိုး ဖြစ်သွားတတ်၏။

ဒါလည်း ကိုကြီးငွေ၏ ကွက်ကျော်မြင်တတ်မှုတစ်ခုပဲ မဟုတ်လား။ မောင်ဝပါလျှင် အလှူငွေ ပိုရလိမ့်မည်ဟု ဟောကိန်းထုတ်လိုက်သည် မဟုတ်လား။ ထို့ကြောင့်. . .

"ကိုကြီးငွေက သူကိုယ်တိုင် ဝင်လုပ်ရင်သာ တလွဲတချော် ဖြစ်တတ်တာ။ အခုလို အကြံဉာဏ်ပေးရုံကျတော့လည်း အလုပ်ဖြစ်သွားပဲကွ"

ဟု ကွယ်ရာမှာ ချီးကျူးမိကြ၏။

ထို့အပြင် ဒီကိစ္စဘွေ ဝင်ကူသဖြင့် ကိုကြီးငွေတို့ အိမ်ကို အလှူငွေ ကင်းလွတ်ခွင့် ပေးလိုက်သောကြောင့် မသီးကလည်း ကျေနပ်သွားသည်။ ဒါလည်း ကိုကြီးငွေ အကြံပဲလေ။

♦

စာရေးဆရာတွေကို သွားဖိတ်ဖို့သာ လိုတော့သည်။ ဒီကိစ္စကျတော့ ကိုကြီးငွေလည်း သိပ်နားမလည်။

"အဆက်အသွယ် ရှာပြီး ဖိတ်ရမယ်ကွ"

ဟူ၍သာ မရေမရာ ပြောသည်။





"အဆက်အသွယ်က ဘယ်လိုရမှာလဲ"

ပြန်မေးတော့. . .

"ဒီလိုပဲ စုံစမ်းရမှာပေါ့"

ဟု ယောင်ဝါးဝါး ဖြေ၏။

တကယ်တော့ ကိုကြီးငွေက အပါအဝင် သူတို့အားလုံး အရေးအကြီးဆုံး အချက်ကို မေ့နေကြခြင်းဖြစ်၏။ စာပေဟောပြောပွဲမှာ စာရေးဆရာက အဓိကဖြစ်၏။ သူတို့မပါဘဲ ဘာမှ လုပ်လို့မရ။ ဒါကို သတိမမူမိဘဲ အလှူငွေတွေကောက်၊ အစီအစဉ်တွေ လျှောက်လုပ်မိ။ ဒါတွေအားလုံး ကိုကြီးငွေပေးသည့် အကြံဉာဏ်တွေ။ ခုတော့ သူလည်း ဘာဆက်လုပ်ရမှန်း မသိ။ ကိုကြီးငွေကို ချီးကျူးတာ စောသွား၏။ သူ၏ ထုံးစံအတိုင်း အဖျားရှူးတော့မလို ဖြစ်နေ၏။

ကိုကြီးငွေသည် ခေါင်းကုတ်လိုက်၊ မေးစေ့ပွတ် စဉ်းစားလိုက်၊ တစ်စုံတစ်ခု မသဲမကွဲ ရေရွတ်လိုက်လုပ်နေ၏။ မောင်ဝက စိတ်မရှည်တော့။

"တောင်လိုလို မြောက်လိုလို လုပ်မနေနဲ့ဗျာ၊ ဘာလုပ်ရမလဲပြော"

"တစ်ခုခုတော့ လုပ်ရမယ်ကွ"

"ဒါတော့ ခင်ဗျားပြောမှလား"

ပတေးက ဝင်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်ကျမှာတော့ နောက်ဆုတ်လို့ မဖြစ်တော့ဘူး။ မဖြစ်ဖြစ်အောင် လုပ်ရမှာပဲ။ နို့မို့ဆို အကုန်သိက္ခာကျကုန်လိမ့်မယ်။ အားလုံး ဝိုင်းစဉ်းစားကြပေါ့"

ဉာဏ်စိန်ကတော့ တကယ်လို့မလုပ်ဖြစ်ရင် အလှူငွေထည့်ထားတဲ့လူတွေကို အားနာစရာကြီး ဖြစ်နေတော့မယ်ဟု တွေးနေသည်။ ဘာ အကြံဉာဏ်မှတော့ မထုတ်တတ်။ ကျော်ကွန့်က. . .

"နောက်ဆုံး မတတ်သာရင် ဦးဖိုးဖြောကိုပဲ ကွက်စိပ်ဟောခိုင်းရတော့မှာပဲ"

"ဟာ ဖြစ်မလားကွ။ အလှူငွေကောက်တုန်းကရော လူကြီးတွေကို တင်ပြတုန်းကရော နာမည်ကျော် စာရေးဆရာကြီးတွေ ဟောမယ်လို့ ပြောခဲ့မိပြီပဲ"

"အရှက်တော့ ကွဲတော့မှာပဲ"

ထိုစဉ်မှာ ပွကြီးက. .

"နေဦးကွ။ ငါ တစ်ခု စဉ်းစားမိတယ်။ ဈေးရှေ့က ဂျာနယ်ရောင်းတဲ့လူကို မေးကြည့်ရင် ကောင်းမယ်။ သူကတော့ စာပေနဲ့ နီးစပ်မှာပဲ"

"ဂျာနယ်၊ ဟာဟုတ်ပြီ။ ဂျာနယ်ထဲမှာ ငါ ဖတ်ဖူးတယ်ကွ။ စာရေးဆရာတွေက လေထန်ကုန်းမှာ ဆုံတတ်တယ်တဲ့။ အဲဒီကို သွားရင် စာရေးဆရာတွေတော့ တွေ့မှာပဲ"

ဖိုးနီက ပြောသည်။ ကျော်ကွန့်က. . .





"လေထန်ကုန်းဆိုတာက ဘယ်နားမှာလဲ"

"ငါလည်း မသိဘူး"

"အင်း. . လေထန်ကုန်း။ လေလည်းထန်တယ်၊ကုန်းလည်းဖြစ်ရမယ်။ ဒါမျိုးက မင်္ဂလာဒုံဘက်မှာပဲ ရှိမယ်"

"ဟာ၊ မင်္ဂလာဒုံဆိုတာ အကျယ်ကြီးပဲ။ မင်းပြောသလို ကုန်းမျိုးတွေက သန်လျင်ဘက်မှာလည်း ရှိတာပဲ"

"ဒါကြောင့် ဈေးရှေ့က ဂျာနယ်ရောင်းတဲ့လူကို မေးကြည့်ရမယ်လို့ ပြောတာပေါ့"ဟု ပွကြီးက ပြောပြန်သည်။ ကိုကြီးငွေကတော့ ခေါင်းတညိတ်ညိတ်လုပ်ပြီး. . .

"အင်း မင်းတို့ တော်တော်တိုးတက်လာပြီ။ အဲဒီလို ကိုယ်ပိုင်အတွေးနဲ့ အဖြေထုတ်တတ်အောင် လေ့ကျင့်ပေးတဲ့အနေနဲ့ ငါက တမင် ဘာမှ မသိသလို နေနေတာကွ။ ဖိုးနီပြောတာ မှန်တယ်။ လေထန်ကုန်းမှာ သွားရှာရမယ်"

"ဒါဆို လေထန်ကုန်း ဘယ်မှာလဲဆိုတာ ကိုကြီးငွေသိတယ်ပေါ့"

"တကယ်တော့ လေထန်ကုန်းဆိုတာ မင်းတို့ ထင်သလို တောင်ကုန်း မဟုတ်ဘူးကွ။ လက်ဖက်ရည်ဆိုင်နာမည်။ မဂ္ဂဇင်းထဲမှာ ငါဖတ်ဖူးတယ်"

"ဟုတ်လား၊ နာမည်က အဆန်းပဲ"

"စာရေးဆရာတွေ ထိုင်တဲ့နေရာဆိုတော့ နာမည်ဆန်းဆန်းပေးတတ်တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးငွေက တော်တော်သိနေတာပဲ။ ဒါဆို အဲဒီ လက်ဖက်ရည်ဆိုင်က ဘယ်နားမှာလဲ"

"ဟဲ. . . ဟဲ"

"ဘာလဲဗျ၊ ဟဲ. . ဟဲဆိုတာ"

"ဟဲ. . ဟဲ မင်းတို့ကို ပညာစမ်းလိုက်ဦးမယ်"

"အရေးထဲဗျာ၊ ပဟေဠိ လုပ်မနေနဲ့။ ဘယ်မှာလဲ ပြော။ ကိစ္စက အရေးကြီးတယ်"

"ဟဲ. . ဟဲ"

"ဒီမှာ ကိုကြီးငွေ ခင်ဗျားလည်း မသိဘူး မဟုတ်လား"

မောင်ဝက ပြတ်ပြတ်မေးတော့မှ. .

"အေးကွာ၊ နေရာအတိအကျတော့ မသိဘူး။ ဒီလောက် သိရင်ပဲ သဲလွန်စရပါပြီ။ ဆက်လိုက်ကြည့်ကြပေါ့။

ဟု ပြန်ပြောလေ၏။

◆

ဈေးရှေ့က ဂျာနယ်ရောင်းတဲ့လူကို မေးကြည့်တော့ လေထန်ကုန်းဆိုတာ မြို့ထဲက သုံးဆယ်သုံးလမ်းထဲမှာ ကြားဖူးတယ်ဟုဆို၏။ ထို့ကြောင့် ဖိုးနီ၊ ပွကြီး၊ ပတေးတို့ မြို့ထဲထွက်ခဲ့ကြသည်။ မောင်ဝက သူလည်းလိုက်မယ်ပြောသေးသည်။ သူပါလာလို့ စာရေးဆရာတွေကို လိုက်မလား၊ မလိုက်





ဘူးလား ရှင်းရှင်းပြော ဘာညာနဲ့ သွားဟောက်နေလျှင် ပြဿနာဖြစ်မည်စိုးသဖြင့် ဟောပြောပွဲစင်ဆောက်ဖို့ မင်းစီစဉ်မှ ဖြစ်မှာဟု ပြောပြီး ထားခဲ့ရသည်။

အရေးထဲမှာ ၃၃ လမ်းကို ရုတ်တရက် ရှာမတွေ့ဘဲ ဖြစ်နေ၏။ ၃၃ လမ်းက တခြားလမ်းတွေလို အထက်၊ အလယ်၊ အောက် အပြည့်အစုံမရှိ။ ကြားမှာ မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမတို့ ရှိနေသဖြင့် ရှာရခက်နေခြင်းဖြစ်၏။ နောက်မှ မေးမြန်းစုံစမ်းကြည့်တော့ လေထန်ကုန်းက အထက်လမ်းမှာ ရှိကြောင်း လမ်းညွှန်လိုက်ကြ၏။

လမ်းထဲ ဝင်လာပြီး လျှောက်ကြည့်သည်။ ဓမ္မာရုံရှေ့မှာ လက်ဖက်ရည်ဆိုင်ကို တွေ့သည်၊ ဆိုင်းဘုတ်တော့ မတွေ့။

"ဒါပဲ ဖြစ်မှာပါ"

ဟု ဖိုးနီက ပြောသည်။ ပွကြီးက

"မေးကြည့်မယ်ကွာ"

ဆိုပြီး ဆိုင်ရှင်မေးကြည့်တော့ ဟုတ်တယ်ပြောသည်။

"ဒါဆို ဒီကို စာရေးဆရာတွေ လာကြတယ်မဟုတ်လား"

ဆိုင်ရှင်က ခေါင်းညိတ်သည်။

"ကျွန်တော်တို့ စာရေးဆရာတွေနဲ့ တွေ့ချင်တယ်"

"စာရေးဆရာတွေက အများကြီးပဲ။ ဘယ်သူနဲ့ တွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပဲ ဖြစ်ဖြစ်ဗျာ။ စာရေးဆရာဆို ပြီးရော"

ပတေးက ဝင်ပြောပြန်သည်။ ဆိုင်ရှင် ခေါင်းကုတ်သည်။ ဘယ်လို အူကြောင်ကြောင်ကောင်တွေနဲ့ လာတွေ့နေပါလိမ့်ဟု တွေးနေပုံရ၏။ တကယ်တော့ သူတို့မှာ ကိုယ်ဒုက္ခနှင့်ကိုယ် ပြာနေခဲ့တာ။ လေထန်ကုန်းကို ရှာတွေ့လိုက်တော့ ရတနာသိုက် တွေ့သလို ဝမ်းသာလုံးဆို့ပြီး ကြောင်တောင်တောင် ဖြစ်ကုန်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် စကားကို လိပ်ပတ်လည်အောင် မပြောနိုင်တော့ဘဲ သူတို့ လိုချင်တာကို အလောတကြီး လျှောက်ပြောမိခြင်းဖြစ်၏။ နောက်မှ ဖိုးနီက ဝင်ရှင်းရသည်။ စာပေဟောပြောပွဲအတွက် ဖိတ်ချင်လို့ စာရေးဆရာတွေနဲ့ တွေ့ချင်တာပါဟု ပြောတော့ ဆိုင်ရှင်က "သြော်. . ဒီလိုလား၊ ဒါဆို" ပြောရင်း ဆိုင်မှာ ထိုင်နေသူကို ဝေ့ကြည့်သည်။ ပြီးတော့. . .

"ဟာ အတော်ပဲ။ ဟိုစားပွဲမှာ ထိုင်နေတာ ဆရာကြီးကွေးပဲ။ ဟောပြောပွဲကိစ္စကတော့ သူ အကျွမ်းကျင်ဆုံးပဲ။ သွားအကူအညီတောင်း ကြည့်ပါလား"

"သူ ညွှန်ပြရာသို့ ကြည့်လိုက်တော့ ကတုံးဆံတောက်နှင့် လူကြီးတစ်ယောက်ကို တွေ့ရသည်။ အင်္ကျီက ညစ်ထပ်ထပ်၊ ဘောင်းဘီက အရောင်လွင့်နေပြီ။ ပွကြီးက မျက်မှောင်ကုတ်လိုက်၏။ ဖိုးနီဘက် လှည့်ပြီး တိုးတိုးပြောသည်။

"ဟုတ်ပါ့မလားကွ ဟော့ကောင်၊ ဆရာကြီးကွေးဆို





တာ တကယ့်ထိပ်သီးဆရာကြီးပဲကွ။ ဒီလူကြီးကတော့ ကြည့်ရတာ ပေါက်စီရောင်းတဲ့ အဘိုးကြီးပုံမျိုးပဲ"

ဖိုးနီက တံတောင်နှင့် ကျိတ်တွက်လိုက်ပြီးမှ. . .

"မင်းကလည်း စာရေးဆရာတွေဆိုတာ ဘဝသမားတွေကွ။ ဒီလိုပဲ သဘာဝကျကျ နေတတ်တယ်လို့ ကြားဖူးတယ်"

ထို့နောက် ဆိုင်ရှင်ရှိရာဘက် တိုးကပ်ပြီး. .

"ကျွန်တော်တို့က အစိမ်းသက်သက်ဆိုတော့ ဒီအတိုင်း ဝင်ပြောလို့ ရပါမလား"

"ရပါတယ်။ ဆရာကြီးကွေးက ဒါမျိုး ကူညီနေကျပဲ"

ဆိုင်ရှင်က သူတို့ တွန့်ဆုတ်နေပုံကို အကဲခတ်လိုက်ပြီး။

"ကဲ. . လာ လာ ကျွန်တော် မိတ်ဆက်ပေးမယ်"

ဆိုပြီး ဆရာကြီးကွေး ထိုင်နေရာ စားပွဲဆီသို့ ခေါ်သွားပြီး မိတ်ဆက်ပေးသည်။ ဟောပြောပွဲ ဖိတ်မလို ဆိုတာလည်း ပြောပေးသည်။ ဆရာကြီးကွေးက. .

"သြော်. . . ဟောပြောပွဲ ကိစ္စကိုး။ ကူညီရမှာပေါ့။ ဒါနဲ့ ဟောပြောပွဲက ဘယ်နေ့လဲ"

"မနက်ဖြန်"

"ဘာ မနက်ဖြန်။ တကယ့်ပုဂ္ဂိုလ်တွေပါလား။ ဒီမှာ ဘော်ဒါတို့ရဲ့ ရုပ်ရှင်တောင် ဇာတ်ကားကောင်းရင်း တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကြိုတင်ပြီး လက်မှတ်ဝယ်ရတာကွ"

ဖိုးနီက သူတို့ အခက်အခဲကို တင်ပြသည်။ မလုပ်တတ် မကိုင်တတ်မှု့ အစီအစဉ်မကျ ဖြစ်ရတာတွေ၊ ဒီပွဲမလုပ်ဖြစ်ရင် ဒုက္ခရောက်မှာတွေ ပြောပြီး တောင်းပန်ရသည်။ ဆရာကွေးက. .

"ဩော်. . ဒီလိုလား၊ ဖရက်ရှာလေးတွေကိုး။ ဒါဆိုရင်တော့လည်း မဖြစ်ဖြစ်အောင် ကူညီရမှာပေါ့။ ငါကတော့ လိုက်နိုင်မှာ မဟုတ်ဘူး။ ဒီနေ့ ညနေကားနဲ့ ခရီးထွက်ရမှာ။ ဒီကနေ တန်းသွားဖို့ အဝတ်အစားအိတ်တောင် ယူလာပြီးပြီ"ဆိုပြီး ဘေးမှာ ချထားသောအိတ်ကို ပြသည်။

"ဒါဆို"

"မပူပါနဲ့၊ စီစဉ်ပေးခဲ့မှာပေါ့"

ဆိုပြီး ဟိုဘက် စားပွဲသို့ လှမ်းကြည့်သည်။ ထိုစဉ်မှာပင် ကံဆိုးသူ မောင်ညိုကို လှမ်းမြင်လိုက်ရလေသည်။

"ဟေ့. . . ချစ်ဦးညို"

ဟု လှမ်းခေါ်သည်။ တစ်ဝိုင်းကျော်မှာ ထိုင်နေသော မျက်မှန်နှင့် လူက လှမ်းကြည့်သည်။

"လာစမ်းပါဦးကွာ။ ဒီမှာ အကူအညီ တောင်းစရာရှိလို့"

ချစ်ဦးညို ဒီဘက်စားပွဲ ကူးလာသည်။ ဆရာကြီးကွေးက. .





"ဒီက ဘော်ဒါတွေ ဒုက္ခရောက်လာလို့ ကူညီပါဦးကွာ။ မနက်ဖြန်ည သူတို့ဆီမှာ ဟောပေးနိုင်မလား"

"ကျွန်တော်က သဘက်ခါ မနက်အစောကြီး ငါးနာရီလောက် ခရီးထွက်ရမှာ၊ သိပ်ကသီနေမယ်"

"သူတို့နေရာက သိပ်မဝေးပါဘူး။ ညတွင်းချင်း ပြန်ပို့ပေးလို့ ရပါတယ်ကွ။ ဒါမှမဟုတ် အဝတ်အစားအိတ်ပါ ယူသွား၊ သူတို့ဆီမှာ အိပ်ပြီး မနက်ငါးနာရီ အမီပို့ခိုင်းပေါ့"

ဒီအစီအစဉ်မှာ သိပ်တော့မလွယ်လှ။ စာပေဟောပြောပွဲဆိုတာက အနည်းဆုံး ၁၂ နာရီ၊ ၁ နာရီလောက်မှ ပြီးတတ် သည်။ စကားပြောတာနဲ့၊ နှုတ်ဆက်တာနဲ့၊ ပွဲအပြီး ညှိ့ခံကျွေးမွေးတာနဲ့ နှစ်နာရီ၊ သုံးနာရီလောက်မှ လက်စသတ်တတ်သည်။ ငါးနာရီပြန်ထွက်ရမှာဆိုတော့ အိပ်ဖို့အချိန်လည်း မရှိတော့။ နောက်တစ်နေ့ ကားပေါ်၊ ရထားပေါ်မှာဆိုတော့ အိပ်လို့ အဆင်မပြေ။ ညကျတော့ ဆက်ပြော၊ ဆက်ဟော၊ ၂ နာရီ၊ ၃ နာရီထိ။ တော်တော်ပင်ပန်းမည့်ကိစ္စ။

သို့ရာတွင် ဆရာချစ်ဦးညိုသည် အိမ်မှနေလျှင် နားပူတယ်ဆိုပြီး အပြင်ထွက်ဖို့ အမြဲချောင်းနေသူ ဖြစ်၏။ ခုလည်း တစ်ညလောက် သက်သာလည်း မနည်းဟု တွက်သလားမသိ။

"အင်း ဒီလိုဆိုရင်တော့ ဖြစ်ပါဟယ်"

ဟု သဘောတူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်ပြီ။ နောက် ဘယ်သူလိုက်နိုင်ဦးမလဲ။ ရှာပါဦးဟ။ ဟော. . ဟော ဟိုမှာ. . .

ဆိုင်ရှေ့က ဖြတ်လျှောက်သွားသော အသားညိုညို ခပ်တုတ်တုတ် လူတစ်ယောက်ကို လက်ညှိုးထိုးရင်း ဆရာကြီး ကွေးက လှမ်းခေါ်ပြန်သည်။

"မော့ ပြောင်ဝင်း၊ ပြောင်ဝင်း"

ထိုသူလည်း လှည့်ကြည့်ပြီးနောက် ဆိုင်ထဲ ဝင်လာသည်။ ဆရာကြီးကွေးက ထိုင်ခိုင်းပြီး. . .

"ဟောဒါ စာရေးဆရာ မောင်သစ်ဆင်းတဲ့"

ဟု မိတ်ဆက်ပေးသည်။ ဖိုးနီက

"ခုန ဆရာကြီးကွေးခေါ်တဲ့ နာမည်က တစ်မျိုးပဲ လား"

"ဩော်. . . ဒီလိုလေ၊ ဆရာဇော်ဂျီရဲ့ ကဗျာထဲမှာ ငါ့ညီ ပြောင်ဝင်း မောင်သစ်ဆင်းလို့ ပါတယ်မဟုတ်လား။ ဒါကြောင့် သူကို နောက်ချင်တဲ့အခါ ပြောင်ဝင်းလို့ခေါ်တာ။ ကဲ. . ငါ့ညီ ပြောင်ဝင်းရေ၊ ဒီက ဘော်ဒါတွေက ဟောပြောပွဲ လုပ်ချင်လို့တဲ့"

ဆိုပြီး ဖိုးနီဒုက္ခကို ပြောပြအကူအညီတောင်းသည်။ ဆရာမောင်သစ်ဆင်းသည် အိမ်မှာနေလျှင် နားပူတတ်သူမို့ ပဲလား၊ လက်ညီသော ဆရာချစ်ဦးညိုနဲ့ သွားရမှာမို့ပဲလားမသိ။ အလွယ်တကူ လက်ခံလိုက်၏။ ထို့နောက် ဆရာနှစ်ယောက်





သည် တစ်ယောက်နှင့်တစ်ယောက် လက်ကုပ်ပြီး ထထွက်သွားကြ၏။

"ကဲ. . . နှစ်ယောက်တော့ ရပြီ။ ဟောပြောပွဲဆိုတာ သုံးယောက်မှ ကောင်းတာ။ တစ်ယောက် ရှာရဦးမယ်"

ဟု ဆရာကြီးကွေးက ပြော၏။ ထိုအခါ ပတေးက မရဲတရဲ လေသံဖြင့်

"ဟို. . အမျိုးသမီး စာရေးဆရာမတစ်ယောက် မရနိုင်ဘူးလား"

"အမျိုးသမီး. . အဲ. . နေဦး။ ဒီညနေ မသန်းမြင့်အောင်ကို စာမူတစ်ပုဒ် ပေးစရာရှိတယ်။ သူ့ကို မေးကြည့်ပေးမယ်"

"အဲ. . . အဲဒီ ဆရာမ သန်းမြင့်အောင်ဆိုတာ ချော လားဟင်"

ဒီလိုမေးရတာကလည်း အကြောင်းရှိ၏။ စာရေးဆရာမ ငယ်ငယ်ချောချောတစ်ယောက်ကို ရအောင် ဖိတ်ခဲ့ပါဟု လူကြီးတွေက မှာလိုက်သောကြောင့် ဖြစ်၏။ တခြားကြောင့်တော့ မဟုတ်။ အမျိုးသမီး စာရေးဆရာပါလျှင် လူငယ်ပရိသတ် ပိုစိတ်ဝင်စားမည်ဟု တခြားပွဲမျိုးတွေလို တွက်မိကြသောကြောင့်ဖြစ်၏။ ဆရာကြီးကွေးက ပြုံးလိုက်ပြီး. .

"ဟာ ချောတာပေါ့။ ဂျိုဇာတ်ကားထဲက မင်းသမီး ဟုပိကိုးလ်ဘတ်နဲ့ တစ်ပုံစံတည်းပဲ။ ကြည့်ဖူးတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ချစ်သူဆိုပြီး ကြော်ငြာခဲ့တာလေ"

"ဩော်. . ကြည့်ဖူးတယ်၊ မင်းသားက သေသွားပြီးမှ ဝိညာဉ်ဘဝနဲ့ ကောင်မလေးကို စောင့်ရှောက်တာလေ။ အဲဒီ မင်းသမီးက အရမ်းချောတာပဲ"

သူတို့က ဒမ်မီမိုးကို ပြောသည်ဟု ထင်နေ၏။ ဆရာကြီးကွေးပြောသည့် ဟူပီဂိုးလ်ဘတ်ဆိုတာက ထိုဇာတ်ကားထဲမှာ နတ်ဝင်သည် ဗေဒင်ဆရာမအဖြစ် သရုပ်ဆောင်ပြီး အကယ်ဒမီ ရသွားသော ကပ္ပလီလူမည်း မင်းသမီးကို ဆိုလိုခြင်းဖြစ်၏။

"ကဲ. . ကဲ. . အားလုံးအဆင်ပြေပြီ ထားပါတော့။ ဘော်ဒါတို့ သိပ်ကံကောင်းတယ်။ စာရေးဆရာတွေကို ခုလို လက်ဖက်ရည်ဆိုင်မှာ ကောက်သင်းကောက် လာခေါ်လို့ရတာ မဟုတ်ဘူး။ တက္ကစီ ငှားသလို အားသလား၊ လိုက်မလားဆိုပြီး ခေါ်လို့ရတာ မဟုတ်ဘူး။ ခုဟာက ဘော်ဒါတို့ အခက်အခဲဖြစ်နေလို့ စာပေစိတ်နဲ့ ကိုယ်ချင်းစာပြီး လက်ခံကြတာ၊ သူတို့ကို လိုလေသေးမရှိ ပြုစုလိုက်ပါနော်"

ဖိုးနီးတို့မှာ ဆရာကြီးကွေးကို ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်သွားသည်။ သူတို့၏ မဟာအခက်အခဲကြီး ပြေလည်သွားပြီ။ စာရေးဆရာမ ချောချောလေးတစ်ယောက်လည်း ပါဦးမည်။ ဆရာကြီးကွေးကို ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောသည်။ မနက်ဖြန်ညနေ ဒီဆိုင်မှာပင်





စာရေးဆရာတွေကို လာကြိုမည့်အကြောင်း ပြောပြီး ထပြန်သွားကြ၏။

သူတို့မှာ ဝမ်းသာလုံးဆို့ပြီး သတင်းကောင်းကို ရပ်ကွက်ထဲမှာ ပြန်ပြောပြချင်ဇောနှင့် ထပြေးကြရာ တစ်ခုသတိလစ်သွားသည်။ လက်ဖက်ရည်ဖိုး ရှင်းမသွားမိခြင်းပင် ဖြစ်၏။ ဆရာကြီးကွေးမှာလည်း တအောင့်လောက်နေမှ သတိရပြီး နဖူးကို ရိုက်မိလေတော့သည်။ ဟောပြောပွဲအတွက်လည်း စီစဉ်ပေးရသေး။ လက်ဖက်ရည်ဖိုးလည်း ရှင်းရသေး။

ဒီကြားထဲ မောင်သစ်ဆင်းက ကော်ပြန့်ကြော်တစ်ခု ကောက်ဝါးသွားသေးသည်။

♦

မောင်ဝ ဦးဆောင်ပြီး ဆောက်ထားသည့် ဟောပြောပွဲစင်မြင့်က သိပ်မဆိုးလှဟု ဆိုရမည်။ စည်ပိုင်းခြောက်လုံးကို အောက်ကခံပြီး သစ်သားတန်းတွေ ရနိုင်သလောက်ထည့်သည်။ လွတ်နေသော နေရာတွေမှာ ဝါးလုံးတွေဖြည့်သည်။ အပေါ်က ဝါးကပ်ခင်းသည်။ ပြီးမှ ဦးကုလားအိမ်က တာရပတ်တွေ ထပ်အုပ်သည်။

စင်နောက်ဘက်ကို ဟာလာဟင်းလင်းလုပ်ထားလို့မကောင်း၊ တစ်ခုခုတော့ ကာရမည်။ ပြီးတော့ 'ဥရပ်ကွက်စာဆိုတော်နေ့ စာပေဟောပွဲ"ဆိုသော စာလုံးတွေ ကပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ အခမ်းအနားနှင့်တူမည်ဟု ကိုကြီးငွေက ပြော၏။ များသောအားဖြင့် ဒါမျိုးကို ဇင်ပိတ်အပြာစများဖြင့် ပြုလုပ်လေ့ရှိ၏။ သူတို့ဆီမှာ မရှိ။ ပိတ်စရှည်ရှည်ဆိုလို့ အိပ်ရာခင်းတွေရှိ၏။ ဒါတော့ မသင့်တော်။ အသစ်တွေလည်း မဟုတ်။နောက်ဆုံးမှ အကြံရသဖြင့် ဘုန်းကြီးကျောင်းမှ တင်းတိမ်တွေ သွားငှားရသည်။ ပြောင်တော့မရ။ အဆင်စုံ အရောင်စုံကို စပ်ချုပ်ထားခြင်းသာဖြစ်၏။ ဟောပြောပွဲစင်နှင့် မတူဘဲ တောမင်္ဂလာဆောင် နောက်ခံလို ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် ကြည့်ပျော်ရှုပျော်တော့ ဖြစ်သွားသည်။ တခြားဟောပြောပွဲစင်တွေထက် တစ်မူထူးခြားနေပြီး မော်ဒန်ဖြစ်သည်ဟုပင် ဆိုနိုင်၏။

ကိုကြီးငွေက နောက်မှာ ကပ်ရမည့်စာလုံးများကို ပြုလုပ်ပေးသည်။ စက္ကူဖြူကို ကိုက်ညှပ်ပုံဖော်ထားသည့် စာလုံးများကို တင်းတိမ်ပေါ်မှာ ကော်နှင့် ကပ်ဖို့ စိတ်ကူးသေးသည်။ ဘုန်းကြီးကျောင်းက တင်းတိမ်များ ပေကျံကုန်မည် စိုးသဖြင့် တိပ်အကြည်ဝယ်ပြီး အနားစွန်းတွေကို ကပ်ထားရ၏။

နေ့လယ် ၂ နာရီ၊ ၃ နာရီလောက်ကတည်းက ဟောပြောပွဲစင် ရှေ့ကွက်လပ်မှာ စည်စည်ကားကား ဖြစ်နေ၏။ သူတို့ရပ်ကွက်မှာ ဒီတစ်နှစ်လုံး ဘာပွဲမှ မရှိခဲ့သဖြင့် ခုပွဲကို တော်တော်စိတ်ဝင်စားကြသည်။ မပွေး၏ အသုပ်ဆိုင်၊ ဆေးလိပ်ကွမ်းယာဆိုင်၊ အကြော်ဆိုင်တို့လည်း လာခင်းထားကြသည်။



BURMESE CLASSIC .com



စာပေဟောပြောပွဲဆိုတာ ဘယ်လိုဟာမှန်း သေသေချာချာသော်လည်း မသိပေမယ့် 'ပွဲ'ဆိုသော စကားလုံးပါကတည်းက ပျော်ရွှင်စရာတစ်ခု မဟုတ် တစ်ခု ပါရှိနိုင်သည်ဟု တွက်ထားကြသည်။

ကလေးတွေကလည်း နေရာကောင်းရဖို့အတွက် ရှေ့နားမှာ နေရာလာဦးကြသည်။ ဖျာခင်းတဲ့လူကခင်း၊ အုတ်ခဲချတဲ့လူချ၊ တိုင်စိုက်တဲ့လူစိုက်၊ ထုံးနဲ့စည်းချတဲ့လူကချ။ ပြီးတော့လည်း သူတို့ ဦးထားတဲ့နေရာ သူများ ဝင်ခင်းမသွားရအောင် စောင့်ကြည့်ရင်း အနီးအနားကပင် ကစား ,ကြရဖုန်တထောင်းထောင်းဖြစ်နေ၏။

ညနေ နည်းနည်းစောင်းတော့ ဟိုင်းလက်ကားတစ်စင်းနှင့် သယ်လာသော ခေါက်ကုလားထိုင်တွေ ရောက်လာ၏။ စာရေးဆရာများ၊ ရပ်ကွက်လူကြီးများ၊ အလှူငွေ မ,တည်သူများကို ဗီအိုင်ပီရိုးအဖြစ် ရှေ့ဆုံးမှာ နှစ်တန်းလောက်ချရမည်။ နောက်ပိုင်းကတော့ မြေပေါ် ဖျာခင်းထိုင်ကြရုံပဲ။

ထိုအခါ ရှေ့ဆုံးမှာ နေရာဦးထားသူများ၏ ဖျာတွေ၊ ခဲတွေကို ဖယ်ရသည်။ အဖယ်ခံရသူတွေက နောက်တစ်ဆင့်ဆုတ်ဖို့ ကြိုးစားသည်။ နောက်က လူတွေက ထပ်မဆုတ်ပေးဘဲ. .

"စကတည်းက ရှည်ပြီး ရှေ့ဆုံးလိုချင်တာ အခု ဖယ်ရတာမယ်ဆိုတော့ နောက်မှာ သွားခင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကြ၏။ ရှေ့က လူတွေကလည်း သူတို့ အပင်ပန်းခံ ခင်းခဲ့ရပြီးမှ နောက်ကို သွားရမယ်ဆိုတော့ မကျေနပ်။ ဒီမှာပဲ စကားများကြသည်။ ခင်းပြီးသား ဖျာတွေ ဆွဲဖယ်၊ ကိုယ့်ဖျာကိုခင်း၊ သူ့အုတ်ခဲကိုယ်ဖယ်၊ သူကင ကိုယ့်ဟာပြန်ဖယ်နိုင်ရန်ဖြစ်တဲ့လူကဖြစ်၊ ဆွဲရင်းလွဲရင်း အလဲလဲ အပြိုပြိုဖြစ်၊ အုတ်ခဲခလုတ်တိုက်လို့ ခြေမကွဲသူကကွဲ၊ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတာ ပျော်စရာကြီး။

ညနေစောင်းချိန်တွင် စာရေးဆရာတွေ ကြိုဆိုလာသော တက္ကစီတစ်စင်းသည် ရပ်ကွက်တွင်းသို့ ဝင်လာသည်။ ဟောပြောပွဲစင်ရှေ့မှ ဖြတ်မောင်းသွားသောအခါ ကလေးတွေက

"စာပေကြီးတွ လာပြီဟော့"

ဟု အော်ပြီး ကားနောက်က ပြေးလိုက်လာကြသည်။ ခပ်ရဲရဲကောင်တွေက ကားနောက် ဘန်ပါပေါ် ခုန်တက်ပြီး ခိုးစီးဖို့ကြိုးစားသဖြင့် အော်ဟစ်ဟန့်တားရသေးသည်။ အစတုန်းက စာရေးဆရာတွေကို ဦးကုလားအိမ်မှာ ခဏနားခိုင်းပြီး ညှိခံဖို့ စိတ်ကူးသေးသည်။ ထမင်းကျွေးဖို့ ပတေးက တာဝန်ယူထားသဖြင့် နေရာမရွှေ့စေရန် ပတေးအိမ်ကိုသာ ကားကို တန်းမောင်းခိုင်းလိုက်၏။

ကားပေါ်က လေးယောက်ဆင်းလာသည်။ အမျိုးသားသုံးယောက်၊ အမျိုးသမီးငယ်တစ်ယောက်။ အိမ်မှ အသင့်





စောင့်နေကြသော ပတေး၊ ပွကြီးနှင့် မောင်ဝတို့က ဆီးကြိုကြသည်။ ပွကြီးတို့မှာ ဆရာကြီးကွေးကို ပို၍ ကျေးဇူးတင်သွားသည်။ စာရေးဆရာမလေးမှာ တကယ့်ကို ငယ်ငယ်ချောချောလေး။ ဂျိစ်ဇာတ်ကားထဲက မင်းသမီးနဲ့တော့ မတူ။ သို့ရာတွင် မဟာစစ်သူကြီးကားထဲက တရုတ်မင်းသမီးလေးနှင့်တူသည်။

ဖိတ်ထားတာက သုံးယောက်။ ပါလာတာ လေးယောက်။ ဟို သေးသေးညှက်ညှက်ကောင်လေးက စာရေးဆရာမရဲ့မောင်လေးလား၊ တောက်တိုမည်ရ ခိုင်းတဲ့ကောင်လေးလည်း ဖြစ်နိုင်၏။

ပတေး၏ ဆိုင်ကို ဒီညနေ စောစောပိတ်ပြီးဦးကုလားအိမ်မှ သယ်လာသော ဆက်တီခုံတွေ ချထားသည်။ အစုံလိုက်တော့ မဟုတ်။ ကြိမ်အခင်းတွေ ပေါက်နေသဖြင့် အကောင်းသုံးလုံးသာ ယူထားနိုင်သည်။ စာရေးဆရာ သုံးယောက်အတော်ပဲဟု တွက်ထား၏။ အခုလာတော့ လေးယောက်ဖြစ်နေ၏။ ဒီကြားထဲ စာရေးဆရာတွေနှင့် ကပ်လိုက်လာသော ကောင်လေးက အလိုက်ကန်းဆိုး မသိဘဲ ဆက်တီခုံတစ်လုံးပေါ် စွေခနဲ ထိုင်လိုက်သည်။ ထိုအခါ မောင်ဝက. . .

"ဟော့ ဟော့. . ချာတိတ်။ ဆရာ၊ ဆရာမတွေ ထိုင်ဖို့ထားတာကွ။ ထ ထ မင်းက ဒီမှာထိုင်"

ဆိုပြီး ပတေးဆိုင်က ခွေးခြေပုလေးတစ်လုံး ချပေးလိုက်သည်။ ကောင်လေးကလည်း. .



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . အင်း ဟုတ်ကဲ့ခင်ဗျာဟု ရှက်ကိုးရှက်ကန်း ပြောရင်း ခွေးခြေပေါ် ရွှေ့ထိုင်သည်။ နဂိုက ညှက်ရတဲ့ကြား ထဲ ခွေးခြေပုလေးပေါ် ထိုင်ရသောအခါ ဆပ်ကပ်ထဲက မျောက်ကလေးလို ဖြစ်နေလေ၏။

စာရေးဆရာတွေကို သွားကြိုလာသော ဖိုးနီသည် တက္ကစီခ ရှင်းပြီး ပြန်အမ်းငွေကို စောင့်နေရသဖြင့် အထဲက ဖြစ်ပုံကို မသိလိုက်။ သူ ဝင်သွားသောအခါ မြင်ကွင်းကို ကြည့်ပြီး ဟိုက်ခနဲ ဖြစ်သွားသည်။ ခပ်သုတ်သုတ်ပြေးပြီး ပတေး၏ ဆိုင်ကောင်တာမှာ ထားသည့် ခေါက်ကုလားထိုင်ကို ယူ၍ ချပေးရင်း. . .

"ဆရာ ဒီမှာ ထိုင်ပါ။ မင်းတို့ကလည်းကွာ၊ ဆရာ့ကို ဒီမှာ ထိုင်ခိုင်းရသလား"

ထိုအခါကျမှ ခပ်သေးသေးကောင်လေးသည် 'ရပါ တယ်ဗျာ'ဆိုပြီး ခေါက်ကုလားထိုင်ပေါ် ရွှေ့ထိုင်သည်။ ဖြစ်ရ ပုံကတော့. . .

မနေ့ညနေက ဆရာကြီးကွေးသည် ဆရာမသန်းမြင့် အောင်နှင့် တွေ့တော့ ဟောပြောပွဲလိုက်နိုင်မလား မေးသည်။ ဆရာမသန်းမြင့်အောင်မှာ စာပေသမားတို့ ကျန်းမာရေး၊ လူမှု ရေးကိစ္စ ကို ငွေရော လူပါစိုက်၍ အားတက်သရော ကူညီ တတ်သော စေတနာရှင် ဖြစ်၏။ သူမှာ တစ်စုံတစ်ယောက်ကို အကူအညီ ပေးဖို့ကိစ္စ တစ်ခုမဟုတ် တစ်ခု အမြဲရှိနေ၏။ ခု





လည်း စာရေးဆရာတစ်ယောက် လိပ်ခေါင်းဖြတ်ဖို့ကိစ္စ ဆေးရုံ လိုက်ပို့ပေးစရာ ရှိနေသဖြင့် ဟောပြောပွဲ မလိုက်နိုင်။

ထို့ကြောင့် သူ့အစား စာရေးဆရာနီကိုရဲကို အတင်း ဝင် ဆွဲလာခဲ့ကြခြင်းဖြစ်၏။ ညားခါစဖြစ်သော သူ့ဇနီးကလေး ကလည်း ကိုကိုဟောတာ နားမထောင်ဖူးသေးဘူးဆိုသော ကြောင့် ခေါ်လာခဲ့ခြင်းဖြစ်၏။ ဒါကို မောင်ဝတို့က ကောင် မလေးကို စာရေးဆရာမလေးထင်၊ နီကိုရဲကို ဥပဓိရုပ်ကြည့် ပြီး တောက်တိုမည်ရ ခိုင်းတဲ့ ကောင်လေးဟု ထင်သွားကြခြင်း ဖြစ်၏။

"နီကိုရဲ၊ မင်းကတော့ လွဲဖြစ်အောင် လွဲလိုက်သေး တယ်နော်"

ဟု မောင်သစ်ဆင်းက ပြောတော့. .

"ဒါမျိုးကတော့ ခဏ ခဏ ကြုံဖူးလို့ ရိုးနေပါပြီဗျာ"

နီကိုရဲက ပြန်ပြောသည်။ မောင်ဝကတော့ ရှက် လည်းရှက်၊ မျက်နှာလည်းပူ၊ အားလည်းနာပြီး ချာခနဲ လှည့်၍ တစ်ချိုးတည်း ပြေးလေတော့သည်။

ဖိုးနီနှင့် ပွကြီးတို့က ဟောပြောပွဲစင်မှာ အဆင်သင့် ပြင်ဆင်ထားဖို့ ထွက်သွားကြသည်။ ပတေးကတော့ စာရေး ဆရာတွေကို ဧည့်ခံကျွေးမွေးဖို့ ကျန်ရစ်ခဲ့၏။

ဘားနူးက ထမင်းပွဲ ပြင်ပေးသည်။ သူ၏ ဖေးဘာရိတ် ဟင်း ဖြစ်သော ဆိတ်ခေါင်းဟင်း၊ ကြက်သားနှင့်အားလူး၊ ငါး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခူကြော်နှပ်၊ ဘာဂျီကြော်၊ ပဲကုလားဟင်းတို့နှင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်၏။

မောင်သစ်ဆင်းက ဟင်းတွေကို ကြည့်ပြီး. . .

"ဟင်းတွေကတော့ မွှေးနေတာပဲ။ အရည်သောက်လေးပါရင် ကောင်းမယ်နော်"ဟု ပြောသည်။ ဘာနူးက အထာမပေါက်ဘဲ။

"ပဲကုလားဟင်း ပါတယ်လေဆရာ"

ပတေးက သဘောပေါက်သွားပြီး. .

"နေ နေ၊ နင် လုပ်စရာ သွားလုပ်တော့။ ငါ စီစဉ်မယ်"

ဟုပြောပြီး အဆင်သင့် ဝယ်လာသော ရမ်ပုလင်းကို ထုတ်လာသည်။

"ခုတော့ ထမင်းစားရုံလောက်ပဲနော်။ ဟောပြောပွဲပြီးမှ ဆက်နှိပ်ကြမယ်"

ဟု ချစ်ဦးညိုက လစ်မစ်သတ်မှတ်ပေးသည်။ နီကိုရဲက ပပေးဘက်လှည့်၍

"အစ်ကိုကြီးရော သောက်တတ်ရင် ဝင်နွှဲပါလား။ မိတ်ဖြစ်ဆွေဖြစ်ပေါ့"ဟု ပြောသဖြင့်

"ဟဲ ဟဲ ဆရာတို့ အဖော်ရအောင် နည်းနည်းတော့ အားပေးလိုက်ဦးမယ်"

ဆိုပြီး ပုလင်းကို လှမ်းကိုင်လေသည်။

♦





"ဘယ်လိုလဲ အဆင်သင့် ဖြစ်ပြီလား"

ဖိုးနီက မေးသည်။ ဉာဏ်စိန်ကတော့. .

"ကျန်တာတော့ အားလုံးပြီးပြီ။ အသံချဲ့စက်က နည်းနည်းဖောက်နေတယ်"

အသံချဲ့စက်ဆရာဆီ သွားပြီး မေးရပြန်သည်။

"ဘာဖြစ်တာလဲ"

အောက်စလွှတ်နေလို့"

"ဘာ"

"ဩော် အတ်ကြိုးလွှတ်နေတာ အောက်ဘက်ကမို့ နည်းနည်းကတ်သီးကတ်သတ် လုပ်နေရလို့၊ ပြီးပါပြီ"

ဆိုပြီး စက်ဆရာက "ဟယ်လို တက်စတင်း"လုပ်ကြည့်သည်။ အဆင်ပြေသည်။

"ကဲ. . ဒါဆို ကြေညာလိုက်တော့။ ငါ စာရေးဆရာတွေ သွားခေါ်မယ်"

ဖိုးနီထွက်သွားသည်။ ကျော်ကွန့်က. .

"ဉာဏ်စိန် မင်းကြေညာလိုက်"

"ဟာ၊ ငါ့ အသံက ဩောင်နာနာနဲ့ မဖြစ်ပါဘူး။ ဘယ်ကစပြောရမှန်း မသိဘူး"

ထိုစဉ် ဒါမျိုးအကွက်ချောင်းနေသော ဦးဖိုးဖြောရောက်လာသည်။ သူက မိုက်ကရိုဖုန်းမြင်လျှင် မစမ်းဘဲ မနေနိုင်သဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က အတွေ့အကြုံမှ မရှိရှာကြဘဲကိုး။ ပေး ပေး ငါ ကြေညာလိုက်မယ်"

ကျော်ကွန့်တို့ကလည်း သူတို့ မပြောရပြီးရောဆိုပြီး မိုက်ကရိုဖုန်းကို ထိုးပေးလိုက်၏။ ထို့နောက် ဦးဖိုးဖြော့၏ အသံ ထွက်ပေါ်လာသည်။

"ရပ်ကွက်တွင်းရှိ သဒ္ဒါကြည်လင် ပါရမီရှင်၊ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျာ"

"ဟာ ဦးလေးဖြော့ ဒါက စာပေဟောပြောပွဲလေ။ အဲဒီလို ကြေညာလို့ ဘယ်ရမလဲ"

ကျော်ကွန့်က ပြောတော့. . .

"ဟာ ဘာထူးလဲကွ။ ဒါလည်း ကုသိုလ်ရတဲ့ အလုပ်ပဲ"

"မဖြစ်သေးပါဘူး"

"ဒါဆို ဘယ်လိုကြေညာပေးရမလဲဖြော့"

"အဲ. . . အဲဒါတော့"

သူတို့မှာ မိုက်ကရိုဖုန်း ခလုတ်ကို မပိတ်ဘဲ ပြောနေကြခြင်း ဖြစ်သဖြင့် အသံချဲ့စက်မှတစ်ဆင့် အတိုင်းသား ကြားနေရ၏။ ကိုကြီးငွေသည် အိမ်မှာ အသာလျှိုနေရင်းက ကြားပြီး ပြုံးသည်။ ထို့နောက် အင်္ကျီ ကောက်ဝတ်၍ဟောပြောပွဲရှိရာကို ထွက်ခဲ့သည်။

မောင်ဝ ဟောပြောပွဲစင်ကို အပြီးသတ်စစ်ဆေးနေရာမှ အသံကို ကြားသဖြင့် ခပ်သုတ်သုတ် ပြေးသွားပြီး။



BURMESE CLASSIC .com



"ဘယ်လို ဖြစ်တာလဲ၊ ဟောပြောပွဲစဖို့ ကြေညာတာပဲ။ လူသိရင် ပြီးရောပေါ့။ အပိုတွေ ပြောနေစရာ မလိုပါဘူး"

ဟု ပြောရင်း မိုက်ကရိုဖုန်းကို လှမ်းယူပြီး ကိုယ်တိုင် အော်လိုက်၏။

"ဒီမှာ ရပ်ကွက်ထဲက လူတွေ၊ ဟောပြောပွဲ စတော့မယ်၊ မြန်မြန်လာကြ။ နောက်ကျရင် တာဝန်မယူဘူး။ ဒါပဲ"

ထိုအချိန်မှာ ကိုကြီးငွေ သုတ်သီးသုတ်ပြာ ရောက်လာပြီး. . .

"မင်းတို့ကောင်တွေ ဘယ်ခက်တာပဲကွာ၊ ပေး ပေး"

ဆိုပြီး မိုက်ကရိုဖုန်းကို ယူသည်။ ထို့နောက် ကိုကြီးငွေ၏ အောင်မြင်ခံ့ညားသောအသံ ထွက်ပေါ်လာလေ၏။

"ချစ်ခင် လေးစားအပ်ပါသော (သောကို အသံရှည်ဆွဲ၊ ခဏနား)

စာပေဝါသနာရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား။

ကျွန်တော်များ ၃ ရပ်ကွက်၊ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကြီးဟာဖြင့် မကြာခင်အချိန်အတွင်းမှာ(ခဏနား) စတင်တော့မှာ ဖြစ်တဲ့အတွက် အသင့်နေရာယူပေးကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော် အပ်ပါတယ် ခင်ဗျာ"

"ဟေး"

(ကလေးများအော်သံ)

◆



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲ ကျင်းပမည့်နေရာသို့ စာရေးဆရာတွေ ရောက်လာသောအခါ ပရိသတ်တွေ အနည်းငယ် ရုတ်ရုတ်သဲသဲ ဖြစ်နေတာ တွေ့ရ၏။ စင့်ရှေ့မှာ ခင်းကျင်းထားပုံက ရှေ့ဆုံးက ဗီအိုင်ပီ ခုံတန်းနှစ်တန်း၊ နောက်ကတော့ မြေပေါ်မှာပင် မိမိအစီအစဉ်ဖြင့် ဖျာပဲခင်းခင်း၊ ဖိနပ်ပဲ ဖင်ခုထိုင်ထိုင် ကြိုက်သလို စီစဉ်နိုင်ကြ၏။ ပြဿနာက ရှေ့တန်းက ခုံတွေက မြင့်နေသဖြင့် နောက်က မြေကြီးပေါ် ထိုင်သူတွေ မမြင်ရခြင်း ဖြစ်၏။ ထို့ကြောင့်။ ကျွတ်စီကျွတ်စီ ဖြစ်နေကြခြင်း ဖြစ်သည်။

"နင်တို့က ဘာလဲ၊ ပိုက်ဆံရှိတဲ့ လူတွေမှ ဦးစားပေးတာလား။ ငါ တို့လည်း အလှူငွေထည့်ထားရတာပဲ"

ဟု နှစ်ဆယ်ကျော်တိတိ အလှူငွေ ထည့်ထားသော အရပ်ဝမ်းဆွဲဒေါ် အေးကြွယ်က ကန့်ကွက်ပြောဆိုသည်။ ဖိုးနီတို့ကလည်း. . .

"ဟိုက လူကြီးတွေဗျ။ ပြီးတော့ အလှူငွေလည်း ရက်ရက်ရောရော ထည့်ထားတာ"

ဆိုပြီး တင်းခံသည်။

BURMESE CLASSIC .com

နောက်တော့မှ ဆရာချစ်ဦးညို၏ အကြံပေးချက်အရ အဆင်ပြေအောင်လုပ်လိုက်ရသည်။ ရှေ့တန်းက ခုံများကို စင်၏ဘေးတစ်ချက်တစ်ချက်စီမှ ဘေးတိုက်တန်း၍ စီလိုက်သည်။ နောက်က လူတွေလည်း မြင်ရ၊ ထိုင်ခုံသမားလည်း ဣန္ဒြေရရ ဖြစ်သွား၏။ လွတ်သွားသော ရှေ့ပိုင်းနေရာကိုတော့ ကလေးအုပ်စုက အလျင်အမြန် ဦးလိုက်လေသည်။





ဟောပြောပွဲစဖို့ အဆင့်သင့် ဖြစ်ပြီ။

အခမ်းအနားမှူး အဖြစ်ကတော့ ကိုကြီးငွေကို ပဲ. . အဲ. . ကိုကြီး ဘယ်ရောက်သွားပါလိမ့်။ ရှာလို့မတွေ့တော့။ အမှန်မှာ စောစောက သူ့အသံထွက်ပေါ်လာပြီးနောက် မသီးလိုက်လာ၍ "ရှင့်ကို ဘယ်နှစ်ခါ ပြောရမလဲ" ဆိုပြီး ဆွဲခေါ်သွားခြင်းဖြစ်၏။ ဦး ဖိုးဗြော့ကလည်း မိုက်ကရိုဖုန်းနားမှာ ယောင်လည်လည်လုပ် နေသည်။ သူနဲ့တော့မဖြစ်။ ထို့ကြောင့် မတတ်သာတော့ဘဲ ဖိုးနီကပင် တာဝန်ယူလိုက်ရတော့သည်။

စာရေးဆရာများသည် စည်းကမ်းတော့ ရှိကြသည်။ စောစောက ရမ်တစ်ပုလင်း ဖောက်ခဲ့သော်လည်း စားသောက်ကောင်းရုံ၊ စကားပြောကောင်းရုံသာ နည်းနည်းပါးပါးသောက်ခဲ့ကြသဖြင့် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ပင် ရှိနေကြသည်။ သူတို့နှင့် ဂပ်သောက်ခဲ့သော ပတေးကတော့ နည်းနည်း စကားဖွာစ ပြုနေပြီ။

"ချစ်ခင် လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား၊ ခုချိန်ကစပြီး စာပေဟောပြောပွဲကို စတင်မှာဖြစ်လို့ သဘာပတိကြီးက အမှာစကားပြောကြားပေးဖို့ ဖိတ်ခေါ်ပါတယ်"

ဖိုးနီသည် ကိုကြီးငွေ နမူနာယူ၍ ပြောသဖြင့် အဆင်ပြေပြေဖြစ်သွား၏။ အဆင်မပြေတာ ဦးကုလား။ သူ့ကို သဘာပတိ တင်ထားသည်။ သူက စကားပြောချင်သူမဟုတ်။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဖိုးနီက ခေါ်နေပြီ။ မတတ်သာသဖြင့် စင်ပေါ်တက်ရသည်။

"အဟမ်း. . အဟမ်း"

ဟု ချောင်းဟန့်ပြီး မိုက်ကရိုဖုန်းကို တဒေါက်ဒေါက် မြည်အောင် လက်နှင့်တောက်သည်။ ထို့နောက် "ပြောရတော့မလား"ဟု ဖိုးနီကို လှမ်းမေးသည်။ ဖိုးနီကလည်း "ပြောလေဦးလေး"ဟု ပြန်အော်တော့မှ. . .

"အဟမ်း၊ ကျုပ်က စကားတွေ ဘာတွေ သိပ်ပြောတတ်တာ မဟုတ်ပါဘူး။ ဒီတော့ တိုတိုပဲ ပြောပါ့မယ်။ အခုစာဟောပွဲကြီးကို အားလုံးညီညီညွတ်ညွတ် တက်တက်ကြွကြွ လုပ်ကိုင်ကြတာ အားရစရာကောင်းတယ်။ စာပေအကြောင်းတော့ ကျုပ်က သိပ်များများ မပြောတတ်ဘူး။ စာရေးဆရာတွေ ပြောတာကိုပဲ ကောင်းကောင်းနားထောင်ကြပါ။ ဘာမှသိပ်နားမလည်တဲ့ ကျုပ်က စကားကြောရှည်နေရင် နွားရှေ့ထွန်ကျူးသလိုဖြစ်မှာ စိုးလို့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပါတယ်"

စာရေးဆရာများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးစိစိ ဖြစ်ကုန်ကြ၏။

ဖိုးနီက ခု ပထမဆုံး ပြောဖို့ အလှည့်ကျတဲ့ ဆရာနီကိုရဲ ကြွပါဟု ဖိတ်ခေါ်သည်။ နီကိုရဲသည် စင်မြင့်ပေါ် တက်လာ၏။ စောစောက ဦးကုလားပြောဖို့ ပြင်ဆင်ပေးထားသော မိုက်ကရိုဖုန်းသည် သူနဲ့ဆို မြင့်နေပြီး နဖူးနေရာလောက်ရောက်နေသည်။ ထို့ကြောင့် အောက်ကို ဆွဲချလိုက်ရသည်။



BURMESE CLASSIC .com



ပတေးသည် အသံချဲ့စက်ဆရာ အနားသွားပြီး ဦးကုလားပြောစဉ်မှာ အက်ကိုတော့ နည်းနေသည်။ ထပ်တင်ပေးဖို့ ပြောသည်။ အသံချဲ့စက်ဆရာက မဆိုစလောက်သာ တင်ပေးသည်။ ပတေးက အားမရဘဲ ခပ်များများလေး လှည့်ချလိုက်၏။ ထို့ကြောင့် နီကိုရဲက နှုတ်ဆက်စကားပြောသောအခါ အက်ကိုးတွေ လွန်ပြီး။

"လေးစားအပ်ပါသော သော. . သော. . သော၊ စာပေဝါသနာရှင်. . ရှင်. . ရှင်. . ညီ့ပရိသတ်အပေါင်းတို့ ခင်ဗျား. . ဗျား. . . ဗျား"

ဆိုပြီး တိတ်ခွေဇာတ်လမ်းထဲက သည်းထိတ်ရင်ဖိုဇာတ်ဝင်ခန်းထဲက လေသံလို ဖြစ်သွား၏။ နီကိုရဲမှာ သူ့အသံသူ လန့်သွားပြီး အသံချဲ့စက်ဆရာဘက် လှည့်ကြည့်သည်။ အက်ကိုးကို ပြန်လျှော့ချလိုက်မှ အဆင်ပြေသွား၏။

သို့ရာတွင် အနှောင့်အယှက်က မကုန်သေး။ ရှေ့ဆုံးက ကွက်လပ်မှာ ရှိနေကြသော ကလေးအုပ်စုပင်ဖြစ်၏။ သူတို့သည် ခုလို မီးရောင်အောက်မှ တစ်စုတစ်ဝေးတည်း မဆုံရတာကြာပြီဖြစ်သောကြောင့် အူမြူးနေကြသည်။ ပြေးတမ်းလိုက်တမ်း ကစားတဲ့လူကစား၊ ကျွန်းထိုးတဲ့လူကထိုး၊ နပမ်းလုံးတဲ့ကောင်က လုံး။ ဒီကြားထဲ ပွဲခင်းတွေမှာလို ပူဖောင်းသည်ကလာရောင်းသွားသေးသည်။ ထို့ကြောင့် ပူဖောင်းရှည်ကြီးတွေနဲ့ လှံတံပစ်သလို ကစားကြတာ ဟိုဘက်ဒီဘက် ဝဲပျံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကလည်း ပူဖောင်းအလုံးကြီးတွေကို ဘောလုံးလုပ်ပြီး ကန်ကြသည်။ တစ်ချက်မှာတော့ ကလေးတစ်ယောက် ကန်လိုက်သည့်ဘောလုံး ပူးဖောင်းက ကန်ချက်လွဲပြီး စာရေးဆရာတွေ ထိုင်နေသည့်ဘက် လွင့်သွားသည်။ ဆရာချစ်ဦးညို၏ မျက်နှာတည့်တည့်ဆီ သွားနေ၏။ ထိုစဉ်မှာ သူက စီးကရက်ဖွာလိုက်သည့်အခိုက်ဖြစ်သဖြင့် ပူဖောင်းမှာ စီးကရက်နဲ့ ထိပြီး ဖောင်းခနဲ မြည်အောင် ပေါက်သွားသည်။

နီကိုရဲမှာ ဘယ်လိုမှ ဆက်ပြောလို့ မရအောင် ဖြစ်သွား၏။ ထိုစဉ်တွင် မောင်ဝ စင်ပေါ်တက်လာသည်။ နီကိုရဲကို ဘေးဖယ်ခိုင်းပြီး မိုက်ကရိုဖုန်းမှာ ရှေ့မှာရပ်သည်။ စကားပြောစင်ကလေးကို လက်သီးနဲ့ ဒုံးခနဲ ထုလိုက်ရာ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ပြီးမှ. . .

"ဟေ့ကောင်တွေ၊ ငြိမ်ငြိမ်နားထောင် အသံတစ်ချက်မှ မထွက်နဲ့။ ထွက်တဲ့ကောင် ငါလက်သီးနဲ့ တွေ့မယ်။ ကျန်တဲ့ လူတွေကိုလည်း သတိပေးထားမယ်။ စာရေးဆရာတွေက ခင်ဗျားတို့ ဗဟုသုတဖြစ်အောင် စေတနာနဲ့ ပြောပေးကြတာ၊ မလေးမစား မလုပ်နဲ့။ ကောင်းကောင်းနားထောင်၊ ငြိမ်ငြိမ်သက်သက်နဲ့ စည်းကမ်းရှိရှိ နားထောင်။ ဆူဆူညံညံ လုပ်ရင်တော့ မလွယ်ဘူး။ ဒါပဲ။ ကဲ. . ဆရာ၊ ဆက်ပြောတော့"

ဆိုပြီး ပြန်ဆင်းသွား၏။ ထိုအခါမှ စပြီး ပရိသတ်ကြီး တစ်ခုလုံး လုံးဝ တိတ်ဆိတ်သွားသည်။ ဘယ်လောက်ထိ တိတ်





ဆိတ်သလဲဆိုလျှင် နီကိုရဲ ရယ်စရာပြောတာကိုတောင် မရယ်ရဲကြတော့။

အဲဒါမှ နီကိုရဲအတွက် ပြဿနာပဲ။ သူက ပရိသတ်အခြေအနေကို ကြည့်ပြီး ရယ်စရာများများ ပြောနိုင်မှ ထိန်းနိုင်မည်ဟု တွက်ထားသည်။ ထို့ကြောင့် ညနေက သူ့ကို မောင်ဝ တို့က တောက်တိုမည်ရ ခိုင်းတဲ့ ကောင်လေးထင်ခဲ့ပုံမှ စ၍ ပြောသည်။ ဘယ်သူမှ မရယ်ကြ။ စာရေးဆရာ ပေါက်စဘဝက တလွဲတချော်ဖြစ်ပုံများ ပြောသည်။ ပရိသတ်ကမလှုပ်။ တခြားပွဲဆိုလျှင် တဝါးဝါး ပွဲကျနေပြီ။

ဟောပြောပွဲ ပြောသူတို့အဖို့ ကိုယ်က ရယ်စရာပြောလျှင် ပရိသတ်က အုံးခနဲ ရယ်မှ အားရှိသည်။ ခုလို တင်းခံနေကြတော့ သူလည်း ချွေးပြန်လာပြီ။ ထို့ကြောင့် နာရီဝက်လောက် ကြိုးစားပြောပြီး တပ်ခေါက်၍ ဆင်းလာခဲ့ရ၏။

ဘာကြောင့် ခုလိုဖြစ်ရတာဆိုတာ ဆရာချစ်ဦးညိုက သိသည်။ စောစောက မောင်ဝ ကြိမ်းမောင်းထားတာတစ်ကြောင်း၊ စာရေးဆရာဆိုတာ လေးစားရမည်၊ ရယ်လိုက်လျှင် ပြက်ရယ်ပြုရာကျမည်ဟု ထင်နေကြတာတစ်ကြောင်းကြောင့် ဖြစ်၏။

ထို့ကြောင့် ဆရာချစ်ဦးညိုက မောင်ဝကို ခေါ်၍ အကျိုးအကြောင်း ပြောပြသည်။ မောင်ဝက "ဒီလိုလား၊ ရပါတယ်"ဆိုပြီး စင်ပေါ်တက်သွားပြန်သည်။ ထို့နောက်. .

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပဲ၊ စာရေးဆရာတွေက သူတို့ ရယ်စရာ ပြောရင် ရယ်မှ ကြိုက်တယ်တဲ့။ ဒီတော့ ရယ်ကြပါ။ ရယ်ရင်လည်း အသံကျယ်ကျယ် ရယ်ကြပါ။ တိုးတိုးကြိတ်ရယ်တဲ့ လူတွေ မလွယ်ဘူးမှတ်။ ဒါပဲ"

ဟု ပေါ်တင်ကြီး ပြောချလိုက်လေ၏။

နောက်ထပ် အလှည့်ကျသူကတော့ ဆရာမောင်သစ်ဆင်း။

ဖိုးနီက သူ့နာမည်ကို ကြေညာပြီး ဖိတ်ခေါ်ရမည် ဖြစ်၏။ သို့ရာတွင် စောစောက မောင်ဝတက် ပြောသွားတဲ့ ဆီ အာရုံရောက်သွားသဖြင့် ဆရာမောင်သစ်ဆင်း၏ နာမည်ကို ရုတ်တရက် အစဖော်လို့ မရဘဲ ဖြစ်သွား၏။ အနီးအနားမှာ မေးရမယ့် လူလည်း မရှိ။ ဒါမျိုးက အချိန်ဆွဲနေလို့လည်း ဖြစ်တာမဟုတ်။ ထိုစဉ်မှာပင် ဆရာကြီးကွေး ခေါ်ခဲ့သည့် နာမည်က ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။ တတ်နိုင်ပါဘူး ဆိုပြီး။

"အခု ဆက်ပြီး ဟောပြောမှာကတော့ ဆရာပြောင်ဝင်း ဖြစ်ပါတယ်"

ဟု ပြောမိ၏။ ပရိသတ်က ဝေါခနဲ ရယ်ကြသည်။ မောင်ဝက ရယ်စရာရှိလျှင် ကျယ်ကျယ်ရယ်ရမည် မှာထားသဖြင့် ရယ်သံတွေက ပို၍ ဟိန်းထွက်လာ၏။

ဘေးက်စိန်က ဖိုးနီနား ပြေးပြီးပြောမှ နာမည်အမှန်ကို ပြင်ခေါ်ပြီး စင်မြင့်ပေါ် ဖိတ်ကြားလိုက်ရသည်။ စကတည်း





က လွဲပြီဆိုတော့ ရှေ့ဆက်လွဲဖို့ သေချာသွားပါပြီ။

ဆရာမောင်သစ်ဆင်းက စာနယ်ဇင်းများ အကျိုးပြုမှုများအကြောင်းကို ပြောသည်။ သူက ပရိသတ် နားလည်လွယ်အောင် တတ်နိုင်သမျှ ရိုးရိုးရှင်းရှင်း တင်ပြသည်။သတင်းဆိုမှာ တစ်ဦးက တစ်ဦးကို သိစေချင်သောအကြောင်းအရာများ လက်ဆင့်ကမ်းခြင်းပင်ဖြစ်ကြောင်း၊ လူတိုင်းတွင် သတင်းပညာအခြေခံရှိကြောင်း၊ အိမ်ပေါက်စေ့လိုက်ပြီး အတင်းပြောခြင်းပင်လျှင် သတင်းဖြန့်ချိမှု တစ်မျိုးပင် ဖြစ်ကြောင်း။

သာမန်အားဖြင့်ဆိုလျှင် သူပြောသည့် အကြောင်းအရာများမှာ အလွန် စိတ်ဝင်စားဖွယ်ပင်ဖြစ်၏။ ခုလောလောဆယ် ပရိသတ်မှာ မရယ်ရဘဲ အောင့်ထားသဖြင့် ခုမှ အတိုးချပြီး ရယ်ဖို့ ကြံစည်နေကြခြင်းဖြစ်၏။ ထစ်ခနဲရှိ ရယ်ဖို့ ပြင်ဆင်ထားကြသည်။ ခေါင်းကုတ်လည်းရယ်၊ စကားမှားလည်းရယ်၊ ပြောရင်း စပီကာက ကွီခနဲမြည်လာလည်းရယ်။

ဒီကြားထဲ ပြဿနာတစ်ခု ဖြစ်လာသေးသည်။နောက်ဘက်က ပိတ်ကားပေါ်မှာ ကပ်ထားသည့် "စာပေဟောပြောပွဲ"ဆိုသော စကားလုံးမှ နောက်ပစ်ကလေးသည် လေအဝှေ့တွင် ပြုတ်ကျသွားခြင်းဖြစ်၏။ ထိုအခါ "စာပေဟောပြောပွ" ဖြစ်သွားသည်။ ဒါကို ကြည့်ပြီး ရယ်ကြပြန်သည်။ သူ့အတိုင်း မသိမသာ ထားလိုက်လျှင် ပြီးသွားနိုင်သည်။ သို့ရာတွင် နည်းနည်း'မှန်'နေပြီဖြစ်သော ပတေးက အစိုးရိမ်ကြီးပြီး စင်ပေါ်

www.burmeseclassic.com



တက်လာသည်။ ကျသွားသော 'နောက်ပစ်'ကို ကောက်ယူပြီး ပြန်ကပ်ဖို့ ကြိုးစားသည်။ စာတန်းက မြင့်နေသဖြင့် မမီဘဲ ဖြစ်နေ၏။

ထိုအခါ စင်ဘေးမှ ရပ်ပြီး 'ဟော့ကောင် ပတေး၊ ဆင်းခဲ့ကွ။ ဆင်းခဲ့'ဟု တိုးတိုးကြိတ် အော်နေသော ပွကြီးကို မြင်သည်။ ပတေးက လှမ်းခေါ်သည်။ ပွကြီးလည်း မတတ်သာသဖြင့် စင်ပေါ်တက်ရသည်။ ပတေးက. . .

"ဟော့ကောင် မင်း ငါ့ပခုံးပေါ်တက်ပြီး ပြန်ကပ်စမ်းကွာ။ ငါ ထမ်းပေးမယ်"

ပွကြီးက ပတေး၏ ကုပ်ပေါ် ခွစီးသည်။ ပတေးမှာ ရမ်တန်ခိုးကြောင့် ယိုင်တိုင်တိုင် ဖြစ်နေပြီ။ ထို့ကြောင့် ဟန်ချက်မထိန်းနိုင်ဘဲ ယိမ်းထိုးနေ၏။ အပေါ်မှ ပွကြီးသည်လည်း နောက်ပစ်နေရာကို နေရာမှန်အောင် ပြန်မကပ်နိုင်ဘဲ ဖြစ်နေ၏။ တစ်ခါတွင် ရလုရခင် ဖြစ်နေတော့မှ ပတေးက ပွကြီးကိုယ်ကို မနိုင်တော့ဘဲ ယိုင်လဲသွား၏။ သူတို့နှစ်ယောက်လုံး ထွေးပြီး ပြုတ်ကျသည်။ ပွကြီးမှာ လဲမကျခင် ကြောက်လန့်ပြီး ဆွဲမိဆွဲရာဆွဲလိုက်တာ နောက်ခံ ပိတ်စကြီးကို ဆွဲမိပြီး ပြုတ်ကျလာသည်။ ပိတ်စကြီးမှာ သူတို့အပေါ် လွှမ်းခြုံကျသွားလေ၏။

ပရိသတ်ကြီးလည်း ထိန်းလို့မရအောင် တဟားဟား တဝါးဝါး ရယ်ကြလေသည်။ ဒီလိုနဲ့ ရယ်စရာတွေပြောသော နီကိုရဲ့အလှည့်မှာ မရယ်ဘဲ အတည်အခန့်တွေ ပြောသော





မောင်သစ်ဆင်းအလှည့်ကျမှာ မနားတမ်း ရယ်နေရတော့သည်။ မောင်သစ်ဆင်းလည်း အခြေအနေကို ရိပ်စားမိသဖြင့် အမြန်နိဂုံးချုပ်ပြီး ဆင်းလာခဲ့သည်။ သူ့နေရာ ပြန်ထိုင်မိတော့မှ . .

"မင်းပါလာကတည်းက တလွဲတချော်ဖြစ်တော့မယ်ဆိုတာ စိတ်ထင်နေပြီးသားပဲ"

ဟု ဘေးမှ နီကိုရဲကို ပြောလိုက်၏။ ပတေးကအမောပြေ အလိုက်တသိ စီစဉ်ပေးထားလို့ တော်သေးသည်။ ရေနွေးကြမ်းတစ်အိုး ချပေးထားခြင်းပင် ဖြစ်၏။ အထဲမှာ ရေနွေးကြမ်း ထည့်ထားတာမဟုတ်။ ရမ်နှင့် ရေကို အနေတော် စပ်ထားတာသာဖြစ်၏။ ပတေးကလည်း စင်ဘေးနားသွားလိုက်၊ ပြန်လာပြီး တစ်ခွက်ဝင်နှိပ်လိုက်လုပ်ရင်း ထပ်တင်နေသည်။ (ရေနွေးကြမ်းအိုးနဲ့ ထည့်သောက်တာက ပရိသတ်ရှေ့မှာ ကုန်ဖြေရရ ခွက်ပုန်းချနိုင်သော စာရေးဆရာတွေ သုံးနေကျနည်းဖြစ်၏။) နောက်ခံပိတ်ကားကို ပြန်တပ်ဖို့ အချိန်မရသဖြင့် ဒီအတိုင်း ဟင်းလင်းဖွင့်ထားလိုက်ရသည်။ ယခု နောက်ဆုံးပိတ်အိတ်နဲ့ လွယ်မယ့်လူကတော့ ဆရာချစ်ဦးညိုပါပဲ။

"ကျွန်တော်ကတော့ ဝတ္ထုတစ်ပုဒ်မွေးဖွားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောမှာ ဖြစ်ပါတယ်"ဟု အစချီလိုက်၏။ ထိုအခါ လှထုံက သူ့ဘေးမှာ ထိုင်နေသည့် မလုံးဘက်လှည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"မလုံးရေ ပြန်ကြရအောင်"

ဟု ပြောသည်။ မလုံးက. . .

"ဟဲ့ ဘယ်လိုဖြစ်တာလဲ၊ ဟောပြောပွဲတောင်. . မပြီး သေးဘူး"

"အို. . သူဘာပြောမယ်ဆိုတာ ကျွန်မ သိပြီးသားပါ"

"ဟယ်. . ဘယ်လိုသိတာလဲ"

"မကြားဘူးလား၊ ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်းတဲ့၊ ဒါမျိုး က မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းက လာတုန်း က နားထောင်ပြီးသား။ ကလေးဘယ်လို မွေးရမယ်၊ ဘယ်လိုပြု စုရတယ်ဆိုတာ ကောင်းကောင်းသိနေပြီ။ မြို့နယ်က ဆရာဝန် မကြီးကိုယ်တိုင် သေသေချာချာ ရှင်းပြတာ။ ဟင်း. . ဒီချစ်ဦး ညိုက ဘယ်လောက်တတ်လို့ ဒီအကြောင်းပြောမှာလဲ"

"ဖြစ်ရလေ လှထုံရယ်၊ ကလေးမွေးတာပြောမှာ မဟုတ်ဘူး။ ဝတ္ထုအကြောင်းပြောမှာ"

"ဝတ္ထုက မွေးလို့ ရလို့လား၊ စာရေးဆရာဆိုပြီး ဒါ တောင် မသိဘူးလား"

လှထုံ၏ ဝေဖန်ရေးကို ဆရာချစ်ဦးညို မကြားသဖြင့် တော်သေးသည်။

သူကတော့ ကံကောင်းသည်ဟု ဆိုရမည်။ ရှေ့က ဆရာနှစ်ယောက် လည်စင်းခံပေးသွားသဖြင့် ပရိသတ်၏ အထာကို ကောင်းကောင်းသိသွားပြီ။ ပြီးတော့ သူက ကျောင်း





ဆရာ၊ ကျူရှင်ဆရာ၊ ဇာတ်အဖွဲ့ ဒါရိုက်တာအပြင် လိုအပ် လျှင် စင်ပေါ်တက်ပြီး ကိုယ်တိုင်သရုပ်ဆောင်လည်း လုပ်ဖူး သဖြင့် ပရိသတ်မျိုးစုံနှင့် ဆုံဖူးနေသည်။ ထို့ကြောင့်. .

"ကျွန်တော့် ဟောပြောမှုမစခင် ပရိသတ်ကြီးနဲ့ ကျွန် တော်နဲ့ ကြိုတင်နားလည်မှုတစ်ခု လုပ်ရအောင်။ ကျွန်တော် ပြောမယ့် အကြောင်းအရာက ရယ်စရာတွေ သိပ်မပါလှဘူး။ ဒါပေမယ့် ပရိသတ်ကြီး မပျင်းရအောင် ရယ်စရာလေးတွေ ကြားညှပ်ပြီး အလျဉ်းသင့်သလို ပြောသွားပါ့မယ်၊ ဒီတော့ ရယ် စရာအကြောင်း ပြောပြီဆိုရင် ကျွန်တော်က လက်ထောင်ပြ ပါ့မယ်။ အဲဒါဆိုရင် အားရပါးရ ရယ်ကြပေတော့"

ဟု ကြိုတင်စည်းဝါးရိုက်လိုက်သည်။ ထို့နောက် စတင်ဟောပြောသည်။ ဝတ္ထုဆိုသည်မှာ ပုံပြင်က ဆင်းသက် လာကြောင်း၊ ငယ်စဉ်က ဘွားအေကြီးတွေ ပြောပြသောပုံပြင် များသည် ဝတ္ထုဖြစ်လာဖို့ သန္ဓေတည်ပေးလိုက်ခြင်းပင်ဖြစ် ကြောင်း။

ပရိသတ်ကလည်း သဘောတူညီမှုအတိုင်း ငြိမ်သက်စွာ နားထောင်နေ၏။ ထိုစဉ်မှာပင် ဆရာချစ်ဦးညို မျက် မှန်သည် နှာခေါင်းရိုးပေါ် လျှောကျလာသည်။ သူက မျက်မှန် ကို ပြန်ပင့်တင်ရန် လက်မြှောက်လိုက်သည်။ ပရိသတ်က ဒါ အချက်ပေးတာပဲဆိုပြီး အုန်းခနဲ ရယ်ကြလေသည်။

ဘာပဲဖြစ်ဖြစ် သူက ရယ်စရာကလေးတွေကို ပရိသတ် ပျင်းလောက်မည့် အချိန် ညှပ်ညှပ်ထည့်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသွားသည်။ ဒါတောင် တစ်ခုလွဲသွားသေးသည်။

စင်ပေါ်မှ ကြည့်လျှင် ရေနွေးကြမ်းအိုးကို တစ်ယောက်တစ်လှည့်စီ ကိုင်ကိုင်နေကြသော မောင်သစ်ဆင်းနှင့် နီကိုရဲတို့ကို လှမ်းမြင်နေရသည်။ ပတေးကလည်း လှစ်ခနဲ၊ လှစ်ခနဲ ဝင်ဝင် မော့သွားတာ တွေ့ရ၏။ တော်တော်လက်ညီတဲ့လူတွေ။ နီကိုရဲဆိုတဲ့ ပုဂ္ဂိုလ်လေးကလည်း "လူကြည့်တော့ ပုလင်းလောက်ရှိတယ်။ ပုလင်းကြည့်တော့ လူလောက်ရှိတယ်"ဆိုတာမျိုး ဒီငနဲတွေ လုပ်တာနဲ့ ငါ့အတွက်တောင် ကျန်ပါ့မလား မသိဘူးဆိုပြီး အာရုံရောက်သွားသဖြင့် "ဒဿဂီရိမှာ ခေါင်းဆယ်လုံးရှိတယ်"ဟု ပြောရမည့်အစား "ပုလင်းဆယ်လုံးရှိတယ်"ဟု ယောင်ပြီး ပြောမိသေး၏။ သို့ရာတွင် သူက နပ်သည်။ လက်ကို အလျှင်အမြန် ထောင်ပြလိုက်သဖြင့် ပရိသတ်ရယ်အောင် တမင်လုပ်သလို ဖြစ်သွားစေ၏။ ဒီလိုနဲ့ ဆရာချစ်ဦးညိုလည်း ပရိသတ်ကို ချော့ထိန်း၍ ပြောရင်း ဟောပြောမှုကို နိဂုံးချုပ်လိုက်သည်။ ဖိုးနီသည်လည်း ဟောပြောပွဲ အောင်မြင်စွာ ပြီးဆုံးကြောင်း"ကြေညာရန် မိုက်ကရိုဖုန်းကောက်ကိုင်လိုက်စဉ် . .

ပတေးသည် စင်ပေါ် ပြေးတက်လာ၏။ စကားပြောစင်မြင့်ရှေ့တွင် ရပ်လိုက်ပြီး . .

"ဟောပြောပွဲကြီးကတော့ ပြီးသွားပါပြီ။ ဒါပေမယ့် ဒီအတိုင်းဆို ခြောက်ကပ်ကပ်ကြီး ဖြစ်နေမှာမို့ ဟောပြောပွဲ





အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ ကျွန်တော် သီချင်းတစ်ပုဒ် ဆိုပြပါမယ်"

ဟု ကြေညာလိုက်၏။ လက်ခုပ်သံများ ဆူညံသွားသည်။ မောင်ဝတို့၊ ဖိုးနီတို့လည်း တားဖို့ အချိန်မရလိုက်။ ပတေးက တော်တော်မှန်နေပြီဖြစ်၏။ ထို့နောက် သူ၏ ဖေးဘရိတ်ဖြစ်သော "မွှေးလွန်းသည့်ပန်း"သီချင်းကို ဆိုပြလေသည်။ တစ်ပုဒ်နှင့် မကျေနပ်ဘဲ "ချစ်သူတို့ လျှောက်သောလမ်းကလေး"ကို ဆက်ဆိုပြန်သည်။ ဒါနဲ့လည်း မပြီးသေးဘဲ . .

"အားလုံး ပျော်ပျော်ပါးပါး ဖြစ်သွားအောင် စာရေးဆရာများက သီချင်းတစ်ပုဒ်စီနဲ့ ဖျော်ဖြေပေးဖို့ တောင်းဆိုပါတယ်ခင်ဗျာ"

လက်ခုပ်သံတွေရော၊ လက်ခေါက်မှုတ်သံတွေရော ဆူညံသွားသည်။ စာရေးဆရာတွေ မျက်လုံးပြူးကုန်ကြ၏။ ပရိသတ်ကလည်း "ဟုတ်တယ်၊ ဆိုပါဗျို့"ဟု ပွဲတောင်းနေကြပြီ။ ပရိသတ်ဆန္ဒကို ဆန့်ကျင်ခြင်းငှာ မဖြစ်နိုင်သဖြင့် . .

ဆရာချစ်ဦးညိုက 'ဆုထူးရွယ်'သီချင်းကို တက်ဆိုပြလိုက်ရသည်။

ဆရာမောင်သစ်ဆင်းက သူ့အသံ ဝါဝါ၊ ဩဩ၊ ကြောင်ကြောင်ကြီးနှင့် "ယောကျာ်းမှာလည်း အသည်းနဲ့ပါ" သီချင်းကို ဆိုလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတေးက တစ်ဆင့်တက်ပြီး ဆရာနီကိုရဲတို့ ဇနီးမောင်နှံ စုံတွဲသီချင်းဆိုပါဟု လုပ်လာပြန်သဖြင့် "ဒါဟာ အချစ်လား" သီချင်းကို ဆိုရပြန်လေသည်။ ပရိသတ်လက်ခုပ် သံမှာ ဟိန်းဟိန်းညံနေတော့သည်။

ဤသို့ဖြင့် ၃ ရပ်ကွက် စာပေဟောပွဲကြီးသည် ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားလေသည်။ အားလုံးလည်း ဝမ်းသာကျေနပ်ကြသည်။

ပြဿနာတစ်ခုပဲ ကျန်သည်။ လက်ဆောင်ပစ္စည်း ချီးမြှင့်သည့် ကိစ္စ။ မူလစီစဉ်တုန်းက စာရေးဆရာနှစ်ယောက်နှင့် အမျိုးသမီးစာရေး ဆရာမတစ်ယောက် ဟောမည်ဖြစ်သဖြင့် ပုဆိုးနှစ်ထည်နှင့် ထမိန်တစ်ထည် ဝယ်ထားသည်။ ခု. . စာရေးဆရာတွေချည်းပဲဆိုတော့. .

အငယ်ဆုံးဖြစ်သော နီကိုရဲကိုပင် တောင်းတောင်းပန်ပန်လုပ်ပြီး ထမိန်တစ်ထည် ပေးလိုက်ရသည်။ သူတို့က မျက်နှာပူ အားနာနေသော်လည်း နီကိုရဲ၏ မဟေသီလေးက. .

"ဟယ်. . ထမိန်ဟုတ်လား၊ ကြည့်စမ်း၊ ဟိုးအရင် ဟောပြောပွဲတွေတုန်းက သူ့အတွက် ပုဆိုးတွေချည်းပဲ လက်ဆောင်ရခဲ့တာ၊ ဒီတစ်ခါမှ ကျွန်မအတွက် ရတော့တယ်။ ဒါပဲ နော်ကိုကို၊ နောက်နှစ်တွေကျရင်လည်း ဒီရပ်ကွက်မှာပဲ ဟောရမယ်သိလား"





ဟု ကြိုတင် စရန်ရိုက်ထားလိုက်လေတော့သည်။

(ဆရာ့ဆရာတွေ ပြောပြသော စာပေဟောပြောပွဲ ခေတ်ဦးတုန်းက ရယ်စရာအဖြစ်အပျက်ကလေးများနှင့် ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရသော ပျော်စရာအကြောင်းကလေးများကို စုပေါင်း၍ ဝတ္ထုအသွင် တင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ ဟာသရသမြောက်စေရန် နည်းနည်းပိုပိုသာသာလေး ချဲ့ကားရေးထားကြောင်းကိုလည်း ဝန်ခံပါသည်။ အခုအခါမှာတော့ စာပေဟောပြောပွဲအများစုမှာ စနစ်တကျ၊ သပ်သပ်ရပ်ရပ်၊ ခမ်းခမ်းနားနား ကျင်းပနိုင်ကြပြီ ဖြစ်ပါကြောင်း။)

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင်ဓာတ်ခဲ

www.burmeseclassic.com

www.burmeseclassic.com




# စေတနာရှင် ခတ်ခဲ

ခတ်ခဲသည် ကလေးလည်းမက လူပျိုကြီး ဖားဖားလည်း မဖြစ်သေးသော 'ကြီးကောင်ဝင်'သည့် အရွယ်ရောက်လာပြီ။ ထို့ကြောင့် တစ်ခါတစ်ခါ ကလေးလိုဆိုးပြီး တစ်ခါတစ်ခါ လူကြီးလို ဆိုးချင်သည်။

ခတ်ခဲဆိုးတယ်ဆိုတာကတော့ လူတိုင်း သိပြီးသားပင် ဖြစ်၏။ ငယ်ငယ်က သူများမွေးထားတဲ့ ကြက်ကို လေးခွနဲ့ လက်စွမ်းပြသဖြင့် လျော်ရတာ၊ သူ့အဖေ လှူထားသော ရေချမ်းစင်က ရေအိုးကို လက်တည့်စမ်းခဲ့တာ၊ ကျောင်းအုပ်ဆရာကြီး၏ စက်ဘီးကို လေလျှော့ထားခဲ့တာတို့မှာ သာမန်လုပ်ရိုးလုပ်စဉ်သာ ဖြစ်၏။ သူဆိုးသမျှ လိုက်တောင်းပန်ဖို့၊ သူဖျက်ဆီးသမျှ လိုက်လျော်ဖို့အတွက်လည်း သူ့အဖေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သော ဦးကုလားနှင့် ဒေါ်ခင်တီတို့က အဆင်သင့်ရှိ၏။

ရှင်ပြုတုန်းကတော့ ကိုရင်ဘဝနှင့် ကျောင်းမှာ မွေ့ခဲ့သေးသည်။ ဒါကျတော့ သူ့အဖေနှင့် အမေက ခွင့်မလွှတ်။ မှတ်လောက်သားလောက်အောင် မရိုက်စဖူး ရိုက်ခဲ့သည်။ ဒီနောက်မှာ ဓာတ်ခဲ နည်းနည်းငြိမ်သွားသည်။ သို့တိုင်အောင် ကုန်ပစ္စည်း ဈေးနှုန်း တက်ချင်ပါလျက် အခြေအနေအရ အောင့်ထားရသော ကုန်သည်လိုသာ ဖြစ်၏။

ဓာတ်ခဲသည် အရင်ကလို ခဏခဏ မဆိုးတော့။ တစ်နည်းအားဖြင့် လေးခွလက်တည့်စမ်းတာမျိုးလောက်ကို မလုပ်တော့။ အရွယ်ကလေးကလည်း ရလာတော့ ကလေးဆန်ဆန် ဆိုးရတာမျိုးကို သိပ်အရသာ မတွေ့တော့။ သို့ရာတွင် ဗီဇလေးက ကျန်နေသေးသည်။ ငုပ်လျှိုးနေရာမှ တစ်ခါတစ်ခါ ပြူထွက်လာတတ်၏။

ဒါမှလည်း ဓာတ်ခဲ ပီသတော့မပေါ့။

◆

ဓာတ်ခဲသည် သူ့ကိုကျောတာမျိုးတော့ နည်းနည်းမှ သည်းမခံချင်။ ဟိုတစ်နေ့က ကိစ္စကိုပဲကြည့်။

ဆရာကြီးဟု သူ့အဖေအမေက ခေါ်သော လူကြီးတစ်ယောက်သည် သူတို့အိမ်သို့ တစ်လတစ်ခါလောက် လာ





တတ်၏။ ဘာဆရာကြီးလဲတော့ သေသေချာချာမသိ။ ကျောင်းဆရာတော့မဟုတ်။ ဗေဒင်ဆရာကြီးလား၊ ဘာဂိုဏ်း၊ ညာဂိုဏ်းက ဆရာကြီးလား တစ်ခုခုပဲ။ ဦးကုလားနှင့် ဒေါ်ခင်တီတို့ကတော့ အတော်လေးစား အထင်ကြီးကြပုံရ၏။ သူက အထက်စီးနှင့် ဆက်ဆံပြောဆိုတတ်ပြီး ဦးကုလားတို့က ရိုရိုသေသေ ပြန်ပြောကြရသည်။

သူက တရားလာလာဆွေးနွေးတာဟု ဆို၏။ တရားဆွေးနွေးတယ်လည်းဆိုသေး၊ တစ်ခါတစ်ခါ ဒေါသတကြီးအော်ဟစ်ငြင်းခုံတာများ နပန်းထလုံးကြတော့မလား အောက်မေ့ရသည်။

ဓာတ်ခဲအမြင်မှာတော့ တရားဆွေးနွေးတာက နည်းနည်း၊ စားတာသောက်တာက များများဟု ထင်မိ၏။ ဆရာကြီး လာမည့်နေ့ဆိုလျှင် ကြက်သား၊ ဝက်သား၊ ငါးခူကြော်စသည်ဖြင့် အသားဟင်းကောင်းကောင်း နှစ်မျိုး၊ သုံးမျိုး ချက်ရသည်။ ထမင်းစားပြီးလျှင် သီးမွှေးငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး စသည်တို့ ကျွေးရသည်။ ပန်းသီးဆိုလျှင် ဈေးပေါသော တရုတ်ပန်းသီး အစိမ်းရောင်ကို မကြိုက်။

"ပန်းသီးဆိုကတည်းက အနီရောင်ရှိမှ ပန်းသီးပီသတော့မပေါ့"

ဟု ပြောသေးသည်။

နေ့လယ် တရားဆွေးနွေးချိန်ကျတော့လည်း လက်ဖက်၊ ဆတ်သားခြောက်၊ ငါးရန့်ခြောက်မီးဖုတ်၊ အိုဗာတင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ တိုက်ကျွေးရသေးသည်။

မာတ်ခဲ၏ စိတ်ထဲမှာ မတင်မကျ ဖြစ်နေတာ ရှိ၏။ ရပ်ကွက် ဘုန်းကြီးကျောင်းက ဆရာတော်ကို သူတို့အိမ် ပင့်ဖိတ်ပြီး ဆွမ်းကျွေးဖူးသည်။ ဆရာတော်မှာ အစားအသောက်ကို အတော်ခြိုးခြံတာ တွေ့ရ၏။ အသား တစ်တုံးတလေလောက်သာ စားသည်။ ချဉ်ရည်ဟင်း၊ အသီးအရွက်ကြော် စသည်တို့သာ အားပြုစားလေ့ရှိ၏။ ဘုဉ်းပေးရာမှာလည်း ထမင်းအသင့်အတင့် တစ်ပန်းကန်လောက်သာ ဖြစ်၏။ အချိုပွဲဆိုလည်း ငှက်ပျော်သီးလေး တစ်လုံးလောက် သို့တည်းမဟုတ် ပန်းသီးလေးတစ်စိတ်လောက်နှင့် ပြီး၏။

"ဘုန်းဘုန်းစားတာကလည်း ကျွန်တော့် လောက်တောင် မများဘူး"

ဟု မာတ်ခဲက အားမလိုအားမရ ပြောသောအခါ-

"သူတော်ကောင်းဆိုတာ အစစအရာရာ ခြိုးခြံတတ်တယ်"

ဟု ပြောဖူး၏။

အခု ဒီဆရာကြီးဆိုတဲ့ လူကြီးကတော့ သွားဖြိနားဖြိ စားတာပဲ။ ထမင်းကို သုံးပန်းကန်လောက် အသာလေးစားနိုင်သည်။ အသားတွေလည်း အများကြီးစားသည်။ တစ်ခါတလေ ထမင်းကုန်သွားတာတောင် ကြက်ပေါင်ကြော်ကို ထပ်ကိုက်လိုက်သေးသည်။ ငှက်ပျောသီးဆို နှစ်လုံးလောက်၊ ပန်းသီးဆိုလည်း စားရုံသာမဟုတ်၊ ဘိုးတော်တင်ဖို့ မယ်တော်ဆက်ဖို့





ဆိုပြီး အိမ်ယူသွားတတ်သေးသည်။

မာတ်ခဲ သဘောမကျသည့် အချက်တစ်ချက်လည်း ရှိသေးသည်။ သူပြောတာနဲ့ သူလုပ်ပုံနဲ့ သိပ်မညီဘူး ထင်နေခြင်းဖြစ်၏။ ဥပမာ-

"အာဟာရဆိုတာကလည်း တကယ်တော့ ဒီခန္ဓာဝန်ကို ထမ်းနိုင်ဖို့အတွက် မတတ်သာလို့ ဖြည့်တင်းနေရတဲ့ သဘောကိုး ဦးကုလားရဲ့"

ဟု ပြောရင်း ပဲဆီစစ်စစ် ဆမ်းထားသော ဆတ်သားခြောက်ဖုတ် ခပ်ကြီးကြီးတစ်ဖက်ကို ယူ၍ မြုံ့လိုက်ပြီး။

"အင်း- ဆတ်သားများ တကယ်စစ်ရင် တယ်ချိုတာကိုးဗျ"

ဟု ပြောတတ်တာမျိုး။

တစ်ရက်မှာတော့ မာတ်ခဲသည် ဘောလုံးကန်ပြီးနောက် ဗိုက်အလွန်ဆာလာသဖြင့် အိမ်ကို အမြန်ပြန်လာခဲ့သည်။ လှေကားမှတက်ပြီး အိမ်ထဲဝင်မည်အလုပ်တွင် သူ့အမေပြောနေသည့် စကားသံကို ကြားသဖြင့် တံခါးအကွယ်မှ အသာနားထောင်နေလိုက်သည်။

"ကျွန်မလည်း ဒီ သားတစ်ကောင်ကြောင့် တော်တော် ဒုက္ခရောက်ပါတယ် ဆရာကြီးရယ်။ ဒီကောင်က တော်တော်ဆိုးတာ။ တစ်နေ့တစ်နေ့ သူဘာပြဿနာရှာလာလို့ လိုက်ရှင်းရမလဲဆိုတာပဲ တွေးပူနေရတယ်"

ဆရာကြီးက-



www.burmeseclassic.com

www.burmeseclassic.com



"အင်း- တစ်ရက်လောက် ဒီကောင့်ဇာတာကို စစ်ဆေးပြီး အဆောင်လေးဘာလေး လုပ်ပေးရဦးမယ်"

ခတ်ခဲ မဲ့ပြုံးတစ်ချက် ပြုံးသည်။ လူကြီးများ ဒီလိုပဲ။ ကိုယ့်သားသမီးဆိုးတာကိုပဲ ကြံဖန်ဂုဏ်ယူတတ်ကြသေးတယ်ဟု တွေးသည်။ ခုပုံအတိုင်းဆိုလျှင် အိမ်ရှေ့ပေါက်က ဝင်လို့မကောင်း။ မျက်နှာပူစရာကြီး။ နောက်ဖေးပေါက်က လှည့်ပြီး မီးဖိုချောင်ထဲ ဝင်ရမည်ဟု စဉ်းစားပြီး အသာလှည့်ထွက်သည်။ လှေကားထစ်ကိုနင်းလိုက်စဉ် ကျွိခနဲအသံ မြည်သွား၏။

"ဟဲ့- ဘယ်သူလဲ"

ဒေါ်ခင်တီက လှမ်းအော်မေးသည်။ ခတ်ခဲလည်း မတတ်သာသဖြင့် "ကျွန်တော်ပါ"ဟု ပြောပြီး အိမ်ရှေ့ပေါက်မှပင် ဝင်လိုက်ရ၏။ အိမ်ရှေ့ခန်းကိုဖြတ်ပြီး မီးဖိုခန်းဘက်သွားမည်အပြု။

"ဟေ့ကောင် ခတ်ခဲ။ လာပါဦးကွ"

ဆရာကြီးက လှမ်းခေါ်သည်။ ခတ်ခဲက ပေပြီး ရပ်နေလိုက်ရာ-

"ဟေ့ကောင် ခေါ်နေတယ်လေကွာ"

ဟု ဦးကုလားက လှမ်းပြောမှ ကန်တန်တန်ပုံစံဖြင့် ဆရာကြီးနား လျှောက်သွားသည်။

"မင်းက တော်တော်ဆိုးတယ်ဆိုကွ၊ ဟေ"





ဆရာကြီးက မေးသည်။ ပေါ်တင်ကြီးပါလားဟု ခတ်ခဲစိတ်ထဲက တွေးသည်။ နှုတ်ကတော့-

"ကြားစကားတွေ မယုံပါနဲ့ ဆရာကြီးရာ"

ဟု ပြောလိုက်၏။

"ဟဲ့ကောင် လူကြီးကို နောက်တောက်တောက်မလုပ်နဲ့"

ဒေါ်ခင်တီ ဝင်မာန်လိုက်သည်။ ဆရာကြီးက ခတ်ခဲကို စေ့စေ့ကြည့်ပြီး-

"လိမ်လိမ်မာမာနေမှပေါ့ကွ။ ကလေးဆိုတာ မိဘစကားနားထောင်ရတယ်။ လူကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်ရဘူး။ စာကို ကြိုးစားသင်ရမယ်။ လတ်လျားလတ်လျား မနေရဘူး။ ကစားတာကိုလျှော့ ပြီးတော့--"

အစချီပြီး ဆယ်မိနစ်လောက်ကြာအောင် ဆုံးမသြဝါဒ ပေးနေလေတော့သည်။ ခတ်ခဲမှာ ဗိုက်ထဲက တကြုတ်ကြုတ်မြည်အောင် ဆာနေလျက်က အောင့်အည်းနားထောင်နေရလေသည်။

ဒီနောက်ပိုင်းမှာလည်း မစားသာ။ ဆရာကြီးရှိနေသည့် အချိန်ဆိုလျှင် ဦးကုလားနှင့် ဒေါ်ခင်တီတို့က ခတ်ခဲကို မျက်နှာသာမပေး။ ထစ်ခနဲရှိ ဆူဖို့သာ ပြင်နေသည်။ ထိုကိစ္စမှာ ပြမြဲအစဉ်အလာလို ဖြစ်နေ၏။

ခတ်ခဲမှာ ဆရာကြီးလာတဲ့နေ့ဆိုလျှင် အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မနေရဲအောင် ဖြစ်လာ၏။ သို့ရာတွင် ခေတ်ခဲသည် ခေတ်ခဲပဲ မဟုတ်လား။

♦

တစ်ရက်တွင် ဆရာကြီးက ဦးကုလားနှင့် ဒေါ်ခင်တီတို့ကို တရားအကြောင်း ဆွေးနွေးပြောပြနေသည်။ ကိတ်မုန့်နှစ်ချပ်နှင့် မိုင်လိုကတော့ လောဘအကြောင်း ရှင်းပြနေခိုက်မှာပင် ကုန်သွားခဲ့ပြီ။ သူသည် လက်ဖက်တစ်ဇွန်းကို ပုဇွန်ခြောက်ပါအောင် ရွေး၍ ခပ်စားလိုက်ပြီးနောက်---

“လူမှာ ဒုက္ခအပေးဆုံးက တဏှာပဲဗျ။ တဏှာကို သတ်နိုင်ရင် အားလုံးပြီးပြီ။ ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုတော့ကာ မီးနဲ့ရေလိုပဲ။ မီးများမီးနိုင် ရေများရေနိုင်ဆိုတဲ့ စကားကို မီးနဲ့တူတဲ့ တဏှာကို ရေနဲ့တူတဲ့ သတိတရားနဲ့ အဲ- --အဲ”

ပြောနေရင်းက အပေါက်ဝဘက်ကြည့်ပြီး ကြောင်အအ ဖြစ်သွား၏။ တံခါးပေါက်မှာတော့ သူနှင့် အသက်ချင်း မတိမ်းမယိမ်းလောက် ရှိသော မိန်းမကြီးတစ်ယောက် ခါးထောက်ရပ်ရင်း စူးစူးရဲရဲ စိုက်ကြည့်နေ၏။ ထို့နောက် မိန်းမကြီးသည် အိမ်ပေါ်သို့ ခြေဆောင့်နင်းတက်လာပြီး ဆရာကြီးရှေ့မှာ ရပ်လိုက်သည်။ ဆရာကြီးမှာ ပါးစပ်ကြီးဟပြီး ငေးကြည့်နေတုန်း မိန်းမကြီးက-





“ကဲ- ခုနစကားလေးကို ပြန်ပြောပါဦး။ ဘာတဲ့ တဏှာကို သတ်ရမယ် ဟုတ်လား။ ဟား၊ ဟား အပြောလေးကတော့ ကောင်းလိုက်တာ။ ရှင်ကိုယ်တိုင်ကတော့ တဏှာနဲ့ ကင်းနိုင်လို့လား”

“မင်း- မင်း ဘာတွေ လာပြောနေတာလဲ”

ခုမှ ဆရာကြီးအသံ ထွက်လာ၏။ မိန်းမကြီးက-

“ဘာတွေ ပြောရမှာလဲ။ ရှင် မဟုတ်တာလုပ်ထားတာတွေကို လာအမိဖမ်းတာလေ။ ဘယ်မလဲ ရှင့်မယားငယ်၊ ဘယ်မှာလဲ”

ပြောရင်း ဟိုဟိုဒီဒီ ရှာသလိုကြည့်နေ၏။

“ဟာ- ဒီမှာ ဘယ်ရှိပါ့မလဲ”

ဆရာကြီး လွှတ်ခနဲ ပြောမိ၏။

“ဒီမှာ မရှိလို့ ဘယ်မှာရှိရမလဲ။ ရှင်တို့ကကော ဟိုကောင်မကို ဘယ်မှာ ဝှက်ပေးထားသလဲ”

ဆိုပြီး ဦးကုလားနှင့် ဒေါ်ခင်တီတို့ဘက် လှည့်မေးသည်။ အိမ်အတွင်းခန်းဘက်သို့လည်း ကြည့်လိုက်သေးသည်။ ဦးကုလားတို့လည်း ရုတ်တရက်မို့ ကြောင်နေရာမှ သူတို့ကိုပါ ဆွဲထည့်လာသဖြင့်-

“ခင်ဗျား ဘာတွေ လာပြောနေတာလဲ။ ကျုပ်တို့ တရားဆွေးနွေးနေတာ”

မိန်းမကြီးက ဟက်ဟက်ပက်ပက် ရယ်သလိုလုပ်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"အမလေး- အရပ်ကတို့ရေ ကြောင်သူတော်ကြီးက တရားဆွေးနွေးနေသတဲ့။ လာနားထောင်ကြပါဦး"

"ဟာ- ခင်ဗျားဘယ်လိုဟာလဲ။ ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က သူရဲ့ မယားကြီးပဲ။ ဒီအိမ်မှာ သူ့မယားငယ်နဲ့ ချိန်းတွေ့နေတယ်ဆိုတာ သတင်းအတိအကျရလို့ လက်ပူးလက်ကြပ်လာဖမ်းတာလေ၊ ဘယ်မလဲ ဟိုကောင်မ"

"ဒီမှာ မရှိ- ရှိ- ရှိ"

ဆရာကြီးသည် ဒုတိယကြိမ် ပါးစပ်အဟောင်းသားဖြစ်သွားရပြန်၏။ သူ့အသက်၏ ထက်ဝက်ရလောက်သာ ရှိမည်ဟု ထင်ရသော အမျိုးသမီးတစ်ဦးသည် တံခါးဝမှာ ပေါ်လာပြန်သောကြောင့်ပင် ဖြစ်လေ၏။

"ဟင်- မင်း- မင်း ဘာဖြစ်လို့ လိုက်လာရတာလဲ"

ဆရာကြီး အလန့်တကြား မေးသည်။ အမျိုးသမီးကလည်း ကြောင်တောင်တောင် ကြည့်နေရာမှ။

"ဟို- အစ်ကိုကြီးပဲ။ ဒီအိမ်ကို လာခဲ့လို့ ချိန်းထားပြီးတော့"

"ဟာ-ငါမချိန်းဘူး။ ငါ၊ ဟာ ဘာတွေဖြစ်ကုန်တာလဲ"

မိန်းမကြီးသည် ကိုင်း-ဘယ့်နှယ်ရှိစဆိုသော အကြည့်မျိုးဖြင့် ဆရာကြီးကို တစ်ချက်ကြည့်သည်။ ထို့နောက် ဒုတိယမိန်းမဆီ လျှောက်သွားသည်။ မျက်နှာချင်းဆိုင် ခါး





ထောက်ရပ်လိုက်ပြီး-

"ညည်းက ဒီကို ဘာလာလုပ်တာလဲ"

"ဟို- ဟို- သူက- ခေါ်လို့"

ဒုတိယမိန်းမက ယောင်ယောင်ကန်းကန်းပြောရင်း ဆရာကြီးကို လက်ညှိုးထိုးပြသည်။

"ဘာ- ခေါ်ရင်လာတဲ့အစားထဲကပဲ ဟုတ်လား။ ဒါကြောင့် သူများယောကျ်ားကို ကြောင်ဟောင်နှိုက်တာပေါ့လေ"

မိန်းမကြီး၏ စကားက မိန်းမငယ်၏ အရှိုက်ကို ထိသွားသည်။ စောစောက ကြောက်သလို ရှုံ့သလိုဖြစ်နေရာမှ ရုတ်တရက် မျက်လုံးတွေ ဝင်းခနဲ လက်လာပြီး-

"ဒါကတော့ ကိုယ့်ယောကျ်ားကိုယ် မထိန်းနိုင်လို့ ဖြစ်ရတာပဲ"

ဟု တစ်ချီကောင်းပြန်ပက်ရာ မိန်းမကြီး၏ ရင်ကို ထိမှန်သော စကားဖြစ်သွားပြန်၏။

"ဟင်း- ညည်းကများ"

မိန်းမကြီး၏ လက်ဝါးသည် မြောက်ခနဲ ဖြစ်သွား၏။ မိန်းမငယ်ကလည်း ခေသူ မဟုတ်။ ဗီဒီယိုဇာတ်ကားတွေ မြောက်မြားစွာ ကြည့်ခဲ့ဖူးသူပဲလေ။ ဗီဒီယိုကားတွေထဲမှာ ဒီလောက်ဇာတ်ရှိန်တက်ပြီဆိုလျှင် ပါးရိုက်တဲ့အခန်းလာလောက်ပြီဆိုတာ သိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူကလည်း သတိအနေအထားနဲ့ စောင့်နေခဲ့သည်။ မိန်းမကြီး၏ မြောက်သွားသောလက် လွှဲချလိုက်စဉ်မှာ ဖမ်းကိုင်တားထားလိုက်၏။ ဗီဒီယိုထဲမှာဆိုလျှင်တော့ "ရိုက်ပါ အစ်မကြီးရယ်၊ ကျွန်မကိုက ကံဆိုးတာပါ"တွေ ဘာတွေ လုပ်ချင်လုပ်မည်။ အပြင်မှာတော့ ဘယ်အရိုက်ခံပါမလဲ။ သူက အရင်ဦးအောင် မိန်းမကြီး၏လက်ကို တအား ကိုက်လိုက်လေ၏။

"ဟင်- ခွေးမကိုက်တယ်"

ဆိုပြီး မိန်းမကြီးက ထပ်ရိုက်ဖို့ ကြိုးစားသည်။ မိန်းမငယ်က 'စမောသိုင်း'နှင့် ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်သည်။ ဤသို့ဖြင့် လုံးလားထွေးလား ဖြစ်ရင်းက ကြမ်းပေါ်လဲကျပြီး နှစ်ယောက်သား သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေကြစဉ်။

ကျန်သူများလည်း ကြောင်ကြည့်နေရာမှ ဆရာကြီး သတိဝင်လာပြီ။

"ဟဲ့- ဟဲ့ တော်ကြတော့။ တော်ကြတော့၊ ခက်ကုန်ပါပြီ"

ဆိုပြီး ဝင်ဆွဲသည်။ တစ်ယောက်ကိုဆွဲလျှင် တစ်ယောက်လွှတ်သွားသည်။ မိန်းမကြီးက မောနေပြီဖြစ်သောကြောင့် ဆွဲလို့လွယ်သည်။ ဒီအခါကျပြန်တော့လည်း-

"ရှင်က ကျုပ်ကို ချုပ်ပေးတယ်ပေါ့လေ"





ဆိုပြီး ရှန်းကန်ပြန်သည်။ ထိုအခါ-

"ဗျို့ ဦးကုလား၊ လာကူဆွဲပါဦးဗျ"

ဟု အကူအညီတောင်းရလေ၏။ ဦးကုလားပါ ဝင်ဆွဲမှ လူချင်းကွဲသွားသည်။ ကိစ္စက မပြီးသေး။ မိန်းမကြီးက ဆရာကြီးဘက်လှည့်ရမ်းပြန်သည်။

"ဟင်- ရှင့်ကို မသင်္ကာတာကြာပြီ။ ခုတော့ ဘာပြင်းချင်သေးလဲဟင်၊ ကြောင်သူတော်ကြီး"

"ဟော့- လူရှေ့သူရှေ့မှာ မင်း ငါလုပ်လိုက်ရ"

"လုပ်ရဲ လုပ်ကြည့်လေ"

ဦးကုလားမှာ ဒီအတိုင်း ကြည့်နေလို့မဖြစ်တော့။ ရုန်းရင်းဆန်ခတ် အသံကြားသဖြင့် ခေါက်ဆွဲစက်ထဲက အလုပ်သမားတွေ၊ အိမ်နီးချင်းတွေ ရောက်လာပြီး ဝိုင်းကြည့်နေကြပြီ။ ထို့ကြောင့်-

"ကဲ- ခင်ဗျားတို့ ပြဿနာ တခြားမှာ သွားရှင်းဗျာ။ ကျုပ်အိမ်ထဲက အမြန်ထွက်သွားကြ"ဟု နှင်လွှတ်လိုက်ရလေသည်။

◆

ဒီကိစ္စတွေအားလုံး မာတ်ခဲလက်ချက်ဆိုတာ ခန့်မှန်းလို့ ရလောက်ပါပြီ။

ဖြစ်ပုံကတော့-



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခဲသည် ဆရာကြီးဆိုသူ အိမ်လာလာနေသဖြင့် အနေကြုံရသည်။ ဆရာကြီးလာတဲ့အချိန် ရှောင်နေပြန်တော့လည်း အိမ်ကပ်တယ်မရှိဘူးဆိုပြီး အဆူခံရပြန်သည်။

ဓာတ်ခဲအနေဖြင့် ဆရာကြီးအပေါ် မနှစ်မြို့ရတာက ဒီအကြောင်းတစ်ခုတည်းမဟုတ်။ သူ့စိတ်ထဲမှာ အလိုလို မသိုးမသန့် ဖြစ်နေရ၏။ ဓာတ်ခဲတွေးပုံကတော့ ကလေးလူငယ်ပီပီ ရိုးရှင်းသည်။ ဘာလဲဆိုတော့-

'တကယ်လို့ ဆရာကြီးသာ တကယ့်တရားသမားဆိုလျှင် ဒီလောက် အစားကြီးမှာ မဟုတ်ဘူး'ဆိုသော ကောက်ချက်ပင်ဖြစ်၏။ ကလေးအတွေးပင် ဖြစ်သော်လည်း ကြောင်းကျိုးဆက်နွယ်မှု ရှိနေ၏။ တစ်ခါတလေ တည့်တည့်တွေးခြင်းက ဆင်ခြင်တွေးတောခြင်းထက် ပိုထိရောက်တက်ကြောင်း သာဓကပြသည့် သဘောလည်း ဖြစ်နေ၏။

ဒီလူကြီးမှာ ထောက်စရာ ချို့ယွင်းချက်တစ်ခုခုတော့ ရှိရမှာပဲဟု သူတွက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ တစ်ရက်တွင် ဓာတ်ခဲသည် စက်ဘီးတစ်စင်းနှင့် လျှောက်သွားခဲ့သည်။ သူတို့မြို့နယ် အစွန်ပိုင်းရှိ ချောင်ကျသော ရပ်ကွက်တစ်ခုအတွင်းသို့ ဆိုက်ကားတစ်စီးဝင်သွားသော ဆရာကြီးကို လှမ်းမြင်သည်။ အသာ နောက်ယောင်ခံလိုက်သွားသည်။ ဆရာကြီးသည် အိမ်တစ်အိမ်ရှေ့မှာ ဆိုက်ကားပေါ်က ဆင်းသည်။ အိမ်ထဲက မိန်းမတစ်ယောက်ထွက်လာပြီး ကြိုဆိုသည်။





ထိုမိန်းမ၏ အသက်မှာ ဆရာကြီးထက် များစွာငယ်နေ၏။ သမီးအရွယ်လည်းမက။

ဓာတ်ခဲ အတွေးတစ်ခုပေါက်သွားသည်။ ထိုရပ်ကွက်ထဲတွင် သူတို့အတန်းထဲက သူငယ်ချင်းတစ်ယောက်ရှိ၏။ ဒီကောင့်ဆီမှာ စုံစမ်းကြည့်တော့ ဆရာကြီးဆိုသူ၏ တိတ်တိတ်ပုန်းဇာတ်လမ်းကို သိရသည်။

ဒီနောက်မှာတော့ ဓာတ်ခဲအတွက် ဆက်လုပ်ဖို့ လွယ်သွားပြီ။ ဆရာကြီး သူတို့အိမ်လာလျှင် တစ်နေကုန်တတ်ကြောင်း သိပြီးသား။ ထို့ကြောင့် ဆရာကြီးရောက်လာသော တစ်ရက်တွင် မိန်းမကြီးထံသွားပြီး စာတစ်စောင် ပေးခဲ့သည်။ စာထဲမှာ ဆရာကြီး ရှုပ်နေတဲ့ကိစ္စ သိချင်လျှင် ဘယ်အချိန်လာခဲ့ပါဆိုပြီး သူ့အိမ်လိပ်စာ ရေးထားသည်။ မိန်းမငယ်ထံသို့လည်း ဒီအချိန်အတိုင်းကိုက်၍ ဆရာကြီးက ချိန်းလိုက်သယောင် သွားပြောသည်။ ဒီလိုနဲ့ သူတို့အိမ်မှာ ထိပ်တိုက်ဆုံပြီး ပွဲကြီးပွဲကောင်းနွှဲကြခြင်းဖြစ်၏။

တကယ်တော့ ဆရာကြီးဆိုသူမှာ ဗေဒင်ယတြာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်သူမဟုတ်။ တရားဓမ္မကိုလည်း နက်နက်နဲနဲ လေ့လာဖူးသူမဟုတ်။ တရားသမားအစစ်လည်းမဟုတ်။ အပေါ်က်အပေါ်ဟန့်ကောင်းကောင်း၊ အာဝဇ္ဇန်းရွှင်ရွှင် လိမ်ညာစားနေသူသာ ဖြစ်၏။

ဒါကို ဓာတ်ခဲက ဖော်ထုတ်လိုက်ခြင်းဖြစ်၏။ ဦး



www.burmeseclassic.com

www.burmeseclassic.com



ကုလားတို့ကလည်း သူ့လက်ချက်မှန်းသိသည်။ သို့ရာတွင် သူတို့ဘက်က ချွတ်ယွင်းချက်ဖြစ်နေသောကြောင့် ဘာမျှ မပြောဘဲ ငြိမ်နေရ၏။ ဒေါ်ခင်တီကတော့-

"ကျုပ်သားလေး လျှင်ပေလို့ပေါ့။ နို့မို့ဆို ဘယ်အထိ အလိမ်ခံရဦးမလဲ မသိဘူး"

ဟု မာတ်ခဲကိုတောင် ချီးကျူးလိုက်သေးသည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ဦးကုလား သိက္ခာကျရတာတော့ အမှန်ပဲဖြစ်၏။ ဆရာတု ဆရာယောင်ကို ဆည်းကပ်မိတာကတစ်ကြောင်း၊ သူ့အိမ်ပေါ်မှာ 'အကြီးအငယ်'ပြဿနာဖြစ်ပြီး ရှုန်းရင်းဆန်ခတ် ဖြစ်ခဲ့ရတာက တစ်ကြောင်း။

သူနှင့် လောလောဆယ် မသင့်မတင့် ဖြစ်နေသော ဦးဖိုးခြောက်ဆိုလျှင်-

"ဦးကုလားတို့ လည်လှလည်လှနဲ့ ဒီတစ်ခါတော့ နှပ်ပစ်ခံရတာပဲ။ လူက ကိုယ့်ကိုယ်ကို တယ်အထင်ကြီးသကိုး"

ဟု ကွယ်ရာမှာ ပြောနေခြင်းက ပို၍ မခံမရပ်နိုင်ဖြစ်စရာကောင်းလေ၏။

◆

မာတ်ခဲမှာ ကောင်းကွက်ကလေးတွေလည်း နည်းနည်းတော့ ရှိပါသေးသည်။

သူသည် လူကြီးတွေကို ပြဿနာရှာတတ်သော်





လည်း ကလေးချင်းကျတော့ တည့်အောင်ပေါင်းသည်။ ကိုယ့်ထက် ငယ်သူကို အနိုင်ကျင့်တာတို့ ဘာတို့ မလုပ်တတ်။ သူများက မတရားတာလုပ်လျှင်တောင် အားနည်းသူဘက်က ဝင်ကူတတ်၏။

ကျော်ကွန့်နှင့် လှထုံတို့၏ သား မောင်ကျော်လှသည် အ,တီးအ,တ ဖြစ်ရုံမက ကြောက်လည်းကြောက်တတ်သည်။ အတန်းထဲမှာ ငယ်လည်းငယ်နေတော့ အနိုင်ကျင့်ချင်တဲ့ကောင်တွေရှိသည်။ ထိုအခါ မာတ်ခဲက ဝင်၍ အကာအကွယ်ပေးရ၏။ ထို့ကြောင့် မောင်ကျော်လှက သူ့ကို အလွန်အားကိုးသည်။ တစ်စုံတစ်ခုဖြစ်လျှင်-

"ကိုကြီးမာတ်ခဲ၊ ဟိုကောင်က ကျွန်တော့်ပေတံယူပြီး ပြန်မပေးဘူး။ ဟိုကောင် ကျွန်တော့်မုန့် လုစားတယ်"

စသည်ဖြင့် လာတိုင်လေ့ရှိ၏။ မာတ်ခဲကလည်း ဒီလို အားကိုးခံရတာကို ကျေနပ်သည်။ သို့တိုင်အောင် သူသည် သူ့ဝသီအတိုင်း အကျိုးစားတော့ သန်လေသည်။

ကျောင်းမုန့်စားဆင်းချိန်တစ်ခုတွင် ခပ်သုတ်သုတ် လျှောက်လာနေသော မောင်ကျော်လှနှင့် ဆုံသည်။

"ဘယ်လဲကွ။ မောင်ကျော်လှ"

"အိမ်သာသွားမလို့"

မောင်ကျော်လှပုံစံမှာ မျက်နှာက ရှုံ့မဲ့နေသည်။ ဗိုက်သားတွေကို တောင့်ပြီး အတင်းအောင့်ထားတာမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မထိန်းနိုင်လောက်အောင် ဝိုက်နာနေကြောင်း သိသာ၏။ ဓာတ်ခဲက နောက်ချင်လာသဖြင့်-

"နေပါဦးကွ။ နေကြာစေ့ စားသွားပါဦး"

"မစားတော့ဘူး----ဟိုဒင်း"

ဆိုပြီးသွားမည်အပြု ဓာတ်ခဲက လက်မောင်းဖမ်းဆွဲထားပြီး-

"ခဏနေဦး မင်းကို ငါပြောစရာ ရှိသေးတယ်"

မောင်ကျော်လှမှာ ချွေးတွေတောင် ပြန်နေသည်။ လက်မောင်းကို ရုန်းရင်း။

"လွှတ်ပါ ကိုကြီးဓာတ်ခဲရဲ၊ ဒီမှာ ထွက် ထွက်ကျတော့မယ်"

ဆိုတော့မှ ဓာတ်ခဲက လွှတ်ပေးလိုက်သည်။ မောင်ကျော်လှလည်း လိမ်ကျစ်လိမ်ကျစ်နှင့် ပြေးထွက်သွားသည်။ ဓာတ်ခဲလည်း တဟားဟား ရယ်လိုက်ပြီးမှ စိတ်ကူးတစ်ခု ပေါ်လာပြန်သဖြင့် အိမ်သာဆီသို့ လိုက်သွား၏။ ပိတ်ထားသော အခန်းတံခါးကို ခေါက်လိုက်ပြီး-

"မောင်ကျော်လှ--- မောင်ကျော်လှ"

"ခင်ဗျာ"

"အေးအေးဆေးဆေးသာ ပါကွ၊ ဘာမှ မကြောက်နဲ့"

"ဘာ-- ဘာကြောက်ရမှာလဲ"

"ဩော်- ငါ့လိုဖြစ်နေမှာစိုးလို့ပါ"





"ကိုကြီးဓာတ်ခဲက ဘာဖြစ်လို့လဲ"

"မင်းကို အဲဒါတောင် ပြောမပြရသေးဘူး။ ဟိုနေ့က ငါအိမ်သာတက်နေတုန်း သရဲအခြောက်ခံရတယ်ကွ"

"ဗျာ"

"ဟုတ်တယ်ကွ။ ခေါင်းပြတ်သရဲကွ။ ခေါင်းလုံးဝ မပါဘူး။ ကိုယ်ချည်းပဲ မြင်ရတာ။ ငါ့ကို ပြူးပြူးကြီး ကြည့်နေရင်းက လျှာကြီးထုတ်ပြတာကွ။ ငါဖြင့် ကြက်သီးတွေတောင် ထသွားတယ်"

"ဟင် တကယ်ပြောတာလား"

အိမ်သာခန်းထဲက မောင်ကျော်လှအသံမှာ ချောက်ချောက်ချားချား ဖြစ်နေ၏။

"တကယ်ပေါ့ကွ။ အဲဒါ မင်းများ ကြောက်နေမလားလို့ လိုက်လာတာ။ အေးလေ မင်းက သတ္တိကောင်းပါတယ်။ ဒါပေမယ့် ရုတ်တရက်ဆို လန့်မှာစိုးလို့ လာသတိပေးတာ။ ကဲ- သွားဦးမယ်ဟေ့"

"ဟာ- ကိုကြီးဓာတ်ခဲ၊ ခဏနေပါဦး။ ကျွန်တော့်ကို စောင့်ပါဦး"

မောင်ကျော်လှ အလန့်တကြား အော်သည်။ ဓာတ်ခဲက အသံမပြုတော့ဘဲ လှည့်ထွက်သွား၏။ မောင်ကျော်လှမှာ နဂိုက အသည်းငယ်သူဖြစ်သည့်ပြင် ရပ်ကွက်ထိပ်က ညောင်ပင်ကြီးနားမှာ အပူရုပ်ပြီးကတည်းက သွေးလန့်နေသူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဓာတ်ခဲကို အော်ခေါ်ကြည့်လို့ မရသောအခါ အိမ်
သာထဲ ဆက်မထိုင်ရဲတော့ဘဲ တံခါးဖွင့်ပြီး အမြန်ပြေးထွက်
လာသည်။ ကိုယ်လက်သန့်စင်မှုတောင် စင်အောင်လုပ်ခဲ့ရဲ့
လားမသိ။ သူငယ်ချင်းတွေရှိရာသို့ ပြန်ရောက်သွားသောအခါ-

"ဟေ့ကောင်၊ မင်း ချီးပုံတွေ ဘာတွေများ နင်းမိလာ
သလား။ နံတယ်ကွ"ဟု ဝိုင်းပြောကြသောကြောင့်ဖြစ်၏။

တကယ်တော့ ဓာတ်ခဲသည် ရုတ်တရက် စိတ်ကူးရ
ပြီး နောက်လိုက်ခြင်းသာ ဖြစ်၏။ ဒီလောက်နဲ့ ပြီးသွားမယ်
အောက်မေ့ခဲ့သည်။။ သို့တိုင်အောင် သူသည် ဒီလိုကိစ္စမျိုးမှာ
ပါရမီပါသူဟု ဆိုရမည်။ သူ စလိုက်သည့် ဇာတ်လမ်းသည်
နည်းနည်းတော့ မွှေနှောက်သွားလိုက်သေးသည်။

ဓာတ်ခဲက နောက်လိုက်ပြီးသည့် အချိန်မှစ၍ မောင်
ကျော်လှသည် အိမ်သာသို့ တစ်ယောက်တည်း မသွားရဲတော့။
သူငယ်ချင်းတစ်ယောက်ယောက်ကို အမြဲခေါ်သည်။ မလိုက်
ဘူးဆိုလျှင် သူလည်းမသွားတော့ဘဲ အောင့်ထားသည်။

"မင်းက ဘာဖြစ်တာလဲကွ။ ခါတိုင်း တစ်ယောက်
တည်း သွားနေကျပဲ"

ဟု မေးသောအခါ-

"မင်းတို့ ဘာသိလို့လဲ"

ဆိုပြီး ဓာတ်ခဲ၏ ခေါင်းပြတ်သရဲအကြောင်း ပြောပြ
သည်။ ထိုအခါမှစ၍ သူတို့ သူငယ်ချင်းတွေ အိမ်သာသွား





လျှင် နှစ်ယောက်သုံးယောက်စုသွားသည့်အကျင့် ဖြစ်လာ၏။
ဒီလိုနှင့် တစ်ယောက်တစ်ဆင့် ပြောကြရာမှ တစ်တန်းလုံးလိုလို
အိမ်သာကို တစ်ယောက်တည်း မသွားရဲကြတော့။ ဒီအကြောင်း
ဆရာမသိသွားတော့-

"ပေါက်ပေါက်ရှာရှာဟယ်။ ဘယ်သူကများ နောက်
သွားတယ် မသိပါဘူး။ ဆရာမ ဒီကျောင်းမှာ လုပ်ခဲ့တာ ငါး
နှစ်ကျော်ပြီ။ တစ်ခါမှ မကြားဖူး၊ မမြင်ဖူးပါဘူး"

ဟု ပြောရ၏။

ဆရာမအနေဖြင့် ကလေးတွေဟာ ဒီလိုပဲ တစ်
ယောက်ယောက်က နောက်ပြောင်လိုက်တာကို တကယ်ထင်
ပြီး တစ်ဆင့်တစ်ဆင့် ပြောကြတာမျိုး ဖြစ်တတ်ကြောင်းကို
သိ၏။ ခုကိစ္စကလည်း တကယ်မဖြစ်နိုင်မှန်းသိ၏။ သို့ရာတွင်
လူဆိုတာက ဒါမျိုးဆိုလျှင် မယုံတာတောင် နည်းနည်းတော့
ကျောချမ်းချင်ကြတာ သဘာဝပဲဖြစ်၏။

ထို့ကြောင့် ဆရာမလည်း အိမ်သာသွားချင်လျှင်
တခြားဆရာမတွေကို 'လိုက်ဦးမလား'ဟု လက်ကုတ်တတ်လာ
သည်။ တခြားဆရာမတွေကလည်း ခုတလော ဒီဆရာမ ထူး
ခြားပါတယ်ဆိုပြီး မေးကြတော့မှ-

"ဘာရယ် မဟုတ်ပါဘူးကွယ်။ ကလေးတွေ ပြောနေ
ကြတာပဲ"

ဆိုပြီး တစ်ဆင့်ဖောက်သည်ချ။ ဒီနောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



တခြားဆရာမတစ်ချို့လည်း အိမ်သာသွားလျှင် နှစ်ယောက်တစ်တွဲ ဖြစ်ကုန်ကြ၏။ နောက်ဆုံး ထိုကိစ္စ ဆရာကြီး သိသွားတော့-

“ဆရာမတို့နှယ်ဗျာ။ ယုတ္တိရှိ မရှိဆိုတာလည်း စဉ်းစားစမ်းပါဦး။ သရဲက ခေါင်းမပါဘူးဆိုသေးတယ်။ ပြုံးပြတယ်လည်း ဆိုသေးတယ်။ ခေါင်းတောင် မရှိပါဘူးဆိုမှ ဘယ်လိုလုပ် ပြုံးပြမလဲ။ ဘယ်လိုလုပ် လျှာထုတ်ပြမလဲ”

ထိုအခါကျမှ အားလုံး စဉ်းစားမိပြီး ရယ်ကြရတော့သည်။

မောင်ကျော်လှသည် ခုမှ အိမ်သာကို တစ်ယောက်တည်း သွားရဲတော့သည်။

♦

ဒီနေ့ည ပြသမည့် ဗီဒီယိုဇာတ်ကား လူမပြည့်မှာ မပူရ။

မင်းသားတွေက စူပါ့စူပါတွေတော့မဟုတ်။ သို့ရာတွင် သူတို့ရပ်ကွက်၏ အသည်းစွဲ မိုးဒီနှင့် မော့စ်တို့ ပါဝင်သည်။ ဇာတ်လမ်းသဘောကလည်း ထူးခြားသည်။ မိုးဒီနှင့် မော့စ်တို့သည် စီးပွားပြိုင်ဘက်များဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် လူလည်ကျကြပုံများကို ဇာတ်လမ်းဆင်ထားသည်။ ဗီဒီယိုရုံ တာဝန်ခံ ဖိုးနီကလည်း ‘မိုးဒီ





နှင့် မော့စ်တို့၏ ပညာပြိုင်ပွဲကြီးအကြောင်း’ဆိုပြီး ကျောက်သင်ပုန်းမှာ ရေးပြီး ကြော်ငြာထားသည်။

ထို့ကြောင့် ပွဲစမပြခင် နာရီဝက်လောက်ကပင် ရှေ့ဆုံးမှာ နေရာရရန် ကြိုတင်ဝင်ရောက်နေသူတွေ တဖွဲဖွဲ ရှိနေ၏။ ပွဲစခါနီးတွင် ခတ်ခဲ၏ သူငယ်ချင်း သုံးလေးယောက် ရောက်လာသည်။ ဖိုးနီက ရုံဝင်ခငွေတောင်းသည့်သဘော လက်ဖြန့်ပေးလိုက်၏။ ထိုအခါ ကောင်လေးတွေက ပိုက်ဆံမပေးဘဲ လက်လေးလုံးလောက်ရှိသည့် စာရွက်ပိုင်းလေးတွေ လက်ထဲထည့်ပေးသည်။

ဖိုးနီ ကြောင်သွားပြီး-

“ဒါက ဘာလဲ”

“မေတ္တာလက်မှတ်လေ”

“ဘာ- ဘာမေတ္တာလက်မှတ်လဲ။ ဒီရုံမှာ-”

“ဖတ်ကြည့်ပါဦး”

ဟု ပြောသဖြင့် ကြည့်လိုက်တော့ စာရွက်ပိုင်းလေးတွေပေါ်မှာ-

“အခမဲ့ ကြည့်ခွင့်ပြုသည်။ ပုံ- ခတ်ခဲ”

ဟု ရေးပြီး လက်မှတ်ထိုးထား၏။

“ဟာ- မရဘူးကွ။ ဒီလို ဘယ်ဖြစ်မလဲ။ ဦးလေးတို့ဆူလိမ့်မယ်”

“ခတ်ခဲက ရတယ်လို့ပြောတယ်။ သူကိုယ်တိုင် ရေး



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ"

"ဒုက္ခပါပဲ။ ဒီကောင် ဘယ်မလဲ"

ဆိုပြီး ရှာကြည့်တော့ မတွေ့။ ထို့ကြောင့် ဦးကုလား ဆီ သွားပြတော့-

'ဘယ်ဖြစ်မလဲကွ။ ဒီကောင် ခတ်ခဲ ငါ့ကို စီးပွား ပျက်အောင် လုပ်ပြန်ပြီ"

ထိုစဉ်မှာ ဒေါ်ခင်တီ ထွက်လာပြီး ဘာဖြစ်တာလဲ မေးသည်။

"မင်းသားလုပ်ပုံ ကြည့်ဦး"

ဦးကုလားက စာရွက်ကလေးတွေကို ပြသည်။ ဒေါ်ခင်တီက ယူကြည့်ပြီး ပြုံးလိုက်သည်။ ထို့နောက်-

"အေး- ဝင်ပစေ။ ပြလိုက်"

"ဟာ- ဒီလိုတော့--"

ဦးကုလား ကန့်ကွက်မည်ပြုစဉ် ဒေါ်ခင်တီက-

"ဒါ- ကျုပ်သားက အလှူလုပ်တဲ့သဘောပဲ။ သုံးလေးယောက်အလကားပြရလို့ ကျုပ်တို့ မွဲမသွားပါဘူး။ သူ့မှာ စိတ်ကောင်းလေးဝင်နေတာကို မပိတ်ပင်ကောင်းပါဘူး။ ကုသိုလ်တောင်ရသေးတယ်"

ဟု ဆိုသည်။ ဤသို့ဖြင့် ခတ်ခဲသည် သူစေတနာရှိသူတွေကို တစ်နေ့လျှင် အခမဲ့ ကြည့်ခွင့်လက်မှတ် သုံးလေးငါးစောင်ပေးပေးနေတော့သည်။





ရုပ်ရှင်ကုမ္ပဏီကြီးများသည် သူတို့၏ မိတ်ဆွေများကို အခမဲ့ရုပ်ရှင်ကြည့်နိုင်သော မေတ္တာလက်မှတ်များ ပေးလေ့ရှိကြောင်း ဟိုတစ်လောက ပတေးပြောတာကို ကြားမိသည်။ ဒါကို ခတ်ခဲက အားကျပြီး လိုက်လုပ်ခြင်းဖြစ်၏။ သူ့မှာ ဒီလို စေတနာကောင်းတာမျိုးလေးတွေ ကြိုကြား ကြိုကြားပေါ် တတ်လေသည်။

♦

အိမ်ရှေ့မှာ မေးထောက်ပြီး ငုတ်တုတ်လေးထိုင်နေသော မောင်ကျော်လှကို ခတ်ခဲက-

"စာတွေ ကျက်ပြီးပြီလားကွ"

ဟု လှမ်းမေးသည်။ မောင်ကျော်လှက စိတ်မပါတပါဟန်ဖြင့် ခေါင်းညိတ်ပြသည်။ ဒီကောင့်ကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ ငိုင်တိုင်တိုင်နဲ့ဟု ခတ်ခဲတွေးလိုက်ပြီး အနားကို လျှောက်သွားသည်။

"ဘာဖြစ်လို့လဲကွ။ မင်းအမေဆူလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲပြော။ မင်းကို ဘယ်သူက အနိုင်ကျင့်လို့လဲ။ အဲဒီကောင်ကို ငါသွားဆုံးမလိုက်မယ်"

"အဲဒါလဲ မဟုတ်ပါဘူး အစ်ကိုရာ။ ဟို- ကျွန်တော့် ကက်ဆက်ကလေး-"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကွန့်တို့ စက်ရုံနှစ်ပတ်လည် အခမ်းအနားတွင် ဘောနပ်စ်ပေးသည့်အနေဖြင့် ကံစမ်းမဲနှိုက်ခိုင်းရာ ကျော်ကွန့်က ကက်ဆက်ရီကော်ဒါလေးတစ်လုံး မဲပေါက်သည်။ အကောင်းစားတော့မဟုတ်။ နယ်စပ်ဘက်က ဝင်လာသည့် ပေါ်ချောင်ကောင်းပစ္စည်းလေးသာ ဖြစ်၏။ နှစ်ထောင့်ငါးရာ လောက်သာ တန်သည်။ သို့ရာတွင် သူတို့အဖို့ကတော့ လူနေမှုအဆင့်အတန်း တထစ်တိုးသွားသလို အဖိုးတန်လှသည်။ မောင်ကျော်လှလေးမှာ သီချင်းနားထောင်တာ ဝါသနာပါသူမို့ ကက်ဆက်ကလေးကို အလွန်မြတ်နိုးလေသည်။

ပြီးခဲ့သော သုံးလလောက်ကတော့ ကျောင်းတွေဖွင့်ကာနီးဖြစ်၍ မောင်ကျော်လှကျောင်းအပ်ဖို့ ငွေလိုလာသည်။ ထို့ကြောင့် ကက်ဆက်ကို မသီးဆီမှာ တစ်ထောင်နှင့် ပေါင်လိုက်ရ၏။ တစ်လအတွင်း ပြန်ရွေးနိုင်မည် ထင်ခဲ့သော်လည်း မောင်ကျော်လှ ဖျားလို့ ကုန်ရတာရယ်၊ အိမ်အမိုးတွေ ပြင်ရတာရယ်ကြောင့်-

"အဲဒါ ထုံးစံအတိုင်း သုံးလအတွင်း ပြန်မရွေးနိုင်လို့ အပေါင်ဆုံးသွားပြီလို့ အဖေတို့၊ အမေတို့ ပြောနေတာ ကြားတယ်"

"ဒေါ်သီးကို တစ်လထပ်ဆိုင်းခိုင်းပါလားကွ"

"မရဘူးတဲ့။ ဒေါ်သီးအကြောင်းလဲ ကိုကြီးခတ်ခဲ သိသားပဲ"





"အေး- ဒါလဲ ဟုတ်တယ်။ ဒါနဲ့ အတိုးက ဘယ်လောက်ပေးရမလဲ"

"တစ်ရာတစ်ဆယ်တိုးတဲ့"

"ဟာ- တော်တော် လောဘကြီးတဲ့ မိန်းမကြီးပဲ"

"ကျွန်တော့် ကက်ဆက်လေးတော့ ပြန်မရတော့ပါဘူး။ အဲဒါကြောင့်-"

မောင်ကျော်လှမှာ ပြောရင်းက အသံလေးတုန်ပြီး မျက်ရည်ဝဲလာ၏။

ခတ်ခဲ သနားသွားသည်။ ဘယ်လို ကူညီရကောင်းမလဲ စဉ်းစားသည်။ အရင်းက တစ်ထောင်၊ အတိုးက သုံးလအတွက် သုံးရာဆိုတော့ အားလုံး ထောင့်သုံးရာ ကျသည်။ သူ့အနေဖြင့် စိုက်ပြီး ရွေးပေးဖို့မလွယ်။ သူ့လက်ထဲမှာ သုံးရာကျော်လောက်သာ စုထားတာ ရှိ၏။

သူ့အဖေ အမေဆီ တောင်းဖို့လည်း မဖြစ်နိုင်။ ခုတလော စီးပွားရေး သိပ်မကောင်းဘူးဟု ညည်းသံညူသံ ကြားနေရ၏။ ပြီးတော့ ဗီဒီယို အခမဲ့ကြည့်ခွင့် မေတ္တာလက်မှတ်တွေ ပေးခဲ့တာကလည်း ဝင်ငွေလျော့တယ်ဟု အဖေက ပြောပြောနေသည်။ ကျောင်းမှာ အလှူငွေထည့်စရာ ရှိတယ်ပြောပြီး တောင်းရင်ကော၊ ဒါလည်း မဖြစ်သေး။ အဖေက သူ့ကို မယုံလို့ ကျောင်းကို လာမေးလျှင် ပေါ်ကုန်မည်။

ငွေရှိတယ်ပဲထား။ ကက်ဆက်က အပေါင်ဆုံးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မသီးက အတိုးအရင်းရရုံနှင့် ကျေနပ်မှာမဟုတ်။ ဒီပေါ်မှာ အမြတ်ထပ်လိုချင်လို့သာ သုံးလအတွင်း မရွေးလျှင် အဆုံးပဲ ဟု စည်းကမ်းချထားတာ မဟုတ်လား။

မာတ်ခဲ ဦးနှောက်စားရလေပြီ။

◆

ဒေါ်ခင်တီသည် လက်ထဲမှာရှိသော ငွေနှင့် ဝယ်စရာ ပစ္စည်းများကို တွက်ချက်ချိန်ဆနေ၏။ ခုရက်ပိုင်း ဆန်ဈေး တွေ ကျနေသည်။ သူတို့ အိမ်မှာက အလုပ်သမားတစ်ချို့ကို ထမင်းပါ ကျွေးရသည်။ အလုပ်ပင်ပန်းတော့လည်း စားနိုင်ကြ သည်။ ထို့ကြောင့် ခုလိုအချိန်မှာ ဆန်များများ ဝယ်ထားရ ကောင်းမလား စဉ်းစားနေစဉ်-

မာတ်ခဲ၏ သူငယ်ချင်း တစ်ယောက် အိမ်ပေါ်သို့ မောကြီးပန်းကြီး ပြေးတက်လာ၏။

"ကြီးကြီး၊ မာတ်ခဲလေ၊ မာတ်ခဲ"

"ဟင်- မာတ်ခဲ၊ ဘာဖြစ်လို့လဲ"

"ဒေါ်ခင်တီ ရင်တုန်ပန်းတုန် ပြန်မေးသည်။

"မာတ်ခဲတော့ ဘာမှမဖြစ်ပါဘူး။ ဟို- ဟို မောင် ကျော်လှ"

"မောင်ကျော်လှ၊ ဘာဖြစ်တာလဲ ရှင်းအောင်ပြောစမ်း ပါဟဲ့"





"မောင်ကျော်လှ ခေါင်းကွဲသွားလို့"

"ဟင်- ဒါဆို သူ့အဖေ၊ အမေကို သွားပြောလေ"

"မရှိကြဘူး။ ပြီးတော့ အဲဒါ မာတ်ခဲကြောင့်ဖြစ်တာ"

"ဘာ"

"ဟို- ကစားရင်းက ဖြစ်တာ။ မာတ်ခဲက ဂူခုန်းလုပ် မယ်ဆိုပြီး တောင်ဝှေးနဲ့ ရိုက်တာ၊ မောင်ကျော်လှက မရှောင် တတ်တော့ ထိပြီး ခေါင်းကွဲသွားတာ"

"ဟယ်- အခု ဘယ်မှာလဲ"

"ဆေးခန်းကို ခေါ်သွားကြပြီ"

"မာတ်ခဲကော"

"သူပဲ လိုက်ပို့တာ။ အဲဒါ ကျွန်တော့်ကို ကြီးကြီးဆီ လွှတ်လိုက်လို့ ဟို- ဆေးဖိုး"

ဒေါ်ခင်တီသဘောပေါက်သည်။ ထို့ကြောင့် ငွေငါး တန်တစ်ရွက် ထုတ်ပေးလိုက်ရ၏။

◆

ခုအခါ မာတ်ခဲ၏ လက်ထဲတွင် နဂိုရှိတာ သုံးရာ ကျော်နှင့် ဒေါ်ခင်တီဆီကရတာ ငါးရာဆိုတော့ စုစုပေါင်း ရှစ် ရာကျော်တော့ရှိပြီ။ ဒီလောက်ငွေနဲ့ ကက်ဆက်ကို ဘယ်လို ရွေးရမလဲ။ နည်းလမ်းရှာရသည်။ မသီး လောဘကြီးတတ်တာ မာတ်ခဲကြည့်မရတာ ကြာပြီ။ ထို့ကြောင့်-



www.burmeseclassic.com

www.burmeseclassic.com



မသီးတစ်ယောက်တည်း အိမ်မှာရှိနေစဉ် လူတစ်ယောက် ရောက်လာသည်။ မသီးဆီမှာ ကက်ဆက်တစ်လုံး ရောင်းဖို့ရှိကြောင်း ဈေးထဲက အထည်ဟောင်းဆိုင်က ပြောလိုက်လို့ လာတာဟုဆို၏။ မသီးက အပေါင်ဆုံးသည့် အထည်တွေကို ထိုဆိုင်မှာ ပြန်သွင်းတတ်သည်။ တခြားပစ္စည်းတွေ ရောင်းစရာရှိလျှင်လည်း ထိုဆိုင်မှာ သတင်းပို့ထားတတ်သည်။ ကျော်ကွန့်တို့၏ အပေါင်ဆုံးကက်ဆက်အကြောင်းလည်း မှာထားခဲ့သည်။

"သြော်-ဟုတ်ပြီ။ လာလာ"

မသီးက ကက်ဆက်ကိုယူပြီး ပြသည်။ ဟိုလူက ကက်ဆက်အကြောင်း နားလည်ဟန်တူ၏။ အတော် စေ့စေ့စပ်စပ် ကြည့်သည်။

"အပြင်ပန်းအားဖြင့်တော့ အဆိုးပါဘူး။ အစ်မက ဘယ်လောက်လိုချင်တာလဲ"

မသီး ဝမ်းသာသွားပြီး-

"အစ်မကတော့ ထောင့်ရှစ်ရာလောက် လိုချင်တယ်"

"ဟာ- အဲဒီလောက်ထိတော့ မပေါက်ပါဘူး အစ်မရယ်"

"ဘယ်လောက်ပေးမလဲ ပြောလေ။ နည်းနည်းပါးပါး လျှော့ပေးမှာပေ့ါ"

"နည်းနည်း အသံလေး၊ ဘာလေး စမ်းကြည့်ပါရစေ"





ဆိုပြီး သူ့ဆီမှာပါလာသည့် တိပ်ခွေကို ထည့်ပြီး ဖွင့်လိုက်သည်။ ဘာသံမှ ထွက်မလာ။ တရှဲရှဲမြည်သံသာ တစ်ချက်တစ်ချက် ပေါ်လာသည်။

"အသံမလာပါလား။ ဟက်များ ထိတားလား မသိဘူး"

ဆိုပြီး ဆောင်းဟက်ကို လက်ဖျားနှင့် စမ်းကြည့်သည်။ ခေါင်းတစ်ချက်ဆတ်သည်။ မသီးက-

"လာပါတယ်။ ဟိုတလောကတောင် ကိုကြီးငွေ စမ်းဖွင့်ကြည့်သေးတယ်။ နင့်အခွေ မကောင်းလို့ထင်တယ်။ အိမ်က ခွေနဲ့ စမ်းပါလား"

ဆိုပြီး အခွေတစ်ခွေ သွားယူလာသည်။ ဒီအခွေထည့်ဖွင့်တော့လည်း အသံထွက်မလာ။

"အစ်မစက်က ဟက်စားသွားပြီ။ ပြီးတော့ အိုင်စီလဲလောင်သွားပြီထင်တယ်"

မသီး စဉ်းစားရပြီ။ တစ်ခုသွားသတိရလိုက်၏။ တစ်လောက ကိုကြီးငွေ သီချင်းဖွင့်နားထောင်သည်။ ပြီးတော့ ဟက်ဆေးတယ်ဆိုလားပြောပြီး ကလိနေတာတွေ့လို့ ပြောခဲ့ရသေးသည်။ ကိုကြီးငွေတော့လား၊ လာရင်သိမယ်ဟု စိတ်ထဲက တေးထားလိုက်သည်။

"အဲဒီတော့--"

မသီးက စကားထောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း- စက်က စမ်းလို့မရတော့ ခက်တယ်။ ပြင်ပြီးတော့မှပဲ စကားပြောရင်ကောင်းမယ်"

"မင်းပြင်တတ်တယ် မဟုတ်လား။ ကိုယ့်ဘာသာ ပြင်ယူလိုက်ပေါ့။ အစ်မ နည်းနည်းလျှော့ပေးမယ်လေ"

မသီး၏ လေသံက ပျော့လာသည်။

"ဒီလိုရှိတယ် အစ်မရဲ့။ ဟက်ရော၊ အိုင်စီရော လဲရမှာ။ အဲဒါကပဲ တစ်ထောင်လောက်ကျမှာ။ ဒါကြောင့် ဒီအတိုင်းယူရမယ်ဆိုရင်တော့ ခုနစ်ရာလောက်ပဲ ပေးနိုင်မယ်"

"ဟယ်- နည်းလိုက်တာ၊ မကိုက်ဘူး"

မသီးက သူ့တွက်ကိန်းနှင့် သူပြောသည်။

"ကျွန်တော်ကလဲ စွန့်ပြီး ဝယ်ရမှာ။ အထဲမှာ တခြားဘာတွေဖြစ်နေမှန်း မသိသေးဘူး။ ဒါတောင် ကိုယ့်ဟာကိုယ်ပြင်မှာမို့လို့နော်။ ဆိုင်မှာသွားပြင်ရင် လက်ခငါးရာလောက်ထပ်ပေးရဦးမှာ။ ကျွန်တော်ပေးတာ နည်းတယ်ထင်ရင် အစ်မဘာသာ သွားရောင်းကြည့်။ ဒီအခြေအနေနဲ့ဆို အခွဲဈေးပဲပေးမှာ။ ငါးရာရရင် ကံကောင်း။ အင်းလေ အစ်မစဉ်းစားပေါ့"

မသီး ဦးနှောက်စားရပြီ။ ခုပြောပုံအရ ကက်ဆက်ကို ပြန်ပြင်လျှင် အိတ်ထဲက ထောင့်ငါးရာလောက်တောင် ထပ်စိုက်ရမည့်သဘောရှိ၏။ ဒီလောက်တော့ မတတ်နိုင်။ ပြီးတော့ လဆန်းပိုင်းကလည်း ရောက်တော့မည်။ ပစ္စည်း လာပေါင်ကြတော့မည်။ ငွေက လက်ထဲမှာ နည်းနေပြီ။ ထပ်





ဆောင်းထားဖို့ လိုနေပြီ။ အဘက်ဘက်က တွက်ချက်ပြီးနောက်ရှစ်ရာတော့ ပေးပါမည့်အကြောင်း ချော့ချော့မော့မော့ ပြောရလေသည်။

ဝယ်မည့်သူက သဘောတူသည်။ ငွေရှစ်ရာပေးပြီး ကက်ဆက်ယူသွားသည်။ ထို့နောက် လမ်းတစ်နေရာတွင် စောင့်နေသော ခတ်ခဲ၏ လက်ထဲသို့ လွှဲပြောင်းပေးသည်။ ခတ်ခဲက သူ့ကို ငွေငါးဆယ်ပေးသည်။ ထိုသူလည်း သစ်ပင်ရိပ်မှာ ရပ်ထားသော သူ့ဆိုက်ကားပေါ်တက်ပြီး နင်းထွက်သွားသည်။ ခတ်ခဲက ကက်ဆက်ကိုပိုက်ပြီး မောင်ကျော်လှဆီသို့ သွားလေ၏။

ခတ်ခဲ ဆင်လိုက်တဲ့အကွက်က ရိုးရိုးလေးသာ ဖြစ်၏။ ကက်ဆက်နှင့် ပတ်သက်လို့ သူသိချင်တာကို ဖိုးနီဆီမှာ မေးသည်။ ပြီးတော့ သူ့အိမ်က ကက်ဆက်နှင့် စမ်းသည်။ ရပြီဆိုမှ သူအသိ ဆိုက်ကားဆရာကို ကက်ဆက်အိပ်စပတ် လိုလုပ်ပြီး မသီးဆီ လွှတ်လိုက်သည်။ ဈေးထဲက အထည်အဟောင်းဆိုင်က လွှတ်လိုက်တာလို့ ပြောတော့ မသီးကလည်း ယုံသွားသည်။

ပထမဆုံး စစမ်းသည့် ကက်ဆက်ခွေမှာ ဘာသီချင်း၊ ဘာအသံမှ မသွင်းရသေးသော အခွေလွတ်ဖြစ်သောကြောင့် ဘာသံမှ မထွက်ခြင်းဖြစ်၏။ နောက်ပြီး မသီးက သူ့အိမ်က အခွေကို သွားယူနေစဉ် ဆိုက်ကားဆရာက ခတ်ခဲမှာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ကက်ဆက်၏ အသံဟက်ပေါ်မှာ ပလတ်စတာ အကြည်လေး ကပ်ထားလိုက်သည်။ မသီးပေးသည့် အခွေကို ထည့်ကြည့်တော့လည်း တိပ်သားနှင့် ဟက်ကြားမှာ ပလတ်စတာခံနေသဖြင့် အသံမထွက်တော့။ ထိုအခါ ဆိုက်ကားဆရာလည်း အလွတ်ကျက်ထားသည့်အတိုင်း အိုင်စီတွေ၊ ဘာတွေ လျှောက်ရွတ်လိုက်သဖြင့် မသီး ပျာပြီး လျှော့ဈေးနှင့် ပေးလိုက်ရခြင်းဖြစ်၏။

မသီးမှာ အရင်းကတစ်ထောင်၊ အတိုးက သုံးရာမှာ ရှစ်ရာတည်း ပြန်ရသဖြင့် ငါးရာလောက် နာသွားသည်။ သူ စမှန်းတုန်းက ထောင့်ငါးရာလောက်ရမည် ထင်ခဲ့တာပါ။ တွက်လျှင် ပိုတောင် ဆိုးသေး။

ဓာတ်ခဲကတော့ မသီးကိုလည်း ပညာပေးရ၊ မောင်ကျော်လှကိုလည်း ကက်ဆက်ပြန်ပေးရသဖြင့် ကျေနပ်နေ၏။ ကျော်ကွန့်တို့က မေးလျှင်လည်း သူပြန်ဝယ်ထားတာ၊ မောင်ကျော်လှကို ခဏငှားထားတာလို့ပြော။ နောက်မှ ငါဘာသာ ကြည့်ရှင်းမယ်ဟု မှာထားသည်။

သူ့လုပ်ပုံမှာ အကွက်စေ့လှသည်။ သို့ရာတွင် ဟာကွက်ကလေးတစ်ခုတော့ ရှိနေတာ သတိမထားလိုက်မိ။

◆

"မင်းသားလုပ်လို့ မောင်ကျော်လှ ခေါင်းကွဲသွားတယ်ဆို"





ဟု ဦးကုလားက မေးတော့ ဒေါ်ခင်တီက-

"ဟုတ်တယ်၊ ဆေးဖိုးငါးရာတောင် ပေးလိုက်ရသေးတယ်"

"ငွေပေးရုံနဲ့ ဘယ်ပြီးမလဲကွ။ သတင်းလေး၊ ဘာလေး သွားမေးဦးမှပေါ့"

"ကျုပ်လဲ အဲဒါပြောမလို့ပဲ"

"ဒါဆိုလဲ သွားကြရအောင်"

သို့ရာတွင် သူတို့သွားဖို့ မလိုတော့။ ကျော်ကွန့်အိမ်ပေါ် တက်လာသောကြောင့်ဖြစ်၏။ သူ့နောက်မှာတော့ မောင်ကျော်လှသည် ကက်ဆက်ကလေးကိုပိုက်ပြီး ကုပ်ကုပ်လေး ပါလာသည်။

"ဟာ- အတော်ပဲ။ ငါတို့ ခုပဲလာမလို့။ မောင်ကျော်လှ မင်း ခေါင်းကွဲ- အဲ"

မောင်ကျော်လှ ခေါင်းမှာပတ်တီးလည်းမရှိ၊ ပလတ်စတာလည်း ကပ်မထားသဖြင့် ဦးကုလား ကြောင်သွားသည်။

"ဒီလိုပါ ဦးလေး"

ဆိုပြီး ကျော်ကွန့်က ရှင်းပြသည်။ ထို့နောက်-

"အဲဒါ ကျွန်တော့်သားကပါ ဝိုင်းကူပြီး လိမ်ပေးသလိုဖြစ်နေလို့ လာတောင်းပန်တာပါ။ ကျွန်တော်လဲ မသင်္ကာလို့ သားကိုစစ်ကြည့်တော့မှ သိရတာ။ ဒီကက်ဆက်ကလဲ ဦးလေးတို့ငွေနဲ့ ပြန်ဝယ်ထားရတာမို့လို့ ဦးလေးတို့ကိုပဲ လာပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ကဲ- သားဘကြီးကို ကက်ဆက်ပေးလိုက်"

မောင်ကျော်လှသည် ကက်ဆက်ကလေးကို အမြတ်တနိုး တင်းကျပ်စွာ ပွေ့ပိုက်ထား၏။

"ပေးလိုက်လေကွာ"

ဟု သူ့အဖေက ထပ်ပြောမှ လှမ်းပေးသည်။ သူ့ပုံစံမှာ မငိုမိအောင် ကြိတ်ပြီး အားတင်းထားရ ရှာဟန်တူသည်။

ကျော်ကွန့်တို့ ထွက်သွားပြီးနောက် ဦးကုလားက ဒေါ်ခင်တီဘက်လှည့်၍-

"ကဲ- ဘယ်လိုလဲ။ မင်းသားလုပ်ပုံ"

"သူလုပ်ပုံမဟုတ်တာတော့ မှန်ပါတယ်။ ဒါပေမယ့် သားက ဒါ သူကိုယ်ကျိုးအတွက် လုပ်တာမဟုတ်ဘူး။ မောင်ကျော်လှကို သနားလို့ ကူညီချင်လို့ လုပ်တာ။ သူ့စေတနာကိုတော့ ချီးကျူးသင့်တာပေါ့"

"ဒီလိုနည်းမျိုးနဲ့ ကူညီတာတော့ ငါမကြိုက်ဘူး"

"ရှင် စဉ်းစားဦးနော်။ သားက အဲဒီငွေကို ကျုပ်တို့မသိအောင် အလစ်နှိုက်ယူသွားလဲ ရတာပဲ။ အခု ဒါမျိုးမလုပ်တာကိုပဲ ကျေနပ်ဖို့ ကောင်းနေပြီ"

ဦးကုလားမှာ ဘာမျှ ပြန်မပြောဘဲ တွေနေသည်။

အိမ်အပြင်မှာ အသာချောင်းနားထောင်နေသော မာတ်ခဲက ခုလောက်ဆို အခြေအနေကောင်းပြီဟုတွက်ပြီး အိမ်ထဲဝင်လာသည်။ ဦးကုလားက တစ်ခုခုပြောမည်ပြုစဉ်





သူကပဲ ဦးဆောင်ပြောလိုက်သည်။

"ဒီကိစ္စမှာ အဖေတို့ မနစ်နာရအောင် လုပ်ပေးဖို့ စိတ်ကူးရှိပြီးသားပါ အဖေရာ"

"ဘာလဲ၊ ဘာစိတ်ကူးလဲ"

"ဒီလိုလေ။ အိမ်မှာလဲ ကက်ဆက်တစ်လုံးရှိနေတာပဲဟာ။ ဒီကက်ဆက်လေးက ပိုနေမှာပေါ့။ ဒါကြောင့် မောင်ကျော်လှတို့ကို ပြန်ပေးလိုက်ဖို့"

"ဘာ"

"နေပါဦး အဖေရာ။ ပြောပါရစေဦး။ ဒီကက်ဆက်ကို အလကား ပြန်ပေးခိုင်းတာ မဟုတ်ပါဘူး။ ပိုက်ဆံချေးထားတဲ့ သဘောမျိုးပေါ့။ သူတို့အဆင်ပြေတဲ့အခါ ပြန်ဆပ်ခိုင်းပေါ့။ ဒါဆို အဖေ့ငွေလဲ မဆုံးတော့ဘူး။ ကုသိုလ်လဲ ရတယ်"

"ဟေ့ကောင်၊ မင်း ငါ့ကို ဆရာလာမလုပ်နဲ့"

ဟု ဦးကုလားက ဟောက်လိုက်၏။

◆

မောင်ကျော်လှသည် အိမ်အပြန်လမ်းမှာ တရှုံ့ရှုံ့ ငိုလာသည်။ ကျော်ကွန့်က-

"မငိုပါနဲ့ သားရယ်။ အဖေ ပိုက်ဆံရှိတော့ ပြန်ဝယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တတွတ်တွတ် ချော့နေသည်။ ပြောသာ ပြောနေရသည်။ ကက်ဆက်တစ်လုံး ပြန်ဝယ်ဖို့ဆိုတာ မလွယ်လှကြောင်း စိတ်ထဲက သိနေ၏။ သူ့လေသံမှာ မောင်ကျော်လှကို ချော့တာအပြင် သူ့ကိုယ်သူ ပြန်အားပေးနှစ်သိမ့်နေသလိုလည်း ဖြစ်နေ၏။ ပိုက်ဆံက ဘယ်တော့ရှိမှာလဲဟု မောင်ကျော်လှက ပြန်မေးခြင်း မပြုရှာတာကိုပင် ကျေးဇူးတင်ရလိမ့်မည်။ မောင်ကျော်လှသည် သူ့အဖေ စိတ်မကောင်းဖြစ်နေမှန်းသိသဖြင့် မငိုမိအောင် စိတ်ကို တင်းလိုက်ကာမှ ဟင့်ခနဲ ရှိုက်သံတစ်ချက် ထွက်သွားရသေးသည်။ ထိုစဉ်မှာ-

"မောင်ကျော်လှရေ၊ ဟေ့- မောင်ကျော်လှ"

နောက်မှ အော်ခေါ်သံကြားသဖြင့် လှည့်ကြည့်ကြသည်။ ခာတ်ခဲသည် တကြော်ကြော်ခေါ်ရင်း စက်ဘီးကို အမြန်နင်းပြီး နောက်က လိုက်လာနေသည်။ သူသည် စက်ဘီးကို လက်တစ်ဖက်တည်းနှင့် ထိန်းကိုင်ပြီး နင်းလာခြင်းဖြစ်၏။ ကျန်လက်တစ်ဖက်မှာ ဆွဲယူလာတာကတော့ ဘာပစ္စည်းလဲဆိုတာ ကလေးကအစ သိသည်။

ဟုတ်ပ။ မောင်ကျော်လှ မျက်လုံးတွေ လက်ခနဲ တောက်ပသွားတာကို ကြည့်ပါလား။

♦



# ကြီးငွေ Vs စာကလေး

www.burmeseclassic.com

www.burmeseclassic.com




## ကြီးငွေ Vs စာကလေး

ယနေ့ထုတ် သတင်းစာသည် ပတေး၏ ဆိုင်သို့ မွန်းမတည့်မီ ကလေးမှာပင် ကပ်ပြီး ရောက်ရှိလာ၏။ ပတေးက သတင်းစာပို့သည့် ကောင်လေးကို-

"သတင်းစာကလည်း နောက်ကျလှချည့်လားကွာ"

ဟု လှမ်းပြောသည်။ ကောင်လေးက-

"ဂျာနယ် အထွက်နောက်ကျလို့ စောင့်ယူနေရလို့ အစ်ကိုရေ"

ဟု ပြန်ပြောသည်။

"ဟ- ဂျာနယ် အထွက်နောက်ကျတာနဲ့ ဘာဆိုင်လို့လဲကွ"

"ကျွန်တော်တို့မှာက ဂျာနယ်လေးပါ တွဲရောင်းမှ ကိုက်တာကိုး။ သွားဦးမယ်၊ တခြားအိမ်တွေ နောက်ကျနေပြီ မယ်"

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သုတ်သုတ်ထွက်သွား၏။

ခုနောက်ပိုင်း သတင်းစာပို့သူတွေက ဂျာနယ်ပါ တွဲကိုင်သည်။ ဒီတော့ ဂျာနယ်ထွက်တာကိုပါ စောင့်ယူရသည်။ များသောအားဖြင့်တော့ ဂျာနယ်တွေက သတင်းစာနှင့်အပြိုင် စောစောထွက်တတ်သည်။ တစ်ခါတလေ စက်ပျက်လို့၊ မီးပျက်လို့ ဂျာနယ်အတွက် နောက်ကျတတ်သည်။ ရောင်းကောင်းသော ဂျာနယ်မျိုးဆိုလျှင် မရရအောင် စောင့်ယူရသည်။ ထိုအခါ သတင်းစာပို့တာပါ နောက်ကျရတော့သည်။

ပတေးက သတင်း၏ ကြော်ငြာစာမျက်နှာကို အရင်လှန်ကြည့်သည်။ ဒါ သူ့အကျင့်ပဲ ဖြစ်၏။

"ဟာ- မှန်ပြားတီဗွီတွေ အထူးဈေးနဲ့ ရောင်းမယ်ဆိုပါလား။ ၂၁ လက်မကို တစ်သိန်းကျော်ပဲ ရှိတယ်"

ဒါကို ကြားသွားသော ဘာနူးက-

"အမယ်၊ ပတေးဘိုင်က ဝယ်နိုင်တာလည်း မဟုတ်ဘဲနဲ့ မါးစပ်အရသာခံနေပြန်ပြီ"

ဟု လှမ်းပြောသည်။ ပတေးက-

"နင်ကကော ညည တီဗွီထဲက ရွှေဆိုင်ကြော်ငြာတွေကြည့်ပြီး မျက်စိအရသာခံတာပဲ မဟုတ်လား"

ဟု ပြန်ချေပစဉ်-

"ကဲ- မင်းတို့နောက်မှ ငြင်းကြ၊ ငါကို သတင်းစာပေး"

ကိုကြီးငွေက ပြောရင်း သတင်းစာကို ဆွဲယူသွား





သည်။ ထို့နောက် သူထိုင်နေသည့် စားပွဲမှာ သွားပြန်ထိုင်ပြီး ဖတ်သည်။ ခဏအကြာမှာ-

"ဟာ- တကယ့် ပွဲကြီးပွဲကောင်းပဲဟေ့"

ဟု ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ကိုရှိန်က-

"ဘာလဲဗျ။ ပရီးမီးယားလိဂ် ဘောလုံးပွဲ တိုက်ရိုက်ပြမယ်တဲ့လား"

"ဘယ်ကလာ၊ အမေရိကန်သမ္မတ ရွေးကောက်ပွဲ အကြောင်းဗျ"

"ဟာဗျာ၊ သူတို့ရွေးကောက်ပွဲနဲ့ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ၊ အနေသာကြီး"

"ခင်ဗျား ဒီလို ခပ်တိမ်တိမ် မတွေးနဲ့လေ။ ခုချိန်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလိုပဲ ဖြစ်လာပြီ မဟုတ်လား"

ဘာနူး မျက်လုံးပြူးသွား၏။

'ကမ္ဘာကြီးက ရွာကြီးတစ်ရွာ ဖြစ်သွားပြီတဲ့။ ဒါဆို တိုက်တွေတာတွေ ဖျက်ပစ်လိုက်ပြီပေါ့။ ဟုတ်လား နှမျောစရာကြီး"

ဟု ပတေးကို ခပ်တိုးတိုးမေးသည်။ ပတေးက-

"နင်ကလည်း အသာနေစမ်းပါ"

ဟု ဟန့်တားလိုက်ရ၏။ ကိုကြီးငွေက စကားဆက်သည်။

"ဒါကြောင့် ကမ္ဘာ့အရေးကိစ္စတွေဟာ ကိုယ်နဲ့မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုပြီး နေလို့မရတော့ဘူး”

“ကဲ- ထားပါတော့ဗျာ။ ခင်ဗျား ခုနပြောတဲ့ ပွဲကြီးပွဲကောင်းဆိုတာက ဘာကိုပြောတာလဲ။ ဘာဖြစ်နေလို့လဲ”

“အခု သမ္မတ ရွေးပွဲမှာ အဓိက ပြိုင်ဘက်နှစ်ယောက်ဖြစ်တဲ့ ဂိုးနဲ့ ဘုရှ်တို့ဟာ ရတဲ့ မဲအရေအတွက်ချင်း မတိမ်းမယိမ်း ဖြစ်နေတယ်တဲ့။ လောလောဆယ်မှာတော့ ဘုရှ်က ၅၃၇ မဲ အသာရနေတယ်။ ဒါပေမယ့်”

ထိုစဉ်တွင် ခပ်လှမ်းလှမ်း စားပွဲမှာ ထိုင်နေသည့် ပွဲကြီးဟာ ရုတ်တရက် ကြားဖြတ်ဝင်ပြောလိုက်သည်။

“ဘာ ၅၃၇ မဲ၊ ဟုတ်လား။ အင်း- ငါးသုံးခွန်၊ ငါးသုံးခွန်။ ဟုတ်ပြီ၊ အိပ်မက်ထဲမှာ ငါးထိပ်စီးလို့ မက်ထားတာနဲ့ ကွက်တိပဲ”

“မင်းတို့ကလည်း ဘာလေး ဖြစ်လိုက် ဖြစ်လိုက် အတိတ်ကောက်ဖို့ပဲ စဉ်းစားနေတာပဲ”

ထိုစဉ် ဦးကျော်မိုးဆိုင်ထဲ ဝင်လာသည်။

“ပတေးရေ၊ ဘလက်တစ်ခွက်”

ဟု လှမ်းမှာလိုက်သည်။ ပတေးက သူ့အထာ သိပြီးသားမို့ ဘလက်ကော်ဖီခါးခါးကို သံပုရာသီးတစ်ခြမ်းလုံး ညှစ်ထည့်ပြီး လာချပေးရင်း-

“ဘယ်လိုလဲ ဦးကျော်မိုး။ ညက မျှားသွားလို့လား”

“အေးကွာ၊ ငါ့ တပည့်လေးတစ်ယောက်က ကျောက်





အောင်လာလို့ ငါ့ကို ပြုစုချင်တယ်ဆိုတာနဲ့ လိုက်သွားတာ။ ဘလက်လေဘယ် ပုလင်းကြီးတစ်လုံး နှစ်ယောက်တည်း ချလိုက်မိတယ်။ အဲဒါ တစ်မနက်လုံး မလန်းဆန်းပဲ ဖြစ်နေလို့ ထမင်းလည်း မစားချင်တာနဲ့ ဒီဘက် ထွက်လာတာ”

ဆိုပြီး စမူဆာတစ်ခု ယူစားသည်။ သတင်းစာ ကိုင်ထားသော ကိုကြီးငွေဘက် လှည့်၍-

“ဘယ်လိုလဲကွ ကြီးငွေရ၊ ဘာတွေ ထူးလို့လဲ”

“အမေရိကန်သမ္မတ ရွေးကောက်ပွဲအကြောင်း ပြောနေတာဗျ”

“ဘယ်သူနိုင်သွားသတဲ့လဲ”

“တိတိကျကျ မပြောနိုင်သေးဘူး။ အဆုံးအဖြတ်ပေးမယ့် ပြည်နယ်မှာ ဘုရှ်က မဲနည်းနည်း အသာရနေတယ်။ ဒါပေမယ့် ဂိုးဘက်က ပြောတာကတော့ မဲတွေကို စက်နဲ့ရေတွက်တာ မှားနိုင်လို့ လက်နဲ့ပြန်ပြီး ရေတွက်ပေးရမယ်တဲ့”

“ဟင်- ဒါဆိုလည်း အစကတည်းက လက်နဲ့ပဲရေပေါ့။ ကိုယ်ရှုံးတော့မယ်ဆိုမှ စက်နဲ့ရေတာ မှားနိုင်တယ်။ ဘာညာပြောတာတော့ မဟုတ်သေးပါဘူး”

“ဒီလိုလေ၊ သူတို့က မဲပေးတဲ့အခါ ဖောက်စက်နဲ့ ဖောက်ရတယ်။ အဲဒါကို စက်နဲ့ပဲ ရေတွက်တယ်။ ဒီနေရာမှာ ဖောက်စက်တစ်လုံးကလည်း ကောင်းကောင်း အလုပ်မလုပ်လို့ မပြားပေါ်မှာ အပေါက်မဖြစ်တာတို့၊ နေရာမှားဖောက်မိတာ

www.burmeseclassic.com



တို့ ဖြစ်ကုန်တော့ ဒါကို စက်က ပယ်မဲဆိုပြီး လုပ်ပစ်တာ ဖြစ်နိုင်တယ်လို့ တဖက်က ကန့်ကွက်တယ်တဲ့"

"ဟင်- ဒါနဲ့ အမေရိကန်ဆိုတာ စက်မှုလက်မှု အထွန်းကားဆုံးနိုင်ငံကြီးဆို၊ ကတ်ပြားဖောက်တဲ့စက်တောင် ကောင်းကောင်းမလုပ်နိုင်ဘူးလား။ ဒီလိုမှန်းသိရင် ကျွန်တော့်ကို ခေါ်ရောပေါ့ဗျာ။ ကျွန်တော်က မဲပြားတွေ တစ်ရွက်ချင်း ရေတွက်ဖို့ မပြောနဲ့ ဖဲထုပ်ကို ချိုးချင်တဲ့နေရာက ချိုးလိုက်၊ တစ်ပုံမှာ ဖဲဘယ်နှစ်ချပ်ရှိတယ်ဆိုတာ အမြင်နဲ့တင် ပြောနိုင်တယ်"

"ပွကြီးရာ--- မင်း ဝင်မရှုပ်စမ်းပါနဲ့ကွာ"

ဟု ကိုကြီးငွေက လှမ်းပြောသည်။ ဦးကျော်မိုးက-

"အဲဒီတော့ အခု ဘယ်လိုဖြစ်နေသလဲ"

"နောက်ဆုံး အခြေအနေကတော့ တရားရုံးမှာ ဆုံးဖြတ်မယ်ဆိုတာပဲ"

ကိုစာကလေးသည် လက်ဖက်ရည်ဆိုင်ဘေးမှ ဖြတ်သွားရင်း ကိုကြီးငွေ အာဘောင်အာရင်းသန်သန် ပြောနေတာ ကြားပြီး ကလိချင်စိတ် ပေါ်လာသည်။ ထို့ကြောင့် ဆိုင်ထဲဝင်လာပြီး-

"ဟော့ကောင် ပတေး။ မင်းတို့ဆိုင်မှာ ရွှေကြီး ပဲကိတ် ရှိလားဟေ့"

ကိုစာကလေး သူ့ကို စောင်းချိတ်လိုက်မှန်း ကိုကြီးငွေ သိသည်။ သို့တိုင်အောင် သူ့ကို တိုက်ရိုက်ပြောနေတာ





မဟုတ်သဖြင့် မင်း ဘာပြောတာလဲဆိုတာမျိုး လုပ်လို့မရ။ ထို့ကြောင့် လက်ဖက်ရည်ဖိုး ၂၀ ကို စားပွဲပေါ် တင်သည်။ ဦးကျော်မိုးကို နှုတ်ဆက်ရင်း ပတေးကို လှမ်းပြောလိုက်သည်။

"သွားဦးမယ်ဗျာ။ ဩော်- ဟော့ကောင် ပတေး၊ မင်းဆိုင်ထဲမှာ ကြွက်သေကောင်ပုပ်တွေ ဘာတွေများ ရောက်နေလား မသိဘူး။ နံလိုက်တာကွာ"

ဆိုပြီး ထထွက်သွား၏။ သွားခါနီးမှာ ကိုစာကလေးကို မျက်စောင်းတစ်ချက် ဝင့်သွားလိုက်သေးသည်။ ကိုစာကလေးကလည်း လက်ဖက်ရည်သောက်ချင်လို့ ဝင်လာခြင်း မဟုတ်။ ကိုကြီးငွေကို ကလိချင်လို့သာ ဖြစ်သောကြောင့် ရေနွေးကြမ်းတစ်ခွက်သောက်ပြီး ဆိုင်ထဲက ထွက်သွားသည်။

ပွကြီးက ပတေးကို လှမ်းပြောသည်။

"ပတေး၊ စောစောက ကိုကြီးငွေပြောတဲ့ သမ္မတရွေးပွဲမှာ ဘယ်သူနိုင်မလဲလို့ မင်းနဲ့ငါနဲ့ လောင်းမလား၊ ငါ ဂိုးဘက်က လယ်ဗယ်သရေအရှုံးပေးမယ်"

"လုပ်လိုက်လေကွာ။ မင်းဘက်က ရှုံးမှာပဲ။ နာမည်ကိုက ဂိုးဆိုတော့ နိမိတ်မကောင်းဘူး။ သွားရမယ်လို့ အဓိပ္ပာယ်ထွက်နေတာပဲဟာ"

"မင်းဘက်ကရော ဘာထူးလဲကွ။ နာမည်ကိုက ဘုဆိုတော့ ဘယ်လာဟုတ်တော့မှာလဲ"

သူတို့နှစ်ယောက်သည် ဘီအီးတစ်လုံးကြေး လောင်းဖြစ်သွားကြ၏။

www.burmeseclassic.com



"ဦးကျော်မိုးကကော ဘယ်သူနိုင်မယ် ထင်သလဲ"

ဟု ကိုရှိန်က စကားပြန်ကောက်သည်။ ဦးကျော်မိုးက-

"ဘယ်သူပဲနိုင်နိုင်၊ အရေးမကြီးဘူး။ အရေးကြီးတာက ဟော့ကောင်တွေ မင်းတို့နှစ်ယောက် ဘယ်သူပဲနိုင်နိုင်နော်။ ငါ့အခန်းမှာ လာသောက်ကြ၊ အမြည်းဖိုး ငါတာဝန်ယူတယ်"

ဟု ပွဲကြီးတို့ကို လှမ်းပြီးပြောလိုက်သည်။ ကိုရှိန်ကတော့-

"အေးဗျာ၊ ဒီအမေရိကန်တွေ တော်တော်အရစ်ရှည်တာပဲ။ တော်တော်ကြာ စက်နဲ့ရေမယ်၊ တော်ကြာ လက်နဲ့ရေမယ်၊ ရှုံ့ချည်နှပ်ချည်နဲ့၊ ပြီးတော့ ရုံးရောက်ဂတ်ရောက် ဖြစ်ကရော။ တကယ်ဆိုရင် လွယ်လွယ်လေး ကိုကြီးငွေနဲ့ ကိုစာကလေးနဲ့ဖြစ်တဲ့ကိစ္စတုန်းကလိုအဆုံးအဖြတ်ယူလိုက်ရင်ပြီးတာပဲ"

"သူတို့နှစ်ယောက်က ဘာဖြစ်လို့လဲကွ"

"ဦးကျော်မိုးက ဒီရပ်ကွက်ထဲရောက်တာ မကြာသေးတော့ ဘယ်ရေရေရာရာ သိမလဲ။ သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက မတည့်ကြတာဗျ"

"ဘာအတွက်ကြောင့် မတည့်ကြတာလဲ"

ဦးကျော်မိုးက ထပ်မေးသည်။ ထိုအခါ ရှေ့မှီနောက်မှီဖြစ်သော ကိုရှိန်က ကိုကြီးငွေနှင့် ကိုစာကလေးတို့၏ နောက်ကြောင်းရာဇဝင်ကို ပြန်ပြောပြလေသည်။





သူတို့နှစ်ယောက်သည် မမွေးခင်ကတည်းကပင် မတည့်ကြခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ သူတို့ အမေတွေ သူတို့ကို ကိုယ်ဝန်ဆောင်ထားသောအချိန်။ ကိုကြီးငွေဖြစ်လာမည့် ဗိုက်က နှစ်လလောက်စောသည်။

တစ်ရက်တွင် သူတို့ရပ်ကွက်ထဲမှာ မီးလန့်သည်။ သူတို့အမေတွေလည်း ရနိုင်သမျှ ပစ္စည်းကလေးတွေဆွဲပြီး ခြေဦးတည့်ရာ ပြေးကြသည်။ ကြောက်လန့်တကြားပြေးရင်း လွှားရင်း တစ်နေရာမှ ဗိုက်ချင်းဝင်ဆောင့်မိလေသည်။

ထိုအချိန်တွင် ကိုကြီးငွေဖြစ်လာမည့် ဗိုက်က ကိုးလလွယ် ဆယ်လတွင်းဖြစ်၏။ ဆောင့်မိသည့် အရှိန်က ပြင်းသည်။ ကိုကြီးငွေအမေမှာ အင့်ခနဲ ဖြစ်ပြီး ဖင်ထိုင်ရက်ကျသွားသည်။ ကုန်းရုန်းထသော်လည်း မရတော့။ ဗိုက်က တအားနာလာသည်။ ထို့ကြောင့် အနီးအနားမှာရှိသူတွေက ပွေ့ချီပြီး အိမ်ကို ပြန်သယ်ကြသည်။ အရပ်လက်သည်ကို ခေါ်သည်။ လက်သည်လည်း မနိုင်။ မွေးရခက်နေ၏။ ထို့ကြောင့် ဆေးရုံကို အမြန်ပို့ရသည်။

ဟိုအချိန်က လမ်းပန်းဆက်သွယ်ရေးက သိပ်မကောင်းသဖြင့် ကားငှားဖို့ အတော်ခက်သည်။ နောက်ဆုံးအနီးဆုံး ဆေးရုံသို့ ဆိုက်ကားနှင့် ပို့ရသည်။ လမ်းမှာ ကြာတာက တစ်ကြောင်း၊ ဆိုက်ကားဆောင့်တဲ့ဒဏ်က တစ်ကြောင်းကြောင့် ဗိုက်က ပိုနာလာသည်။ ဆေးရုံရောက်တော့ ပျော့ခွေ



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ အတော်ခက်ခက်ခဲခဲ မွေးထုတ်လိုက်ရသည်။ ဆေးရုံသာ အရောက်နောက်ကျခဲ့လျှင် ကိုကြီးငွေ လူတောင်ဖြစ်လာမှာ မဟုတ်ဟု ဆိုကောင်းဆိုနိုင်သည်။

ထိုအကြောင်းကြောင့်ပင် ကိုကြီးငွေက-

"စာကလေးဆိုတဲ့ ကောင်ဟာ အကျင့်ကောင်းတဲ့ ကောင်မဟုတ်ဘူး။ ဗိုက်ထဲမှာကတည်းက ငါ့ကို မနာလိုဖြစ်နေတာ။ မမွေးခင်ကတည်းက ငါ့ကိုလုပ်ကြံဖို့ ကြိုးစားခဲ့တဲ့ ကောင်"

ဟု ပြောတတ်သည်။

ကိုစာကလေးကလည်း-

"ငါက ကြီးငွေကို ငယ်နိုင်တောင်မကဘူး။ ဗိုက်ထဲမှာကတည်းက နိုင်တာကွ။ ဒီကောင် ငါ့ကိုကြောက်ပြီး သူ့အမေ ဗိုက်ထဲက အတင်းတိုးထွက်ပြေးသွားရတာလေ"

ဟု မခံချင်အောင် ပြောလေ့ရှိသည်။

♦

သူတို့နှစ်ယောက်၏ ရုပ်ဆင်းအင်္ဂါချင်းကလည်း ဆန့်ကျင်ဘက်ဖြစ်၏။ ကိုကြီးငွေက ဝဝဖြိုးဖြိုး။ ကိုစာကလေးက ပိန်ခြောက်ခြောက်။ မွေးကာစမှာ ဆံပင်ကျိုးတိုးကျဲတဲ၊ သေးသေးကွေးကွေး၊ စာကလေး ပေါက်စနှင့်တူသဖြင့် စာကလေးဟု အမည်ပေးခဲ့ကြခြင်းဖြစ်၏။





လေးဘက်သွားသည့် အရွယ်၊ ထိုင်သည့်အရွယ်၊ မတ်တတ်ပြေးသည့်အရွယ်တွေမှာလည်း နှစ်ယောက်ဆုံမိလျှင် စောင်နေတတ်တာက များသည်။ စကားမပြောတတ်သေးသည့် အချိန်မှာပင် ကိုကြီးငွေက စာကလေးကိုမြင်လျှင် ဖူးဖူးဝါးဝါးအော်ပြီး မနှစ်မြို့ဟန်ပြသည်။ ကိုစာကလေးကလစ်လျှင် လက်ဝါးနှင့် လှမ်းရိုက်တတ်သည်။ တစ်ခါတလေ ကိုကြီးငွေက စိတ်ဆိုးပြီး ကိုစာကလေးကို တက်ဖိ ထိုင်ထားတတ်သည်။ထိုအခါကိုစာကလေးကတအင်းအင်းရုန်းထွက်တတ်၏။

ကိုစာကလေးက နှစ်လလောက်ငယ်ပြီး ကိုယ်ခန္ဓာသေးသော်လည်း လက်မြန်သည်။ သန်လည်းသန်သည်။ ထို့ကြောင့် သူက လက်ဦးအောင် ဆော်တတ်သည်။ ကိုကြီးငွေက ခံရတာများသည်။

သုံးနှစ်သားအရွယ်လောက်တုန်းကတော့ ကိုကြီးငွေက တစ်ခါမှတ်လောက်သားလောက် လုပ်ခဲ့ဖူးသည်။ ကိုကြီးငွေ ရေခဲချောင်း စားနေတာကို ကိုစာကလေးက တောင်းစားသည်။ ကိုကြီးငွေက မပေးသောအခါ လက်မြန်သော ကိုစာကလေးက ဖြတ်ခနဲလုပြီး ထွက်ပြေးသည်။ ကိုကြီးငွေက လိုက်သည်။ ကိုစာကလေးက အပြေးသန်သူမို့ လိုက်လို့မမှီ။ ထိုအခါ ကိုကြီးငွေက ခဲနှင့် ကောက်ထုသည်။ ကိုစာကလေး၏ နောက်စေ့ကိုမှန်ပြီး သွေးတွေ ဖြာထွက်လာသည်။

အမေချင်း စကားများကြသည်။ ဗိုက်ချင်းတိုက်မိလို့ သေလုမြောပါးခံရပြီးကတည်းက ကိုကြီးငွေအမေက ကိုစာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးအမေကို ခပ်တန်းတန်းလုပ် နေခဲ့ရာမှ ခုတော့ ပိုပြီး မပြေလည်တာတွေ ဖြစ်ကုန်တော့သည်။ ကိုကြီးငွေအမေကတော့ သူ့သားက လက်စားချေတာ ဆိုပြီး ကြိတ်၍ ကျေနပ်နေခဲ့လေသည်။

ကျောင်းနေကြတော့လည်း သူငယ်တန်းမှာ တစ်နှစ်တည်း စတက်ရသည်။ ဖြစ်ချင်တော့ တစ်တန်းတည်းသာရှိသော သူငယ်တန်းမှာ ဘေးချင်းကပ်လျက် ထိုင်ကြရပြန်သည်။ ကိုကြီးငွေမှာ ဉာဏ်တော့သိပ်မကောင်းလှ။ သို့ရာတွင် တတ်နိုင်သမျှ ကြိုးစားမှုတော့ ရှိ၏။ ကိုစာကလေးက နည်းနည်းပိုသွက်သော်လည်း စာထဲမှာ စိတ်မဝင်စား။ သူ့အမေရိုက်မှာစိုးလို့သာ ကျောင်းလာတက်နေခြင်းဖြစ်၏။

ထို့ကြောင့် ဆရာမ စာသင်လျှင် ဂရုစိုက်နားထောင်လေ့ မရှိ။ စာလည်း မလိုက်နိုင်။ သင်္ချာတွေတွက်ခိုင်းလျှင် ကိုကြီးငွေ တကုပ်ကုပ် ကြိုးစားတွက်သည်။ ကိုစာကလေးက မတွက်ဘဲ ထိုင်နေသည်။ ကိုကြီးငွေတွက်ပြီးပြီဆိုမှ အသာခိုးကြည့်ပြီး လိုက်ကူးတတ်သည်။ ဒါကိုသိတော့ ကိုကြီးငွေက ခိုးကြည့်လို့မရအောင် ကိုယ်နှင့်ကာထားသည်။ ဒီတော့လည်း-

"ကြီးငွေ၊ မင်း မယုတ်ပတ်နဲ့ ငါ့ကိုပြဦးကွ"

"မင်းဘာသာ တွက်ပါလားကွ။ ဆရာမသင်တုန်းကတော့ လိုက်မကြည့်ဘဲနဲ့"

ထိုအခါမျိုးတွင် ကိုစာကလေး အသာငြိမ်ပြီး အကွက်ကောင်းချောင်းနေသည်။ လစ်ပြီဆိုတော့မှ ကိုကြီးငွေ ရေးထား၊





တွက်ထားသမျှတွေကို လက်နှင့်ပွတ်ပြီး ဖျက်ပစ်တတ်သည်။ ထိုအချိန်က ကျောက်သင်ပုန်းနှင့် ကျောက်တံကို သုံးရခြင်းဖြစ်သဖြင့် ပွတ်လိုက်လို့ ပျက်သွားလျှင် ဘာမှလုပ်လို့မရတော့။ အသစ်ပြန်ရေးဖို့သာ ရှိ၏။

တစ်ခါတလေကျတော့ ကိုကြီးငွေ တကုပ်ကုပ် တွက်နေ၊ ရေးနေတုန်း ကိုစာကလေးက ခါးကို သွားသွားတို့သည်။

"ဟေ့ကောင်၊ မလုပ်နဲ့ကွာ၊ ယားတယ်ကွ"

ဟု ပြောသော်လည်း မရ။ နောက်ဆုံး ကိုကြီးငွေ ဒေါသဖြစ်ပြီး လက်သီးနှင့် ရွယ်သည်။ တကယ်ထိုးတာတော့ မဟုတ်။ သို့ရာတွင် ဆရာမက မြင်သွားသည်။ ကိုစာကလေးကလည်း ဆရာမ လှမ်းကြည့်သည့်အခိုက်အတန့်ကို ချိန်ကိုက်ပြီး လုပ်ခြင်းဖြစ်၏။ သူ့လက်မှာ အောက်က အသာလျှို၍ တို့ခြင်းဖြစ်၍ ဆရာမ မမြင်။ ကိုကြီးငွေ လက်သီးနှင့် ရွယ်တာကိုပဲ မြင်သည်။ ထိုအခါ ကိုကြီးငွေ အရိုက်ခံရသည်။

သူတို့ရပ်ကွက်နှင့် မနီးမဝေးမှာ မူလတန်းကျောင်းရှိ၏။ သို့ရာတွင် ထိုစဉ်က ကျောင်းအဆောက်အအုံမှာ တဲရှည်ကြီးတစ်လုံးသာ ဖြစ်၏။ အတန်းအားလုံးအတွက်လည်း နေရာမပေးနိုင်။ ထို့ကြောင့် သူငယ်တန်းမှ တစ်တန်းအထိကို ဘုန်းကြီးကျောင်းထဲက ဥပုသ်ဇရပ်မှာ ထားရသည်။

ဒီတော့ ဘုန်းကြီးကျောင်းဝင်းမှာ သူတို့၏ ကစားကွင်းလို ဖြစ်နေတော့သည်။ တခြားကလေးတွေက ဇရပ်ရှေ့ ကွက်လပ်မှာ ပြေးလွှားကစားကြသော်လည်း ကိုစာကလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုမဟုတ်။ သိမ်ထဲဝင်ဆော့တာတို့၊ သစ်ပင်ပေါ်တက်တာတို့၊ ကျောင်းနောက်ဘက်က လယ်ကွင်းထဲမှာ ပုစွန်လုံးသွားနှိုက်တာတို့ လုပ်တတ်သည်။

ဘုန်းကြီးကျောင်း၏ ဘေးမှာ ကတ္တီပါသီးပင်တစ်ပင်ရှိ၏။ ရှားရှားပါးပါးလည်း ဖြစ်၊ ဆေးဖက်လည်းဝင်သောကြောင့် ဆရာတော်ကို ကပ်ဖို့ သီးသန့်ထားခြင်းဖြစ်၏။ ကတ္တီပါသီးက မှည့်လျှင် အလွန်မွှေး၊ အလွန်အရသာရှိသည်။

တစ်ခါတော့ ကတ္တီပါသီးကြီးနှစ်လုံးမှာ ထူးထူးခြားခြား ကြီးမားပြီး မှည့်လုလုဖြစ်နေသည်။ ကပ္ပိယကြီးက ပင်မှည့်ဆိုလျှင် ဆေးဖက်ဝင်တယ်ဆိုပြီး နောက်နှစ်ရက်လောက်ကျမှ ခူးပြီး ဆရာတော်ကို ကပ်မည်ဟု ကြံရွယ်ထားသည်။

ကိုစာကလေးသည် ကတ္တီပါသီးကို တစ်ခါမှ မစားဘူးသေး။ အခွံက နီညိုရောင်သမ်းနေပြီး တကယ့်ကတ္တီပါလိုဖြစ်နေ၏။ ကြည့်ရတာကိုက အရသာရှိမယ့်မှန်း သိနေပြီ။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ကပ္ပိယကြီးအလစ်မှာ ခူးစားပစ်လိုက်သည်။

မုန့်စားကျောင်းပြန်တက်သည့်အချိန်မှာပင် ကပ္ပိယကြီးရောက်လာပြီး ကတ္တီပါသီးတွေ ပျောက်ကြောင်း လာတိုင်သည်။ဆရာမက ဘယ်သူခူးစားသလဲမေးသည်။ တစ်ယောက်မှ မဖြေ။ ထို့ကြောင့် အားလုံး မတ်တတ်ရပ်ခိုင်းပြီး လွယ်အိတ်တွေထဲ လိုက်ရှာသည်။ ကိုကြီးငွေ လွယ်အိတ်ထဲက ကတ္တီပါ





သီး ခပ်လတ်လတ်တစ်လုံး ရှာတွေ့သည်။ ကိုကြီးငွေ သူမဟုတ်ရပါကြောင်း ငြင်းသည်။ သို့ရာတွင် လက်ပူးလက်ကြပ်ဖြစ်နေတော့ ဘာမှမတတ်နိုင်ဘဲ အရိုက်ခံလိုက်ရသည်။

တကယ်တော့ ကိုစာကလေးက တစ်လုံး ပို့ခူးပြီး ကိုကြီးငွေ လွယ်အိတ်ထဲ အလစ်ထည့်ထားလိုက်ခြင်း ဖြစ်လေသည်။

နှစ်တန်းရောက်လို့ ပင်မကျောင်းမှာ တက်ရတော့လည်း သူတို့နှစ်ယောက်မှာ ဘေးချင်းယှဉ်လျက် ထိုင်ရပြန်သည်။ ကိုကြီးငွေက ကိုစာကလေးနားမှာ မထိုင်ချင်။ ဆရာမကို ကြောက်လို့သာ နေရာမပြောင်းခိုင်းရဲခြင်းဖြစ်၏။ ကိုစာကလေးကလည်း ဒီအတိုင်းပဲ။ သို့တိုင်အောင် သူ့အတွက်ကတော့ အထိုက်အလျောက် အကျိုးရှိနေပြန်သည်။

ကိုစာကလေးက ခိုးကြောင်းခိုးဝှက် လုပ်ရသည့် ကိစ္စတွေမှာ ပါရမီပါသည်။ မျက်စိလည်း အလွန်လျင်သည်။ ထို့ကြောင့် ကိုကြီးငွေဆီက စာတွေ ခိုးချလို့ ရနေသည်။ သူက ကိုယ့်စာကိုယ် ငုံ့ရေးနေသလိုလုပ်ရင်း တဖက်ကို ဖြတ်ခနဲ ဖြတ်ခနဲ စောင်းငဲ့ကြည့်တာမျိုးမှာ သိပ်ပိရိသည်။ ဆရာမ လှမ်းကြည့်တဲ့အချိန်နဲ့ သူခိုးချတဲ့အချိန် တိုက်ဆိုင်မှုမရှိအောင် တွက်ချက် ချိန်ကိုက်ရာမှာလည်း အလွန်ကျွမ်းကျင်သည်။ ဒီတစ်ချက်ကတော့ ကိုကြီးငွေနားမှာ ထိုင်ရကျိုးနပ်သည်ဟု သူကယူဆ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစာကလေးမှာ လူလည်ကျချင်သည့် စိတ်က ငယ်ငယ်ကတည်းက အစွမ်းပြခဲ့သည်။ သူက တခြားကလေးတွေလို စိန်ပြေးတမ်း၊ ဂျင်ပေါက်တမ်း၊ ဂေါ်လီရိုက်တမ်း ကစားတာမျိုးထက် အရှုံးအမြတ်ရှိသော ကစားနည်းမျိုးကို ပို၍ ဝါသနာပါသည်။

သားရေကွင်းပစ်တာမျိုး၊ အရုပ်ထောင်ပစ်တာမျိုး၊ ကားချပ်ထပ်တာမျိုးဖြစ်၏။ ဒီလို ကစားနည်းမျိုးမှာ ပိုပြီးတော့လည်း ကျွမ်းကျင်သည်။ လက်ကလည်း တည့်သည်။ ကားချပ်ထပ်ကြပြီဆိုလျှင်တော့ သူပညာသုံးတော့သည်။ ကားချပ်ထပ်သည့် ကစားနည်းမှာ စီးကရက်တံဆိပ်တွေကို ဖြတ်ထားသော ကတ်ပြားများဖြစ်စေ၊ ရုပ်ပုံမျိုးစုံပါသော ကတ်ပြားလေးများဖြစ်စေ၊ တစ်လှည့်စီ ထပ်ကြရခြင်းဖြစ်၏။ တံဆိပ်ခြင်း၊ ရုပ်ပုံခြင်း တူသွားသောအခါ ထပ်ထားပြီးသား ကတ်ပြားတွေ အကုန်စားရသည်။

ကိုစာကလေးက ကားချပ်များ၏ အောက်ဆုံးအချပ်မှ ပုံကို မှတ်ထားသည်။ ထုံးစံအရ အပေါ် အချပ်များကိုသာ ချရသည်။ တကယ်လို့ အောက်မှာ ကားချပ်တွေ များနေသောအခါ သူမှတ်ထားသည့် ပုံမျိုးကို တခြားတစ်ယောက်ယောက်က ချလိုက်သည့်အခါ မျိုးကျလျှင် သူ့ကားချပ်တွေထဲက အောက်ဆုံးအချပ်ကို အသာဆွဲယူပြီး စားတော့သည်။ သူ့လက်လှုပ်ရှားပုံမှာ အလွန်မြန်သဖြင့် အပေါ်ဆုံးအချပ် ဆွဲ





လိုက်သလား၊ အောက်ဆုံးအချပ်လားဆိုတာ တစ်ဖက်လူက မမြင်လိုက်နိုင်။ ဒီကြားထဲ သူက 'လာထားကွ'ဆိုတာမျိုးအော်ပြီး အာရုံပြောင်းအောင် လုပ်လိုက်သေးသည်။

ဒါမျိုး ကိုကြီးငွေ အမြဲတမ်းခံရသည်။ သားရေပင်ထောင်ပစ်တာတို့၊ အရုပ်ထောင်ပစ်တာတို့ကျလျှင်လည်း ကိုကြီးငွေပစ်တဲ့ အလှည့်ဆိုလျှင် အာရုံထွေပြားအောင် လုပ်တတ်သည်။ ကိုကြီးငွေ ပစ်ခါနီးကျမှ-

"ဟော့ကောင် ကြီးငွေ၊ စည်းမခိုးနဲ့နော်"

"ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ"

ဆိုတာမျိုး ရုတ်တရက် အော်တတ်၏။

သူတို့နှစ်ယောက်မှာ ကိုကြီးငွေကချည်း အမြဲခံရတာမျိုးတော့မဟုတ်။ သူငယ်တန်းကနေ လေးတန်းအထိ ကိုစာကလေးအဖို့ နေ့စဉ်နေ့တိုင်း ခံနေရတာ တစ်ခုတော့ရှိ၏။

ကိုကြီးငွေက ပဲကြီးလှော် အလွန်ကြိုက်သည်။ နေ့တိုင်း ဝယ်စားလေ့ရှိသည်။ သူတို့ရပ်ကွက်ထဲမှာ ပဲလှော်ဖို ပင်ရင်း တစ်ခုလည်း ရှိသဖြင့် ငါးပြားဖိုးဝယ်လျှင် အများကြီးရသည်။ ကိုကြီးငွေက ပဲလှော်တွေစား၊ ရေတွေသောက်ပြီး ဗိုက်ပွလာသောအခါ တဘူဘူ၊ တရှုတ်ရှုတ် ပေါက်တတ်သည်။ အတန်းထဲမှာ ဘေးချင်းကပ်ထိုင်ရသော ကိုစာကလေးမှာ ကိုကြီးငွေထုတ်လွှတ်သော အနံ့များကို တစ်ချိန်လုံး ရှူနေရ၏။

"ကြီးငွေ၊ တော်တော်ယုတ်တဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ရင်း ကိုစာကလေးမှာ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်နေရတာ နေ့စဉ်ပဲ။

ထို့ကြောင့် နောင်တစ်ချိန်တွင် ကိုကြီးငွေက-

"စာကလေးဆိုတဲ့ကောင်ဟာ ငါ့အီးနံ့ရှူရင်း လူလားမြောက်ခဲ့ရတာပါကွ။ ငယ်ငယ်ကတည်းက ဒီကောင့်ကို ငါက နာမ်နှိမ်ထားခဲ့တာ"

ဟု ပြောလေ့ရှိခြင်း ဖြစ်၏။

◆

ငါးတန်းရောက်လို့ အလယ်တန်းကျောင်းကို ပြောင်းရတော့မှပင် သူတို့နှစ်ယောက် လူချင်းကွဲသွားသည်။ ဒါတောင် တစ်ခုံတည်း ဘေးချင်းယှဉ်မထိုင်ရတော့တာသာ ထူးခြားသည်။ သူတို့ မူလတန်းကျောင်းက အောင်သွားသူများကို တန်းခွဲတစ်ခုတည်း စုထားသဖြင့် အတန်းချင်းတော့ တူနေသေးသည်။

ဘာပဲဖြစ်ဖြစ် ကိုကြီးငွေကတော့ ဝမ်းသာသည်။ ကိုစာကလေးဘေးမှာ ထိုင်ရတာ ဘယ်အချက် ဒုက္ခပေးမလဲ တထိတ်ထိတ်နေရသည်။ ခုတော့ ဒီဝဋ်က ကျွတ်ပြီ။

ဒါတောင် ကိုစာကလေးက တစ်ခါတော့ ဖြစ်အောင် လုပ်လိုက်သေးသည်။ ကျောင်းမတက်ခင် ကွင်းထဲမှာ ကစားနေတုန်း ကိုစာကလေးက ကိုကြီးငွေ၏ လွယ်အိတ်ကို ဖွက်





ထားလိုက်သည်။ ကျောင်းတက်ခေါင်းလောင်းထိုးတော့ ကိုကြီးငွေ လွယ်အိတ်ရှာမတွေ့တော့။ ဟိုရှာဒီရှာရင်း ကျောင်းပြင်မှာ သူတစ်ယောက်တည်း ကျန်တော့သည်။ ထိုအချိန်တွင် ကျောင်းအပြင်ထွက်လာသော ဆရာကြီးက တွေ့သွားသည်။

"ဟေ့ကောင်၊ မင်းကျောင်းခန်းထဲ မဝင်ဘဲ ဘာလုပ်နေတာလဲ"

"လွယ်အိတ်၊ လွယ်အိတ်ပျောက်နေလို့ ဆရာကြီး၊ ဟို ---- ဟို"

"ဘာ- ကိုယ့်လွယ်အိတ်တောင် ဘယ်ထားမိမှန်းမသိတဲ့ကောင်"

"ဟို---ဟို"

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့။ မင်းကို ဒဏ်ပေးရမယ်။ နံ့စားဆင်းတဲ့ အချိန်ကျရင် ကျောင်းဝင်းထဲမှာ အမှိုက်ကောက်ရမယ် ကြားလား"

ကိုကြီးငွေလည်း ကျောင်းဝင်းထဲမှာ ကြာကြာမနေရဲတော့သဖြင့် အတန်းထဲ ဝင်လာရသည်။ သူ့ခုံမှာ ထိုင်လိုက်တော့မှ သူ့လွယ်အိတ်သည် စားပွဲအံထဲမှာ ပုံမပျက် ရှိနေတာတွေ့ရ၏။ တကယ်တော့ ကိုစာကလေးက ကိုကြီးငွေဆော့နေတုန်း လွယ်အိတ်ထဲက စာအုပ်တွေကို သူ့အဖွဲ့က ကောင်တွေနှင့် သူတို့လွယ်အိတ်တွေထဲ နည်းနည်းစီခွဲထည့်၊ လွယ်အိတ်အလွတ်ကို လုံးထွေးပြီး တစ်ယောက်ကထည့်၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လောင်းထိုးတော့ သူတို့လွယ်အိတ်တွေ ယူပြီး ဟန်မပျက်ဝင်သွား။ အတန်းထဲ ရောက်မှ လွယ်အိတ်ထဲ စာအုပ်တွေ ပြန်ထည့်ပြီး ကိုကြီးငွေ စားပွဲအံထဲ အသာထည့်ထားလိုက်ခြင်း ဖြစ်၏။

ဒါ ကိုစာကလေး လက်ချက်မှန်း ကိုကြီးငွေသိသည်။ သို့ရာတွင် လက်ပူးလက်ကြပ် မဟုတ်သဖြင့် ဆရာမကို တိုင်လို့လည်းမဖြစ်။ သို့နှင့် မုန့်စားဆင်းချိန်မှာ ကိုကြီးငွေ အမှိုက်ကောက်နေရသည်။ ကိုစာကလေးက ဘေးမှာ လာရပ်၍ ဆီးငန်စေ့ကို မြုံရင်း-

"ဟ- ကြီးငွေ၊ မင်း ပလက်စတစ်ကောက်တဲ့ အလုပ်လုပ်နေတာလား။ အေးကွာ၊ ကိုယ့်ဟာကိုယ့်ကျောင်းစရိတ်ရှာတာ ချီးကျူးစရာပဲပေါ့"

ဟု မခံချင်အောင် လာစနေသေးသည်။ ကိုကြီးငွေကတော့ အံတကြိတ်ကြိတ်။

◆

ကိုစာကလေးအနေနှင့် ကိုကြီးငွေနားမှာ မထိုင်ရတော့သဖြင့် ပဲကြီးလှော်မာတတ်ငွေ့ ရှူနေရသည့်ဒုက္ခ ကင်းလွတ်သွားသည်။ တဖက်က ကျတော့လည်း အခွင့်အရေးတစ်ရပ် ဆုံးရှုံးသွားသည်။ စာခိုးချလို့ မရတော့ခြင်းပင် ဖြစ်၏။ သူ့ဘေးမှာ ထိုင်တဲ့ကောင်ကလည်း သူ့ထက်ညံ့သည်။ သူ့ဆီက





တောင် ပြန်ခိုးချတဲ့ကောင်မျိုး။ ဒီတော့ တစ်ယောက်အမှား တစ်ယောက် အပြန်အလှန်ခိုးချရင်း နှစ်ယောက်စလုံး အရိုက်ခံကြရသည်။

ဒီလိုနဲ့ ကိုစာကလေးမှာ ငါးတန်းကို ကံကောင်းလို့ ပွတ်ကာသီကာ အောင်ခဲ့ရသည်။ ခြောက်တန်းရောက်တော့ စာတွေက ပိုမြင့်လာသည်။ မူလတန်းတုန်းကလို မျက်လုံးတစ်ချက် ဝေ့ကြည့်ရုံနှင့် ကူးချလို့ မရတော့။ အက္ခရာသင်္ချာတို့ ဂျီသြမေတြီတို့ဆို တကယ်မတတ်ဘဲ ဘာမှလုပ်လို့မရ။

စာမေးပွဲကြီး နီးသောအခါ ကိုစာကလေး ပြာနေပြီ။ စာတွေက မစုံ။ အက္ခရာသင်္ချာမှာ သူက အတော်ညံ့သည်။ သေသေချာချာ ဂရုစိုက်နားမထောင်ခဲ့သဖြင့် နားလည်းမလည်။ လေ့ကျင့်ခန်းလုပ်ထားတာတွေလည်းမရှိ။ သူက ဖြတ်လမ်းနည်းကို ကြံစည်ထားသည်။ တစ်ယောက်ယောက်ဆီက လေ့ကျင့်ခန်းစာအုပ်ငှားမည်။ အရေးကြီးသော ပုစ္ဆာတွေကို ရွေးပြီး လက်ရေးသေးသေးနှင့် ကူးမည်။ စာမေးပွဲခန်းထဲ ဝှက်ယူသွားပြီး တိုက်ဆိုင်လျှင် ကူးချမည်။

ခက်တာက စာမေးပွဲနီးပြီဖြစ်သဖြင့် ဘယ်သူကမှ စာအုပ်မငှားချင်ကြ။ ထုံးစံအတိုင်း ကိုကြီးငွေဆီ ငှားတော့လည်း-

"ဒီလိုရမလားကွ။ ငါက တစ်နှစ်လုံး ကြိုးစားတွက်ခဲ့ရတာ။ မင်းက စာမေးပွဲနီးမှ အချောင်ကူးချင်လို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းလွှတ်သည်။

ဒီတော့ ကိုစာကလေးအဖို့ တစ်နည်းပဲ ရှိတော့သည်။ စာအုပ်ခိုးဖို့ပဲ။ ဒီလိုခိုးရာမှာလည်း သူ၏ ပြိုင်ဘက် ကိုကြီးငွေ စာအုပ်ကိုမှ ရွေးခိုးသည်။ စာမေးပွဲဖြေဖို့ တစ်ရက်အလို မုန့်စားကျောင်းဆင်းချိန်၊ အတန်းထဲမှာ ဘယ်သူမှ မရှိတုန်း အလစ်ဝင်ပြီး ကိုကြီးငွေ လွယ်အိတ်ထဲက အက္ခရာသင်္ချာ စာအုပ်ကို ခိုးထားလိုက်သည်။ ကျောင်းပြန်တက်သည့်အခါ သင်္ချာ အချိန်မပါသဖြင့် စာအုပ်ပျောက်မှန်း ကိုကြီးငွေ သတိမထားမိ။

အိမ်ရောက်လို့ အရေးကြီးတာတွေ ကူးဖို့ စာအုပ်ဖွင့်လိုက်တော့မှ-

"ဟိုက်- ခွေးကောင်ကြီးငွေ၊ ငါ့ကို ပညာပြလိုက်ပြီ"

ဟု ရေရွတ်မိ၏။

ကိုကြီးငွေမှာ ကိုစာကလေး ခုလို စာအုပ်ခိုးတော့မယ် ဆိုတာ သိသဖြင့် အက္ခရာသင်္ချာလေ့ကျင့်ခန်းစာအုပ်ကို မုန့်စားဆင်းရာမှ ယူသွားသည်။ လွယ်အိတ်ထဲမှာတော့ ငါးတန်းတုန်းက လေ့ကျင့်ခန်းစာအုပ်အဟောင်းကို အဖုံးပေါ်မှာ အက္ခရာသင်္ချာဟု ထင်ထင်ရှားရှားရေးပြီး ထည့်ထားခဲ့ခြင်း ဖြစ်၏။ ဒါတွင်မက စာအုပ်အတွင်း စာမျက်နှာမှာ "မင်းလို ဖြုတ်ဦး နှောက်လောက်နဲ့ ကြီးငွေကိုယှဉ်ဖို့ မကြိုးစားနဲ့ပေါ့"ဟု ရေးပေးလိုက်သေးသည်။





သင်္ချာဘာသာက သန်ဘက်ခါဆို တစ်ရော၊ နှစ်ရော ဖြေရတော့မည်။ နောက်ထပ် စာအုပ်ခိုးဖို့ကလည်း ကျောင်းပိတ်ထားပြီဖြစ်၍ လက်လျှော့လိုက်ရသည်။ သူ့ သူငယ်ချင်းတွေကလည်း သူ့လိုကောင်တွေချည်း ဖြစ်၏။

ဒီလိုနဲ့ ကိုစာကလေး ခြောက်တန်းကျသွားသည်။ ဒါဟာ ကြီးငွေညစ်စုတ်လို့ဟု သူက တေးထားလိုက်သည်။ ဒီကြားထဲ နောက်တစ်နှစ် ကျောင်းပြန်တက်တော့ လမ်းမှာ ဆုံမိကြလျှင် ကိုကြီးငွေက-

"မင်းတို့ ခြောက်တန်းက ကောင်လေးတွေ တော်တော် စကားများတဲ့ ကောင်တွေပဲ"

စသဖြင့် အထက်စီးလေသံဖြင့် ပြောတတ်သည်။ ကိုစာကလေးမှာ ပို၍ မကျေမချမ်း ဖြစ်ရပြန်သည်။

ကိုစာကလေးသည် စာမေးပွဲနောက်တစ်နှစ်ဆက်ကျသည်။ အရွယ်လေးလည်း ရောက်လာ နဂိုကတည်းက စာသင်ချင်သူမဟုတ်လည်း မဟုတ်သဖြင့် ကျောင်းက ထွက်ပြီး သူ့အဖေနှင့်အတူ ပန်းရံလိုက်လုပ်သည်။

ကိုကြီးငွေသည်လည်း ရှစ်တန်း အစိုးရစစ်မှာ နှစ်နှစ်ဆက်ကျပြီးနောက် ကျောင်းထွက်ရသည်။ သူ့အမေ၏ ကုန်စုံဆိုင်ကလေးမှာ ဝင်ကူလုပ်သလိုလို၊ တခြားအလုပ်ရှာသလိုလို၊ ရုပ်ရှင်ရေးရွာရေး လုပ်သလိုလို ယောင်တောင်တောင် လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် သူတို့နှစ်ယောက်သည် လူပျိုကြီးဖားဖား ဖြစ်လာကြလေသည်။

♦

သူတို့နေရာသည် အရင်က ရွာကြီးတစ်ရွာ ဖြစ်၏။ ဟိုတုန်းကတော့ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းဆိုတာမျိုးသာ ခွဲခြားခေါ်တာမျိုးရှိ၏။ နောက်ပိုင်း မြို့၏ ဆင်ခြေဖုံးနှင့် ဆက်စပ်လာသောအခါ ရပ်ကွက်အဖြစ် ပိုင်းခြားသတ်မှတ်ခံလာရသည်။ ရွာ၏ အလယ်လမ်းကို နယ်နိမိတ်ပြုပြီး ရပ်ကွက်နှစ်ခု ဖြစ်လာသည်။ ကိုစာကလေးက '၄'ရပ်ကွက်ထဲမှာ ပါသွားသည်။ ကိုကြီးငွေတို့အိမ်က '၃'ရပ်ကွက်ထဲ စာရင်းဝင်သည်။

ထိုအခါမှစ၍ ရပ်ကွက်နှစ်ခုအဖြစ် သီးခြားဖြစ်လာပြီး ထုံးစံအတိုင်း တစ်ဖက်နှင့် တစ်ဖက် အပြိုင်အဆိုင်လေးတွေ ရှိလာသည်။ ကိုစာကလေးက သူ့ရပ်ကွက်မှာ လူပျိုခေါင်းဆောင်ဖြစ်လာသလို ကိုကြီးငွေကလည်း သူ့ဘက်ခြမ်းမှာ ကာလသားခေါင်းဆောင်ဖြစ်လာ၏။ ငယ်ငယ်ကတည်းက ရှိခဲ့သော သူတို့နှစ်ယောက်၏ အားပြိုင်မှုမှာလည်း တစ်မျိုးတစ်ဖုံ ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။

သီတင်းကျွတ် မီးထွန်းပွဲ၊ ကထိန်ပွဲ၊ သင်္ကြန်ရေပက် ကစားခြင်းတို့တွင် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ပြုလုပ်





ကြ၏။

ကိုကြီးငွေသည် စိတ်ရင်းကတော့ကောင်းသည်။ အလုပ်ကျတော့ လက်ကြောတင်းအောင် မလုပ်ချင်။ ရပ်ကွက်ထဲမှာ နေရာတကာ ဆရာလုပ်ချင်သည်။ ဟောင်ဖွာဟောင်ဖွာ ပြောတတ်သည်။ ထို့ကြောင့် ကိုစာကလေးက-

“ကြီးငွေက လေပေါကြီးပါကွာ။ လက်တွေ့ကျတော့ ဘာတစ်ခုမှ အဖြစ်ရှိတာ မဟုတ်ဘူး”

ဟု သိက္ခာချတတ်သည်။

ကိုစာကလေးကတော့ အလုပ်စုံအောင်လုပ်သည်။ သို့ရာတွင် သူလုပ်တာက အကြံအဖန်ကလေးတွေ များသည်။ ပင်ကိုယ်စိတ်ကိုက ညစ်ချင်တတ်သူဖြစ်၏။ ရာဇဝတ်မကင်းသော အကြံအဖန်မျိုး မဟုတ်သော်လည်း ကလိမ်ကကျစ်ကလေးတွေပါသည်။ ဒါကြောင့်လည်း ကိုကြီးငွေက-

“စာကလေးဟာ အောက်တန်းစား အလုပ်တွေ လုပ်တဲ့ကောင်ပါ”

ဟု မှတ်ချက်ပြုသည်။ သူက အတန်းပညာ နှစ်တန်းပိုတတ်သဖြင့် သူ့ကိုယ်သူ ကိုစာကလေးထက် အဆင့်မြင့်သည်ဟု ယူဆထားသည်။

သူတို့နှစ်ယောက်မှာ အစစအရာရာ ဆန့်ကျင်ဘက်ဖြစ်သော်လည်း တူတာတစ်ခုတော့ရှိ၏။ နှစ်ယောက်စလုံး ကြက်တိုက် ဝါသနာပါခြင်းပင် ဖြစ်၏။ ကိုကြီးငွေက အကျော်



www.burmeseclassic.com

www.burmeseclassic.com



တမ်းသမားသာ ဖြစ်သော်လည်း ကိုစာကလေးက စီးပွားဖြစ်တိုက်ခြင်းဖြစ်၏။ တိုက်ကြက်မွေးသူတို့၏ ထုံးစံကလည်း ကိုယ့်ကြက်ကို ပွဲမသွင်းဘဲ မနေနိုင်။ ပိုက်ဆံရတာ မရတာထက် 'ဒီနယ်တစ်ခွင်မှာတော့ ဗိုလ်မထားဘဲ'ဆိုသော ဂုဏ်ကိုလိုချင်သည်။ ဒီကြားထဲ ကိုစာကလေးကလည်း မခံချင်အောင် စ,ပြီး စိန်ခေါ်တတ်၏။

ထို့ကြောင့် ရပ်ကွက်နှစ်ခုစပ်ကြား ဝါးရုံပင်တွေကြားမှ မြေကွက်လပ်မှာ ချိန်းချိန်းပြီး တိုက်ကြသည်။ သူတို့၏ ကြက်များမှာလည်း သူတို့လိုပင် သူတစ်ပြန် ကိုယ်တစ်ပြန် နိုင်လေ့ရှိကြသည်။ နိုင်တဲ့ဘက်က နောက်တစ်ကြိမ် ပွဲမသွင်းခင်အထိအတွင်းမှာ လေတစ်လုံး၊ မိုးတစ်လုံးကြွားကြသည်။ ဘယ်ချက်မှာ ဘယ်လိုဆိတ်ပြီး ဘယ်လို နှစ်ချက်ဆင့်ခွပ်လိုက်တာ ဟိုကောင့်ကြက် 'ကိကိ' အော်ပြေးရော။ မျိုးမှ မစစ်တာ၊ စစ်တကောင်း အစပ်ကြီးနဲ့ တူပါတယ်ကွာ စသည်ဖြင့် ပြောမဆုံးနိုင်ဖြစ်ကြသည်။

ဒီကြားမှာ ကိုစာကလေးက သူ့ဝသီအတိုင်း ညစ်လုံးကလေးတွေ လုပ်ချင်သည်။ ကြက်တိုက်ဖို့ ချိန်းထားတဲ့ ရက်မတိုင်ခင်လေးမှာ ကိုကြီးငွေအိမ်မှာ မရှိတုန်း အလည်သွားသလိုလုပ်ရင်း ကိုကြီးငွေ ကြက်၏ သောက်ရေခွက်ထဲ ကနစိုတွေ အလစ်မှာ ထည့်ခဲ့တာတို့၊ ကိုကြီးငွေ ကြက်အညော်မိပြီးနေမကောင်းဖြစ်အောင် လေတင်ဘက်ကနေ ဆေးရိုးမီးရှို့ပြီး





မှိုင်းတိုက်တာတို့ လုပ်တတ်သည်။ ဒီအခါမျိုးမှာ ကိုကြီးငွေနှင့် ရန်ဖြစ်ကြရလေသည်။

◆

ဒီလိုအချိန်မျိုးမှာပင် သူတို့နှစ်ယောက်စလုံးအတွက် အရေးအကြီးဆုံး ကိစ္စတစ်ခု ဖြစ်လာ၏။ သိတဲ့အတိုင်းပဲ၊ အရွယ်တွေက အချစ်စိတ်တွေ နိုးကြားတက်ကြွမှု အရှိဆုံးအချိန်။ ခုဖြစ်တာကလည်း အချစ်ကိစ္စပါပဲ။ တခြားနေရာမှာပြိုင်ဆိုင်ရတာထက် အချစ်ကိစ္စပြိုင်ဆိုင်ရတာက ပိုပြီး ပြင်းထန်သည်။ ပိုပြီး အကြိတ်အနယ် ဖြစ်ရသည်။

ခြောက်တန်းတုန်းက သူတို့နှင့် တစ်တန်းတည်းနေခဲ့သော ကောင်မလေးတစ်ယောက်ရှိ၏။ ငယ်ငယ်တုန်းကတော့ မျက်လုံးပြူးပြူးလေးဆိုတာလောက်သာ သတိထားမိ၏။ ကောင်မလေးသည် ခြောက်တန်းနှစ် မကုန်ခင်မှာပင် ကျောင်းထွက်ပြီး တစ်မြို့တစ်နယ်ပြောင်းသွားသဖြင့် မေ့မေ့ပျောက်ပျောက်တောင် ဖြစ်နေခဲ့ပြီ။ နှစ်တွေလည်း ကြာခဲ့ပြီ။

တစ်ရက် ကိုကြီးငွေ ဈေးထဲသွားရင်း ငါးပိငါးခြောက်ရောင်းသည့်ဆိုင် တစ်ဆိုင်မှာ ထိုင်နေသော ကောင်မလေးတစ်ယောက်ကို တွေ့သည်။ အမှတ်တမဲ့ ကျော်ဖြတ်သွားပြီးမှ ကောင်မလေးက သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြောင်း သတိပြုမိ၏။ ထို့ကြောင့် နောက်တစ်ခေါက် ပြန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်တော့ မျက်လုံးပြူးပြူးလေးကို အရင်မှတ်မိသည်။ ဟိုကလည်း သူ့ကို အံ့ဩသလို ကြည့်နေရာမှ နင်ဘယ်သူမဟုတ်လား။ ငါ ဘယ်သူလေ စသည်ဖြင့် အစဖော်ရင်း ပြန်မှတ်မိသွားကြသည်။

ကောင်မလေးမှာ ခုထိ မျက်လုံးပြူးတုန်း။ သို့ရာတွင် မျက်နှာက ဝိုင်းပြီး ပြည့်လာတော့ ပြူးနေသော မျက်လုံးကိုက တောက်တောက်ပပ ချစ်စရာ။ အသားတွေလည်း ဖြူပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖွံ့ဖွံ့ထွားထွား။ ဒီမှာတွင်ပဲ ကိုကြီးငွေသည် အချစ်ကို ရှာဖွေတွေ့ရှိပြီဟု သိလိုက်ရလေသည်။

ထိုနေ့မှစ၍ ကိုကြီးငွေသည် ဈေးထဲကို မသွားရမနေနိုင်အောင်ဖြစ်နေလေ၏။ ခါတိုင်းက ဟိုဘက်အိမ်မှာ ပစ္စည်းလေးတစ်ခု သွားငှားခိုင်းတာတောင် အင်တင်တင်လုပ်တတ်တဲ့ကောင်က။

"အမေ၊ ဈေးထဲမှာ ဘာဝယ်ခိုင်းစရာ ရှိသေးလဲ"

ဆိုတာ တစ်နေ့ သုံးခါလောက် မေးနေတော့ပြီ။

ကိုကြီးငွေ ဈေးထဲမှာ လတ်လျားလတ်လျား လုပ်နေတတ်ကြောင်း ကိုစာကလေး သတင်းရသွားသည်။ ဒီကောင်ဘာတွေ ခြေရှုပ်နေပြန်ပြီလဲဟု သိချင်သဖြင့် ဈေးထဲလိုက်ချောင်းသည်။ အခြေအနေကို သိသွားသည်။

သူက ကောင်မလေးကို မြင်မြင်ချင်း မှတ်မိတာတော့ မဟုတ်။ နောက်ပိုင်း စကားစပ်မိမှ မှတ်မိသွားခြင်းဖြစ်၏။





ကောင်မလေးက လှတာကတစ်ကြောင်း၊ ကိုကြီးငွေ တစ်ခုခုလုပ်လျှင် လိုက်ပြိုင်ရမယ်ဆိုသော ဆန္ဒစွဲကြောင့်တစ်ကြောင်း ဒီပွဲမှာ ဝင်ပါလာခြင်းဖြစ်၏။

တကယ်တော့ သူတို့အားပြိုင်ရာ အချစ်တလင်းပြင်သည် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော နေရာတစ်ခုတော့မဟုတ်။ ကံ့ကော်နံ့ သင်းပျံ့ရာ တက္ကသိုလ်နယ်မြေလည်းမဟုတ်။ လတ်ဆတ်သော လေပြေလေညင်းတို့ တိုက်ခတ်ကျီစယ်ရာ အင်းလျားကန်စပ်လည်း မဟုတ်။

ငါးညှီနံ့၊ ဟင်းသီးဟင်းရွက်စိမ်းနံ့၊ ငရုတ်သီးကြက်သွန် မဆလာနံ့၊ ပရဆေးနံ့တို့ မွှန်ထူနေသော ဈေးလယ်ကောင်ကြီးဖြစ်၏။ ဈေးလယ်ကောင်မှ တကယ့်ကို အနံ့ အပြင်းဆုံးဖြစ်သည့် ငါးပိ၊ ငါးခြောက်တန်းမှာ ကောင်မလေးကိုယ်တိုင်က ငါးပိ၊ ငါးခြောက်ရောင်းသည်။

သို့တိုင်အောင် သူတို့အဖို့ ငါးပိ၊ ငံပြာရည်နံ့ကို ကမ္ဘာကျော်တန်ဖိုးကြီး ရေမွှေးနံ့များနှင့် မလဲနိုင်။ အေဒင်ဥယျာဉ်ဆိုသည်မှာ မအူပင်ဘက်မှာ ဖြစ်ရမည်ဟု ထင်နေကြပုံ ရလေသည်။

◆

ကောင်မလေးက ဘယ်သူ့ကိုမှ ပို၍ မျက်နှာသာမပေးဘဲ တန်းတူအခွင့်အရေးပေး ဆက်ဆံသည်။ ဒါကိုက



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အဖို့ ပိုပြီး အကြိတ်အနယ် ဖြစ်လာစေသည်။ ကိုစာကလေး ဆိုင်ကိုရောက်လာလို့ ကောင်မလေးက-

"စောစောကပဲ ကြီးငွေ လာသွားသေးတယ်။ အာပြဲခြောက်တွေတောင် ဝယ်သွားသေးတယ်"

ဟု ဆိုလျှင် ကိုစာကလေးကလည်း အားကျမခံဘဲ။

"ဒါဆို --- ငါ့ကိုလည်း ငါးပိတစ်ဆယ်သားပေး"

ဆိုတာမျိုး လုပ်တတ်သည်။ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းမှ အကြောမခံဘဲ ငါးပိဝယ်လိုက်၊ ငါးခြောက်ဝယ်လိုက်၊ ငံပြာရည်ဝယ်လိုက် လုပ်နေကြသဖြင့် သူတို့အိမ်က လူတွေလည်း ငါးပိထောင်းတစ်လှည့်၊ ငါးခြောက်ဖုတ်တစ်လှည့်၊ ငံပြာရည်ချက်တစ်လှည့် စားနေကြရသည်။ အငန်တွေ စားရလွန်းလို့ တချို့ လူကြီးတွေလည်း သွေးတိုးတဲ့လူ တိုးကုန်ကြသည်။

ဒီလိုအချိန်မျိုးမှာ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲ အချိန်ရောက်လာသည်။ ရပ်ကွက်တစ်ပတ်ပြေးပွဲမှာ ဝင်နွှဲဖို့ ကိုစာကလေးက စာရင်းပေးထားသည်။ ကိုကြီးငွေမှာ သိပ်အမောခံနိုင်သူမဟုတ်။ သို့ရာတွင် ကိုစာကလေးက သူ့ကို စိန်ခေါ်နေသည်။ သူ ဝင်မပြိုင်လျှင် သိက္ခာကျရတော့သည်။ ထို့ကြောင့် စာရင်းပေးပြီး ဝင်ပြေးသည်။ လမ်းတစ်ဝက်မှာပင် အမောဆို့လာသဖြင့် ဘေးထွက်ထိုင်နေလိုက်ရတော့သည်။ ကိုစာကလေးက တတိယချိတ်သည်။





ထို့အတူ ခေါင်းအုံးရိုက် ပြိုင်ပွဲတွင် ကိုကြီးငွေ၏ စိန်ခေါ်မှုကို ကိုစာကလေး လက်ခံလိုက်ရသည်။ ထိုပွဲတွင် ကိုကြီးငွေ၏ ရိုက်ချက်ကို မခံနိုင်ဘဲ ကိုစာကလေးသည် ဝါးလုံးတန်းပေါ်မှ ဇောက်ထိုးကျရရှာသည်။ ထိုကိစ္စများနှင့် ပတ်သက်၍ ကိုစာကလေးက-

"ကြီးငွေဆိုတဲ့ကောင်ဟာ အီးဘောလောကြီးပဲဟ။ ပေတစ်ရာလောက်ပြေးပြီးတယ်ဆိုရင်ပဲ ဟောဟဲလိုက်ပြီး ဘေးထွက်ထိုင်နေရတော့တာပဲ။ ကြည့်ရတာ ရောဂါတစ်ခုခုရှိလို့ အမောမခံနိုင်တာဖြစ်ရမယ်။ လျှာကြီးတစ်လစ်ထွက်ပြီးအမောဖောက်နေတာ နွားကြီးကျနေတာပဲ။ ဒါ ဒီကောင်ဝဋ်လည်တာလေ။ သူက ကြက်သမားကိုး။ အလုပ်ကိုလည်း လက်ကြောတင်းအောင် မလုပ်ချင်တဲ့ လူပျင်းဆိုတော့ အားလည်း မရှိဘူး ထင်ပါရဲ့"

ဟု ကောင်မလေးကို ပြောပြီး အပြေးပြိုင်ပွဲမှာ သူ ဆုရခဲ့သည့် မျက်နှာသုတ်ပဝါကို လက်ဆောင်ပေးသည်။

ကိုကြီးငွေကလည်း-

"စာကလေးဖြစ်ပုံကို နှင်မြင်စေချင်တယ်ဟာ။ ငါ တစ်ချက်ရိုက်ရုံနဲ့ ကားခနဲ ပြုတ်ကျတာပဲ။ ဝါးလုံးတန်းကို ခြေ ညှပ်ထားပေလို့။ နို့မို့ဆို ဆယ်ပေလောက် လွင့်ထွက်သွားနိုင်တယ်။ အေးလေ ဒီကောင်က အသောက်အစားလေးကလည်းဖက်၊ လောင်းကစားလေးကလည်း ပါသေးတော့



www.burmeseclassic.com

www.burmeseclassic.com



အညောင်းမိပြီး ရှုနာရှိုက်ကုန်း ဖြစ်နေတာကိုး။ သူငယ်နာလည်း စင်ပုံမရဘူး”

ဟု သိက္ခာချသည်။ ကိုစာကလေးလိုတော့ ဆုရတဲ့ဟာကို လက်ဆောင်ပေးလို့မဖြစ်။ သူရတဲ့ဆုက စွပ်ကြယ်အင်္ကျီလက်ပြတ်ကြီးကိုး။ ထို့ကြောင့် ရင်ထိုးလေးတစ်ခု ဝယ်ပြီး “ငါ့ရဲ့ အောင်မြင်မှုအထိမ်းအမှတ်ပေါ့”ဟု ပြောပြီး လက်ဆောင်ပေးလိုက်ရသည်။

◆

ခုလို အခြေအနေမှာ ကောင်မလေးကို ဖွင့်ပြောဖို့အချိန်တန်ပြီဟု နှစ်ယောက်စလုံး သဘောပေါက်ကြသည်။ ဒီနေရာမှာ ကိုကြီးငွေက တစ်ချက်သာသွားသည်။ သူက ပညာလည်း ပိုတတ်သူ၊ စာလေးဘာလေးလည်း နည်းနည်းပါးပါး ဖတ်ထားသူမို့ ရည်းစားစာ ကောင်းကောင်းရေးဖို့အခွင့်သာသည်။ ကိုစာကလေးက မရေးတတ်။

သို့ရာတွင် ကိုကြီးငွေမှာ စာကိုဖတ်လိုက်တာနဲ့ အသည်းခိုက်သွားဖို့ အရေးကြီးတယ်ဆိုပြီး အချိန်ယူရေးသည်။ မှိုငြမ်းကိုးကားဖို့ ဝတ္ထုစာအုပ်တွေ၊ မဂ္ဂဇင်းတွေ ရှာနေသဖြင့် နှစ်ရက်၊ သုံးရက် ကြာသွားသည်။ ကိုစာကလေးကတော့ စာချင်းယှဉ်ရေးလျှင် သူ ရှုံးမည်မှန်းသိသည်။ ထို့ကြောင့် လက်ဦးမှုရအောင် ပါးစပ်ကပင် ဖွင့်ပြောလိုက်တော့သည်။





ကောင်မလေးကတော့ နှစ်ယောက်စလုံးကိုပင် ခဏပါတယ်ဟူ၍သာ ပြောသည်။ ဘယ်သူ့ကိုမှ ယတိပြတ် အဖြေမပေးသေး။ အချစ်ဆိုတာ ငါးပိလိုပဲ။ ခုသိပ် ခုစားချင်လို့ ဘယ်ရမလဲ။ တော်ကြာ နေရောင်ကောင်းကောင်း မရတဲ့ ငါးခြောက်လို အစိုပျံ့ပြီး အနံ့မကောင်းဘဲ ဖြစ်နေမှာပေါ့ဟု ကဗျာဆန်ဆန် ဥပမာပေးလေသည်။

ထို့ကြောင့် ကိုကြီးငွေနှင့် ကိုစာကလေးတို့မှာ ဒီကိစ္စဘယ်လိုဖြေရှင်းမလဲဆိုတာ အကြိတ်အနယ် ငြင်းခုန်ကြလေသည်။

◆

“ဒီမှာ ကြီးငွေ၊ ခုကိစ္စမှာ မင်းအနေနဲ့ ရှောင်ပေးရင် ကောင်းမယ်ထင်တယ်”

“ဘာကွ၊ ငါက ရှောင်ပေးရအောင် မင်းက အမြန်ရထားမို့လို့လား”

“အမြန်ရထား မဟုတ်ဘူးကွ။ မီးသတ်ကားကွ၊ မီးသတ်ကား။ ရှောင်မပေးရင် မင်းအမှား ဖြစ်သွားလိမ့်မယ်”

“မီးသတ်ကား မကလို့ လူနာတင်ကားပဲဖြစ်ဖြစ်၊ ရှောင်မပေးနိုင်ဘူး”

“ငါက အရင်ဖွင့်ပြောခဲ့တာ၊ ငါက ဦးတယ်ဆိုတာလည်း သတိထားဦး”

“ဒါကတော့ မင်းက တမင်ဦးအောင်ဖြတ်ခုတ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလို ပြောကြကြေးဆိုရင် သူ့ကို ငါက အရင်စတွေ့တာ တော်တော်ခရီးရောက်နေမှ မင်းဝင်ရှုပ်လို့ နှောင့်နှေးသွားရတာ။ ရှောင်ချင်းရှောင်ရင် မင်းရှောင်သင့်တယ်"

"ဒီလိုလည်း မပြောနဲ့လေ။ သူ့ကို ခုမှ တွေ့ဖူးတာမှ မဟုတ်တာ။ ခြောက်တန်းတုန်းကတည်းက တွေ့ဖူးတာပဲ။ အဲဒီတုန်းကမင်းအရင်မြင်တာလို့ သေသေချာချာပြောနိုင်လို့လား"

"ပြောနိုင်တယ်။ သူ တခြားကျောင်းက ပြောင်းလာပြီး ငါတို့အတန်းထဲ စဝင်လာတော့ ငါ အရင်မြင်တာ"

"အတန်းထဲမှာ ငါလည်းရှိတာပဲ"

"အဲဒီအချိန်မှာ မင်းက ရှေ့ခုံကကောင်ရဲ့ ဖိနပ်ကို ဝှက်ဖို့ ခုံအောက်ဝင်နေတဲ့အချိန်ကွ"

"ဟော့ကောင်၊ ဒါတော့ ပိုပြီ။ ဒီလောက် အသေးစိတ်တော့ မမှတ်မိနိုင်ဘူး"

'မှတ်မိတယ်ကွ။ အဲဒီတုန်းက သူ ဘာအရောင်ဝတ်လာတယ်ဆိုတာကအစ မှတ်မိတယ်"

"ဒါတော့ မင်းပြောမှလားကွ။ ကျောင်းသားကျောင်းသူ အားလုံး အဖြူနဲ့ အစိမ်းပဲ ဝတ်ရတာပဲဟာ"

ဒီလိုနဲ့ သူတို့၏ ငြင်းခုန်ပွဲမှာ အစ္စရေးနှင့် ပါလက်စတိုင်းဆွေးနွေးပွဲလိုပင် ဘယ်လိုမှ ညှိနှိုင်းလို့မရဘဲ ဖြစ်နေ၏။ နောက်ဆုံးတော့ ဒီကိစ္စကို တစ်နည်းနည်းနှင့် အပြတ်ရှင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ကြ၏။

◆





ဘုန်းကြီးကျောင်းနောက်ဘက်ရှိ ကွင်းပြင်ထဲတွင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ လေက တသုန်သုန် တိုက်နေသဖြင့် သူတို့၏ ဆံပင်တွေ လှုပ်ရမ်းနေသည်။ ညနေစောင်း နေရောင်ခြည်ကြောင့် သူတို့အရိပ်များသည် မြေပေါ်မှာ ရှည်လျားစွာ ထင်ဟပ်နေကြသည်။

အဆုံးအဖြတ်ပွဲ။ ဘယ်သူက အောင်ပွဲခံပြီး ဘယ်သူက ရင်နင့်အောင် ကြေကွဲရမလဲဆိုတာ ရင်တထိတ်ထိတ် စောင့်ကြည့်ရမယ့်ပွဲ။ စိတ်မခိုင်လျှင် မျက်စိသာ စုံမှိတ်ထားကြပေတော့။

ကိုကြီးငွေသည် ဝါးလုံးတိုင်နှစ်တိုင်ကြားမှာ ရပ်နေသည်။ သူနှင့် ပေ ၂၀ ကျော်လောက်အကွာမှာ ကိုစာကလေး ရပ်နေသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်ရင်း မျက်လုံးချင်း အားပြိုင်နေကြသည်။

ကိုစာကလေး၏ ရှေ့မြေပေါ်မှာတော့ ဘောလုံး တစ်လုံး။

သူတို့သည် နှလုံးသားရေးရာ ကိစ္စကို အပြီးသတ်ဖြေရှင်းရန်အတွက် ပယ်နယ်တီငါးလုံးစီကန်ပြီး အဆုံးအဖြတ်ယူကြမည် ဖြစ်လေသည်။

◆

"ဟား- ဟား- ဟား အချစ်ကိစ္စကို ပယ်နယ်တီ ငါး



www.burmeseclassic.com

www.burmeseclassic.com



လုံးစီကန်ပြီး ဆုံးဖြတ်ရတယ်လို့ကွာ။ တော်တော် အကြံကြီးတဲ့ ကောင်တွေပဲ"

ဦးကျော်မိုးက ပြောရင်း ရယ်နေသည်။ ပြီးမှ-

"ဒါနဲ့ နောက်ဆုံး ဘယ်သူနိုင်သွားလဲကွ"

ဟု မေးသည်။ ကိုရှိန်က-

"ဘယ်သူမှ မနိုင်ဘူးဗျ။ တကယ်တော့ သူတို့ နှစ်ယောက်စလုံးက ဘောလုံးကန်တတ်တဲ့ လူတွေမှ မဟုတ်တာ။ ငါးလုံးစီ ကန်တာမှာ သုံးလုံးလောက်က ဘေးထွက်သွားတယ်။ ကျန်တဲ့ နှစ်လုံးကလည်း ဖြည်းဖြည်းလိမ့်သွားတာဆိုတော့ ဖမ်းတဲ့လူက လွယ်လွယ်လေး ကာကွယ်နိုင်တာပေါ့။ တစ်ချက်မှာတော့ ကိုကြီးငွေက ဒီတစ်ခါ ပွဲသိမ်းပဲဟေ့လို့ ကြုံးဝါးပြီး တအားကန်လိုက်တာ ဂိုးတိုင်နဲ့ တလံလောက်လွဲပြီး ကြခတ်ဝါးရုံထဲ ဝင်သွားတယ်။ ဘောလုံးလည်း ပေါက်သွားတယ်။ အဲဒီမှာ ကိုစာကလေးက ကိုကြီးငွေကြောင့် ဘောလုံးပေါက်သွားတာမို့ ကိုကြီးငွေရှုံးတယ်လို့ ပြောတယ်။ ကိုကြီးငွေကလည်း စည်းကမ်းချက်ထဲမှာ ဘောလုံးပေါက်တာ မပါဘူးဆိုပြီး ခံငြင်းတယ်။ ဒီလိုနဲ့ အဲဒီနေ့က အဖြေမပေါ်ဘဲ နောက်ရက် ထပ်ချိန်းလိုက်ရတယ်"

"နောက်ရက်ကျတော့ကော ဘယ်လိုဖြစ်သွားလဲ"

"ဒီလိုဗျ၊ သူတို့က ပယ်နီတီကန်တာကို တိုးတိုးတိတ်တိတ် ကြိတ်လုပ်ကြတာ မဟုတ်ဘူး။ သူငယ်ချင်းတွေ တပြုံ





တမကြီး ခေါ်လာကြတာ အဲဒီကနေ သတင်းပျံ့ပြီး နှစ်ဖက်ရပ်ကွက်က လူတွေပါ ရောက်လာကြရော။ တကယ့် ဘောလုံးပွဲကြီးတစ်ပွဲလို အပြိုင်အဆိုင် အားပေးကြတာလေ။ ဒီအကြောင်း ကောင်မလေးလည်း သိရော"

"ဘာဖြစ်သလဲကွ"

"ရှက်လည်းရှက်၊ ဒေါလည်းကန်တာပေါ့ဗျာ။ ဒီလောက် အရေးကြီးတဲ့ နှလုံးသားရေးရာကိစ္စကို ပယ်နယ်တီနဲ့ ဆုံးဖြတ်တယ်ဆိုတာ သူ့ဂုဏ်သိက္ခာကို စော်ကားတာပဲဆိုပြီး နှစ်ယောက်စလုံးကို အဆက်ဖြတ်လိုက်တယ်။ သိပ်မကြာပါဘူး။ ဈေးထဲက ဆိတ်သားရောင်းတဲ့ကောင်နဲ့ လိုက်ပြေးသွားရော။ အဲဒီကတည်းက ကိုကြီးငွေနဲ့ ကိုစာကလေးဟာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်မိတာနဲ့ ဒဏ်ရာဟောင်းကို ပြန်ပြန်ဆွပေးသလို ဖြစ်နေကြတော့တာပဲလေ"

ဦးကျော်မိုးသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေရာမှ-

"အေးပေါ့လကွာ။ အချစ်ဆိုတာကလည်း အရက်လို တစ်ယောက် တစ်ခွက် မျှဝေသောက်လို့ ရတာမျိုး မဟုတ်ဘဲကိုး"

ဟု လေးလေးနက်နက် မှတ်ချက်ချလိုက်လေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်လာပြီ

www.burmeseclassic.com

www.burmeseclassic.com



# ဆရာဝန်လာပြီ

ဦးဖိုးပြော၏ မိဘနှစ်ပါးသည် ဆရာဝန်ဆိုတာကို တစ်ခါမှ မမြင်ဖူးဘဲ ကွယ်လွန်သွားခဲ့ကြခြင်း ဖြစ်၏။ သူ့ဘကြီးကတော့ တစ်ခါမြင်ဖူးသည်ဟု ဆို၏။ မြို့ပေါ်သို့ ကိစ္စနှင့် သွားရင် အကြီးအကျယ်ဖျားသောကြောင့် ဆရာဝန်ပင့်ရာမှ မြင်ဖူးကြခြင်းဖြစ်၏။ သူ့ဟာသူဆို ငန်းဆေးလောက်နှင့် ပြီးနိုင်သည်။ အိမ်ရှင်တွေက စိတ်ပူပြီး ဆရာဝန်ပင့်သောကြောင့် တွေ့ခွင့်ရခြင်းဖြစ်၏။

"ဆရာဝန်ဆိုလို့ ဘယ်လိုဟာလဲမှတ်တယ်။ လက်စသတ်တော့ ပန်ချာပီကုလားကြီးကိုးကွ။ အမယ် ဒါပေမယ့် ပေါ့သေးသေးမအောက်မေ့နဲ့ ခြေကြွခဆိုလား ပေးရသေးတယ်တဲ့။ အဲဒါ ဆေးထိုးတာရော၊ သောက်ဆေးစပ်တာရော အားလုံး တစ်ဆယ်တောင် ပေးလိုက်ရတယ်"

ပန်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘကြီးက ပြန်ပြောတာ ကြားဖူးသည်။ ထိုစဉ်က ငွေတစ်ဆယ်ဆိုတာ ချွေချွေတာတာ သုံးလျှင် တစ်လလောက် ခံသည်ဟု ဆို၏။

ဦးဖိုးပြော့ လူလားမြောက်သောအချိန်ကျမှ သူတို့ရွာနှင့် ဆယ်ငါးမိုင်လောက်ဝေးသောမြို့မှာ တိုက်နယ်ဆေးပေးခန်းဆိုတာ ပေါ်လာတာတဲ့။

ကိုကြီးငွေတို့ ငယ်ငယ်တုန်းကထိ ဆရာဝန်ဆိုတာ ရှားပါးစာရင်းဝင် ဖြစ်နေတုန်းပဲ ရှိသေးသည်။ မြို့နယ်ဒေသန္တရ ဆေးပေးခန်းတစ်ခု ရှိသည်။ ပုဂ္ဂလိကဆေးခန်းဆိုလို့ လူစည်ကားသည့် ဘူတာရုံနားမှာ တစ်ခုပဲရှိ၏။ အေးအေးချမ်းချမ်း နေချင်သည့် ပင်စင်စား ဆရာဝန်ကြီးတစ်ဦးက ဖွင့်ထားခြင်း ဖြစ်၏။

ဒီတုန်းက ဆရာဝန်များသည် ဆေးပြားတွေ၊ ဆေးဘောင့်တွေ သုံးလေ့မရှိသေး။ ပေါ်လည်း ပေါ်သေးဟန်မတူ။ ကွန်ပေါင်ဒါက ဆေးရည်တွေ စပ်ပေးလေ့ရှိ၏။ များသောအားဖြင့်တော့ ခါးလန်နေသော ပန်းရောင်ဆေးရည်များ ဖြစ်၏။ ပြီးတော့ ဆေးတစ်လုံးလောက် အမြဲထိုးလွှတ်တတ်သည်။ ထို့ကြောင့် ကလေးတွေက ဆေးခန်းသွားရမှာ ကြောက်သည်။ ဆရာဝန်ကိုလည်း ကြောက်သည်။ တချို့ဆို ကလေးတွေ ပြောမရဆိုမရအောင် ဆိုးနေလျှင်-

“နင်တို့နော်၊ ဆရာဝန်ခေါ်ပြီး ဆေးထိုးလိုက်ရမလား”ဟု ခြောက်လိုက်လျှင် ငြိမ်ကုပ်သွားတတ်ကြ၏။





ကျော်ကွန့်တို့ လူပျိုပေါက်အရွယ်မှာတော့ ဆရာဝန်တွေ အထိုက်အလျောက် ပေါ်များလာသည်။ မြို့လယ်ခေါင်မှာ နာမည်ကြီးဆရာဝန်တွေ နေရာယူထားသဖြင့် ဆရာဝန်ငယ်တွေက ဆင်ခြေဖုံးဘက် ဆေးခန်းလာဖွင့်ကြရ၏။ နောက်တော့ လူစည်ကားသော အရပ်မှန်သမျှ ဆေးခန်းတွေ ပေါ်လာသည်။ ဆေးခန်းနှစ်ခန်း မျက်နှာချင်းဆိုင်ဖွင့်တာမျိုးတောင် ရှိလာ၏။ တချို့လည်း နယ်ဆင်းကြသည်။ တောဘက်တွေတော့ ဘယ်လိုနေသည်မသိ။ မြို့ကြီးတွေမှာတော့ ခုချိန်မှာ ဆေးခန်းတို့သည် ဗီဒီယိုရုံတွေ၊ ကာရာအိုကေခန်းတွေနှင့် အပြိုင် တစ်ရပ်ကွက်တွင် အနည်းဆုံး တစ်ခုရှိလာလေသည်။

ဆရာဝန်ဆိုသည်မှာလည်း ရှားပါးပစ္စည်းလိုမဟုတ်တော့။ ပေါလွန်းလို့ တချို့ဆရာဝန်တွေဆို ဆေးမကုတော့ဘဲ တခြားစီးပွားရေး လုပ်စားနေကြရှာတယ်။ ကလေးတွေကိုလည်း ဆရာဝန်နှင့် ခြောက်လို့ မကြောက်ကြတော့။ ခုခေတ် ဆရာဝန်တွေက မလိုအပ်ဘဲ ဆေးထိုးမှမထိုးကြတော့ဘဲကိုး။ ပြီးတော့ ဆရာဝန်ဆိုတာ ပန်ချာပီ ကုလားကြီးလည်းမဟုတ်။ ဘောင်းဘီတွေ၊ နံကထိုင်တွေနဲ့ ရှုံးထုတ်နေကြသူတွေလည်း မဟုတ်တော့။ တဲတစ်လုံးသာသာလောက်ရှိသော ဆေးခန်းလေးထဲမှာ ရှပ်အင်္ကျီလက်တိုနှင့် ချည်လုံချည်လေးဝတ်ပြီး ကုပ်ချောင်းချောင်းထိုင်နေတာ မမြင်ချင်မှအဆုံး။

♦



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မြို့နယ်ထဲမှာ ဆေးခန်းလေးတွေ တစ်ခုပြီး တစ်ခု ပေါ်လာသည်။ အရင် သူတို့ '၃'ရပ်ကွက်မှာ ဆေးခန်း မရှိပေ။ ဈေးရှေ့မှာရှိတဲ့ ဆေးခန်းကိုသာ အားကိုးနေရသည်။ သူတို့ ရပ်ကွက်နှင့် ဈေးက နည်းနည်းလှမ်းသည်။ နေမကောင်း ဖြစ်လို့ လမ်းလျှောက်သွားမည်ဆိုလျှင် လမ်းမှာ ချွေးပျံ့တာနဲ့ ဟိုရောက်တော့ အဖျားတစ်ဝက်လောက် ကျသွားနိုင်သည်။ ဒါမှမဟုတ် ဆိုက်ကားနှင့်သွားလျှင် လမ်းမှာ လေစိမ်းမိပြီး အဖျားပိုတက်နိုင်သည်။ တော်ရုံတန်ရုံ ဆေးခန်းဝေးတာနဲ့ မသွားဖြစ်တော့ဘဲ ကွမ်းယာဆိုင်မှ ဆေးဝယ်သောက်လိုက် ကြသည်။ ထိုအခါ ရောဂါနဲ့ ဆေးတည့်သွားတာလည်းရှိ၊ ဆေး ပတ်မလည်လို့ မပျောက်တာလည်းရှိ၊ ရောဂါနဲ့ဆေး တလွဲ ဖြစ်ပြီး အဖျားက မကျဘဲ ဗိုက်အောင့်တာပါ တိုးလာတာ မျိုးလည်း ဖြစ်တတ်၏။

ခုတော့ဖြင့် ဒီလိုအဆင်မပြေမှုတွေအတွက် ပူစရာ မလိုတော့။ ဖျားရဲရင် ဖျားကြစမ်း။ ဆရာဝန်လာပြီ။

◆

တကယ်တော့ သူ့နာမည်ရင်းမှာ ဒေါက်တာတုတ်ခိုင် သာ ဖြစ်၏။

သူက ဆေးခန်းနာမည်ကို အဓိပ္ပာယ်ရှိရှိ မှည့်ခေါ် ချက်သည်။ အာရောဂျ၊ သစ္စာ၊ ဇီဝက၊ လမင်း၊ သက်သာ





စသော နာမည်တွေက ရိုးနေပြီ။ ထူးထူးခြားခြားလေးလည်း ဖြစ်ချင်သည်။ လှလှပပလေးလည်း ဖြစ်စေလိုသည်။ နာမည် တွေ စဉ်းစားနေရင်း လက်ဖက်ရည်ဆိုင်မှဖွင့်သော သီချင်းသံ ကို ကြားရ၏။ နာမည်တွေ စဉ်းစားနေရင်း အေဒင်ဥယျာဉ် မှ အနမ်းဆိုသော သီချင်းဖြစ်၏။

ဒီမှာပဲ သူ့ဆေးခန်းနာမည်ကို ရသွားသည်။ အေဒင် ဥယျာဉ်ဆိုသည်မှာ အာဒမ်နှင့် ဧဝတို့ စတင်ပေါက်ဖွားရာ သာ ယာလှပသော နေရာတစ်ခု။ ဒီဥယျာဉ်ကိုရောက်လျှင် အနာ ရောဂါတို့ ကင်းစင်စေရမည်။ ပျော်ရွှင်ချမ်းမြေ့စေရမည်။ ဒီ အတိတ်နိမိတ်ကို ယူသည်။

တစ်ခုပဲ လွဲချော်သွား၏။ သူက ဆေးခန်းဆိုင်းဘုတ် ကို ပိုပြီး ကဗျာဆန်အောင် 'ဧဒင်ဆေးခန်း'ဟု ရေးထားသည်။ အက္ခရာ 'ဧ'နှင့် စာလုံးပေါင်းထားသည်။ လူအများစုက 'ဧ' ကို အေးဟု အသံထွက်တတ်ကြ၏။ ထို့ကြောင့် 'အေးဒင်ဆေး ခန်း'ဟု ဖတ်ကြ၏။

ဒီရပ်ကွက်က လူအတော်များများမှာ အေဒင်ဥယျာဉ် တွေ ဘာတွေ သိကြတာမဟုတ်။ သူတို့စိတ်ထဲမှာ ဒါ ဆရာဝန် နာမည်တပ်ထားတာပဲ ထင်ကြသည်။ ထို့ကြောင့် အစပိုင်းတွင် သူ့ကို ဒေါက်တာအေးဒင်ဟု ခေါ်တဲ့လူက ခေါ်ကြသေးသည်။ နောက် သူ့ဆေးခန်းအတွင်းဘက်မှာ ချိတ်ထားသော 'ဒေါက် တာတုတ်ခိုင်၊ အမ်ဘီဘီအက်စ်ရန်ကုန်'ဆိုသော ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ကလေးကိုတွေ့မှ နာမည်မှန် သိသွားကြခြင်းဖြစ်၏။ ဒါတောင် တချို့က-

"ဒီဆရာဝန်ဟာ မိဘကျေးဇူးကိုတော့ တော်တော်သိတတ်ပုံရတယ်။ ဆေးခန်းနာမည်ကို သူ့အဖေနာမည် မှည့်ထားတယ်။ ဦးအေးဒင်ဆိုတာ သူ့အဖေပဲ ဖြစ်ရမယ်"

ဟု ချီးကျူးကြသေးသည်။ ဘာပဲဖြစ်ဖြစ် ဒီနာမည်က သူ့ကို အကျိုးပေးတယ်လို့တော့ ပြောလို့ရ၏။ မိဘကျေးဇူးကို သိတတ်တဲ့ ဆရာဝန်ဆိုရင် သူတော်ကောင်းဖြစ်မှာပဲ။ ဒီလို လူမျိုးဆေးလိုက်တတ်တယ်ဟု နာမည်ကောင်းရသွားသောကြောင့်ဖြစ်၏။

အမှန်မှာ ဒေါက်တာတုတ်ခိုင်ဆိုသော နာမည်သာလျှင် သူနှင့် အလိုက်ဘက်ဆုံးဖြစ်၏။ ဆရာဝန်ဟု ဆိုလိုက်လျှင် လူတွေမျက်စိထဲ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်၊ မျက်မှန်နှင့် အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားသူကိုသာ မြင်ယောင်မိလိမ့်မည်။

သူက ဒီလိုမဟုတ်။ လူပုံက တုတ်တုတ်ခိုင်ခိုင်။ အသားက ညိုညို၊ ဆံပင်ခပ်တိုတို ညှပ်ထားသည်။ ခွေးကေလိုမျိုးတော့မဟုတ်။ ဘောလုံးပန်းလို ထိုးထိုးထောင်ထောင်ဖြစ်၏။ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေးရေးရေး ရှိသည်။ ဝါညစ်ညစ်ဖြစ်နေသော လည်ကတုံးအကျီအဖြူလက်တိုနှင့် ချည်ပုဆိုးအကွက်ကြဲကြီးကို ခပ်တိုတိုဝတ်တတ်သည်။





ဒီတော့ သူ့ပုံစံမှာ ဆရာဝန်နှင့်မတူဘဲ မြန်မာ့ရိုးရာ လက်ဝှေ့သမားနှင့် တူနေသည်။ ထို့ကြောင့်ပင် ဆေးခန်း စဖွင့်သည့်နေ့က လူမှားခံရခြင်း ဖြစ်လေ၏။

♦

လူတွေ၏ သဘာဝမှာ အသစ်အဆန်းဆိုလျှင် မြည်းစမ်းကြည့်လိုက်ချင်တတ်သည်။ လက်ဖက်ရည်ဆိုင်သစ် တစ်ဆိုင်ဖွင့်လျှင် တစ်ခါလောက်တော့ သွားပြီး ထိုင်ကြည့်လိုက်ချင်တတ်သည်။ စားသောက်ဆိုင်ဆိုလည်း ဒီအတိုင်းပဲ။ ဘီယာစတေရှင်ဆိုလည်း ထို့အတူပဲ။ ဒီဆိုင်လည်း ဒီဘီယာ၊ ဟိုဆိုင်လည်း ဒီဘီယာ အမျိုးအစားချင်းတူသည့်တိုင် ဆိုင်သစ်ဖွင့်လျှင် တစ်ခွက်တစ်ဂျား သွားမော့ကြည့်ချင်သည်။ တချို့ဆိုလျှင် ကုန်ပစ္စည်းတံဆိပ်သစ် ထွက်သမျှ လိုက်စမ်းပြီး သုံးကြည့်တတ်သည့် ဝါသနာမျိုးတောင် ရှိ၏။

ဒါဆို ဆေးရုံ၊ ဆေးခန်းကျတော့ကော။ ဒါကျတော့ မြည်းစမ်းကြည့်လို့ ကောင်းတာမျိုးမဟုတ်။ ဆေးရုံအသစ် တစ်ခုဖွင့်လို့ ဘယ်လိုနေလဲ စမ်းပြီးသွားတက်ကြည့်ဖို့ သင့်တော်တာမှ မဟုတ်ဘဲ။ ဘာပဲဖြစ်ဖြစ် ဒီဆေးရုံက ဘယ်လိုနေလဲ။ ဆရာဝန်တွေ၊ ဆရာမတွေ သဘောကောင်းရဲ့လား။ တစ်ခန်းမှာ ကုတင် ဘယ်နှစ်လုံး ရှိသလဲ။ လူနာကြည့်ဖို့ ဝင်လို့၊ ထွက်လို့ လွယ်ရဲ့လား။ သိချင်သည်။ ဒီလို အချိန်မျိုးမှာ ခွေ့မျိုး



www.burmeseclassic.com

www.burmeseclassic.com



သားချင်းထဲက ဖြစ်စေ၊ တစ်ယောက်ယောက် ဆေးရုံတက်ရတယ်ဆိုလို့ကတော့-

"ဟာ- အတော်ပဲ ဆေးရုံသစ်ကြီး မရောက်ဖူးသေးဘူး"

ဆိုပြီး အပြေးအလွှား လူနာမေးသွားရင်း လေ့လာအကဲခတ်ကြလေသည်။

အခါ ဒေါက်တာတုတ်ခိုင်ရဲ့ အေဒင်ဆေးခန်းဖွင့်ပြီ။ ဆေးခန်းဆိုတာမျိုးက စဖွင့်ဖွင့်ချင်းနေ့မှာ မိတ်ဖြစ်ဆွေဖြစ်သဘောနှင့် ပထမဆုံးလာပြသော လူနာဆယ်ဦးကို အခမဲ့ကုပေးမည်။ ဒစ္စကောင့်ပေးမည်။ ပါရာစီတမော့ တကတ်စီလက်ဆောင်ပေးမည်ဆိုတာမျိုး လုပ်လို့မရ။

သို့တိုင်အောင် အသစ်အဆန်းဆိုလျှင် စမ်းကြည့်ချင်သည့် သဘာဝအရ စိတ်ဝင်စားမှုတော့ ရှိကြသည်။ ခက်တာက ဆေးခန်းဖွင့်တဲ့ရက်နဲ့ တိုက်ဆိုင်ပြီး ဖျားလို့မရခြင်းပင်ဖြစ်၏။ တမင်တကာ အအေးမိအောင်၊ အပူရှပ်အောင်၊ ထိခိုက်အနာတရဖြစ်အောင် လုပ်လို့မဖြစ်။

ဆေးခန်းဖွင့်ဖို့ ပြင်ဆင်နေသည့်အချိန်၊ ဆိုင်းဘုတ်လာတင်သည့် အချိန်တွေမှာ ဆရာဝန်ကိုယ်တိုင်မလာ။ သူ့တပည့် ကွန်ပေါင်ဒါဖြစ်ဟန်တူသော လူတစ်ယောက်သာလာပြီး စီစဉ်တာ တွေ့ရသည်။ ဆိုင်းဘုတ်တင်ပွဲ၊ ဖွင့်ပွဲတွေလည်း မလုပ်ဘဲ ဘယ်နေ့ ဆေးခန်းဖွင့်မည်ဆိုသော စာပါသည့် ကတ်





ပြားလေးသာ ချိတ်ထားသဖြင့် ဆရာဝန်ကို မမြင်ဘူးကြသေး။ ထို့ကြောင့် ပိုစိတ်ဝင်စားကြသည်။

ဆေးခန်းဖွင့်သည့်နေ့ ညနေစောင်းတွင် ကံထူးရှင်တစ်ယောက် ပေါ်လာသည်။ ကိုရှိန်ပင် ဖြစ်၏။ သူသည် နေပူထဲက ပြန်လာပြီး ချွေးမတိတ်ခင် ရေချိုးလိုက်မိသည်။ ချွေးငုတ်သွားပြီး ရှိန်းတိန်းဖိန်းတိန်း ဖြစ်လာ၏။ စောင်လေးခြုံပြီး အိပ်နေလိုက်ရာ ချွေးနည်းနည်းပြန်စို့ပြီး နေကောင်းသလိုရှိလာသည်။ ထို့နောက် မေးခန့် အိပ်ပျော်သွားသည်။ ဒီမှာပဲ ချွေးအေးပြန်ပက်သွားဟန်တူ၏။ အိပ်ရာကနိုးတော့ ချမ်းစိမ့်စိမ့်ဖြစ်ပြီး နှာတွေစေးနေသည်။

ခါတိုင်းဆိုလျှင်တော့ ဒီလောက်ကလေးများ ငန်းဆေးနဲ့ ကွမ်းရွက်ပြုတ်ရည် သောက်လိုက်ရုံနှင့် ကိစ္စပြီးနိုင်သည်။ ခုတော့-

"မဖြစ်ဘူး ဆေးခန်းသွားပါလား"

ဟု သူ့မိန်းမ မပွေးကိုယ်တိုင်က လိုလိုလားလား တိုက်တွန်းသဖြင့် ဆေးခန်းသို့ ထွက်လာခဲ့၏။ မပွေးကလည်း အရင်လို မြည်တွန်ခြင်း မပြုတော့ရုံမက-

"ရှင်တစ်ယောက်တည်း လမ်းမှာ လဲနေဦးမယ်"

ဆိုပြီး သူပါ စနည်းနာရအောင် လိုက်သွားခဲ့၏။

ဆေးခန်းကိုရောက်တော့ အပြင်က စားပွဲမှာ ရှုတည်တည်ထိုင်နေသော လူတစ်ယောက်ကို တွေ့ရ၏။ အရင်ရက်



www.burmeseclassic.com

www.burmeseclassic.com



တွေက ဆေးခန်းကို လာရောက်ပြင်ဆင်ခဲ့သူ ကွန်ပေါင်ဒါပင် ဖြစ်၏။

"ဆရာရောက်ပြီးလား"

ဟု ကိုရှိန်က မေးသည်။ ထိုသူက ခေါင်းညိတ်ပြ၏။ ကိုရှိန်လည်း စမ်းသပ်ခန်း၏ လိုက်ကာလေးကို ဖယ်ပြီး ဝင်သွား၏။ အထဲမှာ ဘယ်သူမှမရှိ၊ ကွန်ပေါင်ဒါသည် နောက်က လိုက်ဝင်လာသည်။

"ထိုင်"ဟု ပြောသဖြင့် ကိုရှိန်က စမ်းသပ်ကုတင်ပေါ် တက်ထိုင်သည်။

"ဘာဖြစ်တာလဲ"

"ဟိုဒင်း နာစေးလို့"

ကိုရှိန်စိတ်ထဲမှာ ဒီ ကွန်ပေါင်ဒါက တော်တော်စပ်စုတာပဲဟု ထင်မိ၏။ ထို့ကြောင့်-

"ဆရာဝန်ရောက်ပြီဆို ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

"ဒီမှာပဲ"ဟု ထိုပုဂ္ဂိုလ်က ခပ်အေးအေး ပြန်ဖြေလိုက်၏။ ကိုရှိန်အံ့ဩသွားသည်။ သူက ဆရာဝန်ကိုယ်တိုင်ပဲကိုး။ ကိုရှိန်မှာ ကွန်ပေါင်ဒါနှင့် မှားမိသဖြင့် အားလည်းနာ၊ ရှက်လည်းရှက်သွားပြီး-

"ကန်တော့နော်ဆရာ ကျွန်တော်က ဟိုဥစ္စာ"

"ကိစ္စမရှိပါဘူး။ ဒါမျိုး ကျွန်တော့်အဖို့ ရိုးနေပါပြီ။





ဆေးကျောင်းသား ဘဝတုန်းက ဆေးရုံဆင်းတဲ့အခါ အပေါက်စောင့်က မယုံလို့ ဝင်ခွင့်မပေးတာတောင် ဖြစ်ခဲ့ဖူးတယ်"

ဟု ပြောပြီး ဟက်ခနဲ ရယ်သည်။ ထို့နောက်-

"နှာစေးတယ် ဟုတ်လား။ ကိုယ်တွေလက်တွေ ကိုက်သေးလား"

"ခေါင်းနည်းနည်းအုံတာ လောက်ပါပဲ"

ဒေါက်တာ ပုဟ်ခိုင်က ကိုရှိန်၏ နဖူးကို စမ်းကြည့်သည်။ ထို့နောက် လက်ကောက်ဝတ်ကို သွေးစမ်းသည်။ ပြီးတော့-

"အဖျားမရှိပါဘူးဗျ။ အပရိကလောက်ဖြစ်တာပါ။ အိမ်ပြန်ရောက်ရင် ပါရာစီတမောတစ်လုံးသောက် ရေနွေးပူပူထဲကို ပရုပ်ဆီနည်းနည်းထည့်ပြီး ရှုလိုက် နွေးနွေးထွေးထွေးနေ၊ ညအိပ်ခါနီးရင် ဘာမီတွမ်တစ်လုံးသောက် ပြီးတော့ နှာခေါင်းရင်းက မျက်ခုံးနှစ်ခုကြားမှာ ကွမ်းရွက်ကို အချွန်ဘက်က အောက်ကိုစိုက်ပြီး ကပ်ထားလိုက်"ဆိုပြီး ဆေးတွေကို ပလပ်စတစ်အိတ်ကလေးထဲ ထည့်ပေးသည်။

"မနက်ကျတော့ သက်သာသွားရင် မလာနဲ့တော့။ မသက်သာဘူး။ ဒါမှမဟုတ် ပိုဆိုးလာတယ်ဆိုရင်တော့ နက်ဖြန်တစ်ခါ ထပ်လာခဲ့။ ဆေးပြောင်းပေးမယ်။ ကဲ-- ဒါပဲ။ ဪ၊ ရေချိုးတာ သတိထားနော်။ ခုတလော ရာသီဥတုက မမှန်ဘူး။ ပူလိုက်အေးလိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒါကြောက်တာပဲ"

"ဘာကြောက်တာလဲဗျ"

ဒီနေရာမှာ ကိုရှိန်၏ ဝသီက နိုးထလာပြီ။ တတ်သမျှ မှတ်သမျှ အင်္ဂလိပ်လို ညှပ်ပြောလိုသော အကျင့်ကလေးပင်ဖြစ်၏။ ရေချိုးမှားလို့ ဦးနှောက်သွေးကြော ပြတ်တာကို ပြောလိုခြင်းဖြစ်၏။ ဒါကို အင်္ဂလိပ်လို ညှပ်၍ ပြောလိုက်တာကတော့-

"ဟိုဒင်းလေ ဆရာရဲ့ ဦးနှောက်ဖြစ်ပြတ်မှာ ကြောက်တာကို ပြောတာ" ဒေါက်တာတုတ်ခိုင်တွေသွား၏။

"ကျွန်တော်တို့ ဆေးပညာမှာ ဦးနှောက်ဖြစ်ပြတ်တယ်လို့ တစ်ခါမှ မကြားဖူးဘူး။ သြော် -ဟုတ်ပြီ။ စထရုက်၊ လေဖြတ်တာကို ပြောတာမဟုတ်လား"

"ဟုတ်တယ်ဆရာ။ ဟုတ်တယ်"

ဒေါက်တာတုတ်ခိုင် အသံထွက်အောင် ရယ်မိသည်။

"အင်း- အင်း၊ ခင်ဗျားပြောတာလည်း ဟုတ်တော့ ဟုတ်သား။ လေဖြတ်တယ်ဆိုတာကလည်း ဖြစ်ပြတ်သလိုပဲကိုး"

ကိုရှိန်သည် ရောယောင်ရယ်လိုက်ပြီးမှ-

"ဒါနဲ့ ဆေးဖိုး ဘယ်လောက်ကျပါသလဲခင်ဗျာ" ဒေါက်တာတုတ်ခိုင်က မေးစေ့ကို ပွတ်စဉ်းစားလိုက်ပြီး-





"ဆေးက မပြောစလောက်လေး ပေးရတာပါ။ ဒီလောက်နဲ့တော့ ပေးမနေပါနဲ့ဗျာ"

"ဗျာ- ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ သွားပါဦးမယ်"

ဒေါက်တာတုတ်ခိုင်က ခေါင်းသာ ညိတ်ပြလိုက်သည်။ စူပါမတ်ကက်တို့၊ ဟိုတယ်တို့လို-

"ခုလို လာရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ပါဦး။ ကြိုဆိုနေပါမယ်ခင်ဗျာ"

ဟု ပြောလို့ဖြင်ဟာမှ မဟုတ်ဘဲကိုး။

◆

ဘာပဲဖြစ်ဖြစ် မပွေးကတော့ ဆေးဖိုးမယူလိုက်ဘူးဆိုတာတည်းက ဒီဆရာဝန် သိပ်တော်တယ်ဟု တစ်ခါတည်း ဆုံးဖြတ်လိုက်၏။

နောက်တစ်နေ့တွင် ကိုရှိန်က လက်ဖက်ရည်ဆိုင်မှာလည်းကောင်း၊ မပွေးက အသုပ်ဆိုင်မှာလည်းကောင်း၊ အတွေ့အကြုံရှင်းလင်းပွဲကို လုပ်လေသည်။

"သူပြောတာမှန်တယ်ဗျ။ မနက်ကျတော့ တစ်ခါတည်းနေကောင်းသွားတာပဲ"

"ဆရာဝန်လည်းဆိုသေး ဘယ်နှယ်ကြောင့် ကွမ်းကျက်ကပ်ခိုင်းရတာလဲ"

ဟု ပတေးက စကားထောက်သည်။ ကိုရှိန်က-



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒိတ်အောက်နေပြီ ဟေ့ကောင်၊ ဒါဟာ အနောက်တိုင်းနည်းနဲ့ တိုင်းရင်းနည်း ပေါင်းစပ်ပြီး ကုတာကွ"

"ဒါတော့ ဟုတ်တယ်ကွ။ တို့ တိုင်းရင်းဆေးတွေက အစွမ်းထက်လွန်းလို့ နိုင်ငံခြားကိုတောင် ပို့ရတယ်လို့ သတင်းစာထဲမှာ ဖတ်ဖူးတယ်"

ဟု ဉာဏ်စိန်က ဝင်ပြောသည်။

"ကိုရှိန်က သူ့ကို ကွန်ပေါင်ဒါနဲ့ မှားတော့ စိတ်မဆိုးသွားဘူးလား"

ဘာနူးက လှမ်းမေးသဖြင့် ကိုရှိန်က-

"ဟင့်အင်း- မဆိုးပါဘူး။ ဒီလိုပဲ မှားနေကျလို့ ပြောပြီး ရယ်လိုက်သေးတယ်"

"အေးဗျာ- လူပုံကတော့ ဆရာဝန်နဲ့ မတူဘဲ ဗီဒီယိုထဲက လူကြမ်းပုံမျိုး ဖြစ်နေတယ်"

"ဒါပေမယ့် စိတ်ရင်းကောင်းမယ်ဆိုတာတော့ သေချာတယ်။ ငါတော့ ဒီဆရာဝန်ကို သဘောကျသွားပြီကွာ"

ဟု ကိုရှိန်က အပြီးသတ်မှတ်ချက်ချသည်။ ထို့အတူ မပွေးကလည်း ဒီဆရာဝန်တော်တယ်၊ စေတနာကောင်းတယ်ဟု ထောက်ခံသည်။

"ဘာလဲ ဆေးဖိုးမယူလိုက်လို့လား"

ဟု မသီးက ဝင်ပြောသဖြင့်-

"ဒါနဲ့ မဆိုင်ပါဘူး။ စဉ်းစားကြည့်လေ။ ကျွန်မတို့က ရောဂါအကြောင်း၊ ဆေးအကြောင်း ဘာမှနားလည်တာ





နာမည်တွေလို လှလှပပတော့ မဟုတ်။

သို့ရာတွင် တစ်ဖက်ကကြည့်တော့ အဓိပ္ပာယ် ပြည့်ဝသော နာမည်ဖြစ်သည်ဟု ဆိုနိုင်၏။ "တုတ်ခိုင်"ဆိုသည်မှာ တုတ်တုတ်ခိုင်ခိုင်၊ သန်သန်မာမာရှိသည်။ ကျန်းမာရေးနှင့် ပြည့်စုံသည်ဟု ဆိုရမည်။

ပညာက်သွားရာ မာတ်သက်ပါဆိုသလိုပင် သူက ဆေးလည်းလိုက်သည်။ သူကုလျှင် ပျောက်ကင်းတာက များသည်။ သူက တစ်ခါတည်းနဲ့ ပျောက်တယ်ဆိုပြီး နာမည်ကောင်းရအောင် တော်ရုံရောဂါကို ဆေးပြင်းကြီးတွေပေးပြီး အမြန်ကုတာမျိုး လုပ်လေ့မရှိ။

ရှေးသမားတော်ကြီးတွေ နည်းအတိုင်း ရောဂါ အခြေအနေကိုကြည့်၍ သင့်တော်သော ကုထုံးကိုသာ သုံးသည်။ တော်ရုံတန်ရုံဆိုလျှင် အိမ်သုံးဆေးများကိုသာ ပေးသည်။ လိုအပ်မှ ပဋိဇီဝဆေးတွေ ပေးသည်။ တကယ် ဂရုစိုက် ကုရတော့မည်ဆိုတော့လည်း သူကိုယ်တိုင် တိတိကျကျ ကြပ်မတ်သည်။

တချို့ဆေးတွေက သုံးရက်၊ ငါးရက်၊ ဆယ်လုံး၊ အလုံးနှစ်ဆယ် စသည်ဖြင့် ဆေးပတ်လည်အောင် သောက်ရသည်။ တချို့လူတွေက သက်သာသွားလျှင် ဆေးကို ကုန်အောင် မသောက်တော့။ နောက်တစ်နေ့ ဆေးခန်းလာခဲ့ဦး ခေါ်လို့လည်း လာချင်မှလာသည်။ ထိုအခါ သူက အိမ်အထိ လိုက်သွားပြီး ဆူပူကြိမ်းမောင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ပိုက်ဆံမရှိလို့လား၊ မရှိရင်မပေးနဲ့ ဆေးပတ်တော့ လည်အောင်သောက်မှ ဖြစ်မယ်"

ဆိုပြီး ဆေးတွေပေးခဲ့တတ်သည်။

တစ်ခါက ပွကြီးတင်ပါးမှာ သွေးစုနာကြီး ပေါက်သည်။ တော်တော်နှင့် မပျောက်ဘဲ ပွကြီးမှာ ထိုင်မရ၊ လမ်းလျှောက်မရဖြစ်နေသဖြင့် ဆေးခန်းကို ဆိုက်ကားနှင့် ရောက်လာသည်။

ဒေါက်တာ တုတ်ခိုင်က ကြည့်ရအောင်ပြောပြီး ဆတ်ခနဲ ခွဲချပစ်လိုက်၏။ ငါးရက်လောက်ဆက်ပြီး အနာကို သန့်ရှင်းရေးလုပ် ဆေးထည့်တော့မှ ကောင်းသွားသည်။ ပွကြီးမှာ ပိုက်ဆံသိပ်မရှိ။ ငါးရက်စာဆိုတော့ ဆေးဖိုး ရာချီကျမှာပဲဟု တွေးပြီး-

"လောလောဆယ်တော့ ပိုက်ဆံမရှိသေးဘူးဆရာ။ ကျွန်တော့်နာရီ ခဏယူထားပါ။ ငွေရှိတော့ လာရွေးပါမယ်"

ပွကြီးမှာ အားနာပြီး စိတ်ကူးပေါက်ရာ ပြောလိုက်ခြင်း ဖြစ်၏။ ဒေါက်တာတုတ်ခိုင်က-

"ဘာလဲ ဒါ အပေါင်ဆိုင် မဟုတ်ဘူး။ ပြန်ယူသွား ရှိမှလာပေး"

ဟု ဟောက်လွှတ်လိုက်ရ၏။

သူက ခုလို ဘုကျတတ်သလို ရောဂါအကြောင်း၊ ဆောင်ရန်ရှောင်ရန်တွေအကြောင်း ပြောပြီဆိုလျှင်တော့ စိတ်ရှည်လက်ရှည် အချိန်ယူ ရှင်းပြတတ်သည်။ သူတော်သည့်





အချက်က လူနာ၏ ဖြစ်ပျက်ပုံ လက္ခဏာကို ကြည့်ပြီး ရောဂါအမည်တပ်ရာမှ အမြဲလိုလို ကွက်တိမှန်တတ်ခြင်းဖြစ်၏။

"ဘာရောဂါဆိုတာကို မှန်အောင်ဖော်နိုင်ရင် ရောဂါတစ်ဝက်ပျောက်ပြီလို့ ပြောနိုင်တယ်"

ဟု ဆိုလေ့ရှိ၏။ ကြိုတင်ကာကွယ်မှုကိုလည်း အလေးထားတတ်သည်။

"ဆရာဝန်ဆိုတာ ရောဂါဖြစ်လာမှ ကုမယ်ဆိုရင် ဆည်ဝကစောင့်နေတဲ့ ဗျိုင်းလိုဖြစ်နေမှာပေါ့။ မဖြစ်ခင်က ကြိုတင်သတိပေးဖို့လည်း တာဝန်ရှိတယ်"

ဟု ပြောတတ်သည်။

သူက ကျန်းမာရေးပညာပေးမှုကို ပါးစပ်က ပြောရုံသာမဟုတ်။ ဆေးခန်းမှာလည်း စာတွေရေးပြီး ကပ်ထားလေ့ရှိ၏။ တချို့စာတွေက အူကြောင်ကြောင်နိုင်သလို ရှိသော်လည်း တကယ်တွေးကြည့်တော့ အမှန်တွေဖြစ်၏။ ဥပမာ-

ရေမချိုးလို့သေတဲ့လူမရှိ။

ရေချိုးမှားလို့ သေတဲ့လူပဲ ရှိတယ်။ ဆိုတာမျိုးပေါ့။

အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်ပြီးတော့လည်း ပညာပေးစာတမ်းတွေ ကပ်ထားသေးသည်။ ဒီထဲမှာ ကဗျာလေးတစ်ပုဒ်တောင်ပါသေးသည်။

ဘာဝမဆုံး
တစ်သက်လုံး
ကွန်ဒုံးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



သုံးကြပါ။

◆

တစ်ရက်တွင် ဦးဖိုးဗြော ဆေးခန်းသို့ ရောက်လာသည်။ ခါးနာနေသောကြောင့် ဖြစ်၏။ အကြောင်းရင်းကတော့ ဦးဖိုးဗြောမှာ ငွေအသုံးလိုနေသည်။ သူ့မှာ ပေါင်စရာပစ္စည်းလည်းမရှိ။ ထို့ကြောင့် ပေဒင်မှတ်စုစာအုပ်ကို မသီးဆီမှာ ပေါင်သည်။ ဦးဖိုးဗြောအတွက်တော့ ဒီစာအုပ်သည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိ၏။ မသီးအဖို့တော့ ငါးကျပ်တောင် မတန်သည့် စက္ကူများသာ ဖြစ်သည်။

ပြီးတော့ ဟိုတစ်ခါ ဦးရှင်ကြီးတင်သည့် လှည်းကို အပေါင်ခံတုန်းက ရုံးမှာသွားရှင်းရတာတို့၊ ဘာတို့ ဖြစ်ခဲ့သေးသည်။ ထို့ကြောင့် ဒီအဘိုးကြီး ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး မသီးက ငြင်းလွှတ်သည်။

ဒီအချိန်ဘေးမှာ ကိုကြီးငွေလည်း ရှိနေသည်။ သူက ဦးဖိုးဗြောကို သနားနေ၏။ ဘယ်လိုကူညီရပါ့မလဲတွေးရင်း ဦးဖိုးဗြော၏ ရွှေကိုင်းမျက်မှန်ကို တွေ့သည်။ ထို့ကြောင့်-

"ဦးလေးဗြော မျက်မှန်က တယ်ကောင်းပါလား။ ပြစမ်းပါဦး"

ဆိုပြီး ယူကြည့်သည်။ ကံကောင်းချင်တော့ ထိုမျက်မှန်မှာ ဆယ့်ခုနှစ်ကာရက် ရွှေပါဝင်ကြောင်း တံဆိပ်ရိုက်ထားတာ တွေ့ရသည်။ ဦးဖိုးဗြောမှာ သူ့ဘာသာသူတောင်မသိ။





ကိုကြီးငွေက အပေါင်ပစ္စည်းအဖြစ် မျက်မှန်ကို ယူထားဖို့ အကြံပေးသည်။ မသီးကလည်း ကာရက်ရွှေပါတယ်ဆိုတော့ ပြန်မရွေးရင် အပိုင်ပဲဆိုပြီး လက်ခံလိုက်၏။

ဖြစ်ချင်တော့ ဦးဖိုးဗြောမှာ မျက်မှန်မပါလျှင် ဘာမှ သဲသဲကွဲကွဲမြင်ရသူမဟုတ်။ ဒီတော့ မမြင်မစမ်းသွားရင်း ဟိုဝင်တိုက်၊ ဒီဝင်တိုက် ဖြစ်ရသည်။ နောက်တော့ လှေကားပေါ်က အဆင်း အထစ်ကျော်နင်းမိသဖြင့် ပြုတ်ကျပြီး ခါးနာသွားရရှာခြင်း ဖြစ်လေ၏။

ဒီအကြောင်းကို ဦးဖိုးဗြောက ဒေါက်တာတုတ်ခိုင်ကို ပြောပြသည်။ သူ့မှာ ဆေးဖိုးပေးစရာမရှိတော့ကြောင်း သွယ်ဝိုက်၍ တင်ပြလိုက်ခြင်းလည်း ဖြစ်၏။ ဒေါက်တာ တုတ်ခိုင်က-

"ကဲ-ကဲ၊ ဆေးဖိုးလည်း နောက်ရှိမှပေးပေါ့။ ပြီးတော့ ဦးလေးဗြောက မျက်မှန်မပါရင် ခုလိုပဲ ထပ်ဖြစ်နေဦးမှာပဲ။ မျက်မှန်ရွေးဖို့လည်း ကျွန်တော် ပိုက်ဆံချေးလိုက်မယ်။ အဆင်ပြေမှ ပြန်ဆပ် ဟုတ်လား"

ဆိုပြီး ငွေပါ ထပ်ချေးလိုက်သည်။

ဒီမှာပဲ ပြေလည်သွားပြီဟု ပြောလို့မရသေး။ ရပ်ကွက်ထဲကလူတွေက မသီးကို အပြစ်တင်ကြသည်။

"ဘယ့်နှယ်တော် မျက်စေ့မကောင်းရှာတဲ့ အဘိုးကြီးဆီက မျက်မှန်ကိုများ သူမို့လို့ချင်မက်မောတယ်။ ဒီလောက် စီးပွားရေးသောင်းကျန်းတာတော့ ဘယ်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေ မသီးပြန်ကြားတော့ ထုံးစံအတိုင်း ကိုကြီးငွေကို မဲသည်။

"ဒီအဘိုးကြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်လွန်းလို့ မပတ်သက်ချင်ပါဘူးဆိုတာ၊ ရှင်ပဲ မျက်မှန်က ကာရက်ကလေးဘာလေးနဲ့ အတင်းလက်ခံခိုင်းလို့ ယူထားရတာ ခုတော့ ရပ်ကွက်ထဲမှာ ကျုပ်သိက္ခာကျနေရပြီ။ အဲဒါရှင့်ကြောင့်"

ထို့နောက် ဟိုနေ့က ငွေတစ်ရာပျောက်သည့်ကိစ္စကိုပါ ကိုကြီးငွေလက်ချက်အဖြစ် ဆက်လက်စွပ်စွဲသည်။ ကိုကြီးငွေက နားအေးအောင်ဆိုပြီး အပြင်ထွက်မည်ပြင်သည်။ မသီးက-

"သွား-သွား၊ အပြင်မှာပဲနေ၊ အိမ်ပြန်မလာနဲ့"

ဟု ပြောလိုက်သည်။

ကိုကြီးငွေမှာ တစ်ချိန်လုံးတော့ အပြင်မှာချည်း ဘယ်နေနိုင်မလဲ။ လက်ဖက်ရည်ဆိုင်ထိုင်၊ ပျင်းလာတော့ ဈေးဘက်လျှောက် အပြန် ပွဲကြီးဆီဝင် စကားပြောစသည်ဖြင့် စတေးရှောင်နေခဲ့သည်။ ညမှောင်စပျိုးတော့ ဗိုက်က ဆာလာပြီ။ မသီးမှာ ပါးစပ်ကသာ ပူညံ့ပူညံ့လုပ်တာ တကယ်တော့ သူကိုမျှော်နေမှာပဲဟုထင်ပြီး အိမ်ပြန်လာခဲ့၏။

ကံဆိုးချင်တော့ ညနေဈေးဘက်အသွားမှာ ကိုစာကလေး မိန်းမက ဈေးသည်တစ်ယောက်ကို ပြောသလိုနှင့်-

"ရွှေမျက်မှန်အပေါင်ဆိုင်ဆိုတာ ပေါ်နေတယ်ကြား တယ်"





ဟု မသီးကိုစောင်းပြီး ပြောတာ ကြားလိုက်ရသည်။ မသီးဆွေ့ဆွေ့ခုန်သွားသည်။

ထိုကိစ္စအတွက် ဒေါသမပြေခင် ကိုကြီးငွေ အိမ်ပေါ်တက်လာတော့ သူ့အပေါ်စုပြုံပြီး အဝတ်လျှော်တဲ့တုတ်နဲ့ ဆော်လိုက်တာ ထိပ်ကွဲသွား၏။ ဖိုးနီတို့က တွဲပြီး ဆေးခန်းကို ခေါ်လာသည်။ ဒေါက်တာတုတ်ခိုင်သည် နောက်ဆက်တွဲ ပြဿနာကိုပါ တာဝန်ယူကုသပေးရပြန်သည်။ ဒါတွင်မက ကိုကြီးငွေက အိမ်မပြန်ရဲသဖြင့် ဆရာလိုက်ပြောပေးပါဟု အကူအညီတောင်းပြန်သည်။

ဒေါက်တာတုတ်ခိုင်မှာ ကိုကြီးငွေကို အိမ်လိုက်ပို့ရင်း မသီးကို ဖြောင်းဖျရသည်။ အစတော့ မသီးက ဒီဆရာဝန်အိမ်အထိ လိုက်ပို့တာ ကိုကြီးငွေကို ကုတဲ့ဆေးဖိုးတောင်းချင်လို့ဟုထင်ပြီး ကန်တန်တန်လုပ်နေသေးသည်။ ဒေါက်တာတတ်ခိုင်က-

"ဆေးဖိုးလည်း မပေးပါနဲ့တော့ဗျာ ကိုကြီးငွေကိုသာ ပြန်လက်ခံလိုက်ပါ။ ဒဏ်ရာနဲ့ဆိုတော့ အိမ်မှာနားနေမှ ကောင်းမှာ တော်ကြာအနာရှိန်တက်ပြီး ဖျားနေမှ ပိုကုန်နေဦးမယ်"

ဟု ခြောက်လုံးကလေးပါ ထည့်ပြောမှ အဆင်ပြေသွားသည်။

ဤသို့ဖြင့် ဒေါက်တာတုတ်ခိုင်သည် ဆေးကုရုံမှာက တော့ဘဲ ရပ်ကွပ်ထဲက လူမှုရေးကိစ္စတွေပါ ဝင်ပါနေရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်မယားရန်ဖြစ်တာကို ဖြန်ဖြေပေးရခြင်း၊ ရပ်ကွက်ထဲက ကောင်လေးတစ်ယောက် မိန်းမခိုးပြီး ပြန်အပ်ရာမှာ လူကြီးအဖြစ် လိုက်ပြောပေးရခြင်း၊ ဒါတွင်မက-

"ဆရာ အိမ်ကလူကိုလည်း ကြည့်ပြောထားပါဦး ဟိုဘက်ရပ်ကွက်ထိပ်က ကောင်မလေးကို ပြီတီတီသွားလုပ်နေတယ်"

ဆိုပြီး လာတိုင်တာမျိုးလည်း ရှိသေးသည်။ တချို့ကတော့ ကလေးမွေးပြီးနောက် ဘယ်လို နာမည်ပေးရင်ကောင်းမလဲ လာတိုင်ပင်ကြသည်။ တစ်ခါတစ်လေလည်း-

"ရုံးခန်းက ဆရာကို ခဏလာပါဦးတဲ့"

ဆိုပြီး လာခေါ်သည်။ ဟိုရောက်တော့ အိမ်နီးချင်းအငြင်းပွားသည့် ပြဿနာတစ်ခုကို ရပ်ကွက်လူကြီးတွေက ဖြန်ဖြေပေးရာမှာ နှစ်ဖက်စလုံးက တင်းခံနေကြသောကိစ္စ။

"အဲဒါ ဆရာပဲကြည့်ပြောပါဦး"

ဟု အကူအညီတောင်းတာက ရှိသေးသည်။ ရပ်ကွက်ထဲက လူတွေကလည်း သူ့စကားဆို နားထောင်သည်။ အငြင်းအခုံလုပ်ကြရာမှာ အလျှော့ပေးလိုက်ရသူက-

"အင်း- ဆရာကို အားနာလို့သာ လိုက်လျောတာ နို့မို့ဆို မိုးပေါ်ထိ တက်ရင်ဆိုင်မယ့်ကောင်ကွ"

ဟု တိုင်တည်တတ်ကြသည်။ ဒေါက်တာတုတ်ခိုင်တို့ ရပ်ကွက်ထဲမှာ ဘယ်လောက်သြဇာညောင်းသလဲဆိုတော့ အလွန်ဆိုးအလွန်ကိုက်ပါသည်ဟု နာမည်ကြီးသော ဟိုဘက်





ရပ်ကွက်က ကိုစာကလေး၏ ခွေးနက်ကြီးပင်လျှင် သူ့ကိုမြင်လျှင် အမြီးနှံ့ပြတတ်လေသည်။

♦

သို့ရာတွင် သူ့ကိုနိုင်တဲ့လူတစ်ယောက်တော့ ရှိသည်။

လှထုံပင်ဖြစ်၏။ တစ်ရက်တွင် သူ့သားလေး မောင်ကျော်လှကို ဆေးခန်းလာပြသည်။ ရှေ့မှာ ဟိုဘက်ရပ်ကွက်က မိန်းမတစ်ယောက်၏သား လာပြနေသဖြင့် စောင့်နေရ၏။ ထိုမိန်းမမှာ ခုတလော ဘယ်ကဘယ်လို စီးပွားရေး အဆင်ပြေနေသလဲမသိ။ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြစ်နေ၏။လမ်းသွားလျှင်လည်း မော့မော့မော့မော့ စကားပြောတာလည်း နည်းနည်းကြီးကျယ်ချင်သည်။ စမ်းသပ်ခန်းထဲမှာ ဒေါက်တာတုတ်ခိုင်နှင့် အချီအချပြောနေကြတာ အတိုင်းသား ကြားနေရ၏။

"အမကြီးသားက ဝမ်းထဲမှာ အပူအပုပ်များနေတယ်။ ကျွန်တော်တို့ မြန်မာလိုတော့ ကျိုးကန်းပါးစပ်နာ ဖြစ်နေတယ်လို့ ခေါ်တာပေါ့။ အနောက်တိုင်း ဆေးပညာအရတော့ ရီဗိုဖလေဗင်ဆိုတဲ့ ဗီတာမင်ဓာတ်ချို့တဲ့နေတယ်လို့ ဆိုရမယ်"

"အားနည်းလို့ ဖြစ်တာပေါ့နော် ဆရာ"

"ဒီလိုလည်းပြောလို့ရတယ်။ ကိုယ်ခံအားနည်းရင်လည်း ဖြစ်တတ်တာပဲ"

"ဒါဆို ဟိုအားဆေးတိုက်လို့ မရဘူးလား"

"ဘယ်အားဆေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို လိုင်စင်နဲ့ ထုတ်တဲ့အားဆေးလေ"

"ဆေးဝါးအများစုဟာ တရားဝင်မှတ်ပုံတင် လိုင်စင်ယူပြီးမှ ထုတ်ကြတာပဲ"

"မဟုတ်ဘူးလေ။ ဟို- တီဗွီထဲမှာ ကြော်ငြာတဲ့ လိုင်စင်နဲ့ အားဆေးဆိုတာလေ"

ဒေါက်တာတုတ်ခိုင် ခဏတွေသွားပြီးမှ ပြုံးလိုက်ပြီး-

"ဩော်- အဲဒါ လိုင်စင်ကိုပြောတာ မဟုတ်ဘူး။ လိုင်ဆင်းဆိုတဲ့ ဓာတ်တစ်မျိုးကိုပြောတာပါ။ အဲဒီဓာတ်က အစာစားချင်စိတ်ဖြစ်ပေါ်အောင် လှုံ့ဆော်တတ်တယ်။ မစားချင်မသောက်ချင်ဖြစ်နေတဲ့ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ နာလန်ထစ လူနာတွေအတွက် သင့်တော်တယ်။ ပုံမှန်အစားကောင်းကောင်းစားနိုင်တဲ့ လူအတွက်တော့ မလိုအပ်ပါဘူး"

"အဲဒီ အားဆေး ကျွန်မသားလေးကို တိုက်လို့ရလား"

"အင်း- ဒီကောင်က နည်းနည်းပိန်နေတယ်ဆိုတော့ ရပါတယ်။ တိုက်ပါ။ အရေးကြီးတာက အာဟာရဖြစ်တဲ့ အစားအစာတွေကျွေးဖို့ပဲ အသီးအနှံတွေလည်း များများကျွေးပါ"

"ပန်းသီးကျွေးရင် ကောင်းလားဆရာ"

"ကောင်းပါတယ်။ ငှက်ပျောသီးတို့ ဘာတို့လည်း ကျွေးပေါ့။ အခု လောလောဆယ် သူ့အတွက် အဓိကလိုအပ်





နေတာက ဗိုက်တာမင်ဘီတူးပဲ အဲဒီဆေးပြားလေးတွေ ပေးလိုက်မယ် ဟုတ်လား"

ခဏအကြာတွင် ထိုမိန်းမသည် သူ့သားကို လက်ဆွဲလျက် အပြင်ပြန်ထွက်လာသည်။ နောက်က စောင့်ရတဲ့ လူကို အားမနာ လေတွေရှည်ပြီး ကြွားလုံးတွေ ထုတ်ခဲ့သဖြင့် လှထုံမှာ မကြည်မလင်ဖြစ်နေ၏။ ဟိုမိန်းမကလည်း လှထုံတို့ ရှေ့က ဖြတ်အလျှောက်မှာ ဝတ်ထားသည့် လက်ကောက်တွေ အသံမြည်အောင် တမင်လှုပ်ပြသွားသေးသည်။

လှထုံလည်း မျက်စောင်းတစ်ချက်လှမ်းခဲလိုက်ပြီးမှ စမ်းသပ်ခန်းထဲဝင်သည်။

"ဟော- မလှထုံ လာ။ မောင်ကျော်လှ ဘာဖြစ်လို့လဲ"

"ခြေတွေလက်တွေ ကျင်ကျင်နေတယ်လို့ပြောတယ်ဆရာ"

"ဟုတ်လား ကြည့်ရအောင်"

ဆိုပြီး မောင်ကျော်လှ၏ လက်များကို ကိုင်ကြည့်ဖိကြည့်သည်။ ခြေထောက်တွေကို နှိပ်ကြည့်သည်။ အရိုးအဆစ်တွေကို လှုပ်ကြည့်သည်။

"နာတာတို့ ကိုက်တာတို့ ရှိလား"

"အဲဒါတော့ မရှိဘူး။ တစ်ခါ တစ်ခါ ထုံနေသလိုလိုပဲ"

"ဩော်- ဩော် ဟုတ်ပြီ။ သိပ်အရေးကြီးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အားဆေးလေးဘာလေးသောက်လိုက်ရင် ကောင်းသွားမှာပါ။ ဒါနဲ့ မလှထုံတို့အိမ်မှာ ထမင်းကို ငှဲ့ချက်တယ်ထင်တယ်"

"ဟင်- ဆရာ ဘယ်တုန်းက လာကြည့်ထားလိုက်တာလဲ"

"လာကြည့်လို့ မဟုတ်ပါဘူး။ ထင်လို့မေးကြည့်တာပါ။ ဘာဖြစ်လို့ ရေခမ်းချက်မစားတာလဲ"

"ရေခမ်းချက်ရင် ပျော့စိစိနဲ့ မို့လို့ပါ"

"အင်း- အဲဒါကြောင့် မောင်ကျော်လှမှာ ထုံသလို ကျင်သလို ဖြစ်နေတာပေါ့ဗျ။ ဒီလိုလုပ်လေ ထမင်းရည်ငှဲ့ပြီးရင် သွန်မပစ်နဲ့ ဆားလေးခတ်ပြီး မောင်လှကျော်ကိုတိုက်ပေါ့။ သူ့မှာ အဲဒီဓာတ်တွေ လိုနေတာ"

လှထုံမှာ သိပ်တော့ ဘဝင်မကျလှ။ စောစောက မိန်းမရဲ့ ကလေးကျတော့ လိုင်စင်ပါတဲ့ အားဆေးတွေ သောက်ခိုင်းတာ ဘာသဘောလဲတွေးသည်။ ဒေါက်တာတုတ်ခိုင်က-

"ဒီတော့ ကယ်လစီယမ်ဆေးပြားနဲ့ ဘီဝမ်းနဲ့ ပေးလိုက်မယ်"

ဟု ပြောလိုက်ရာ လှထုံဆက်ခနဲ ဖြစ်သွားပြီး-

"ဒါမျိုးတော့ လုပ်ဖို့မကောင်းပါဘူးဆရာ"

ဟု ပြောလိုက်သည်။

"ဘာဖြစ်ရမလဲ။ စောစောက မိန်းမရဲ့ သားကျတော့





ပိုပြီးအားပြင်းတဲ့ ဘီတူးအားဆေးပေးတယ်။ ကျွန်မသားကျတော့ ဘီဝမ်းပဲ ပေးတယ်။ ဒါ ဘာသဘောလဲ"

"ဟာ- မဟုတ်ဘူးလေ။ ဖြစ်တဲ့ရောဂါချင်းမှ မတူဘဲ။ ပြီးတော့ ဘီဝမ်း၊ ဘီတူးဆိုတာ ဗိုက်တာမင်ဘီကို အုပ်စုခွဲထားတာ၊ အားပြင်းတာပျော့တာနဲ့ မဆိုင်ဘူး"

"လုပ်မနေပါနဲ့။ ကျွန်မကလည်း ခပ်ညံ့ညံ့ထဲက မဟုတ်ပါဘူး။ ဒီလောက်တော့ အကင်းပါးပါသေးတယ်။ ဟိုမိန်းမက ရွှေတွဲလွဲ၊ ငွေတွဲလွဲမို့လို့ ပိုကောင်းတဲ့ဆေးကို ပေးတာမဟုတ်လား။ ဒီလိုမျက်နှာမြင်ရာ ဟင်းဖတ်ပါတာမျိုးတော့ လှထုံတို့က သည်းမခံနိုင်ဘူး"

ဒေါက်တာတုတ်ခိုင်မှာ ဘယ်လိုဆက်ရှင်းပြရမှန်း မသိဘဲ ကြောင်တောင်တောင် ဖြစ်နေ၏။ ပြီးတော့ လှထုံက "မျက်နှာကြီးရာ ဟင်းဖတ်ပါ"ဆိုသော စကားပုံကို မှားပြောမိသည့်အတွက်လည်း ရယ်ချင်သလိုလို ဖြစ်သွား၏။ ဒါကို လှထုံက သူ့ကို လှောင်တာပဲဆိုပြီး ပို၍ မခံမရပ်နိုင် ဖြစ်သွားပြီး။

"ဒီမှာ အထင်တော့မသေးလိုက်နဲ့နော် လှထုံတို့ကလည်း တတ်နိုင်ပါသေးတယ်ဆိုတာ ပြရမှာပေါ့။ နောက်ကို ဆရာနဲ့ မကုတော့ဘူး။ ဆရာထက်သာတဲ့ ဒေါက်တာဦးသုခနဲ့ပဲ ကုတော့မယ်။ ဒါပဲ"

ဟုပြောပြီး မောင်ကျော်လှလက်ကိုဆွဲ၍ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်နှင့် ထွက်သွားသည်။ အိမ်ပြန်ရောက်တော့ ကျော်ကွန့်ကို ထိုအကြောင်းပြောပြပြီး-

"ဘာရမလဲ ကျွန်မကလည်း ဒေါက်တာဦးသုခနဲ့ ပြတော့မယ်လို့ ပြောခဲ့တာပေါ့။ မှတ်ကရော"

"နေစမ်းပါဦး နင်ပြောတဲ့ ဒေါက်တာဦးသုခဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

ကျော်ကွန့်ကမေးသည်။ လှထုံက ညွှံ့သေးတာပဲဆိုသော လေသံဖြင့်-

"ကိုကျော်ကွန့်ကလည်း သတင်းစာလေး ဘာလေး မဖတ်ဘူးလား။ ဘဘဦးသုခကို ဒေါက်တာဘွဲ့ပေးလိုက်ပြီလေ"

"ဟော့ အဲဒါ"

"အင်း- ဘဘဦးသုခဆိုတာ ပညာရှိ၊ သူတော်ကောင်း၊ သူ့လိုဆရာဝန်ထက် အဆတစ်ရာလောက်သာတယ်"

ကျော်ကွန့်မှာ သူ့နဖူးသူရိုက်ပြီး-

"လှထုံရယ် ဘာတွေလျှောက်ပြောနေတာလဲ။ ဆရာကြီး ဦးသုခရတဲ့ ဒေါက်တာဘွဲ့ဆိုတာက စာပေပါရဂူဘွဲ့ကို ပြောတာ။ ဆရာဝန်ဘွဲ့ထက် အများကြီးပိုပြီး အဆင့်မြင့်တယ် သိရဲ့လား"

နောက်တစ်နေ့ကျတော့ ကျော်ကွန့်သည် ဒေါက်တာတုတ်ခိုင်ကို သွားတောင်းပန်ရ၏။ ဒေါက်တာတုတ်ခိုင်က





လည်း လှထုံအကြောင်း သိပြီးသားမို့ ခွင့်လွှတ်ပြီး ရယ်နေလိုက်ရသည်။

♦

ဆေးခန်းအတော်များများမှာ အကူပေက်ထောက်တစ်ယောက်လောက်တော့ ထားလေ့ရှိကြ၏။ ဟိုအရင်က ကွန်ပေါင်ဒါခေါ် ဆေးစပ်သမားဟု ခေါ်သည်။ ခုချိန်မှာတော့ ဆေးတွေက စပ်စရာမလိုတော့သဖြင့် ဆေးပေးသမားဟုခေါ်ရမည်ထင်သည်။

ဒေါက်တာတုတ်ခိုင်၏ ဆေးခန်းကတော့ လူနာလည်း တစ်ပြိုင်တည်း လေးငါးယောက်ပြုဝင်လာတာမျိုး မရှိသဖြင့် အကူခေါ်မထားတော့။ နောက်တစ်ချက်ကလည်း သူက ရပ်ရေး၊ ရွာရေးမှာ ဝင်ကူသလို သူ့ဆေးခန်းမှာလည်း ရပ်ကွက်ထဲကလူတွေက ပြန်ကူကြသည်။

ညနေဘက်ဆိုလျှင် အားလပ်နေသူတွေက သူ့ဆေးခန်းကို ရောက်လာကြသည်။ အပြင်ဘက်က ခုံတန်းလျားမှာထိုင်ပြီး စကားပြောကြသည်။ ဒီအချိန်မှာ ဒေါက်တာတုတ်ခိုင်ကလည်း ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတကို ဖြန့်ဝေသည်။ ဒီလိုနဲ့ သူ့ဆေးခန်းသည် ဟိုတစ်ချိန်က ကာလသားတွေဆုံဆည်းရာ ဆံပင်ညှပ်ဆိုင်လို ဖြစ်နေလေတော့သည်။

နေ့စဉ်နီးပါးလောက် လာတတ်သူက ကိုကြီးငွေမြ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူသည် ဟိုတစ်ခါ မသီးလက်ချက်ဖြင့် ထိပ်ကွဲစဉ်တုန်းက ကျေးဇူးတွေရှိသဖြင့် ဒေါက်တာတုတ်ခိုင်ကို တတ်နိုင်သမျှ လာကူတတ်သည်။ သူက အင်္ဂလိပ်စာလည်း မတောက်တခေါက် ဖတ်တတ်သဖြင့် တော်ရုံတန်ရုံဆေးတွေကို သိနေသည်။ ဒေါက်တာတုတ်ခိုင်ကလည်း သင်ပေးပြပေးထားသဖြင့် ဆေးပေးသည့်ကိစ္စ ဝင်ကူနိုင်သည်။

တစ်ခုပဲရှိ၏။ သူ့ဝသီအတိုင်း ဟိုစပ်စပ် ဒီစပ်စပ် လျှောက်မေးပြီး လူနာတွေလာလျှင် သူက ဦးအောင်-

"ဘာဖြစ်တာလဲ"

မေးတတ်သည်။ ဗိုက်နာလို့ ခေါင်းကိုက်လို့ ချောင်းဆိုးလို့ စသည်ဖြင့် ပြောလျှင် သူက-

"ဒါဆို ဖု(ဒ်)ပွိုင်စင် ဖြစ်နိုင်တယ်။ နမိုးနီးယားဝင်နေပြီလားမသိဘူး"

စသည်ဖြင့် ကြိုတင်ခန့်မှန်းတတ်၏။ သူကောက်ချက်ချတာ မှန်သွားလျှင်-

"ရောဂါဆိုတာ အပေါ်ယံလက္ခဏာကိုကြည့်ပြီး ခန့်မှန်းရတာ လွယ်တယ်မဟုတ်ဘူးဗျ။ အတွေ့အကြုံကလည်း စကားပြောသေးတယ်"

စသည်ဖြင့် ကြွားလို့မဆုံးနိုင်တော့။

ဆေးပေးပြီးလျှင်လည်း ဘာတွေ ဂရုစိုက်သင့်ကြောင်း ဘယ်လိုနေထိုင်သင့်ကြောင်း ဆောင်ရန် ရှောင်ရန်





များကို ဩဝါဒပေးလေ့ရှိ၏။

မောင်ဝနဲ့ကျတော့ ဒီလိုလုပ်လို့မရ။ မောင်ဝသည် မဖျားစဖူးဖျားသဖြင့် ဆေးခန်းလာပြသည်။ သူ့သဘောသာဆိုလျှင်ဖြင့် ခုတင်ကြမ်းတိုက်ပစ်လိုက်ချင်သည်။ ဘီအီးသုံးပက်လောက်ကို ငန်းဆေးနှင့် ရောမွှေပြီး သောက်ချလိုက်ဖို့ စိတ်ကူးသေးသည်။ ဖိုးနီတို့ ပတေးတို့က ဆေးခန်းသွားဖို့ အတင်းတိုက်တွန်းသဖြင့် ရောက်လာရခြင်းဖြစ်၏။

"ဟော့ကောင် မောင်ဝ ဘာဖြစ်လာလို့လဲ"

ကိုကြီးငွေက ဆီးကြိုရင်း မေးသည်။

"ဖျားလို့ပေါ့ဗျ"

"အေး- မင်း အဲဒါ ခက်တာပဲ။ အင်္ကျီကြီးချွတ်ပြီး ချွေးသံတရွှဲရွှဲနဲ့ နေတော့ လေစိမ်းမိပြီး အဆုတ်အအေးပတ်တာ ဖြစ်မှာပေါ့။ ဒါမျိုးက ဂရုမစိုက်ရင်"

"တော်စမ်းပါဗျာ။ ကျွန်တော်လာတာ ဆရာနဲ့ပြဖို့ လာတာ အပေါက်စောင့်နဲ့ ပြဖို့လာတာ မဟုတ်ဘူး။ ခင်ဗျား လေမိတာနဲ့ ပိုတောင် ဖျားချင်လာပြီ"

ဟု ဘုတောပြီး အတွင်းခန်းထဲ စွတ်ဝင်သွား၏။ ပြီးတော့-

"ဆရာ ကျွန်တော်ကို ဆေးပြင်းပြင်းလေး တစ်လုံးလောက် ထိုးပေးစမ်းပါ။ ခုညတွင်းချင်း အဖျားပျောက်ချင်တယ်။ နက်ဖြန် လုပ်စရာအလုပ်တွေ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ပြတ်ပြတ် ပြောတော့သည်။ ဒေါက်တာ တုတ်ခိုင်က-

"ဟ- မောင်ဝရဲ့ အဖျားဆိုတာ ရက်ချိန်းအတိအကျနဲ့ ပျောက်အောင်ကုလို့ရတာ မဟုတ်ဘူးကွ။ မနက်ကျရင် ရှင်းရှင်းပျောက်ရပါစေမယ်လို့တော့ အာမ မခံနိုင်ဘူး။ သက်သာသွားအောင်တော့ လုပ်ပေးလိုက်မယ်။ မင်းက ကိုယ်ခံအားကောင်းတော့ မနက်ကျ ပျောက်ချင်လည်း ပျောက်မှာပေါ့"

"ကျွန်တော်ကတော့ စိတ်မရှည်ဘူးဗျာ။ အဖျားဆိုတာ ခန္ဓာကိုယ်ထဲက ဘယ်နေရာမှာ ရှိနေမှန်းမသိလို့သာပေါ့။ သိရင် ဓားနဲ့ခွဲထုတ်ပစ်လိုက်ချင်တယ်"

ဟု မောင်ဝ စိတ်တိုဟန်ဖြင့် ပြန်ပြောလိုက်သည်။

◆

ကိုကြီးငွေ ဆေးခန်းရောက်လာသောအခါ အတွင်းခန်းထဲမှာ ကုန်းကုန်းကွကွ လုပ်နေသော ဒေါက်တာတုတ်ခိုင်ကို တွေ့လိုက်ရသည်။ တစ်စုံတစ်ခုကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေသလိုမျိုးဖြစ်၏။

"ဘာလုပ်နေတာလည်း ဆရာ"

ကိုကြီးငွေ နှုတ်ဆက်လိုက်မှ လှည့်ကြည့်ပြီး-

"လျှပ်စစ်မီးဖိုပြင်နေတာပါဗျ"

မီးလာတဲ့အချိန်ကျလျှင် ဆေးခန်းမှာ လျှပ်စစ်မီးဖိုနှင့်





ရေနွေးတည်ရသည်။ ထိုရေနွေးမှာ ဆေးခန်းအတွက် သုံးရုံသာမဟုတ်။ စကား လာထိုင်ပြောကြသူတွေ ရေနွေးကြမ်းသောက်ဖို့ အတွက်ပါ တည်ရခြင်းဖြစ်၏။ တစ်ခါတလေ ပဲကြမ်းလှော်တို့ ထန်းလျက်တို့တောင်ပါသေးသည်။

"ကျွန်တော်လုပ်ပေးရမလား ဆရာ"

ကိုကြီးငွေက မေးသည်။

"ရတယ်၊ ရတယ် ပြီးလုပြီ"

ခဏအကြာတွင် မီးခလုတ်ဖွင့် စမ်းသပ်ကြည့်ပြီး ကျေနပ်သွားဟန်ဖြင့် ဝတ်အူလှည့်ပလာယာတို့ကို စားပွဲအံဆွဲထဲ ပြန်သိမ်းသည်။

"ဆရာက ဒါတွေလည်း လုပ်တတ်တယ်နော်"

"တတ်တာပေါ့ဗျ။ ဝါသနာလည်း ပါတာကိုး။ အိမ်မှာ မီးပြင်တာတို့ ဘာတို့ တော်ရုံတန်ရုံဆို ကိုယ့်ဘာသာလုပ်တာပဲ"

ဟု ပြန်ပြောသည်။

သူက ဆရာဝန်သာဆိုတယ် တခြား ဟိုစပ်စပ်၊ ဒီစပ်စပ်လည်း ဝါသနာပါသည်။

ဘုန်းကြီးကျောင်းကို တစ်ပတ်တစ်ခါသွားပြီး ဆရာတော်ကို ကျန်းမာရေး စစ်ဆေးပေးရင်းက ကျောင်းမှ တိုင်ကပ်နာရီပျက်နေတာတွေ့သွားသည်။ ထိုအခါ တပည့်တော်ကြည့်ပေးမယ်ဆိုပြီး နာရီကို ဖြုတ်သည်။ သူ့လက်ဆွဲအိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆေးထိုးအပ်၊ ဘီပီကပ်၊ ဆေးဝါးတွေအပြင် ဝက်အူလှည့်ဓားငယ်၊ ကတ်ကျေးသေးသေးလေး၊ စူးချွန်စသည်တို့ အစုံထည့်ထားသော စွယ်စုံသုံး ပစ္စည်းလေးတစ်ခုလည်း အမြဲပါတတ်သည်။ တိုင်ကပ်နာရီမှာ ဘက်ထရီကြိုးတစ်စ ပြုတ်နေခြင်းသာ ဖြစ်သဖြင့် အလွယ်တကူ ပြင်ဆင်ပြီးသွားသည်။

"ဒီဆရာဝန်ဒကာ စွယ်စုံရသကွယ့်"ဟု ဆရာတော်က ချီးကျူးလေသည်။

ဒေါ်ခင်တီ သွေးနည်းနည်းတက်နေလို့ အိမ်ကို သွားကြည့်ပေးတုန်းကလည်း တရုတ်ကားလာနေသော တီဗွီကို မြင်တော့-

"တီဗွီကလည်း ကာလာတွေ မမှန်ပါလား"

ဟု ဒေါက်တာတုတ်ခိုင်က ပြောသည်။

"ဟုတ်တယ် ဆရာရေ၊ နေ့လယ်က သားတော်မောင်ဓာတ်ခဲက ဘာတွေကလိသွားမှန်း မသိဘူး။ ကျွန်တော်တို့လည်း မလုပ်တတ်လို့ ဒီအတိုင်းထားရတာ။ ဖိုးနီကလည်း အလှူတစ်ခုက ခေါက်ဆွဲဖတ်မှာထားလို့ သွားပို့နေတာ ပြန်မလာသေးဘူး။ သူကတော့ နည်းနည်းပါးပါး လုပ်တတ်တယ်"

ဦးကုလားက ပြန်ဖြေသည်။ ဒေါက်တာတုတ်ခိုင်လည်း ဒေါ်ခင်တီကို သွေးချိန်ပေးပြီးနောက် တီဗွီကာလာတွေကိုပါ ချိန်ပေးသွားသည်။ သူ လုပ်ပေးလိုက်မှ နကိုကထက်တောင် ပိုပြီးကြည်လင်ပြတ်သားသွား၏။ ဒေါ်ခင်တီက





ဒီဆရာဝန်လေးဟာ သွေးပေါင်ချိန်ရုံတင်မကဘူး။ တီဗွီလည်းချိန်တတ်တယ်"

ဟု ပြောလေသည်။

ဒီလိုနဲ့ ဒေါက်တာတုတ်ခိုင်သည် ဆေးကုရာမှာသာတော်ခြင်းမဟုတ်။ လျှပ်စစ်လည်း နားလည်တယ်။ စက်မှုလက်မှုလည်း ကျွမ်းကျင်တယ်ဟု သတင်းကြီးသွားသည်။ ထိုအခါ မီးပူပျက်လို့လာပြင်ခိုင်းတာလည်း လုပ်ပေးရသည်။ အိမ်မှာ ဖြုစ်ပြတ်သွားလို့ လာကြည့်ပေးပါဦးဆိုလည်း သွားရသည်။ တချို့က သူတို့ဝယ်ထားသည့် ကက်ဆက်မှာ ဂျပန်လုပ်အစစ်ဟုတ်မဟုတ် လာစစ်ဆေးခိုင်းသည်။ လက်ပတ်နာရီတစ်လုံးလောက် ဝယ်ချင်လို့ ဘယ်လိုဟာမျိုးကောင်းလည်း လာမေးတဲ့လူလည်း ရှိသည်။ နောက်တော့ တစ်ယောက်ယောက်က ပစ္စည်းတစ်ခုခုဝယ်ဖို့ စိတ်ကူးလျှင်-

"ဆရာနဲ့ တိုင်ပင်ပြီးမှ ဝယ်နော်"

ဟု သတိပေးတာမျိုး ရှိလာသည်။ တချို့ကလည်း-

"ကျွန်မကတော့ ဘာမှ နားမလည်ဘူး။ အဲဒါ ဆရာကိုယ်တိုင်ပဲ သင့်တော်တာလေး ကြည့်ဝယ်ခဲ့ပေးပါနော်"

ဆိုပြီး တာဝန်ပေးလာတတ်သည်။ ဒေါက်တာတုတ်ခိုင်ကလည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးလေ့ရှိ၏။ ထို့ကြောင့် အခါများစွာတို့၌ လူနာကြည့်စရာမရှိသေးလျှင် ဆေးခန်းထဲမှာထိုင်ပြီး တစ်စုံတစ်ယောက် အပ်နှံထားသည့် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို စိတ်ပါလက်ပါ စစ်ဆေးပြုပြင်နေသော ဒေါက်တာတုတ်ခိုင်ကို မြင်တွေ့ရတတ်လေ၏။

ဒါတွင်မကသေး။

♦

တစ်ည။ ဆေးခန်းပိတ်ခါနီးကျမှ ပွကြီးသည် ရေးကြီးသုတ်ပြာ ရောက်ရှိလာပြီး-

"ဆရာ၊ ဆရာ အရေးကြီးလို့ ခဏလိုက်ခဲ့ပါတဲ့"

"ဘယ်သူကလဲ၊ ဘာဖြစ်လို့လဲ"

"ဒေါ်ပိုဆရာ"

"အပျိုကြီးဒေါ်ပိုလား ဘာဖြစ်လို့လဲ"

"သရဲပူးတာလား ဘာလဲ မသိဘူး။ ပွဲကြမ်းနေတယ်"

"ဟာ- သရဲပူးတာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ။ ပယောဂဆရာခေါ်ပေါ့။ အဲ- နေဦး၊ ဦးဖိုးဗြော့ကို ခေါ်ပါလား သူက ဒါမျိုးနားလည်တယ်ဆို"

"ဦးဖိုးဗြော့လည်း မနိုင်ဘူးဆရာရဲ့။ သူတိုက်တဲ့ ရေမန်းနဲ့ သူ့ကို ပြန်ပက်လိုက်တာ ရွှဲရွှဲစိုသွားတာပဲ။ အခု ကျွန်တော်ထွက်လာတော့ ဦးဖိုးဗြော့က စိပ်ပုတီးကို လည်ပင်းမှာ စွပ်ပေးဖို့ ကြိုးစားနေတာပဲ။ အဲဒါ ဆရာများ တစ်ခုခု ကူညီလို့ရမလားဆိုပြီး ခေါ်ခိုင်းလိုက်လို့"

ဒါ သူနဲ့ဆိုင်တဲ့ လိုင်းတော့ မဟုတ်ဘူး။ သို့ရာတွင်





သူက စပ်စုချင်တဲ့လူဆိုတော့ အတွေ့အကြုံတစ်ခု ရအောင် သွားကြည့်ချင်သည်။ ပြီးတော့ ဒါမျိုးက စိတ်နှင့်ဆိုင်သော ဆေးပညာနှင့် ပတ်သက်မှု ရှိနိုင်သည်။ လိုရမယ်ရ ဆေးတချို့ အိတ်ထဲထည့်ပြီး လိုက်သွားသည်။

ဒေါ်ပိုအိမ်ရှေ့ရောက်တော့ အရပ်ထဲက လူတွေရုံးစုရုံးစု ဖြစ်နေကြတာ တွေ့ရ၏။ သူ့ကိုမြင်တော့-

"ဟော- ဆရာလာပြီ"

ဟု အားကိုးသည့်လေသံဖြင့် ရေရွတ်ကြ၏။

"ဘယ်လိုဖြစ်တာလဲ"

သူက မေးလိုက်သည်။ ကိုရှိန်က-

"နာနာဘာဝ ဝင်ပူးတယ် ထင်တာပဲ။ ဘာအမှားလုပ်မိလို့လဲ မသိဘူး"

ထိုစဉ်မှာပင် အိမ်ထဲမှ-

"ငါ့ကို ဘာမှတ်နေလို့လဲ"

ဆိုသော ဒေါ်ပို၏ အသံနှင့် တဆက်တည်း "အား" ခနဲ အော်လိုက်သော ဦးဖိုးဗြော့၏ အသံကို ကြားလိုက်ရ၏။ အိမ်ပေါက်ဝမှ တိုးဝှေ့ချောင်းကြည့်နေသူများလည်း ရုတ်ရုတ်သဲသဲ ထွက်ပြေးကြသည်။

ကျော်ကွန့်သည် ဦးဖိုးဗြော့ကို တွဲပြီး ခေါ်လာသည်။

"ဘယ်လိုဖြစ်တာလဲ"

"ရေမန်းထည့်တဲ့ ဖန်ခွက်နဲ့ ထုလိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးဗြော့နဖူးမှာ ဘုကြီးထွက်ပြီး ယောင်ကိုင်းလာသည်။ ထို့ကြောင့် သူ့ကို ဆေးလိမ်းပေး၊ အကိုက်အခဲပျောက်ဆေးပေးပြီး အရင်ကုရသေးသည်။

ထို့နောက် အားလုံးက ဒေါက်တာတုတ်ခိုင်ကို အားကိုးတကြီး ဝိုင်းကြည့်နေကြတာတွေ့လိုက်ရ၏။ မတတ်သာတော့သဖြင့် ဒေါက်တာတုတ်ခိုင် အိမ်ထဲဝင်လိုက်ရသည်။

"သတိထားနော် ဆရာ"

ဟု ပွဲကြီးက သတိပေးသည်။

ဒေါ်ပိုသည် တဟင်းဟင်းမာန်ဖီသလို လုပ်နေသည်။

"ငါ့ကို ဘာမှတ်သလဲ"

"ငါ့ကို ဘာမှတ်သလဲ"

ဟူ၍လည်း တတွတ်တွတ်ရေရွတ်နေ၏။ ဒေါက်တာတုတ်ခိုင်က မလှမ်းမကမ်းမှာထိုင်ပြီး အကဲခတ်လိုက်သည်။ ပြီးတော့-

"ဒေါ်ပို"

ဟု ဖြတ်ခနဲ တစ်ချက်လှမ်းကြည့်တာ မြင်ရသည်။ ပြီးမှ-

"ကျုပ် ဒေါ်ပိုမဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ"

"နင့်လိုအဆင့်မျိုးကို အရေးလုပ်ပြီး ဖြေရမလား"

ဒေါက်တာတုတ်ခိုင် စဉ်းစားသည်။ ဒေါ်ပိုသည်





အသက်ငါးဆယ်နီးပါးရှိပြီ။ ဒီအရွယ်တွေမှာ မိန်းမသဘာဝအပြောင်းအလဲကြောင့် စိတ်ကယောင်ချောက်ခြားဖြစ်တတ်သည်။ ပြီးတော့ အပျိုကြီးပီပီ အလိုမကျတာတွေ၊ မကျေနပ်တာတွေ၊ မျိုသိပ်ထားရတာတွေ စုပြုံလာရာမှ ပေါက်ကွဲခြင်းဖြစ်နိုင်သည်။ တဒင်္ဂမျှ စိတ်ရောဂါတစ်မျိုး ဝင်သွားခြင်းဟု ခန့်မှန်းသည်။

ထို့ကြောင့် အခန်းပြင်ကို ပြန်ထွက်လာပြီး စိတ်ငြိမ်းဆေးကို အမှုန့်ကြိတ်၍ ရေတစ်ဖန်ခွက်ထဲတွင် ထည့်ဖျော်သည်။ ဖန်ခွက်ကိုယူ၍ အတွင်းခန်းထဲ ပြန်ဝင်သည်။ ဒေါ်ပို၏ ရှေ့မှာ ဖန်ခွက်ကို ချပြီး-

"ကဲ- ဟောဒီရေမန်းကိုသောက်လိုက်"

ဟု အမိန့်ပေးသည့် လေသံဖြင့် ပြောလိုက်သည်။ တစ်ပြိုင်တည်းမှာ ဦးဖိုးဗြော့လို ဖန်ခွက်နှင့် ကောက်ထုမခံရအောင် သတိထားနေရသေးသည်။

"မသောက်ဘူး"

ဟု ဒေါ်ပိုက ပြောသည်။

"သောက်မလား၊ မသောက်ဘူးလား"

"မသောက်ဘူး၊ ဘာဖြစ်လို့ သောက်ရမှာလဲ"

ဒေါက်တာတုတ်ခိုင်က ခေါင်းတစ်ချက် ဆတ်သည်။ လက်ဆွဲအိတ်ကို ဖွင့်ပြီး အထဲက ထိုးဆေးပုလင်းငယ်နှင့် တစ်ခါသုံးဆေးထိုးပိုက်ကို ထုတ်သည်။ ဒေါ်ပိုသည် ဆေးထိုးရမှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြောက်တတ်ကြောင်း သတိရလိုက်သောကြောင့် တစ်မျိုးစမ်းသပ်ကြည့်ဖို့ စိတ်ကူးမိခြင်းဖြစ်၏။ ပုလင်းငယ်လေးကို ဖြတ်သည်။ ဆေးထိုးပိုက်မှာ အပ်ကိုတပ်သည်။ ဆေးကို စုပ်ယူသည်။ ဒေါ်ပိုသည် ပေစောင်းစောင်း ကြည့်နေရာမှ-

"ဒါက ဘာလုပ်မလို့လဲ"

ဟု မေးသည်။

ဒေါက်တာတုတ်ခိုင်က-

"ဆေးထိုးမလို့လေ၊ ဒါ နှယ်နှယ်ရရမှတ်နေသလား။ ဟောဒါက ဆေးရေမှန်း။ ဟောဒီဆေးထိုးအပ်က ကိုးသင်္ချိုင်းသံနဲ့ အထူးစီရင်ထားတာ ကျုပ်အစွမ်းပြရတာပေါ့။ ကဲ- သူ့ကို ဝိုင်းချုပ်ထားလိုက်စမ်း"

ကျော်ကွန့်၊ ပွကြီး၊ ကိုရှိန်တို့က ဒေါ်ပို့အနား ကပ်သွားသည်။ ဒေါ်ပိုသည် ကိုယ်ကို ကြုံ့လိုက်ပြီး-

"ဟင်- မလုပ်နဲ့နော်၊ မလုပ်နဲ့"

"မရဘူး။ ကျုပ်အမိန့်ကို မနာခံတဲ့အတွက် ဒဏ်ခတ်ရမယ်"

ဆိုပြီး ဒေါက်တာတုတ်ခိုင်က ဆေးထိုးအပ် တရမ်းရမ်းလုပ်ရင်း ရှေ့တိုးသည်။ ပွကြီးတို့ကလည်း သူမှာထားသည့်အတိုင်း ဒေါ်ပိုကို နှစ်ဘက်ညှပ် ချုပ်ကိုင်ဖို့ ဟန်ပြင်သည်။

"ဟင့်အင်း- ဟင့်အင်း ဆေးတော့မထိုးဘူး"

ဒေါ်ပိုနောက်ကို ရွှေ့ရင်း အကြောက်အကန် ငြင်း





သည်။

ဒေါက်တာတုတ်ခိုင်က အခွင့်အရေးကို လက်လွှတ်မခံဘဲ မေးလိုက်သည်။ ဒေါ်ပိုသည် ခဏတွေနေပြီးမှ ခေါင်းညိတ်ပြ၏။

"ဒါဆို ရေမန်းသောက်မလား"

"ကဲ- ဒါဆိုသောက်"

ဒေါက်တာတုတ်ခိုင် အမိန့်ပေးသည်။ ဒေါ်ပို ဖန်ခွက်ကို တုန်ယင်နေသောလက်ဖြင့် လှမ်းယူသည်။ တစ်ခုခုလုပ်လိုက်လျှင် ဝင်တားလို့ရအောင် ပွကြီးတို့က မျက်ခြေမပြတ်စောင့်ကြည့်နေသည်။ ဒေါ်ပိုသည် ဖန်ခွက်ထဲက ရေများကို မော့သောက်လိုက်သည်။

"ကုန်အောင်သောက်နော်"

ရေကုန်အောင်သောက်ပြီးနောက် ဒေါ်ပိုက ဒေါက်တာတုတ်ခိုင်ကို စိမ်းစိမ်းကြည့်သည်။ ပြီးတော့-

"ဆရာ့ကို အားနာလို့ အလျှော့ပေးလိုက်တာသိလား။ ကျုပ် သွားမယ်"

ဟု ပြောပြီး ဝါးခနဲ တစ်ချက်သမ်းလိုက်သည်။ ချက်ချင်းပင် ဒေါ်ပို၏ မူလပကတိဟန်ပန်ဖြစ်သွားသည်။ မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး-

"ကျွန်မဘာဖြစ်တာလဲဆရာ လူတွေကလည်း များလှချည်လား ရှက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပင်ကိုယ်လေသံဖြင့် ပြောသည်။ ဒီတော့မှ ဒေါက်တာတုတ်ခိုင်လည်း သက်ပြင်းကြိတ်ချလိုက်ပြီး-

"ဘာမှမဖြစ်ပါဘူး။ မူလဲသွားလို့ပါ။ အခု ကောင်းသွားပါပြီ။ ခဏလှဲနေလိုက်၊ အိပ်ရာကနိုးရင် အားလုံးအဆင်ပြေသွားမယ်"

ဟု ပြောပြီး အပြင်ထွက်လာခဲ့သည်။ ခဏအကြာတွင် မပွေးလိုက်ထွက်လာပြီး-

"အိပ်ပျော်သွားပြီ ဆရာ။ ဆရာ့ရဲ့ ဆေးရေမန်းက တကယ်စွမ်းတာပဲနော်။ ကိုးသီချင်းဆေးထိုးအပ်တောင် မသုံးလိုက်ရဘူး"

ဟု အလွန်အထင်ကြီးသည့် လေသံဖြင့် ပြောသည်။ တခြားလူတွေကလည်း သူ့ကို အံ့ဩစွာကြည့်နေကြ၏။

ထိုနေ့မှစ၍ ဒေါက်တာတုတ်ခိုင်သည် အနောက်တိုင်းဆေးပညာသာမက ပယောဂလည်း ကုနိုင်ကြောင်း နာနာဘာဝများကပင် ချစ်ကြောက် ရိုသေလေးစားကြရကြောင်း ပြောစမှတ်ပြုခြင်း ခံရလေတော့သည်။

♦



# ဒေဝါနန်းမိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



# ဒေဝါနန်းမိတ်ဆက်

"ဒေဝါနန်းဆိုတာ နာမည်ရင်းလားဗျ"

ဟု ဒေါက်တာတုတ်ခိုင်က မေးသည်။

အရင်ကတော့ ဒေါက်တာတုတ်ခိုင်သည် ဆေးခန်းကို ဆိုင်ကယ်လေးစီးပြီး လာတတ်၏။ သိပ်အကောင်းစားတော့ မဟုတ်။ ဟွန်ဒါစူပါကပ် မော်ဒယ်ဟောင်းကလေးသာဖြစ်၏။ အင်ဂျင်ကလည်းကျ၊ ဆေးရောင်ကလည်း မှိန်နေပြီ။ သိပ်လည်း မဆွဲတော့။ တစ်ခါတစ်ခါမှာ ဓာတ်ခဲ၏ စက်ဘီးကတောင် ကျော်ကျော်တက်သွားတတ်သေးသည်။ သူကတော့-

"အိမ်က နည်းနည်းပိုစောထွက်လာလိုက်ရင် ပြီးတာပါပဲဗျာ၊ ဘယ်လောက်မောင်းမောင်း ဒီထက်ပိုမသွားဘူးဆိုတော့ စိတ်လိုက်မာန်ပါ မောင်းလို့ မရတော့ဘူးပေါ့။ အန္တရာယ်

**ပန်းအောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကင်းတယ်လေဗျာ’

ဟု ခပ်အေးအေးပင် ပြောတတ်သည်။

လွန်ခဲ့တဲ့ တစ်လလောက်ကတော့ သူ့ဆိုင်ကယ်လေးကို ရောင်းလိုက်ရသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ရပ်ကွက်ထဲမှာ အမျိုးမျိုး ဝေဖန်ကြသည်။ သူက ဆေးဖိုးလျှော့ရုံသာမက မရှိတဲ့သူကို အလကားကုပေးတာတွေလည်း ပါသေးသဖြင့် စီးပွားရေး တွက်ခြေမကိုက်ဘဲ ဆိုင်ကယ်တောင် ရောင်းလိုက်ရှာပြီဟု တချို့က မှတ်ချက်ချသည်။ တချို့ကတော့ ဒီထက်ကောင်းတဲ့ ဆိုင်ကယ်ဖြစ်ဖြစ်၊ ကားဖြစ်ဖြစ် ဝယ်ဖို့ဟာ စိတ်ကြိုက်မတွေ့သေးလို့ ဖြစ်မှာပေါ့ဟု ထင်ကြေးပေးသည်။

ဘာပဲဖြစ်ဖြစ် ခုအခါမှာတော့ ဒေါက်တာတုတ်ခိုင် ဆိုက်ကားစီးနေပြီ။ ဆိုင်ကယ်ရောင်းပြီး နောက်တစ်နေ့မှာ လိုင်းကားစီးပြီး လာခဲ့ရသည်။ သူ့အိမ်ကဆိုလျှင် လိုင်းကားနှစ်ဆင့်စီးပြီးမှ အနီးဆုံး လမ်းဆုံကို ရောက်သည်။ လမ်းဆုံကနေ ဈေးအထိ တစ်စင်းတည်းသော ဘတ်စ်ကားအိုကြီးကို ထပ်စီးရပြန်သည်။ တကယ်လို့ ဒီဘတ်စ်ကားကြီးသာ ပျက်နေပြီဆိုလျှင် သူတို့ရပ်ကွက်ကလူတွေ မြို့ထဲဘက်သွားဖို့ ကသီလင်တနိုင်လေတော့သည်။

ဒေါက်တာ တုတ်ခိုင်သည် ဆိုင်ကယ် ရောင်းပြီး နောက်တစ်နေ့မှစ၍ ဒီလမ်းကြောင်းကို အသုံးပြုရသည်။ ပထမဆုံးနေ့မှာပင် ဘတ်စ်ကားအိုကြီးက ပညာပြလေသည်။





ဆီပျောက်နေသဖြင့် တော်တော်နဲ့ နှိုးလို့မရ။ ရလုလုလည်း ကျရော မော်တာမှေ့ရလွန်းသဖြင့် ဘက်ထရီဒေါင်းသွားသည်။ ခရီးသည်တွေ ဝိုင်းတွန်းကြရသည်။ တစ်ဖာလုံလောက်ရောက်မှ နိုးသည်။ သူလည်း အတော်မောသွားသည်။

ဈေးရှေ့ရောက်တော့ အတော်နောက်ကျနေပြီ။ ရပ်ကွက်ထဲက သူ့ဆေးခန်းရောက်အောင် ဆိုက်ကားတစ်ဆင့် စီးရဦးမည်။ ဂိတ်ထဲမှာရှိသည့် ဆိုက်ကားဆရာတွေကို ဝေ့ကြည့်လိုက်သည်။ ငယ်ငယ်ရွယ်ရွယ် တောင့်တောင့်တင်းတင်း ဆိုက်ကားဆရာကို ရှာခြင်းဖြစ်၏။ ဒါမှ အမြန်ရောက်နိုင်မည်။

‘ဆိုက်ကား ၃ ရပ်ကွက်ထဲ သွားချင်လို့’

ဟု သန်မာပုံရသော လူငယ်တစ်ယောက်ကို ရွေး၍ ခေါ်လိုက်သည်။ တကယ်တော့ ဆိုက်ကားတို့ ထုံးစံမှာ လမ်းက ဖြတ်ခေါ်လျှင်သာ ကိုယ့်သဘောနှင့်ကိုယ် လိုက်ခွင့်ရှိ၏။ ဂိတ်မှာ လာခေါ်လျှင်တော့ အလှည့်ကျသာလိုက်ရသည်။ ထို့ကြောင့် လူငယ်က တဲလေးအတွင်းသို့ လှည့်ကြည့်ပြီး။

“ဒေဝါနန်း ၃ သွားချင်လို့”

ဟု လှမ်းအော်သည်။ ကျားထိုးနေကြသူ နှစ်ယောက်ထဲက တစ်ယောက် ထရပ်သည်။

“ဝင်းမောင်၊ ငါ့အစား မင်းဆက် ကစားထားလိုက်”

ဟု မည်းမည်းလုံးလုံး တစ်ယောက်ကို လှမ်းမှာပြီး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါနန်းဆိုသော ဆိုက်ကားဆရာကိုကြည့်ပြီး ဒီနေ့တော့ ဆေးခန်းကို စံချိန်တင်လောက်အောင် နောက်ကျပြီးမှ ရောက်တော့မည်ဟု တွက်လိုက်မိ၏။

ဒေဝါနန်းဆိုသူမှာ အသက် ငါးဆယ်ကျော်ကျော်၊ ဆိုက်ကားဆရာဆိုသော ဂုဏ်ဒြပ်နှင့် မလိုက်ဖက်အောင်ပင် ပိန်လွန်းလှ၏။ သူပိန်ပုံက အပေါ်မှအောက်သို့ ရှူးပြီး ပိန်သွားခြင်းဖြစ်၏။ ပုဆိုးတိုတို အောက်မှထွက်ပေါ်နေသော ခြေသလုံးတွေက ချိုင်းထောက် နှစ်ချောင်းလား ထင်ရသည်။ စွပ်ကျယ်အင်္ကျီ ဝတ်ထားသဖြင့် လက်မောင်းများနှင့် တစ်စွန်းတစ်စပေါ်နေသော နံရိုးများကို မြင်သာသည်။ ထိုအခါ ဆေးတက္ကသိုလ်မှာတုန်းက စကယ်လီတန်ခေါ် လူ့အရိုးစုများအကြောင်း သင်ခဲ့ရတာကို သွားသတိရမိသေးသည်။

ဒီလို လူနင်းတဲ့ ဆိုက်ကားစီးရမှာ လူလူချင်း ညှင်းပန်းနှိပ်စက်သလို ဖြစ်နေမလားပဲဟုလည်း တွေးမိသေးသည်။ ဒေဝါနန်းကတော့ ဆိုက်ကားကို တွန်းထုတ်လာပြီး။

'တက်လေ ဆရာ'

ဟု ပြောနေပြီ။ ထို့ကြောင့် ဆိုက်ကားပေါ် တက်ထိုင်လိုက်ရ၏။

ဒေဝါနန်း၏ ဆိုက်ကားသည်လည်း သူ့သခင်လိုပင် ခနော်နီခနော်နဲ့ ဖြစ်၏။ သွားနေရင်း ချိုင့်ထဲကျလျှင် ကျတဲ့ဘက်ကို အိခနဲ စောင်းကျသွားတတ်၏။ သွားတော့လည်း





ဖြည်းဖြည်းနှေးနှေး။ ဒေါက်တာတုတ်ခိုင်စိတ်ထဲမှာ ဆိုက်ကားခပေး ပြန်လွှတ်ပြီး လမ်းဆင်းလျှောက်ရကောင်းမလားတောင် တွေးမိ၏။

ထိုစဉ်မှာပင် ဒေဝါနန်းက-

"ဆရာ၊ ဆရာ့ ဆိုင်ကယ်ပျက်နေလို့လား"

ဟု မေးလိုက်သည်။

"ရောင်းလိုက်တာပါ"

ခုလိုမေးကတည်းက ဒေဝါနန်းက သူ့ကို သိနှင့်နေကြောင်း ထင်ရှားသည်။

"ကားပြန်ဝယ်မှာမို့လို့လား"

ထပ်မေးသည်။

"မဝယ်နိုင်ပါဘူးဗျာ"

"အင်းပေါ့လေ။ ဆရာက စီးပွားရေးမှ မဆန်ဘဲကိုး"

"ဗျာ"

"ဩော်- ဆရာက ဆေးကုခ လျှော့ယူတဲ့အပြင် တချို့ဆင်းရဲတဲ့ လူတွေဆို အလကားတောင် ကုပေးတယ် မဟုတ်လား။ ဒီတော့ စုမိဆောင်းမိ ဘယ်ရှိပါ့မလဲ"

ဒေါက်တာတုတ်ခိုင်က ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်၏။

"ဒါနဲ့ ဆရာ့မှာ မိန်းမရှိလား"

ဟု ရုတ်တရက် မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

ဟု ဖြေရ၏။

"ဒါဆို ကျွန်တော့်လိုပဲ လူပျိုကြီးပေါ့"

ဒေါက်တာတုတ်ခိုင် ခေါင်းညိတ်သည်။

"လူပျိုကြီးဘဝဟာ ကောင်းလည်း ကောင်းတယ်။ မကောင်းလည်း မကောင်းဘူး ဆရာရဲ့"

"ဘာဖြစ်လို့လဲ"

"ကောင်းတယ်ဆိုတာက နားပူသက်သာလို့၊ နားအေးပါးအေးနေရလို့ပဲ။ ဒါပေမယ့် တစ်ခါတစ်ခါတော့ တစ်ယောက်ထဲ ပျင်းခြောက်ခြောက်ကြီးဗျ"

ပြောရင်း ဆိုရင်းက ဆေးခန်းရှေ့ရောက်လာသည်။

"ဘယ်လောက်ပေးရမလဲ"

ဒေါက်တာတုတ်ခိုင်က မေးတော့-

"သူများဆို သုံးဆယ်ယူတယ်။ ဆရာကတော့ နှစ်ဆယ်ပဲပေးပါ"

"ဟာ- မဟုတ်တာ ထုံးစံအတိုင်းယူပေါ့"

ဆိုပြီး ငွေသုံးဆယ်ပေးရာ မရဘဲ တစ်ဆယ်အတွင်း ပြန်ပေးရင်း-

"ကျွန်တော့်တုန်းကလည်း ဆရာက လျှော့ယူခဲ့တာပဲဟာ"

"ဟင်- ဘယ်တုန်းကလဲ"





"ဆရာကတော့ ဘယ်မှတ်မိမလဲ။ လူနာအများစုနဲ့ကိုး။ လွန်ခဲ့တဲ့ နှစ်လလောက်ကလေ ဆီးရောဂါဖြစ်ချင်လို့ ဆရာ့ဆီလာတာ၊ အဲဒီတုန်းက ဆေးဖိုးမလောက်လို့ နောက်ရက်မှ လာပေးမယ်ပြောတော့ ဆရာက နေပစေ လာမပေးနဲ့လို့ ပြောခဲ့တာလေ။ ကျွန်တော်က ဒီနေ့ ပိုက်ဆံ မယူဘူးတောင် စဉ်းစားထားတာ မတတ်သာလို့သာ"

ဒေါက်တာတုတ်ခိုင်လည်း သူ့စေတနာကို လေးစားသည့်အနေဖြင့် ငွေတစ်ဆယ်ကို အိတ်ထဲ ပြန်ထည့်လိုက်ရသည်။

"ဒါနဲ့ ညဆေးခန်းပိတ်တော့ ဆရာဘယ်လိုပြန်မလဲ"

"အဆင်ပြေသလိုပေါ့"

"ကျွန်တော် လာကြိုပေးရမလား"

ခဏ စဉ်းစားပြီးမှ-

"ကောင်းသားပဲ။ တစ်ခုတော့ရှိတယ်။ ဆိုက်ကားခ လျှော့ယူမယ်ဆိုရင်တော့ မဖြစ်ဘူးနော်"

"ဒါပေါ့ ဆရာ၊ အမြဲတမ်းတော့ ဘယ်လျှော့နိုင်မလဲ"

အစတုန်းကတော့ ဒီဆိုက်ကားဆရာ မလွယ်ဘူးထင်တယ်ဟု တွေးခဲ့မိသည်။ ခုကျတော့ သူ့ကိုပင် လာကြိုခိုင်းမိပြန်၏။ ငွေတစ်ဆယ်လျှော့ပေးထားသဖြင့် အားနာသွားတာလည်း ဖြစ်နိုင်သည်။ အသက်ကြီးသူမို့ သနားပြီး အားပေးချင်တာလည်း ပါနိုင်၏။ စကားပြောကြည့်ပြီးနောက် အလိုလို ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်လာတာက အဓိက ဖြစ်လေသည်။

နောက်ပိုင်းကျတော့ ဒေ၀ါနန်း၏ ဆိုက်ကားကိုပင် ပုံမှန်စီး ဖြစ်သွားသည်။ ဆိုက်ကားဂိတ်က လူတွေကလည်း နားလည်မှုထားပေးကြသည်။ ဒေါက်တာတုတ်ခိုင် ရောက်လာလျှင် ဘယ်သူ့အလှည့်ဖြစ်ဖြစ် ဒေ၀ါနန်းကိုသာ လိုက်ပို့စေသည်။

ဒီလိုနဲ့ ဒေ၀ါနန်းနှင့် ပိုမိုရင်းနှီးလာပြီး သူ့အကြောင်းကိုလည်း တစ်စတစ်စ ပိုသိလာလေ၏။

♦

"ဒေ၀ါနန်းဆိုတာ နာမည်ရင်း မဟုတ်ပါဘူး ဆရာရဲ့။ သူများတွေက နောက်ပြောင်ခေါ်ရင်း တွင်သွားတာ။ ကျွန်တော့်နာမည်ရင်းက အန်းတိတ်တဲ့"

ဒေ၀ါနန်းဆိုသော နာမည်ပြောင် ဘယ်လိုဖြစ်တာလဲ မေးမယ်ကြံကာမှ နာမည်ရင်းက အန်းတိတ်ဆိုပြန်တော့ အစက စမေးရမလို ဖြစ်နေ၏။ နောက်တော့မှ ရှေ့မှီ၊ နောက်မှီဖြစ်သော ကိုရှိန်က ပြောပြသည်။

ဒေ၀ါနန်း၏ အဖေမှာ တရုတ်ကပြား ဖြစ်၏။ ထို့ကြောင့် သူ့သားကို အန်းတိတ်ဟု အမည်ပေးခဲ့ခြင်းဖြစ်၏။ ဒီအတိုင်းအတိအကျတော့ ဟုတ်ချင်မှ ဟုတ်မည်။ ဘေးလူတွေက သူတို့အသံထွက်ကို မခေါ်တတ်သဖြင့် အန်းတိတ်ဟူ





၍သာ တွင်သွားခြင်းလည်း ဖြစ်နိုင်၏။

တရုတ်သွေးပါသော မောင်အန်းတိတ်သည် တရုတ်စာများဖြစ်သော ၀က်ခေါက်ကင်၊ ပေါက်စီ၊ ခေါက်ဆွဲကြော်၊ ကြေးအိုး စသည်တို့ကို လုံး၀မကြိုက်။ အိန္ဒိယအစားအစာများဖြစ်သော ဘယာကြော်သုပ်၊ တိုရှည်၊ အာလူးပူရီ၊ ဒံပေါက်ထမင်းတို့ကိုသာ ကြိုက်သည်။ သူ အနှစ်သက်ဆုံး အစားအစာမှာ ချစ်တီးထမင်းဟင်းဖြစ်သည်ဟု သိရ၏။

ရုပ်ရှင်ဆိုလျှင်လည်း ကုလားကားများကိုသာ ကြည့်တတ်သည်။ သူတို့ ငယ်ငယ်က မြို့ထဲမှာ ရုပ်ရှင်ရုံတစ်ရုံသာ ရှိ၏။ (ခုထိလည်း တစ်ရုံပဲ ရှိပါသည်။) ထိုရုပ်ရှင်ရုံမှာ ကုလားကားတွေ မကြာခဏ ပြလေ့ရှိ၏။ မြွေမင်းသား၊ မြွေမင်းသမီးများပါသော နာဂင်း၊ အနာကလီ၊ အာ၀ါရား၊ မားသားအိန္ဒိယား စသောဇာတ်ကားများဖြစ်၏။ ထိုဇာတ်ကားများထဲမှ မင်းသား၊ မင်းသမီးများဖြစ်ကြသော ရာဂျ်ကဖူး၊ ဒီလစ်ကူးမား၊ နရဂစ်၊ ဆူနီဒတ်၊ မာလာဆင်ဟာ၊ ဗီဂျန်တီမာလာ၊ မီနာကုမာရီတို့သည် ပရိသတ်အသည်းစွဲပင် ဖြစ်၏။

"ခုခေတ်မင်းသားတွေ ဖြစ်တဲ့ ဂျက်ကီရှရော့ဖ်တို့ ကြမ်းတယ်၊ ရမ်းတယ်ဆိုတာ ဘာဟုတ်သေးလဲကွ။ ဟိုအရင်က ရမ္မကျီးဇာတ်လမ်းတွဲတွေကို ခြေဖျားတောင်မမီဘူး"

ဟု သူက ပြောတတ်သည်။ ပြောရင်းက စိတ်ပါလာလျှင် 'အာ၀ါရားဟို. . .'ဆိုသော သီချင်း 'ပြာရေ. . .ပြာရေ' အစချီ သီချင်းများကို ဌာန်ကရိုဏ်းကျကျ ဆွဲဆွဲငင်ငင် ဆိုပြ



www.burmeseclassic.com

www.burmeseclassic.com



တာများ အိန္ဒိယအဆိုကျော် မာမက်ရဖီနှင့် နင်လား၊ ငါလားပဲ။

အိန္ဒိယ မင်းသားတွေထဲမှာ သူအကြိုက်ဆုံး အသည်းစွဲကတော့-

"ရှုရှတ်ခန် ချောတယ်ဆိုတာ ဒေဝါနန်းက ပျင်းတောင် ပျင်းသေးတာပေါ့ကွာ။ အိုက်တင်ရော၊ အကြမ်းရော၊ အလွမ်းရော စွယ်စုံရတဲ့ ရှာမှရှားတဲ့ မင်းသားကွ"

ဟု ပြောတတ်သည်။

ထိုမင်းသားသည် သူတို့ငယ်ငယ်က နာမည်ကျော်ခဲ့သူဖြစ်၏။ တကယ်တော့ ထိုမင်းသား၏ နာမည်မှာ အိန္ဒိယအသံထွက်အရ ဒေ့ဗ်အာနန်သာ ဖြစ်၏။ သို့ရာတွင် မြန်မာတွေက ဒေဝါနန်းဟူ၍သာ နှုတ်ကျိုးနေကြသည်။

တစ်ချိန်က အမေရိကန်မှာ ပရက်စလေ၊ မြန်မာနိုင်ငံမှာ ဝင်းဦးတို့ လျှမ်းလျှမ်းတောက် ကျော်ကြားကြခဲ့သလို အိန္ဒိယဆိုသည်မှာလည်း ဒေဝါနန်းသည် ခေတ်တစ်ခေတ်ကို ပိုင်စိုးခဲ့သူဖြစ်၏။ သူသည် အသက်အရွယ် ကြီးရင့်လာသည်အထိ ပရိသတ်ကို ဖမ်းစားနိုင်ဆဲ ရှိခဲ့သည်။

တစ်ခါက ဒေဝါနန်းသည် တက္ကသိုလ်ကျောင်းတစ်ကျောင်းနားမှာ ရုပ်ရှင်သွားရိုက်ရသည်။ နေ့လယ်ကျတော့ ဒေဝါနန်းက အိမ်ပြန်ထမင်းစားဖို့ ကားနှင့် ထွက်လာသည်။ ထိုအချိန်မှာ ကျောင်းသူများလည်း ထမင်းစားဖို့ ကျောင်းအဆင်း သွားဆုံသည်။ ဒေဝါနန်းကိုမြင်တော့ ကျောင်းသူတွေက ကားကိုဝိုင်းပိတ်ဆို့ထားပြီး အော်တိုလက်မှတ် ထိုးခိုင်း





သည်။ တခြားကျောင်းသူတွေကလည်း သတင်းကြားပြီး ထပ်ရောက်လာပြန်သည်။ ဒေဝါနန်းမှာ ကျောင်းသူတွေကြားမှာ ပိတ်မိနေတော့သည်။ ထို့ကြောင့်-

"နည်းနည်းလောက် လမ်းဖယ်ပေးကြပါ။ ကျွန်တော် ထမင်းမစားရသေးလို့ပါ"

ဟု တောင်းပန်ရသည်။ ဒီအခါကျမှ ပိုဆိုးလေတော့သည်။ ကျောင်းသူတွေက-

"ထမင်းမစားရသေးရင် ကျွန်မတို့ ထမင်းဘူးထဲက စားပါ"

ဆိုပြီး ထမင်းဘူးတွေ သူ့ထက်ငါ လုယက်ပေးကြသဖြင့် ဒုက္ခရောက်ရပြန်သည်။ နောက်ဆုံးတော့ အားလုံးကျေနပ်အောင် ထမင်းဘူးတစ်ဘူးကို တစ်ဇွန်းစီ ခပ်စားလိုက်ရသည်။ ဒါတောင် ထမင်းဘူးစေ့အောင် မစားနိုင်သဖြင့် မနည်းတောင်းပန်ပြီး ထွက်ခဲ့ရသည်ဟု အဆိုရှိ၏။ ထိုအချိန် ဒေဝါနန်း၏ အသက်မှာ ငါးဆယ်ကျော်နေပြီတဲ့။

"အဲဒီလောက်ထိ ကျော်ကြားခဲ့တာကွ"

အန်းတိတ်ကြီးက ထိုအကြောင်းကို မကြာခဏတဖွဖွ ပြောလေ့ရှိ၏။ ဒေဝါနန်းအကြောင်း ပြောလွန်းလို့ သူ့ကို ဒေဝါနန်းဟု နောက်ပြောင်ခေါ်ကြရာမှ ဒီနာမည်တွင်ခဲ့ရခြင်း ဖြစ်၏။

♦



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါနန်း၏ ဆိုက်ကားကို စီးရတာ သိပ်ပွဲမောင်ဝ၏ လှည်းသမား ဝတ္ထုထဲကလိုပင် ဖြစ်၏။ လှည်းသမားသည် လမ်းတစ်လျှောက်လုံး ပတ်ဝန်းကျင် အခြေအနေအကြောင်း အဆက်မပြတ်ပြောသွားသဖြင့် သရုပ်ဖော်ဝတ္ထုရေးဆရာတစ်ယောက်လိုပင် ဖြစ်နေသည်။

ဒေဝါနန်းကျတော့ ဟစ်မျိုး။ လူတွေအကြောင်း ပြောတတ်ခြင်းဖြစ်၏။ ဆိုက်ကားနင်းလာရင်း လမ်းမှာတွေ့သမျှ လူတွေအကြောင်း တရစပ်ပြောပြခြင်းဖြစ်၏။ သူက လူတော်တော်များများအကြောင်းကိုလည်း သိသည်၊ ဘယ်လိုစပ်စပ်စုစု လုပ်ထားသလဲတော့မသိ။

"အဲဒီ ကောင်မလေးက အတော်ကံဆိုးရှာတယ်ဆရာရဲ့။ ကြည့်ပါလား၊ မွေးခါနီး ဖွားခါနီး ဗိုက်ကြီးတကားကားနဲ့တောင် ဈေးတောင်းခေါင်းရွက်ပြီး လိုက်ရောင်းနေရသေးတယ်။ သူ့ယောကျ်ားက အရက်သမားလေ၊ ဘာအလုပ်မှ မလုပ်တဲ့အပြင် ကောင်မလေး ရှာသမျှ အကုန်သောက်ပစ်တာပဲ။ ကောင်မလေးကလည်း မိုက်တာကိုး ဆရာရဲ့။ ဟိုအရင်က သူ့ကို တဖက်သတ်ကြိုက်တဲ့ ကောင်လေးက တော်ရှာပါတယ်။ ရုပ်ကလေးကတော့ ဆိုးတာပေါ့။ အဲဒါကို ကောင်မလေးက ရုပ်ချောတာမက်ပြီး ဟိုကောင် သွားယူတော့ ဒုက္ခရောက်ရောပေါ့"

လမ်းမှာ ဖြတ်သွားရင်း တွေ့သည့် ကောင်မလေး





တစ်ယောက်အကြောင်းပြောပြနေခြင်းဖြစ်၏။ ဒါတွင်မက-

"သူ့အဖေက ကျွန်တော့် သူငယ်ချင်းလေ။ ဘုန်းကြီးကျောင်းမှာ တူတူနေခဲ့တာပေါ့။ ဒီကောင်ကတော့ လောင်းကစားကို အားကြီး ဝါသနာပါတယ်။ သူ့အလုပ်ကိုက အသုဘလိုက်ရှာပြီး ဖဲရိုက်တာလေ။ ဒီတော့ သားသမီးကို ဖိဖိစီးစီး မစောင့်ရှောက်နိုင်၊ မဆုံးနိုင်ဘူးပေါ့။ သူ့မိန်းမကလည်း အသုံးမကျဘူး"

စသည်ဖြင့် စောစောက ကောင်မလေး၏ အဖေအကြောင်း၊ ထို့နောက် အမေအကြောင်း ထိုမှတစ်ဆင့် ထိုမိန်းမ၏ မောင်ကတော့ စီးပွားရေးအဆင်ပြေနေကြောင်း၊ အစ်မဖြစ်သူကို သံယောဇဉ်ရှိသော်လည်း ယောက်ဖကို မျက်နှာကြောမတည့်သဖြင့် ခပ်ကင်းကင်းနေကြောင်း၊ ထိုသူ၏ သားသမီးတွေကတော့ လိမ္မာကြောင်း၊ အကြီးမလေးဆို ဆယ်တန်းရောက်နေပြီဖြစ်ကြောင်း-

"ဒါကလည်း သူ့ မိန်းမအထိန်းအသိမ်းကောင်းလို့ပါ။ အစကတော့ အဲဒီမိန်းမရဲ့ မိဘတွေက သဘောမတူဘူး။ နောက် ဒီကောင် စီးပွားရေး ကောင်းလာမှ အဆင်ပြေသွားတာ။ ဒီကောင့် ယောက္ခမတွေက ငွေမက်တယ်လေ။ အသုံးအစွဲကလည်း ကြီးတော့ ပေးမလောက်ပဲ ဆရာရဲ့"

စသည်ဖြင့် လူတစ်ယောက်အကြောင်းပြောလျှင်ထိုသူနှင့် ဆက်စပ်ပြီး ရှိသမျှ ဆွေမျိုးတွေအကြောင်းပါ တစ်သီ

www.burmeseclassic.com



တစ်သန်းကြီး ပြောတော့သည်။ ဒီလိုနဲ့ ဒေါက်တာတုတ်ခိုင်သည် ဈေးမှ ဆေးခန်းသို့သွားရာလမ်းတစ်လျှောက် လူတွေအကြောင်းကို ဒေဝါနန်းဆီက တစ်ဆင့် သိနေလေ၏။

တစ်ခါတလေ ဆေးခန်းရောက်သည်အထိ ဆွေစဉ်မျိုးဆက်မပြတ်ဘဲ ရှိနေသည်။ ထိုအခါကျတော့ ညဘက်လာကြိုရင်း လမ်းမှာ ဒုတိယပိုင်းကို ဆက်သည်။

"ကျွန်တော် သေသေချာချာ သတိပေးရက်နဲ့ သူတို့က အလေးအနက်မှုမထားဘဲ ခုတော့ ကိုယ်ကျိုးနည်းကုန်ကြတာပေါ့"

ဟု ရုတ်တရက် ပြောလိုက်သဖြင့် ဒေါက်တာတုတ်ခိုင် ကြောင်သွားသည်။

"ဘာ- ကိုယ်ကျိုးနည်းတာလဲ"

"ဟော- ညနေက ကျွန်တော်ပြောလေ။ သားသမီးကို အလိုမလိုက်သင့်ဘဲ လိုက်တဲ့လင်မယားလေ"

ဒေဝါနန်းက ဒီလိုပဲ။ သူပြောချင်တဲ့အကြောင်းကို အရင်းမရှိအဖျားမရှိပြောတတ်သည်။ သူ့စိတ်ကူးနှင့်သူတော့ ဟုတ်သည်။ တဘက်လူအဖို့ကျတော့ သူပြောခဲ့တဲ့ အကြောင်းအရာတွေက များလွန်းသဖြင့် ဘယ်အကြောင်းကို ပြန်ဆက်တာမှန်းမသိတော့။ ထိုအခါမျိုးတွင် သူက ဒါလေးတောင် မသိရကောင်းလားဆိုသော ပုံစံဖြင့် မကျေမနပ် ဖြစ်တတ်သည်။

ပိုဆိုးတာက သူကိုယ်တိုင်လည်း ဘယ်သူ့ကို ဘယ်





အကြောင်း ပြောထားမှန်းမမှတ်မိ။ တစ်ခါတလေ တခြားလူတစ်ယောက်ကို ပြောထားသည့် အကြောင်းအရာ၏ အဆက်ကို ဒေါက်တာတုတ်ခိုင်ကို လာပြောချင်ပြောတတ်သည်။

"ကိုတင်မောင်ကလည်း သူ့ကိုယ်သူ ဟုတ်လှပြီ။ ပိရိလှပြီဆိုပြီး အိမ်ကို ခပ်တည်တည်နဲ့ ပြန်လာတာကိုး ဆရာရဲ့"

"ကိုတင်မောင်ဆိုတာ ဘယ်သူလဲ"

ဟု ဒေါက်တာတုတ်ခိုင်က မေးရသည်။

"ဟာ- ဆရာကလည်း မေ့တတ်ရန်ကော၊ လူရှေ့သူရှေ့မှာ အာဘောင်အာရင်းသန်သန် ပြောပြီး မိန်းမရှေ့ကျတော့ တုတ်တုတ်မှ မလှုပ်ရဲတဲ့ ကိုတင်မောင်လေ"

"ကျွန်တော့်ကို မပြောဖူးပါဘူးဗျာ"

"ဘာဖြစ်လို့ မပြောရမှာလဲ။ ဟိုတစ်ရက်ကလေ သူ့မိန်းမ မသိအောင် လစ်ထွက်ပြီး ပိုက်ကာသွားဆွဲတာ၊ အဲဒီအကြောင်းပြောရင်း ဆိုက်ကားဘီးပေါက်သွားလို့ စကားစပြတ်သွားတာလေ"

ဟု အတင်းငြင်းသည်။ ဒေါက်တာတုတ်ခိုင်မှာ သူပြောတဲ့ ကိုတင်မောင်ဆိုတာ တစ်ခါမှ မကြားဖူးခဲ့။ သို့ရာတွင် ဒေဝါနန်းက ပြောကိုပြောပါတယ်ဟု အခိုင်အမာ ဆိုနေသည်။ ဒေဝါနန်းက စွဲမိစွဲရာကို ဖွတ်ပြောတတ်တာက တစ်ကြောင်း၊ သူပြောတာတွေကို တစ်ခါတစ်ခါမှာ ဒေါက်တာတုတ်ခိုင်က ကိုယ့်အတွေးနှင့်ကိုယ်မို့ မကြားမိတာမျိုး ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာတစ်ကြောင်းကြောင့်-

"အင်း- ဟုတ်ပါပြီ။ ဆိုပါဦး"

ဟု စကားထောက်လိုက်ရ၏။ ထိုအခါကျမှ ဒေဝါနန်းကလည်း ကျေနပ်သွားပြီး ဆက်ပြောသည်။ ဒေါက်တာတုတ်ခိုင်မှာ တီဗွီဇာတ်လမ်းတွဲကို ကြားဖြတ်ကြည့်ရသလို ရေးတေးတေးသာ နားလည်လိုက်လေသည်။ ဒီလိုပဲ ဒေါက်တာတုတ်ခိုင်ကို ပြောလက်စအကြောင်းအရာကို ဆိုက်ကားဂိတ်မှာ ဆက်ပြောသဖြင့် ပြဿနာ ဖြစ်ရတာလည်း ခဏခဏပဲ။

တစ်ခါတစ်လေ ဆိုက်ကားနင်းလာရင်း လမ်းဘေးမှာတွေ့သည့် မိန်းမတစ်ယောက်ကို ညွှန်ပြပြီး။

"အဲဒါပေါ့၊ ယောကျ်ားကို အမြဲ ပူညံပူညံ လုပ်တတ်တဲ့ ဒွေးဒွေးမြင့်ဆိုတာ"

ဟု ပြောတတ်သည်။ ဒီလိုအခါမှာတော့ ဒေါက်တာတုတ်ခိုင်က ပါးသွားပြီ။ သိသိ၊ မသိသိ 'သြော်- ဟုတ်လား' ဆိုပြီး သိသလိုလို ရောချလိုက်သည်။ ဒေဝါနန်းကို ဆက်ပြောသည်။ ဒေါက်တာတုတ်ခိုင်လည်း သူ့ဘာသာ တွေးချင်ရာတွေးနေလိုက်တော့သည်။

◆

ဒေဝါနန်းက ထမင်းစားလျှင် ဈေးအသက်သာဆုံးဆိုင်မှာစားတတ်သည်။ ဟင်းကျတော့လည်း ဈေးအနည်းဆုံး





ဖြစ်သော ဘဲဥချဉ်ရည်နှင့် စားတာများသည်။ ဒါတောင် 'တစ်ခြမ်းပဲထည့်ဗျာ'ဆိုတာမျိုး လုပ်တတ်သည်။ တစ်ခါတလေ ဘဲဥဟင်းတောင် ဈေးများလို့ဆိုပြီး ခရမ်းသီးနှပ်တို့၊ မျှစ်ကြော်တို့လောက်ပဲမှာပြီး ငပိရည် တို့စရာတွေ အများကြီး စားသဖြင့် ဆိုင်ရှင်က မကြည်မလင်ဖြစ်ရသေးသည်။

ညစာကိုတော့ အိမ်မှာပဲ ချက်စားသည်။ ဒါလည်း ကောင်းကောင်းကန်းကန်းမဟုတ်။ ငါးခြောက်နှင့် အာလူး သို့မဟုတ် ပဲဟင်း၊ ဒါမှမဟုတ် ကန်စွန်းရွက်ကြော်၊ တစ်ခါတလေ ဝက်ခေါင်းသုတ်၊ ကြက်ရိုးသုတ်၊ ပဲကုလားဟင်း စသည်တို့ ဝယ်စားတတ်သည်။

ထို့ကြောင့် သူ့ကို ကပ်စေးနဲသည်ဟု ထင်ကြ၏။ သူ့အနေနှင့်တော့ ခုလို ချွေတာရတာ အကြောင်းရှိသည်။ သူက ရုပ်ရှင်တို့၊ ဗီဒီယိုတို့ အလွန်ကြိုက်သည်။ ညစဉ်ညတိုင်း ဗီဒီယိုတစ်ကားလောက်မှ မကြည့်ရလျှင် အိပ်လို့ ပျော်သူမဟုတ်။ တစ်ခါတလေများ တစ်ရုံပြီးတစ်ရုံကူးပြီး နေ့တစ်ပွဲ၊ ညတစ်ပွဲ ကြည့်တတ်သည်။ ရုပ်ရှင်ရုံမှာ ကားသစ်လဲပြီဆိုလျှင်လည်း ပြေးကြည့်လိုက်သေးသည်။

ဒါတွင်ပဲလားဆိုတော့မဟုတ်သေး။ သူက သီချင်းဆိုတာလည်း ဝါသနာပါသည်။ ဟိုအရင်ကတော့ ညဘက်ဆိုက်ကားနင်းရင်း အော်ဆိုရတာပေါ့။ ဆိုက်ကားဂိတ်မှာ ခရီးသည်မျှော်ရင်း ညည်းရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကာရာအိုကေဆိုတာ ပေါ်လာပြီ။ အစပိုင်းမှာ ခေတ်ပေါ် စတီရီယိုသီချင်းတွေသာ ရှိသဖြင့် မပတ်သက်ဘဲ နေနိုင်ခဲ့သည်။ နောက်တော့ ခေတ်ဟောင်းသီချင်းတွေ၊ ဟိုအရင် ရေဒီယိုမှာ ခေတ်စားခဲ့သည့် သီချင်းတွေပါ ရောက်လာသောအခါ မနေနိုင်တော့။ သူပါ ဝင်ဟဲတော့သည်။

ကာရာအိုကေက ဗီဒီယိုလို ဈေးသက်သက်သာသာ မဟုတ်။ တစ်ပုဒ်တည်းဆိုလျှင် ငါးဆယ်။ သုံးပုဒ်တစ်ရာ။ သီချင်းဝါသနာအိုးတို့အဖို့ တစ်ပုဒ်တလေလောက်နဲ့တော့ ဘယ်တင်းတိမ်နိုင်ပါ့မလဲ။ ဒီတော့ တစ်ခါဝင် တစ်ရာတော့ ထွက်သွားတာပဲ။ တစ်ခါတလေများ ခရီးသည်မပါဘဲ ဆိုက်ကားနင်းလာလို့ ကာရာအိုကေခန်းရှေ့ရောက်လျှင် မနေနိုင်ဘဲ တစ်ပုဒ်တလေ ဝင်နွဲရာက သုံးပုဒ်တစ်ရာနှင့် ထိသွားတတ်၏။ ပြီးတော့ ခုနောက်ပိုင်း ထွက်လာသည့် သီချင်းတွေကလည်း သူ့အကြိုက်တွေ တော်တော်များသည်။ သူ့အကြိုက်ဆုံး အဆိုတော်ဖြစ်သည့် သန်ဖေလေး စီးရီးထွက်တုန်းကဆိုလျှင် ဗီဒီတစ်ချပ်လုံးကုန်အောင် ဆက်တိုက်ဆိုပစ်လိုက်တာ တော်တော်ထိသည်။ သုံးရက်လောက်ကြာအောင် ထမင်းကို ဆားဖြူးစားခဲ့ရသည်။

ထိုကိစ္စတွေအတွက် အကုန်အကျများသဖြင့် အစားအသောက်နှင့် အဝတ်အစားဖိုးကို ချွေတာနေရခြင်း ဖြစ်လေ၏။

♦





တချို့ကလည်း သူ့ကို လူကပ်သပ်ကြီးဟု ပြောကြသည်။ သူက ဆိုက်ကားခတောင်းရာမှာ ပုံသေမဟုတ်။ ပစ္စည်းပါရင်တစ်မျိုး၊ မပါလျှင်တစ်မျိုး။ တောင်းတာကတော့ ထုံးစံမို့ ပြဿနာမရှိ။ ပြဿနာက လူကိုကြည့်ပြီးတောင်းခြင်းဖြစ်၏။ မိန်းမဝဝကြီးတွေဆိုလျှင် အလေးချိန်စီးလို့ဆိုပြီး ပိုတောင်းတတ်သည်။ ထိုအခါ-

"ဘယ့်နှယ်တော် လူကိုတန်ဆာ ဆောင်သလို အလေးချိန်နဲ့ တောင်းရတယ်လို့"

ဆိုပြီး စကားများရသည်။

သားသားနားနား ဝတ်စားပြီး ရွှေတွေ ငွေတွေနဲ့ ဆိုလျှင်လည်း ပိုတောင်းတတ်သည်။

"ခင်ဗျားတို့ကရှိလို့ ဆိုက်ကားစီးတာ၊ ကျုပ်တို့က မရှိလို့ ဆိုက်ကားနင်းရတာ"

ဟု ဆိုတတ်သည်။ တချို့က ငါးကျပ်လောက် ကပ်ဆစ်တတ်သည်။ ထိုအခါ-

"ခင်ဗျားတို့က ဖိမ်နဲ့ထိုင်လိုက်ရုံပဲ။ ကျုပ်က လျှာထွက်အောင် နင်းရတာ။ ငါးကျပ်လောက်တောင် မသဒ္ဓါဘူးလား"

ဟု အကြောင်းပြတတ်သည်။

တစ်ခါတလေ ခရီးသည်ကို တင်နင်းလာရင်း ပင်ပန်းလာသောအခါမျိုးတွင်-

"ဟင်း- ခင်ဗျားတို့ကတော့ တတ်နိုင်တိုင်းနှင့်ကန်



www.burmeseclassic.com

www.burmeseclassic.com



စားပြီး ကိုယ်အလေးချိန်တွေ တိုးပြီးရင်း တိုးနေတာဖေပါ့လေ။ ဒီက နင်းရတဲ့ကောင်က မစားသာဘူးဗျ”

ဟု ပေါ်တင်ကြီး ဝေဖန်တတ်သည်။ စီးလာတဲ့ ခရီးသည်မှာ ဘယ်လိုမျက်နှာထားရမှန်း မသိဘဲ ကိုယ်ပဲ ဖော့ထားရမလိုလို၊ တတ်နိုင်တိုင်း စားခဲ့မိတဲ့အတွက်ပဲ မှားပါတယ်။ တောင်းပန်ရမလိုလို ကသိကအောက်ကို ဖြစ်ရ၏။

ထို့ကြောင့် တော်ရုံလူက သူ့ဆိုက်ကားဆို မစီးချင်ကြ။

ဘာပဲဖြစ်ဖြစ် သူ့ဆိုက်ကားကိုမှ ရွေးစီး၊ သူနှစ်ယောက်တော့ ရှိပါသေးသည်။ ဒေါက်တာ တုတ်ခိုင်နှင့် ဦးကျော်မိုးတို့ဖြစ်၏။ ဒေါက်တာတုတ်ခိုင်ကတော့ ဆရာဝန်မို့ထားတော့။ ဦးကျော်မိုးနဲ့ကျတော့ ဘယ်လိုက ဘယ်လိုတည့်နေကြသလဲ စဉ်းစားစရာ။ အမှန်ကတော့ တစ်ယောက်ကလည်း ခွကျကျ၊ တစ်ယောက်ကလည်း ပေကပ်ကပ်မို့ အပြန်အလှန်ဖြုပြီး အဆင်ပြေနေကြခြင်း ဖြစ်နိုင်၏။

ဦးကျော်မိုးဆိုလျှင် ဒေဝါနန်းက ဆိုက်ကားခလျှော့ယူသည်။ တစ်ခါတလေ ဦးကျော်မိုး နည်းနည်းမှန်ပြီး လမ်းလျှောက်လာတာနှင့် ကြုံလျှင်-

“လာဗျို့ ကိုကျော်မိုး၊ ကျွန်တော့်ဆိုက်ကားနဲ့ လိုက်ပို့မယ်။ အမယ် ပိုက်ဆံမပေးရပါဘူးဗျ။ ခုဟာက ခင်ဗျာငှားတာမှ မဟုတ်ဘဲ၊ ကျွန်တော့်သဘောနဲ့ ကျွန်တော် လိုက်ပို့တာပဲ”





ဆိုပြီး အတင်းခေါ်သွားတတ်သည်။ တစ်ခါတလေတော့ အိမ်ကို တန်းမပို့ဘဲ လမ်းမကြီးဘက် လေညှင်းခံဖို့ ခေါ်သွားသေးသည်။ ပြီးတော့ နှစ်ယောက်သား သီချင်းတကြော်ကြော် အော်ဆိုကြသည်။ ဦးကျော်မိုးက လေတဲခွန်သီချင်း၊ ဒေဝါနန်းက ကြာလေလေဝေးမှာ စိုးတယ်။ ငယ်က အချစ်အနှစ်တစ်ရာ မမေ့သာ စသော သီချင်းများ။

ဒေဝါနန်းမှာ ကောင်းကွက်ကလေးတွေလည်း ရှိသေးသည်။ ဗိုက်ကြီးသည်တို့ အရေးပေါ် လူနာတို့ဆိုလျှင် ငွေရေး၊ ကြေးရေး ဂရုမစိုက်ဘဲ ပေးသလောက်နှင့် လိုက်ပို့တတ်ခြင်းဖြစ်၏။ မနက်ပိုင်း၊ ညနေပိုင်းတို့မှာ ကလေးတွေ ကျောင်းသွားကျောင်းပြန်နှင့်ဆုံလျှင်-

“ဟော့ကောင်လေးတွေ တက်ကြ”

ဆိုပြီး ကလေးတပြုံကို ကယ်ရီယာပေါ်ရော၊ ဘားတန်းပေါ်ရော ဆန့်သလောက် တင်ခေါ်သွားတတ်သည်။ အလှူအတန်းဆိုလျှင် ဆိုက်ကားခရကောင်းစေ သဘောမထားပဲ ဝင်ကူသည်။ နာရေးကိစ္စဆိုလျှင် ရက်လည်သည်အထိ အသုဘအိမ်ရှေ့မှာ ဆိုက်ကားကို တစ်ချိန်လုံး ထိုးထားသည်။ ထင်းသယ်တာ လိုအပ်သောပစ္စည်းပြေးဝယ်ပေးတာ၊ မုန့်ဟင်းခါးဖတ် သယ်ပေးတာတို့ကို အားတက်သရော အခမဲ့ ကူညီတတ်၏။ အဲ- ညဘက်ကျလျှင်တော့ ကိုတင်မောင်တို့ ဦးငွေစိတို့နဲ့ ပိုကာဝိုင်းဖွဲ့ ထိုင်တတ်လေသည်။

♦



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ အသက်ဘယ်လောက်ရှိပြီလဲ"

ဟု ဒေဝါနန်းကမေးသည်။

"သုံးဆယ့်လေးနှစ်"

"အင်း- ငယ်သေးတာပဲ။ ဒါပေမယ့် မငယ်တော့ဘူး"

"ဘယ်လိုလဲ၊ ဒေဝါနန်းစကားကလဲ"

"အသက်အားဖြင့်တော့ ငယ်သေးတယ် ခေါ်ရမှာပေါ့။ ဒါပေမယ့် ဒီအသက်အရွယ်ထိ မိန်းမ မရသေးတော့ လူပျိုဟိုင်းကြီး ဖြစ်နေပြီလေ။ ဒါကိုပြောတာ"

ဒေါက်တာတုတ်ခိုင်က ရယ်လိုက်ပြီး-

"ကြိုက်မယ့်လူ မရှိလို့ပါဗျာ"

"ဟာ- မဖြစ်နိုင်တာ။ ခုခေတ်မှာ ဆရာဝန်ဆိုရင် ကြိုက်မယ့်သူတွေ ဝိုင်းဝိုင်းလည်လို့ပါ ဆရာရဲ့။ ဆရာကိုက ရိုးလွန်းအလွန်းလို့ ထင်ပါရဲ့ဗျာ"

"ကျွန်တော့်ကျတော့ ပြောတယ်။ ဒေဝါနန်းကျတော့ကော ဘာလို့ မိန်းမ မယူတာလဲ"

"အမယ်၊ မစွံလို့ မဟုတ်ပါဘူး။ ကျွန်တော်က ငယ်ငယ်ကဆို နှာတန်ပေါ်ပေါ်နဲ့ ကြည့်ကောင်းတယ်လို့ လူတွေက ပြောကြတယ်။ မိန်းမလည်းယူဖို့ စီစဉ်ပြီးမှ အဲဒီကောင်မက ကြီးကျယ်လို့ မယူဖြစ်တာ"

ဆိုပြီး သူ့ဇာတ်လမ်းကို ပြောပြသည်။





ဒေဝါနန်း အသက်သုံးဆယ်ကျော်လောက်က သူ့ဆိုက်ကားကို နေ့စဉ် ပုံမှန်စီးသော အမျိုးသမီးတစ်ယောက်နှင့် ငြိသွားသည်။ ထို့နောက် လက်ထပ်ကြဖို့ သဘောတူကြသည်။ ဒီမှာတွင်ပဲ ပြဿနာတစ်ခု တက်လာ၏။ ဒေဝါနန်းက စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် သတို့သား၊ သတို့သမီးဝတ်ဖို့ အဝတ်အစားများကို အသစ်မဝယ်ဘဲ အဟောင်းဆိုင်က တစ်ပတ်ရစ်တွေကို ဈေးပေါပေါနှင့် ဝယ်သည်။

"ကျွန်တော်ကတော့ ကိုယ့်တွက်ကိန်းနဲ့ကိုယ်လေ။ အသစ်ဝယ်တော့ကော ဘာထူးလဲ။ မကြာခင် ဟောင်းသွားမှာပဲ မဟုတ်လား။ အသစ်နဲ့အဟောင်းနဲ့ ဈေးချင်းက တစ်ဝက်လောက်တောင် ကွာတာ ဆရာရဲ့။ ကျွန်တော်ကတော့ အရှည်ကို ကြည့်ပြီး ချွေတာရေးလုပ်လိုက်တာပဲ။ သူကတော့ ဒါဟာ သူ့ရဲ့ အားနည်းချက်ကို ဖော်ထုတ်ပြီး သက်သက်အရှက်ခွဲတာ၊ သိက္ခာချတာလို့ စွပ်စွဲပြီး မင်္ဂလာဆောင်ဖို့ ကိစ္စကို သူ့ဘက်က ဖျက်လိုက်တာနဲ့ ကိစ္စပြတ်သွားကြတာပဲ"

"နေပါဦး၊ အဲဒီအမျိုးသမီးရဲ့ အားနည်းချက်ဆိုတာ ဘာလဲ"

"သူက တစ်ခုလပ်ကိုး။ ဒါကြောင့် အသစ်တွေ မဝယ်တာလို့ ထင်သွားတာလေ"

ဒေဝါနန်းက ခုလိုပင် စိတ်ကူးတည့်ရာတွေ စွတ်လုပ်တတ်သည်။ တစ်ရက်မှာ ဒေါက်တာတုတ်ခိုင်ကို မေးပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆံပင်ဆံထိုးဆေးတွေက လူနဲ့မတည့်တာ ရှိတယ်ဆို ဟုတ်လားဆရာ"

"ဟုတ်တယ်ဗျ။ ဓာတုပစ္စည်းတွေနဲ့ လုပ်ထားတဲ့ ဆိုးဆေးတွေဟာ တချို့လူတွေရဲ့ ဦးရေပြားနဲ့ ဓာတ်မတည့်တာမျိုးရှိတယ်။ အဲဒီအခါမှာ ခေါင်းယားတာတို့၊ ဆံပင်ကျွတ်တာတို့၊ အနာတွေ ပေါက်လာတာတို့ ဖြစ်တတ်တယ်"

"ကျွန်တော့်နည်းကတော့ ဒါမျိုးဖြစ်မယ် မထင်ဘူး"

ဒေါက်တာတုတ်ခိုင်က ဒေဝါနန်း၏ ခေါင်းကို လှမ်းကြည့်သည်။ သူ့ဆံပင်များမှာ မည်းနက်နေတာတော့မဟုတ်။ ဖြူလည်းမဖြူ။ အနက်တွေကြားမှာ ခဲရောင်လိုလို ကွက်တိကွက်ကြားဖြစ်နေ၏။ ဆံပင်ဖြူတွေနှင့် စာလျှင်တော့ ပိုကြည့်ကောင်းသလိုလို ရှိ၏။

"ကျွန်တော်လည်း လှချင်လွန်းလို့ မဟုတ်ပါဘူးဆရာရယ်။ ဂိတ်က ကောင်တွေက ခေါင်းဖြူကြီးနဲ့ ခေါ်ကြလို့ ကြည့်ကောင်းအောင် လုပ်ရတာပါ"

"ဒေဝါနန်းရဲ့ ဆံပင်ဆိုးဆေးနည်းကို ပြောပြပါဦးဗျ။ တချို့ဆံပင်ဖြူတဲ့လူတွေ ပြောပြရတာပေါ့။ သဘာဝပစ္စည်းဆိုရင် အန္တရာယ်ကင်းဖို့ များပါတယ်"

"မြို့နယ်ရုံးက ရတာလေ၊ လွယ်လွယ်လေးပါ"

"မြို့နယ်ရုံးက ဟုတ်လား"





"ဟုတ်တယ်၊ မြို့နယ်ရုံးက လက်နှိပ်စက်စာရေးနဲ့ ကျွန်တော်နဲ့ ခင်တယ်လေ။ သူ့ဆီက ရိုက်ပြီးသား ကာဗွန်စာရွက်အဟောင်းတွေ တောင်းပြီး ဆံပင်ကို ပွတ်လိုက်တာပေါ့။ ဒီထက် လွယ်တာ ဘာရှိသေးလဲ။ ပိုက်ဆံလည်း တစ်ပြားမှ မကုန်ဘူး"

ဒေါက်တာတုတ်ခိုင် ဟိုက်ခနဲ ဖြစ်သွား၏။

♦

သူ့ဒဏ်ကို ဒေါက်တာတုတ်ခိုင် အတော်ခံရသည်။

ဆိုက်ကားနင်းလာရင်းက သူ့အသိတစ်ယောက်ယောက် လမ်းမှာတွေ့လျှင် လှမ်းနှုတ်ဆက်သည်။ တစ်ခါတလေကျတော့ ဆိုက်ကားကိုရပ်ပြီး ငါးမိနစ်၊ ဆယ်မိနစ်လောက်ကြာအောင် စကားလက်ဆုံ ကျချင်ကျနေတတ်သည်။ ဒေါက်တာ တုတ်ခိုင်မှာ ဆိုက်ကားပေါ်မှာ ကြောင်စီစီကြီး ထိုင်စောင့်နေရလေသည်။

ဒေဝါနန်းက စကားစမိလျှင် သူ့ထုံးစံအတိုင်း ဆွေစဉ်မျိုးဆက်အကုန်ပါအောင် ပြောတတ်သဖြင့် တော်တော်နှင့် စကားမပြတ်နိုင်။ ပြီးတော့ သူက တစ်ခုခုပြောချင်လာလျှင် ရှေ့နောက်မစဉ်းစားဘဲ စွတ်ရွတ်ပြောတတ်သည်။

တစ်ခါက ဒေါက်တာတုတ်ခိုင်ကို ဆေးခန်းလိုက်အပို့ လမ်းဘေးအိမ်တစ်အိမ်ရှေ့မှာ ထိုင်နေသော ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ကိုမြင်သောအခါ ဆိုက်ကားကို ထိုးရပ်လိုက်ပြီး-

"ဟဲ့- ကောင်မလေး၊ နင့်အမေ နေကောင်းသွားပြီလား"

"သိပ်မကောင်းသေးပါဘူး။ ခုထိ ထမင်းကောင်းကောင်း မစားနိုင်သေးဘူး"

"ဒါဆို အတော်ပဲ။ ဒီမှာဆရာဝန်ပါလာတယ်။ ပြကြည့်ပါလား"

"ဟာ- ဒေဝါနန်း၊ အဲဒီလို မလုပ်နဲ့လေ"

ဟု ဒေါက်တာတုတ်ခိုင် တားသော်လည်း မရ။ ဆက်၍-

"တို့ဆရာက သိပ်ဆေးလိုက်တာဟ၊ အင်္ဂလိပ်နည်းရော၊ ဗိန္ဒောနည်းရော စွယ်စုံရတယ်။ အမယ် ပယောဂတောင်နိုင်တယ် သိလား"

"ဒေဝါနန်း-- သွားစို့ဗျာ"

"ဆရာကလည်း လမ်းကြုံနေတာပဲဟာ။ သူတို့လည်း ဆေးခန်းထိ လာစရာ မလိုဘူး။ ဆရာလည်း ခရီးသွားဟန်လွှဲ ဖောက်သည်တစ်ယောက် ရတာပေါ့။ ဟဲ့- ကောင်မလေး ငွေရေး၊ ကြေးရေးက အရေးမကြီးဘူး။ ပိုက်ဆံမရှိရင် အကြွေးကုလို့လည်းရတယ်။ တို့ဆရာက သိပ်သဘောကောင်းတာ"

ဟု ထပ်ကွန့်နေသေးသဖြင့် မနည်းတားယူရသည်။ လမ်းရောက်မှ ရှင်းပြရတော့သည်။

**ပန်းအောင်စာပေ**



"ဒီလိုဗျ ဒေဝါနန်းရဲ့။ ကျွန်တော်တို့ ဆရာဝန်တွေဆိုတာ လူနာကို ကိုယ့်ဆီမှာ ကုဖို့ ဆွယ်တာမျိုး မလုပ်ရဘူး။ သွယ်ဝိုက်တဲ့နည်းနဲ့ စကားလမ်းကြောင်းတာမျိုး လုပ်ခွင့်မရှိဘူး"

"ဟင်- ဆရာတို့ဟာကလည်း လူနာတစ်ယောက်လုံး မြင်နေတာတောင် ကုလို့ မရဘူးလား"

"ကိုယ့်မျက်စိရှေ့မှာ အရေးပေါ်ဖြစ်နေတာ ကြုံရင်တော့ ဝင်ကုပေးလို့ရပါတယ်။ အဲဒါမျိုးဆိုရင် အခကြေးငွေမတောင်းရဘူး။ ပြီးတော့ လူနာက ကုသခံဖို့ ငြင်းနေရင်လည်း အတင်းမကုရဘူး"

ဒေဝါနန်းမှာ ခေါင်းရှုပ်သွားဟန်ဖြင့် မီးခိုးရောင်ဆံပင်များကို ထိုးဖွပြီး-

"ဆရာတို့ စည်းကမ်းတွေကလည်း တစ်မျိုးပါလား"

ဟု ပြောသည်။

◆

ဒေဝါနန်း ခုလို စိတ်ကူးတည့်ရာ စွတ်ရွတ်ပြောသဖြင့် ကျော်ကွန့်နှင့် လှထုံတို့ ပြဿနာ တက်ခဲ့ရသေးသည်။

တစ်ရက်မှာ မောင်ကျော်လှလေး ကျောင်းကအပြန် လမ်းကြုံသဖြင့် ဒေဝါနန်းက ဆိုက်ကားနှင့် တင်ခေါ်သွားသည်။ အိမ်ရောက်လို့ လှထုံနှင့် တွေ့တော့။

**ပန်းအောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- လှထုံ၊ နင့်သားကို ခုမှ သေသေချာချာ ကြည့်မိတယ်။ မောင်ကျော်လှလေးဟာ ကျော်ကွန့်နဲ့လည်း မတူပါလား။ ဘယ်လိုလဲဟ၊ ဟုတ်မှ ဟုတ်သေးရဲ့လား"

ဟု ပြောပြီး ထွက်သွားသည်။ သူက ပြောချင်ရာ စွတ်ပြောသွားသလို လှထုံကလည်း ထင်ချင်ရာ စွတ်ထင်သည်။ လှထုံမှာ အကျိုးသင့်အကြောင်းသင့် ဆက်စပ်တွေးတတ်သူမဟုတ်သဖြင့် ကျော်ကွန့်လည်း အလုပ်က ပြန်လာရော၊ ဆီးပြီး ပြဿနာရှာတော့သည်။

"ဒီမှာ ကိုကျော်ကွန့်၊ မောင်ကျော်လှလေးဟာ ရှင်နဲ့ မတူဘူးလို့ သူများတွေက ပြောနေကြတယ်။ ဒါကြောင့် ဒီကလေးဟာ ရှင်နဲ့ရတဲ့ကလေးမှ ဟုတ်ရဲ့လားလို့ ကျွန်မ သံသယဖြစ်လာပြီ"

"ဟာကွာ။ နင်ကလည်း"

"ရှင်- ကျွန်မကို ဆက်ပြီး လှည့်စားဖို့ မကြိုးစားနဲ့။ အမှန်အတိုင်းသာ ဝန်ခံလိုက်စမ်းပါ"

လှထုံသည် သူစကားက ဘယ်အမိပ္ပာယ်ရောက်လို့ ရောက်သွားမှန်းမသိ။ ထို့အတူ ကျော်ကွန့်ဆိုတဲ့ကောင်ကလည်း ကြောင်တောင်တောင်ဆိုတော့ ခြေခြေမြစ်မြစ် မစဉ်းစားဘဲ-

"ငါ့ကိုယုံပါဟာ၊ ဘုရားပေးပေး ကျမ်းပေးပေးပါ။ မောင်ကျော်လှဟာ ငါ့သားမှ ငါ့သားအစစ်ပါ"





ဟု ပျာပျာသလဲ တောင်းပန်နေသည်။

လှထုံက မကျေနပ်။ နောက်ဆုံးတော့ ဒေါက်တာတုတ်ခိုင်ဆီသွားပြီး ဆေးစစ်ရမယ်ဆိုပြီး အတင်းဆွဲခေါ်သဖြင့် ကျော်ကွန့်မှာ တွန့်ဆုတ်၊ တွန့်ဆုတ်နှင့် ပါသွားသည်။

လှထုံ၏ စွပ်စွဲချက်ကို နားထောင်ပြီး နောက် ဒေါက်တာတုတ်ခိုင်ပင် ရှတ်တရက် ကြောင်သွားရသေးသည်။ ပြီးမှ မရယ်မိအောင် ဣန္ဒြေဆယ်ရင်း-

"မလှထုံက ကျော်ကွန့်ကို သံသယဖြစ်တယ် ဟုတ်လား၊ နေစမ်းပါဦး။ ဒီကလေးဟာ ဘယ်သူနဲ့ရတဲ့ကလေးဆိုတာ ကိုယ်တိုင်မွေးထုတ်လိုက်တဲ့ မလှထုံ အသိဆုံးဖြစ်ရမှာပေါ့။ တကယ်ဆို သံသယဖြစ်ချင်းဖြစ်ရင် ကျော်ကွန့်ကသာ မလှထုံအပေါ်မှာ ဖြစ်ရမှာလေ။ သေသေချာချာလည်း စဉ်းစားပါဦး"

လှထုံသည် အတန်ကြာတွေစဉ်းစားပြီးမှ-

"ဟာ- ဟုတ်သားပဲ၊ ဟီး - ဟီး"

ဒီတော့မှ ကျော်ကွန့်ကလည်း-

"ဟင်- ဟုတ်တာပေါ့။ ကျွန်တော်ကသာ သံသယဖြစ်ရမှာ"

ထိုအခါကျတော့လည်း လှထုံမှာ မျက်နှာလေး ငယ်သွားပြီး-

"ကိုကျော်ကွန့် ကျွန်မကိုတော့ ယုံပါနော်။ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



ကွန့်အပေါ်မှာ ကျွန်မ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ဖူးပါဘူး။ မောင်ကျော်လှလေးဟာ ရှင်နဲ့ရတဲ့ကလေး အစစ်ပါ ကိုကျော်ကွန့်ရယ်"

ဟု အသံတုန်တုန်လေးနှင့် ပြောနေသေးသည်။ ကျော်ကွန့်ကလည်း ဘုမသိ ဘမသိ။

"ယုံပါတယ် လှထုံရယ်။ ယုံပါတယ်"

ဟု လှိုက်လှဲသော လေသံဖြင့် ပြန်ပြောသည်။ ထို့နောက် ဒေါက်တာတုတ်ခိုင်ကို နှုတ်ဆက်ပြီး လင်မယားနှစ်ယောက် လက်ချင်းတွဲ၍ ထွက်သွားကြ၏။ ဒီတော့မှ ဒေါက်တာတုတ်ခိုင်လည်း မချုပ်တည်းနိုင်တော့ဘဲ တခွီးခွီး ရယ်မိလေတော့သည်။

♦

ဒေါက်တာတုတ်ခိုင်လို ဆရာဝန်မျိုးမှာ ကားဝယ်စီးနိုင်ဖို့ အဝေးကြီး လိုသေးသည်။ ဒီတစ်သက် စီးချင်မှလည်း စီးနိုင်တော့မည်။ ထို့ကြောင့် တစ်ပတ်လျှင် နှစ်ခါလောက် တွန်းနှိုးပေးရသော ဘတ်စ်ကားအိုကြီးနှင့် ဒေဝါနန်း၏ ဆိုက်ကားအိုကြီးကိုပင် ဆက်ပြီး အားကိုးနေရပေဦးမည်။

ဆိုက်ကားနင်းရင်း ပါးစပ်က အဆက်မပြတ် တတွတ်တွတ်ပြောနေသော ဒေဝါနန်းနှင့် ခေါင်းတညိတ်ညိတ်နားထောင်ရင်း စီးနင်းလိုက်ပါလာသော ဒေါက်တာတုတ်ခိုင်တို့ကို ယနေ့ထက်တိုင် မြင်တွေ့နိုင်ကြပါသေးသည်။

♦

ပန်းအောင်စာပေ

မောင်ဝသီအိုရီ

www.burmeseclassic.com

www.burmeseclassic.com



# မောင်ဝသီအိုရီ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေဖောင်းပွမှုတို့သည် အထိုက်အလျောက်လိုက်ပါဖြစ်ပေါ်နေစမြဲ။ ထို့ကြောင့် ကိုယ်မှာ ရှိနေသော ငွေကြေးကို အသေမထားသင့်။ ထိုငွေကိုရင်းပြီး တိုးပွားအောင် လုပ်ချင်လုပ်၊ တန်ဖိုးမဆုံးနိုင်သော ပစ္စည်းဝယ်ချင်ဝယ်။ မြေ၊ တိုက်တာအိမ်ခြေ စသည်တို့ ဝယ်ချင်ဝယ်၊ အစုရှယ်ယာအဖြစ် မြှုပ်နှံချင်မြှုပ်နှံ။ ဘာမှ မလုပ်တတ်လျှင် သို့တည်းမဟုတ် လုပ်ငန်းလုပ်လို့ ဆုံးရှုံးမှာ စိုးရိမ်လျှင် ဘဏ်မှာ အပ်ထားပြီး တိုးရင်းပွားများအောင်လုပ်။

ဒီလိုနည်းနဲ့ ကိုယ့် ငွေကို ဖောင်းပွမှုဒဏ်ခံနိုင်အောင် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားသင့်သည်ဟု စီးပွားရေး ပညာရှင်များက သီအိုရီထုတ်ထားကြ၏။

ခက်တာက မောင်ဝသည် စီးပွားရေးပညာရှင်မဟုတ်ခြင်းပင် ဖြစ်လေ၏။ စီးပွားရေးပညာပေး မဂ္ဂဇင်း ဂျာနယ်များဖြစ်ကြသော မနေ၊ မြန်မာ့မနေ၊ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်ဈေးကွက် စသည်တို့ကိုလည်း ဖတ်လေ့မရှိ။ စီးပွားရေးဆောင်းပါးရှင်များ ဖြစ်ကြသော မောင်စူးစမ်း၊ မောင်ဈေးကွက်၊ အောင်မောင်း၊ ကျော်ရင်မြင့်၊ ဗေဒါညို၊ ကိုထွန်း (လ[illegible]၈၀)

ပန်းအောင်စာပေ

www.burmeseclassic.com



တို့ကိုလည်းမသိ။ ထို့ကြောင့် စီးပွားရေးဆိုင်ရာ လမ်းညွှန်များ ဈေးကွက်အခြေအနေ၊ ရွေ့အလားအလာတို့ကိုလည်း နားမလည်။ ရောင်းလိုအားနှင့် ဝယ်လိုအား ဈေးကွက်သုတေသန အရောင်းမြှင့်တင်ရေးဗျူဟာ၊ ကြော်ငြာ၏ ထိရောက်မှု စသော စကားလုံးများဆိုလျှင် ပါဠိဘာသာလိုပင် ဘာအဓိပ္ပာယ်တွေမှန်းမသိ။ ငွေဖောင်းပွမှုဆိုသည်မှာ ငွေစက္ကူတွေ ရေစိုကုန်လို့ ဖြစ်ရမည်ဟု ထင်နေသူမျိုး ဖြစ်၏။

ဘာပဲဖြစ်ဖြစ် မောင်ဝမှာ ကိုယ်ပိုင်စီးပွားရေး အယူအဆတော့ ရှိပါသေးသည်။

"ခြေနှစ်ဘက်၊ လက်နှစ်ဘက်ရှိရင် ဘယ်တော့မှ ထမင်းမငတ်ဘူး"

ဆိုသော အခြေခံအကျဆုံး သီအိုရီပင် ဖြစ်လေ၏။

♦

မောင်ဝ၏ စကားမှန်သည်။ သူသည် ထမင်းတော့ မငတ်။ တဝမ်းတခါးအတွက် ဖူလုံအောင် ရှာနိုင်ဖွေနိုင်သည်။ သို့ရာတွင် သူ၏ ရည်မှန်းချက်က သူတဝမ်းတခါးအတွက်သာ မဟုတ်။ နှစ်ဝမ်းနှစ်ခါးအတွက် ဖြစ်၏။ သူ့ရည်းစား ရွှေကြည် အတွက်လည်း ရှိသေးတယ်လေ။ အဲ- ရွှေကြည့်အမေကြီးကို ပါ ထည့်တွက်မယ်ဆိုလျှင် သုံးဝမ်းသုံးခါးပေါ့။ ဒါတောင် နောက်ထပ် တိုးလာမှာတွေမပါသေး။





မောင်ဝနှင့် ရွှေကြည်တို့ ချစ်ခဲ့ကြတာ အတော်ကြာပြီ။ ဘယ်လောက်ကြာပြီလဲဆိုတော့ မောင်ဝကိုယ်တိုင်တောင် ကောင်းကောင်းမမှတ်မိတော့။ ကျော်ကွန်တို့၊ လှထုံတို့ထက်တော့ နည်းနည်းနောက်ကျတယ်ဆိုတာလောက်ပဲ ပြောနိုင်သည်။

"ငါတို့ နှစ်ယောက် ဘယ်တုန်းက စကြိုက်သွားတာလဲ။ နင်မှတ်မိသေးလား။ ငါမေ့နေလို့ဟ"

ဟု ရွှေကြည်ကို မေးကြည့်တော့-

"မှတ်မိတာပေါ့"

ဟု ဖြေသည်။

"ဘယ်တုန်းကလဲ"

"အဲဒီနေ့က နေက အတော်ပြင်းတာ ကိုမောင်ဝရဲ့"

"အေးဟာ- ဟုတ်မယ်"

"ကိုမောင်ဝက ရေထမ်းလျက် တန်းလမ်းကြီးဆိုတော့ အကျီမပါဘူး"

ဒါကိုတော့ ရွှေကြည်ကောင်းကောင်းမှတ်မိ၏။ ထိုစဉ်က ရှက်လည်းရှက် ကြောက်လည်းကြောက်ပြီး မောင်ဝ၏ မျက်နှာကို မကြည့်ရဲသဖြင့် ရင်ဘတ်ကြီးကိုပဲ ကြည့်နေမိတာလေ။ တောင့်တင်းသန်မာသော ကြွက်သားတွေပေါ်မှ ချွေးစက်တွေက နေရောင်မှာ တီဗီကြော်ငြာထဲက စိန်ပွင့်တွေလို တလက်လက် တောက်ပနေတာ ခုတောင် မြင်ယောင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

"အေးလေ- ငါက ရေထမ်းရင် အကျီဝတ်တာမှ မဟုတ်ဘဲ"

ဟု မောင်ဝက ထောက်ခံသည်။ ဆက်၍-

"အဟီး- ငါလည်း လူလစ်တုန်း အမြန်မေးရ ပြောရတာကိုး။ အိမ်ပြန်ပြီး အကျီဝတ်ဖို့ ဘယ်အချိန်ရမလဲ။ အဲ-ဒါနဲ့။ အဲဒါ ဘယ်ခုနှစ်ကလဲဟ၊ ငါမေ့နေလို့"

"ဟင်- ဒါတော့ ကျွန်မလည်း ကောင်းကောင်း မမှတ်မိဘူး"

တကယ်တော့ သတိတရ မှတ်ထားစရာအကြောင်းကိုလည်း သိပ်မရှိလှပါ။ သူတို့အဖို့ စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေရတာနဲ့ပဲ အချစ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ၊ ဘာတွေ ကျင်းပဖို့လည်းမသိ။ ချစ်သက်လက်ဆောင်တွေ အပြန်အလှန်ပေးကြဖို့လည်း အခြေအနေမပေး။ ဗယ်လင်တိုင်းနေ့ဆိုတာမျိုးများ ကြားတောင် မကြားဖူးကြရှာပါ။

ရွှေကြည်က ခဏတွေ စဉ်းစားလိုက်ပြီးမှ-

"အဲ- တစ်ခုတော့ ရှိတယ်ကိုမောင်ဝရဲ့။ အဲဒီနေ့က ကျွန်မက လှထုံပိုက်ထဲက သရိုးသရီဖြစ်တယ်ကြားလို့ သတင်းသွားမေးပြီး ပြန်လာတာလေ။ နောက်တစ်ပတ် ဆယ်ရက်နေတော့ လှထုံလည်း မောင်ကျော်လှလေးကို မွေးတာပဲ မဟုတ်





လား။ ဒီတော့ မောင်ကျော်လှ အသက်ဘယ်လောက်ရှိပြီဆိုတာ မေးကြည့်လိုက်ရင် ဘယ်ခုနှစ်ကလည်းဆိုတာ သိမှာပေါ့။ ဒါနဲ့ ကိုမောင်ဝက အဲဒါကို ဘာကြောင့် သိချင်တာလဲ"

"ဘာရယ်မဟုတ်ပါဘူး ဟာ။ ပျင်းပျင်းရှိလို့ လျှောက်မေးနေတာပါ။ သိတော့လည်း ဘာမှထူးတာ မဟုတ်ပါဘူး"

ဟု မောင်ဝက စကားဖြတ်ပစ်လိုက်၏။ မဖြတ်လို့လည်း မဖြစ်။ မောင်ကျော်လှမှာ ကျောင်းကောင် နေနေပြီဆိုတော့ ငါးနှစ်ကျော်တာ သေချာနေပြီ။ ဒီတော့ သူတို့ နှစ်ယောက် ချစ်ခဲ့ကြတာလည်း ငါးနှစ်မက ရှိနေပြီဖြစ်ကြောင်း သိသာနေသည်။ ခုချိန်ထိ လက်မထပ်နိုင်သေး။ ဒီအကြောင်း မေးမိတာ ကိုယ်အသုံးမကျတာကို အစဖော်သလို ဖြစ်နေ၏။ ထို့ကြောင့် စကားအမြန်ဖြတ်လိုက်ရသည်။

♦

မောင်ဝသည် ဓာတ်ခဲ ရှင်ပြုပွဲမှာ ရွှေကြည်ကို စတင်စိတ်ဝင်စားမိခြင်းဖြစ်၏။

ရွှေကြည်က အတော် ရိုးသည်။ အေးလည်းအေးသည်။ ရုပ်ကလေးက မဆိုးလှ။ ဝတ်ဝတ်စားစား၊ ပြင်ပြင်ဆင်ဆင် မနေနိုင်ရှာသောကြောင့် သိပ်ရုပ်မထွက်ခြင်း ဖြစ်၏။ အသားလတ်လတ်၊ ဆံပင်ကောင်းကောင်း၊ မျက်လုံးညိုညို၊ အကြည့်ခံသော ရုပ်မျိုးဖြစ်၏။ ချွတ်ယွင်းချက်အဖြစ် ခါးက



www.burmeseclassic.com

www.burmeseclassic.com



လေး နည်းနည်းတုန်နေတာပဲ ပြောစရာရှိ၏။ ဒါကလည်း မော်ဒယ်တို့ လှယဉ်ကျေးမယ်တို့ လုပ်ဖို့ စိတ်ကူးမရှိသဖြင့် ပြဿနာမဟုတ်ဟု ဆိုရမည်။

မာတ်ခဲ ရှင်ပြုသောအခါ ရပ်ကွက်ထဲက အပျိုတွေ ရှင်လောင်းလှည့်ရာမှာ လိုက်ကြရသည်။ တခြားလူတွေက တတ်နိုင်သမျှ ဝတ်ကောင်းစားလှတွေ ဝတ်ကြသည်။ တချို့ဆိုလျှင် အဝတ်အစားတွေ မသိမ်းဆီမှာ ပေါင်ထားသဖြင့် မာတ်ခဲ၏ အဖေ ဦးကုလားက ပြန်ရွေးပေးခဲ့ရသေးသည်။ ရွှေကြည်ကတော့ သူ့မှာရှိတဲ့ထဲက အလတ်ဆုံးကိုသာ ဝတ်လာခဲ့ရ၏။

တခြား အပျိုတွေက ကွမ်းတောင်ပန်းတောင်ကိုင်ဖို့ လုနေကြသည်။ ရွှေကြည်ကတော့ ဘယ်သူမှ မလုပ်ချင်သော ဖျာလိပ်ကြီး ရွက်သည့်နေရာကို ယူလိုက်သည်။ အစားအသောက် ကျွေးမွေးရာမှာလည်း သူများတွေက ညှော်ခံတဲ့နေရာမှာ ဟန်ရေးပြနေကြသည်။ ရွှေကြည်က ပန်းကန်ဆေးတဲ့ ဘက်မှာ။

မောင်ဝကလည်း ရွှေကြည်လိုပဲ။ သူ့မှာ အဝတ်အစား ကောင်းကောင်းဝတ်ဖို့မပြောနဲ့ စွပ်ကျယ်ဝတ်ဖို့တောင် အချိန်မရ။ အလုပ်ကြမ်းမှန်သမျှ ဒိုင်ခံလုပ်ရတာကိုး။ အလေးအပင်တွေ ထမ်းရ သယ်ရလည်း သူပဲ။ ကျင်းတူးလည်း သူပဲ။ ရေခပ်လည်း သူပဲ။ ထင်းခွေလည်း သူပဲ။

ဉာဏ်စိန်သည် မလုံးတို့ ကြက်သွန်နွှာသည့်နေရာမှာပဲ ဝင်ကူမလိုလို။ ထမင်းအိုးပဲ ငှဲ့ပေးတော့မလိုလို ယောင်ချာ





ချာ လုပ်နေ၏။ မပွေးက ဉာဏ်စိန်ကို ဒုက္ခပေးချင်လာသဖြင့်-

"ဟဲ့- ဉာဏ်စိန် အလကားလတ်လျား လတ်လျား လုပ်နေတယ်။ ထင်းလေးဘာလေး ခွဲပါလား"

ဟု အစထောင်လိုက်၏။ မလုံးက သူ့ယောကျ်ား ဒီလောက်အားကောင်းမောင်းသန် မဟုတ်ကြောင်း သိသဖြင့်-

"အမလေး မလုပ်ပါနဲ့ မပွေးရယ်။ ဉာဏ်စိန်က ခပ်ပျော့ပျော့ရယ်"

"ဟော့- ဉာဏ်စိန် ပျော့တာမာတာ ကျုပ်တို့က ဘယ်လိုလုပ် သိမှာလဲ"

ဟု မပွေးက ပြန်ပြောသဖြင့် မိန်းမဝိုင်းမှာ ဝါးခနဲ ပွဲကျသွားသည်။

ဉာဏ်စိန် ရှက်သွား၏။ သိက္ခာကျမှာလည်း စိုးသဖြင့် 'ရပါတယ်'ဆိုပြီး သစ်တုံးတွေနားကို လျှောက်သွားသည်။ မလုံးက-

"ဉာဏ်စိန် ကြည့်လည်းလုပ်ဦး"

ဟု သတိပေးသည်။ ဉာဏ်စိန်က 'အသေးအဖွဲ့'ပါဆိုသော သဘော ပြုံးပြပြီး ပုဆိန်ကို ကောက်ယူလိုက်သည်။ သူ့အပြုံးသည် တန့်ခနဲ ဖြစ်သွား၏။ ပုဆိန်မှာ ပိုပြီး အားပါအောင် လက်ကိုင်ရိုးကို သံပိုက်တပ်ထားခြင်းဖြစ်သောကြောင့် အတော်လေးသည်။

ထင်းတုံးကြီးများသည် လုံးပတ်နှစ်ပေခန့်၊ အလျား



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆုပ်ခန့်ရှိသော သရက်သားများဖြစ်၏။ သူက ပုဆိန်ကို လက်နှစ်ဘက်နှင့် ကိုင်ပြီး မြှောက်လိုက်သည်။ ဉာဏ်စိန်သည် ပုဆိန်၏ အလေးချိန်ကို မနိုင်သဖြင့် ဟန်ချက်ပျက်ပြီး နောက်ကို ယိုင်သွားသေးသည်။ ထို့နောက် ထင်းတုံးပေါ်သို့ ပေါက်ချသည်။ ပုဆိန်သည် သူ့အလေးချိန်နှင့်သူမို့ ထင်းတုံးထဲ စိုက်ဝင်သွားသည်။ ထင်းတုံးက ကွဲတော့မကွဲ။ ဉာဏ်စိန်က ပုဆိန်ပြန်နှုတ်ရာ မရဘဲ ထင်းတုံးကြီးပါ အနည်းငယ် ကြွတက်ပါလာသည်။ ထိုအလေးချိန်ကို မနိုင်ဘဲ ပြန်စိုက်ကျသွားပြန်၏။

မလုံးသည် ဉာဏ်စိန်ဖြစ်နေပုံကို ရင်တမမကြည့်ရင်း သူပါရောယောင်ပြီး ကုန်းကုန်းကွကွကြီး လုပ်မိမလို ဖြစ်သွား၏။ ဉာဏ်စိန်က ထင်းတုံးကို ခြေထောက်နှင့် ဖိပြီး ပုဆိန်ကို ဆွဲနှုတ်သည်။ အားစိုက်ပြီး နှုတ်လိုက်ရာ ပုဆိန်က စိုက်ဝင်နေရာမှ ကျွတ်ထွက်လာသည်။ ဉာဏ်စိန်အရှိန် မထိန်းနိုင်ဘဲ နောက်ကို ပက်လက်လန်ကျသည်။ မိန်းမဝိုင်းမှ တခစ်ခစ် ရယ်သံတွေ ထွက်လာသည်။ မလုံးက-

"အဲဒါကြောင့် ပြောတာပေါ့။ သူက အလုပ်ကြမ်းသမားမှ မဟုတ်ဘဲ"

ဟု အရှက်ပြေ ကာကွယ်၍ ပြောသည်။ ဉာဏ်စိန်လည်း ရှက်ကိုးရှက်ကန်းဖြစ်ပြီး ပုဆိုးမှာ ပေသွားသော ဖုံတွေသဲတွေ ခါနေသည်။ ထိုစဉ်မှာ မောင်ဝရောက်လာပြီး။





"ဖယ်စမ်းပါကွာ။ ဒါ မင်းလုပ်ရမယ့် အလုပ် မဟုတ်ပါဘူး။ မဏ္ဍပ်ထဲမှာ ပတေးတို့ ဖိုးနီတို့ ပန်းစက္ကူတွေနဲ့ အလှဆင်နေကြတယ်။ အဲဒီမှာ သွားကူချေ"

ဟု ပထုတ်လိုက်ရ၏။

မောင်ဝသည် ပုဆိန်ကို ကောက်ကိုင်သည်။ ထင်းတုံးကြီးတစ်တုံးကို ထောင်လိုက်အနေအထားဖြစ်အောင် ပြင်သည်။ ထို့နောက် ပုဆိန်ကို လွှဲမြှောက်လိုက်၏။ ဗိုလ်ခြေတထောင် မ,ရသော လေးတော်ကို ရာမမင်းသားက အသာလေး ဆွဲမလိုက်သလိုပါပဲ။ ပုဆိန်သည် မောင်ဝလက်ထဲမှာ ငှက်မွေးလေးတစ်ချောင်းလို ပေါ့ပါးလှသည်ဟု ထင်ရ၏။ တအားလွှဲပြီး ပေါက်ချလိုက်သောအခါ ထင်းတုံးသည် ခွမ်းခနဲ ထက်ခြမ်းကွဲသွားသည်။ တစ်ချက်တည်းပဲ။ ဒီလိုနဲ့ တစ်ချက်ကို တစ်ခြမ်းနှုန်းဖြင့် တခွမ်းခွမ်း ပေါက်သွားလိုက်တာ ခဏအတွင်းမှာ ထင်းအားလုံး ခွဲပြီးသွားသည်။ မပြတ်လို့ နှစ်ခါပြန်ပေါက်ရတာမရှိ။

မောင်ဝ ထင်းပေါက်တာကြည့်လို့တောင် ကောင်းသေးသည်။ ပုဆိန်ကို အပေါ်သို့ လွှဲမြှောက်လိုက်သောအခါ ကြွက်သားတွေ အမြောင်းလိုက် တင်းခနဲ ကြွတက်လာတတ်သည်။

ရွှေကြည်အနေဖြင့် မောင်ဝကို ဘယ်တုန်းကစပြီး စိတ်ဝင်စားမိပါသလဲဟု အင်တာဗျူးလုပ်ကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ဒီလိုပေါ့နော်။ ကျွန်မလည်း တိတိကျကျ မမှတ်မိပါဘူး"

ဟု ဖြေပါလိမ့်မည်။ သို့ရာတွင် သူမ၏ မသိစိတ်ကတော့ မောင်ဝထင်းပေါက်နေတာ မြင်မိရာကစပြီး စိတ်ဝင်စားခဲ့သည်ဟု မှတ်ထားလိမ့်မည်ထင်၏။ မောင်ဝသည် ထင်းပုံကြီးတစ်ပုံကို ဘစ်ယောက်တည်း ပေါက်ခွဲရသည့်တိုင် စိုးစဉ်းမျှ မောပန်းဟန်မရှိ။ ပုဆိန်ကို လွှဲမြှောက်လိုက်ပုံများ ဂေါက်သီးရိုက်နေသလား အောက်မေ့ရ၏။ ဒီလောက် ကြံ့ခိုင်သန်စွမ်းတဲ့ လူမျိုးဟာ ဘဝတစ်သက်တာအတွက် လုံခြုံစိတ်ချမှုကို ပေးနိုင်မှာ သေချာသည်ဟု ရွှေကြည်အားကိုးချင်စိတ် ဝင်လာမှာ သေချာသည်။

မောင်ဝသည်လည်း အရင်က မိန်းမတွေကို စိတ်မဝင်စားခဲ့ပါ။ သူသည် ငယ်ငယ်ကတည်းက မိဘမဲ့ ဖြစ်ခဲ့၏။ ဘုန်းကြီးကျောင်းမှာ ခိုကပ်နေထိုင်ခဲ့ရသည်။ သူ့အမြင်၌ မိန်းမဆိုသည်မှာ စကားအပိုတွေ ပြောတတ်သည်။ ပတ်ချွဲနပ်ချွဲလုပ်တတ်သည်။ နားပူနားဆာ လုပ်တတ်သည်။ ယောကျ်ားတွေကို ပင်ပင်ပန်းပန်း အလုပ်လုပ်ခိုင်းပြီး အချောင်ထိုင်စားနေသူများ ဖြစ်သည်ဟု အထင်လွဲခဲ့ဖူးသည်။ ရွှေကြည်နဲ့တွေ့မှ ဒီအစွဲ ကျွတ်သွားခြင်းဖြစ်၏။

တခြား မိန်းကလေးတွေ ဝတ်ကောင်းစားလှဝတ်ပြီး မဏ္ဍပ်ထဲမှာ ကြွက်ကြွက်ညံနေသည့်အချိန်တွင် ရွှေကြည်က





မလုံးတို့၊ မပွေးတို့နှင့်အတူ ပန်းကန်ဆေးနေသည်။ မောင်ဝကလည်း ဆေးဖို့ကြောဖို့ ရေဖြည့်ပေးနေသဖြင့် သူတို့နား မကြာခဏ ရောက်သည်။

တစ်ခါတော့ ရွှေကြည်သည် မျက်စိယားသဖြင့် လက်ခုံနှင့် အမှတ်တမဲ့ ပွတ်လိုက်မိ၏။ လက်ခုံပေါ်မှာ ဟင်းဆီတွေ ပေနေသဖြင့် မျက်လုံးထဲဝင်ပြီး စပ်သွားသည်။ ထိုအချိန်တွင် အနားမှာ မလုံးတို့ မရှိကြ။ မောင်ဝက ရေလာဖြည့်ပေးသဖြင့် ရှိနေ၏။ ရွှေကြည်က-

"ဟာ- စပ်လိုက်တာ ရေ- ရေ"

မောင်ဝမှာ ဘာလုပ်ရမှန်းမသိကြောင်နေ၏။ ပြီးမှ သတိရပြီး ရေတစ်ခွက်ခပ်၍ ရွှေကြည်ကို ပေးလိုက်သည်။ ရွှေကြည်က ရေထဲမှာ မျက်လုံးနှစ်၍ ပုတ်ခပ်ပုတ်ခပ်လုပ်သည်။ အတော်ကြာမှ သက်သာသွားသည်။ သို့တိုင်အောင် သူ့မျက်လုံးတွေက နီပြီး ငိုထားသလို ဖြစ်နေ၏။

မောင်ဝသည် ရွှေကြည်ကို သနားသွားသည်။ နောက်ထပ် ရေလာဖြည့်ပေးသည့်အခါတိုင်း 'သက်သာရဲ့လား'ဟု မေးမေးနေမိ၏။ ဘာကြောင့်မှန်းမသိ။ မောင်ဝသည် ရွှေကြည်ကို တွေ့ချင်မြင်ချင် စိတ်တွေချည်း ဖြစ်ပေါ်နေမိ၏။ ထို့ကြောင့် ရွှေကြည် ပန်းကန်ဆေးနေသည့် နေရာနား မကြာခဏသွားပြီး စဉ့်အိုးထဲ ရေလျော့နေသလား သွားသွားကြည့်တတ်သည်။ တစ်ထွာတစ်မိုက်လောက် လျှော့လျှင်ပင် ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ပေးသည်။ တစ်ခါတော့ ရေတစ်ပုံးထည့်ရုံဖြင့် ပြည့်သွားသော်လည်း ရွှေကြည်ကို ငေးနေမိသဖြင့် နောက်တစ်ပုံး ထပ်ဖြည့်မိသည်။ ရေတွေ လျှံကျကုန်သဖြင့်-

"ဟဲ့- မောင်ဝ။ ဘယ့်နှယ်လဲ ပြည့်နေတာကို ဘာကြောင့် ထပ်ထည့်ရတာလဲ။ နင့်မျက်လုံးက ဘယ်ရောက်နေလို့လဲ'

ဟု မပွေးက လှမ်းပြောသဖြင့် မောင်ဝ ရှက်ပြီး လစ်ပြေးသည်။ နောက်ထပ် မလာရဲတော့။ ရေကုန်သွားသောအခါ မပွေးက လိုက်ခေါ်ရသည်။ ဒီတစ်ခေါက်ကျတော့ မောင်ဝသည် ရွှေကြည်ကို လုံးဝ မကြည့်တော့ဘဲ မျက်နှာကြီး လွှဲထားလေသည်။ ရေထည့်ပြီးပြီးချင်း လှည့်ထွက်သွားသည်။

"ဟဲ့- ရွှေကြည်၊ မောင်ဝတစ်ယောက်တော့ မရိုးတော့ဘူး ထင်တယ်"

ဟု မပွေးပြောသောအခါ ရွှေကြည်က သဘောမပေါက်ဘဲ-

"အို- အစ်မပွေးကလည်း ကိုမောင်ဝက လူကသာကြမ်းတမ်းပေမယ့် ရိုးသားပါတယ်။ ဘယ်တော့မှ မဟုတ်တာလုပ်တဲ့လူ မဟုတ်ပါဘူး"

"အမလေး၊ ညည်းကလည်း အ,လိုက်တာ။ အဲဒါပြောတာမဟုတ်ဘူး။ မရိုးသားဘူးဆိုတာ နင့်အပေါ် မရိုးသားလို့ပြောတာ"





"ဟင်- ကိုမောင်ဝကလည်း ကျွန်မကို တစ်ခါမှ ဒုက္ခမပေးဖူးပါဘူး"

"ခက်တော့ နေပြန်ပါပြီ။ ငါပြောတာက မောင်ဝက နင့်ကို ကြိုက်နေပြီထင်တယ်လို့ ပြောတာ"

"အို- မဖြစ်နိုင်တာ"

"ဖြစ်နိုင်တယ် မတွေ့ဘူးလား။ အလကားနေရင်း ရေလာလာဖြည့်ပေးနေတာ"

"ရေဖြည့်တာနဲ့ပဲ ကြိုက်ရတော့မှာလားလို့"

မလုံးက-

"မပွေးပြောတာ ဖြစ်နိုင်တယ်ဟ။ ငါလည်း ငယ်ရာက ကြီးလာတာ။ ဒီလောက်တော့ အကဲခတ်တတ်တယ်"

ရွှေကြည်ကတော့ ထစ်ခနဲရှိ လက်သီးပြင်တတ်သော မောင်ဝလို စိတ်ကြမ်း၊ လူကြမ်းသမားတစ်ယောက်ရဲ့ ရင်ထဲမှာ အချစ်ဆိုတာ ရှိလိမ့်မည်ဟု မယုံနိုင်အောင် ဖြစ်နေမိ၏။

◆

ထိုကိစ္စနှင့် ပတ်သက်၍ မလုံးက ဉာဏ်စိန်ကို ပြန်ပြောပြသည်။

"ဟုတ်ပါ့မလားဟ၊ မောင်ဝဆိုတဲ့ကောင်က ဒါမျိုးတွေ စိတ်ဝင်စားတာ မဟုတ်ပါဘူး"

ဉာဏ်စိန် မယုံသေး။



www.burmeseclassic.com

www.burmeseclassic.com



"အခု စိတ်ဝင်စားနေလို့ ပြောတာပေါ့"

"နင် ဘယ်လိုလုပ်သိလဲ"

"ဘယ်လိုလုပ်သိသလဲဆိုတော့ အလျှုနေ့က မောင်ဝ ရွှေကြည်ကိုကြည့်ပုံရှုပုံက တထေရာထဲပဲ"

"ဘာတထေရာလဲ"

မလုံးက ရှက်သလိုလို ဖြစ်နေပြီးမှ-

"ဟိုဒင်းလေ၊ ဟိုအရင် အပျိုဘဝတုန်းက နင် ငါ့ကို ကြည့်ပုံနဲ့ တထေရာတည်းပဲလို့ ပြောတာ"

ဉာဏ်စိန်သည် မလုံးကို ဟိုတုန်းက ဘယ်လိုကြည့်ခဲ့ မိမှန်း သတိမရတော့။ ဘာပဲဖြစ်ဖြစ် ဒီသတင်းသည် ထူးခြား နေသဖြင့် သူငယ်ချင်းတွေကို ပြောပြလိုက်သည်။ ထိုအခါ တွင်လည်း မယုံတဲ့လူက များနေ၏။ ထို့ကြောင့် ကာယကံရှင် ဖြစ်သော မောင်ဝကို ဖွင့်မေးမည်ဟု ဆုံးဖြတ်ကြသည်။

"အေး- ဟုတ်တယ်ကွ"

ဟု မောင်ဝက ချက်ချင်း ဝန်ခံသည်။

"အစကတော့ ငါလည်း ကိုယ့်ဘာသာ မယုံဘူး။ ဒါ မျိုးလည်း တစ်ခါမှ မကြုံဖူးပဲကိုးကွ။ နောက်- ရွှေကြည်ကို ဖက်နမ်းရတယ်လို့ အိပ်မက်မက်တော့မှ သူ့ကိုငါ တကယ် ကြိုက်နေပါလားဆိုတာ သိတော့တယ်"

"ကောင်းတယ်ကွာ။ ရွှေကြည်က ရိုးရိုးအေးအေး လေးပဲ။ ဒါမျိုးမှ မင်းနဲ့ဖြစ်မှာ"





ဟု ဖိုးနီက ထောက်ခံသည်။ ပွကြီးက-

"ဒါဆို မင်း သူ့ကိုစာပေးကွာ။ ငါရေးပေးမယ်"

"တော်စမ်းပါကွာ။ စာပေးတယ်ဆိုတာ သတ္တိမရှိတဲ့ ကောင်တွေလုပ်တာ။ ပြီးတော့ စာရေးဖို့ စဉ်းစားရတာနဲ့ ဘာ နဲ့ ခေါင်းရှုပ်တယ်။ ကိုယ်ကြိုက်နေတာပဲဟာ။ တစ်ခါတည်း ပါးစပ်က ပြောလိုက်ပြီးတာပဲ"

ပြောရင်း ထရပ်ပြီး ခြေလှမ်းပြင်သည်။

"ဒါက ဘယ်သွားမလို့လဲကွ"

ဉာဏ်စိန်က မေးသည်။ မောင်ဝက-

"သူ့ကို ကြိုက်နေတဲ့ အကြောင်း သွားပြောမယ်လေ ကွာ"

"ဟင်- မင်းဟာကလည်း ပြောမယ့်ပြောတော့ ချက် ချင်းကြီးပါလားဟ"

"အိုကွာ ပြောစရာရှိ မြန်မြန်ပြောလိုက်တော့ ပြီးရော ပေါ့။ ဘာဖြစ်လို့ နေ့ရွှေ့၊ ညရွှေ့လုပ်နေရမှာလဲ။ ပြီးတော့ ငါ စိတ်မပြောင်းခင် မြန်မြန်ပြောမှ ဖြစ်မယ်ကွ"

ဟု ပြောပြီး ခပ်သွက်သွက် လျှောက်ထွက်သွား၏။

အဆင်သင့် ချင်တော့ ရေတွင်းမှာ ရေလာခပ်သော ရွှေကြည်ကို တွေ့လိုက်ရသည်။ အေးမှာ ဦးကုလားအိမ်က အလုပ်သမားကောင်မလေးတစ်ယောက်လည်း ရှိနေသည်။ မောင်ဝက-



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- ကောင်မလေး ရွှေကြည်ကို ငါပြောစရာရှိလို့ နင်သွားတော့"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။ ကောင်မလေးက-

"ဟိုဒင်း အိမ်မှာ သောက်ရေကုန်နေလို့ အဲဒါ"

"နောက်မှခပ်၊ အခုသွားတော့"

ကောင်မလေးက ကြောင်အအလုပ်နေသည်။

"သွားတော့လို့ ပြောနေတာ မကြားဘူးလား"

"ကြား- ကြားပါတယ်"

ဆိုပြီး ရေအိုးကိုယူပြီး လစ်ပြေးလေတော့သည်။

မောင်ဝက ရွှေကြည်ဘက်လှည့်လိုက်သည်။ ရွှေကြက်လည်း မျက်လုံးလေးကလယ်လယ်နှင့် ကြည့်နေ၏။ မောင်ဝသည် စိတ်မြန်လက်မြန်မို့ ချက်ချင်းပြောမယ်ဆိုပြီး ထွက်လာခဲ့သော်လည်း တကယ် နဖူးတွေ့၊ ဒူးတွေ့ကျတော့ ဘယ်ကစပြောရမှန်းမသိ ဖြစ်နေ၏။ ရွှေကြည်ကို ပြောစရာရှိတယ်လို့လည်း ဆိုခဲ့ပြီးပြီ။ ခုချိန်ကျမှ ဘာမှ မဟုတ်ပါဘူးဆိုပြီး ပြန်လှည့်ထွက်သွားလို့ မရတော့။ ထို့ကြောင့် ခေါင်းထဲဖြတ်ခနဲ ပေါ်လာတဲ့အတိုင်း-

"ရွှေကြည် နင် ငါ့ကို ယူနိုင်မလား"

ဟု တုံးတိတိကြီး ပြောချလိုက်သည်။

ရွှေကြည် မျက်လုံးကလေး ဝိုင်းသွား၏။





ဘုရားရေ။ မပွေးတို့၊ မလုံးတို့ပြောတဲ့ မောင်ဝ မရိုးတော့ဘူးဆိုတာ တကယ်ပါပဲလားတော်ရေ။

◆

ရွှေကြည်က တချို့မိန်းကလေးတွေလို မိဘကွယ်ရာမှာ ခိုးကြောင်ခိုးဝှက် ဘာမှ လုပ်တတ်သူမဟုတ်။ မိဘဆိုရာမှာတောင် အဖေက မရှိတော့။ အမေ တစ်ယောက်တည်းသာ ရှိသည်။ အမေ့ကို သူ ဘယ်တုန်းကမှ မညာခဲ့၊ ခုကိစ္စမှာလည်း အမေ့ကို ဖွင့်မပြောဘဲနေလျှင် လိမ်ညာရာကျမှာ မဟုတ်သည့်တိုင် ဖုံးကွယ်မထားချင်။ ထို့ကြောင့် မောင်ဝက ဒီလို ဒီလို ပြောပါတယ်ဟု အသိပေးလိုက်၏။

ရွှေကြည့် အမေကလည်း ဘယ်လောက်တောင် ရိုးရှာသလဲဆိုတော့ သဘောတူတယ်၊ မတူတယ်ဆိုတာကိုမပြောဘဲ-

"ဟယ်- ဒါဆို ဒုက္ခပဲ။ မောင်ဝက တော်တော် စိတ်ဆတ်တယ်ဆို။ မတော်လို့ သူ့ကို ပြန်မကြိုက်ရင် ထိုးလား၊ ကြိတ်လား၊ ရိုက်လား၊ နှက်လား လုပ်နေပါဦးမယ်အေ"

ဟု ရင်ပတ်ကို ဖိရင်း ပြောသည်။ သူ့စကားက ရွှေကြည့်ကို မောင်ဝဘက်သို့ ခြောက်လှန့်တွန်းပို့သလို ဖြစ်သွားကြောင်းကိုတော့ သတိမပြုမိရှာ။

နောက်တစ်ခါ တွေ့ကြတော့ မောင်ဝက-

"ငါ မေးထားတာ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။ ရွှေကြည်က ခေါင်းငုံ့ရင်း-

"ကျွန်မ စဉ်းစားပါရစေဦး"

ဟု ဖြေသည်။

"ဘာ- ဘာစဉ်းစားစရာရှိလို့လဲ။ နင်နဲ့ငါက တစ်ရပ်ကွက်ထဲ နေလာကြတာ နှစ်ပေါင်းပဲ မနည်းတော့ဘူး။ ငါ့ အကြောင်း နင်ကောင်းကောင်းသိနေတာပဲ။ ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး ရှင်းရှင်းပေါ့"

ရွှေကြည်က ဘာမှ ပြန်မပြော။ မျက်နှာချင်းဆိုင် မကြည့်ရဲသဖြင့် ခေါင်းငုံ့ရင်း မောင်ဝ၏ လက်များကိုသာ သတိထားကြည့်နေ၏။ ထိုစဉ်တွင် မောင်ဝက လက်ကို ဆတ်ခနဲ မြှောက်လိုက်သောအခါ ရွှေကြည်လည်း ငါ့ကို ရိုက်ပြီ ထင်တယ်မှတ်ပြီး ဇက်ကလေး ပုလိုက်မိသေး၏။ အမှန်မှာ မောင်ဝက ခေါင်းကုတ်လိုက်ခြင်းသာ ဖြစ်၏။ ပြီးတော့မှ-

'ကဲ- စဉ်းစားရင်လည်း မြန်မြန်စဉ်းစားစမ်းဟာ၊ နင်တို့ဟာက သိပ်စာရင်းရှုပ်တာပဲ။ ငါ သိပ် စိတ်မရှည်ချင်တော့ဘူး"

မောင်ဝတို့ လုပ်ပေါက်ကတော့ မြင်တဲ့အတိုင်းပဲ။ သူ ပြောနေပုံက မိန်းကလေးတစ်ယောက်၏ အချစ်ကို တောင်းခံနေသလိုမဟုတ်ဘဲ ကြွေးရှင်က ဝမ်နင်ပေးသည့်ပုံမျိုးဖြစ်နေ၏။ ဒီအချိုးမျိုးနဲ့ စတိုးဆိုင်မှာ ပစ္စည်းသွားဝယ်ရင်တောင် အနည်းဆုံး မျက်စောင်းလောက်တော့ အထိုးခံရနိုင်သည်။ သို့





ရာတွင် ရွှေကြည်ကတော့ မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ်သာ လုပ်နေရှာ၏။ သူ့စိတ်ထဲမှာ 'ဝယ်သူဘက်က အမြဲမှန်သည်'ဆိုသော အယူအဆကို လက်ခံထားလေသလားတော့ မသိ။

ဟုတ်ပါ့။ 'ချစ်သူဘက်က အမြဲမှန်သည်'ဆိုတာ မကြားဖူးကြဘူးလား။

◆

နောက်တစ်ကြိမ်ကျတော့ ရေတွင်းမှာ ဆုံကြသည်။ မောင်ဝက ရွှေကြည် ရေလာအခပ်ကို ဝမင်စောင့်နေခြင်းဖြစ်၏။ သူကလည်း ရေထမ်းလက်စဖြစ်သောကြောင့် လက်ထဲမှာ ထမ်းပိုးကြီး ကိုင်ထားသည်။ ရွှေကြည်မှာ အလိုလိုကမှ ကြောက်နေရတဲ့အထဲ မောင်ဝလက်ထဲက ထမ်းပိုးမြင်သောအခါ တုန်တုန်ယင်ယင်တောင် ဖြစ်နေရှာ၏။

"ကဲ- ဘယ်လိုလဲ။ စဉ်းစားပြီးပြီလား"

မောင်ဝက ခပ်ဆတ်ဆတ်မေးသည်။ ရွှေကြည်က ကြောက်လက်စနှင့်မို့ ဖြေမိဖြေရာ-

"ဟို- ဟို --- မစဉ်းစားရသေးဘူး"

"ဘာ- ဒါလေးစဉ်းစားတာ ဒီလောက်တောင် ကြာရသလား"

မောင်ဝ၏ လေသံမှာ စာမရသော ကျောင်းသူလေးကို ငေါက်နေသော ကျောင်းဆရာ၏ ပုံစံမျိုး။ ရွှေကြည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယောင်ကန်းကန်းဖြင့်-

"ကျွန်မ၊ ကျွန်မ နက်ဖြန်ကျရင် စဉ်းစားပါ့မယ်"

"နက်ဖြန်တွေ ဘာတွေ လုပ်မနေနဲ့။ အခု စဉ်းစားပြီး အခု အဖြေပေး"

ရွှေကြည်သည် ဘာပြောလို့ ပြောရမှန်း မသိဘဲ တဆတ်ဆတ်သာ တုန်နေသည်။

"ရွှေကြည် နင် ငါ့ကို စိတ်တိုအောင် မလုပ်နဲ့နော်။ ပြောဟာ ကြိုက်သလား၊ မကြိုက်ဘူးလား"

ပြောရင်းက ထမ်းပိုးကို မြှောက်လိုက်၏။ အမှန်မှာ ပခုံးပေါ် တင်လိုက်ခြင်းသာဖြစ်၏။ ရွှေကြည်ကတော့ ရိုက်ပြီ မှတ်ပြီး လက်ကလေးကာရင်း-

"ဟုတ်- ဟုတ်ကဲ့ပါ"

ဟု အလျင်အမြန် ပြောလိုက်သည်။

"ဘာ ဟုတ်ကဲ့လဲ။ ရှင်းရှင်းပြော၊ ကြိုက်တာလား၊ မကြိုက်တာလား"

"ဟုတ်- ဟုတ်ကဲ့၊ ကြိုက် ကြိုက်ပါတယ်"

မောင်ဝ၏ သုန်မှုန်နေသော မျက်နှာမှာ ရုတ်တရက် ဝင်းပသွားသည်။

"ဟာ- ဝမ်းသာလိုက်တာဟာ"

ဆိုပြီး ထမ်းပိုးကို ပစ်ချသည်။ ထို့နောက် ရွှေကြည်၏ လက်မောင်းနှစ်ဘက်ကို ကိုင်လှုပ်ရမ်းလိုက်ပုံမှာ သစ်ပင်





တစ်ပင်က သစ်သီးတွေကို ခြွေချနေသလား အောက်မေ့ရလေ၏။

◆

အမူအရာတွေ ပျက်ပြီး တုန်တုန်လှုပ်လှုပ်ဖြစ်လျက် ပြန်လာသော ရွှေကြည်ကို မြင်သောအခါ သူ့အမေက-

"ဟဲ့- ဘာဖြစ်လာလို့လဲ"

ဟု ထိတ်ထိတ်ပြာပြာမေးသည်။ ရွှေကြည်က ဖုံးကွယ်မနေတော့ဘဲ မောင်ဝ၏ အချစ်ကို သူလက်ခံခဲ့ပြီဖြစ်ကြောင်း ပြောပြသည်။ အမေက-

"ဟင်- မြန်လှချည်လား။ ညည်းဟာက မိန်းမစျေး မပျက်အောင် နည်းနည်းပါးပါး အချိန်ဆွဲပါဦးတော့လားအေ"

"မဖြစ်ဘူး အမေရဲ့။ သူ့လက်ထဲမှာ ထမ်းပိုးကြီး တရမ်းရမ်းနဲ့။ မတော်လို့ စိတ်ထွက်ပြီး ရိုက်လိုက်ရင် မသက်သာဘူး"

"အင်း- ဒါလည်း ဟုတ်တာပဲ။ ဒါနဲ့ ညည်းကို မေးပါရစေဦး။ အခု မောင်ဝကို လက်ခံခဲ့တာဟာ ထမ်းပိုးကို ကြောက်လို့လား၊ ညည်းကိုယ်တိုင်ကကော အလိုတူ အလိုပါမို့လို့လား"

ရွှေကြည်၏ မျက်နှာ ရဲခနဲ ဖြာသွားသည်။ ပြီးမှ-

"နှစ်ခုစလုံးပဲ အမေ"

ဟု ပြောပြီး ခပ်သုတ်သုတ် ထထွက်သွား၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျမှ အမေက ပြုံးပြီး-

“ငါထင်သားပဲ”

ဟု ခပ်တိုးတိုး ပြောလိုက်၏။

♦

တကယ်တော့ ရွှေကြည့်အမေသည် မောင်ဝနှင့် ရွှေကြည်ကို ကျေနပ်သဘောတူခဲ့ပြီးသား ဖြစ်၏။ မောင်ဝ ရိုးသားကြောင်း သူသိသည်။ တစ်ခုပဲ ရှိတာက မောင်ဝသည် ဘုဆတ်ဆတ်အကောင်မို့ သူ့သမီးအပေါ် လက်ပါမှာ စိုးရိမ်မိခြင်းဖြစ်၏။ သို့ရာတွင် မပွေးက မောင်ဝသည် လူဖြောင့်စိတ်တိုသာဖြစ်ကြောင်း၊ မိန်းကလေးများလို အားနည်းသူများကို အနိုင်မကျင့်တတ်ကြောင်း အာမခံသဖြင့် စိတ်ချသွားသည်။

မောင်ဝက ရွှေကြည်ကို ဖွင့်ပြောပြီးနောက်ပိုင်းတွင် မပွေးက ရွှေကြည့်အမေကိုလည်းကောင်း၊ မလုံးနှင့် ဘာနူးတို့က ရွှေကြည်ကိုလည်းကောင်း မောင်ဝကို လက်ခံဖို့ စည်းရုံးသိမ်းသွင်းခဲ့ကြသည်။

တကယ်တော့ ထိုအချက်ကို ရွှေကြည်က သိပ်ဘဝင်မကျ။ ခုပုံဆိုလျှင် သူတို့တိုက်တွန်းလို့သာ မောင်ဝကို လက်ခံလိုက်ရသလို ဖြစ်နေ၏။ အမှန်မှာ ဒီလိုမဟုတ်ပေါင်။ အလှူမှာ ထင်းခွဲနေတာမြင်ပြီးကတည်းက ကိုမောင်ဝကို ကြိုက်ပြီးသားပဲ။





မောင်ဝကတော့ စိတ်မြန်လက်မြန်သမားတို့၏ ထုံးစံအတိုင်း ရွှေကြည်က အဖြေပေးပြီး နောက်တစ်နေ့မှာပင်-

“ငါတို့ ယူကြရအောင်ဟာ”

ဟု ပြောလေသည်။

“အို- ကိုမောင်ဝကလည်း မနေ့ကပဲ ဟိုဒင်းဖြစ်တာ။ ချက်ချင်းကြီး”

“ဟ- တစ်ယောက်နဲ့တစ်ယောက် ကြိုက်ကြတယ် ဆိုတာ ယူဖို့ ကြိုက်ကြတာပဲဟာ။ မြန်မြန်ယူလိုက်တော့ ပြီးရော ပေါ့”

“အမေ့သဘောက ဘယ်လိုမှန်း မသိသေးဘူးလေ”

“ငါက နင့်ကိုယူမှာပဲ။ နင့်အမေကို ယူမှာမှ မဟုတ်တာ”

“အို- ကိုမောင်ဝ၊ ဘယ်လိုပြောလိုက်တာလဲ၊ လူကြီးကို”

“ငါက အမှန်အတိုင်းပြောတာပါ။ လူကြီးကို စော်ကားချင်လို့ မဟုတ်ပါဘူး”

ရွှေကြည်တို့ အမေကလည်း ချက်ချင်းကြီးတော့ လက်မထပ်စေချင်။ အချိန်နည်းနည်းယူပြီး ငွေလေး၊ ဘာလေး စုစေချင်သည်။

သူငယ်ချင်းတွေကလည်း လက်ထပ်ဖို့ကို အလေအလွင့် သုံးဆယ်မလုပ်ဖို့ ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ စိတ်မြန်လက်မြန်ပဲကွာ။ နောက်လည်း ယူရမယ့်အတူတူ စောစောယူတော့ စောစောအဖတ်တင်တာပေါ့"

ဟု မောင်ဝက ဆိုသည်။

"ဒီလို ကိစ္စမျိုးဆိုတာ ဆန္ဒစောလို့ မရဘူးကွ။ နှစ်ဦးနှစ်ဖက် ညှိညှိနှိုင်းနှိုင်းနဲ့ စနစ်တကျ အချိန်ယူ ဆောင်ရွက်သင့်တယ်"

ဉာဏ်စိန်က ဝင်ပြောသည်။ သူသည် မောင်ဝနှင့် အသက်ချင်း မတိမ်းမယိမ်းဖြစ်သော်လည်း အိမ်ထောင်ကျနေပြီဖြစ်သဖြင့် ဝါကြီးသလို ဖြစ်နေ၏။ ထို့ကြောင့် အခွင့်အရေးရတုန်း မောင်ဝကို ဆရာလုပ်နေခြင်းဖြစ်၏။

"ဟော့ကောင် ဉာဏ်စိန်၊ ငါက မင်းလို ဝမ်းနုတ်ဆေးစားတာတောင် မိန်းမနဲ့ တိုင်ပင်ပြီးမှ စားတဲ့ကောင်းမျိုး မဟုတ်ဘူးကွ"

ခါတိုင်းဆိုလျှင် မောင်ဝစကားကြောင့် ဉာဏ်စိန်ကို ဝိုင်းဟားကြမှာ သေချာသည်။ ခုတော့-

"ဉာဏ်စိန်ပြောတာ ဟုတ်တယ်ကွ။ ဒီမှာ မောင်ဝ ထန်းရည်ခါးခါး ပြင်းပြင်းလေး သောက်ချင်ရင် နေကျော်အောင်တော့ စောင့်ရမှာပဲ"

ဟု ပွကြီးက ဉာဏ်စိန်ဘက်က ဝင်ထောက်ခံသည်။

"ဘာ- မိန်းမဆိုတာ ကြာလေ ခါးလေ၊ ပြင်းလေလို့





တစ်ခါမှ မကြားဖူးပါဘူး"

မောင်ဝက ပွကြီး၏ ဥပမာကို သူ့ဝသီအတိုင်း တည့်ကြီးခံစားပစ်လိုက်သည်။ ဖိုးနီက-

"ဒီလိုရှိတယ် မောင်ဝရာ၊ ဒီလိုကိစ္စမျိုးမှာ ကိုယ့်ဆန္ဒစွဲနဲ့ တဖက်သတ်ဆုံးဖြတ်လို့ မရဘူး။ ဟိုဘက်၊ ဒီဘက် မျှတွေးရတယ်"

"အေး- ငါလည်း အဲဒါပြောမလို့ပဲ"

ပတေးက စကားစလိုက်ပြီး ဆက်၍-

"မောင်ဝ၊ မင်း ရွှေကြည်ကို တကယ်ချစ်သလား"

"ဟာ- ချစ်လို့ပဲ မြန်မြန်လက်ထပ်ချင်တာပေါ့ကွ။ မချစ်ဘဲနဲ့ ဘယ်သူက အလုပ်ရှုပ်ခံပြီး ရည်းစားစကား ပြောမှာလဲ"

"ဟုတ်ပြီ။ ရွှေကြည် မျက်နှာငယ်ရမယ့် အလုပ်မျိုးကို မင်းလုပ်မလား"

"ဘာဖြစ်လို့ လုပ်ရမှာလဲ"

"တကယ်လို့ တစ်ယောက်ယောက်က ရွှေကြည့်ကို သိက္ခာကျအောင် ကဲ့ရဲ့ပြောဆိုမယ်ဆိုရင် မင်း ဘယ်လိုသဘောထားမလဲ"

"ဟင်-_ဘယ်သူက ပြောတာလဲ"

မောင်ဝက ဆတ်ခနဲ ဖြစ်ပြီး လေသံမာသွားသည်။

"ဘယ်သူကမှ မပြောသေးပါဘူး။ ဥပမာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြည့်ကို မကောင်းပြောတဲ့လူဆိုရင် မျက်ခွက်ကို သုံးချက်လောက် ဆင့်ထိုးပစ်လိုက်မယ်"

"ကဲ- ကြည့်၊ ခုပဲ မင်းရဲ့စိတ်သဘောထားအမှန်ပေါ်လာပြီး ရွှေကြည့်ကို တခြားလူ တစ်ယောက်ယောက်က ကဲ့ရဲ့တာတောင် မခံနိုင်ဘူးဆိုတော့ သူ့ကို မင်း ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ သိသာသွားပြီ။ ဒါဆိုရင် ရွှေကြည်သိက္ခာကျမယ့် အလုပ်မျိုးကို မင်းကိုယ်တိုင်လည်း လုပ်မှာမဟုတ်ပါဘူး"

"ငါက ဘာလုပ်နေလို့လဲ"

"မင်း စိတ်ထဲကတော့ မလုပ်ဘူးလို့ ထင်တာပေါ့။ ဒါပေမယ့် တစ်ခါတစ်ခါ မင်းက စိတ်ထဲထင်တာတွေ စွတ်စွတ်လုပ်တော့ တဖက်လူကို ထည့်မတွက်သလို ဖြစ်ဖြစ်သွားတယ်"

"အေးကွာ၊ ဒါတော့ ဟုတ်တယ်"

ဟု ကျော်ကွန့်က စကားကို ထောက်ခံလိုက်ပြီး-

"မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ဆိုတာကို ကိုယ့်ဘက်က အလျှော့ပေးပြီး တောင်းတောင်းပန်ပန် ခခယယ လုပ်ရတာကွ။ မင်းလုပ်ပုံကျတော့ ကြည့်စမ်း၊ မြန်မြန်စဉ်းစားပါ တို့စိတ်မရှည်တော့ဘူးလို့ ပြောပြီး ဟိန်းလိုက်၊ ဟောက်လိုက်နဲ့ ချစ်သူဆီက အဖြေတောင်းတာကလည်း ဆက်ကြေးတောင်းတာ ကျနေတာပဲ။ ဟိုက ကြောက်လန့်ပြီး မြန်မြန် အဖြေပေးလိုက်ရရော မဟုတ်လား။ တကယ်လို့





အပြစ်ပြောချင်တဲ့ ပတ်ဝန်းကျင်မျိုးဆို ရွှေကြည့်ကို အညာလွယ်တဲ့ မိန်းကလေးလို့ ထင်မသွားဘူးလား။ မင်း လုပ်ပေါက်ကို စဉ်းစားကြည့်စမ်း"

မောင်ဝသည် တွေးပြီး စဉ်းစားနေ၏။ ထို့နောက်-

"အေး- မင်းပြောတာ ဟုတ်တယ်။ ဒီတော့ ကဲကွာ၊ ကဲကွာ"

ဆိုပြီး သူ့မေးရိုးကို သူ့ဘာသာ ခပ်ပြင်းပြင်း ထိုးလိုက်သည်။ ပွကြီးက လက်ကို ဖမ်းဆွဲထားပြီး-

"ဟော့ကောင်၊ ဟော့ကောင်၊ ဘာလုပ်တာလဲ"

"ရွှေကြည်သိက္ခာကျအောင် လုပ်တဲ့ကောင်ဆိုရင် မျက်ခွက်ကို သုံးချက်ဆင့်ထိုးမယ်လို့ ငါပြောထားတယ်လေ။ အခု ငါ့ကြောင့် ရွှေကြည့်ကို အညာလွယ်တဲ့ မိန်းကလေးလို့ ထင်ခံရတော့မယ် မဟုတ်လား။ ဒါကြောင့် ငါ့ကိုယ်ငါ ထိုးတာ"

"ခုကျတော့လည်း သည်းနေလိုက်တာ"

ဉာဏ်စိန်က ဝင်ပြောသည်။ ဖိုးနီက-

"နောက်တစ်ခု ထပ်ပြောရဦးမယ်။ မင်းက အခု ကြိုက်ပြီး အခုလက်ထပ်ချင်တယ်ဆိုတော့ မင်းမှာ ငွေ ဘယ်လောက်ရှိလဲ"

"သုံးရာလောက် ရှိတယ်"

"သုံးရာနဲ့ မိန်းမယူလို့ရမလားကွ။ မင်းဟာက-"

ပတေးက လက်ကာပြပြီး။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောမယ် မောင်ဝ၊ မိန်းမယူတယ်ဆိုတာ လွယ်လွယ်လေး မဟုတ်ဘူး။ မင်္ဂလာဆောင်ရဦးမယ်။ မင်္ဂလာဆောင်ကိုလည်း ပြီးပြီးရော လုပ်လို့ရတာ မဟုတ်ဘူး။ ငါနဲ့ ဘာနုးနဲ့ မင်္ဂလာဆောင်တုန်းကဆိုရင် ငါတို့အဖေ တော်တော်ကုန်ခဲ့တာကွ"

"အေး- ငါမှတ်မိတယ်ကွ။ မင်းတို့အဖေက ဘာနုးတို့ မိဘတွေကို အန်ပေါင်းတောင် ပေးရသေးတယ်လေ"

ပွကြီးက ဝင်ပြောသဖြင့် ပတေးက-

"ဟာ- ဘယ်ကလာ၊ အန်ပေါင်းမဟုတ်ပါဘူးကွ။ မဟာလ် တင်တယ်လို့ ခေါ်တယ်။ ရွှေရော၊ ပိုက်ဆံရော ငါးထောင်လောက်ကုန်တယ်။ အဲဒီတုန်းက ငါးထောင်ဆိုတာ နည်းတာမဟုတ်ဘူးနော်။ ဧည့်သည်တွေကိုလည်း စပယ်ရှယ်ကျွေးတာကွ။ အိရာနီပုလောင်ဆိုတာလေ၊ လူတွေဆိုတာကွာ၊ စားလိုက်ကြတာ၊ ဒီလောက်ကောင်းတာမျိုး တစ်ခါမှ မစားဖူးဘူးလို့ တသသ ပြောယူရတယ်။ မကောင်းလည်း နေမလားကွ။ ငါတို့အဖေရဲ့ အဘိုး စားတော်ကဲကြီး ဦးမောင်စိန်ဟာဆိုရင်"

"ဟေ့ကောင် ပတေး၊ မင်းဟာက မဆိုင်တာတွေ လျှောက်လေမရှည်နဲ့ကွာ။ မောင်ဝကိစ္စပဲ ပြော"

ဟု ကျော်ကွန့်က ဟန့်ထားလိုက်သည်။ ဒီလိုမှ မတားလျှင်လည်း ပတေး၏ ထုံးစံအတိုင်း စားတော်ကဲ မျိုး





ရိုး ရာဇဝင်ကို ရှည်လျားစွာ ပြောလိမ့်မည်။ နိုင်ငံကျော်စာရေးဆရာ ချစ်ဦးညိုကတောင် ထိုစားတော်ကဲကြီး ဦးမောင်စိန်အကြောင်းကို အခြေခံ၍ 'မဆလာဒီပချစ်သူ' အမည်ဖြင့် ရာဇဝင်ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးတော့မလိုလို ပြောတတ်သည်။

"တကယ်တော့ အိမ်ထောင်ရေးဆိုတာ ဥပမာ ပြောရရင် ---"

ကျော်ကွန့်က လက်ချာအလှည့်ယူဖို့ စကားစလိုက်စဉ် မောင်ဝ စိတ်မရှည်တော့ဘဲ-

"ဟေ့ကောင်တွေ၊ မင်းတို့ဟာက ဥပမာတွေ များနေပြီကွာ။ လိုရင်းပြော"

ဆိုတော့မှ ဖိုးနီက-

"ဒီလိုကွာ မောင်ဝ၊ မိန်းကလေး တစ်ယောက်အဖို့ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာဆောင်ရတာလေ။ မင်းအနေနဲ့ ရွှေကြည်ကို တကယ်တန်ဖိုးထားတယ်ဆိုရင် တင့်တင့်တယ်တယ်လေးတော့ လုပ်ပေးသင့်တယ်။ နို့မို့ဆို မုဆိုးမသားအမိမို့ ပြီးပြီးရော လုပ်တယ်လို့ ပြောစရာ ဖြစ်လာမယ်။ မင်းလည်း သိက္ခာကျတာပေါ့"

"အေး- မင်းတို့ပြောတာ မှန်တယ်။ ဒီတော့ ငါ ဒီနေ့ကစပြီး အလုပ်ကြိုးစားလုပ်မယ်။ ပိုက်ဆံ စုမယ်။ ကောင်းကောင်းမွန်မွန် လက်ထပ်နိုင်တဲ့အချိန်ကျမှ သူ့ကိုယူမယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝက ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်၏။

သို့ရာတွင် ခုလိုအချိန်ယူ စိစဉ်ဖို့ မောင်ဝကို ဝိုင်းဝန်းစည်းရုံး တိုက်တွန်းခဲ့ကြခြင်းသည် မောင်ဝနှင့် ရွှေကြည်တို့၏ အချစ်ဇာတ်လမ်းကို ရှည်လျားသော အီလည်လည်ဇာတ်မျောကြီး ဖြစ်သွားစေကြောင်း နှောင်းတော့မှ သိခဲ့ကြရလေသည်။

◆

မောင်ဝက သိပ်တွက်ချက် စဉ်းစားတတ်သူမဟုတ်။ ဘယ်ကိစ္စမဆို အဖြောင့်တွေးပြီး အဖြောင့်လုပ်တတ်သူဖြစ်၏။ ရွှေကြည်နှင့် ပတ်သက်သော သူ့အမြင် သူ့စီမံကိန်းက ရှင်းသည်။ ရွှေကြည်ကို သူချစ်သည်။ ရွှေကြည်ကို သူ တန်ဖိုးထားသည်။ ထို့ကြောင့် တင့်တင့်တယ်တယ် လက်ထပ်ယူရမည်။ ဒီအတွက် အလုပ်ကြိုးစားမည်။ ငွေစုမည်။ ဒါပဲ။

ဒီနေရာမှာ ပြောစရာတစ်ခုရှိသည်။

အချစ်ဆိုတာက ကိုယ်ချစ်ပဲဖြစ်ဖြစ်၊ အပြန်အလှန်အချစ်ပဲဖြစ်ဖြစ် နှစ်ပေါင်းထောင်သောင်းချီအောင် တည့်တံ့နေနိုင်သည်။ နှလုံးသားဖောင်းပွမှုကြောင့် အချစ်ဈေးတက်တယ်ဆိုတာလည်း မရှိ။ ဈေးကွက် ကမောက်ကမဖြစ်လို့အချစ်တွေ ဈေးထိုးကျတယ်ဆိုတာလည်းမရှိ။ အချစ် တန်ဖိုးသည် အစဉ်အမြဲ တည်ငြိမ်မှုရှိ၏။

သို့ရာတွင် ကုန်ဈေးနှုန်းဆိုတာကတော့ အချစ်လို





ခြေငြိမ်တာမျိုးမဟုတ်။ ဒီကောင်က အမြင့်ကိုမှ အမြဲတမ်းမှန်းနေသူဖြစ်၏။ ထိုအခါ-

မောင်ဝသည် အလုပ်ကို အသည်းအသန် ကြိုးစားပြီး လုပ်သည်။ သို့ရာတွင် သူက အကြံအဖန် လုပ်တတ်သူမဟုတ်။ ငွေကို ရင်းပြီး တိုးပွားအောင် လုပ်တတ်သူမဟုတ်။ အတတ်ပညာကို ရင်းပြီး ကြီးပွားအောင် ကြံဆောင်တတ်သူလည်းမဟုတ်။ သူ့မှာရှိတာက လုပ်အားပဲဖြစ်၏။ ထို့ကြောင့် လုပ်အားတန်ဖိုးလောက်သာ ရနိုင်သည်။

ပြီးတော့ သူ၏ ဈေးကွက်ကလည်း အကန့်အသတ်ရှိ၏။ သူက အလုပ်ကို ပိုလုပ်နိုင်ရင်တောင် သူ့ဆီက ရေဝယ်သုံးသူတွေက ပိုမဝယ်နိုင်။ တစ်နေ့ ရေတစ်စည်ယူတဲ့လူက နှစ်စည်တိုးပြီး ဝယ်မှာမဟုတ်။ ဒီတော့ ဝင်ငွေက တိုးမလာ။

မောင်ဝသည် မနက်ပိုင်း ဈေးဘေးက လမ်းကြားလေးထဲမှာ ကုန်စိမ်းရောင်းတယ်ဆိုသော်လည်း ဆိုင်နှင့် ကန္နားနှင့်မဟုတ်။ များများစားစားလည်း မရောင်းနိုင်။ ပြီးတော့ ဈေးရောင်းတဲ့အလုပ်ဆိုတာက နှုတ်ချိုရသည်။ ဝယ်သူအမျိုးမျိုးအပေါ် သည်းခံရသည်။ အစ်ကိုရယ်၊ အစ်မရယ်ဆိုပြီး အောက်ကျို့ရသည်။ မောင်ဝက ဒီလိုမဟုတ်။ စိတ်ကလည်း တိုသေးသည်။ လာပါဝယ်ပါလည်း အော်နေတာမဟုတ်။ သူက ဈေးမှန်နှင့် ရောင်းတာကို မတရားလာဆစ်လျှင်လည်း ပြဿနာတက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရောင်းရသည့်နေရာက တရားဝင်ချပေးထားခြင်းမဟုတ်။ သူတို့လို အပြင်တန်း လမ်းဘေးရောင်းသူတွေကြောင့် ဈေးရုံကြီးထဲမှာ ဆိုင်ခန်းခ၊ ဈေးကောက် ပေးထားရသူတွေ အရောင်းအဝယ်ပါးရသည်ဆိုပြီး တိုင်သဖြင့် ဈေးကောင်စီက လာတားသည်။ ဒီမှာတွင်ပဲ မောင်ဝက ထိုးမယ်ကြိတ်မယ်လုပ်သဖြင့် နောက်ရက် ရောင်းခွင့်မရတော့။ ပြေပြေလည်လည် ပြောလျှင် သက်ညှာမှုရနိုင်တာကို မောင်ဝက ပွဲကြမ်းသဖြင့် ခုလို ဖြစ်ရတာဆိုပြီး တခြား ဈေးသည်တွေက မကြည်လင်ကြ။ ထို့ကြောင့် မောင်ဝလည်း ကုန်စိမ်းရောင်းတဲ့ အလုပ်ကို စွန့်လွှတ်လိုက်ရ၏။

ဒီလိုနဲ့ ခြောက်လလောက် ငွေစုလျှင် ရွှေကြည်ကို လက်ထပ်နိုင်မည်ဟု မှန်ထားတာလည်း ပျက်သွားရတော့သည်။

မောင်ဝသည် အသုံးစရိတ်ကို ချွေတာကြည့်ပြန်သည်။ တကယ်တမ်းချွေတာမယ်လုပ်တော့ လျှော့သုံးစရာဆိုလို့ မည်မည်ရရ မရှိတာ တွေ့ရပြန်၏။ သူက အဝတ်အစားလည်း ကောင်းကောင်းဝတ်သူမဟုတ်။ ရည်းစားနဲ့ ချိန်းတွေ့ဖို့ အင်္ကျီလှလှ၊ ပုဆိုးကောင်းကောင်း ဝယ်စရာလည်းမလို။ များသောအားဖြင့် စွပ်ကျယ်လက်ပြတ်နှင့် လယ်သမားတံဆိပ် ပုဆိုးလောက်နှင့် ပြီးသည်။ ရေစည်လှည်းတွန်းတဲ့အချိန်ဆို စွပ်ကျယ်တောင် မဝတ်ဘဲ အပေါ်ပိုင်း ဗလာနှင့်ဖြစ်၏။ ရှပ်





အင်္ကျီဆိုလို့ တစ်ထည်တည်းသာ ရှိသည်။

ဒါကလည်း အလှူတွေဘာတွေရှိလျှင်တောင် ဝတ်ဖြစ်တာ နည်းသည်။ အလှူဆိုလျှင် သူက အလုပ်ကြမ်းမှန်သမျှ ဝင်ကူနေရတာကိုး။

ရွှေကြည်နှင့် တွေ့ရတဲ့အချိန်ကလည်း ရေခပ်ရေထမ်းနေတဲ့အချိန်ဆိုတော့ အင်္ကျီချွတ်နှင့်သာ များသည်။ ရွှေကြည်ကလည်း မြင်နေကျဆိုတော့ မောင်ဝဆိုလျှင် အင်္ကျီမပါတာက ပိုကြည့်ကောင်းသေးသည်ဟုသာ ထင်မိ၏။ တစ်ခါသားတော့ သူငယ်ချင်းတွေ မြှောက်ပေးသဖြင့် တစ်ထည်တည်းသော ရှပ်အင်္ကျီကို ဝတ်ပြီး ရွှေကြည်အလုပ်က အပြန်လမ်းမှာ သွားစောင့်နေဖူးသည်။

ရွှေကြည်သည် မောင်ဝကို သတိမပြုမိ။ အနားရောက်လို့ မောင်ဝက-

"ဟဲ့- ရွှေကြည်"

ဟု ခေါ်လိုက်တော့မှ-

"ဟယ်- ကိုမောင်ဝ"

တအံ့တသြ ရေရွတ်သည်။

"နင် ငါ့ကို မမြင်ဘူးလား"

မောင်ဝက မေးတော့-

"အမှတ်တမဲ့ဆိုတော့ သတိမပြုမိဘူး။ ရှပ်အင်္ကျီကြီးနဲ့ ဆိုတော့ ရုတ်တရက် မမှတ်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



-----တဲ့။

ဒီအတိုင်းဆို မောင်ဝ အနေဖြင့် တကယ်လို့ ရုပ်ဖျက်ပြီး သွားလာစရာများရှိလျှင် သူများလို မျက်မှန်အမည်းကြီး တပ်တာတို့၊ ပန်ချာပီယောင်ဆောင်တာတို့ ဆံပင်အတု စွပ်တာတို့ လုပ်နေစရာတောင်မလို။ ရှပ်အင်္ကျီတစ်ထည် ကောက်ဝတ်လိုက်ရုံသာ ဖြစ်လေ၏။

မောင်ဝသည် ဆေးလိပ်မသောက်သဖြင့် ဒီအတွက်လည်း ငွေမကုန်။ အသောက်အစားကိစ္စကျတော့လည်း တစ်ခါတစ်လေမှ သူငယ်ချင်းတွေနှင့် အပျော်ဝိုင်းဖွဲ့တတ်ခြင်းသာ ဖြစ်၏။ လောင်းကစားလည်း မရှိ။ နှစ်လုံးတိုက်၊ သုံးလုံးတိုက်တွေကိုလည်း မသေချာတဲ့ကိစ္စ။ အချောင်ရတဲ့ ငွေမျိုး မလိုချင် ဆိုပြီး ကင်းကင်းနေတတ်သည်။

ဒီတော့ သူမှာ လျှော့စရာဆိုလို့ အစားကိစ္စပဲရှိ၏။ သူက မနက်အိပ်ရာထလျှင် ထမင်းကြမ်း စားပြီးနောက် ပတေးဆိုင်မှာ လက်ဖက်ရည်တစ်ခွက် ဝင်သောက်တတ်သည်။ လက်ဖက်ရည်ဖြတ်လိုက်လျှင် ငွေပိုထွက်လာမှာပဲဆိုပြီး နှစ်ရက်သုံးရက်လောက် ဆိုင်မှာ သွားမထိုင်ဘဲ နေသောအခါ-

"ဟေ့ကောင် မောင်ဝ၊ မင်း ဘာဖြစ်လို့ ဆိုင်ကို မလာတာလဲ"

ဟု ပတေးက မေးသည်။

"ငါက ငွေစုနေရတယ်လေကွာ။ ဒါကြောင့် လက်





ဖက်ရည်ဖိုး သက်သာအောင် ဖြတ်လိုက်တာ"

"ဟာကွာ၊ လက်ဖက်ရည်တစ်ခွက်လောက်တော့ ငါ တိုက်နိုင်ပါတယ်။ မနက်တိုင်း လာသောက်ကွာ၊ ငါ ပိုက်ဆံမယူဘူး"

ဟု ပတေးက ကမ်းလှမ်းသည်။ မောင်ဝသည် ဒါမျိုး အလကား စားတာ၊ သောက်တာတော့ လုပ်လေ့မရှိ။ မနက်သူရေခပ်ဖို့ သွားတဲ့အခါ ပတေးဆိုင်ကို ဖြတ်ဖြတ်နေရသည်။ ဒီအခါမှာ တစ်ယောက်ယောက်ကတော့ လှမ်းခေါ်တတ်သည်။ သူ့အဖို့လည်း ဒီအချိန်လေးပဲ သူငယ်ချင်းတွေနှင့် စကားပြောရင်း တစ်နေ့တာ အလုပ်လုပ်ဖို့ အပန်းဖြေ အားယူရခြင်းဖြစ်၏။ ထို့ကြောင့် လက်ဖက်ရည်တစ်ခွက်စာတော့ ပိုရှာလို့ ရပါတယ်ဆိုပြီး ပြန်ထိုင်ဖြစ်သွား၏။

ဒီတော့ ထမင်းလျှော့စားဖို့ပဲ ရှိတော့သည်။ ဒါတော့ လုံးဝမဖြစ်။ သူ့မှာ အားပြုစရာက ထမင်းပဲ ရှိ၏။ အလုပ်ပင်ပန်းသဖြင့် ထမင်းလည်း အစားကြီးသည်။ တစ်ခါစားလျှင် တစ်လုံးချက်သာသာတော့ အေးအေးလေး ကုန်သည်။ ဟင်းကိုလည်း ဖြစ်သလို စားနိုင်သူဖြစ်၏။ ထမင်းများများစားမှ အလုပ် ပိုလုပ်နိုင်မည်။

ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် သူသည် နကိုယ်ကဝင် အပိုမသုံးဘဲ ချွေတာခဲ့ပြီးသားဖြစ်ကြောင်း ထင်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ လျှော့သုံးလို့လည်း မဖြစ်၊ ပိုရှာလို့လည်း မလွယ်ဘဲ သူ၏ ငွေစုဆောင်းဖို့ စီမံကိန်းမှာ နှောင့်နှေးနေရ၏။

ဒီအတောအတွင်း သူတို့ ရပ်ကွက်အတွင်းမှာ စည်ပင်က အဝီစိတွင်း လာတူးပေးသည်။ တွင်းရေရလျှင် သူ့ဆီက ရေဝယ်သုံးကြတော့မည်မဟုတ်ဟု ထင်ခဲ့သည်။ တကယ်တမ်းကျတော့ ရေတိုင်သာ လုပ်ပေးနိုင်သည်။ အိမ်တိုင်ရာရောက်တော့ သွယ်တန်းမပေးနိုင်သေး။ ဘာပဲဖြစ်ဖြစ် အနီးအနားက အိမ်တွေကတော့ ရေတိုင်က ရေကို ကိုယ်တိုင်သွားခံပြီး သယ်ကြသဖြင့် မောင်ဝ ဝင်ငွေ အထိုက်အလျောက် ထိခိုက်သွားတာ အမှန်ပဲ ဖြစ်၏။

ဒီအခြေအနေမှာ ဦးကုလားက ငွေထုတ်ချေးပြီး ရေစည်လှည်းထောင်ပေးသဖြင့် အဆင်ပြေသွားသည်။ သို့တိုင်အောင် မောင်ဝသည် သူများနှာခေါင်းပေါက်နှင့် အသက်ရှူတတ်သူမဟုတ်သဖြင့် ရေစည်လှည်းဖိုးကို အမြန်ကျေအောင် ကြိုးစားပြန်ဆပ်သည်။ ဒါကြောင့် ရွှေကြည်နှင့် လက်ထပ်ဖို့ အလှည့်မကျသေးဘဲ ရွှေ့ဆိုင်းရပြန်သည်။

♦

ဒီကြားထဲ တခြားကုန်ပေါက်တွေက ပေါ်လာတတ်သေးသည်။

မောင်ဝနှင့် မကြာခဏ ငြိပြီး ပြဿနာတက် တတ်





သည့် ကြက်ခေါင်းသည် ရွှေကြက်နှင့် မောင်ဝတို့ ချစ်သွားကြတာကို မကျေနပ်။ သူက ရွှေကြည်ကို တစ်ဖက်သတ်ကြိုက်နေသောကြောင့်မဟုတ်။ သူကြိုက်တာက တခြားတစ်ယောက် ထိုကောင်မလေးက သူ့ကိုပြန်မကြိုက်ဘဲ ချိုးချိုးဖွဲ့ဖွဲ့ပြောလွှတ်လိုက်၏။ သူက ခုလိုဖြစ်ချိန်မှာ မောင်ဝက ရွှေကြည်နှင့် အဆင်ပြေသွားတာကို မနာလိုဖြစ်နေခြင်း။

ထို့ကြောင့် တစ်ရက် မောင်ဝနှင့် ရွှေကြည်တို့ တွဲလျှောက်အလာမှာ-

"အလကားပါကွာ။ လိပ်ခါးဖားဖင်ပါ"

ဟု ရွှေကြည်ခါးတုတ်တာကို စောင်း၍ မကြားတကြား ပြောသည်။ ဒါကို မောင်ဝက ကြားဖြစ်အောင် ကြားသွားသည်။ ရွှေကြည်ကို မကောင်းပြောလျှင် မျက်ခွက်ကို သုံးချက်ဆင့်ထိုးမည်ဟု ဆိုထားသည့်အတိုင်း မောင်ဝက ကြက်ခေါင်းကို ဆွဲထိုးသည်။ ကြက်ခေါင်းသည် တကယ်တမ်း သတ္တိရှိသူမဟုတ်သဖြင့် ထွက်ပြေးရာမှ ခလုတ်တိုက်လဲသည်။ တိုက်တိုက်ဆိုင်ဆိုင် လမ်းပေါ် ကျောက်တုံးပေါ် မှောက်လျက်ကျသဖြင့် နဖူးကွဲသွား၏။

ကြက်ခေါင်းက ရပ်ကွက်ရုံးကိုတိုင်သည်။ နဖူးကွဲရတာကိုပင် မောင်ဝက တုတ်နှင့်ရိုက်သယောင်ယောင်ဖြစ်အောင်ပြောသည်။ ဘာပဲဖြစ်ဖြစ် သွေးထွက်သံယိုဖြစ်ပြီဆိုတော့ မောင်ဝကို ဆင့်ခေါ်ပြီး ရှင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ခေါင်းက သူ့ကို နစ်နာကြေးနှင့် ဆေးဖိုးဝါးခ ငွေတစ်ထောင်ပေးရမည်ဟု တောင်းဆိုသည်။ ရပ်ကွက်လူကြီးတွေက ဆေးဖိုး ငွေငါးရာပေးဖို့ တိုက်တွန်းသည်။ မောင်ဝက မပေးနိုင်ဟု ငြင်းသည်။ ဒါဆိုလျှင် ရဲစခန်းတိုင်မည်ဟု ကြက်ခေါင်းက ခြိမ်းခြောက်သည်။ ရဲစခန်းရောက်လျှင် အနည်းဆုံး တစ်ညတော့ အချုပ်ထဲ ဝင်ရမည်။ အဆင်မသင့်လျှင် ရုံးတင်တရားစွဲခံရနိုင်သည်။ ထိုအခါ ရှေ့နေငှားရတာနဲ့ ဘာနဲ့ဆို ဒီထက်မက ငွေကုန်မည်။

သို့ရာတွင် မောင်ဝက ဖြစ်ချင်တာဖြစ်ဆိုပြီး တင်းခံနေသည်။ နောက်ဆုံး ရွှေကြည်က ကြက်ခေါင်းတောင်းသောငွေပေးလိုက်ဖို့ တိုက်တွန်းသည်။ မောင်ဝက-

"နင်နဲ့ လက်ထပ်ဖို့ စုထားတဲ့ ငွေထဲကတော့ တစ်ပြားတစ်ချပ်မှ အထိမခံနိုင်ဘူး"

ဟု ဆိုသည်။ ထိုအခါ ရွှေကြည်က-

"လက်ထပ်ဖို့ ကိစ္စက ရွှေ့လို့ရပါတယ် ကိုမောင်ဝရယ်။ လတ်တလော ပြဿနာကို ရှင်းဖို့သာ အရေးကြီးတာပါ။ ကိုမောင်ဝ အဖမ်းခံရရင် စိုးရိမ်တာနဲ့ ကျွန်မ သေလိမ့်မယ်"

ဟု ငိုယိုပြီး တောင်းပန်သဖြင့် မောင်ဝ စုထားသော ငွေထဲက ငါးရာလျော့သွားလေတော့သည်။

◆

မောင်ဝအိမ်က ခနိမိုးထားသည်။ တကယ်ဆိုလျှင်





နှစ်နှစ်တစ်ခါလောက်တော့ အသစ်မိုးသင့်သည်။ သို့ရာတွင် စုထားတဲ့ ငွေထဲက လျော့သွားမည်စိုးသဖြင့် ဆွေးနေပေါက်နေသော နေရာမှာသာ အစားထိုးပြီးနေခဲ့၏။ ဒါတောင် တစ်နှစ်ထက်တစ်နှစ် ဆွေးတဲ့နေရာက ပိုပိုကျယ်ဝန်းလာနေသည်။ နောက်တော့ အရေးကြီးတဲ့ နေရာတွေသာ အသစ်လဲပြီး ကျန်တာတော့ ယိုလည်း ယိုပစေ။ မိုးရွာတုန်းသာ ယိုတာပဲဆိုပြီး ပစ်ထားလိုက်၏။

သူ့အိမ်ကို ပစ်ထားနိုင်သော်လည်း ရွှေကြည်အိမ်လေးကိုတော့ လျစ်လျူရှုမထားနိုင်။ ရွှေကြည်တို့အိမ်ကလည်း ခနိမိုး၊ ဝါးထရံကာပင် ဖြစ်၏။ ရွှေကြည်က ယိုစုံလုပ်ငန်း၊ အမွှေးတိုင်လုပ်ငန်း စသည်တို့မှာ အဆင်သင့်သလို ဝင်လုပ်သည်။ ရတဲ့ လုပ်အားခက သားအမိနှစ်ယောက်စားလောက်ရုံသာရှိ၏။ ထို့ကြောင့် မိုးတွင်းရောက်တာနဲ့ ခနိမိုးဖို့ ပြဿနာကို နှစ်စဉ် ကြုံရသည်။

တစ်နှစ်မှာတော့ မိုးဦးက အစောကြီး ဝင်လာသည်။ စရွာသောနေ့မှာပင် မိုးက တော်တော်သည်းသည်။ မောင်ဝသည် ရွှေကြည်တို့အိမ်အတွက် စိုးရိမ်သွား၏။ ထို့ကြောင့် မိုးရွာကြီးထဲမှာပင် ပြေးပြီးကြည့်သည်။ လေပါ ပါသဖြင့် ရွှေကြည်တို့အိမ်ကလေး၏ ခနိမိုးများ လန်ထွက်ကုန်သည်။ တစ်အိမ်လုံး နေရာမလပ်အောင် မိုးယိုနေ၏။ ရွှေကြည်တို့သားအမိသည် မိုးယိုခြင်းမှ ကင်းလွတ်ရာ တစ်ခုတည်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်သည့် ထောင့်ကွေးမှာ ပူးကပ်ပြီး ငုတ်တုတ်ကလေး တွေ ထိုင်နေတာ တွေ့လိုက်ရလေသည်။

မောင်ဝ တော်တော်စိတ်မကောင်း ဖြစ်သွားသည်။ ထို့ကြောင့် သူစုထားသော ငွေကလေးဖြင့် ရွှေကြည်တို့အိမ်ကို ခနိမိုးပေးလိုက်ရလေတော့သည်။

♦

မောင်ဝသည် အပြင်ပန်းအားဖြင့် ကြမ်းတမ်းသော်လည်း အတွင်းသဘောက ဖြူစင်သည်။ လူတစ်ဖက်သားကို သနားတတ်သည်။ အားနည်းသူကို ကူညီချင်တတ်သည်။

ရပ်ကွက်ထဲက လူတစ်ယောက်ယောက် ဆေးရုံတက်ရလို့ စောင့်မယ့်လူမရှိလျှင် သွားစောင့်ပေးတတ်သည်။ အညစ်အကြေး သွန်ပေးတာကအစ ကူညီလုပ်ကိုင်ပေးသည်။ ဆေးဖိုးလိုနေလျှင် သူ့အိတ်ထဲက ထုတ်ပေးသည်။

နာရေးကိစ္စဆိုလျှင်လည်း အစမှအဆုံးတိုင် ကူညီသည်။ ကူငွေကိုလည်း ရက်ရက်ရောရော ထည့်တတ်သည်။

သူငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေခဲ့ရဖူးသဖြင့် ဒီရပ်ကွက်က ဘုန်းကြီးအပေါ်မှာလည်း သံယောဇဉ်ရှိသည်။ တစ်ပတ်တစ်ခါလောက် ကျောင်းကိုသွားပြီး ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးတတ်သည်။ ကျောင်းမှာ လိုအပ်သော ပစ္စည်းများထဲက သူတတ်နိုင်တာမျိုးဆိုလျှင် ဝယ်ပြီး ဖြည့်ဆည်းပေးတတ်သည်။ ကျောင်းမှာ ပြင်စရာဆင်စရာရှိလျှင်





သူ့အလုပ်ကို ပစ်ထားပြီး သွားလုပ်ပေးတတ်သည်။

ခုလို လူမှုရေး၊ ဘာသာရေး ကိစ္စတွေမှာ မတွန့်တိုတတ်သောကြောင့်လည်း သူ၏ စုဆောင်းငွေကို ပွန်းပဲ့လျော့ပါးသွားစေခဲ့ပြန်သည်။

♦

မောင်ဝသည် ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် သိပ်ပြောင်းလဲဖို့ စဉ်းစားတတ်သူမဟုတ်။ ထို ဆုံးဖြတ်ချက်အတိုင်း စိုက်လိုက်မတ်တပ် လုပ်တတ်သည်။ သူ့စိတ်ထဲ စွဲနေတာက တင့်တင့်တယ်တယ် မင်္ဂလာမဆောင်နိုင်လျှင် ရွှေကြည်သိက္ခာကျမည်။ ထို့ကြောင့် ငွေစုရမည်။

မောင်ဝသည် ရွှေကြည်ကို တော်တော်ချစ်သည်။ တစ်ခါတစ်ခါ သူ့ဝသီအတိုင်း ဟိန်းလား၊ ဟောက်လား လုပ်တတ်တာက တစ်ပိုင်း။ ရွှေကြည် စိတ်မချမ်းသာ ဖြစ်မှာကိုတော့ စိုးရိမ်သည်။ ရွှေကြည် ပင်ပန်းမှာကိုလည်း မကြည့်ရက်။ သူ နှင့် ချစ်ကြိုက်ပြီးနောက်ပိုင်းမှစ၍ ရွှေကြည်တို့အိမ်ကို နေ့စဉ် ရေသွားထည့်ပေးသည်။ ရွှေကြည်က-

"သူများတွေမြင်ရင် တစ်မျိုးထင်ပါဦးမယ်"

ဟု ပြောသေးသည်။

"ဟ- ဘယ်လိုတစ်မျိုး ထင်ရမှာလဲ။ နင်နဲ့ငါနဲ့ ကြိုက်နေတယ်ဆိုတာ အားလုံးသိကြတာပဲ။ ကိုယ်ရည်းစားအိမ် ကိုယ်ရေထည့်ပေးတာ ဘယ်သူက ဘာပြောပြော ငါမှုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နင် မပင်ပန်းဖို့ အရေးကြီးတယ်"

ဟု ပြန်ပြောခဲ့သည်။

မင်္ဂလာဆောင်ကျလျှင် သူ့အတွက်တော့ သိပ်အရေးမကြီး။ ရုပ်အင်္ကျီတစ်ထည်နှင့် ချည်ချောပုဆိုးတစ်ထည်ဆို လုံလောက်ပြီ။ ရွှေကြည်ကိုတော့ အကောင်းစား အဝတ်အစားတွေ ဝယ်ပေးပြီး သားသားနားနား ဝတ်ဆင်စေမည်။ ဆံပင်နှင့် မိတ်ကပ်ကိုလည်း ဈေးရှေ့က မာမီကောက်တို့ဆိုင်မှာ စပယ်ရှယ် ပြင်ခိုင်းမည်ဟု စိတ်ကူးထားသည်။

ဒီအတွက် သူ ငွေစုနေတာတော့ မှန်သည်။ အကြောင်းကြောင်းကြောင့် လျော့သွားလျှင်လည်း ကြိုးစား၍ ပြန်ဖြည့်နိုင်ခဲ့တာလည်း မှန်သည်။ သူနှင့် ရွှေကြည် ကြိုက်ခါစတုန်းက ခြင်ထောင်တစ်လုံးကို ငါးရာပဲ ပေးရသည်။ ခုတော့ နှစ်ထောင်လောက် ဖြစ်နေသည်။ သူမှာ ရှိတဲ့ငွေဆိုလျှင် ခြင်ထောင်တစ်လုံး၊ ခေါင်းအုံးနှစ်လုံးနှင့် စောင်နှစ်ထည်လောက်နဲ့ ကုန်နေပြီ။ ဧည့်ခံစရိတ်ကို ဖယ်ထား၊ အဝတ်အစား ဝယ်နိုင်မည်မဟုတ်။

ဒီလိုနဲ့ပဲ မောင်ဝ၏ မင်္ဂလာဆောင် မျှော်လင့်ချက်ကလေးမှာ မြန်မာ့အသံမှ သတင်းလာခါနီး အချိန်ကပ်ပြီး လွှင့်သော သီချင်းကောင်းလေး တစ်ပုဒ်လို မပြီးဆုံးခင်မှာပင် မှေးမှိန်ရပ်တန့်သွားခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။





♦

သူများတွေလို သုံးနှစ်သုံးမိုးတောင်မက။ သူတို့က ငါးနှစ်ငါးမိုး၊ ခြောက်နှစ်ခြောက်မိုး။ နောင် ဘယ်နှစ်မိုးလာဦးမလဲ မသိ။ အစပိုင်းမှာတော့-

"အမေက ဘယ်တော့လဲလို့ မေးနေတယ်"

ဟု ရွှေကြည်က တစ်ခါတလေ သတိပေးတတ်သေးသည်။ ဒီလို မေးလိုက်တဲ့အခါတိုင်း မောင်ဝမျက်နှာ သုန်သုန်မှုန်မှုန် ဖြစ်သွားတတ်တာမြင်ရသဖြင့် နောက်မမေးဖြစ်တော့။

မောင်ဝက-

"ဒီတစ်ခါ ဝါမဝင်ခင်တော့ ယူနိုင်မှာ မဟုတ်သေးဘူးဟာ"

ဟု ပြောလာသည့် အခါမျိုးမှာ---

"ကျွန်မ စောင့်နိုင်ပါတယ် ကိုမောင်ဝရယ်"

ဟူ၍သာ ပြန်ပြောမိတော့သည်။ ထိုစကားသည် ရွှေကြည်အဖို့ သတင်းစာထဲမှာ မကြေငြာဘဲ အပိုင်ရယူထားသော မူပိုင်ခွင့်လို ဖြစ်နေလေပြီ။

ရပ်ကွက်ထဲက လူတွေကလည်း အစပိုင်းတွင် မောင်ဝကို တွေ့လျှင်-

"ဘယ်တော့ စားရမှာလဲကွ"

ဟု မေးတတ်သည်။ ဒီလို အမေးခံရတိုင်း မောင်ဝမှာ သတ္တိနည်းသူတစ်ယောက်ဟု အစွပ်စွဲခံလိုက်ရသလို ခါခါ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရ၏။ နောက်ပိုင်းမှာတော့ လူတွေက မေ့မေ့ပျောက်ပျောက်တောင် ဖြစ်သွားကြ၏။ မောင်ဝနှင့် ရွှေကြည်တို့ကိုလည်း ရည်းစားသက်တမ်းအရှည်ဆုံးစံချိန်တင်ဖို့ ကြိုးစားနေသူများဟူ၍သာ သဘောထားလိုက်ကြတော့သည်။

မောင်ဝကတော့ မေ့မေ့ပျောက်ပျောက်မဖြစ်။ ရွှေကြည်ကို လက်မထပ်နိုင်သေးဘဲ ဖြစ်နေရသည့်အတွက် သူ့ကိုယ်သူ အပြစ်မကင်းသူတစ်ယောက်အဖြစ် မြင်ပြီး တနုံ့နုံ့ခံစားနေရသည်။ သီတင်းကျွတ်ပြီဆိုရင် မောင်ဝတို့ နေစရာမရှိတော့။ ရွှေကြည်တို့ သားအမိ မျက်နှာကို မကြည့်ရဲ။ ကြာတော့ သီတင်းကျွတ်ကို မုန်းချင်လာသည်။

"အေးကွာ၊ တစ်ခါ တစ်ခါတော့ ကျော်ကွန့်တို့လိုဖြစ်ရင်ကောင်းသားလို့ တွေးမိတယ်ကွ"

ဟု သူငယ်ချင်းတွေကို ရင်ဖွင့်မိ၏။

"ငါနဲ့ ဘာဆိုင်လို့လဲကွ"

ကျော်ကွန့်ကလည်း ပြန်မေးသဖြင့်-

"ဒီလိုလေ မင်းတို့တုန်းက လှထုံတို့ အဖေကြီးက သဘောမတူဘူးဆိုတော့ ခိုးပြေးလို့ရတယ်။ ငါတို့ကျတော့ ရွှေကြည်တို့ အမေက သဘောတူပါတယ်ပြောထားတော့ ခိုးပြေးလို့ လည်းလည်းမရ။ လက်ထပ်ဖို့ကျတော့လည်း ငွေကမရှိနဲ့ ခက်နေတာပေါ့ကွ"

"ဒါဆိုလည်း ဖြစ်သလို ယူလိုက်ပေါ့ကွ"





ဟု ပြောလို့လည်းမဖြစ်။ သူငယ်ချင်းများအနေဖြင့် ဟိုတစ်ချိန်တုန်းက "ဒါမျိုးဆိုတာ အချိန်ယူပြီး စနစ်တကျဆောင်ရွက်သင့်ကြောင်း၊ ပြီးပြီးရောလုပ်လျှင် ရွှေကြည်ကို တန်ဖိုးမထားရာရောက်ကြောင်း" ဆရာကြီးလုပ်ပြီး အကြံပေးခဲ့သည်။ ခုကျမှ "ချကွာ"ဆိုပြီး အကြံပေးလို့မဖြစ်။ ပြီးတော့လည်း ရွှေကြည်ကို သိက္ခာကျအောင်လုပ်တဲ့ကောင် မျက်ခွက်ကို သုံးချက်ဆင့်ထိုးမယ်ဟု မောင်ဝက ကျိန်းထားတာလည်း ရှိသေးသကိုး။

"ဒီလိုလုပ်ပါလားကွာ။ ဦးကုလားဆီက ပိုက်ဆံချေးပြီး မင်္ဂလာဆောင်လိုက်ပေါ့။ ဟိုတစ်ခါ ရေစည်လှည်းတွန်းကိစ္စလည်း သူပဲ ထုတ်ချေးတာ မဟုတ်လား"

ဟု ကျော်ကွန့်က အကြံပေးသည်။ မောင်ဝက-

"ဒါတော့ မဖြစ်ဘူးကွာ။ မောင်ဝဆိုတဲ့ကောင်ဟာ သူများအထောက်အပံ့ရမှ မိန်းမရတဲ့ကောင်လို့ အပြောမခံနိုင်ဘူး။ ပြီးတော့ ဒီငွေကလည်း နောက်တော့ ပြန်ဆပ်ရမှာပဲ မဟုတ်လား"

ထိုအခါ ဖိုးနီက ဝင်နှောက်သည်။

"ဒါဆိုရင်တော့ ဦးဖိုးဖြော့ကိုသာ အကူအညီတောင်းပေတော့"

"ဘာအကူအညီတောင်းရမှာလဲ။ ယတြာချေတာတို့ ဘာတို့တော့ ငါ ဝါသနာ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာမဟုတ်ဘူးကွ။ ညောင်ပင်ကြီးအောက်မှာ မဏ္ဍပ်ထိုးပြီး မင်းရဲ့မင်္ဂလာဆောင်အတွက် အလှူခံခိုင်းမလို့"

"ဘာကွ"

မောင်ဝလက်မြှောက်ခနဲ ဖြစ်သွားသည်။ ပြီးမှ-

"ဖိုးနီ မင်း ငါ့ကို မစော်ကားနဲ့။ မင်းမို့လို့ ငါ မလုပ်ရက်လို့ တခြားလူဆို ဆွဲထိုးပစ်လိုက်ပြီ"

"ငါက နောက်တာပါကွာ"

ဟု ဖိုးနီက လေပျော့လေးနှင့် တောင်းပန်သည်။

ပွကြီးသည်ဒီလိုကိစ္စမျိုးမှာ ရှာရှာဖွေဖွေ အကြံအစည်ရတတ်သူဖြစ်သည့်အတိုင်း-

"ဒီမှာ မောင်ဝ"

"ဟေ့ကောင်၊ ဒီတစ်ခါဆို ငါ မညာတော့ဘူးနော်"

မောင်ဝ ခြိမ်းခြောက်ရင်း လက်သီးထောင်ပြသည်။ ပွကြီးက လက်ကာပြလိုက်ပြီး-

"ငါ အကောင်းပြောမလို့ပါကွ"

"ဘာလဲ၊ ပြော"

"မင်း ခုန ပြောတဲ့ထဲမှာ ပါတယ်လေ။ ရွှေကြည်တို့အမေက သဘောတူပါတယ်လို့ ပြောထားတော့ ခိုးပြေးလို့လည်း မရဘူးဆိုတာ။ ဒီတော့ အဘွားကြီး သဘောမတူအောင် လုပ်ကွာ"





"ဟာ- သဘောတူပြီးသားကို ဘယ်လိုလုပ် သဘောမတူအောင် ပြန်လုပ်လို့ရမလဲ"

"အို- သူ သည်းမခံနိုင်လောက်အောင် ပြဿနာရှာပေါ့"

"ပွကြီး မင်း မဟုတ်ကဟုတ်ကတွေ လျှောက်မထောင်ပါနဲ့ကွ"

ဟု ဉာဏ်စိန်က ဝင်ရောက်တားမြစ်သည်။ ဖိုးနီကစောစောက သူ့ကို မောင်ဝ စိတ်ဆိုးနေတာကို ပြန်ဖားချင်သောကြောင့်-

"အေး- ပွကြီးပြောတာ မှန်တယ်။ ဒါမှ မြန်မြန်နီးစပ်မှာ"

ဟု ပွကြီးဘက်က ဝင်ထောက်ခံလိုက်၏။ ကျော်ကွန့်က-

"ဟေ့ကောင်တွေ ဒါမျိုးဆိုတာ စိတ်ကူးတည့်ရာလျှောက်လုပ်လို့ ရတာမဟုတ်ဘူး။ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်နဲ့"

"ဘာ စဉ်းစားရမှာလဲ။ ဘာချင့်ချိန်ရမှာလဲ။ လာပြန်ပြီ မင်းတို့က ဟိုအရင်တုန်းကလည်း ငါ့ဘာသာ ချက်ချင်းလက်ထပ်ပါမယ်ဆိုတာ အချိန်ယူပါဦး၊ စနစ်တကျ လုပ်ပါဦးနဲ့ ခုချိန်ထိ ဘာမှ ဖြစ်မလာသေးဘူး။ ရှုပ်တယ်ကွာ။ ပွကြီးပြောတဲ့အတိုင်း လုပ်မယ်။ ကဲ- ဘာလုပ်ရမလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝက ကျော်ကွန့်တို့ကို အပြစ်တင်ပြီးမှ ပွကြီးကို လှည့်မေးသည်။

ပွကြီးသည် ဆရာအတင်ခံရသဖြင့် မြောက်သွားပြီး မေးစေ့ကို ပွတ်ရင်း လေးလေးနက်နက် စဉ်းစားဟန်ပြုသည်။ မောင်ဝက စိတ်ဝင်စားစွာ ပေကြည့်နေ၏။ ဉာဏ်စိန်က ပတေးကို ကြည့်လည်းလုပ်ပါဦးဆိုသော သဘောဖြင့် မျက်စပစ်ပြသည်။ ပတေးက ပခုံးကိုသာ တွန့်ပြ၏။

"ဟာ- ဟုတ်ပြီ။ သူတို့ကို ရေစဖြတ်ရမယ်"

ပွကြီးက ပြောသဖြင့် မောင်ဝက-

"ဘာ- ရေဖြတ်ရမယ်။ သူတို့ဘာသာ ရေသောက်တာကို ငါက သွားတားလို့ရမလားဟ"

"ဒါပြောတာ မဟုတ်ဘူး။ မင်းက သူတို့အိမ်အတွက် နေ့တိုင်း ရေသွားသွားထည့်ပေးတယ် မဟုတ်လား။ အဲဒါဖြတ်လိုက်၊ ထည့်မပေးနဲ့တော့"

"အေး-ဟုတ်ပြီ။ ခဏနေရင် ရေသွားထည့်ပေးမလို့ဟာ မသွားတော့ဘူး"

"ဒီလိုတော့ မဖြစ်သေးဘူး။ ဒီနေ့တစ်ရက်တော့ ထည့်ပေးလိုက်ဦး။ ပြီးတော့မှ နောက်နေ့ လာထည့်မပေးတော့ဘူး ပြောလိုက်"

"ဟာ- ရေထည့် မပေးတော့ဘူးဆိုတဲ့အကြောင်းကို ရေထည့်ပေးရင်းနဲ့ ပြောရမယ်ဆိုတော့ မင်းဟာက ကြောင်





တောင်တောင်နိုင်လိုက်တာ"

"ငါပြောတာက ဒီလိုလေ။ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ ထည့်ပေးတာ။ နောက်ဆို ထည့်မပေးတော့ဘူး။ ငါ့ကို ခိုင်းဖတ်မှတ်နေသလား ဘာညာပြောရဦးမှာပေါ့။ နို့မို့ဆို မင်းဘာကြောင့် ရေလာထည့်မပေးတာလဲဆိုတာ ရွှေကြည်က စဉ်းစားရခက်နေမှာပေါ့။ နေမကောင်းလို့လား။ ဘာညာတွေးနေရင် မင်းလုပ်တာ အလကားဖြစ်သွားမှာပေါ့"

"အေး- ဟုတ်တယ်။ အခုပဲ ငါသွားမယ်"

ဆိုပြီး မောင်ဝ ထွက်သွားသည်။ ကျော်ကွန့်က-

"မောင်ဝ ကြည့်လဲ လုပ်ပါဦးကွာ"

ဟု လေပျော့လေးနှင့် လှမ်းပြောသေးသည်။ သူတို့မှာကလည်း ဟိုအရင် သူတို့ တိုက်တွန်းမှုကြောင့် မောင်ဝ မိန်းမရဖို့ နှောင့်နှေးခဲ့ရသဖြင့် ခုကိစ္စမှာ ဩဇာမညောင်းဘဲ ဖြစ်နေ၏။ ပတေးကတော့-

"ကဲ- မ,တတ်နိုင်ဘူးကွာ။ လုပ်ချင်တာ လုပ်ပစေတော့။ တစ်ခုခု ဖြစ်လာလဲ ဝိုင်းကူဖြေရှင်းပေးကြတာပေါ့"

ဟု ခပ်အေးအေးပြောလိုက်သည်။

◆

စည်ပိုင်းထဲ ရေဖြည့်နေရင်းက မျက်နှာထားသုန်သုန်မှုန်မှုန် ဖြစ်နေသော မောင်ဝကို အကဲခတ်ရင်း ရွှေကြည်၏ ရင်ထဲမှာ ကိုမောင်ဝ ဘယ်သူနဲ့များ ရန်ဖြစ်လာသလဲဟု တွေး

www.burmeseclassic.com



လိုက်သည်။

"ကိုမောင်ဝ နေမကောင်းဘူးလားဟင်"

ဟု မေးသည်။ မောင်ဝက ဘာမှ ပြန်မပြော။

"ဘယ်သူနဲ့ ရန်ဖြစ်လာလို့လဲ"

မေးတော့မှ-

"ဘယ်သူနဲ့မှ မဟုတ်ဘူး။ နင်နဲ့"

"ဟင်- ကျွန်မနဲ့၊ ကျွန်မ ဘာလုပ်လို့လဲဟင်"

"ဘာမှ မလုပ်ဘူး။ အဲ- ဒီမှာ ရွှေကြည်၊ နင်တို့ အိမ်ကို ရေလာထည့်ပေးတာ ဒီနေ့ နောက်ဆုံးပဲ။ နောက်နေ့ လာထည့်မပေးတော့ဘူး"

ရွှေကြည်မျက်နှာ ပျက်သွားလိမ့်မည်ဟု ပွကြီးက ခန့်မှန်းထားသဖြင့် မောင်ဝ အကဲခတ်ကြည့်သည်။ ရွှေကြည်က ဘာမှ ဖြစ်ဟန်မပြဘဲ-

"ကျွန်မလဲ အဲဒါပြောမလို့"

"ဘာ- ဘာပြောမလို့လဲ"

"ဩော်- ကိုမောင်ဝလဲ ကျွန်မတို့အိမ်ကို ရေလာလာထည့်ပေးနေရတာ ပင်ပန်းလှပြီလို့ အမေကလည်း အားနာတယ်လို့ ခဏခဏ ပြောတယ်။ ရေထည့်မပေးနဲ့တော့။ ကျွန်မ ဘာသာ ခပ်မယ်လို့ ပြောမလို့ဟာ။ ကိုမောင်ဝ စိတ်ဆိုးသွားမှာစိုးလို့ မပြောရဲခဲ့တာ။ ခုလိုဆိုတော့ ပြီးရောပေါ့"

မောင်ဝ ထင်တာနဲ့ လွဲသွားသည်။ ဘာပဲဖြစ်ဖြစ်



BURMESE CLASSIC .com



လျှော့လိုက်တော့မဖြစ်ဟု တွေးပြီး-

"ဒီမှာ ရွှေကြည်၊ ငါက နွားမဟုတ်ဘူး သိလား"

ဟု ရုတ်တရက် ပြောလိုက်ရာ ရွှေကြည် ကြောင်သွားပြီး-

"ကျွန်မ သိသားပဲ ကိုမောင်ဝရဲ့"

မောင်ဝ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။ ပွကြီး သင်ပေးလိုက်တာတွေက [illegible]ဒရေးထဲကျတော့ အစီအစဉ် အတိုင်း မမှတ်မိတော့။

"ဒီမှာ နင်နဲ့ငါနဲ့ ဘာမှဟုတ်သေးတာ မဟုတ်ဘဲနဲ့ ရေလာထည့်ပေးတဲ့အတွက် လူတွေက ငါ့ကို နွားကျတယ်လို့ ပြောကုန်ကြပြီ။ ဒါကြောင့် နောက်ကို ရေလာထည့်မပေးတော့ဘူး။ ဒါပဲ"

ဟု ပြောပြီး အမြန် လှည့်ထွက်လာခဲ့၏။ ရွှေကြည် တော့ စိတ်ဆိုးသွားမှာပဲဟု မျှော်လင့်သော်လည်း ဘာမှ မထူးခြားဘဲ 'ကိုမောင်ဝ ရေပုံးကျန်ခဲ့ပြီလေ'လို့တောင် လှမ်းသတိပေးလိုက်သေးသည်။

◆

မောင်ဝသည် ဖိုးနီနှင့် ပွကြီးတို့ကို ဆရာတင်ပြီး သူတို့ပြောသည့်အတိုင်း လိုက်လုပ်နေသည်။ ကျော်ကွန့်နှင့် ညက်စိန်တို့ကတော့ ဒီလို စိတ်ထင်ရာ လုပ်တာတော့ အားမပေးဘူး။ ငါတို့ မပါဘူးဆိုပြီး ရှောင်ထွက်သွားသည်။ မတေးက



www.burmeseclassic.com

www.burmeseclassic.com



လည်း အစတုန်းကတော့ ကန့်ကွက်သေးသည်။ နောက်တော့ ပွကြီးက ဒီညနေ မောင်ဝကိစ္စ တိုင်ပင်ရင်း နည်းနည်းပါးပါး သောက်ရအောင်ဟု ဆွယ်သောအခါ ဘာပဲဖြစ်ဖြစ် ငါ ဝင်ထိန်းမှ ဖြစ်မယ်ဆိုပြီး ပူးပေါင်းပါဝင်လာတော့သည်။

သူတို့သည် ပွကြီး၏ ထန်းရည်တဲမှာ ဆုံပြီး သောက်ကြသည်။ ပြီးတော့ မောင်ဝ၏ အခြေအနေကို သုံးသပ်ကြသည်။

"မင်းက သူတို့အိမ်ကို ရေဖြတ်လိုက်တော့ ရွှေကြည်က စိတ်ခုမသွားဘူးလား"

"ဘာမှ မထူးခြားဘူး။ အခု သူဟာ သူ ရေခပ်ထည့်နေတယ်"

"ဒါပေမယ့် အဘွားကြီးကတော့ တော်တော် စိတ်ဆိုးသွားမှာပဲ"

"ဆိုးလား၊ မဆိုးလား မသိဘူး။ မနက်က သူတို့အိမ်ရှေ့က ဖြတ်ပြီး ရေစည်လှည်း တွန်းသွားတော့ အဘွားကြီးက သူတို့အိမ်မှာ ငါကြိုက်တတ်တဲ့ ခရမ်းချဉ်သီး ငါးပိချက်ချက်လို့ ထမင်းဝင်စားသွားပါဦးလို့ လှမ်းခေါ်သေးတယ်"

"အင်း- ဒါဆိုရင်တော့ နည်းဗျူဟာတစ်မျိုး ပြောင်းမှ ဖြစ်မယ်"

ဖိုးနီက ပြောသည်။ ပွကြီးက အရက်ခွက်ကို မြှောက်ကိုင်ကြည့်ရင်း စဉ်းစားနေပြီးမှ-





"ဒီလိုလုပ်ကွာ။ မင်း သူတို့အိမ်ရှေ့မှာ သီချင်းသွားဆို"

"ဟာ- ပြဿနာဖြစ်အောင် လုပ်ရမယ်ဆိုပြီး ဘယ်နှယ် သီချင်းသွားဆိုရမှာလဲ"

"ရိုးရိုးသီချင်း မဟုတ်ဘူးကွ။ မိန်းမတွေ မကောင်းကြောင်းပါတဲ့ သီချင်းဆိုရမှာ။ ဒီ-ဲမှာ ယောက္ခမကိုပါ တိုက်ခိုက်ထားတာ ပါတယ်။ ဒါမှ အဘွားကြီးပါ စိတ်ဆိုးသွားမှာပေါ့"

"အေး- ကောင်းတယ်ကွာ"

ဟု ပတေးက ထောက်ခံသည်။

"ဒါပေမယ့် ငါမှ သီချင်းမဆိုတတ်တာ"

"ငါသင်ပေးမှာပေါ့ကွာ"

ဆိုပြီး ပွကြီးက နှုတ်တိုက်ချပေးသည်။ ဖိုးနီကလည်း-

"အာသွက် သွားအောင် တစ်ခွက်လောက် ထပ်ချသွားဦးကွ"

ဟု အကြံပေးသည်။

ထို့နောက် ရွှေကြည်တို့အိမ်ရှေ့ကို သွားကြသည်။ အိမ်ထဲက မီးရောင်မှိတ်တုတ်မှိတ်တုတ် မြင်ရသဖြင့် မအိပ်ကြသေးကြောင်း သိသာ၏။

"ကဲ- ဆိုတော့ ကျယ်ကျယ်လေးဆိုနော်။ မူးတဲ့အသံမျိုးလဲ ပါပစေ"



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးက အချက်ပေးသည်။ မောင်ဝက-

"အဲ- ဟို- အစက ဘာလဲကွ"

"စိတ်ညစ်လို့လေကွာ"

မောင်ဝ လည်ချောင်း ရှင်းပြီး-

"စိတ်ညစ်လို့ အရက်ကို သောက်တယ်။ အရက်သောက်တော့ စိတ်မှာညစ်တယ်"

ဟု အော်လိုက်၏။ သူဆိုဟန်မှာ သီချင်းဆိုတာနဲ့မတူ။ စာသင်သား ပဋ္ဌာန်းငယ်တွေ စာအော်ကျက်တာနဲ့ တူနေသည်။ ခုချိန်ကျတော့မှတော့ ပြင်ပေးဖို့ မဖြစ်တော့။ ဆက်သာဆို-

"အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်တစ်ခုပဲ သိတယ်။ (သူငယ်ချင်းတွေက လောကကြီးမှာလေဟု ဝင်အော်ပေးသည်) မျက်နှာမရှိရင်--- မျက်နှာမရှိရင် ပိုက်ဆံအင်မတန် --- ငယ်"

"ဟော့ကောင် မှားနေပြီကွ။ မျက်နှာမရှိရင် ပိုက်ဆံငယ်တာ မဟုတ်ဘူး။ ပိုက်ဆံမရှိရင် မျက်နှာငယ်တာ"

"တော်ပြီကွာ။ မင်းတို့ဟာက ရှုပ်နေတာပဲ"

"ဟ- ခုကျမှ ဆက်မဆိုလို့ ဖြစ်မလား"

"ဆိုချင်လဲ မင်းတို့ပဲ ဆက်ဆိုတော့"

ထိုစဉ်တွင် ယမကာလေး ထွေလာတိုင်း သီချင်းဆိုရမှ ကျေနပ်တတ်သော ပတေးက-





"ငါ ဆက်ဆိုပေးမယ်ကွာ"

ဆိုပြီး ဖိုးနီတို့ မတားဆီးနိုင်ခင်မှာပင်-

"ဂုဏ်၊ ဂုဏ်၊ ဂုဏ် ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်-- ငွေကိုသာ ရေလိုသုံးရင် တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်။ ယောက္ခမကြီးက မျက်နှာချိုတယ်၊ ကိုယ့်မယားက စေတနာပိုတယ်။ ဟယ်-သောက်ကွယ် ရမ်းကွယ်၊ လမ်းလယ်မှာဆဲဆဲ လူကိုတွဲလို့ အိမ်ထဲခေါ်မယ်။ လူမှာသာ ငွေမရှိရင် လင်ယူမိတာ --- နာတယ် ထင်တယ်---"

စသည်ဖြင့် သံကုန်အော်ဟစ်လေတော့သည်။ ဒီတစ်ပုဒ်ပြီးတော့လည်း သူ၏ ဖေးဘရိတ်ဖြစ်သော "မွှေးလွန်းသည့်ပန်း"ကို ဆက်ဆိုပြန်သည်။ ပွဲကြီးတို့ကလည်း မထူးတော့ဘူးချသာချဆိုပြီး လွှတ်ထားလိုက်၏။

ဒီကြားထဲမှာ ဦးကျော်မိုးသည် ခပ်ထွေထွေနှင့်ရောက်လာပြီး-

"ဘာလုပ်နေကြတာလဲကွ"

ဟု မေးသည်။ သီချင်းဆိုနေတာပါဟု ဖြိုးပြီးရောပြောလိုက်ရာ။ ငါလဲ တစ်ပုဒ်အားပေးလိုက်ဦးမယ်ဆိုပြီး "လေတံခွန်"သီချင်း ဝင်ဆိုသည်။ ခဏကြာတော့ ဒေဝါနန်းလည်းဆိုက်ကားလေး ထိုးရပ်ဆင်းလာပြီး 'ကြာလေလေ ဝေးမှာစိုးတယ်"သီချင်း ဝင်ဟဲပြန်သည်။

ဒီလိုနဲ့ သူတို့ဝိုင်းမှာ စည်ကားပြီး ပျော်စရာကြီးလို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့သည်။ ပတေးကလည်း အရှိန်မသတ်နိုင်တော့ဘဲ ကုလားသီချင်းတစ်ပုဒ်ကို ထဟစ်လေသည်။

"ဟေ့ကောင် ပတေး၊ ကုလားသီချင်းတော့ မဆိုနဲ့ကွာ။ သူတို့ နားလည်မှာ မဟုတ်ဘူး"

ဟု ဖိုးနီက ပြောတော့-

"မင်း ဘာသိလဲ။ ဒါအေ့ပူးလ်ဒိုးမာလီဇာတ်ကားထဲက သီချင်းကွ။ ကုလားမွှေးလွန်းသည့် ပန်းလို့ ပြောလို့ရတယ်"

ဒါတွင်မက ဒီတစ်ခါ မပြတ်ကြွေသွားစေရမယ်ဆိုပြီး သူကိုယ်တိုင် စပ်ဆိုထားသည့် သီချင်းတစ်ပုဒ်ကိုဆိုသည်။ 'ဂုဏ်'သီချင်းထဲက-

"စိတ်ညစ်လို့ အရက်ကိုသောက်တယ်၊
အရက်သောက်တော့ စိတ်မှာညစ်တယ်၊
အကြောင်းရှာတော့ ခေါင်းမှာချာချာလည်၊

ဆိုသော သံစဉ်အတိုင်း ကုလား စကားလုံးတွေ အစားထိုး သွင်းထားခြင်းဖြစ်၏။ အဓိပ္ပာယ်ကလည်း အတော်ဆင်သည်။

"ဒလ်အချားနိမ်းဟဲ၊ ရှရပ်ပီယေကာ
ရှရပ်ပီယေကာ၊ ဒလ်အချားနိမ်းဟဲ
ဟိုစ်မေ အာနေစေ၊ စီလ်အွလ္လတာ ဟိုကီယား"

◆





မနေ့ညက သီချင်းဆိုတဲ့ကိစ္စအတွက် ကျိန်းသေ စိတ်ဆိုးမှာပဲ။ အခြေအနေသိရအောင် သူတို့အိမ်ကိုသွား၊ သူတို့က မကျေမနပ်ပြောလျှင် ဒါကို အစထုတ်အကြောင်းရှာပြီး အပြတ်သာ ကောခဲ့ဟု ပွကြီးက အကြံပေးသည်။ ဖိုးနီကလည်း ပိုပြီး ပီပြင်အောင် နည်းနည်းတင်သွားဆိုပြီး ဘီအီးတစိတ် တိုက်လွှတ်လိုက်၏။

မောင်ဝလည်း ရွှေကြည်တို့ အိမ်ထဲသို့ လူမိုက်ဂိုက်ဖမ်းပြီး ခြေလှမ်းကြဲနှင့် ဝင်သွားသည်။ သူ့ကို မြင်သောအခါ အဘွားကြီးက ပြာပြာသလဲ ခရီးဦးကြိုပြီး-

"ဟော- မောင်ဝပါလား။ ထိုင်လေကွယ်။ သမီးရေ မောင်ဝလာတယ်ဟေ့"

ဟု လှမ်းခေါ်သည်။ ရွှေကြည်လည်း ပြေးထွက်လာပြီး မောင်ဝကို ဝမ်းသာအားရ နှုတ်ဆက်လေ၏။

"ကိုမောင်ဝ၊ ကိစ္စရှိလို့လားဟင်၊ မလာတာတောင်ကြာပြီ"

မောင်ဝမှာ ထင်ထားသလို အခြေအနေက မတင်းမာဘဲ ပျူငှာလွန်းနေသဖြင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ ရွှေကြည်ကပင် စတင်၍-

"မနေ့ညက အစပိုင်းမှာ သီချင်းဆိုတာ ကိုမောင်ဝ မဟုတ်လား"

ဟု မေးသည်။ မောင်ဝက "ဟုတ်တယ်"ဟု ခပ်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ် ဖြေ၏။ ရွှေကြည်က ပြုံးလိုက်ပြီး-

"ကိုမောင်ဝကို သီချင်းမဆိုတတ်ဘူးထင်ထားတာ ဆိုတော့လဲ အသံကောင်းသားပဲ"

ဟု ချီးကျူးသည်။ ရွှေကြည်အမေကလည်း-

"အေးဟဲ့- မေဒင်ပတေးကလဲ ကုလားသီချင်း အတော် အဆိုပိုင်တာပဲ။ အဒေါ်ဖြင့် သူဆိုတာ နားထောင်ရင်း ငယ်ငယ်က ကြည့်ခဲ့ရတဲ့ အာဝါရားဇာတ်ကားကိုတောင် သွားသတိရမိတယ်။ နောက်တစ်ခါ အဲဒီဇာတ်ကားထဲက ရာဂျ်ကဖူးဆိုတဲ့ သီချင်းဆိုခိုင်းစမ်းပါကွယ်။ သိပ်ကောင်းတာ"

ဟု အားပါးတရ ပြောနေပြန်၏။

မောင်ဝမှာ အကြပ်ရိုက်နေသည်။ ဒီသားအမိ စိတ်မဆိုးတဲ့အပြင် အားပေးချီးမြှောက်ပြီး သောတရှင်လိုရာတောင်တောင်းနေသေးသည်။ ဘာလုပ်ရမှန်းမသိသဖြင့် ရုတ်တရက် စိတ်ကူးပေါက်ရာ ပြောလိုက်သည်။

"ကျုပ် အခု အရက်သောက်လာတယ်။ အဲဒါ ဘာပြောချင်သလဲ"

ရွှေကြည်က-

"အင်းပေါ့လေ၊ အလုပ်က ပင်ပန်းတော့လဲ အပန်းဖြေအောင်တော့ သောက်ရမှာပေါ့"

"အပန်းဖြေ မဟုတ်ဘူး။ စိတ်ညစ်လို့ အရက်ကို သောက်တာ"





"ဟင်- ဘာစိတ်ညစ်စရာရှိလို့လဲ"

"နင်တို့ သားအမိကြောင့်ပေါ့"

"အဒေါ်တို့ ဘာလုပ်လို့လဲကွယ်"

ဟု အဘွားကြီးက ဝင်မေးသည်။

"ဘာလုပ်ရမှာလဲ။ ခင်ဗျားတို့ ကျုပ်ကို အထင်သေးနေတယ် မဟုတ်လား"

"မသေးပါကွယ်။ ဘာကြောင့်သေးရမှာလဲ"

"ဟင်- ကျုပ်ကတော့ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ငွေစုရတယ်။ ခင်ဗျားတို့ကတော့ မြန်မြန် လက်မထပ်နိုင်ရကောင်းလားဆိုပြီး မကျေမနပ် ဖြစ်နေကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုမောင်ဝရယ်။ ဘယ်လောက်ကြာကြာ စောင့်ပါမယ်လို့ ကျွန်မ ပြောခဲ့ပြီးသားပဲ"

ရွှေကြည်က မျက်နှာငယ်လေးနှင့် ပြောသည်။ အဘွားကြီးကလည်း-

"ဟုတ်ပါတယ်ကွယ်။ အဒေါ်လဲ စိတ်ထဲမှာ မင်းကို နည်းနည်းမှ အပြစ်မတင်ပါဘူး။ ဘုရားပေးပေး ကျမ်းပေးပေးပါ"

မောင်ဝလည်း မတတ်သာတော့သဖြင့် ဝုန်းခနဲ ထရပ်ပြီး-

"မရဘူးဗျာ။ မကျေနပ် ဖြစ်ကိုဖြစ်ရမယ်။ မကျေနပ်ဘူးလို့ ပြောရမယ်။ ပြောကို ပြောရမယ်"



www.burmeseclassic.com

အဘွားကြီးမှာ ကြောင်ငေးငေး လုပ်နေပြီးမှ-

"အေးပေါ့ကွယ်။ ပြောဆိုရင်လည်း ပြောရတာပေါ့"

"ဒါဆိုပြော"

"အင်း- အဲ မကျေနပ်ဘူးဆိုပါတော့ကွယ်"

"ဟုတ်ပြီ။ နင်ကော"

မောင်ဝကို ရွှေကြည်က မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း-

"ကျွန်မလည်း အမေ့သဘောအတိုင်းပါပဲ"

ဟု ပြောသည်။

"ဒါပဲ။ ကျုပ်လိုချင်တာ ဒါပဲ"

မောင်ဝက သံပြတ်နှင့် ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

ရွှေကြည်သည် ပါးစပ်ကလေးအ အဟောင်းသား ငေးကြည့်ရင်း ကျန်ခဲ့ရှာသည်။

အဘွားကြီးကတော့-

"အင်း- မောင်ဝကို ခုလိုပုံစံမြင်ရတော့ ညည်းတို့ အဖေကို သတိရလိုက်တာ။ သူလည်း မောင်ဝလို စိတ်တိုတတ်တာပဲ။ ဒါပေမယ့် သူတော်ကောင်းကြီးပါကွယ်'

ဟု တမ်းတမ်းတတ ပြောလိုက်၏။

◆

မောင်ဝသည် သစ်ကိုင်းခြောက်ကို မြွေဟောက်မှတ်ပြီး သွားစမိသူလို ဖြစ်နေ၏။ သူ ဘာပဲလုပ်လုပ်၊ ဘာပဲပြော





ပြော ရွှေကြည်တို့က စိတ်မဆိုး။ ဒါတွင်မက မောင်ဝ ခုလို စိတ်ကယောက်ဂယက်ဖြစ်နေတာ အမှောင့်ပယောဂကြောင့် ဖြစ်ရမယ်ဆိုပြီး ဦးဖိုးဖြော့ဆီသွားမေး၊ ယတြာချေ၊ ညောင်ပင်ကြီးမှာ အမွှေးတိုင်ထွန်းပြီး ဆုတောင်းတာတို့ လုပ်ပေးသေးသည်။

ဒီလိုနဲ့ ရွှေကြည်တို့ သားအမိ တုန့်ပြန်မှုက သူတို့ ထင်သလို ဖြစ်မလာသဖြင့် ပွကြီးတို့၊ ဖိုးနီတို့လည်း ဘာဆက်ပြီး အကြံပေးရမှန်းမသိအောင် ဦးနှောက် ခြောက်နေသည်။ ထိုစဉ်မှာပင် မထင်မှတ်သော ကိစ္စတစ်ခု ဖြစ်လာ၏။

မောင်ဝက ရေထည့်မပေးတော့သဖြင့် အိမ်သုံးဖို့ ရေကို ရွှေကြည်ဘာသာ ခပ်ရသည်။ တစ်ရက်တွင် ရေခပ်ရင်းက ရွှေကြည် ချော်လဲသဖြင့် ခြေထောက်ခေါက်ပြီး လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်ဘဲ ဖြစ်သွား၏။ ထိုသတင်းကို ကြားသောအခါ မောင်ဝသည် "ဟင်ခနဲ" ရေရွတ်လိုက်ပြီးနောက် တွေတွေငိုင်ငိုင်ကြီး ဖြစ်နေလေသည်။

◆

ရွှေကြည်တို့ အမေ အိပ်ရာက နိုးလို့ မျက်နှာသစ်ဖို့ အိမ်ဘေးဘက် ထွက်လာသောအခါ စည်ပိုင်းထဲမှာ ရေတွေ ပြည့်လျှံကျနေတာ တွေ့လိုက်ရ၏။ ထို့ကြောင့် နောက်ဖေးဘက်ကို ခပ်သွက်သွက် လျှောက်သွားပြီး မီးမွှေးနေသော ရွှေကြည်ကို-

"သမီးရယ် ခြေထောက်နာကြီးနဲ့ ဗမ်းတောင်

www.burmeseclassic.com



ကောင်းကောင်းလျှောက်နိုင်သေးတာ မဟုတ်ဘဲ ဘာကြောင့် ရေခပ်ရတာလဲ"

ဟု မေးသည်။ ရွှေကြည်ကလည်း-

"ဟင်- ကျွန်မလဲ အမေ့ကို အဲဒါမေးမလို့ အိုကြီးအိုမနဲ့ ရေတွေ ခပ်ရသလားလို့"

"ငါ မခပ်ပါဘူး"

"ကျွန်မလဲ မခပ်ဘူး။ ဒါဆို"

ရွှေကြည် မျက်နှာပြုံးယောင်သမ်းသွား၏။

◆

ရွှေကြည် ခြေခေါက်လဲသည်ဆိုသော သတင်းကြားပြီးနောက် မောင်ဝသည် ဆက်ပြီး တင်းခံမထားနိုင်တော့။ ရွှေကြည့်ကို အတော်သနားသွားသည်။ သို့ရာတွင် သူ့ဆရာကြီးများဖြစ်သော ပွကြီးတို့ ဖိုးနီတို့က ရှုံ့ချမှာစိုးသောကြောင့် တန်ဆောင်နေရသည်။ ညသန်းခေါင် လူခြေတိတ်ချိန်ကျမှ ရွှေကြည်တို့အိမ်ကို တိတ်တဆိတ်သွားပြီး ရေဖြည့်ပေးနေခဲ့ခြင်း ဖြစ်၏။

ဒီနေ့လည်း ရေစည်လှည်းကို အသံမမြည်အောင် ကြိတ်တွန်းလာခဲ့သည်။ အရေးထဲ ဦးကုလားအိမ်မှ ခွေးက ထိုးဟောင်သဖြင့် ဟင်းခနဲ မာန်လိုက်ရသေးသည်။ မောင်ဝ မှန်းသိမှ ခွေးလည်း ငြိမ်ကုပ်သွားသည်။

ရွှေကြည်တို့ အိမ်ရှေ့မှာ ရေစည်လှည်းကိုရပ်၊ ရေပုံးနှင့် ကဲ့ပြီး အိမ်ဘေးက မရေစည်ထဲထည့်သည်။ ရွှေကြည်





တို့ နိုးသွားမှာ စိုးသဖြင့် ဖြည်းဖြည်းချင်း ငှဲ့ထည့်ရသည်။ နောက်ဆုံးတစ်ပုံးလောင်းထည့်အပြီးမှာပင် နောက်ဘက်က ချွတ်ခနဲ အသံကြားသဖြင့် မောင်ဝ ဖြတ်ခနဲ လှည့်ပြီး လက်သီးနှင့် ရွယ်လိုက်သည်။

"အမလေး ကျွန်မပါ ကိုမောင်ဝရဲ့"

ရွှေကြည်က လက်ကလေးကာရင်း ပြောသည်။

"ဟင်- ရွှေကြည်"

ရွှေကြည်သည် မောင်ဝကို သနားစရာ မျက်နှာလေးနှင့် ကြည့်နေ၏။ မောင်ဝရင်ထဲ နင့်ခနဲ ဖြစ်သွားပြီး-

"နင့်ခြေထောက် နာတာ သက်သာရဲ့လား"

ဟု မေးလိုက်သည်။ ထိုစကားလေးသည် အလွန်တာသွားသည်။ "ငါတောင်းပန်ပါတယ်ဟာ။ ငါ့ကြောင့် နင် ခုလိုဖြစ်ရတာ။ ဒါဟာ ငါ့အပြစ်တွေပါပဲ။ နင့်ကို ချစ်လွန်းလို့ ခုလိုဖြစ်ရတာပါ။ တကယ်တော့ အချစ်ဆိုတာ--" စသည်ဖြင့် ပတ်ချွဲနပ်ချွဲတွေ ရှည်လျားစွာ ပြောနေတာထက်ပိုပြီး ထိရောက်သည်။ ရွှေကြည်ကလည်း ဆိုလိုရင်းကို နားလည်သည်။ ထို့ကြောင့် ပြုံးရုံသာ ပြုံးလိုက်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် ငေးစိုက်ကြည့်နေကြသည်။ မှောင်ရိပ်ကျနေသော်လည်း သူတို့၏ မျက်လုံးများမှာ တလက်လက် တောက်ပနေကြ၏။ အနီးအနားမှာ စိန်ပွဲစားတွေ မရှိတာ တော်သေးသည်။

www.burmeseclassic.com



မောင်ဝသည် ရွှေကြည့်ကို စိုက်ကြည့်နေရာမှ ဆုံးဖြတ်ချက်တစ်ခုကို ရုတ်တရက် ချလိုက်ပြီး-

"ရွှေကြည်၊ ဘယ်လောက်ကြီးမားတဲ့ အခက်အခဲတွေပဲရှိရှိ လာမယ့် သီတင်းကျွတ်ကျရင်တော့ နင့်ကိုငါ မဖြစ်မနေ ရအောင် လက်ထပ်ယူမယ်လို့ ကတိပေးတယ်ဟာ"

ရွှေကြည့်မျက်နှာ ဝင်းလက်သွားပြီး-

"တကယ်လားဟင် ကိုမောင်ဝ၊ အို- အမေတော့ သိပ်ဝမ်းသာမှာပဲ"

"ဒါဆို နင်ကကော"

"ကျွန်မကတော့ ကိုမောင်ဝရဲ့ မျက်နှာကို မြင်နေရရင် ဝမ်းသာပြီးသားပဲလို့"

"ငါလဲ ဒီလိုပါပဲဟာ"

ဟု ပြောပြီး မောင်ဝက ရွှေကြည်၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။

ရွှေကြည်တို့အမေသည် ချောင်းဟန့်ပြီး သတိပေးလိုက်ရကောင်းမလား၊ ငြိမ်နေလိုက်ရကောင်းမလား ဝေခွဲမရဖြစ်နေသည်။

တကယ်ဆိုတော့ ထိုနေ့သည် တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့သာ ဖြစ်လေ၏။

မင်းလူ

◆ ◆ ◆

ပန်အောင်စာပေ

ပန်အောင်စာပေတိုက်မှ ထုတ်ဝေပြီး စာအုပ်များ

| | | |
|---|---|---|
| ၁။ | ငြိမ်းကျော် | ပန်းဇာမြို့(မေ-၁၉၉၅) |
| ၂။ | မင်းလူ | ရယ်စရာ၊မောစရာ(ဇွန်-၁၉၉၅) |
| ၃။ | လင်းယုန်မောင်မောင် | မာယဒေဝသုတပဒေသာ (ဩဂုတ်-၁၉၉၅) |
| ၄။ | မင်းလူ | ငိုအားနှင့်ရယ်အား(ဇွန်-၁၉၉၆) |
| ၅။ | ကောက်နွယ်ကနောင် | ကျွန်တော်ဆက်တွေးချင်သော ကဗျာများ |
| ၆။ | လင်းယုန်မောင်မောင် | သွေးစွန်းသောနေ့ရက်များ (ဇူလိုင်လ-၁၉၉၆) |
| ၇။ | မင်းလူ | အချစ်သက်သက်ဝတ္ထုတိုများ (အောက်တိုဘာ-၁၉၉၆) |
| ၈။ | ငြိမ်းကျော် | ကြင်လည်ရာဘဝများစွာ၌ (နိုဝင်ဘာ-၁၉၉၆) |
| ၉။ | ကြပ်ကလေး | ပဲခူးဆား(ဩဂုတ်လ-၁၉၉၇) |
| ၁၀။ | သန်းမြင့်ဦး | လက်တွေ့ငွေရှာနည်း (ဒီဇင်ဘာ-၁၉၉၇) |
| ၁၁။ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | စကားပြောသောအတတ်ပညာ (ဇက်တင်ဘာလ-၁၉၉၇) |
| ၁၂။ | မြတ်ငွေမောင် | ရည်မှန်းချက်ဖြစ်မြောက်အောင်မြင်နည်း ဖော်မြူလာ(နိုဝင်ဘာ-၁၉၉၅) |
| ၁၃။ | ထိတယ်ငြိတယ် | ဘယ်လိုလုပ်ရမယ် ရယ်စရာဟာသဝတ္ထုတိုများ။ (ဧပြီလ-၁၉၉၉) |
| ၁၄။ | အိကြာကွေး | ဟားတိုက်လို့ရယ်ချင်ပြန်(ဇွန်-၁၉၉၉) |